
www.burmeseclassic.com



# ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန်

(ပြင်ဆင်ဖြည့်စွက်ထားသည်)

## မြဟန်

စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၂၆၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၁၄၀၁၂၁၀
မျက်နှာဖုံးဒီဇိုင်း ◆ အံ့ဘွယ်
အတွင်းစာစီ ◆ မြစ်ခွဲဇြစင်းကွန်ပျူတာ
ထုတ်ဝေသည့်လ ◆ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ
အကြိမ် ◆ စတုတ္ထအကြိမ်
အုပ်ရေ ◆ ၅၀၀
ထုတ်ဝေသူ ◆ ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊ အမှတ်(၁၁၁)၊ ၃ထပ်(ညာ)၊ ၃၃လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ◆ ဦးဇော်မင်း (W!zard)၊ အမှတ်(၁၉၈)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် ◆ ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊ ၁၁-လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ် ◆ ပပစိုးနှင့်အဖွဲ့
တန်ဖိုး ◆ ၅၀၀၀ ကျပ်

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

၉၁၅-၉၁

မြဟန်

ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန် / မြဟန်။ - ရန်ကုန်
ယုံကြည်ချက်စာပေ၊ စတုတ္ထအကြိမ်၊ ၂၀၁၀။
၄၀၅ - စာ ၁၃ × ၂၁ စင်တီ
(၁) ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန်

# ကိုလိုနီခေတ်
# မြန်မာ့သမိုင်းအဘိဓာန်

( ပြ င် ဆ င် ဖြ ည့် စွ က် ထ ား သ ည် )

## မြဟန်

စ တု တ္ထ အ ကြိ မ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မာတိကာ


| | | |
|---|---|---|
| | ဆရာကြီးဒေါက်တာခင်မောင်ညွန့်၏ အမှာစာ | က |
| | ဆရာကြီးဒေါက်တာသန်းထွန်း၏ အမှာစာ | ဂ |
| | နိဒါန်း | စ |
| ၁။ | ကချင်တောင်တန်း လူမျိုးစုများဆိုင်ရာ စည်းမျဉ်းဥပဒေ (၁၈၉၅) | ၁၉ |
| ၂။ | ကရက်ဒေါက်စီမံကိန်း (Craddock Scheme) (၁၉၁၈) | ၂၀ |
| ၃။ | ကမ္ဘည်းကျောက်စာဌာန | ၂၂ |
| ၄။ | ကာလကတ္တားသွား မြန်မာကိုယ်စားလှယ်အဖွဲ့(၁၉၁၇) | ၂၉ |
| ၅။ | ကုလားပဲစိုက်ဧရိယာ | ၃၀ |
| ၆။ | ကုလားအဝင်အထွက်စာရင်း | ၃၁ |
| ၇။ | ကေအင်န်အေ (KNA) (၁၈၈၁) | ၃၁ |
| ၈။ | ကေအင်န်ယူ (KNU) (၁၉၄၇) | ၃၂ |
| ၉။ | ကေအင်န်ဒီအို (KNDO) (၁၉၄၇) | ၃၂ |
| ၁၀။ | ကေဘိုတိုင် | ၃၂ |
| ၁၁။ | ကိုလိုနီခေတ် စာပေဆုများ | ၃၄ |
| ၁၂။ | ကိုလိုနီခေတ်ထုတ် စာအုပ်အမျိုးအစားဦးရေစာရင်း | ၃၆ |
| ၁၃။ | ကိုလိုနီခေတ် ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ်များ | ၃၉ |
| ၁၄။ | ကိုလိုနီခေတ် ဖတ်စာအုပ်သမိုင်း | ၄၀ |
| ၁၅။ | ကိုလိုနီပညာရေး | ၄၃ |
| ၁၆။ | ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့ (၁၉၃၆) | ၄၄ |
| ၁၇။ | ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေး (၁၉၃၇-၄၂) | ၄၆ |


www.burmeseclassic.com

www.burmeseclassic.com

၁၈။ ကင်ပေတိုင် ၄၈
၁၉။ ကက်စ်ဘီခေတ် (၁၉၄၃-၄၆) ၄၉
၂၀။ ကောင်း၊ ဦး(ကင်းဝန်မင်းကြီး) (၁၈၂၁-၁၉၀၈) ၅၁
၂၁။ ကန်ဒီစာချုပ် (၁၉၄၅) ၅၇
၂၂။ ကန်ဒီသွားမြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၄၅) ၅၉
၂၃။ ကမ်ဘာလင်ဆွေးနွေးပွဲ (၁၉၄၅) ၅၉
၂၄။ ကုမ္မာရီအသင်းများ (၁၉၁၉) ၆၀
၂၅။ ကျောင်းသားများ ကာတွန်းပြိုင်ပွဲ (၁၉၂၃) ၆၁
၂၆။ ကြံစိုက်ဇရိယာ ၆၁
၂၇။ ကြည့်မြင်တိုင်ကျောင်းသားများသမဂ္ဂကလပ် (၁၉၁၆) ၆၂
၂၈။ ကြွန်ဘစ် (၁၈၄၃-၁၉၁၀) ၆၃
၂၉။ ခေတ်စမ်းစာပေခေတ် ၆၄
၃၀။ ချင်းတောင်တန်းများစည်းမျဉ်းဥပဒေ (၁၈၉၆) ၆၅
၃၁။ ချင်းအမျိုးသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (၁၉၃၃) ၆၆
၃၂။ ချင်း-ဗမာချစ်ကြည်ရေးညီလာခံ (၁၉၄၇) ၆၆
၃၃။ ချောက်ရေနံမြေသပိတ် (၁၉၃၈) ၆၈
၃၄။ ချောင်းခွမင်းသားများ ၆၉
၃၅။ ချွေးတပ် ၇၂
၃၆။ ခွဲရေး-တွဲရေး (၁၉၃၀) ၇၃
၃၇။ ဂန္ဓလောကမဂ္ဂဇင်း ၇၅
၃၈။ ဂုတ်ထိပ်တံတားကြီး (၁၉၀၃) ၇၆
၃၉။ ဖွန်ဆေးကန်ဘု ၇၇
၄၀။ ဂျပန့်ရင်သွေး (၁၉၃၅) ၇၇
၄၁။ ဂျပန်ခေတ် (၁၉၄၂-၄၅) ၇၈
၄၂။ ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်ခံ
မြန်မာအစိုးရအဖွဲ့ (၁၉၄၂) ၇၉
၄၃။ ဂျပန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၄၃) ၈၁
၄၄။ ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေးစီစဉ်မှုကော်မရှင် (၁၉၄၃) ၈၁
၄၅။ ဂျပန်ခေတ် လွတ်လပ်ရေးအစိုးရအဖွဲ့ (၁၉၄၃) ၈၃
၄၆။ ဂျပန်ခေတ် အတိုင်ပင်ခံလွှတ်တော်အမတ်များ ၈၉
၄၇။ ဂျပန်-မြန်မာ မဟာမိတ်စာချုပ် (၁၉၄၃) ၉၀
၄၈။ ဂျပန်-မြန်မာ လျှို့ဝှက်စစ်စာချုပ် (၁၉၄၃) ၉၀
၄၉။ ဂျပန်သွား စစ်ပညာတော်သင်များ ၉၁
၅၀။ ဂျပန်သွား အရပ်ဘက်ပညာတော်သင်များ ၉၃
၅၁။ ဂျပန်ခေတ် တေးသီချင်းများ ၉၆
၅၂။ ဂျပန်ခေတ် မြန်မာအဘိဓာန်လုပ်ငန်း ၉၈
၅၃။ ဂျပန်ခေတ်မြန်မာ့စွယ်စုံကျမ်းလုပ်ငန်း ၉၈
၅၄။ ဂျပန်ခေတ် မြန်မာနိုင်ငံစာရေးဆရာအသင်း၏
မြန်မာအဘိဓာန်လုပ်ငန်း ၉၈
၅၅။ ဂျပန်-မြန်မာအဘိဓာန် (ပထမ) (၁၉၄၄) ၉၉
၅၆။ ဂျီစီဘီအေ (၁၉၂၀) ၁၀၀
၅၇။ ဂျုံစိုက်ဇရိယာ ၁၀၅
၅၈။ ဂျပ်ဆင်ကောလိပ် ၁၀၅
၅၉။ ငွေပေးလို့ မရ (၁၉၃၂) ၁၀၆
၆၀။ စတီးဘရားသားကုမ္ပဏီ (၁၈၇၀) ၁၀၇
၆၁။ စတုတ္ထသမီးတော် ကွယ်လွန်ခြင်း (၁၉၃၆) ၁၀၈
၆၂။ စာရေးဆရာအသင်း (အထက်မြန်မာနိုင်ငံ) (၁၉၄၄) ၁၀၈
၆၃။ စီနီယာနှင့် ဂျူနီယာတန်းဘောလုံးပွဲများ၌
ဗိုလ်စွဲခဲ့ကြသော ဘောလုံးအသင်းများ ၁၀၉
၆၄။ စောလဖော် (စော်ဘွားကြီး) ၁၁၂
၆၅။ ဦးစောနှင့် ပြည်ထောင်စု (၁၉၄၇) ၁၁၃
၆၆။ စံ၊ ဆရာ (၁၈၇၆-၁၉၃၁) ၁၁၆
၆၇။ စက္ကူဖြူစီမံကိန်း (၁၉၄၅) ၁၁၉
၆၈။ စက္ကူဖြူအုပ်ချုပ်ရေးခေတ် (၁၉၄၅-၄၇) ၁၂၀
၆၉။ စစ်သိမ်းပစ္စည်းများ ထုခွဲရေးကော်မတီ (၁၈၈၅) ၁၂၁
၇၀။ စစ်တောင်းတံတား ၁၂၂
၇၁။ စစ်တောင်းတိုက်ပွဲများ ၁၂၂
၇၂။ စစ်ပြီးစ စစ်အောင်ပွဲသဘင် (၁၉၄၅)
(Victory Parade) ၁၂၄

www.burmeseclassic.com

www.burmeseclassic.com


၇၃။ စစ်ပြီးခေတ် အစိုးရအဖွဲ့များ (၁၉၄၅-၄၇) ၁၂၈
၇၄။ စဝ်စံထွန်း၊ မိုင်းပွန်စော်ဘွားကြီး (၁၉၀၇-၁၉၄၇) ၁၃၄
၇၅။ ဆာနာ့ဒ် ၁၃၅
၇၆။ ဆေးရွက်ကြီးစိုက်ဧရိယာ ၁၃၆
၇၇။ ဆိုရှယ်လိုဗီလာစီမံကိန်း (၁၉၄၇) ၁၃၆
၇၈။ ဆင်းမလားအစိုးရ (၁၉၄၂) ၁၃၉
၇၉။ ဆိုင်မွန်ကော်မရှင် (၁၉၂၇) ၁၃၉
၈၀။ ဇယားဝင်စီရင်စု ၁၄၂
၈၁။ ဇာတိမာန်သီချင်း ၁၄၂
၈၂။ ဇီဝိတဒါနဆေးရုံ (၁၉၄၀) ၁၄၄
၈၃။ ညွန့်ပေါင်းအစိုးရအဖွဲ့များ (၁၉၃၇-၁၉၄၂) ၁၄၇
၈၄။ တကသ (၁၉၃၁) ၁၅၁
၈၅။ တရုတ်-မြန်မာ ချစ်ကြည်ရေးဘောလုံးပွဲ (၁၉၃၆) ၁၅၁
၈၆။ တရုတ်ပြည်သွား မြန်မာချစ်ကြည်ရေး
ကိုယ်စားလှယ်အဖွဲ့(၁၉၃၉) ၁၅၂
၈၇။ တရုတ်-မြန်မာလမ်းမကြီး ၁၅၂
၈၈။ တောရိုင်းတိရစ္ဆာန်များ ကာကွယ်သည့် ဥပဒေ ၁၅၄
၈၉။ တို့ဗမာသီချင်း ၁၅၅
၉၀။ တို့ဗမာအစည်းအရုံး (၁၉၃၀) ၁၅၇
၉၁။ တို့ဗမာအစည်းအရုံးညီလာခံများ ၁၆၄
၉၂။ တို့ဗမာဆင်းရဲသားအစည်းအရုံး (၁၉၄၂) ၁၇၃
၉၃။ တို့ဗမာဆင်းရဲသားအစည်းအရုံး၏ ကြွေးကြော်သံများ ၁၇၄
၉၄။ တက္ကသိုလ်ကျောင်းသားများသပိတ်၊ ပထမ (၁၉၂၀) ၁၇၄
၉၅။ တက္ကသိုလ်ကျောင်းသားများသပိတ် ဒုတိယ (၁၉၃၆) ၁၇၉
၉၆။ တင်၊ သခင် (ဝိုမ်အမ်ဘီ) ၁၈၄
၉၇။ တောင်သူလယ်သမားအရေးတော်ပုံ (၁၉၃၀) ၁၈၇
၉၈။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ (၁၉၄၇) ၁၉၁
၉၉။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (၁၉၄၈) ၁၉၂
၁၀၀။ ထောင့်သုံးရာပြည့်အရေးတော်ပုံ (၁၉၃၈-၃၉) ၁၉၂
၁၀၁။ ထွေး၊ ကို (ရဲဘော်) (၁၉၂၉-၁၉၄၇) ၁၉၅
၁၀၂။ ဒဂုန်မဂ္ဂဇင်း (၁၉၂၀) ၁၉၅
၁၀၃။ ဒါဘာမင်းပွဲသဘင် ၁၉၇
၁၀၄။ ဒိုင်အာခီအုပ်ချုပ်ရေး (၁၉၂၃-၁၉၃၇) ၁၉၉
၁၀၅။ ဒိုင်အာခီခေတ် အစိုးရအဖွဲ့များ (၁၉၂၃-၁၉၃၆) ၂၀၂
၁၀၆။ ဓမ္မသတ်တင်းစာ (၁၈၄၃) ၂၀၃
၁၀၇။ နဂါးနီစာအုပ်အသင်း ၂၀၄
၁၀၈။ နဂါးနီသီချင်း ၂၀၉
၁၀၉။ နအက်တလီစာချုပ် (၁၉၄၇) ၂၁၁
၁၁၀။ နေသူရိန်လူထုစည်းဝေးပွဲကြီး (၁၉၄၅) ၂၁၁
၁၁၁။ နိုင်ငံတော်သီချင်း (၁၉၄၇) ၂၁၄
၁၁၂။ နိုင်ငံတော်တံဆိပ် (၁၉၄၇) ၂၁၄
၁၁၃။ နိုင်ငံတော်ရှေ့နေချုပ်၊ နိုင်ငံတော်စာရင်းစစ်ချုပ် (၁၉၄၈) ၂၁၆
၁၁၄။ နယ်ချဲ့ဆန့်ကျင်ရေးသမား မင်းညီမင်းသားများ ၂၁၆
၁၁၅။ နယ်ခြားကျော်လွန်စိုက်ပျိုးခြင်းနည်း ဥပဒေ (၁၉၁၁) ၂၁၇
၁၁၆။ နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၁၉၃၃) ၂၁၇
၁၁၇။ နှစ်ဆယ့်တစ်ဦးပါတီ
၁၁၈။ နှစ်အလိုက် မီးရထားလမ်းဖောက်လုပ်ပြီး မိုင်စာရင်း ၂၂၃
၁၁၉။ နှမ်းစိုက်ဧရိယာ ၂၂၄
၁၂၀။ ပယကဖ (၁၉၃၉) ၂၂၅
၁၂၁။ ပဒေသရာဇ်ရှမ်းပြည်နယ် (၁၉၂၂) ၂၂၅
၁၂၂။ ပခုက္ကူမြို့ ဘိုးဘွားရိပ်သာ (၁၉၃၇) ၂၂၆
၁၂၃။ ပညာရေးဌာနပေါ်လာခြင်း (၁၈၆၆) ၂၂၆
၁၂၄။ ပညာရေးဆင်ဒီကိတ် (၁၈၈၁-၁၉၂၁) ၂၂၈
၁၂၅။ ပညာတံခွန်အသင်း ၂၂၈
၁၂၆။ ပါတော်မူနေ့ ၂၃၀
၁၂၇။ ပါတော်မူ ၂၃[illegible]
၁၂၈။ ပီအက်စ်စီ (၁၉၃၇) ၂၃၄
၁၂၉။ ပီအာပီ (၁၉၃၉) ၂၃၅


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


၁၃၀။ ပီဘီအက်ဖ် (PBF) ၂၃၇
၁၃၁။ ပင်လုံအစည်းအဝေး (၁၉၄၆) ၂၃၈
၁၃၂။ ပင်လုံညီလာခံ (၁၉၄၇) ၂၄၀
၁၃၃။ ပေါင်းတည်ဘိုးဘွားရိပ်သာ (၁၉၂၉) ၂၄၄
၁၃၄။ ပန်းချီဆရာများအသင်း (၁၉၃၀) ၂၄၅
၁၃၅။ ပြင်ဦးလွင်ရက္ခပေဒဥယျာဉ် (၁၉၁၅) ၂၄၇
၁၃၆။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ (၁၉၄၅) ၂၄၇
၁၃၇။ ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီလ ၁၂ ရက်) ၂၄၉
၁၃၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ် (၁၉၄၈) ၂၅၀
၁၃၉။ ဖတပလဗဟိုဦးစီးအဖွဲ့ဝင်များ (၁၉၄၅) ၂၅၆
၁၄၀။ ဖတပလဗဟိုစစ်ကောင်စီ (၁၉၄၅) ၂၅၈
၁၄၁။ ဖဆပလ (၁၉၄၅) ၂၅၉
၁၄၂။ ဖဆပလ ပထားမပြင်ဆင်မှုညီလာခံ (၁၉၄၇) ၂၆၀
၁၄၃။ ဖိနပ်ပြဿနာ (၁၉၁၇) ၂၆၀
၁၄၄။ ဖီမော်-ဂေါ်လန်-ကန်ဖန် ၂၆၄
၁၄၅။ ဖူးစားဗြောင်းစိုက်ဖရိယာ ၂၆၅
၁၄၆။ ဖိုးဟယ်ရီဆင် ၂၆၆
၁၄၇။ ဖိုးစတက်မင်း ၂၆၆
၁၄၈။ ဖိုးဒပ်ဖရင် ၂၆၆
၁၄၉။ ဖိုးမော်တင် ၂၆၇
၁၅၀။ ဖိုးပ္ပိုက် ၂၆၇
၁၅၁။ ဖိုးဟာ့စ် ၂၆၇
၁၅၂။ ဖက်ဆစ်တော်လှန်ရေး (၁၉၄၅) ၂၆၈
၁၅၃။ ဖက်ဆစ်တော်လှန်ရေးနှင့် လေထီးတပ်ဖွဲ့ဝင်များ ၂၇၀
၁၅၄။ ဖယ်ယာပြတိုက် (၁၈၇၁) ၂၇၃
၁၅၅။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇) ၂၇၄
၁၅၆။ ဗကပ (၁၉၃၉) ၂၇၅
၁၅၇။ ဗမာ့ထွက်ရပ်ဂိုဏ်း (Freedom Bloc) (၁၉၃၉) ၂၇၉
၁၅၈။ ဗမာကို ကမ္ဘာက သိအောင် လုပ်လိုက်သောနေ့ (၁၉၃၅) ၂၈၁
၁၅၉။ ဗမာပြည်ဆိုရှယ်လစ်ပါတီ (၁၉၄၅) ၂၈၁
၁၆၀။ ဗမာပြည်ဆိုရှယ်လစ်ပါတီကွန်ဂရက် (၁၉၄၆) ၂၈၃
၁၆၁။ ဗမာ့ဝန်ထမ်းအမျိုးသမီးအဖွဲ့ချုပ် (၁၉၄၃) ၂၈၄
၁၆၂။ ဗမာနိုင်ငံလုံးဆိုင်ရာ ကောင်သူလယ်သမားအစည်းအရုံး(၁၉၃၉) ၂၈၅
၁၆၃။ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး (၁၉၃၉) ၂၈၅
၁၆၄။ ဗမာ့လက်ရုံးတပ် ၂၈၅
၁၆၅။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ (၁၉၄၇) ၂၈၇
၁၆၆။ ဗိုလ်အောင်ဆန်းသီချင်း ၂၈၈
၁၆၇။ ဗျူရိုကရေစီအုပ်ချုပ်ရေး ၂၈၉
၁၆၈။ ဗြိတိသျှဘားမား (၁၈၆၂) ၂၉၀
၁၆၉။ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေး ၂၉၁
၁၇၀။ ဘချို၊ ဦး (ဒီဒုတ်) (၁၈၉၃-၁၉၄၇) ၂၉၃
၁၇၁။ ဘဝင်း၊ ဦး (၁၉၀၁-၁၉၄၇) ၂၉၅
၁၇၂။ ဘားမားရှဘီမိုင်းလီမိတက် (၁၈၈၉) ၂၉၅
၁၇၃။ ဘားနဒ်အခမဲ့စာကြည့်တိုက် (၁၈၈၃) ၂၉၇
၁၇၄။ ဘီအေအေအားကစားကွင်း ၂၉၈
၁၇၅။ ဘီကေအင်န်အေ (၁၉၂၉) ၂၉၉
၁၇၆။ ဘီအိုင်အေ (BIA) (၁၉၄၁) ၂၉၉
၁၇၇။ ဘီအိုင်အေအုပ်ချုပ်ရေးခေတ် (၁၉၄၂) ၃၀၄
၁၇၈။ ဘီဒီအေ (BDA) (၁၉၄၂) ၃၀၅
၁၇၉။ ဘူလင်ဂျာပူး (၁၉၂၁) ၃၀၈
၁၈၀။ ဘူးသင်းများ (၁၉၂၃) ၃၀၈
၁၈၁။ ဘောပုရှိန် (၁၉၁၉) ၃၀၉
၁၈၂။ ဘောပုမောင် (၁၉၂၀) ၃၁၂
၁၈၃။ ဘောလုံးအထူးပြိုင်ပွဲများတွင် အနိုင်ရသည့် အသင်းများ ၃၁၃
၁၈၄။ မဒရပ်ပါအပျိုတော်များ ၃၁၆
၁၈၅။ မဖွံ့ဖြိုးသေးသော ဒေသများ ၃၁၆
၁၈၆။ မိဖုရားခေါင်ကြီး နတ်ရွာစံကံတော်ကုန်ခြင်း ၃၁၈
၁၈၇။ မီနာမီကီကန်း (The Minami Kikan) (၁၉၄၁) -


www.burmeseclassic.com

www.burmeseclassic.com


၁၈၈။ မိနာမီအဖွဲ့ကို ဖျက်သိမ်းခြင်း ၃၁၉
၁၈၉။ မီးရထားချင်းတိုက်မှုများ ၃၁၉
၁၉၀။ မော်လမိန်းခရော်နီကယ်သတင်းစာ (၁၈၃၆) ၃၂၀
၁၉၁။ မော်လီ-မင်တိုပြုပြင်ရေး (၁၉၀၉) ၃၂၁
၁၉၂။ မိုးသောက်ကြယ် (၁၈၄၂) ၃၂၂
၁၉၃။ မိုးကျရွှေကိုယ် ၃၂၂
၁၉၄။ မိုးကြိုး၊ ဗိုလ် ၃၂၄
၁၉၅။ မင်းတိုင်ပင်အမတ် ၃၂၆
၁၉၆။ မင်းကွန်းဘိုးဘွားရိပ်သာ (၁၉၁၅) ၃၂၆
၁၉၇။ မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံအသင်း (၁၉၁၈) ၃၂၇
၁၉၈။ မိုင်းကိုင်အစည်းအဝေး (၁၉၄၆) ၃၂၈
၁၉၉။ မိတ္ထီလာတိုက်ပွဲ (၁၉၄၅) ၃၂၈
၂၀၀။ မေတ္တာနှင့်သူရာ (၁၉၂၀) ၃၂၉
၂၀၁။ မန်းဘခိုင် (၁၉၀၃-၁၉၄၇) ၃၂၉
၂၀၂။ မန္တလေးကျောက်ကုန်သည်များ ဒိုင်းဆုရ ဘောလုံးအသင်းများ ၃၃၀
၂၀၃။ မြ၊ သခင် (၁၈၉၇-၁၉၄၇) ၃၃၁
၂၀၄။ မြူနီစီပယ်အဖွဲ့များပေါ်လာခြင်း ၃၃၃
၂၀၅။ မြို့အုပ်မင်းအိပ်မက် (၁၉၁၅) ၃၃၄
၂၀၆။ မြင်းခြံစစ်တမ်း ၃၃၅
၂၀၇။ မြန်မာမင်းလွှတ်တော်က ထုတ်ပြန်သည့် စစ်သည်တို့ကို စည်းရုံးဆင့်ဆိုသည့်အမိန့်တော် ၃၃၆
၂၀၈။ မြန်မာမင်းလွှတ်တော်ကို ဖျက်သိမ်းပုံ ၃၃၉
၂၀၉။ မြန်မာနှင့် ဂေါက်သီးအားကစား (၁၈၈၇) ၃၄၁
၂၁၀။ မြန်မာနှင့် ဘောလုံးအားကစား ၃၄၂
၂၁၁။ မြန်မာနှင့် ဂျာမနီကုန်စည်ပြပွဲ (၁၈၉၀) ၃၄၅
၂၁၂။ မြန်မာ့လူဦးရေ ၃၄၅
၂၁၃။ မြန်မာ့ဆန်စက်စာရင်း ၃၄၈
၂၁၄။ မြန်မာ့စပါးစိုက်ဧရိယာ ၃၄၉
၂၁၅။ မြန်မာ့ဆန်တင်ပို့မှု ၃၅၂
၂၁၆။ မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်း ၃၅၃
၂၁၇။ မြန်မာပြည်နှင့် ငလျင် ၃၅၆
၂၁၈။ မြန်မာပြည်နှင့် ရေဘေးအန္တရာယ် ၃၅၈
၂၁၉။ မြန်မာပြည်ရောက်မဟာတ္တမဂန္ဓီ ၃၆၀
၂၂၀။ မြန်မာနိုင်ငံသုတေသနအသင်း (၁၉၁၀) ၃၆၀
၂၂၁။ မြန်မာ့မဂ္ဂဇိန်မဂ္ဂဇင်း ၃၆၅
၂၂၂။ မြန်မာပြည်ပန်းချီအသင်းကြီး ၃၆၅
၂၂၃။ မြန်မာပြည်ရောက် တဂိုး ၃၆၇
၂၂၄။ မြန်မာ့ဖျူဟာဂျာနယ် (၁၉၁၉) ၃၆၉
၂၂၅။ မြန်မာကုမ္မာရီအသင်း (၁၉၁၉) ၃၇၀
၂၂၆။ မြန်မာ့သတင်းမှတ်တမ်းရုပ်ရှင်ကား (၁၉၂၀) ၃၇၀
၂၂၇။ မြန်မာပြည်နယ်ခြားဝန်ထမ်းအဖွဲ့ (၁၉၂၂) ၃၇၁
၂၂၈။ မြန်မာပြည်စာအုပ်အသင်း (၁၉၂၄) ၃၇၁
၂၂၉။ မြန်မာနှင့် ဝင်ဘာလီပြခန်း (၁၉၂၄) ၃၇၂
၂၃၀။ မြန်မာ့ကာတွန်းဇာတ်လမ်းရုပ်ရှင်များ ၃၇၅
၂၃၁။ မြန်မာ့အလေးမပြိုင်ပွဲ (၁၉၂၈) ၃၇၆
၂၃၂။ မြန်မာပြည်ကာယဗလအဖွဲ့ (၁၉၂၈) ၃၇၆
၂၃၃။ မြန်မာပြည်ပညာပြန့်ပွားရေးအသင်း (၁၉၂၈) ၃၇၇
၂၃၄။ မြန်မာပြည်အမျိုးသားအပျော်တမ်းရဲတပ် (၁၉၂၉) ၃၇၇
၂၃၅။ မြန်မာအမျိုးသမီးနေရှင်နယ်ကောင်စီ (၁၉၃၀) ၃၇၈
၂၃၆။ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း (၁၉၃၀) ၃၇၉
၂၃၇။ မြန်မာပြည်ဆိုင်ရာ မျက်နှာစုံညီအစည်းအဝေး (၁၉၃၁) ၃၈၁
၂၃၈။ မြန်မာပြည်ခြေလျင်အဖွဲ့ကြီး (၁၉၃၂) ၃၈၃
၂၃၉။ မြန်မာနှင့် အိုလံပစ်အားကစားပွဲ (၁၉၃၆) ၃၈၃
၂၄၀။ မြန်မာပြည်ရောက် နေရူး (၁၉၃၇) ၃၈၄
၂၄၁။ မြန်မာပြည်လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ (၁၉၃၉) ၃၈၆
၂၄၂။ မြန်မာပြည်ရုပ်ရှင်အသင်းကြီး (၁၉၄၂) ၃၈၇
၂၄၃။ မြန်မာစာရေးဆရာများနှင့် အိပ်ချ်ဂျီဝဲလ် ၃၈၈
၂၄၄။ မြန်မာပြည်စာရေးဆရာများအသင်း ၃၉၁

www.burmeseclassic.com


၂၄၅။ မြန်မာတိုင်းလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ (၁၉၄၅) ၃၉၄
၂၄၆။ မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်း (၁၉၄၅) ၃၉၆
၂၄၇။ မြန်မာပြည်အိုလံပစ်အသင်း (၁၉၄၆) ၃၉၆
၂၄၈။ မြန်မာနိုင်ငံတော်ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီး (၁၉၄၆) ၃၉၇
၂၄၉။ မြန်မာ့ရုပ်ရှင်ငွေရတုပွဲ (၁၉၄၇) ၃၉၈
၂၅၀။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (၁၉၄၇) ၃၉၈
၂၅၁။ မွန်တေဂူ-ချမ်းစဖို့ဒ်စီမံကိန်း (၁၉၁၈) ၄၀၁
၂၅၂။ ယူတီစီ (၁၉၂၂) ၄၀၂
၂၅၃။ ယိုးဒယား-မြန်မာမီးရထားလမ်း (၁၉၄၂) ၄၀၃
၂၅၄။ ရတနာပုံနေပြည်တော်သတင်းစာ (၁၈၇၄) ၄၀၄
၂၅၅။ ရခိုင်ပြည်နယ်နှင့် လေမုန်တိုင်း ၄၀၄
၂၅၆။ ရပလ (၁၉၄၆) ၄၀၅
၂၅၇။ ရာဇတ်၊ ဦး (၁၈၉၈-၁၉၄၇) ၄၀၆
၂၅၈။ ရိုးစ်ဝီလျံကော်မရှင် (၁၉၄၇) ၄၀၇
၂၅၉။ ရေနံကုမ္ပဏီများ ၄၀၉
၂၆၀။ ရေနံထွက်ပမာဏ ၄၁၀
၂၆၁။ ရေနံတွင်းတူးအလုပ်သမားများသပိတ် (၁၉၁၅) ၄၁၂
၂၆၂။ ရေနံချောင်း ဘီအိုစီစာရေးများသပိတ် (၁၉၁၇) ၄၁၂
၂၆၃။ ရဲဘော်သုံးကျိပ် ၄၁၂
၂၆၄။ ရန်ကုန်မြူနီစီပယ်အဖွဲ့ (၁၈၇၄) ၄၁၈
၂၆၅။ ရန်ကုန်အစိုးရကောလိပ် (၁၈၇၄) ၄၁၉
၂၆၆။ ရန်ကုန်မြို့လှူဦးရေ ၄၂၀
၂၆၇။ ရန်ကုန်မြို့ရှိ မြန်မာနှင့် ကုလားဦးရေ ၄၂၁
၂၆၈။ ရန်ကုန်-ပြည် မီးရထားလမ်း (၁၈၇၇) ၄၂၂
၂၆၉။ ရန်ကုန်စပါးဈေး ၄၂၅
၂၇၀။ ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း (၁၉၀၆) ၄၂၆
၂၇၁။ ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း၏ ဟောပြောပွဲများ ၄၂၇
၂၇၂။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် (၁၉၀၆) ၄၂၈
၂၇၃။ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် (ပထမအကြိမ်) (၁၉၂၁) ၄၂၉
၂၇၄။ ရန်ကုန်တက္ကသိုလ်နှင့် မြန်မာစာသင်ကြားရေး ၄၃၂
၂၇၅။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် (၁၉၂၇) ၄၃၃
၂၇၆။ ရန်ကုန်တက္ကသိုလ်ဆေးရုံ (၁၉၂၈) ၄၃၆
၂၇၇။ ရန်ကုန်တက္ကသိုလ်မွေးရုံ (၁၉၃၇) ၄၃၆
၂၇၈။ ရန်ကုန်မြို့တော်ခန်းမကြီး (၁၉၃၆) ၄၄၀
၂၇၉။ ရုပ်ရှင်ဆင်ဆာအဖွဲ့ (၁၉၂၂) ၄၄၀
၂၈၀။ ရုပ်ရှင်ဆင်ဆာအဖွဲ့ (၁၉၄၇) ၄၄၁
၂၈၁။ ရွှေတောင်ကြားပါတီ ၄၄၂
၂၈၂။ ရွှေတောင်တိုက်ပွဲ (၁၉၄၂) ၄၄၂
၂၈၃။ ရွှေပြည်အေးအဖွဲ့ (၁၉၄၈) ၄၄၃
၂၈၄။ လီဒိုလမ်းမကြီး (Ledo Road) ၄၄၄
၂၈၅။ လူငယ်များကြီးပွားရေးအသင်း ၄၄၆
၂၈၆။ လော့ဒ်ဒပ်ဖရင်နှင့် အထက်မြန်မာနိုင်ငံ၏ ကံကြမ္မာ (၁၈၈၆) ၄၄၇
၂၈၇။ လော့ဒ်ကာဇုန်နှင့် မန္တလေးနန်းတော် ၄၄၉
၂၈၈။ လက်တင်-မြန်မာအဘိဓာန် (၁၉၂၅) ၄၄၉
၂၈၉။ လက်မှုအနုပညာပြပွဲများ ၄၅၀
၂၉၀။ လက်ျာ-ဖရီးမင်းစာချုပ် (၁၉၄၇) ၄၅၁
၂၉၁။ လက်ဝဲညီညွတ်ရေးကောင်စီ (၁၉၄၈) ၄၅၂
၂၉၂။ လက်ဝဲညီညွတ်ရေးမူ (၁၉၄၈) ၄၅၃
၂၉၃။ လန်ဒန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၄၇) ၄၅၄
၂၉၄။ လန်ဒန်သွား မြန်မာချစ်ကြည်ရေးမစ်ရှင် (၁၉၄၇) ၄၅၄
၂၉၅။ လွတ်လပ်ရေးကြေညာစာတမ်း (၁၉၄၈) ၄၅၅
၂၉၆။ လွတ်လပ်စမြန်မာနိုင်ငံ၏ သံအမတ်ကြီးများ (၁၉၄၇-၄၈) ၄၅၈
၂၉၇။ လွှတ်တော်ချုပ်တရားဝန်ကြီးများ (၁၉၄၈) ၄၅၉
၂၉၈။ လွှတ်တော်တရားဝန်ကြီးများ (၁၉၄၈) ၄၆၀
၂၉၉။ ဝါစိုက်ဧရိယာ ၄၆၀
၃၀၀။ ဝါတာလော့ဒိုင်းဆုရဘောလုံးအသင်းများ ၄၆၁
၃၀၁။ ဝီလျံယန်းဂါးဖလားပွဲ ဆုရအသင်းများ ၄၆၃
၃၀၂။ ဝေလမင်းသားလာရောက်စဉ်က (၁၉၂၂) ၄၆၅


www.burmeseclassic.com

www.burmeseclassic.com

၂၀၃။ ဝံသာနုရက္ခိတတရား ၄၆၅
၂၀၄။ ဝိုင်အမ်ဘီအေ (၁၉၀၆) ၄၆၇
၂၀၅။ ဝိုင်အမ်ဘီအေကွန်ဖရင့်များ ၄၇၂
၂၀၆။ ဝိုက်ကော်မတီ (၁၉၂၁) ၄၇၃
၂၀၇။ သခင်ကိုယ်တော်မှိုင်း (၁၈၇၅-၁၉၆၄) ၄၇၄
၂၀၈။ သရာဇပါတိ ၄၇၉
၂၀၉။ သထုံမြို့ ဘိုးဘွားရိပ်သာ (၁၉၂၃) ၄၇၉
၂၁၀။ သရက်ဘိလပ်မြေစက်ရုံ (၁၉၃၅) ၄၈၀
၂၁၁။ သီပေါမင်းတရား နတ်ရွာစံ ကံတော်ကုန်ခြင်း ၄၈၀
၂၁၂။ သီချင်းကာတွန်းရုပ်ရှင်ကား (၁၉၂၉) ၄၈၀
၂၁၃။ သူရိယသတင်းစာ (၁၉၁၁) ၄၈၀
၂၁၄။ သံဃသာမဂ္ဂီ (၁၉၁၉) ၄၈၃
၂၁၅။ သန်လျင်ဘီအိုစီရေနံချက်စက်ရုံအလုပ်သမားများသပိတ်
(၁၉၂၀) ၄၈၄
၂၁၆။ သံမဏိတပ် (၁၉၃၈) ၄၈၄
၂၁၇။ သံဖြူဇရပ် ချွေးတပ်စခန်း ၄၈၅
၂၁၈။ သွေးခွဲမြေခွဲအုပ်ချုပ်ရေး (Divide and Rule) ၄၈၆
၂၁၉။ ဟေးဟိုးအလုပ်သမားတပ် ၄၈၇
၂၂၀။ ဟုမ်းရူး (Home Rule) ၄၈၇
၂၂၁။ အတွင်းဝန်များရုံးပေါ်လာခြင်း ၄၈၈
၂၂၂။ အထက်မြန်မာနိုင်ငံ ပတ္တမြားစည်းမျဉ်းနှင့်
နည်းဥပဒေများ (၁၈၈၇) ၄၉၀
၂၂၃။ အထက်မြန်မာပြည်နှင့် ရခိုင်တောင်တန်း
နယ်စပ်ဖြတ်ကျော်ရေးနှင့် ဆူပူလူပ်ရှားသော
ခရိုင်များဆိုင်ရာ စည်းမျဉ်းဥပဒေ (၁၉၀၇) ၄၉၁
၂၂၄။ အမိမြန်မာပြည် ၄၉၂
၂၂၅။ အမျိုးသားကျောင်းများ ၄၉၄
၂၂၆။ အမျိုးသားကျောင်းများစာရင်း ၄၉၆
၂၂၇။ အမျိုးသားပညာရေး ၅၀၃
၂၂၈။ အမျိုးသားပညာရေးကောင်စီ ၅၀၄
၂၂၉။ အမျိုးသားနေ့ ၅၀၄
၂၃၀။ အဖွဲ့ဝင် (၁၂)ယောက်ပါ အင်္ဂလန်သွား
မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၃၃) ၅၀၇
၂၃၁။ အရှေ့အာရှတိုက် လူငယ်များအစည်းအရုံး
(ဗမာနိုင်ငံ) (၁၉၄၂) ၅၀၈
၂၃၂။ အမျိုးသားညီညွတ်ရေးပန်ကြားချက် (၁၉၄၅) ၅၁၁
၂၃၃။ အမှုထမ်းပေါင်းစုံသပိတ် (၁၉၄၆) ၅၁၃
၂၃၄။ အာဇာနည်နေ့ ၅၁၄
၂၃၅။ အင်ပါယာစွဲကော်မတီ (၁၉၁၆) ၅၁၆
၂၃၆။ အင်္ဂလိပ်အခက် ဗမာ့အချက် (၁၉၃၉) ၅၁၈
၂၃၇။ အင်္ဂလန်ရောက် မြန်မာ့နန်းတွင်းပစ္စည်းများ ၅၁၈
၂၃၈။ အင်းဝတံတားကြီး (၁၉၃၄) ၅၂၀
၂၃၉။ အောင်မြတ်၊ ဦး (ဝန်းသိုစော်ဘွား) ၅၂၁
၂၄၀။ အောင်ဆန်း၊ ဗိုလ်ချုပ် (၁၉၁၅-၁၉၄၇) ၅၂၄
၂၄၁။ အောင်ဆန်း-အက်တလီစာချုပ် (၁၉၄၇) ၅၂၈
၂၄၂။ အောင်သပြေသီချင်း ၅၃၇
၂၄၃။ အုန်းမောင်၊ ဦး (၁၉၁၃-၁၉၄၇) ၅၃၈
၂၄၄။ အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ပုံ ၅၃၉
၂၄၅။ အိန္ဒိယသွား သဘင်ပညာသည်များ (၁၉၃၆) ၅၄၁
၂၄၆။ အိန္ဒိယသွား မြန်မာအလေးမသမားများအဖွဲ့ (၁၉၃၆) ၅၄၂
၂၄၇။ အိန္ဒိယ-မြန်မာအလေးမပြိုင်ပွဲ (၁၉၄၇) ၅၄၂
၂၄၈။ အိန္ဒိယသွား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့(၁၉၄၀) ၅၄၂
၂၄၉။ ကျမ်းကိုးစာရင်း ၅၄၅

www.burmeseclassic.com



## စာရေးသူ၏အတ္ထုပ္ပတ္တိ

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဖရပ်ကွင်းရွာဇာတိ။ ဦးထွန်းညွှာ၊ ဒေါ်အေးတင်တို့၏ တစ်ဦးတည်းသောသား။ (၁၀)တန်းကို ကမာရွတ်ကျား အင်္ဂလိပ်အထက်တန်းကျောင်း (Tiger English High School)မှ ၁၉၅၈ ခုနှစ်တွင် အောင်မြင်သည်။ ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို နိုင်ငံတကာဆက်ဆံရေး (International Relations)ဘာသာဖြင့် ရသည်။ မဟာဝိဇ္ဇာ(သမိုင်း)ဘွဲ့ကို မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ၁၉၇၂ ခုနှစ်တွင် ရရှိသည်။

မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ လုပ်သားများကောလိပ်(ရန်ကုန်)၊ စစ်တွေကောလိပ်၊ ပညာရေးတက္ကသိုလ်(ရန်ကုန်)နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် သမိုင်းနည်းပြအဖြစ် ၁၉၆၉ မှ ၁၉၇၉ ခုနှစ်အထိ (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ မှ ၁၉၈၄ ခုနှစ်အထိ နိုင်ငံသမိုင်းသုတေသနဦးစီးဌာနတွင် သုတေသနမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၈၅ မှ ၂၀၀၀ ပြည့်နှစ်အထိ တက္ကသိုလ်များသမိုင်းသုတေသနဌာနတွင် အကြီးတန်းသုတေသနမှူးနှင့် ညွှန်ကြားရေးမှူးအဖြစ် ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ အကြံပေးအရာရှိအဖြစ် ထမ်းဆောင်ခဲ့သည်။

**နိုင်ငံသမိုင်းသုတေသနစာစောင်၊ တက္ကသိုလ်ပညာပဒေသာ** စာစောင်၊ ပညာလောက၊ ပညာတန်ဆောင်နှင့် သုတပဒေသာစာစောင်

www.burmeseclassic.com

www.burmeseclassic.com

များတွင် သမိုင်းဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် **ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန်**ကို တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဂျပန်ဖောင်ဒေးရှင်းက ၁၉၉၉-၂၀၀၀ ပြည့်နှစ်အတွက်ပေးသည့် သုတေသနပညာရှင်ဆုရသဖြင့် "A Comparative Study of Japanese Studies in Myanmar and Myanmar Studies in Japan" စာတမ်းကို ရေးသားတင်သွင်းခဲ့သည်။ သုတေသနစာတမ်းဖတ်ပွဲနှင့် မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများ စုဆောင်းရေးအတွက် အင်္ဂလန်၊ ဂျပန်နှင့် ဟောင်ကောင်နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ရှေးဟောင်းသုတေသနဌာန၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ လက်ရှိမြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်နှင့် ဂုဏ်ထူးဆောင် သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာခင်မောင်ညွန့် ဥက္ကဋ္ဌအဖြစ်ပါဝင်သော 'သမိုင်းဖြစ်ရပ်မှန်ပြုစုရေးအဖွဲ့'က ပုံနှိပ်ထုတ်ဝေသည့် အောက်ပါစာအုပ်ကိုးအုပ်တွင်လည်း ပါဝင်ရေးသားခဲ့သည်။

၁။ **တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ**၊ နှစ်တွဲ၊ ၁၉၉၀ ပြည့်နှစ်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်

၂။ **၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး**၊ လေးတွဲ၊ ၁၉၉၁ ခုနှစ်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်

၃။ **မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ (၁၉၆၂-၁၉၇၄)** (သုံးတွဲ)၊ ၁၉၉၃ ခုနှစ်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်

၄။ **ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ** စာအုပ်ကို ၁၉၉၈ ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၁၀ တွင် ဒုတိယအကြိမ် ရေးသားပုံနှိပ်ထုတ်ဝေခဲ့သည်။

## ပါမောက္ခဒေါက်တာခင်မောင်ညွန့်
## (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်)
## မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်၏အမှာစာ

ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးမြဟန်(မဟာဝိဇ္ဇာ)က သုံးကြိမ် (၁၉၈၁၊ ၁၉၈၂၊ ၁၉၉၉)ထုတ်ဝေပြီးသော သူပြုစုသော **ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန်**စာအုပ်ကို စတုတ္ထအကြိမ် ထုတ်ဝေမည်ဖြစ်၍ အမှာစာရေးပေးပါရန် မေတ္တာရပ်ခံလာပါသည်။

တတိယအကြိမ် ပုံနှိပ်ထုတ်ဝေသော ယင်းအဘိဓာန်တွင် ရေးခဲ့သော အမှာစာကို ပြန်ဖတ်ကြည့်ပြီးနောက်၊ ယခု စတုတ္ထအကြိမ်ထုတ်မည့်အဘိဓာန်တွင် အသစ်ဖြည့်စွက်ထားသော အကြောင်းအရာပေါင်း ၂၀၀ ကျော်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းတို့မှာ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများအကြောင်းများ ဖြစ်သည်။ ယခင် သုံးကြိမ်ထုတ်ခဲ့သော စာအုပ်များတွင် မထည့်သွင်းနိုင်ခဲ့သေးသော အကြောင်းအရာများဖြစ်သောကြောင့် စတုတ္ထအကြိမ်ထုတ် ဤစာအုပ်သည် ယခင်သုံးကြိမ်ကထုတ်သော စာအုပ်ကို ပြန်ရိုက်နှိပ်ခြင်းမဟုတ်ဘဲ အကြောင်းအရာ၊ အချက်အလက်အသစ်များ ထပ်ဖြည့်ထားသော၊ တိုးချဲ့၊ ထပ်ဖြည့်၊ ပြင်ဆင်ထားသော အဘိဓာန်ဖြစ်သောကြောင့် နှစ်ထောင်းအားရစွာ ကြိုဆိုလိုက်ပါသည်။ အငြိမ်းစားယူသွားသော်လည်း သမိုင်းသုတေသနကို ကျောခိုင်းမသွားသေးဘဲ တတ်နိုင်သောစွမ်းအားနှင့် ဆက်လက်ဆောင်ရွက်နေသော ဦးမြဟန်ကိုလည်း ချီးကျူးအားပေးပါသည်။

ဤစတုတ္ထအကြိမ်ထုတ် သူ့စာအုပ်ပါ သူ၏နိဒါန်းတွင် တတိယအကြိမ်ထုတ်ပြီးနောက် သူ့ထံရောက်လာသော သူ့စာအုပ် အသုံးပြုသူတစ်ဦး၏ စာကို အကြောင်းပြု၍ သူ၏ရှင်းလင်းချက်ပါရှိရာ ဖတ်ရှုပြီး အားရကျေနပ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ဤအမှာစာရေးပေးသူကိုယ်တိုင်က၊ ဘွဲ့ယူကျမ်းပြု ကျောင်းသားကျောင်းသူများအား သုတေသနပြုစုနည်းများကို ပို့ချပေးလျက်ရှိရာ ယင်းနည်းများအတိုင်း ဦးမြဟန်က ရှင်းလင်းတင်ပြထားခြင်းကြောင့် ဖြစ်ပါသည်။

စာတုပ္ပအကြိမ်ထုတ် ဦးမြဟန်၏ **ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန်** စာအုပ်ကို မိုင်ငြမ်း၊ အသုံးပြုကြရင်း၊ သူ၏နိဒါန်းပါ၊ ရှင်းလင်းချက်များကို သတိပြု ဖတ်ရှုမိကြပါက သမိုင်းသုတေသနပြုစုသော လုပ်ငန်း၏ သဘောသဘာဝကို သဘောပေါက်မိကြပြီး လိုအပ်ချက်များ၊ တိမ်းချော်ချက်များ၊ ကျန်ရှိချက်များ တွေ့ရှိကြပါက ဝိုင်းဝန်းပူးပေါင်း ကူညီချင်သောစိတ်များ ဖြစ်ပေါ်လာပါက ကောင်းမြတ်သောစေတနာဖြစ်သောကြောင့် စာရေးသူ ဦးမြဟန်ရော ဤအမှာ စာရေးသူကပါ ကျေးဇူးတင်ကြမည်ဖြစ်ပါကြောင်း။

(လက်မှတ်)
၂၀-၅-၂၀၀၈
ပါမောက္ခ ဒေါက်တာခင်မောင်ညွန့်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
မြန်မာ့သမိုင်းကော်မရှင်၊ ကော်မရှင်ဝင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ရန်ကုန်တက္ကသိုလ်
သမိုင်းဌာန

THAN TUN & KHIN YI
155 A, YOGI KYAUNG ROAD
HLAING XI, YANOON 11052
MYANMA. Telephone: 36137

ဖုန်းနံပါတ်–၃၂၉၉၆
စာအမှတ်...........

ရက်စွဲ 6 DECEMBER 1997

အမှာ

မောင်မြဟန် ရဲ့ ကိုလိုနီ ခေတ် မြန်မာ့ သမိုင်း အဘိဓာန် ကို ၁၉၈၁ က ပထမ ပုံနှိပ်တယ်၊ ၁၉၈၇ မှာ ဒုတိယ ပုံနှိပ်တယ်၊ အခု ၁၉၉၈ မှာ တတိယ ပုံနှိပ်ဖို့ ဆိုတော့ ဒီစာအုပ်ဟာ အသုံး ဝင်လို့ ပဲ၊ [illegible] က တစ်နှစ်တွင်း ထပ် ပြီး ပုံနှိပ်တယ်။ အခု ၁၆ နှစ်ကြာမှ [illegible] လာမှာဖြစ်လို့ အချိန် ယူပြီး မြဟန် ဖြည့်စွက် တည်းဖြတ်ပြီး ဖြစ်မယ်လို့ ယုံကြည်ပါတယ်၊ အင်္ဂလိပ် ဘာသာ နဲ့ ဗမာ့သမိုင်း အဘိဓာန် ၁၈၈၉-၁၉၄၄ ([illegible]) ရှေးဟောင်း အဘိဓာန် ([illegible]) ထိုတဲ့ စာအုပ်တွေကို အသုံး ပြုဖူးပါတယ်။ [illegible] ပထမ ပုံနှိပ်တဲ့ စာအုပ် မှာတဲ့ "[illegible]" [illegible] ငါး နှစ် အချိန် ကြာတယ် လို့ သိရတယ်။ ဒါကြောင့်ပဲ တက္ကသိုလ် [illegible] အတွက် ပြင်ဆင်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား နဲ့ သူတို့ကို လမ်းညွှန် သင်ကြား ပေးရတဲ့ အရာတွေပါ [illegible] ဖြစ်ပါတယ်၊ အဘိဓါန် ဆိုတော့ အကြောင်းအရာ အစဉ် အလိုက် နဲ့ ပုဂ္ဂိုလ်နာမည်တွေကို အက္ခရာစဉ် [illegible] လို့ သုံးစွဲရမှာ လွယ်တယ်၊ [illegible] ဖြစ်ကောင်းလဲ ကောင်းတယ်။ [illegible] သမိုင်း [illegible] သမိုင်း သုတေသန ကို ကြိုးစား [illegible] သူလဲ သုတေသန [illegible] ရေးတယ်၊ ရေးပုံက လဲ [illegible] ရှင်းလင်း [illegible] တယ်၊ ဒီအဘိဓါန် တစ်ကြိမ်ပြီး တစ်ကြိမ် [illegible] သာမက ထပ်မံပုံနှိပ်ခြင်း (REPRINT) မဟုတ်ဘဲ ပြင်ဆင် [illegible] (EDITION) ဖြစ်တယ်၊ [illegible] ပုံနှိပ်ထားတဲ့ ဒီအဘိဓါန် [illegible] ပုံနှိပ် [illegible] ဒီအဘိဓါန် [illegible] ပါတယ်။ [illegible] (CROSS REFERENCE)

၁။ [illegible] (CROSS REFERENCE)



[illegible] ဥပမာ

[illegible] (၁၈[illegible]–၁၉[illegible]) – [illegible] ([illegible]) ဖြစ်ရ

[illegible] – [illegible] ဖြစ်ရ

[illegible] – [illegible] ဖြစ်ရ

[illegible] – [illegible] ဖြစ်ရ

[illegible] – [illegible] ဖြစ်ရ

[illegible] – [illegible] ဖြစ်ရ

၂။ [illegible] ([illegible]) [illegible] ၁၉[illegible] မှာ [illegible] တယ်၊

၃။ ဦး [illegible] (HONORIFIC) [illegible]

၄။ [illegible] (CULTURE) [illegible]

၅။ [illegible]

၆။ [illegible]

၇။ [illegible]

၈။ [illegible]

၉။ [illegible] (NATIONAL BIOGRAPHY) [illegible]

[illegible] ၁၉၉၇

THAN TUN
M.A., B.L., Ph.D., D.Litt. (London)
Retired Professor of History, Mandalay University

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ဤအဘိဓာန်ကို (၁၉၈၁)ခုနှစ်က ပထမအကြိမ်၊ (၁၉၈၂)ခုနှစ်က ဒုတိယအကြိမ်နှင့် (၁၉၉၉)ခုနှစ်က တတိယအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ တတိယအကြိမ်ပုံနှိပ်ထုတ်ဝေပြီးနောက် 'စာဖတ်သူတစ်ဦး' ဆိုသူထံမှ ၂၀၀၀ ပြည့်၊ ဧပြီလ ၁၈ ရက်နေ့စွဲဖြင့် ရေးလိုက်သည့် စာတစ်စောင်ရပါသည်။ 'စာဖတ်သူတစ်ဦး'၏စာတွင် အဓိကအချက် နှစ်ချက်ပါပါသည်။ ပထမအချက်မှာ အမျိုးသားနေ့သတ်မှတ်သည့်ကိစ္စဖြစ်ပြီး ဒုတိယအချက်မှာ ပြည်သူ့အရေးတော်ပုံပါတီတွင် သခင်အောင်ဆန်း ပါ၊ မပါဆိုသည့်အချက် ဖြစ်ပါသည်။

စာရေးသူ၏အဘိဓာန်တွင် ၁၉၂၂ ခုနှစ်၊ ဖွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပသည့် ဂျီစီဘီအေ အထူးအစည်းအဝေးက ကျောင်းသားများ သပိတ်မှောက်သည့်နေ့ကို အမျိုးသားနေ့ဟု သတ်မှတ်သည်ဟု ဖော်ပြထားသည်မှာ မှားနေပြီး အမှန်က ၁၉၂၁ ခုနှစ်၊ အောက်တိုဘာလတွင် မန္တလေး၌ကျင်းပသော ဂျီစီဘီအေအစည်းအဝေးက ဆုံးဖြတ်ခြင်းဖြစ်သည်ဟု 'စာဖတ်သူတစ်ဦး' က ဆိုပါသည်။ ဤအချက်နှင့်ပတ်သက်၍ စာဖတ်သူတစ်ဦးအား ပြန်ကြားလိုသည်မှာ အမျိုးသားနေ့သတ်မှတ်သည့်ကိစ္စ အမှားအမှန်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက အမျိုးသားနေ့ ရွှေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် **အမျိုးသားနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှု သမိုင်းအကျဉ်းချုပ်**စာအုပ် (စာ ၁၈ နှင့် ၄၁၆-၄၁၉)၊ ဆရာတိုက်စိုးရေးသည့် **ဂျူဗလီဟောမြင်ကွင်း** (စာ ၆၂-၆၃)နှင့် **တို့ဗမာအစည်းအရုံးသမိုင်း**၊ ပထမတွဲ၊ (စာ ၈၈)တို့ကို ဖတ်ကြည့်စေလိုပါသည်။ ထိုအခါ အမှန်ကိုသိပါမည်။

ဒုတိယအချက်ဖြစ်သော ပြည်သူ့အရေးတော်ပုံပါတီတွင် သခင်အောင်ဆန်း ပါ၊ မပါဆိုသည့်အချက်နှင့် ပတ်သက်၍လည်း တို့ဗမာအစည်းအရုံးသမိုင်း ဒုတိယတွဲ စာမျက်နှာ ၅၄၀-၅၄၁ နှင့် ၅၇၈ တို့ကို ဖတ်ကြည့်စေလိုပါသည်။ ထိုစာအုပ် စာမျက်နှာ (၅၇၈)တွင် 'ပြည်သူ့အရေးတော်ပုံပါတီသည် ဥက္ကဋ္ဌ သခင်မြခေါင်းဆောင်၍ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းနှင့် အဆက်အသွယ်ယူကာ ဗြိတိသျှတော်လှန်ရေးကို ခေါင်းဆောင်လာဖွဲ့သောအဖွဲ့' ဟု ဆိုထားပါသည်။ ပြည်သူ့အရေးတော်ပုံပါတီကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင် ဖြစ်သော ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေက ၁၂-၃-၁၉၇၁ ခုနေ့ထုတ် **ရွှေတုဂျာနယ်**၌ ရေးသော 'တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ' ဆောင်းပါးတွင် သခင်အောင်ဆန်းသည် ပြည်သူ့အရေးတော်ပုံပါတီ၏ ပြည်ပခေါင်းဆောင်ဖြစ်သည်ဟုလည်း ရေးထားပါသည်။ သခင်ချစ်မောင်(ဝိဓူရ)ရေးသော **အာဇာနည်ခေါင်းဆောင်ကြီးသခင်မြ** စာအုပ်၊ စစ်ကိုင်းဟန်တင်ရေးသော **လုံးဝလွတ်လပ်ရေးသို့** စာအုပ်နှင့် အာဇာနည်နေ့ရောက်တိုင်း ပြန်ကြားရေးဌာနကထုတ်သည့် **အာဇာနည်ကြီးများအထူးပူဇော်စာစောင်**များတွင်လည်း ပြည်သူ့အရေးတော်ပုံပါတီ၏ ပြည်ပခေါင်းဆောင်သည် သခင်အောင်ဆန်းဖြစ်သည်ဟု ဆိုကြပါသည်။

သမိုင်းသုတေသနသဘောအရ ပြောရလျှင် သခင်ချစ်မောင်(ဝိဓူရ)၊ စစ်ကိုင်းဟန်တင်နှင့် ပြန်ကြားရေးဌာနမှထုတ်သည့် စာအုပ်များသည် တစ်ဆင့်ခံအထောက်အထားများဖြစ်၍ မှားနိုင်သည်ဟု ဆိုနိုင်သော်လည်း ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ၏ ရေးသားချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်သာ ဖြစ်ပါသည်။ သမိုင်းဖြစ်စဉ်အရ ကြည့်မည်ဆိုလျှင်လည်း ပြည်သူ့အရေးတော်ပုံပါတီကို လျှို့ဝှက်၍ဖွဲ့စည်းခဲ့သည်မှာ နိုင်ငံခြားအကူအညီရှာရန်ဆိုသည့် ရည်ရွယ်ချက်ပါရှိပြီး သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိသွားသည်မှာလည်း ပြည်သူ့အရေးတော်ပုံပါတီ၏ အစီအစဉ်ဖြစ်သည်ဟုဆိုသောကြောင့် ပြည်သူ့အရေးတော်ပုံပါတီတွင် သခင်အောင်ဆန်း ပါဝင်ခဲ့သည်ဟု ဆိုရပါမည်။

ကိုလိုနီခေတ် မြန်မာ့သမိုင်းဆိုင်ရာ စာအုပ်စာတမ်းနှင့် ဆောင်းပါးများ အများအပြားရှိသည့်အနက် စာရေးသူ လက်လှမ်းမီသမျှနှင့် အချိန်ရသလောက် အတွင်း လေ့လာထားသည့် မူရင်းအထောက်အထားနှင့် တစ်ဆင့်ခံအထောက်အထားများကိုသုံး၍ ဤအဘိဓာန်ကို ပြုစုထားခြင်းဖြစ်ပါသည်။ သမိုင်းဆိုင်ရာ စာအုပ်စာတမ်းအားလုံးကို ဖတ်ရှုပြီးပြီဟု မဆိုနိုင်ပါ။ သမိုင်းအထောက်အထားများတွင်လည်း မူရင်းအထောက်အထားနှင့် တစ်ဆင့်ခံအထောက်အထားဟူ၍

www.burmeseclassic.com



နှစ်မျိုးရှိသည့်အနက် ခေတ်ပြိုင်အထောက်အထားနှင့် မူရင်းအထောက်အထားသည် အားအကိုးရဆုံးဖြစ်ပြီး တစ်ဆင့်ခံအထောက်အထားသည် မူရင်းအထောက်အထားလောက် အားကိုး၍မရပါ။ တစ်ဆင့်ပြန်ရေးထားသည့် တစ်ဆင့်ခံအထောက်အထားများဖြစ်သော စာအုပ်စာတမ်းများကို လေ့လာကြည့်သော် အချို့သော သမိုင်းအချက်အလက်များတွင် အမှတ်အသားမတူသည့် ပြဿနာနှင့် ကြုံတွေ့ရပါသည်။ စာရေးသူတွေ့ရသည့် ပြဿနာများထဲမှ အချို့ကို ဖော်ပြရလျှင်…

၁။ ပထမတက္ကသိုလ်သပိတ်မှောက် ကျောင်းသားခေါင်းဆောင် (၁၁)ဦး၏အမည်တွင် ကွဲလွဲချက်အချို့ရှိသည်ကို တွေ့ရပါသည်။

၂။ ဆရာစံ၏ဇာတိသည် ကျိုက္ကမီမြို့နယ် ကမာမိုရွာဟု ရေးသူရှိသကဲ့သို့ ရွှေဘိုခရိုင် သရက်ကန်အရှေ့ရွာဇာတိဟု ရေးသည်ကိုလည်း တွေ့ရပါသည်။ ထို့ပြင် ဆရာစံသည် ရွှေဘိုခရိုင် မြင်းဝန်ရွာဇာတိဖြစ်သည်ဟူသည့်အရေးအသားကိုလည်း ဖတ်ရဖူးပါသည်။ ဆရာစံ၏ မိဘအမည်များကိုလည်း ဦးမြင်းဝန်-ဒေါ်ခင်၊ ဦးကျေး-ဒေါ်ဖက်၊ ဦးကျော်-ဒေါ်ဖက်နှင့် ဦးကျေး-ဒေါ်မျှင်ဟူ၍ လေးမျိုးဖြစ်နေသည်ကို တွေ့ရပါသည်။

အထက်ပါကဲ့သို့ ပြဿနာမျိုး ကြုံရသောအခါ အတတ်နိုင်ဆုံး မူရင်းအထောက်အထားနှင့်ညှိ၍ တင်ပြထားပါသည်။ ထို့ကြောင့် အမှတ်တစ်ပြဿနာအတွက် ရွှေတိဂုံဘုရား စနေထောင့်ရှိ သပိတ်မှော်ကွန်းကျောက်စာတိုင်မှ အမည်များအတိုင်း ဖော်ပြထားပါသည်။

အမှတ်နှစ်ပြဿနာဖြစ်သော ဆရာစံ၏ မွေးဇာတိနှင့် မိဘအမည်များကို ဆရာစံရေးသော **လက္ခဏာဒုစကျမ်း**နှင့် ဒီပဲယင်းမြို့နယ် လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီမှထုတ်သော **ထီပေအုံ့သျှင်မှ အာဇာနည်များ** စာအုပ်ပါအတိုင်း တင်ပြထားပါသည်။

ဤအဘိဓာန်ကို စတင်ရေးစဉ်က ကိုလိုနီခေတ်နှင့်ပတ်သက်၍ မကြာခဏ ရည်ညွှန်းပြောဆိုရေးသားနေကြသည့် အကြောင်းအရာများကိုသာ ရေးထားခဲ့ရာ တတိယကြိမ်နှိပ်အတွက် ဆရာကြီးဒေါက်တာသန်းထွန်းက အမှာစာရေးပေးရာတွင် နိုင်ငံရေးအကြောင်းအရာများသာမက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အကြောင်းအရာများကိုပါ ဖြည့်စွက်ရေးသားရန် အကြံ



ပေးသည့်အတိုင်း ဖြည့်စွက်ရေးထားပါသည်။ ဆရာကြီးဒေါက်တာသန်းထွန်းအမှတ်တရအဖြစ် တတိယအကြိမ် ပုံနှိပ်စဉ်က ဆရာကြီးရေးပေးခဲ့သည့် အမှာစာကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ဤအဘိဓာန်တွင် မူလက ၁၉၀၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ အကြောင်းအရာများသာ ပါဝင်ခဲ့သော်လည်း ယခုအကြိမ်တွင်မူ ၁၉၀၆ ခုနှစ်မတိုင်မီက အကြောင်းအရာများကိုလည်း ထည့်သွင်းထားပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဗြိတိသျှမြန်မာပြည်ခေါ် ကိုလိုနီခေတ်အောက်မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အကြောင်းအရာများကိုပါ ထည့်သွင်းရေးသားထားပါသည်။

ဤအဘိဓာန်ကို တတိယအကြိမ် ပုံနှိပ်စဉ်က မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီးဒေါက်တာခင်မောင်ညွန့်က အမှာစာရေးသားပေးရာတွင် အဘိဓာန်နှင့် စွယ်စုံကျမ်း စသော အမိုကျမ်းတို့ကို အသင်းအဖွဲ့၊ ကော်မတီများဖြင့်သာ ပြုစုနိုင်ကြသော်လည်း ပညာရပ်နှင့် ဘာသာရပ်ဆိုင်ရာ အဘိဓာန်များကိုမူ ကျွမ်းကျင်၍ စိတ်ဝင်စားသူတို့က ကြိုးစားအားထုတ်ရေးသားကြသဖြင့် ကျောင်းသူကျောင်းသားများ အပါအဝင် ဗဟုသုတလိုလားသူများနှင့် သုတေသီတို့အတွက် များစွာအထောက်အကူရကြောင်း ရေးသား၍ အားပေးခဲ့ပါသည်။ ယခု စတုတ္ထအကြိမ်နှိပ်အတွက်လည်း အမှာစာအသစ်ရေးပေးသော ဆရာကြီးဒေါက်တာခင်မောင်ညွန့်ကို အထူးကျေးဇူးတင်ကြောင်းလည်း ဖော်ပြအပ်ပါသည်။

ယခု စတုတ္ထအကြိမ်နှိပ်တွင် တို့ဗမာအစည်းအရုံးညီလာခံများ၊ နဂါးနီစာအုပ်အသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း၊ ပီအာပီ၊ ဗကပနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိတို့ကို ပြင်ဆင်ဖြည့်စွက် ရေးသားထားပါသည်။ ဆရာကြီး၏ မွေးနေ့နှင့်ပတ်သက်၍လည်း **မြန်မာစွယ်စုံကျမ်း** အတွဲ (၁၂)၌ ၁၈၇၅ ခုနှစ်၊ မတ်လ (၂၃)ရက်နေ့ဟုဆိုသော်လည်း ဆရာကြီးကွယ်လွန်သည့် သတင်းပါသော ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ထုတ် **လုပ်သားပြည်သူ့နေ့စဉ်**သတင်းစာတွင် ၁၈၇၅ ခုနှစ်၊ မတ်လ (၂၅)ရက်နေ့ဟု ဖော်ပြထားသဖြင့် ထိုရက်အတိုင်း ရေးထားပါသည်။

တတိယအကြိမ် ပုံနှိပ်စဉ်က အကြောင်းအရာပေါင်း (၁၄၈)ခုရှိသော်လည်း ယခုအကြိမ်နှိပ်တွင် အကြောင်းအရာအသစ် ၂၀၀ ကျော် ဖြည့်စွက်ရေးသားထားပါသည်။ အသစ်ဖြည့်စွက်ရေးသားထားသည့် အကြောင်းအရာအချို့မှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

www.burmeseclassic.com



ကချင်တောင်တန်းလူမျိုးစုများဆိုင်ရာ စည်းမျဉ်းဥပဒေ၊ ကာလကတ္တားသွားမြန်မာကိုယ်စားလှယ်အဖွဲ့၊ ကုလားပဲစိုက်ဧရိယာ၊ ကုလားအဝင်အထွက်စာရင်း၊ ကောဘိုတိုင်၊ ကိုလိုနီခေတ်စာပေဆုများ၊ ကိုလိုနီခေတ်ထုတ် စာအုပ်အမျိုးအစားဦးရေစာရင်း၊ ကိုလိုနီခေတ် ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ်များ၊ ကိုလိုနီခေတ် ဖတ်စာအုပ်သမိုင်း၊ ကမ္ဘည်းကျောက်စာဌာန၊ ကင်ပေတိုင်၊ ကင်းဝန်မင်းကြီးဦးကောင်း၊ ကြံစိုက်ဧရိယာ၊ ကြွန်ဘစ်၊ ခေတ်စမ်းစာပေခေတ်၊ ချင်းတောင်တန်းများ စည်းမျဉ်းဥပဒေ၊ ချောင်းခွမင်းသားများ၊ ချွေးတပ်၊ ဂန္ဓလောကမဂ္ဂဇင်း၊ ဂျပန်ခေတ်တေးသီချင်းများ၊ ဂျပန်ခေတ် မြန်မာအတိမာန်လုပ်ငန်း၊ ဂျပန်ခေတ် မြန်မာ့စွယ်စုံကျမ်းလုပ်ငန်း၊ ဂျုံစိုက်ဧရိယာ၊ ဂျပ်ဆင်ကောလိပ်၊ ငွန်ဆေးကန်ဘု၊ စာရေးဆရာအသင်း(အထက်မြန်မာနိုင်ငံ)၊ စီနီယာနှင့် ဂျူနီယာတန်းဘောလုံးပွဲများ၌ ဗိုလ်စွဲခဲ့ကြသော ဘောလုံးအသင်းများ၊ စောလဖော၊ စစ်ပြီးခေတ်အစိုးရအဖွဲ့များ၊ ဆဘနှာဒ်၊ ဆေးရွက်ကြီးစိုက်ဧရိယာ၊ ဇယားဝင်စီရင်စု၊ ဇာတိမာန်သီချင်း၊ ညွန့်ပေါင်းအစိုးရအဖွဲ့များ၊ တရုတ်ပြည်သွား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ တောရိုင်းတိရစ္ဆာန်များ ကာကွယ်သည့်ဥပဒေ၊ တို့ဗမာဆင်းရဲသားအစည်းအရုံး၏ ကြွေးကြော်သံများ၊ ဒိုင်အမ်ဘီသခင်တင်၊ ရဲဘော်ကိုထွေး၊ ဒါဘာမင်းပွဲသဘင်၊ နဂါးနီသီချင်း၊ နိုင်ငံတော်အလံ၊ နယ်ချဲ့ဆန့်ကျင်ရေးသမား မင်းညီမင်းသားများ၊ နယ်ခြားကျော်လွန်စိုက်ပျိုးခြင်းနည်းဥပဒေ၊ နှစ်အလိုက် မီးရထားလမ်းဖောက်လုပ်ပြီး မိုင်စာရင်း၊ နှမ်းစိုက်ဧရိယာ၊ ပညာရေးဆင်ဒီကိတ်၊ ပညာရေးဌာနပေါ်လာခြင်း၊ ပီအက်စ်စီ၊ ပန်းချီဆရာအသင်း၊ ပညာတံခွန်အသင်း၊ ပြင်ဦးလွင်ရုက္ခဗေဒဥယျာဉ်၊ ဖီမော်- ဂေါ်လန်-ကန်ဖန်၊ ဖူးစားပြောင်းစိုက်ဧရိယာ၊ ဖိုးစတက်မင်း၊ ဖိုးဒပ်ဖရင်၊ ဖိုးမော်တင်၊ ဖိုးဂိုက်၊ ဖိုးဟာ့ဇ်၊ ဖိုးဟယ်ရီဆင်၊ ဖက်ဆစ်တော်လှန်ရေးနှင့် လေထီးတပ်ဖွဲ့ဝင် များ၊ ဗမာပြည်ဆိုရှယ်လစ်ပါတီ၊ ဗမာ့ဝန်ထမ်းအမျိုးသမီးအဖွဲ့ချုပ်၊ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့၊ ဗိုလ်အောင်ဆန်းသီချင်း၊ ဗြိတိသျှဘားမား၊ ဘားနဒ်အခမဲ့စာကြည့်တိုက်၊ ဘားမားရူဘီမိုင်းလီမိတက်၊ ဘီအေအေအားကစားကွင်း၊ ဘောလုံးအထူးပြိုင်ပွဲများတွင် အနိုင်ရသည့်အသင်းများ၊ မဒရပ်ပါအမျိုတော်များ၊ မဖွံ့ဖြိုးသေးသောဒေသများ၊ ဘေပုမောင်၊ မိဖုရားခေါင်ကြီးနတ်ရွာစံကံကုန်တော်မူခြင်း၊ မိနာမီအဖွဲ့ကို ဖျက်သိမ်းခြင်း၊ မိုးကျရွှေကိုယ်၊ မြူနီစီပယ်အဖွဲ့များပေါ်လာခြင်း၊ မြန်မာနိုင်ငံတော်အလံသီချင်းနှင့် တံဆိပ်ဆပ်ကော်မတီ၊ မြန်မာ့လူဦးရေ၊ မြန်မာ့ဆန်စက်စာရင်း၊ မြန်မာ့စပါးစိုက်ဧရိယာ၊



မြန်မာ့ဆန်တင်ပို့မှု၊ မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်းများ၊ မြန်မာပြည်စာရေးဆရာများအသင်း၊ မြန်မာစာရေးဆရာများနှင့် အိမ်ချုံဂျီဝဲလ်၊ မြန်မာနှင့် ဘောလုံးအားကစား၊ မြန်မာနှင့် ဂေါက်သီးအားကစား၊ မြန်မာပြည်စာအုပ်အသင်း၊ မြန်မာပြည်ပညာပြန့်ပွားရေးအသင်း၊ မြန်မာပြည်ပန်းချီအသင်းကြီး၊ မြန်မာပြည်ရုပ်ရှင်အသင်းကြီး၊ မြန်မာနိုင်ငံသုတေသနအသင်း၊ မြန်မာပြည် နယ်ခြားဝန်ထမ်းအဖွဲ့၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ မြန်မာနှင့် ဂျာမနီကုန်စည်ပြပွဲ၊ မြန်မာနှင့် ဝင်ဘလီပြခန်း၊ မြန်မာမင်းလွှတ်တော်က ထုတ်ပြန်သည့် စစ်သည်တို့ကို စည်းရုံးဆင့်ဆိုသည့်အမိန့်တော်၊ မြန်မာမင်းလွှတ်တော်ကို ဖျက်သိမ်းပုံ၊ မြန်မာပြည်ရောက်တင်္ဂိုး၊ မြန်မာပြည်ရောက် မဟတ္တမဂန္ဓီ၊ မြန်မာပြည်ရောက်နေရူး၊ မြန်မာပြည်ဆိုင်ရာမျက်နှာစုံညီအစည်းအဝေး၊ မန္တလေးကျောက်ကုန်သည်များ ဒိုင်းဆုရ ဘောလုံးအသင်းများ၊ ယူတီစီ၊ ယိုးဒယား-မြန်မာမီးရထားလမ်း၊ ရေနံကုမ္ပဏီများ၊ ရေနံထွက်ပမာဏ၊ ရန်ကုန်မြို့လူဦးရေ၊ ရန်ကုန်မြို့ရှိ မြန်မာနှင့် ကုလားဦးရေ၊ ရန်ကုန်စပါးဈေး၊ ရန်ကုန်အစိုးရကောလိပ်၊ ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်း၊ ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း၏ ဟောပြောပွဲများ၊ ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်(ပထမအကြိမ်)၊ ရန်ကုန်တက္ကသိုလ်နှင့် မြန်မာစာသင်ကြားရေး၊ ရန်ကုန်တက္ကသိုလ်ဆေးရုံ၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ရွှေတိဂုံအနောက်မုခ်ဖွင့်ပွဲ၊ လူငယ်များကြီးပွားရေးအသင်း၊ လော့ဒ်ဒပ်ဖရင်နှင့် အထက်မြန်မာနိုင်ငံ၏ ကံကြမ္မာ၊ လော့ဒ်ကာဇုန်နှင့် မန္တလေးနန်းတော်၊ လက်မှုအနုပညာပြပွဲများ၊ လွတ်လပ်စမြန်မာအစိုးရအဖွဲ့၊ ဝါစိုက်ဧရိယာ၊ ဝါတာလော့ဒိုင်းဆုရ ဘောလုံးအသင်းများ၊ ဝီလျံယန်းဂါးဖလားပွဲဆုရဘောလုံးအသင်းများ၊ ဝေလမင်းသားလာရောက်စဉ်က၊ သရာဇပေါ်တီ၊ သီပေါမင်းတရား နတ်ရွာစံကံကုန်တော်မူခြင်း၊ သံဖြူဇရပ်ချွေးတပ်စခန်း၊ ဟေးပိုးအလုပ်သမားတပ်၊ အတွင်းဝန်များရုံးပေါ်လာ ခြင်း၊ အထက်မြန်မာနိုင်ငံ ပတ္တမြားစည်းမျဉ်းနှင့် ဥပဒေများ၊ အထက်မြန်မာပြည်နှင့် ရခိုင်တောင်တန်း နယ်စပ်ဖြတ်ကျော်ရေးနှင့် ဆူပူလှုပ်ရှားသော ခရိုင်များဆိုင်ရာ စည်းမျဉ်းဥပဒေ၊ အဖွဲ့ဝင်(၁၂)ယောက်ပါ အင်္ဂလန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့၊ အမျိုးသားကျောင်းများစာရင်း၊ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့၊ အောင်သပြေသီချင်း၊ ဦးအောင်မြတ်(ဝန်းသိုစော်ဘွား)၊ ဦးအုန်းမောင်၊ အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ပုံ စသည်တို့ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအဘိဓာန်တွင် အကြောင်းအရာသစ်များ ဖြည့်စွက်ရေးသားနိုင်ရန်အတွက် နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ ဆီမီးယိုစာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်၊ ရှေးဟောင်းသုတေသနဌာနစာကြည့်တိုက်နှင့် လှိုင်မြို့နယ် အမှတ် (၁၀) ရပ်ကွက်ရှိ 'တိုးတက်ရေးစာဖတ်အသင်း' စသည့် စာကြည့်တိုက်များမှ စာအုပ်များကို ငှားရမ်းဖတ်ရှုလေ့လာခဲ့ရပါသည်။ ထို့ကြောင့် အထက်ပါစာကြည့်တိုက်များမှ တာဝန်ခံနှင့် အရာရှိဝန်ထမ်းများအားလုံးအား ကျေးဇူးတင်ကြောင်းလည်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

စာရေးသူတို့ မဟာဝိဇ္ဇာဘွဲ့အတွက် သုတေသနလုပ်နည်းသင်ရစဉ်က သုတေသနစာတမ်းရေးရာတွင် အထောက်အထားမရှိလျှင် မရေးနှင့် မပြောနှင့်၊ အထောက်အထားရှိမှ ရေးပါ ပြောပါ၊ ပုံနှိပ်ထားတိုင်းလည်း အမှန်ဟု မယူနှင့်၊ ကာယကံရှင်ပြောတိုင်းလည်း အရမ်းလက်မခံနှင့်၊ တတ်နိုင်သရွေ့ အထောက်အထားများကို တိုက်ဆိုင်စစ်ဆေး (counter check) ပြီးမှ ရေးပါပြောပါဟု ဆရာကြီးများက လမ်းညွှန်ကြပါသည်။ ထိုမူအတိုင်း ကြိုးစား၍ သမိုင်းဖြစ်ရပ်များကို အမှန်အတိုင်း မှတ်တမ်းတင်ထားလိုသည့် ရည်ရွယ်ချက်ဖြင့် ဤအဘိဓာန်ကို ပြုစုရေးသားခြင်း ဖြစ်ပါသည်။

ပုဂံခေတ်သည် အထောက်အထားနည်း၍ ပုဂံခေတ်အကြောင်းပြောလျှင် ငြင်းခုံကြရသောကြောင့် တုတ်ထမ်းပြောရမည်ဟု ဆိုရိုးစကားရှိသကဲ့သို့ ကိုလိုနီခေတ်သည် အထောက်အထားများလွန်း၍၊ သိသူ၊ ပြောသူ၊ ရေးသူများသောကြောင့် အချက်အလက်ကွဲလွဲမှုများ၊ အမှတ်အသားမှားယွင်းမှု၊ စာအကူးမှားမှုနှင့် ပုံနှိပ်အမှားများလည်း ရှိပါသည်။ စာရေးသူ လက်လှမ်းမီသမျှ အထောက်အထားနှင့် အချိန်ရသမျှအတွင်း လေ့လာစိစစ်ရေးသားထားခြင်း ဖြစ်ပါသည်။ အထောက်အထားအားလုံးကိုလည်း ဖတ်ရှုလေ့လာပြီးပြီဟု မဆိုနိုင်ပါ။ သို့သော် ဤအဘိဓာန်ပါ အချက်အလက်များသည် အထောက်အထားမရှိဘဲ ရေးထားသည့် အချက်အလက်ဟူ၍ မရှိပါ။ အထောက်အထားအများစုမှာ တစ်ဆင့်ခံအထောက်အထားများဖြစ်သောကြောင့် မူရင်းအထောက်အထားတွေ့၍ ပြင်ဆင်ရန်လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်သွားရမည်သာ ဖြစ်ပါသည်။ စာဖတ်သူတစ်ဦးကဲ့သို့ စာရေးသူအား ကူညီသည့်အနေဖြင့် အကြံပေးကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။ ဤအဘိဓာန်အတွက် အကူအညီပေးသော အလုံမြို့နယ် နွယ်သာလမ်းရှိ ဇီဇဝါစာအုပ်



တိုက်နှင့် သမိုင်းသုတေသနဌာနမှ ဒေါက်တာမျိုးဦးတို့အား ကျေးဇူးတင်ကြောင်းလည်း ဖော်ပြအပ်ပါသည်။

(မြဟန်)
၅၂၁(က)၊ ခပေါင်းလမ်း၊
(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကချင်တောင်တန်းလူမျိုးစုများဆိုင်ရာ စည်းမျဉ်းဥပဒေ (၁၈၉၅)

ဗြိတိသျှတို့ မန္တလေးနေပြည်တော်ကို သိမ်းယူပြီးနောက် ကချင်တောင်တန်းဒေသများသို့ ဆက်လက်၍ ထိုးစစ်ဆင်သည်။ ထို့နောက် ကချင်တောင်တန်းဒေသများကို သိမ်းယူလွှမ်းမိုးနိုင်သောအခါ (The Kachin Hill Tirbes Regulation) ကို ၁၈၉၅ ခုနှစ်တွင် ပြဋ္ဌာန်းသည်။ ထိုဥပဒေသည် ကချင်တောင်တန်းဒေသ၌ နေထိုင်ကြသော ကချင်လူမျိုးများနှင့်သာ သက်ဆိုင်ပြီး ကချင်လူမျိုးမဟုတ်သူများနှင့် မသက်ဆိုင်ပေ။ ၎င်းဥပဒေနှင့် အကျုံးဝင်သော ဒေသများမှာ (၁) ဗန်းမော်စီရင်စုအတွင်းရှိ ကချင်လူမျိုးများနေထိုင်ရာ တောင်တန်းဒေသများ (၂) မြစ်ကြီးနားစီရင်စုအတွင်းရှိ ဆဒုန်၊ ဆမားနှင့် မြစ်ကြီးနားကချင်တောင်တန်းဒေသများ (၃) မိုးကောင်းကချင်တောင်တန်းဒေသများ (၄) ကာမိုင်းနှင့် ထော်ဂေါ ကချင်တောင်တန်းဒေသများ (၅) ကသာစီရင်စုအတွင်းရှိ ကချင်တောင်တန်းဒေသများ (၆) ပူတာအိုစီရင်စု (၇) မိုးမိတ်ဆပ်ဒီဗီဇံနယ်အတွင်းရှိ ကချင်လူမျိုးများနေထိုင်ရာဒေသများ ဖြစ်သည်။ ဤဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ရေးလမ်းစဉ် စတင်ကျင့်သုံးလိုက်ပုံကို အထင်အရှားတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

များတွင် သမိုင်းဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် **ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန်**ကို တတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဂျပန်ဖောင်ဒေးရှင်းက ၁၉၉၉-၂၀၀၀ ပြည့်နှစ်အတွက်ပေးသည့် သုတေသနပညာရှင်ဆုရသဖြင့် "A Comparative Study of Japanese Studies in Myanmar and Myanmar Studies in Japan" စာတမ်းကို ရေးသားတင်သွင်းခဲ့သည်။ သုတေသနစာတမ်းဖတ်ပွဲနှင့် မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများ စုဆောင်းရေးအတွက် အင်္ဂလန်၊ ဂျပန်နှင့် ဟောင်ကောင်နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ရှေးဟောင်းသုတေသနဌာန၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ လက်ရှိမြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်နှင့် ဂုဏ်ထူးဆောင် သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာခင်မောင်ညွန့် ဥက္ကဋ္ဌအဖြစ်ပါဝင်သော 'သမိုင်းဖြစ်ရပ်မှန်ပြုစုရေးအဖွဲ့'က ပုံနှိပ်ထုတ်ဝေသည့် အောက်ပါစာအုပ်ကိုးအုပ်တွင်လည်း ပါဝင်ရေးသားခဲ့သည်။

၁။ **တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ**၊ နှစ်တွဲ၊ ၁၉၉၀ ပြည့်နှစ်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်

၂။ **၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး**၊ လေးတွဲ၊ ၁၉၉၁ ခုနှစ်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်

၃။ **မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ (၁၉၆၂-၁၉၇၄)** (သုံးတွဲ)၊ ၁၉၉၃ ခုနှစ်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ရန်ကုန်

၄။ **ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာ** စာအုပ်ကို ၁၉၉၈ ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၁၀ တွင် ဒုတိယအကြိမ် ရေးသားပုံနှိပ်ထုတ်ဝေခဲ့သည်။

BURMESE CLASSIC

## ပါမောက္ခဒေါက်တာခင်မောင်ညွန့် (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်) မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်၏အမှာစာ

ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးမြဟန်(မဟာဝိဇ္ဇာ)က သုံးကြိမ် (၁၉၈၁၊ ၁၉၈၂၊ ၁၉၉၉)ထုတ်ဝေပြီးသော သူပြုစုသော **ကိုလိုနီခေတ်မြန်မာ့သမိုင်းအဘိဓာန်**စာအုပ်ကို စတုတ္ထအကြိမ် ထုတ်ဝေမည်ဖြစ်၍ အမှာစာရေးပေးပါရန် မေတ္တာရပ်ခံလာပါသည်။

တတိယအကြိမ် ပုံနှိပ်ထုတ်ဝေသော ယင်းအဘိဓာန်တွင် ရေးခဲ့သော အမှာစာကို ပြန်ဖတ်ကြည့်ပြီးနောက်၊ ယခု စတုတ္ထအကြိမ်ထုတ်မည့်အဘိဓာန်တွင် အသစ်ဖြည့်စွက်ထားသော အကြောင်းအရာပေါင်း ၂၀၀ ကျော်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းတို့မှာ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများအကြောင်းများ ဖြစ်သည်။ ယခင် သုံးကြိမ်ထုတ်ခဲ့သော စာအုပ်များတွင် မထည့်သွင်းနိုင်ခဲ့သေးသော အကြောင်းအရာများဖြစ်သောကြောင့် စတုတ္ထအကြိမ်ထုတ် ဤစာအုပ်သည် ယခင်သုံးကြိမ်ကထုတ်သော စာအုပ်ကို ပြန်ရိုက်နှိပ်ခြင်း မဟုတ်ဘဲ အကြောင်းအရာ၊ အချက်အလက်အသစ်များ ထပ်ဖြည့်ထားသော၊ တိုးချဲ့၊ ထပ်ဖြည့်၊ ပြင်ဆင်ထားသော အဘိဓာန်ဖြစ်သောကြောင့် နှစ်ထောင်းအားရစွာ ကြိုဆိုလိုက်ပါသည်။ အငြိမ်းစားယူသွားသော်လည်း သမိုင်းသုတေသနကို ကျောခိုင်းမသွားသေးဘဲ တတ်နိုင်သောစွမ်းအားနှင့် ဆက်လက်ဆောင်ရွက်နေသော ဦးမြဟန်ကိုလည်း ချီးကျူးအားပေးပါသည်။

ဤစတုတ္ထအကြိမ်ထုတ် သူ့စာအုပ်ပါ သူ၏နိဒါန်းတွင် တတိယအကြိမ်ထုတ်ပြီးနောက် သူ့ထံရောက်လာသော သူ့စာအုပ် အသုံးပြုသူတစ်ဦး၏စာကို အကြောင်းပြု၍ သူ၏ရှင်းလင်းချက်ပါရှိရာ ဖတ်ရှုပြီး အားရကျေနပ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ဤအမှာစာရေးပေးသူကိုယ်တိုင်က၊ ဘွဲ့ယူကျမ်းပြု ကျောင်းသားကျောင်းသူများအား သုတေသနပြုစုနည်းများကို ပို့ချပေးလျက်ရှိရာ ယင်းနည်းများအတိုင်း ဦးမြဟန်က ရှင်းလင်းတင်ပြထားခြင်းကြောင့် ဖြစ်ပါသည်။

စတုတ္ထအကြိမ်ထုတ် ဦးမြဟန်၏ **ကိုလိုနီခေတ်မြန်မာသမိုင်းအတိုချုပ်** စာအုပ်ကို မှီငြမ်း၊ အသုံးပြုကြရင်း၊ သူ၏နိဒါန်းပါ၊ ရှင်းလင်းချက်များကို သတိပြု ဖတ်ရှုမိကြပါက သမိုင်းသုတေသနပြုစုသော လုပ်ငန်း၏ သဘောသဘာဝကို သဘောပေါက်မိကြပြီး လိုအပ်ချက်များ၊ တိမ်းချော်ချက်များ၊ ကျန်ရှိချက်များ တွေ့ရှိကြပါက ဝိုင်းဝန်းပူးပေါင်း ကူညီချင်သောစိတ်များ ဖြစ်ပေါ်လာပါက ကောင်းမြတ်သောစေတနာဖြစ်သောကြောင့် စာရေးသူ ဦးမြဟန်ရော ဤအမှာ စာရေးသူကပါ ကျေးဇူးတင်ကြမည်ဖြစ်ပါကြောင်း။

ခင်မောင်ဝင့်
၂၈·၅·၂၀၀၈
ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင့်
ဒုတိယကြီးကြပ်ရေးမှူး [illegible] (ငြိမ်း)
မြန်မာ သမိုင်း [illegible]

မြန်မာနိုင်ငံ ရုပ်ရှင်ဆိုင်ရာ [illegible]
ပညာရေးဝန်ကြီးဌာန
ရန်ကုန်တက္ကသိုလ်
သမိုင်းဌာန

THAN TUN & KHIN YI
155 A, YOGI KYAUNG ROAD
HLAING XI, YANGON 11052
MYANMA. Telephone: 36137

ဖုန်းနံပါတ်—၃၂၉၉၆
စာအမှတ်..................

ရက်စွဲ 6 DECEMBER 1997

အမှာ

မောင်မြဟန် ရဲ့ ကိုလိုနီခေတ် မြန်မာ့ သမိုင်း အကျဉ်းချုပ် ကို ၁၉၈၁ က ပထမ ပုံနှိပ်တယ်၊ ၁၉၈၅ မှာ ဒုတိယ ပုံနှိပ်တယ်၊ အခု ၁၉၉၈ မှာ တတိယ ပုံနှိပ်မယ် ဆိုတော့ ဒီစာအုပ်ဟာ အသုံး ဝင်လို့ပေါ့၊ စာအုပ် ပေါ်စက တစ်နှစ်တွင်း ထပ် ပြီး ပုံနှိပ်တယ်။ အခု ၁၆ နှစ်ကြာမှ တတိယ ထပ် [illegible] အချိန် ယူပြီး ပြင်ဆင် ဖြည့်စွက် [illegible] မြင်ရတာ ဝမ်းသာပါတယ်။ [illegible] ကိုလိုနီခေတ် [illegible] အကျဉ်း

၁၈၈၅ - ၁၉၄၈ ([illegible]) [illegible] အကျဉ်း ([illegible] ၁၉၆၄ [illegible]) [illegible] မြန်မာ [illegible] ပထမ ပုံနှိပ်တဲ့ စာအုပ် [illegible] "[illegible]" [illegible] သိရတယ်။ [illegible] ပြင်ဆင်နေတဲ့

www.burmeseclassic.com



ကျောင်းသား နဲ့ သုတေသီ တို့ လက်ဆွဲ သင်ကြား လေ့ရှိတဲ့
အရာတွေပါ စွယ်စုံကျမ်း ကြောင့် ထုတ်ဝေ သုံးတွဲ လုံး
ပြီးပါတယ်၊ အင်္ဂလိပ် အဘိဓာန် အကြောင်းအရာ အပြင်
အများ နဲ့ ပုဂ္ဂိုလ်ရေးရာတွေကို အကျဉ်းချုပ် ထားပါ ဖြစ်
လို့ သုံးတွဲရှိ ရှယ်ပါတယ်၊ မြို့ပြ ပြည်ရွာ အမျိုးမျိုး
ဖြစ်ကောင်းလဲ ကောင်းတယ်။ ကျွန်တော့ သဘော တင်ပြချင်တာကတော့
သမိုင်း ပညာရှင်တွေ စွယ်စုံကျမ်းတွေ သမိုင်း ကျမ်းတွေ ကို
ကြိုးစား အားထုတ် ရေးကြပါတယ်၊ ဒါပေမဲ့ ကျမ်းတွေ
များတဲ့၊ ကျမ်းရေး ဖို့ ဆိုတော့ ... ဖြစ်နေ
ရေးတယ်၊ ရေးပုံက လဲ ပြောင်းလဲ ရှင်းလင်း ဖြစ်ပါ
တယ်၊ စွယ်စုံကျမ်း တစ်ကြိမ် ပြီး တစ်ကြိမ် ပြန်ပုံနှိပ်ခြင်း
သာ မက ပြန်ပုံနှိပ်ခြင်း (REPRINT) မဟုတ်ဘဲ ပြင်ဆင် ပြီး
ထုတ်ဝေခြင်း ပြောင်းခြင်း (EDITION) ဖြစ်ပါတယ်၊ ဒီလိုဆိုရင်
အသစ် ထပ်ဖြည့်စွက် စွယ်စုံကျမ်းတွေ အခု တစ်ခါ
အကြိမ် တစ်ကြိမ်ပြီး ပုံနှိပ်ထားတဲ့ စွယ်စုံကျမ်း ပြီး
အသုံး တဲ့ မှ ထင်ပါတယ်၊ ... အကြိမ်ကြိမ် ပြင်
ဆင် ပြင်ဆင် ပုံနှိပ်ရတဲ့ စွယ်စုံကျမ်း ဖြစ်ပါတယ်၊ ...
ကြောင်း ... ဖြစ်လာတဲ့ အခါ ... ရေးထားတဲ့
အချက် (ဖြည့်စွက်ချက်) တွေ ... ပါ လို့ ...
ရှိ သူ တွေ မှာ ... တယ်။
၁။ ... စွယ်စုံ ... (CROSS REFERENCE)



များများ ... ပါ။ ဥပမာ
ဝ၊ ၁၀၇ (၁၈၅၆–၁၉၁၀) – ... များ
... (၁၉၃၀-ခုနှစ်) ကြည့်
... – ... ကြည့်
... – ... ကြည့်
... – ... ကြည့်
... – ... ကြည့်
... – ... ကြည့်
၂။ ... မြန်မာ ... ပုဂ္ဂိုလ် ... ကျမ်း
... သူ့ ... ကြောင်း ...
... မှာ ... ပါ၊ ...
... ၏ ... စွယ်စုံ ... (...)၊ ... ၁၁၊
၁၉၆၂ မှာ ... ပါတယ်၊
၃။ ဦး လို ကောင်း အရှေ့ အထူး (HONORIFIC)
... ပါ ...!
၄။ အခု ... ဆိုင်ရာ သမိုင်း ...
ရေးတဲ့ သဘော ... ။ ... နဲ့
... (CULTURE) ... ဖြစ်နေတယ်
၅။ ... နဲ့ ...
၆။ ... နဲ့ ...
၇။ ... 
၈။ ... သမိုင်း ... ပုံနှိပ်
၉။ ... (NATIONAL BIOGRAPHY)
... ပုံနှိပ်

... ၁၉၉၇

THAN TUN
M.A.,B.L., Ph.D., D Litt. (London)
Retired Professor of History, Mandalay University

www.burmeseclassic.com

# နိဒါန်း

ဤအဘိဓာန်ကို (၁၉၈၁)ခုနှစ်က ပထမအကြိမ်၊ (၁၉၈၂)ခုနှစ်က ဒုတိယအကြိမ်နှင့် (၁၉၉၉)ခုနှစ်က တတိယအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ တတိယအကြိမ်ပုံနှိပ်ထုတ်ဝေပြီးနောက် 'စာဖတ်သူတစ်ဦး' ဆိုသူထံမှ ၂၀၀၀ ပြည့်၊ ဧပြီလ ၁၈ ရက်နေ့စွဲဖြင့် ရေးလိုက်သည့် စာတစ်စောင်ရပါသည်။ 'စာဖတ်သူတစ်ဦး'၏စာတွင် အဓိကအချက် နှစ်ချက်ပါပါသည်။ ပထမအချက်မှာ အမျိုးသားနေ့သတ်မှတ်သည့်ကိစ္စဖြစ်ပြီး ဒုတိယအချက်မှာ ပြည်သူ့အရေးတော်ပုံပါတီတွင် သခင်အောင်ဆန်း ပါ၊ မပါဆိုသည့်အချက် ဖြစ်ပါသည်။

စာရေးသူ၏အဘိဓာန်တွင် ၁၉၂၂ ခုနှစ်၊ ဖွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပသည့် ဂျီစီဘီအေ အထူးအစည်းအဝေးက ကျောင်းသားများ သပိတ်မှောက်သည့်နေ့ကို အမျိုးသားနေ့ဟု သတ်မှတ်သည်ဟု ဖော်ပြထားသည်မှာ မှားနေပြီး အမှန်က ၁၉၂၁ ခုနှစ်၊ အောက်တိုဘာလတွင် မန္တလေး၌ကျင်းပသော ဂျီစီဘီအေအစည်းအဝေးက ဆုံးဖြတ်ခြင်းဖြစ်သည်ဟု 'စာဖတ်သူတစ်ဦး'က ဆိုပါသည်။ ဤအချက်နှင့်ပတ်သက်၍ စာဖတ်သူတစ်ဦးအား ပြန်ကြားလိုသည်မှာ အမျိုးသားနေ့သတ်မှတ်သည့်ကိစ္စ အမှားအမှန်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက အမျိုးသားနေ့ ရွှေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် **အမျိုးသားနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှု သမိုင်းအကျဉ်းချုပ်**စာအုပ် (စာ ၁၈ နှင့် ၄၁၆-၄၁၉)၊ ဆရာတိုက်စိုးရေးသည့် **ဂျူဗလီဟောမြင်ကွင်း** (စာ ၆၂-၆၃)နှင့် **တို့ဗမာအစည်းအရုံးသမိုင်း**၊ ပထမတွဲ၊ (စာ ၈၈)တို့ကို ဖတ်ကြည့်စေလိုပါသည်။ ထိုအခါ အမှန်ကိုသိပါမည်။

ဒုတိယအချက်ဖြစ်သော ပြည်သူ့အရေးတော်ပုံပါတီတွင် သခင်အောင်ဆန်း ပါ၊ မပါဆိုသည့်အချက်နှင့် ပတ်သက်၍လည်း တို့ဗမာအစည်းအရုံးသမိုင်း



ဒုတိယတွဲ စာမျက်နှာ ၅၄၀-၅၄၁ နှင့် ၅၇၈ တို့ကို ဖတ်ကြည့်စေလိုပါသည်။ ထိုစာအုပ် စာမျက်နှာ (၅၇၈)တွင် 'ပြည်သူ့အရေးတော်ပုံပါတီသည် ဥက္ကဋ္ဌ သခင်မြခေါင်းဆောင်၍ အဝေးရောက်သခင်အောင်ဆန်းနှင့် အဆက်အသွယ်ယူကာ ဗြိတိသျှတော်လှန်ရေးကို ခေါင်းဆောင်လာခဲ့သောအဖွဲ့'ဟု ဆိုထားပါသည်။ ပြည်သူ့အရေးတော်ပုံပါတီကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သော ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေက ၁၂.၃.၁၉၇၁ ခုနေ့ထုတ် **ရွှေတူဂျာနယ်**၌ ရေးသော 'တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ' ဆောင်းပါးတွင် သခင်အောင်ဆန်းသည် ပြည်သူ့အရေးတော်ပုံပါတီ၏ ပြည်ပခေါင်းဆောင်ဖြစ်သည်ဟုလည်း ရေးထားပါသည်။ သခင်ချစ်မောင်(ဝိဓူရ)ရေးသော **အာဇာနည်ခေါင်းဆောင်ကြီးသခင်မြ** စာအုပ်၊ စစ်ကိုင်းဟန်တင်ရေးသော **လုံးဝလွတ်လပ်ရေးသို့** စာအုပ်နှင့် အာဇာနည်နေ့ရောက်တိုင်း ပြန်ကြားရေးဌာနကထုတ်သည့် **အာဇာနည်ကြီးများအထူးမှတ်တမ်းစာစောင်**များတွင်လည်း ပြည်သူ့အရေးတော်ပုံပါတီ၏ ပြည်ပခေါင်းဆောင်သည် သခင်အောင်ဆန်းဖြစ်သည်ဟု ဆိုကြပါသည်။

သမိုင်းသုတေသနသဘောအရ ပြောရလျှင် သခင်ချစ်မောင်(ဝိဓူရ)၊ စစ်ကိုင်းဟန်တင်နှင့် ပြန်ကြားရေးဌာနမှထုတ်သည့် စာအုပ်များသည် တစ်ဆင့်ခံအထောက်အထားများဖြစ်၍ မှားနိုင်သည်ဟု ဆိုနိုင်သော်လည်း ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ၏ ရေးသားချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်သာ ဖြစ်ပါသည်။ သမိုင်းဖြစ်စဉ်အရ ကြည့်မည်ဆိုလျှင်လည်း ပြည်သူ့အရေးတော်ပုံပါတီကို လျှို့ဝှက်၍ဖွဲ့စည်းခဲ့သည်မှာ နိုင်ငံခြားအကူအညီရှာရန်ဆိုသည့် ရည်ရွယ်ချက်ပါရှိပြီး သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ စစ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ ရောက်ရှိသွားသည်မှာလည်း ပြည်သူ့အရေးတော်ပုံပါတီ၏ အစီအစဉ်ဖြစ်သည်ဟုဆိုသောကြောင့် ပြည်သူ့အရေးတော်ပုံပါတီတွင် သခင်အောင်ဆန်း ပါဝင်ခဲ့သည်ဟု ဆိုရပါမည်။

ကိုလိုနီခေတ် မြန်မာ့သမိုင်းဆိုင်ရာ စာအုပ်စာတမ်းနှင့် ဆောင်းပါးများ အများအပြားရှိသည့်အနက် စာရေးသူ လက်လှမ်းမီသမျှနှင့် အချိန်ရသလောက် အတွင်း လေ့လာထားသည့် မူရင်းအထောက်အထားနှင့် တစ်ဆင့်ခံအထောက်အထားများကိုသုံး၍ ဤအဘိဓာန်ကို ပြုစုထားခြင်းဖြစ်ပါသည်။ သမိုင်းဆိုင်ရာ စာအုပ်စာတမ်းအားလုံးကို ဖတ်ရှုပြီးပြီဟု မဆိုနိုင်ပါ။ သမိုင်းအထောက်အထားများတွင်လည်း မူရင်းအထောက်အထားနှင့် တစ်ဆင့်ခံအထောက်အထားဟူ၍

www.burmeseclassic.com

www.burmeseclassic.com



နှစ်မျိုးရှိသည့်အနက် ခေတ်ပြိုင်အထောက်အထားနှင့် မူရင်းအထောက်အထားသည် အားအကိုးရဆုံးဖြစ်ပြီး တစ်ဆင့်ခံအထောက်အထားသည် မူရင်းအထောက်အထားလောက် အားကိုး၍မရပါ။ တစ်ဆင့်ပြန်ရေးထားသည့် တစ်ဆင့်ခံအထောက်အထားများဖြစ်သော စာအုပ်စာတမ်းများကို လေ့လာကြည့်သော် အချို့သော သမိုင်းအချက်အလက်များတွင် အမှတ်အသားမတူသည့် ပြဿနာနှင့် ကြုံတွေ့ရပါသည်။ စာရေးသူတွေ့ရသည့် ပြဿနာများထဲမှ အချို့ကို ဖော်ပြရလျှင်...

၁။ ပထမတက္ကသိုလ်သပိတ်မှောက် ကျောင်းသားခေါင်းဆောင် (၁၁)ဦး၏အမည်တွင် ကွဲလွဲချက်အချို့ရှိသည်ကို တွေ့ရပါသည်။

၂။ ဆရာစံ၏ဇာတိသည် ကျိုက္ခမီမြို့နယ် ကမာမိုရွာဟု ရေးသူရှိသကဲ့သို့ ရွှေဘိုခရိုင် သရက်ကန်အရှေ့ရွာဇာတိဟု ရေးသည်ကိုလည်း တွေ့ရပါသည်။ ထို့ပြင် ဆရာစံသည် ရွှေဘိုခရိုင် မြင်းဝန်ရွာဇာတိဖြစ်သည်ဟူသည့်အရေးအသားကိုလည်း ဖတ်ရဖူးပါသည်။ ဆရာစံ၏ မိဘအမည်များကိုလည်း ဦးမြင်းဝန်-ဒေါ်ခင်၊ ဦးကျေး-ဒေါ်ဖက်၊ ဦးကျော်-ဒေါ်ဖက်နှင့် ဦးကျေး-ဒေါ်မှျင်ဟူ၍ လေးမျိုးဖြစ်နေသည်ကို တွေ့ရပါသည်။

အထက်ပါကဲ့သို့ ပြဿနာမျိုး ကြုံရသောအခါ အတတ်နိုင်ဆုံး မူရင်းအထောက်အထားနှင့်ညှိ၍ တင်ပြထားပါသည်။ ထို့ကြောင့် အမှတ်တစ်ပြဿနာအတွက် ရွှေတိဂုံဘုရား စနေထောင့်ရှိ သပိတ်မော်ကွန်းကျောက်စာတိုင်မှ အမည်များအတိုင်း ဖော်ပြထားပါသည်။

အမှတ်နှစ်ပြဿနာဖြစ်သော ဆရာစံ၏ မွေးဇာတိနှင့် မိဘအမည်များကို ဆရာစံရေးသော **လက္ခဏာဒုဗကျမ်း**နှင့် ဒီပဲယင်းမြို့နယ် လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီမှထုတ်သော **ထိပေအွံသျှင်မှ အာဇာနည်များ** စာအုပ်ပါအတိုင်း တင်ပြထားပါသည်။

ဤအဘိဓာန်ကို စတင်ရေးစဉ်က ကိုလိုနီခေတ်နှင့်ပတ်သက်၍ မကြာခဏ ရည်ညွှန်းပြောဆိုရေးသားနေကြသည့် အကြောင်းအရာများကိုသာ ရေးထားခဲ့ရာ တတိယကြိမ်နှိပ်အတွက် ဆရာကြီးဒေါက်တာသန်းထွန်းက အမှာစာရေးပေးရာတွင် နိုင်ငံရေးအကြောင်းအရာများသာမက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အကြောင်းအရာများကိုပါ ဖြည့်စွက်ရေးသားရန် အကြံ



ပေးသည့်အတိုင်း ဖြည့်စွက်ရေးထားပါသည်။ ဆရာကြီးဒေါက်တာသန်းထွန်း အမှတ်တရအဖြစ် တတိယအကြိမ် ပုံနှိပ်စဉ်က ဆရာကြီးရေးပေးခဲ့သည့် အမှာစာကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ဤအဘိဓာန်တွင် မူလက ၁၉၀၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ အကြောင်းအရာများသာ ပါဝင်ခဲ့သော်လည်း ယခုအကြိမ်တွင်မူ ၁၉၀၆ ခုနှစ်မတိုင်မီက အကြောင်းအရာများကိုလည်း ထည့်သွင်းထားပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဗြိတိသျှမြန်မာပြည်ခေါ် ကိုလိုနီခေတ်အောက်မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အကြောင်းအရာများကိုပါ ထည့်သွင်းရေးသားထားပါသည်။

ဤအဘိဓာန်ကို တတိယအကြိမ် ပုံနှိပ်စဉ်က မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီးဒေါက်တာခင်မောင်ညွန့်က အမှာစာရေးသားပေးရာတွင် အဘိဓာန်နှင့်စွယ်စုံကျမ်း စသော အမှီကျမ်းတို့ကို အသင်းအဖွဲ့၊ ကော်မတီများဖြင့်သာ ပြုစုနိုင်ကြသော်လည်း ပညာရပ်နှင့် ဘာသာရပ်ဆိုင်ရာ အဘိဓာန်များကိုမူ ကျွမ်းကျင်၍ စိတ်ဝင်စားသူတို့က ကြိုးစားအားထုတ်ရေးသားကြသဖြင့် ကျောင်းသူကျောင်းသားများ အပါအဝင် ဗဟုသုတလိုလားသူများနှင့် သုတေသီတို့အတွက် များစွာအထောက်အကူရကြောင်း ရေးသား၍ အားပေးခဲ့ပါသည်။ ယခု စတုတ္ထအကြိမ်နှိပ်အတွက်လည်း အမှာစာအသစ်ရေးပေးသော ဆရာကြီးဒေါက်တာခင်မောင်ညွန့်ကို အထူးကျေးဇူးတင်ကြောင်းလည်း ဖော်ပြအပ်ပါသည်။

ယခု စတုတ္ထအကြိမ်နှိပ်တွင် တို့ဗမာအစည်းအရုံးညီလာခံများ၊ နဂါးနီစာအုပ်အသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း၊ ဗီအာဝီ၊ ဗကပနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိတို့ကို ပြင်ဆင်ဖြည့်စွက် ရေးသားထားပါသည်။ ဆရာကြီး၏ မွေးနေ့နှင့်ပတ်သက်၍လည်း **မြန်မာစွယ်စုံကျမ်း** အတွဲ (၁၂)၌ ၁၈၇၅ ခုနှစ်၊ မတ်လ (၂၃)ရက်နေ့ဟုဆိုသော်လည်း ဆရာကြီးကွယ်လွန်သည့် သတင်းပါသော ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ထုတ် **လုပ်သားပြည်သူ့နေ့စဉ်**သတင်းစာတွင် ၁၈၇၅ ခုနှစ်၊ မတ်လ (၂၅)ရက်နေ့ဟု ဖော်ပြထားသဖြင့် ထိုရက်အတိုင်း ရေးထားပါသည်။

တတိယအကြိမ် ပုံနှိပ်စဉ်က အကြောင်းအရာပေါင်း (၁၄၈)ခုရှိသော်လည်း ယခုအကြိမ်နှိပ်တွင် အကြောင်းအရာအသစ် ၂၀၀ ကျော် ဖြည့်စွက်ရေးသားထားပါသည်။ အသစ်ဖြည့်စွက်ရေးသားထားသည့် အကြောင်းအရာအချို့မှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

www.burmeseclassic.com



ကချင်တောင်တန်းလူမျိုးစုများဆိုင်ရာ စည်းမျဉ်းဥပဒေ၊ ကာလကတ္တား သွားမြန်မာကိုယ်စားလှယ်အဖွဲ့၊ ကုလားပဲစိုက်ဧရိယာ၊ ကုလားအဝင်အထွက်စာရင်း၊ ကောဘိုတိုင်၊ ကိုလိုနီခေတ်စာပေဆုများ၊ ကိုလိုနီခေတ်ထုတ် စာအုပ်အမျိုးအစား ဦးရေစာရင်း၊ ကိုလိုနီခေတ် ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ်များ၊ ကိုလိုနီခေတ် ဖတ်စာအုပ်သမိုင်း၊ ကမ္ဘည်းကျောက်စာဌာန၊ ကင်ပေတိုင်၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ကြံစိုက်ဧရိယာ၊ ကြွန်ဘစ်၊ ခေတ်စမ်းစာပေခေတ်၊ ချင်းတောင်တန်း များ စည်းမျဉ်းဥပဒေ၊ ချောင်းခွမင်းသားများ၊ ချေးတပ်၊ ဂန္ထလောကမဂ္ဂဇင်း၊ ဂျပန်ခေတ်တေးသီချင်းများ၊ ဂျပန်ခေတ် မြန်မာအဘိဓာန်လုပ်ငန်း၊ ဂျပန်ခေတ် မြန်မာ့စွယ်စုံကျမ်းလုပ်ငန်း၊ ဂျုံစိုက်ဧရိယာ၊ ဂျပ်ဆင်ကောလိပ်၊ ငွန်ဆေးကန်ဘု၊ စာရေးဆရာအသင်း(အထက်မြန်မာနိုင်ငံ)၊ စီနီယာနှင့် ဂျူနီယာတန်းဘောလုံးပွဲများ၌ ဝိုလ်ခွဲခဲ့ကြသော ဘောလုံးအသင်းများ၊ စောလဖော၊ စစ်ပြီးခေတ်အစိုးရအဖွဲ့များ၊ ဆာမှာဒ်၊ ဆေးရွက်ကြီးစိုက်ဧရိယာ၊ ဇယားဝင်စီရင်စု၊ ဇာတိမာန်သီချင်း၊ ညွှန့်ပေါင်း အစိုးရအဖွဲ့များ၊ တရုတ်ပြည်သွား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ တောရိုင်းတိရစ္ဆာန်များ ကာကွယ်သည့်ဥပဒေ၊ တို့ဗမာဆင်းရဲသားအစည်းအရုံး၏ ကြွေးကြော်သံများ၊ ဝိုင်အမ်ဘီသခင်တင်၊ ရဲဘော်ကိုထွေး၊ ဒါဘာမင်းပွဲသဘင်၊ နဂါးနီသီချင်း၊ နိုင်ငံတော်အလံ၊ နယ်ချဲ့ဆန့်ကျင်ရေးသမား မင်းညီမင်းသားများ၊ နယ်ခြားကျော်လွန်စိုက်ပျိုးခြင်းနည်းဥပဒေ၊ နှစ်အလိုက် မီးရထားလမ်းဖောက် လုပ်ပြီး မိုင်စာရင်း၊ နှမ်းစိုက်ဧရိယာ၊ ပညာရေးဆင်ဒီကိတ်၊ ပညာရေးဌာနပေါ် လာခြင်း၊ ပီအက်စ်စီ၊ ပန်းချီဆရာအသင်း၊ ပညာတံခွန်အသင်း၊ ပြင်ဦးလွင် ရက္ခဗေဒဥယျာဉ်၊ ဖီမော်- ဂေါ်လန်-ကာန်ဖန်၊ ဖူးစားပြောင်းစိုက်ဧရိယာ၊ ဖို့စတက် မင်း၊ ဖိုဒ့ပ်ဖရင်၊ ဖို့မော်တင်၊ ဖို့ဂွိုက်၊ ဖို့ဟာ့ဓ်၊ ဖို့ဟယ်ရီဆင်၊ ဖက်ဆစ်တော်လှန် ရေးနှင့် လေထီးတပ်ဖွဲ့ဝင် များ၊ ဗမာပြည်ဆိုရှယ်လစ်ပါတီ၊ ဗမာ့ဝန်ထမ်း အမျိုးသမီးအဖွဲ့ချုပ်၊ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့၊ ဗိုလ်အောင်ဆန်းသီချင်း၊ ဗြိတိသျှ ဘားမား၊ ဘားနဒ်အခမဲ့စာကြည့်တိုက်၊ ဘားမားရှူဘီမိုင်းလီမိတက်၊ ဘီအေအေ အားကစားကွင်း၊ ဘောလုံးအထူးပြိုင်ပွဲများတွင် အနိုင်ရသည့်အသင်းများ၊ မဒရပ် ပါအပျိုတော်များ၊ မဖွံ့ဖြိုးသေးသောဒေသများ၊ ဘေပုမောင်၊ မိဖုရားခေါင်ကြီး နတ်ရွာစံကံကုန်တော်မူခြင်း၊ မီနာမီအဖွဲ့ကို ဖျက်သိမ်းခြင်း၊ မိုးကျရွှေကိုယ်၊ မြူနီစီပယ်အဖွဲ့များပေါ်လာခြင်း၊ မြန်မာနိုင်ငံတော်အလံသီချင်းနှင့် တံဆိပ်ဆပ် ကော်မတီ၊ မြန်မာ့လူဦးရေ၊ မြန်မာ့ဆန်စက်စာရင်း၊ မြန်မာ့စပါးစိုက်ဧရိယာ၊



မြန်မာ့ဆန်တင်ပို့မှု၊ မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်းများ၊ မြန်မာပြည်စာရေးဆရာများ အသင်း၊ မြန်မာစာရေးဆရာများနှင့် အိမ်ချုံဂျိုဝဲလ်၊ မြန်မာနှင့် ဘောလုံးအားကစား၊ မြန်မာနှင့် ဂေါက်သီးအားကစား၊ မြန်မာပြည်စာအုပ်အသင်း၊ မြန်မာပြည်ပညာ ပြန့်ပွားရေးအသင်း၊ မြန်မာပြည်ပန်းချီအသင်းကြီး၊ မြန်မာပြည်ရုပ်ရှင်အသင်းကြီး၊ မြန်မာနိုင်ငံသုတေသနအသင်း၊ မြန်မာပြည် နယ်ခြားဝန်ထမ်းအဖွဲ့၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ မြန်မာနှင့် ဂျာမနီကုန်စည်ပြပွဲ၊ မြန်မာနှင့် ဝင်ဘလီပြခန်း၊ မြန်မာမင်းလွှတ်တော်က ထုတ်ပြန်သည့် စစ်သည်တို့ကို စည်းရုံးဆင့်ဆိုသည့် အမိန့်တော်၊ မြန်မာမင်းလွှတ်တော်ကို ဖျက်သိမ်းပုံ၊ မြန်မာပြည်ရောက်တဂိုး၊ မြန်မာပြည်ရောက် မဟတ္တမဂန္ဒီ၊ မြန်မာပြည်ရောက်နေရူး၊ မြန်မာပြည်ဆိုင်ရာ မျက်နှာစုံညီအစည်းအဝေး၊ မန္တလေးကျောက်ကုန်သည်များ ဒိုင်းဆုရ ဘောလုံး အသင်းများ၊ ယူတီစီ၊ ယိုးဒယား-မြန်မာမီးရထားလမ်း၊ ရေနံကုမ္ပဏီများ၊ ရေနံထွက်ပမာဏ၊ ရန်ကုန်မြို့လူဦးရေ၊ ရန်ကုန်မြို့ရှိ မြန်မာနှင့် ကုလားဦးရေ၊ ရန်ကုန်စပါးဈေး၊ ရန်ကုန်အစိုးရကောလိပ်၊ ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်း၊ ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း၏ ဟောပြောပွဲများ၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် (ပထမအကြိမ်)၊ ရန်ကုန်တက္ကသိုလ်နှင့် မြန်မာစာသင်ကြားရေး၊ ရန်ကုန်တက္ကသိုလ် ဆေးရုံ၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ရွှေတိဂုံအနောက်မုခ်ဖွင့်ပွဲ၊ လူငယ်များကြီးပွား ရေးအသင်း၊ လော့ဒ်ဒပ်ဖရင်နှင့် အထက်မြန်မာနိုင်ငံ၏ ကံကြမ္မာ၊ လော့ဒ်ကာဇုန် နှင့် မန္တလေးနန်းတော်၊ လက်မှုအနုပညာပြပွဲများ၊ လွှတ်လပ်စမြန်မာအစိုးရအဖွဲ့၊ ဝါစိုက်ဧရိယာ၊ ဝါတာလော့ဒိုင်းဆုရ ဘောလုံးအသင်းများ၊ ဝီလျံယန်းဂါးဖလားပွဲ ဆုရဘောလုံးအသင်းများ၊ ဝေလမင်းသားလာရောက်စဉ်က၊ သရာဇပါတီ၊ သီပေါ မင်းတရား နတ်ရွာစံကံကုန်တော်မူခြင်း၊ သံဖြူဇရပ်ချေးတပ်စခန်း၊ ဟေးဟိုးအလုပ် သမားတပ်၊ အတွင်းဝန်များရုံးပေါ်လာ ခြင်း၊ အထက်မြန်မာနိုင်ငံ ပတ္တမြား စည်းမျဉ်းနှင့် ဥပဒေများ၊ အထက်မြန်မာပြည်နှင့် ရခိုင်တောင်တန်း နယ်စပ် ဖြတ်ကျော်ရေးနှင့် ဆူပူလှုပ်ရှားသော ခရိုင်များဆိုင်ရာ စည်းမျဉ်းဥပဒေ၊ အဖွဲ့ဝင် (၁၂)ယောက်ပါ အင်္ဂလန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့၊ အမျိုးသားကျောင်းများ စာရင်း၊ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့၊ အောင်သပြေသီချင်း၊ ဦးအောင်မြတ် (ဝန်းသိုစော်ဘွား)၊ ဦးအုန်းမောင်၊ အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ပုံ စသည်တို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအဘိဓာန်တွင် အကြောင်းအရာသစ်များ ဖြည့်စွက်ရေးသားနိုင်ရန်အတွက် နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ ဆီမီးယိုစာကြည့်တိုက်၊ စာပေဗိမာန်စာကြည့်တိုက်၊ ရှေးဟောင်းသုတေသနဌာနစာကြည့်တိုက်နှင့် လှိုင်မြို့နယ် အမှတ် (၁၀) ရပ်ကွက်ရှိ 'တိုးတက်ရေးစာဖတ်အသင်း' စသည့် စာကြည့်တိုက်များမှ စာအုပ်များကို ငှားရမ်းဖတ်ရှုလေ့လာခဲ့ရပါသည်။ ထို့ကြောင့် အထက်ပါစာကြည့်တိုက်များမှ တာဝန်ခံနှင့် အရာရှိဝန်ထမ်းများအားလုံးအား ကျေးဇူးတင်ကြောင်းလည်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

စာရေးသူတို့ မဟာဝိဇ္ဇာဘွဲ့အတွက် သုတေသနလုပ်နည်းသင်ရစဉ်က သုတေသနစာတမ်းရေးရာတွင် အထောက်အထားမရှိလျှင် မရေးနှင့် မပြောနှင့်၊ အထောက်အထားရှိမှ ရေးပါ ပြောပါ၊ ပုံနှိပ်ထားတိုင်းလည်း အမှန်ဟု မယူနှင့်၊ ကာယကံရှင်ပြောတိုင်းလည်း အရမ်းလက်မခံနှင့်၊ တတ်နိုင်သရွေ့ အထောက်အထားများကို တိုက်ဆိုင်စစ်ဆေး (counter check) ပြီးမှ ရေးပါပြောပါဟု ဆရာကြီးများက လမ်းညွှန်ကြပါသည်။ ထိုမှုအတိုင်း ကြိုးစား၍ သမိုင်းဖြစ်ရပ်များကို အမှန်အတိုင်း မှတ်တမ်းတင်ထားလိုသည့် ရည်ရွယ်ချက်ဖြင့် ဤအဘိဓာန်ကို ပြုစုရေးသားခြင်း ဖြစ်ပါသည်။

ပုဂံခေတ်သည် အထောက်အထားနည်း၍ ပုဂံခေတ်အကြောင်းပြောလျှင် ငြင်းခုံကြရသောကြောင့် တုတ်ထမ်းပြောရမည်ဟု ဆိုရိုးစကားရှိသကဲ့သို့ ကိုလိုနီခေတ်သည် အထောက်အထားများလွန်း၍၊ သိသူ၊ ပြောသူ၊ ရေးသူများသောကြောင့် အချက်အလက်ကွဲလွဲမှုများ၊ အမှတ်အသားမှားယွင်းမှု၊ စာအကူးမှားမှုနှင့် ပုံနှိပ်အမှားများလည်း ရှိပါသည်။ စာရေးသူ လက်လှမ်းမီသမျှ အထောက်အထားနှင့် အချိန်ရသမျှအတွင်း လေ့လာစိစစ်ရေးသားထားခြင်း ဖြစ်ပါသည်။ အထောက်အထားအားလုံးကိုလည်း ဖတ်ရှုလေ့လာပြီးပြီဟု မဆိုနိုင်ပါ။ သို့သော် ဤအဘိဓာန်ပါ အချက်အလက်များသည် အထောက်အထားမရှိဘဲ ရေးထားသည့် အချက်အလက်ဟူ၍ မရှိပါ။ အထောက်အထားအများစုမှာ တစ်ဆင့်ခံအထောက်အထားများဖြစ်သောကြောင့် မူရင်းအထောက်အထားတွေ့၍ ပြင်ဆင်ရန်လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်သွားရမည်သာ ဖြစ်ပါသည်။ စာဖတ်သူတစ်ဦးကဲ့သို့ စာရေးသူအား ကူညီသည့်အနေဖြင့် အကြံပေးကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။ ဤအဘိဓာန်အတွက် အကူအညီပေးသော အလုံမြို့နယ် နံ့သာလမ်းရှိ ဓိဇဝါစာအုပ်



တိုက်နှင့် သမိုင်းသုတေသနဌာနမှ ဒေါက်တာမျိုးဦးတို့အား ကျေးဇူးတင်ကြောင်းလည်း ဖော်ပြအပ်ပါသည်။

(မြဟန်)

၅၂၁(က)၊ ခပေါင်းလမ်း၊

(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

## ကချင်တောင်တန်းလူမျိုးစုများဆိုင်ရာ စည်းမျဉ်းဥပဒေ (၁၈၉၅)

ဗြိတိသျှတို့ မန္တလေးနေပြည်တော်ကို သိမ်းယူပြီးနောက် ကချင်တောင်တန်းဒေသများသို့ ဆက်လက်၍ ထိုးစစ်ဆင်သည်။ ထို့နောက် ကချင်တောင်တန်းဒေသများကို သိမ်းယူလွှမ်းမိုးနိုင်သောအခါ (The Kachin Hill Tirbes Regulation) ကို ၁၈၉၅ ခုနှစ်တွင် ပြဋ္ဌာန်းသည်။ ထိုဥပဒေသည် ကချင်တောင်တန်းဒေသ၌ နေထိုင်ကြသော ကချင်လူမျိုးများနှင့်သာ သက်ဆိုင်ပြီး ကချင်လူမျိုးမဟုတ်သူများနှင့် မသက်ဆိုင်ပေ။ ၎င်းဥပဒေနှင့် အကျုံးဝင်သော ဒေသများမှာ (၁) ဗန်းမော်စီရင်စုအတွင်းရှိ ကချင်လူမျိုးများနေထိုင်ရာ တောင်တန်းဒေသများ (၂) မြစ်ကြီးနားစီရင်စုအတွင်းရှိ ဆဒုန်၊ ဆမားနှင့် မြစ်ကြီးနားကချင်တောင်တန်းဒေသများ (၃) မိုးကောင်းကချင်တောင်တန်းဒေသများ (၄) ကာမိုင်းနှင့် ထော်ဂေါ ကချင်တောင်တန်းဒေသများ (၅) ကသာစီရင်စုအတွင်းရှိ ကချင်တောင်တန်းဒေသများ (၆) ပူတာအိုစီရင်စု (၇) မိုးမိတ်ဆပ်ဒီဗီဇံနယ်အတွင်းရှိ ကချင်လူမျိုးများနေထိုင်ရာဒေသများ ဖြစ်သည်။ ဤဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ရေးလမ်းစဉ် စတင်ကျင့်သုံးလိုက်ပုံကို အထင်အရှားတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကရက်ဒေါက်စီမံကိန်း (Craddock Scheme) (၁၉၁၈)

ဗြိတိသျှအစိုးရသည် ၁၉၁၉ ခုနှစ်တွင် အိန္ဒိယအစိုးရ အက်ဥပဒေဖြင့် အိန္ဒိယနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးပေးရန် စီစဉ်သောအခါ မြန်မာနိုင်ငံကို ချန်ထားခဲ့သည်။ ထိုသို့ ချန်ထားခဲ့သည်ကို မြန်မာတို့က မကျေနပ်၍ ဆူပူကြသောအခါ ထိုစဉ်က မြန်မာနိုင်ငံကို အုပ်ချုပ်နေသော အင်္ဂလိပ်ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက် (Sir Reginald Craddock) က မြန်မာနိုင်ငံနှင့် သင့်တော်မည့် အုပ်ချုပ်ရေးမျိုးဟုဆိုကာ အုပ်ချုပ်ရေးစီမံကိန်းတစ်ခု ရေးဆွဲကြေညာခဲ့သည်။ စီမံကိန်းရေးဆွဲသူကို အစွဲပြု၍ ကရက်ဒေါက်စီမံကိန်းဟု ခေါ်သည်။ တစ်ခါတစ်ရံ အင်္ဂလိပ်အသံထွက်အတိုင်း ကရက်ဒေါက်စကင်းဟုလည်း ခေါ်လေ့ရှိသည်။ ယင်းစီမံကိန်းကို ၁၉၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကြေညာခဲ့သည်။

ကရက်ဒေါက်စီမံကိန်းတွင် အုပ်ချုပ်ရေး၌ အုပ်ချုပ်မှုကောင်စီအစား ဘုတ်အဖွဲ့ လေးဖွဲ့ထားရန် တင်ပြထားသည်။ ယင်းတို့မှာ (၁) ဘဏ္ဍာရေးနှင့် အခွန်တော်ဘုတ်အဖွဲ့ (၂) တိုးတက်ကြီးပွားဖွံ့ဖြိုးရေး ဘုတ်အဖွဲ့ (၃) ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့နှင့် (၄) ပြည်ထဲရေးဘုတ်အဖွဲ့တို့ ဖြစ်သည်။ ထိုဘုတ်အဖွဲ့လေးဖွဲ့ကို အုပ်ချုပ်ရန် ဥက္ကဋ္ဌတစ်ဦးကို ဒုတိယဘုရင်ခံက အင်္ဂလိပ်လူမျိုးထဲမှ ခန့်ထားရန်လည်း ဖြစ်သည်။

ဒေသန္တရအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ကျေးရွာများစုပေါင်းကာ တိုက်နယ်အဖွဲ့၊ တိုက်နယ်များ စုပေါင်း၍ ခရိုင်အဖွဲ့ဟူ၍ ဘုတ်အဖွဲ့များ ဖွဲ့ရန်လည်း ပါဝင်သည်။ ထို့ပြင် မြို့နယ်နှင့် ခရိုင်များအတွက် မြူနီစီပယ်အဖွဲ့များ ထားရှိပြီး ဒေသဆိုင်ရာ ကိစ္စများ ဆောင်ရွက်နိုင်သည့် အာဏာပေးထားရန်လည်း တင်ပြထားသည်။ ဥပဒေပြုရေးအတွက် ဒုတိယဘုရင်ခံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် အဖွဲ့ဝင် ၉၃ ဦးပါသော ဥပဒေပြုအဖွဲ့ (ဝါ) အတိုင်ပင်ခံလွှတ်တော်ထားရန်လည်း အဆိုပြုထားသည်။ ထိုဥပဒေပြုအဖွဲ့ကို ကျေးရွာတိုက်နယ်နှင့် ခရိုင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်လည်း ပါသည်။ သို့သော် ဥပဒေပြုအဖွဲ့တွင် ပါဝင်ရမည့် ပြည်သူ့ကိုယ်စားလှယ်ဆိုသူတို့မှာ ပြည်သူတို့က တိုက်ရိုက်ရွေးကောက်တင်မြှောက်ရသူများမဟုတ်ဘဲ ကျေးရွာသူကြီးများနှင့် အရာရှိများသာဖြစ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ဥပဒေပြုအဖွဲ့မှာလည်း အစိုးရအရာရှိများနှင့် ဒုတိယဘုရင်ခံ စီမံသမျှ အတည်ပြုပေးရသော အဖွဲ့သာ ဖြစ်သည်။ ထို့ပြင် ဒုတိယဘုရင်ခံသည် နိုင်ငံခြား



ကရက်ဒေါက်စီမံကိန်း ရေးဆွဲထုတ်ပြန်ခဲ့သော
ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်

www.burmeseclassic.com

www.burmeseclassic.com



ရေးနှင့် နိုင်ငံရေးရာကိစ္စများ၊ တောင်တန်းဒေသများအုပ်ချုပ်ရေး၊ နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေး၊ ဘဏ္ဍာရေး၊ ရာထူးခန့်ထားရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် တက္ကသိုလ်အုပ်ချုပ်ရေးတို့ကို ချုပ်ကိုင်ထားမည့် စီမံကိန်းဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် ကရက်ဒေါက်စီမံကိန်းမှာ အမည်ခံအားဖြင့် တာဝန်ခံအုပ်ချုပ်ရေးဟုဆိုသော်လည်း လက်တွေ့တွင် မြူနီစီပယ်အဖွဲ့များကို ကိုယ်ပိုင်အုပ်ချုပ်ရေး၏ အမြင့်ဆုံးအဆင့်အတန်းသာ ထားပေးသော စီမံကိန်းဖြစ်သည်။

မြန်မာတို့၏ မကျေနပ်မှုကို ကရက်ဒေါက်စီမံကိန်းဖြင့် နှစ်သိမ့်ရန် ကြိုးစားသော်လည်း ကရက်ဒေါက်စီမံကိန်းမှာ အိန္ဒိယကို ပေးသော ဒိုင်အာခီအုပ်ချုပ်ရေးထက်ပင် ညံ့သောကြောင့် ပြည်သူလူထုက ပို၍ မကျေမနပ်ဖြစ်ကြသည်။ ကရက်ဒေါက်စီမံကိန်းမှာ ပြည်သူ့ဆန္ဒနှင့် ဆန့်ကျင်နေသောကြောင့် ပြည်သူလူထုက ဆက်၍ ကန့်ကွက်ကြသည်။ ရန်ကုန်မြို့ ဂျူဗလီဟောတွင် လူထုစည်းဝေးပွဲလုပ်ကာ ကရက်ဒေါက်စကင်း အုပ်ချုပ်ရေး ကန့်ကွက်ကြောင်း ဆုံးဖြတ်ပြီး အင်္ဂလန်နိုင်ငံသို့ သံကြိုးရိုက် အကြောင်းကြားခဲ့သည်။ သတင်းစာ၊ ဂျာနယ်များကလည်း ကန့်ကွက်ရေးသားကြသည်။ သို့သော် ဦးဘိုးသာ ကြီးမှူးသော တူသာသင်းကမူ ကရက်ဒေါက်စကင်းကို ထောက်ခံခဲ့သည်။ **ရန်ကုန်ဂေဇက်**နှင့် **ရန်ကုန်တိုင်း** ခေါ် အင်္ဂလိပ်ပိုင်သတင်းစာများကလည်း ကရက်ဒေါက်စကင်းကို လက်ခံသင့်ကြောင်း ရေးသားခဲ့ကြသည်။ ပြည်သူလူထုအများစုကမူ ဆူပူကန့်ကွက်ခဲ့ကြသည်။ ထို့ကြောင့် ကရက်ဒေါက်စကင်းကို ဆိုင်းငံ့ထားခဲ့ပြီး ၁၉၂၃ ခုတွင်မှ ဒိုင်အာခီအုပ်ချုပ်ရေး ပေးခဲ့သည်။

## ကမ္ပည်းကျောက်စာဌာန

အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူပြီးနောက် ဗြိတိသျှမြန်မာနိုင်ငံရှိ ရှေးဟောင်းကျောက်စာ၊ ကမ္ပည်းစာများကို ကူးယူစုဆောင်း၍ သုတေသနပြုလုပ်ရန်အတွက် ကမ္ပည်းကျောက်စာရုံး (Epigraphic Office) ကို အိန္ဒိယရှေးဟောင်းသုတေသနဌာန၏ လက်အောက်ခံအဖြစ် ၁၈၈၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်ကောလိပ် ပါဠိပါမောက္ခ ဂျာမန်ပညာရှင် အီးဖိုးရှားမား (E.Forchhammer) က သုတေသနအရာရှိအဖြစ် ကမ္ပည်းကျောက်စာဌာနကို ပူးတွဲအုပ်ချုပ်သည်။ ကမ္ပည်းကျောက်စာဌာနဆိုသည့်အတိုင်း ဖိုးရှားမားလက်ထက်



တွင် ရှေးဟောင်းကမ္ပည်းကျောက်စာများကို ကူးယူစုဆောင်းခြင်းနှင့် လေ့လာရေးသားခြင်းလုပ်ငန်းများကိုသာ လုပ်နိုင်ပြီး ရှေးဟောင်းအဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို မလုပ်နိုင်ခဲ့ပေ။ ဖိုးရှားမားသည် သူကိုယ်တိုင် သရေခေတ္တရာမြို့ဟောင်းသို့ ကွင်းဆင်းလေ့လာရုံမက မြန်မာကျောက်စာများကို မင်လိမ်မှိတ္တူ ပြုလုပ်စုဆောင်းခဲ့ပြီး ရှေးဟောင်းအဆောက်အအုံနှင့် နေရာများအကြောင်း မှတ်စုအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ရွှေတိဂုံဘုရားအကြောင်းမှတ်စု (A Note on the Shwe Dagon Pagoda)

၂။ သုဝဏ္ဏဘူမိမြို့ဟောင်းသို့ ပထမဆုံးဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ရောက်ခြင်းအကြောင်းမှတ်စု
A Note on the first Buddhist Mission to Suvanna

၃။ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဆိုင်ရာ ပစ္စည်းများစာရင်း
A list of objects of archaeological interest in Burma (Myanmar)

၄။ A report on the antiquities of Arakan (Rakhine) in 3 parts
(ရခိုင်ရှေးဟောင်းပစ္စည်းများအကြောင်း အစီရင်ခံစာ၊ ၃ ပိုင်း)

၅။ A revised list of objects of antiquarian interest in Arakan (Rakhine)
(ရခိုင်ရှေးဟောင်းပစ္စည်းများစာရင်း ပြင်ဆင်ချက်)

၆။ A chapter of the report on Pagan (Bagan), dealing with the Kyauku temple
(ပုဂံကျောက်လိုဏ်ဂူအကြောင်း အစီရင်ခံစာ)

ဖိုးရှားမား ၁၈၉၀ ပြည့်နှစ်တွင် ကွယ်လွန်သွားသောအခါ သူ့နေရာကို အစားထိုးခန့်ထားခြင်းမရှိဘဲ ၁၈၉၉ ခုနှစ်ရောက်မှ စာတော်ဖတ် မစ္စတာတော်စိန်ခိုကို ကျောက်စာဝန်ရာထူး ခန့်ထားခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ကာဇွန် Lord Curzon တိုင်းခန်းလှည့်လည်ရာ ပုဂံမှ မန္တလေးသို့ ရောက်လာသည်။ သူသည် ရှေးဟောင်းပစ္စည်းများနှင့် အနုပညာလက်ရာများကို မြတ်နိုးသူဖြစ်သည်က တစ်ကြောင်း၊ မန္တလေးရွှေနန်းတော်၏ ဗိသုကာအနုပညာလက်ရာများသည် အာရှနန်းတော်များစာရင်းဝင် စံပြလက်ရာများဖြစ်သည်က တစ်ကြောင်းတို့ကြောင့် မြန်မာအမျိုးသားအထိမ်းအမှတ်အဆောက်အအုံအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ကာ ရှေးမှုမပျက် ထိန်းသိမ်းစောင့်ရှောက်ထားရန် အမိန့်ချမှတ်ခဲ့သည်။ ရွှေနန်းတော်ကြီး ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းကို ကမ္ဘည်းကျောက်စာဌာနက တာဝန်ယူပြီး ပြည်သူ့လုပ်ငန်းဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း ညွှန်ကြားခဲ့သည်။

လော့ဒ်ကာဇွန် မြန်မာပြည်လာသွားပြီးနောက် ၁၉၀၂ ခုနှစ်တွင် ကမ္ဘည်းကျောက်စာဌာနကို အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနကြီး၏ ဌာနခွဲတစ်ခုအဖြစ် တိုးမြှင့်ကာ မန္တလေး၌ ရုံးဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၁၉၀၄ ခုနှစ်တွင် ပြဋ္ဌာန်းသော 'အိန္ဒိယနိုင်ငံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းပြုပြင်မှု အက်ဥပဒေ'သည် အိန္ဒိယ၏ ပြည်နယ်တစ်ခုဖြစ်သော မြန်မာနိုင်ငံနှင့်လည်း အကျုံးဝင်လာသည့်အလျောက် ကမ္ဘည်းကျောက်စာဌာနက ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းကိုပါ လုပ်ကိုင်လာနိုင်ခဲ့သည်။ ထို့ကြောင့်လည်း ၁၉၀၆-၀၇ ခုနှစ်အတွင်း ရွှေနန်းတော်အပါအဝင် အခြားအနီးအနားရှိ ရှေးဟောင်းအဆောက်အအုံများကို ရူပီးငွေ ၉၃၉၅၀ အထိ အကုန်အကျခံ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ၁၉၀၄ ခုနှစ်အတွင်းမှာပင် ပုဂံမြို့ အာနန္ဒာဘုရားကြီးအနီး၌ ရှေးဟောင်းသုတေသနပြတိုက်ဖွင့်လှစ်ပြီး ရှေးဟောင်းပစ္စည်းများနှင့် ကျောက်စာများကို စုဆောင်းခင်းကျင်းပြသခဲ့သည်။


မစ္စတာတော်စိန်ခိုသည် အင်္ဂလိပ်၊ မြန်မာ၊ ပါဠိနှင့် တရုတ်စာပေများကို ကျွမ်းကျင်စွာတတ်မြောက်သော စာတော်ဖတ်တစ်ဦးဖြစ်ရုံမက ရှေးဟောင်းကမ္ဘည်းကျောက်စာနှင့်သုတေသနကို အထူးဝါသနာပါသူဖြစ်သောကြောင့် သူ့လက်ထက်တွင် စာအုပ်စာတမ်းများကို ဆက်လက်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ဖိုးရှားမားလက်ထက် စုဆောင်းခဲ့သော မင်လိုမ့်ကူးကျောက်စာမိတ္တူများကို စာအုပ်ကြီးများအဖြစ် စုစည်း၍ အတွဲပေါင်း (၆)တွဲအထိ ပုံနှိပ်ထုတ်ဝေခဲ့သည်မှာလည်း အောက်ပါအတိုင်းဖြစ်သည်။

၁။ ပုဂံ၊ ပင်းယ၊ အင်းဝရှိ ကျောက်စာများ၊ ၁၈၉၂ ခု

၂။ ဘိုးတော်ဘုရားစုရုံးခဲ့သော ကျောက်စာများမှ ကူးသော မန္တလေးမဟာမြတ်မုနိဘုရားရှိ ကျောက်စာများ ပထမအုပ်၊ ၁၈၉၇ ခု

၃။ ၄င်းဒုတိယအုပ်

၄။ အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများ ပထမအုပ်၊ ၁၉၀၀



ကျောက်စာဝန်မစတာတော်စိန်ခို
(၁၈၆၄-၁၉၃၀)

www.burmeseclassic.com

www.burmeseclassic.com



၅။ ၄င်းဒုတိယအုပ်

၆။ ဘိုးတော်ဘုရားဆောင်ယူစုရုံးထားခဲ့သော အမရပူရမြို့၊ ပုထိုးတော်ကြီး ဘုရားရုံအတွင်းရှိ မူလထိုးကျောက်စာများ၊ ၁၉၁၃ ခုနှစ်

မစ္စတာတော်စိန်နိုကိုယ်တိုင် လေ့လာတွေ့ရှိချက်များကို သီးခြားစာအုပ်ငယ်များအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်မှာလည်း အောက်ပါအတိုင်းဖြစ်သည်။

၁။ Archacological Notes on Mandalay

၂။ Mandalay Palace

၃။ Archacological Notes on Pagan (Bagan)

၄။ Notes on an Archaeological tour through Ramannadea

၅။ A preliminary study of the Kalyani inscriptions

၆။ Some remarks on the Kalyani inscriptions

၇။ Some excavations at Pagan (Bagan)

၈။ Origin of the Burmese (Myanmar) alphabet

၉။ Some conservation in Burma (Myanmar)

၁၀။ Notes on conservation in Burma (Myanmar)

၁၁။ Shoe and Shikho question

မစ္စတာတော်စိန်နိုလက်ထက်တွင် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းမြို့ဟောင်းများကို ပဏာမစမ်းသပ်တူးဖော်ရေးများ ဆောင်ရွက်ပြီး တွေ့ရှိချက်များကို အစီရင်ခံစာ တင်သွင်းခဲ့သည်။ တော်စိန်နို အငြိမ်းစားမယူမီ ၁၉၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဦးစံရွှေဘူးကို ရခိုင်ဒေသဆိုင်ရာ ဂုဏ်ထူးဆောင်ကျောက်စာဝန် (Honorary Archaeologist) အဖြစ် ခန့်ထားပြီး ရခိုင်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သုတေသနလုပ်ငန်းများလုပ်ရန် တာဝန်ပေးခဲ့သည်။

မစ္စတာတော်စိန်နို ၁၉၁၉ ခုနှစ်တွင် အငြိမ်းစားယူသွားသောအခါ ရန်ကုန်ကောလိပ်ပါဠိပါမောက္ခအဖြစ် အမှုထမ်းခဲ့ဖူးသော ပြင်သစ်လူမျိုးပညာရှင် မစ္စတာချားလ်စ်ဒူရွိုင်ဇယ် (Mr. Charles Duroiselle) ကမ္ဘည်းကျောက်စာဝန်ဖြစ်လာသည်။ ရှေးဟောင်းဘာသာဗေဒပညာရှင်ဖြစ်သော ဒူရွိုင်ဇယ်သည် အခြားဘာသာဗေဒပညာရှင်ဖြစ်သည့် ဒေါက်တာစီအိုဘလက်ဒင် (C.O Bladen) နှင့် ပေါင်း၍ ရှေးဟောင်းပျူနှင့် မွန်ကျောက်စာတို့ကို ဖတ်ရှု၍ အဓိပ္ပာယ်ဖော်



ထုတ်ခဲ့သည်။ ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ လေးဘာသာနှင့် ရေးထိုးထားသော မြစေတီကျောက်စာ၊ ကျန်စစ်သားမင်းကြီးလက်ထက်က ရေးထိုးခဲ့သော ရှေးမွန်ကမ္ဘည်းကျောက်စာများ၊ အာနန္ဒာဘုရားကျောင်းရှိ စဥ့်သုတ်အုတ်ချပ်ရုပ်ပုံများတွင်ပါသော ရှေးမွန်ကမ္ဘည်းစာများနှင့် ဟံသာဝတီ ရာဇာဓိပတိ၊ ဓမ္မစေတီမင်းကြီးလက်ထက်ထိုး အလယ်ခေတ် မွန်ကမ္ဘည်းကျောက်စာတို့ကို မှတ်ချက်နှင့်တကွ အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားခဲ့သည်။ မစ္စတာတော်စိန်နိုလက်ထက်က လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပြီး မြန်မာပြည်ကမ္ဘည်းကျောက်စာများ (Epigraphia Burmanica) ခေါ် ကျောက်စာစာစဥ်များကို ဆက်လက်ပုံနှိပ်ထုတ်ဝေခဲ့သည့်အပြင် ဒူရွိုင်ဇယ်ကိုယ်တိုင် အောက်ပါသုတေသနစာအုပ်နှင့် စာတမ်းများကို ရေးသားပြုစုခဲ့သည်။

1. A list of Inscriptions found in Burma (Myanmar)
2. Excavations at Hmawza, Prome (Pyay)
3. Stone sculptures in the Ananda Temple at Pagan (Bagan)
4. Rock-cut Temples of Powun daung
5. Wathundaye, the Earth-Goddess of Burma (Myanmar)
6. Place-names in Burma (Myanmar)
7. The age of Shwe Dagon Pagoda at Rangon (Yangon)
8. Guide Book to the palace at Mandalay
9. The pageant of King Mindon, going from the palace to the Kyauk Tawgyi Pagoda at Mandalay
10. An account of conservation and exploration work in Burma (Myanmar)

ဒူရွိုင်ဇယ် ၁၉၃၁ ခုနှစ်တွင် အငြိမ်းစားယူသွားသောအခါ ဦးမြက ကျောက်စာဝန်ရာထူးကို ဆက်ခံသည်။ ဦးမြလက်ထက်တွင် မြန်မာနိုင်ငံကျောက်စာ စာအုပ်အတွဲ ၄ ကို ဆက်လက်ထုတ်ဝေခဲ့သည်။ အထက်မြန်မာနိုင်ငံရှိ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ စသော မြို့ဟောင်းများရှိ ရှေးဟောင်းစေတီပုထိုးများရှိ ပန်းချီပန်းပုအနုပညာလက်ရာများသာမက အောက်မြန်မာနိုင်ငံရှိ သရေခေတ္တရာ၊ ပဲခူး၊ သထုံနှင့် မြောက်ဦးမြို့ဟောင်းဒေသတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ဆင်းတုရုပ်တုများ၏ အနုပညာ

www.burmeseclassic.com



လက်ရာများကိုပါ ပြုပြင်ထိန်းသိမ်းခဲ့သည်။ ဦးမြကိုယ်တိုင်လည်း အောက်ပါ သုတေသနစာအုပ်စာတမ်းများနှင့် မှတ်စုများကို ရေးသားပြုစုခဲ့သည်။

၁။ မြန်မာအက္ခရာသမိုင်း
၂။ ဓမ္မပုတိရုပ်ပွားဆင်းတု ဖြစ်ပေါ်လာခြင်းအကြောင်း
၃။ ဗုဒ္ဓရုပ်ပွားဆင်းတုများကို ထုလုပ်ကိုးကွယ်ပူဇော်ရခြင်းအကြောင်း
၄။ **ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ** ပထမတွဲနှင့် ဒုတိယတွဲ
၅။ အပယ်ရတနာလိုဏ်ဂူဘုရား
၆။ A note on the Buddha's Foot-prints in Burma (Myanmar)
၇။ Some hitherto unknown Burmese Coins
၈။ A Note on the Nanpaya Temple and images of Brahma curved on the pillars inside it, Myingaba, Pagan (Bagan)

ဦးမြလက်ထက် ကမ္ဘာ့စီးပွားပျက်ကပ်နှင့် ကြုံသဖြင့် ဌာနအတွက် အစိုးရက ခွဲဝေချထားပေးသော ရန်ပုံငွေ မလုံလောက်သောကြောင့် ဌာနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

မြန်မာနိုင်ငံသည် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စ၍ အိန္ဒိယနိုင်ငံမှ ခွဲထွက်ကာ ၉၁ ဌာနအုပ်ချုပ်ရေးခေတ်ရောက်လာသည်။ ထို့ကြောင့် ကမ္ဘည်းကျောက်စာဌာနသည်လည်း အိန္ဒိယရှေးဟောင်းသုတေသနဌာနကြီး လက်အောက်ခံဘဝမှ လွတ်မြောက်လာပြီး သီးခြားဌာနတစ်ခု ဖြစ်လာသည်။ ဌာနလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်သောကြောင့် ရန်ကုန်တံတားကလေးဒေသ တူးဖော်မှု၊ သရေခေတ္တရာ၊ မှော်ဇာဒေသ သုတေသနတူးဖော်မှုများ ဆောင်ရွက်နိုင်ခဲ့ပြီး တူးဖော်ရရှိသော ရွှေပေချပ်များပါ ကမ္ဘည်းစာများကို အက္ခရာဖလှယ်ခြင်း၊ တွေ့ရှိပစ္စည်းများကို စနစ်တကျ မှတ်တမ်းတင်ခြင်း၊ ရှေးဟောင်း အဆောက်အအုံများကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ ပုံဆွဲခြင်းများပြုလုပ်ခဲ့ရာ ၁၉၄၁ ခုနှစ်အထိ မှတ်တမ်းတင်ဆွဲပုံပေါင်း ၈၆၂ ပုံနှင့် ဓာတ်ပုံပေါင်း ၄၅၄၀ ပုံ ရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ ကမ္ဘည်းကျောက်စာရုံးကို မန္တလေးမှ ပုဂံသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရပြီး ရှေးဟောင်းပိဋကတ်တိုက်အတွင်း ရှေးဟောင်း ပစ္စည်းများကို သိမ်းဆည်းစောင့်ရှောက်ထားခဲ့ကြသည်။ စစ်ပြီးသောအခါ ၁၉၄၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ပုဂံတွင်ပင် ကမ္ဘည်းစာရုံးကို ယာယီဖွင့်လှစ်ခဲ့



သည်။ ထို့နောက် ဖွန်လရောက်သောအခါ မန္တလေးမြို့ရှိ မူလရုံးအဆောက်အအုံသို့ ပြန်လည်ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ မှစ၍ ကမ္ဘည်းကျောက်စာဌာနကို ရှေးဟောင်း သုတေသနဌာနဟု အမည်ပြောင်း ပြီး အဆင့်မြှင့်ကာ ပြန်လည်ဖွဲ့စည်းလိုက်သည်။

## ကာလကတ္တားသွား မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၁၇)

အိန္ဒိယနိုင်ငံအား အုပ်ချုပ်ရေးသစ်ပေးရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန် မစ္စတာမွန်တဂူ (Edward Montagu) ၁၉၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လာသောအခါ မြန်မာနိုင်ငံမှလည်း ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်၍ ဟုမ်းရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုရန် သွားရောက်ခဲ့ကြသည်။ ထိုအဖွဲ့တွင် ဝိုင်အမ်ဘီအေမှ ဥက္ကဋ္ဌဦးဘေ၊ ဝတ်လုံဦးမေအောင်၊ ဝတ်လုံဦးပု၊ မန္တလေးမှ ဝတ်လုံဦးစု၊ ဦးဘဘော(သူရိယ)တို့အပြင် ကုန်သည်ကြီးများအသင်းနှင့် အထက်မြန်မာနိုင်ငံ သမဝါယမအသင်းမှ ဦးဘတူ၊ ပွဲစားကြီးဦးဘိုးသာ၊ ဦးသင်း၊ ဦးစံဝနှင့် မစ္စတာစီဂျီအက်စ်ပီလေး၊ ကရင်တိုင်းရင်းသားကိုယ်စားလှယ် ဒေါက်တာစံစီဖိုးနှင့် ဆစ်ဒနီလူနီတို့ ပါဝင်ကြသည်။ ထိုအဖွဲ့သည် ၂၈.၁၁.၁၉၁၇ နေ့တွင် ရန်ကုန်မှ ကာလကတ္တားသို့ သင်္ဘောဖြင့် ထွက်ခွာသွားကြသည်။

ကာလကတ္တား၌ အတွင်းဝန်မွန်တဂူနှင့် တွေ့ဆုံကြသောအခါ ဦးဘေ ခေါင်းဆောင်သော ဝိုင်အမ်ဘီအေမှ ကိုယ်စားလှယ်များက မြန်မာပြည်အား အိန္ဒိယမှခွဲထုတ်၍ သီးခြားပြည်နယ်အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် တောင်းဆိုကြသည်။ ကျန်ကိုယ်စားလှယ်များကမူ ဗြိတိသျှတို့အား ယုံကြည်ကိုးစားကြောင်းသာ ပြောဆိုကြသည်။ အတွင်းဝန်ကလည်း မြန်မာပြည်အရေးကို သက်ညှာစွာ စဉ်းစားဆောင်ရွက်ပေးပါမည်ဆိုသည့် အဖြေသာ ပေးသည်။ ထိုအဖြေနှင့်ပင် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်ခဲ့ရသည်။ မြန်မာနိုင်ငံအား အုပ်ချုပ်ရေးတိုးမြှင့်ပေးရန် အိန္ဒိယသို့ ပထမဆုံးသွားရောက် အရေးဆိုသည့် အဖွဲ့ဖြစ်ရုံမက ဝိုင်အမ်ဘီအေ၏ ပထမဆုံး သိသာထင်ရှားသည့် နိုင်ငံရေးဆောင်ရွက်ချက်တစ်ရပ်ဖြစ်၍ မှတ်တမ်း တင်ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကုလားပဲစိုက်ဧရိယာ

ကိုလိုနီခေတ်အတွင်းက ကုလားပဲစိုက်ဧရိယာမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၉၀၀ | | ၆၅,၂၆၀ | ၆၅,၂၆၀ |
| ၁၉၁၀ | ၁,၆၅၅ | ၆၁,၄၀၃ | ၆၃,၀၅၈ |
| ၁၉၂၀ | ၂၁,၄၁၆ | ၆၀,၃၂၀ | ၈၁,၇၃၂ |
| ၁၉၃၀ | ၂၅,၄၂၄ | ၁၃၃,၉၉၆ | ၁၅၉,၄၂၀ |
| ၁၉၄၀ | ၂၄,၆၆၃ | ၂၂၉,၇၉၉ | ၂၅၄,၄၆၂ |
| ၁၉၄၁ | ၂၇,၁၇၀ | ၂၄၈,၀၈၂ | ၂၇၅,၂၅၂ |

၁။ ဤစာရင်းကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထုတ် မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ (၁) နိုဝင်ဘာ ၁၉၇၀ မှ ကူးယူဖော်ပြပါသည်။



## ကုလားအဝင်အထွက်စာရင်း

အောက်မြန်မာနိုင်ငံကို ဗြိတိသျှ သိမ်းယူပြီးနောက် မြန်မာနိုင်ငံသို့ တရုတ်၊ ကုလားနှင့် ဥရောပတိုက်သား နိုင်ငံခြားသားများ ယခင်ကထက်ပို၍ အဝင်အထွက်များလာသည်။ အထူးသဖြင့် ကုလားလူမျိုးများက ပို၍အဝင်အထွက် များသည်ကို အောက်ပါစာရင်းအရ သိနိုင်ပါသည်။[၁]

| ခုနှစ် | အဝင် | အထွက် | ကျန်လူ |
|---|---|---|---|
| ၁၉၀၆ | ၃၆၀,၂၅၂ | ၃၁၉,၈၇၄ | ၄၀,၃၇၈ |
| ၁၉၀၈ | ၃၁၉,၂၇၁ | ၃၀၁,၀၅၉ | ၁၈,၂၁၂ |
| ၁၉၁၁ | ၃၆၈,၃၈၃ | ၃၁၁,၅၇၄ | ၅၆,၈၀၉ |
| ၁၉၁၄ | ၂၆၈,၄၁၆ | ၁၄၆,၂၈၅ | ၁၂၂,၁၃၁ |
| ၁၉၁၅ | ၃၃၈,၈၉၃ | ၂၄၉,၀၇၆ | ၈၉,၈၁၄ |
| ၁၉၁၉ | ၂၈၄,၇၇၉ | ၂၁၉,၀၈၆ | ၆၅,၆၉၃ |
| ၁၉၂၀ | ၃၄၁,၁၈၀ | ၂၄၇,၉၈၅ | ၉၃,၁၉၅ |
| ၁၉၂၃ | ၃၈၂,၇၂၄ | ၂၉၅,၃၂၀ | ၈၇,၄၀၄ |
| ၁၉၂၇ | ၄၂၈,၃၄၃ | ၃၆၁,၂၉၁ | ၆၇,၀၅၂ |
| ၁၉၂၈ | ၄၁၈,၆၉၈ | ၃၃၃,၀၆၆ | ၈၅,၆၉၂ |
| ၁၉၃၆ | ၂၄၅,၅၈၆ | ၂၂၁,၆၆၆ | ၂၃,၉၂၀ |
| ၁၉၃၇ | ၂၄၄,၆၄၃ | ၂၃၂,၃၉၃ | ၁၂,၂၅၀ |

## ကေအင်န်အေ(KNA) (၁၈၈၁)

ကေအင်န်အေဆိုသည်မှာ ကရင်အမျိုးသားအစည်းအရုံး (Kayin National Association) ၏ အတိုကောက်အခေါ်ဖြစ်သည်။ ကေအင်န်အေကို ကရင်အမျိုးသားတို့က 'ဒေါ်ကလူ'ဟု ခေါ်သည်။ ကေအင်န်အေကို ၁၈၈[illegible] စတင်ဖွဲ့ခဲ့သည်။ ပထမဆုံးဥက္ကဋ္ဌမှာ တိသံပြာဖြစ်သည်။

[illegible]။ ဤစာရင်းကို မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ (၁)မှ ကူးယူဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကေအင်န်ယူ (KNU) (၁၉၄၇)

ကေအင်န်ယူဆိုသည်မှာ ကရင်အမျိုးသားအဖွဲ့ချုပ် (Karen National Union) ၏ အတိုကောက်အခေါ်ဖြစ်သည်။ ကေအင်န်ယူကို ၁၉၄၇ ခု၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ ဖွဲ့သည်။ ယခင်က ရှိခဲ့သော ကရင်ဗဟိုအဖွဲ့ချုပ် (Kayin Central Organization) နှင့် ကရင်လူငယ်များအစည်းအရုံး (Kayin Youth Organization) တို့ကို ပေါင်း၍ ကေအင်န်ယူကိုဖွဲ့သည်။ စဖွဲ့စဉ်က ဥက္ကဋ္ဌက စောစံဖိုးသင်၊ ဒုတိယဥက္ကဋ္ဌ စောဘဦးကြီးနှင့် အထွေထွေအတွင်းရေးမှူး ဆရာသာထိုတို့ ဖြစ်သည်။ အဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ သီးခြားကရင်ပြည်နယ်ရရှိရေး ဖြစ်သည်။

## ကေအင်န်ဒီအို (KNDO) (၁၉၄၇)

ကေအင်န်ဒီအိုဆိုသည်မှာ ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (Kayin National Defence Organization) ၏ အတိုကောက်အခေါ် ဖြစ်သည်။ ၁၉၄၇ ခု၊ မေလတွင် စဖွဲ့စဉ်က Kayin National Union Defence Organization ဟုခေါ်ရာမှ ဩဂုတ်လတွင် Kayin National Defence Organization ဟု ပြောင်းလဲခေါ်ဝေါ်သည်။

## ကေဘိုတိုင်

ကေဘိုတိုင် (Keibotai) ဆိုသည်မှာ ဂျပန်ခေတ်အတွင်းက ပေါ်လာသည့် ဂျပန်စကားဖြစ်သည်။ မြို့ပြကာကွယ်ရေးအဖွဲ့ဟု အဓိပ္ပာယ်ရသည်။ ဂျပန်ခေတ်သည် စစ်ကာလဖြစ်သည်နှင့်အညီ တည်ငြိမ်အေးချမ်းမှု မရှိ။ လေကြောင်းမှ တိုက်ခိုက်မှုများလည်း ရှိနေသည်။ ထို့ကြောင့် ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်ရန် လိုအပ်လာသည်။ စစ်အတွင်း လိုအပ်ချက်အရ ဒေါက်တာဘမော်ကိုယ်တိုင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၂၀ ပါသော ကေဘိုတိုင်ဗဟိုအဖွဲ့ကို ဂျပန်တပ်မတော်၏ လက်အောက်ခံအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ ဗဟိုမှ အောက်ခြေအထိ အဆင့်ဆင့်ရှိသည်။ ရန်ကုန်နေပြည်တော် ကေဘိုတိုင်အဖွဲ့၏ ဗိုလ်ချုပ်မှာ ဦးဗဆွေ(ကျားကြီးဗဆွေ)ဖြစ်သည်။ ကေဘိုထိုင်



ကေဘိုတိုင်ဗိုလ်ချုပ်ဦးဗဆွေ
(၁၉၁၅-၁၉၈၇)

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့၏ လုပ်ငန်းများမှာ လေကြောင်းရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် လုပ်အားပေးခြင်း၊ စစ်ရှောင်ကြည့်ရေးနှင့် ဗုံးခိုကျင်းများတည်ဆောက်ခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဖြူးဝေငှပေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ခြင်း၊ မီးငြိမ်းသတ်ခြင်း၊ သူနာပြု လုပ်ငန်းများလုပ်ကိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ သက်သာချောင်ချိရေး၊ ကျန်းမာရေးလုပ်ငန်းများ အပါအဝင် ရန်သူ၏ သူလျှိုလုပ်ငန်းများကို ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းများ ဖြစ်သည်။

## ကိုလိုနီခေတ် စာပေဆုများ

ကိုလိုနီခေတ်အတွင်းက ပထမဆုံးပေါ်လာသည့် စာပေဆုမှာ ဂျာဒင်းစာပေဆု (The Jardine Prize Essay) ဖြစ်သည်။ အောက်မြန်မာပြည် တရားရေးဌာနမင်းကြီး (Judicial Commissioner) ဂျာဒင်းက ပေးသည့် ဆုဖြစ်၍ ဂျာဒင်းဆုဟု တွင်သည်။ ဂျာဒင်းစာပေဆုကို ရန်ကုန်ကောလိပ် ပါဠိပါမောက္ခ ဒေါက်တာ အီးဖိုးရှားမား (Dr. E. Forchhammer) က ၁၈၈၄ တွင် ရသည်။ စာပေဆုရအက်ဆေးမှာ မြန်မာပြည်အတွင်းသို့ ဟိန္ဒူမွေသတ်ရောက်လာသည့် အချိန်မှ စ၍ ပဲခူးကို ဗြိတိသျှတို့သိမ်းသည်အထိ မြန်မာမွေသတ်ဖြစ်ပေါ်လာပုံ ရေးထားသည့် အက်ဆေးဖြစ်သည်။ ဆုငွေ ကျပ် ၁၀၀၀/- ပေးသည်။ ထို အက်ဆေးကို ၁၈၈၅ ခုနှစ်က ပုံနှိပ်ထုတ်ဝေသည်။

မြန်မာနိုင်ငံ သုတေသနအသင်းက ၁၉၁၆ မှ စ၍ ကဗျာဆုစပေးသည်။ ထိုနှစ်အတွက်ဆုကို ပြည်မြို့ အစိုးရ အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်းဆရာ ဦးအောင်ဒွန်းက ‘ဘုန်းတော်လေးချိုးနှင့် ရွှေဘုန်းတော်တွဲ့ ပိဒ်စုံရတု’ ဖြင့် ရသည်။ ၁၉၁၇ ခုနှစ် ရောက်သောအခါ မြန်မာနိုင်ငံ သုတေသနအသင်းက စစ်ချီသီချင်းကို မြန်မာဘာသာဖြင့် ရေးစပ်ပြိုင်ပွဲဝင်ရန် ကြေညာခဲ့သည်။ ထိုနှစ် စစ်ချီတေးအတွက် ယှဉ်ပြိုင်သူ ၂၅ ဦးက သီချင်း ၃၇ ပုဒ် တင်သွင်းကြသည်။ သီချင်း ၁၃ ပုဒ်က မြန်မာစာသားဖြင့် အင်္ဂလိပ်သီချင်းသံဖြစ်၍ ကျန် ၂၄ ပုဒ်က မြန်မာစာသားဖြင့် မြန်မာသီချင်းသံဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သူများမှာ ရဟန်းတော်များ၊ မြန်မာဘုရင်လက်ထက်မှ ဝန်ကြီးမှူးမတ်များ၊ ကျောင်းသားများ၊ ပန်းပဲသမားများ၊ အမျိုးသမီးများနှင့် အင်္ဂလိပ်စစ်တပ်မှ ဆပ်ပါးမိုင်းနား တပ်သားများ ဖြစ်ကြသည်။ ထိုနှစ်အတွက် ပထမဆုကို တောင်ငူမြို့မှ ဆရာဘွားနှင့်



မစ္စတာအက်ဖ်မရီယာနို (Mr.F. Mariano) တို့က ‘အောင်စေကြောင်း တောင်းဆုပန်’ သီချင်းဖြင့် ရကြသည်။ ပထမဆုအတွက် ၂၅ ကျပ် ချီးမြှင့်သည်။ ဒုတိယဆု နှစ်ဆုကို ပုသိမ်မြို့မှ မောင်ဘကျော်က ဂွန်ဘရောင်းဘော်ဒီသီချင်းသံဖြင့် ရေးစပ်ထားသော ‘ငါတို့ မြန်မာစစ်သည်များ စစ်ချီတက်လာ’ သီချင်းဖြင့်လည်းကောင်း၊ မန္တလေး ဆပ်ပါးမိုင်းနားတပ်မှ ဟာဗီလဒါ (Havilda) မောင်ဘရှိန်းက ‘မတ်ချင်းသရူးကျော်ဂျီယာ’ သီချင်းသံဖြင့် ရေးစပ်ထားသော ‘ဝိတိုရိယဘုရင်မ၏ စစ်သည်တော်သားများ’ သီချင်းဖြင့်လည်းကောင်း ရသွားကြသည်။

၁၉၂၀ ပြည့်နှစ် ရောက်သောအခါ မြန်မာနိုင်ငံ သုတေသနအသင်းက မြန်မာ့သမိုင်းနှင့် စာပေဆိုင်ရာ စာတမ်းများအတွက် ဆုပေးရန် တိုးချဲ့စီမံလိုက်သည်။ ထိုနှစ်အတွက် ဆုရသူ နှစ်ဦးရှိသည်။ ၎င်းတို့မှာ ကျောက်ဆည်မြို့မှ ဒုတိယရှေ့နေ ဦးဘသိန်းနှင့် စစ်ကိုင်းမြို့နယ် ဆားတောင်ရွာမှ ကုန်သည်ကြီး ဦးရှမ်းတို့ ဖြစ်သည်။ ဦးဘသိန်းက ‘ကဗျာဆရာကောင်းများ၏ အတ္ထုပ္ပတ္တိအကျဉ်း’ စာတမ်းဖြင့်လည်းကောင်း၊ ဦးရှမ်းက ‘အနော်ရထာဘုရင် သထုံမြို့ကို သိမ်းပိုက်သည်အထိ အောက်မြန်မာနိုင်ငံ ရာဇဝင်’ စာတမ်းဖြင့်လည်းကောင်း ဆုရကြသည်။ ၁၉၂၂ ခုနှစ်အတွက် ဆုရသူများမှာ စစ်ကိုင်းခရိုင် ဆားတောင်ရွာမှ ဦးဝဇီရခေါ် ဆရာကြီး ဦးထင်၊ ဆင်ပေါင်ဝဲမြို့ ပင်စင်စားရှေးခေါင်း မောင်တောက်ထွန်း၊ ကျောက်ဆည်မြို့မှ ဒုတိယတန်း ရှေ့နေ ဦးဘသိန်း၊ ဆရာအိုးနှင့် စစ်ကိုင်းခရိုင် ဆားတောင်ရွာမှ ကုန်သည်ဦးရှမ်း တို့ဖြစ်သည်။

၁၉၂၂ ခုနှစ်တွင် ဗြိတိသျှဝေလမင်းသား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည်ကို အကြောင်းပြု၍ ဝေလမင်းသားဆု ပေါ်လာသည်။ ထိုဆုကို ၁၉၃၂ ခုနှစ်အထိ နှစ်စဉ် ချီးမြှင့်ခဲ့သည်။ ဝေလမင်းသားစာပေဆုရသူတို့မှာ မြန်မာနည်းပြဆရာ ဆရာပွား၊ ဝတ်လုံတော်ရ ဦးနီ၊ ဦးဖေ(မန္တလေး)၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဦးမြို့၊ သခင်ဘသောင်းနှင့် အရှင်အာဒိစ္စဝံသတို့ ဖြစ်သည်။ ၁၉၂၄ ခုနှစ်တွင် သစ္စဝါဒီသတင်းစာတိုက်မှ ဟင်နရီဝေါတန် (Henry Wotten) ရေးသည့် The Character of Happy Life ကဗျာဘာသာပြန်ဆုပေးရန် ကြေညာခဲ့သည်။ ထိုကဗျာဘာသာပြန်ဆုရသူမှာ မြန်မာစာပေပညာရှင်ကြီး ဆရာဇော်ဂျီဖြစ်သည်။

၁၉၂၆ ခုနှစ်မှ စ၍ ဒုတိယကမ္ဘာစစ်ဖြစ်သည်အထိ အခါအားလျော်စွာပေးသည့် ဆုမှာ ပညာရေးဌာနကပေးသည့် ကျောင်းသုံးစာအုပ်ဆုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသုံးစာအုပ်ကောင်းများ ရရှိရေးအတွက် ပေးသော ဆုဖြစ်သည်။ သစ္စဝါဒီသတင်းစာတိုက်ပိုင်ရှင် မင်းတိုင်ပင်အမတ် ဦးလွန်းက ပေးသော သစ္စဝါဒီဋီကာဆုနှင့် မဲဇာတောင်ခြေဆုများလည်း ရှိခဲ့ဖူးသည်။ ၁၉၂၇ ခုနှစ်က စ၍ **ဂန္ထလောက** မဂ္ဂဇင်းက လစဉ်ပေးသည့် ဘာသာပြန်စာပေဆုနှင့် ၁၉၃၉ ခုနှစ်က ပေးသည့် ဝိုင်အမ်ဘီအေဆုများလည်း ရှိခဲ့သည်။

ဂျပန်ခေတ်ရောက်သောအခါ စာရေးဆရာအသင်းဟူ၍ ပေါ်လာပြီး ထိုအသင်းကပေးသော ဝတ္ထုဆုကို မင်းဆွေ၏ **မား၀တ္ထုက** ရရှိပြီး ရာဇဝင်ဆုအတွက် မြဒေါင်းညို၏ **ရဲဘော်သုံးကျိပ်က** ရသည်။ စာစီစာကုံးဆုကိုမူ မော်လမြိုင်မှ ရွှေကျွန်းမောင်၊ ရန်ကုန်မှ မောင်သိန်း၊ ဦးမောင်မောင်ခင်၊ ညိုထွန်းနှင့် မောင်ကျော်ဇောတို့က ရသည်။ ဂျပန်ခေတ်အတွင်းက ပေးသော အခြားစာပေဆုများမှာ ပါဠိဘာရတီအစည်းအရုံးက ပေးသော ဆုနှင့် ဂရိတ်တားအေးရှဆုတို့ ဖြစ်သည်။

၁၉၄၃ ခုနှစ်အတွက် ပါဠိဘာရတီအစည်းအရုံးဆုကို 'ပါဠိပြဿနာ' စာတမ်းတင်သူ ဦးမြင့်ဆွေက ရသည်။ ၁၉၄၃ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် ဂရိတ်တားအေးရှသတင်းစာက ကြီးမှူးကျင်းပသည့် ဆောင်းပါး၊ ဝတ္ထုနှင့် ကဗျာပြိုင်ပွဲ၌ ရွှေပိန်သောင်းက **ဗိုလ်အေးရှ**ဝတ္ထုဖြင့် ပထမဆုရသည်။ ၁၉၄၄ ခုနှစ်အတွက် **ဂရိတ်တားအေးရှ**ဆုရသူများမှာ ပုသိမ်မှ ဦးချစ်ဖေ၊ ပြည်မှ မောင်ခင်မောင်၊ မြေပုံမှ မောင်ကျော်ဓံ၊ ကရင်အမျိုးသမီး ဆရာမ မကျော့နှင့် ဂျပန်တပ်သား ဆင်ရှိချီဂိုကူစူနိုကိတို့ ဖြစ်သည်။

ကိုလိုနီခေတ် စာပေဆုများကို လေ့လာကြည့်သောအခါ ဂျာဒင်းဆု၊ ဝေလမင်းသားဆု၊ မြန်မာနိုင်ငံသုတေသနအသင်းဆု၊ သစ္စဝါဒီဆု၊ သစ္စဝါဒီဋီကာဆု၊ မဲဇာတောင်ခြေဆု၊ ကျောင်းသုံးစာအုပ်ဆု၊ ဂန္ထလောကဘာသာပြန်ဆု၊ ဝိုင်အမ်ဘီအေဆု၊ စာရေးဆရာ အသင်းဆု၊ ပါဠိဘာရတီအစည်းအရုံးဆုနှင့် ဂရိတ်တားအေရှဆုဟူ၍ ဆုအမျိုးမျိုး တွေ့ရသည်။ ဝေလမင်းသားဆုရသည့် ဆရာပွား၏ '**ဝေလမင်းသား နားတော် သွင်းချေါင်း**'နှင့် ၁၉၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံ သုတေသနအသင်း ကဗျာဆုရ ဦးအောင်ဒွန်း၏ '**ဘုန်းတော်ဘွဲ့ လေးချိုးနှင့် ရွှေဘုန်းတော်ဘွဲ့ ဗိုဒ်စုံရတု**'တို့မှာ ဂျော့ဘုရင်မင်းမြတ်နှင့် မေရီမိဖုရားကြီးတို့၏ ဘုန်းတော်ကို ဖွဲ့ဆိုရသည့်အကြောင်းမှာ အင်္ဂလိပ်ခေတ်ဖြစ်၍ အင်္ဂလိပ်အစိုးရအကြိုက် ရေးရသည့်ခေတ်အလျောက် ဆောင်ရွက်ရသည့် လုပ်ငန်းဟု ဆိုရပေမည်။ ထို့အတူ စစ်ချီတေးများ ရေးသား ယှဉ်ပြိုင်စေသည်



မှာလည်း ပထမကမ္ဘာစစ်တွင် အင်္ဂလိပ်တို့ စစ်အောင်နိုင်ရေး အထောက်အကူ ရစေရန် ရည်ရွယ်၍ ယှဉ်ပြိုင်စေခြင်းဖြစ်သည်။

အခြားစာပေဆုများဖြစ်သည့် မြန်မာနိုင်ငံသုတေသနအသင်းက ပေးသည့် မြန်မာ့သမိုင်းနှင့် စာပေဆိုင်ရာဆု၊ သစ္စဝါဒီဆု၊ သစ္စဝါဒီဋီကာဆု၊ မဲဇာတောင်ခြေဆု၊ ကျောင်းသုံးစာအုပ်ဆု၊ စာရေးဆရာအသင်းဆု၊ ပါဠိဘာရတီအစည်းအရုံးဆုနှင့် ဂရိတ်တားအေးရှဆု စာမူများမှာ ရှေးခေတ်မြန်မာစာဆိုများ၏ အတ္ထုပ္ပတ္တိနှင့် ၎င်းတို့၏ စာပေလက်ရာများကို ဖော်ထုတ်ရေးသားသည့် သမိုင်းဆိုင်ရာ စာမူများဖြစ်သောကြောင့် အမျိုးသားယဉ်ကျေးမှုနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုသည့် စာပေဆုများဖြစ်သည်။

## ကိုလိုနီခေတ်ထုတ်စာအုပ်အမျိုးအစားစာရင်း

ကိုလိုနီခေတ်အတွင်းက နှစ်အလိုက် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်အမျိုးအစား အရေအတွက်စာရင်းကို **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်** ၂၀၀၁ ခုနှစ်မှ ကူးယူ ဖော်ပြလိုက်ပါသည်။

| ခုနှစ် | စာအုပ်အမျိုးပေါင်း | ခုနှစ် | စာအုပ်အမျိုးပေါင်း |
|---|---|---|---|
| ၁၈၆၈ | ၂၈ | ၁၈၇၉ | ၉၉ |
| ၁၈၆၉ | ၂၆ | ၁၈၈၀ | ၁၂၄ |
| ၁၈၇၀ | ၃၆ | ၁၈၈၁ | ၂၅၄ |
| ၁၈၇၁ | ၁၂ | ၁၈၈၂ | ၄၄၅ (?) |
| ၁၈၇၂ | ၃၉ | ၁၈၈၃ | ၂၃၆ |
| ၁၈၇၃ | ၆၀ | ၁၈၈၄ | ၁၆၂ |
| ၁၈၇၄ | ၃၁ | ၁၈၈၅ | ၆၇ |
| ၁၈၇၆ | ၅၈ | ၁၈၈၆ | ၁၄၁ |
| ၁၈၇၇ | ၅၈ | ၁၈၈၇ | ၁၅၉ |
| ၁၈၇၈ | ၇၇ | ၁၈၈၈ | ၈၁ |

www.burmeseclassic.com

www.burmeseclassic.com



| ခုနှစ် | စာအုပ်အမျိုးပေါင်း |
|---|---|
| ၁၈၈၉ | ၁၆၄ |
| ၁၈၉၀ | ၁၄၇ |
| ၁၈၉၁ | ၁၇၆ |
| ၁၈၉၂ | ၆၆ |
| ၁၈၉၃ | ၅၂ |
| ၁၈၉၄ | ၃၅ |
| ၁၈၉၅ | ၆၈ |
| ၁၈၉၆ | ၇၃ |
| ၁၈၉၇ | ၅၉ |
| ၁၈၉၈ | ၁၀၃ |
| ၁၈၉၉ | ၁၁၉ |
| ၁၉၀၀ | ၁၁၅ |
| ၁၉၀၁ | ၁၃၄ |
| ၁၉၀၂ | ၁၂၃ |
| ၁၉၀၃ | ၁၄၆ |
| ၁၉၀၄ | ၁၄၆ |
| ၁၉၀၅ | ၁၄၀ |
| ၁၉၀၆ | ၂၆၃ |
| ၁၉၀၇ | ၁၇၁ |
| ၁၉၀၈ | ၂၂၂ |
| ၁၉၀၉ | ၂၄၆ |
| ၁၉၁၀ | ၃၇၃ |
| ၁၉၁၁ | ၃၆၂ |
| ၁၉၁၂ | ၃၃၈ |
| ၁၉၁၃ | ၃၆၂ |
| ၁၉၁၄ | ၃၁၂ |
| ၁၉၁၅ | ၂၇၅ |
| ၁၉၁၆ | ၂၅၅ |
| ၁၉၁၇ | ၂၁၆ |

| ခုနှစ် | စာအုပ်အမျိုးပေါင်း |
|---|---|
| ၁၉၁၈ | ၁၆၈ |
| ၁၉၁၉ | ၁၈၇ |
| ၁၉၂၀ | ၃၂၆ |
| ၁၉၂၁ | ၂၃၂ |
| ၁၉၂၂ | ၁၇၈ |
| ၁၉၂၃ | ၁၈၀ |
| ၁၉၂၄ | ၁၅၆ |
| ၁၉၂၅ | ၁၇၇ |
| ၁၉၂၆ | ၁၆၇ |
| ၁၉၂၇ | ၁၂၂ |
| ၁၉၂၈ | ၂၂၉ |
| ၁၉၂၉ | ၁၁၀ |
| ၁၉၃၀ | ၁၉၂ |
| ၁၉၃၁ | ၁၇၂ |
| ၁၉၃၂ | ၁၉၉ |
| ၁၉၃၃ | ၁၆၄ |
| ၁၉၃၄ | ၁၅၅ |
| ၁၉၃၅ | ၃၁၇ |
| ၁၉၃၆ | ၂၂၈ |
| ၁၉၃၇ | ၁၅၈ |
| ၁၉၃၈ | ၂၇၄ |
| ၁၉၃၉ | ၅၆၂ |
| ၁၉၄၀ | ၆၃၁ |
| ၁၉၄၁ | ၁၄၀ |
| ၁၉၄၂ | ၆ |
| ၁၉၄၃ | ၁၃ |
| ၁၉၄၄ | ၁၀ |
| ၁၉၄၅ | ၃၂ |



# ကိုလိုနီခေတ် ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ်များ

ကိုလိုနီခေတ်ကပေးသည့် ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ်များမှာ ကေအက်စ်အမ် (KSM)၊ အေတီအမ် (ATM)၊ စီအိုင်အီး (CIE)၊ စီအက်စ်အိုင် (CSI)၊ တီဒီအမ် (TDM) ဘွဲ့နှင့် ဆာ (SIR) ဘွဲ့များဖြစ်သည်။ ကေအက်စ်အမ်၊ အေတီအမ်နှင့် ဆာဘွဲ့များကို ကြားဖူးသူများသော်လည်း အခြားဘွဲ့များအကြောင်း သိပ်မသိကြပေ။ စီအိုင်အီးဘွဲ့ဆိုသည်မှာ Companion of the Most Eminent Order of the Indian Empire ခေါ် အိန္ဒိယမဟာရဋ္ဌသဟာယဘွဲ့၊ စီအက်စ်အိုင်ဆိုသည်မှာ Companion of the Most Exalted Order of the Star of India ခေါ် အိန္ဒိယမဟာအတုလတာရာသဟာယဘွဲ့၊ ကေအက်စ်အမ်ဆိုသည်မှာ Kyet Thaye Zaung Shwe Salwe Ya Min ကျက်သရေဆောင် ရွှေစလွယ်ရမင်းဘွဲ့၊ အေတီအမ်ဆိုသည်မှာ Ahmutan Gaung Tazeik Ya Min အမှုထမ်းကောင်းတံဆိပ်ရမင်းဘွဲ့၊ တီဒီအမ်ဆိုသည်မှာ Thuye Gaung Ngwe Da Ya Min သူရဲကောင်းငွေဓားရမင်းဘွဲ့တို့ ဖြစ်သည်။ အခြားဘွဲ့တစ်မျိုးမှာ တီပီအက်စ်ခေါ် Tine Kyo Pyi Kyo Saung တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ ဖြစ်သည်။ ထိုဘွဲ့များအနက် ကေအက်စ်အမ်၊ အေတီအမ်နှင့် တီဒီအမ်ဘွဲ့ရသူများက အများစုဖြစ်သည်။ စီအိုင်အီးနှင့် စီအက်စ်အိုင်ဘွဲ့ရသူ အလွန်နည်းသဖြင့် ထိုဘွဲ့များကို သိပ်မသိကြပေ။

ကိုလိုနီခေတ်က ပထမဆုံး ဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်သည့် ဒါဘာမင်းပွဲသဘင်ကို ၁၈၈၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဝင်ဆာလမ်း(ရှင်စောပုလမ်း)ရှိ အစိုးရအိမ်တော်၌ ကျင်းပခဲ့သည်။ ထိုဒါဘာပွဲ၌ ဦးအုန်းနှင့် မောင်ရွှေကြည်တို့ စီအိုင်အီးဘွဲ့ ချီးမြှင့်ခြင်းခံရပြီး ကေအက်(စ်)အမ်ဘွဲ့ရသူ ငါးဦး၊ အေတီအမ်ဘွဲ့ရသူတစ်ဦး ရှိသည်။ အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူပြီးနောက် ၁၈၈၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် မန္တလေးနန်းတွင်း၌ ဒါဘာမင်းပွဲသဘင် ကျင်းပသည်။ ထိုပွဲ၌ မဟာဝန်ရှင်တော်မင်းကြီး ဆာချားလ်(စ်)ခရော့စဝိတ်က ကင်းဝန်မင်းကြီးဦးကောင်းအား စီအက်(စ်)အိုင်ဘွဲ့၊ မြို့တော်ဝန်ဦးပေစီအား စီအိုင်အီးဘွဲ့နှင့် တရုတ်ကုန်သည်ကြီး ဦးလောရန်အား ကေအက်စ်အမ်ဘွဲ့များ ချီးမြှင့်သည်။ ထိုဘွဲ့ထူးဂုဏ်ထူးဆောင်တံဆိပ်များကို ဗြိတိသျှအစိုးရ၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ကြသည့် ဝန်ထမ်းများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးအတွက် စွမ်းစွမ်းတမံ ကူညီ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်သူများကို ပေးခြင်းဖြစ်သည်။ စီအိုင်အီးနှင့် စီအက်(စ်)အိုင်ဘွဲ့များမှာ အင်္ဂလိပ်ဘုရင်မကြီးက ပေးသော ဘွဲ့ဖြစ်ပြီး ကျန်ဘွဲ့များမှာ အိန္ဒိယဘုရင်ခံချုပ်က ပေးသောဘွဲ့များဖြစ်သည်။

ကိုလိုနီခေတ်အတွင်းက ဂုဏ်ထူးဆောင်ဘွဲ့ရကြသူများအနက်မှ အချို့ကို ဖော်ပြရလျှင် ဒေါက်တာစံစီဖိုး၊ ဦးပေါ်ထွန်း၊ ဦးဘဦး၊ အမ်အေမောင်ကြီး၊ ဂျေအေမောင်ကြီး၊ သူဌေးကြီးဦးသွင်၊ ဦးမောင်ခင်၊ ပွဲစားကြီးဦးဘိုးသာတို့ ဆာဘွဲ့ရကြပြီး ဇာတ်မင်းသားကြီးဦးဖိုးစိန်က တီဒီအက်စ်ဘွဲ့ရသည်။

## ကိုလိုနီခေတ်ဖတ်စာအုပ်သမိုင်း

မြန်မာတို့၏ ရိုးရာပညာရေးစနစ်ဖြစ်သော ဘုန်းကြီးကျောင်း ပညာရေးစနစ်သည် အတန်းကျောင်းစနစ်မဟုတ်သဖြင့် အတန်းအလိုက် သင်ရသော ဖတ်စာဟူ၍ မရှိပေ။ ဘုန်းကြီးကျောင်းပညာရေးစနစ်တွင် သင်ပုန်းကြီးပြီးလျှင် ပရိတ်ကြီးသင်၊ ထို့နောက် ပရိတ်ကြီးထက်မြင့်သည့် ဗုဒ္ဓစာပေများသင်ရသည့် စနစ်မျိုးဖြစ်သည်။ ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံသိမ်းယူပြီးနောက် ရောက်ရှိလာသော ခရစ်ယာန်သာသနာပြုများနှင့်အတူ ပါလာသည့် အနောက်တိုင်းပညာရေးစနစ်နှင့်အညီ အတန်းလိုက်သင်ရသော ဖတ်စာအုပ်စနစ် ထွန်းကားလာသည်။ ကိုလိုနီခေတ်အတွင်းက ပေါ်ပေါက်လာသည့် အတန်းကျောင်းများဖြစ်သော အင်္ဂလိပ်ဘာသာကျောင်း၊ တိုင်းရင်းသားဘာသာကျောင်းနှင့် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာသင်ကျောင်းများတွင် ဖတ်စာအုပ်သုံး၍ စာရေးစာဖတ်နှင့် အတွက်ပညာများသင်ပေးသည့်စနစ်သည် ဗြိတိသျှတို့လက်ထက်တွင် ပေါ်လာသည့် စနစ်ဖြစ်သည်။

ဖတ်စာအုပ်စနစ်တွင် သင်ကြားရသည့် ဘာသာရပ်များမှာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ပြည်သူ့နီတိ၊ သမိုင်း၊ သင်္ချာ၊ ပထဝီနှင့် အထွေထွေသိပ္ပံ ဟူ၍ များပြားလာသည်။ ကိုလိုနီခေတ် မြန်မာဖတ်စာအုပ်များကို လေ့လာကြည့်သောအခါ ကျောင်းသား၏ အသက်အရွယ်ကို လိုက်၍ စကားလုံးလွယ်ကာ ဝါကျဖွဲ့ပုံ ရိုးရှင်းကြောင်း တွေ့ရသည်။ အကြောင်းအရာများမှာလည်း အသက်အရွယ်အလိုက် သိသင့်သည့် ဗဟုသုတပါနိုင်သမျှ ပါအောင် စီစဉ်ထားသည်။



ကလေးများ လိမ္မာရေးခြားရှိစေမည့် ရှေးလူကြီးသူမတို့၏ အဆုံးအမကို ပုံပြင်နှင့်တစ်မျိုး၊ လင်္ကာနှင့်တစ်ဖုံ၊ စကားပြေနှင့်တစ်သွယ် ထည့်သွင်းထားသည်များလည်း ရှိသည်။ အသက်အရွယ်အလိုက် စိတ်ဝင်စားနိုင်သော ဇာတ်နိပါတ်များ၊ သမိုင်းဝတ္ထု၊ သံပေါက်နှင့် စကားထာများလည်း ပါသည်။ ခေတ်အခြေအနေကို ဖော်ပြသည့် မြို့ကြီးပြကြီးများအကြောင်းနှင့် တောရွာများအကြောင်းသာမက ကောက်ပဲသီးနှံနှင့် စိုက်ပျိုးရေးအကြောင်းများလည်း ပါသည်။ အနာဂတ်တိုးတက်ကြီးပွားရေးအတွက် အားကျစေလိုသည့် သဘောနှင့် ပြည်ပနိုင်ငံများ တိုးတက်ပုံနှင့် ကမ္ဘာနှင့်မြန်မာမှ ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများလည်း ပါဝင်သည်။ လောကဓာတ်ပညာအကြောင်း သိစေလိုသည့် ဆန္ဒဖြင့် ဝတ္ထုပစ္စည်းများ ထုတ်လုပ်သုံးစွဲပုံကို အထွေထွေသိပ္ပံဘာသာရပ်များအဖြစ် သင်ကြားရသည်။ စကားလုံးအသုံးအနှုန်းတွင်လည်း ခေတ်ပြိုင်စာနယ်ဇင်းအသုံးအနှုန်းဖြင့် ရေးသားလာကြသည်ကိုလည်း တွေ့ရသည်။

ယခုအထိ တွေ့ရသမျှ မြန်မာဖတ်စာအုပ်အချို့ကို ဖော်ပြရလျှင် ဘားနပ်သခင်ပြုစုသော **မြန်မာဖတ်စာ** အားမေမိးယန်းလူမျိုး၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ပိုင်ရှင် ရစ်ပလီနှင့် အင်္ဂလိပ်စာပြဆရာဆာဗီတို့ ရေးသည့် **မြန်မာဖတ်စာ**၊ ၁၈၉၇ ခုနှစ်တွင် ဗြိတိသျှဘားမားပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေသည့် **မြန်မာသင်ပုန်းကြီးဖတ်စာ**၊ ဦးရွှေကြူးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဆရာကြီးဦးလင်းတို့ ပြုစုသော **ခေါင်းတံဆိပ်မြန်မာဖတ်စာနှင့် ခြင်္သေ့တံဆိပ်မြန်မာဖတ်စာ**၊ ဦးဖေမောင်တင်ရေးသော **ခြင်္သေ့တံဆိပ် မြန်မာဖတ်စာ**၊ အငြိမ်းစားပညာဝန် ဦးစံရွှေနှင့် ဆရာကြီးဦးလင်းတို့ ပြုစုသော လင်းယုန်တံဆိပ် **ခေတ်သစ်မြန်မာဖတ်စာ**၊ ဦးဖေမောင်တင်နှင့် ဦးချိုတို့ ပြုစုသော **မြန်မာကြည့်စာ**၊ ဦးဝန်ပြုစုသော **အဝိုမြန်မာဖတ်စာ**တို့ဖြစ်သည်။ မြန်မာဖတ်စာအုပ်များအနက် ရစ်ပလီနှင့် ဆာဗီတို့ရေးသည့် **မြန်မာဖတ်စာ** စာအုပ်သည် ၁၈၉၁ ခုနှစ်တွင် ဟံသာဝတီပုံနှိပ်တိုက်က ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ၁၉၀၁ ခုနှစ်တွင် ၁၁ ကြိမ်မြောက် ပုံနှိပ်ရသည့် စာအုပ်ဖြစ်၍ နှစ်စဉ်လို ပြန်လည်ပုံနှိပ်ခဲ့ရသည့် ဖတ်စာအုပ်ဟု ဆိုရပါမည်။ ဤစာအုပ်၏ ထူးခြားချက်မှာ ဇာတ်နိပါတ်တော်များ၊ မင်္ဂလသုတ်နှင့် ပုဗ္ဗောဝါဒ စသည်တို့မှ ကောက်နုတ်ချက်များကို စကားလုံးအလွယ်သုံး၍ မြန်မာစကားသက်သက်ဖြင့် ကျောင်းသားအရွယ်လူငယ်များ နားလည်စေရန် မြန်မာမှုကို အခြေခံ၍ ဝေဝေဆာဆာရေးသားထားခြင်းဖြစ်သည်။ ဦးစံရွှေနှင့် ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းတို့ပြုစုသော **လင်းယုန်တံဆိပ် ခေတ်သစ်မြန်မာဖတ်စာ**၏ ထူးခြားချက်မှာ ကလေးများ ပျော်ရွှင်စွာကစားရင်း ပညာရစေလိုသည့် သဘောဖြင့် ကလေးကစားနည်းများ၊ စကားထာနှင့် ပျော်ရွှင်ဖွယ်ရာများကို ဓာတ်ပုံများနှင့် သရုပ်ဖော် ထည့်သွင်းထားခြင်းဖြစ်သည်။

တွေ့ရှိသမျှ ကိုလိုနီခေတ်သမိုင်းစာအုပ်အချို့မှာ စီဒဗလျူကောက်ရေးသည့် **မြန်မာရာဇဝင်အကျဉ်း**၊ ဇိန်ခဂရေး ရေးသည့် **အလောင်းဘုရားမင်းဆက်မြန်မာရာဇဝင်**၊ ဘီအာယန်းရေးသည့် **ဒုတိယရာဇဝင်ဖတ်စာနှင့် တတိယရာဇဝင်ဖတ်စာ**၊ ဟန္တသခင်ရေးသော **အိန္ဒိယသားတို့၏ ရာဇဝင်ချုပ်နှင့်** ဝီလျံအယ်လဗရက်တိုရေးသော **မြန်မာအင်ပါယာရာဇဝင်တော်**တို့ ဖြစ်သည်။ သမိုင်းဖတ်စာအုပ်များကို လေ့လာကြည့်သောအခါ ရှေးမြန်မာမင်းများ၏ အုပ်ချုပ်မှုညံ့ဖျင်းကြောင်းနှင့် အင်္ဂလိပ်-မြန်မာစစ် သုံးစစ်သည် အင်္ဂလိပ်တို့၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ဖြစ်ရသည်ကို ဖုံးကွယ်၍ မြန်မာမင်းတို့၏ ရန်စစော်ကားမှုကြောင့် ဖြစ်ရသည်ဟု မမှန်မကန်ရေးသားထားသည်များ တွေ့ရသည်။ ထိုသို့ရှေးမြန်မာမင်းများအကြောင်း မကောင်းရေးထားသော်လည်း 'ဗြိတိသျှ မြန်မာပြည်တိုးတက်စည်ပင်ဝပြောခြင်း' ဆိုသည့် သင်ခန်းစာမျိုးဖြင့် အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးစနစ်ကောင်းမွန်ပုံ၊ တရားမျှတမှုရှိပုံနှင့် ဗြိတိသျှအင်ပါယာကြီးမားပုံတို့ကို မသိမသာနှင့်လည်းကောင်း၊ သိသိသာသာနှင့်လည်းကောင်း အင်္ဂလိပ်အစိုးရက မိမိသွင်းပေးလိုသည့် စိတ်ဓာတ်ကို ဖတ်စာအုပ်များ၌ ထည့်သွင်းထားကြောင်း တွေ့ရသည်။

အစောပိုင်းဖတ်စာအုပ်များ၌ ရှေးမြန်မာမင်းများ၏ အုပ်ချုပ်ပုံညံ့ဖျင်းကြောင်းနှင့် အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးကောင်းမွန်ကြောင်း မသိမသာရေးသားလာရာမှ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးကောင်းမွန်သဖြင့် ဗြိတိသျှအင်ပါယာအတွင်း ပါဝင်နေထိုင်ရသည်ကို ကျေနပ်လက်ခံလိုသည့် စိတ်ဓာတ် ကျောင်းသားအရွယ်လူငယ်များအတွင်း ပွားများလာစေရန် စာသင်ကျောင်းများ၌ မည်သို့ဆောင်ရွက်သင့်ကြောင်း အကြံပေးနိုင်ရန် စစ်ကိုင်းတိုင်းမင်းကြီး ဘီအက်စ်ကာရီဥက္ကဋ္ဌအဖြစ် ပါဝင်သော 'အင်ပါယာစွဲကော်မတီ' (The Imperial Idea Committee) ကို ၁၉၁၆ ခုနှစ်တွင် ဖွဲ့ပေးခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် ကျောင်းသားလူငယ်များအတွင်း မိမိတို့ သွင်းပေးလိုသည့် စိတ်ဓာတ်မျိုး သွင်းပေးနိုင်ရန် ဖတ်စာအုပ်ကို လက်နက်အဖြစ် အသုံးပြုခဲ့ကြောင်း တွေ့ရသည်။



# ကိုလိုနီပညာရေး

ကိုလိုနီခေတ်တစ်လျှောက် မြန်မာနိုင်ငံ၌ ဗြိတိသျှတို့ ကျင့်သုံးသွားသော ပညာရေးစနစ်ကို ဆိုလိုသည်။ ကိုလိုနီပညာရေးဆိုသည်မှာ ဗြိတိသျှအစိုးရအရင်းရှင်တို့ကိုသာ အကျိုးပြုသော ကိုလိုနီအုပ်ချုပ်ရေးကို ခိုင်မာစေသည့် ပညာရေးစနစ်ဖြစ်သည်။ ကိုလိုနီအုပ်ချုပ်ရေး၏ အဓိကလက္ခဏာတစ်ရပ်ဖြစ်သည့် ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားအတွက် လိုအပ်သော တိုင်းရင်းသားခေတ်ပညာတတ်များကို ကိုလိုနီအုပ်ချုပ်ရေးယန္တရား ကောင်းမွန်ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် လိုအပ်သော မြို့အုပ်၊ ဝန်ထောက်နှင့် စာရေးစာချီများအဖြစ် ပြန်လည်အသုံးချသည်။

ကိုလိုနီအုပ်ချုပ်ရေးတွင် အသုံးပြုမည့် တိုင်းရင်းသားခေတ်ပညာတတ်များကိုပင် အကန့်အသတ်ဖြင့် ထုတ်လုပ်သည့် ပညာရေးစနစ်ဖြစ်သည်။ အထက်တန်းပညာကို ငွေကြေးချမ်းသာသူ လူနည်းစုသာ သင်ခွင့်ရအောင် ဖန်တီးထားသည့် ပညာရေးစနစ်လည်း ဖြစ်သည်။ လူထုနှင့် ကင်းကွာသော တိုင်းရင်းသားခေတ်ပညာတတ် လူတန်းစားတစ်ရပ် မွေးထုတ်ပေးသည့် ပညာရေးစနစ်ဖြစ်သည်။ နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းအတွက် လိုအပ်သော အသိပညာရှင်နှင့် အတတ်ပညာရှင်များ မွေးထုတ်ပေးရေးထက် ကိုလိုနီစနစ် တည်တံ့ခိုင်မြဲရေး၊ သက်ဆိုးရှည်ရေးကိုသာ ရည်ရွယ်သည့် ပညာရေးစနစ်ဖြစ်သည်။

ကိုလိုနီပညာရေးဆိုသည်မှာ စိတ်ဓာတ်ရေးရာအားဖြင့် ဗြိတိသျှအင်ပါယာနှင့် ဘုရင်ကို သစ္စာရှိရန်၊ ဗြိတိသျှအစိုးရနှင့် ဗြိတိသျှတို့ကို အထင်ကြီးစိတ်၊ ကြောက်စိတ်နှင့် ရိုသေကျိုးနွံသည့် စိတ်ဓာတ်များ သွင်းပေးသည့် ပညာရေးစနစ်ဖြစ်သည်။ တစ်နည်းပြောမည်ဆိုလျှင် မြန်မာလူငယ်တို့ကို ကျွန်စိတ်သွင်းပေးသည့် ပညာရေးစနစ်ဖြစ်သည်။ မြန်မာလူငယ်တို့ကို စိတ်နေနိမ့်အောင် ဖန်တီးပေးသည့် စနစ်လည်း ဖြစ်သည်။ မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်မလာစေလိုသည့် သဘောဖြင့် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုကို အားမပေးသည့် ပညာရေးစနစ်လည်း ဖြစ်သည်။ အချုပ်သဘောမှာ မြန်မာတို့ကို ကျွန်သက်ရှည်စေသည့် ပညာရေးစနစ်ဖြစ်သည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံတွင် ကျင့်သုံးသော ပညာရေးစနစ်သည် ကျွန်ပညာရေးဖြစ်သည်ဟု မြန်မာဘုရင်လက်ထက်က ဒီပဲယင်း(တပယင်း)ဝန်ထောက်ဖြစ်ခဲ့သူ ဦးမြဲက ၁၉၂၁ ခုတွင် မန္တလေး၌ ကျင်းပသော ဂျီစီဘီအေ နဝမကွန်ဖရင့်တွင် စတင်ခေါ်ဝေါ်သုံးစွဲခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့ (၁၉၃၆)

ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့သည် တို့ဗမာအစည်းအရုံးခေါ် သခင်အဖွဲ့၏ ကိုယ်ပွားအဖွဲ့အစည်းတစ်ခုဖြစ်သည်။ တို့ဗမာအစည်းအရုံးက ဤသို့ ကိုယ်ပွားအဖွဲ့အစည်းဖွဲ့ရသည့် ရည်ရွယ်ချက်မှာ ပါလီမန်အတွင်းဝင်၍ ၉၁ ဌာနအုပ်ချုပ်ရေးကို ဆန့်ကျင်တိုက်ခိုက်ရန် ဖြစ်သည်။ တို့ဗမာအစည်းအရုံး၏ ရည်ရွယ်ချက်တစ်ခုမှာ ၉၁ ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက်ရန် ဖြစ်သည်။ ၉၁ ဌာနအုပ်ချုပ်ရေးကို ဆန့်ကျင်တိုက်ဖျက်ရာတွင်လည်း တို့ဗမာအစည်းအရုံးက ပါလီမန်ပြင်ပမှနေ၍ လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်နေရုံနှင့် မလုံလောက်ဘဲ ပါလီမန်အတွင်းဝင်၍ တိုက်ဖျက်ရမည်ဟု ယူဆလာသည့်အတွက် တို့ဗမာအစည်းအရုံးဝင်သခင်များထဲမှ သင့်တော်မည့်သူများရွေး၍ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့ကို ၁၉၃၆ ခုနှစ်တွင် ဖွဲ့ပေးခြင်းဖြစ်သည်။

ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့၏ရည်ရွယ်ချက်မှာ ၉၁ ဌာနအုပ်ချုပ်ရေး ပါလီမန်အတွင်းမှနေ၍ ဆန့်ကျင်တိုက်ခိုက်ရင်း လုံးဝလွတ်လပ်ရေးရသည်အထိ တိုက်ပွဲဝင်ရန် ဖြစ်သည်။

၉၁ ဌာနအုပ်ချုပ်ရေးသစ်အတွက် ၁၉၃၆ ခု၊ နိုဝင်ဘာလတွင် ကျင်းပသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲ၌ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ သခင် ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ၃ ဦး အရွေးခံသည်။ ၄င်းတို့မှာ သခင်မြ (အမျိုးသားခေါင်းဆောင်ကြီး)၊ သခင်လှတင်(ဟသ်ာတ)၊ သခင်အုံကြီး (ပခုက္ကူ)တို့ ဖြစ်ကြသည်။

ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်း၌ ရာထူးမယူရုံမကဘဲ လွှတ်တော်ကိုယ်စားလှယ်လစာကိုလည်း မယူကြပေ။ လွှတ်တော်တွင်း၌ ၉၁ ဌာနအုပ်ချုပ်ရေး အကျိုးပြုလုပ်ငန်းမှန်သမျှကို ဆန့်ကျင်၍ အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်း၊ အတိုက်အခံပြုလုပ်ခြင်း စသည့်နည်းတို့ဖြင့် ၉၁ ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက်ရန် ကြိုးပမ်းခဲ့ကြသည်။ ၉၁ ဌာန၏ ပျော့ကွက်ဟာကွက်နှင့် ချို့ယွင်းချက်များကို ထုတ်ဖော်ဝေဖန် ပြစ်တင်ရှုတ်ချခြင်းများကိုလည်း ဆောင်ရွက်သည်။




ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့တံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



## ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေး (၁၉၃၇–၁၉၄၂)

မြန်မာနိုင်ငံအစိုးရ ဥပဒေ ၁၉၃၅ ခုနှစ်အရ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံသို့ ပေးသော အုပ်ချုပ်ရေးဖြစ်သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ခေါ် အမတ်များက အုပ်ချုပ်ရေးဌာနပေါင်း ၉၁ ဌာနကို စီမံအုပ်ချုပ်ခွင့်ရသောကြောင့် ၉၁ ဌာနအုပ်ချုပ်ရေးဟု ခေါ်သည်။ ယင်းအုပ်ချုပ်ရေးသည် ၁၉၃၇ ခု၊ ဧပြီလ ၁ ရက်နေ့မှ စသည်။ ဤအုပ်ချုပ်ရေးသစ်နှင့်အတူ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်လိုက်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ယခင်ကကဲ့သို့ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုမဟုတ်တော့ဘဲ ဗြိတိသျှအစိုးရက တိုက်ရိုက်အုပ်ချုပ်သော နိုင်ငံဖြစ်လာသည်။ မြန်မာနိုင်ငံအစိုးရမှာလည်း အိန္ဒိယဗဟိုအစိုးရ၏ လက်အောက်ခံ မဟုတ်တော့ဘဲ ဗြိတိသျှအစိုးရ၏ လက်အောက်ခံအစိုးရဖြစ်လာသည်။

အုပ်ချုပ်ရေးဖွဲ့စည်းပုံတွင် ဗြိတိသျှအစိုးရခန့် အင်္ဂလိပ်ဘုရင်ခံတစ်ဦး၊ ဥပဒေပြုလွှတ်တော်ခေါ် ပါလီမန်နှင့် ကက်ဘိနက် ခေါ် ဝန်ကြီးအဖွဲ့တို့ ရှိလာသည်။ ဥပဒေပြုလွှတ်တော်တွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ ပါဝင်သည်။ ဘုရင်ခံကို ကူညီရန် အတိုင်ပင်ခံ ဝန်ကြီးသုံးဦး၊ ဘဏ္ဍာရေး၊ အတိုင်ပင်ခံဝန်ကြီးတစ်ဦးနှင့် ရှေ့နေချုပ်တစ်ဦးတို့ကိုလည်း ဘုရင်ခံ၏ သဘောဖြင့် တိုက်ရိုက်ခန့်ထားခွင့်ပြုထားသည်။ အတိုင်ပင်ခံပုဂ္ဂိုလ်တို့မှာ လွှတ်တော်နှစ်ရပ်စလုံးသို့လည်းကောင်း၊ လွှတ်တော်မှဖွဲ့ထားသော ကော်မတီများသို့လည်းကောင်း တက်ရောက်ဆွေးနွေးခွင့်ရှိသည်။ မဲပေးခွင့်မရ။

အောက်လွှတ်တော်တွင် ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူတို့က ရွေးကောက်တင်မြှောက်ပေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၃၂ ဦး ရှိသည်။ ၎င်းတို့မှာ မွန်၊ ဗမာ၊ ရခိုင် တိုင်းရင်းသားကိုယ်စားလှယ် ၉၁ ဦး၊ ကရင်တိုင်းရင်းသား ကိုယ်စားလှယ် ၁၂ ဦး၊ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ် ၁၁ ဦး၊ အိန္ဒိယအမျိုးသားကိုယ်စားလှယ် ရှစ်ဦး၊ ဥရောပတိုက်သားများ၏ ကိုယ်စားလှယ်သုံးဦး၊ အင်္ဂလိပ်–မြန်မာ ကပြားများ၏ ကိုယ်စားလှယ်နှစ်ဦး၊ အိန္ဒိယအလုပ်သမား ကိုယ်စားလှယ်နှစ်ဦး၊ အိန္ဒိယမဟုတ်သော အလုပ်သမား ကိုယ်စားလှယ်နှစ်ဦး၊ ရန်ကုန်တက္ကသိုလ်မှ ကိုယ်စားလှယ်တစ်ဦးတို့ ဖြစ်ကြသည်။ အောက်လွှတ်တော်၏ သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။



အထက်လွှတ်တော်တွင် အဖွဲ့ဝင် ၃၆ ဦးရှိရာ ၁၈ ဦးကို ဘုရင်ခံက ရွေးသည်။ ကျန် ၁၈ ဦးကို အောက်လွှတ်တော်က ရွေးပေးရသည်။ အထက်လွှတ်တော်၏ သက်တမ်းမှာ ခုနစ်နှစ်ဖြစ်သည်။ ဝန်ကြီးအဖွဲ့တွင် အစိုးရဖွဲ့နိုင်သော နိုင်ငံရေးပါတီ၏ ခေါင်းဆောင်သည် ဝန်ကြီးချုပ်ဖြစ်ရသည်။ ကျန်ဝန်ကြီး ကိုးဦးကို ဘုရင်ခံက ဝန်ကြီးချုပ်နှင့် တိုင်ပင်၍ ခန့်သည်။ အုပ်ချုပ်ရေးဖွဲ့စည်းပုံအရ တိုးတက်မှုရှိလာသည်။

ဖွဲ့စည်းပုံအရ တိုးတက်လာသော်လည်း ၉၁ ဌာနအုပ်ချုပ်ရေးကို ကြည့်မည်ဆိုလျှင် အရေးကြီးသော ကာကွယ်ရေးဌာန၊ ဘဏ္ဍာရေးဌာန၊ နိုင်ငံခြားရေးဌာန၊ ကချင်၊ ကယား၊ ချင်း၊ ရှမ်း စသော သီးသန့်နယ်မြေများ အုပ်ချုပ်သည့်ဌာန၊ အိုင်စီအက် (Indian Civil Service) ခေါ် အိန္ဒိယပြည်သူ့ဝန်ထမ်း ရာထူးခန့်ထားရေး၊ ခရစ်ယာန်သာသနာနှင့် သာသနာပြုလုပ်ငန်းများ စောင့်ရှောက်ကာကွယ်ရေး၊ အင်္ဂလိပ်ကုမ္ပဏီများနှင့် ကုန်ပစ္စည်းများ စောင့်ရှောက်ကာကွယ်ရေးလုပ်ငန်းများကို ဘုရင်ခံက ချုပ်ကိုင်ထားသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ကျန်းမာရေး၊ စာတိုက်နှင့် ကြေးနန်း၊ ပညာရေး၊ တရားရေး၊ လယ်ယာနှင့် သစ်တော၊ လမ်းပန်းဆက်သွယ်ရေး၊ အကောက်ခွန်၊ အိုးအိမ်နှင့် ပြည်သူ့လုပ်ငန်း စသော ၉၁ ဌာနကိုသာ စီမံအုပ်ချုပ်ခွင့်ရကြသည်။ ဘုရင်ခံသည် အထက်ဖော်ပြပါ အရေးကြီးသောခုနစ်ဌာနကို ကိုင်ထားသည့်အပြင် လွှတ်တော်နှစ်ရပ်မှ ဆုံးဖြတ်ချက်များကို ဗီတို Veto အာဏာဖြင့် ပယ်ဖျက်နိုင်သည်။ ပြည်သူ့ကိုယ်စားလှယ်တို့ဖြင့် ဖွဲ့ထားသော ပြည်သူ့လွှတ်တော်ကိုလည်း ရုပ်သိမ်းနိုင်သည်။ ဝန်ကြီးအဖွဲ့ကိုလည်း ဖျက်သိမ်းနိုင်သည်။ အခြေအနေက တောင်းဆိုလျှင် အရေးပေါ်ဥပဒေများထုတ်ပြန်၍ ဘုရင်ခံတစ်ဦးတည်း၏ သဘောဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခွင့်လည်း ရှိသည်။ ထို့ကြောင့် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှာ ဟန်ပြသဘောလောက်သာဖြစ်ပြီး အချုပ်အခြာအာဏာပိုင်အဖွဲ့အစည်းများ မဟုတ်ကြပေ။ နိုင်ငံ၏ အချုပ်အခြာအာဏာသည် ဘုရင်ခံ၌သာ တည်လေသည်။ ဘုရင်ခံမှာလည်း ဗြိတိသျှအစိုးရကို ကိုယ်စားပြုသူ၊ ဗြိတိသျှအစိုးရ၏ အမိန့်ကို နာခံရသူဖြစ်သည်။ ထို့ကြောင့် အချုပ်အခြာအာဏာသည် မြန်မာနိုင်ငံအတွင်း၌လည်းကောင်း၊ မြန်မာတိုင်းရင်းသားတို့၌လည်းကောင်း မရှိဘဲ ဗြိတိသျှနိုင်ငံ၊ ဗြိတိသျှဘုရင်နှင့် ပါလီမန်တို့၌သာ ရှိနေပေသည်။ မြန်မာနိုင်ငံလွှတ်တော်၏ [illegible]ဏာမှာလည်း ဗြိတိသျှတို့၏ လုပ်ပိုင်ခွင့်ကို မထိပါးနိုင်ပေ။ အုပ်ချုပ်ရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



စီမံရေးရာများကို လက်တွေ့ကြီးကြပ်ကွပ်ကဲရသူတို့မှာလည်း အင်္ဂလိပ်လူမျိုး အတွင်းဝန်များ ဖြစ်သည်။ ယင်းအတွင်းဝန်တို့က ဝန်ကြီးနှင့် သဘောကွဲလွဲလျှင် ဘုရင်ခံနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည်။

၉၁ ဌာနအုပ်ချုပ်ရေးမှာ ဒိုင်အာခီနှင့်စာလျှင် ရာထူးများ တိုးချဲ့သတ်မှတ်ပေးရုံမှလွဲ၍ ထူးခြားမှုမရှိလှပေ။ အသွင်သဏ္ဍာန် အဆောင်အယောင်အားဖြင့် ဒိုင်အာခီထက်ခံ့ညားသော်လည်း အနှစ်သာရအားဖြင့် ကွာခြားခြင်းမရှိပေ။ ဒိုင်အာခီအကြီးစားပင် ဖြစ်တော့သည်။ တောင်တန်းနှင့် မြေပြန့်ကိုလည်း ခွဲထားသေးသည်။ ၉၁ ဌာနအုပ်ချုပ်ရေးသည် မြန်မာ့နိုင်ငံရေးခေါင်းဆောင်တို့အား ဝန်ကြီးရာထူး အလှည့်ကျပေးနိုင်ရုံမှတစ်ပါး နိုင်ငံနှင့် လူမျိုးအတွက် အခြားထိရောက်သော အကျိုးမပြုနိုင်ပေ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့မှာ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရင်းနှီးခွင့်ရပြီး အုပ်ချုပ်ရေးဆိုင်ရာ အတွေ့အကြုံအလေ့အကျင့်ရရုံမှတစ်ပါး အချုပ်အခြာအာဏာ မပိုင်သောကြောင့် မြန်မာတို့အဖို့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်မရသည့် အုပ်ချုပ်ရေးမျိုးသာဖြစ်သည်။ မြန်မာတို့ တောင်းဆိုခဲ့ကြသော ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့်လည်း များစွာအလှမ်းဝေးနေသေးသည်။ ထို့ကြောင့် ထိုစဉ်က မြန်မာနိုင်ငံရေးလောက၌ ထင်ရှားခဲ့သော တို့ဗမာအစည်းအရုံးက ၉၁ ဌာနအုပ်ချုပ်ရေးကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ ၉၁ ဌာနအုပ်ချုပ်ရေးခေတ်သည် ၁.၄.၁၉၃၇ မှ ၁၀.၁၂.၁၉၄၂ အထိ ဖြစ်သည်။

## ကင်ပေတိုင်

"ကင်ပေတိုင်" (Kempeitai) ဆိုသည့် ဂျပန်စကားမှာ စစ်ပုလိပ် (Military Police) ဟု အဓိပ္ပာယ်ရသည်။ ဂျပန်ခေတ်အတွင်းက အာဏာအရှိဆုံး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကင်ပေတိုင်တို့၏လုပ်ငန်းတွင် ဂျပန်စစ်ဘက်အရာရှိကြီးများပင် ဝင်ရောက်စွက်ဖက်နိုင်ခွင့်မရှိပေ။ ဂျပန်ကင်ပေတိုင်တို့၏ အလုပ်မှာ ဖက်ဆစ်ဂျပန် ဆန့်ကျင်သူဟု အထင်ခံရသူများ၊ သူလျှိုဟု အထင်ခံရသူများ၊ ဖက်ဆစ်ဂျပန်အကြောင်း မကောင်းသတင်းလွှင့်သူများ၊ အင်္ဂလိပ်နှင့် အမေရိကန်တို့အတွက် ဝါဒဖြန့်သူများကို စုံစမ်းထောက်လှမ်း၍ ဖမ်းဆီးနှိပ်စက်သည့်အလုပ်ကို လုပ်ကြရသူများဖြစ်သည်။

ဂျပန်ကင်ပေတိုင်တို့၏ နှိပ်စက်နည်းများမှာ ကျင်စက်ဖြင့် တို့ခြင်း၊ ပလာယာဖြင့် ခြေသည်းလက်သည်းများကို ဆွဲချွတ်ခြင်း၊ လက်နှစ်ဖက်စလုံးကို



ကြိုးဖြင့်တုပ်၍ ထုပ်တန်း၌ ချိတ်ဆွဲထားခြင်း၊ ခြေနှစ်ချောင်းစလုံးကို ကြိုးနှင့်တုပ်၍ ဇောက်ထိုးထားကာ ထုပ်တန်းများ၌ နာရီပေါင်းများစွာ ဆွဲထားခြင်း၊ လူကို ကြိုးတုပ်၍ ရေဘုံပိုင်အောက်တွင် ထားကာ ငယ်ထိပ်ပေါ်သို့ အဆက်မပြတ်ရေစက်တစ်စက်ချင်းချခြင်း စသည့် နည်းများအပါအဝင် နည်းမျိုးစုံဖြင့် ရက်ရက်စက်စက် နှိပ်စက်ကြသည်။

ကင်ပေတိုင်တို့၏ နှိပ်စက်ညှဉ်းပန်းခံရသူများအနက် နဂါးနီစာအုပ်အသင်းမှထုတ်သော ဂျပန်သူလျှိုစာအုပ်ရေးသူ ဝတ်လုံဦးဘတင်၊ မန္တလေးတိုင်းချစ်သတင်းစာတိုက်ပိုင်ရှင် သခင်သိန်းဖေ၊ လက်သီးပုန်းဗတင်ခေါ် ဗိုလ်ဗတင်နှင့် သခင်သန်းဖေ(ဖြူး)တို့မှာ ထင်ရှားသူများဖြစ်သည်။ ဂျပန်ကင်ပေတိုင်တို့၏ ဖမ်းဆီးနှိပ်စက်မှုကြောင့် သေဆုံးခဲ့ရသူများအနက် အချို့မှာ စစ်ကိုင်းမှ ကိုသိန်းတန်၊ ကိုဘအုန်း၊ ချောက်မြို့မှ ကိုပြုံး၊ အာရှလူငယ်အထွေထွေအတွင်းရေးမှူး ကိုညီလေး၊ သထုံခရိုင်ဝန် သခင်လင်း(မင်းလှ)၊ ရေနံချောင်းရေနံမြေအလုပ်သမားခေါင်းဆောင် သခင်လှိုင်၊ သခင်ကိုကိုကြီး၊ ဦးကြီးဖေနှင့် ကိုတင်လှိုင် စသူတို့ပါဝင်ကြသည်။ ဂျပန်ကင်ပေတိုင်တို့၏ နှိပ်စက်မှုကြောင့် လူစဉ်မမီသည့်ဘဝနှင့် ဒုက္ခိတဘဝရောက်ရသူများလည်း ရှိသည်။

## ကက်စ်ဘီခေတ် (၁၉၄၅–၄၆)

ကိုလိုနီခေတ် မြန်မာ့သမိုင်းတွင် ကက်စ်ဘီခေတ်ဆိုသည်မှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြန်မာနိုင်ငံမှ ဂျပန်တပ်များ ဆုတ်ခွာသွားပြီး အင်္ဂလိပ်တို့ပြန်ဝင်လာစဉ် ပထမစစ်အုပ်ချုပ်ရေးဖြင့် ယာယီအုပ်ချုပ်သည့်ကာလဟု လူသိများသည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံသည် ဂျပန်တို့လက်အောက်သို့ ကျရောက်ခဲ့သော်လည်း မြန်မာနိုင်ငံမြောက်ပိုင်းအစွန်အဖျားနယ်စပ်အချို့သည် ဂျပန်လက်အောက် မရောက်ခဲ့ပေ။ ဂျပန်လက်အောက်မရောက်သည့် မြန်မာနိုင်ငံ နယ်စပ်ဒေသအုပ်ချုပ်ရေးကို အိန္ဒိယနိုင်ငံ စစ်သေနာပတိချုပ်နှင့် ဆင်းမလား၌ ရုံးစိုက်သော မြန်မာပြည် စစ်ပြေးအစိုးရခေါင်းဆောင် ဘုရင်ခံတို့က သဘောတရားအရ ပူးတွဲတာဝန်ယူကြရသည်။ သို့သော် လက်တွေ့တွင် ယင်းဒေသများအုပ်ချုပ်ရေးကို အိန္ဒိယနိုင်ငံ စစ်သေနာပတိချုပ်က တာဝန်ယူရသည်။ ထို့ကြောင့် အုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိန္ဒိယစစ်ဌာနချုပ်

www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ခံ မြန်မာနိုင်ငံဆိုင်ရာ မြို့ပြအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားခဲ့သည်။ ယင်းကို Civil Affairs Service (Burma) ဟု အင်္ဂလိပ်လိုခေါ်သည်။ ထိုအဖွဲ့အမည် အင်္ဂလိပ်စကားလုံး လေးလုံးမှ ထိပ်ဆုံးအက္ခရာများဖြစ်သော CAS(B) ကို စကားလုံးတစ်လုံးအဖြစ် ပြန်ပေါင်း၍ ကက်စ်ဘီဟု ဖတ်ကြသောကြောင့် ကက်စ်ဘီခေတ်ဟု တွင်နေခြင်းဖြစ်သည်။ အဓိပ္ပာယ်အားဖြင့် မြန်မာနိုင်ငံ မြို့ပြအုပ်ချုပ်ရေးအဖွဲ့ဟုရသော်လည်း စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သည့်ကာလဖြစ်သည်။ ၄င်းအုပ်ချုပ်ရေးအဖွဲ့ စဖွဲ့သည့်နေ့မှာ ၁၉၄၃ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်ဖြစ်သည်။ အဖွဲ့၏ အကြီးအကဲမှာ ဗိုလ်ချုပ်စီ၊ အက်၊ ဘီပီးယား (C.F.B Pearce) ဖြစ်သည်။ ပီးယားနောက်တွင် ဗိုလ်ချုပ်ဟူးဘတ်ရန့် (Hubert Rance) က ဆက်ခံသည်။ ထို့နောက် ၁၉၄၄ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စ၍ ကက်စ်ဘီကို အရှေ့တောင်အာရှဆိုင်ရာ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ် မောင့်ဘက်တန် (Lord Louis Mountbatten) လက်အောက်သို့ လွှဲပြောင်းပေးခဲ့သည်။ ထိုအချိန်မှ စ၍ အိန္ဒိယနိုင်ငံ စစ်သေနာပတိချုပ်နှင့် စစ်ပြေးအစိုးရဘုရင်ခံတို့ ပူးတွဲအုပ်ချုပ်သည့်စနစ် ပျက်သွားပြီး မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေးမှာ မောင့်ဘက်တန်၏ လက်အောက်သို့ လုံးဝရောက်ရှိသွားခဲ့သည်။

ကက်စ်ဘီ အုပ်ချုပ်ရေးအဖွဲ့တွင် ယခင်က မြန်မာနိုင်ငံ၌ အမှုထမ်းခဲ့ကြဖူးသည့် အင်္ဂလိပ်အရာရှိဟောင်းများသာ ပါဝင်ကြသည်။ ကက်စ်ဘီအုပ်ချုပ်ရေးရုံးကို မြန်မာနိုင်ငံမြောက်ပိုင်း နယ်စပ်ဒေသတွင် ဖွင့်ထားခဲ့သည်။ ထိုရုံးကို ဖွင့်ထားခြင်းမှာ မြန်မာနိုင်ငံအား ပြန်လည်တိုက်ခိုက်ရေးအတွက် ခြေကုပ်ယူထားခြင်းဖြစ်သည်။ ထို့ပြင် ရန်သူသတင်းထောက်လှမ်းခြင်းနှင့် အင်္ဂလိပ်များ မြန်မာနိုင်ငံအတွင်းသို့ ပြန်ဝင်လာသောအခါ သိမ်းယူရရှိသော နယ်မြေများအုပ်ချုပ်ရေးကိုလည်း တာဝန်ယူခဲ့သည်။ ၁၉၄၅ ခု၊ အောက်တိုဘာလအတွင်း ဘုရင်ခံဒေါမန်စမစ် (Dorman-Smith) မြန်မာနိုင်ငံပြန်ရောက်ပြီး အောက်တိုဘာ ၁၆ ရက်နေ့တွင် အုပ်ချုပ်ရေးတာဝန် လက်ခံဆောင်ရွက်သည်။ ထို့ကြောင့် အထက်ပါနေ့တွင် စစ်အုပ်ချုပ်ရေး ရပ်စဲသည်ဟု ဆိုနိုင်သည်။ သို့သော် စစ်အုပ်ချုပ်ရေး ရုပ်သိမ်းသည့်အမိန့်သည် ၁၉၄၆ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင်မှ ထွက်လာသည်။ ဤသို့ဖြင့် ကက်စ်ဘီခေတ် ကုန်ဆုံးသွားသည်။



## ကောင်း၊ ဦး (ကင်းဝန်မင်းကြီး) (၁၈၂၁–၁၉၀၈)

မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် နိုင်ငံ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သောကြောင့် သတိုးမင်းကြီး မဟာမင်းလှစည်သူဘွဲ့၊ မင်းကြီးမဟာစည်သူဘွဲ့နှင့် အဂ္ဂမဟာသေနာပတိဝန်ရှင်တော် ကင်းဝန်၊ သေနတ်ဝန်၊ လယ်ကိုင်းမြို့စားသတိုးသုဓမ္မ မဟာသက်တော်ရှည်ဘွဲ့များရ ကင်းဝန်မင်းကြီး ဦးကောင်းကို ယခုအခါ ပုလဲနှင့် ဆားလင်းကြီးမြို့နယ်များဖြစ်သော ဇန့်ကျီတိုက်နယ် မုန်တိုင်ပင်(မင်းတိုင်ပင်)ရွာ၌ မွေးသည်။ သွေးသောက်ကြီး ဦးမှိုနှင့် ဒေါ်နှင်းဆီတို့၏သား သေနတ်စုမျိုးရိုးဖြစ်သည်။ ၁၁၈၃ ခု၊ တပို့တွဲလဆန်း ၁၂ ရက်ဖွား တနင်္ဂနွေသားဖြစ်သည်။ ညီအစ်ကိုမောင်နှမခုနစ်ယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ ငယ်နာမည် မောင်ချင်း။


မောင်ချင်းငယ်စဉ်က မြန်မာ့ဓလေ့ထုံးစံနှင့်အညီ ဘုန်းကြီးကျောင်း၌ ပညာသင်ယူသည်။ ကိုရင်ဝတ်ဖူးသည်။ ဘုန်းကြီးလည်း ဝတ်ဖူး၍ ရဟန်းဘွဲ့မှာ ဦးအာလောကဖြစ်သည်။ ရဟန်းဝတ်ပြီး မကြာမီ အမရပူရမြို့ သာသနာပိုင်ဗားကရာဆရာတော်၏ ကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးသည်။ ရဟန်းဘဝဖြင့် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ ဗေဒင်နှင့် ဆေးအတတ်များ သင်ယူခဲ့သည်။ ပုဂံမင်းလက်ထက်တွင် လူထွက်သည်။ ထို့နောက် ဦးရန်ဝေး၏ အကူအညီဖြင့် မင်းတုန်းမင်းသားအိမ်တော်၌ အမှုထမ်းခွင့်ရသည်။ မကြာမီ ဘဏ္ဍာစာရေးရာထူးရပြီး မောင်ကောင်းဟု အမည်ပြောင်းသည်။ မင်းတုန်းမင်း နန်းတက်သောအခါ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရွာကို စားရပြီး ရွှေတိုက်စိုးအဖြစ် အမှုထမ်းခွင့်ရသည်။ ထို့နောက် လွှတ်တော်တွင် အမှာတော်ရေးရာထူးရသည်။ ပုဂံမင်း၏ မိဖုရား(ကိုယ်လုပ်တော်)တစ်ဦးဖြစ်သော ဆင်ကြန်သခင်နှင့် မင်းတုန်းမင်းက လက်ဆက်ပေးသည်။ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သောကြောင့် မဟာဇန္နုလ၏ ဓာတိဖြစ်ပြီး စစ်သူရဲကောင်းများပေါ်ထွက်ရာ အလုံမြို့ဝန်အဖြစ် ခန့်အပ်ခံရသည်။ အလုံမြို့ဝန်တာဝန်ထမ်းဆောင်နေစဉ် ဇနီးကတော် ဆင်ကြန်သခင်က အလုံသို့ မလိုက်ဖြစ်။ ထိုအတွင်း အလုံမြို့သူကြီးဦးအို၏ညီမ မရွှေမေနှင့် လက်ထပ်သည်။ အိမ်ထောင်နှစ်ဆက်ရှိသော်လည်း သားသမီးမထွန်းကား။

မြင်ကွန်း–မြင်းခုံတိုင်အရေး ဖြစ်ပွားပြီးနောက် မင်းတုန်းမင်းက အလုံဝန်ဦးကောင်းအား နေပြည်တော်သို့ ခေါ်၍ 'မင်းကြီးမဟာစည်သူ'ဘွဲ့နှင့် ပန်ထောက်

www.burmeseclassic.com



ကင်းဝန်မင်းကြီးဦးကောင်း
(၁၈၂၁-၁၉၀၈)



မန္တလေးမြို့ရှိ ကင်းဝန်မင်းကြီးဦးကောင်းနေအိမ်

www.burmeseclassic.com

www.burmeseclassic.com

## ဝန်ရှင်တော် လယ်ကိုင်းမြို့စား၊ သေနတ်ဝန်၊ ကင်းဝန်မင်းကြီး ကွယ်လွန်ရာ သင်္ဂြိုဟ်ဆောင်ရွက်သည့် အခမ်းအနားအစီအစဉ်၊ အခမ်းအနားစာတမ်း

သတိုးသုဓမ္မ မဟာသက်တော်ရှည်ဘွဲ့နှင့်တကွ အိန္ဒိယမဟာအတုလတာ ရာသဟာယ(စီ-အက်စ်-အိုင်)ဘွဲ့တံဆိပ်ရ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်ကင်းဝန်၊ သေနတ်ဝန်၊ လယ်ကိုင်းမြို့စားမင်းကြီးသည် မြန်မာနိုင်ငံတော် အထက်ပိုင်း ဇနုကျိုတိုက် အဝင် ဆင်ရှင်မြို့နယ် မင်းတိုင်ပင်မြို့၌ သက္ကရာဇ် ၁၁၈၃ ခု တပို့တွဲလဆန်း ၁၂ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်၍ အသက်ဆယ်နှစ်ကျော်က ဆယ့်ရှစ်နှစ်တိုင်အတွင်း ဗုဒ္ဓ ဘာသာ-သဒ္ဒါ၊ သင်္ဂြိုဟ်စသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာသင်ရိုးကျမ်းဂန်များနှင့်တကွ ဂန္ထန္တရပျို့၊ ကဗျာ၊ လင်္ကာ ပညာဗဟုသုတများကို သင်ကြားလေ့လာ ကျွမ်းကျင်နှံ့သိရှိသည်နှင့်အညီ ပုဂံမင်းတရားကြီး လက်ထက် ညီတော်လွှတ်တက်မင်းသားကြီး မင်းတုန်းမင်းအပါးတော်တွင် ရှေ့ဦးအစ ခစားထမ်းရွက်၍ ၁၂၁၂ ခုနှစ်တွင်း နေမျိုး နရာစည်သူဘွဲ့နှင့် မင်္ဂလာအိမ်တော် ဘဏ္ဍာစာရေးအရာ ခန့်ထားတော်မူသည်။

ထို့နောက် မင်းတုန်းမင်းသားကြီးသည် ဘုန်းပါရမီတော်အလျောက် မင်းအဖြစ်သို့ ရောက်တော်မူသော သက္ကရာဇ် ၁၂၁၄ ခုနှစ်အတွင်း မင်းလှသီခ်သူဘွဲ့နှင့်တကွ ရွှေတိုက်နိုးရွာသစ်ကြီးရွာစားအရာ၊ နောက် သက္ကရာဇ် ၁၂၁၈ ခုနှစ်အတွင်း လွှတ်တော်အရာရှိ အဝင်အမှာတော်ရေး သမြေ ၅ ရွာစားအရာ၊ နောက် ၁၂၁၉ ခုနှစ်အတွင်း လွှတ်တော် စာရေးကြီးအရာ၊ နောက် တိုးတက်ချီးမြှင့်တော်မူသော မဟာမင်းကျော်စည်သူဘွဲ့၊ နောက် ၁၂၂၃ ခုနှစ်အတွင်း အလုံမြို့ဝန်အရာ၊ နောက် ၁၂၂၆ ခုနှစ်အတွင်း တောင်ငူ၊ ရမည်းသင်း ၂မြို့ သစ်တောခွန်များကို ကြည့်ရှုစီမံရသော လွှတ်တော်စာရေးကြီးအရာ၊ နောက် ၁၂၂၇ ခုနှစ်အတွင်း လွှတ်တော်စာရေးကြီးအရာနှင့်တကွ တောင်ငူ၊ ရမည်းသင်း ၂ မြို့ အခွန်ဝန်အရာ၊ နောက် ၁၂၃၃ ခုနှစ်အတွင်း ဂရိတ် ဘရိတိန်၊ အာလရန် စသော တိုင်းကြီး၊ နိုင်ငံကြီးတို့ကို အစိုးရတော်မူသော အင်္ဂလိပ်ဧကရီ ဘုရင်မင်းမြတ်အထံတော်သို့ စေခန့်တော်မူသော အင်ဗာစေဒါ၊ သံတော်ကြီးဌာနန္တရနှင့်တကွ အဂ္ဂမဟာသေနာပတိ ဝန်ကြီးအရာ၊ နောက် ၁၂၃၆ ခုနှစ်အတွင်း စစ်သည်ရဲမက်တော်တို့၏ အကြီးအချုပ်ဖြစ်သော သေနတ်ဝန်ကြီးအရာ၊ နောက် ၁၂၃၇ ခုနှစ်အတွင်း လယ်ကိုင်းမြို့စားအရာ၊ နောက် ၁၂၄၀ ပြည့်နှစ်အတွင်း သားတော်သီပေါဘုရင် ဘဝရှင်မင်းတရားကြီး လက်ထက်တော်၌ အဂ္ဂမဟာသေနာပတိဝန်ကြီးချုပ်ဟု ဆိုအပ်သော လက်ဝဲတော် စစ်သူကြီးနေရာနှင့်တကွ သတိုးသုဓမ္မ မဟာသက်တော်ရှည်ဟုသော မင်းမျူးမတ်တို့တွင် အမြင့်ဆုံးဖြစ်သောဘွဲ့အမည် စားကျေးမြို့ရွာတို့ဖြင့် အဆင့်ဆင့် ချီးမြှင့်သူကောင်းပြုတော်မူသည်ကို ခံရသည်။

နောက် အင်္ဂလိပ်အစိုးရမင်းတို့လက်ထက် ၁၂၄၈ ခုနှစ်ကစ၍ မြန်မာနိုင်ငံတော် မဟာဝန်ရှင်တော်မင်းကြီး၏ အတိုင်ပင်ခံအဖြစ်နှင့် လွှတ်တော်က ရပ်နေပြီးလျှင် တိုင်းရေးပြည်ရေးနှင့် စပ်သမျှတွင် ကူညီဆောင်ရွက်သင့်ရာ ကူညီဆောင်ရွက်ရပြီးနောက် ၁၂၄၉ ခုနှစ်အတွင်း အင်္ဂလိပ်ဧကရီ ဘုရင်မင်းမြတ် အမိန့်တော်နှင့်တကွ အိန္ဒိယတာရာ တံဆိပ်အဝင် အိန္ဒိယမဟာ အတုလတာရာ သဟာယ (C.S.I) စီ-အက်စ်-အိုင် ဘွဲ့တံဆိပ်ဖြင့် ချီးမြှင့်သူကောင်းပြုခံရသည်။ နောက် ၁၂၅၀ ပြည့်နှစ်ကစ၍ အင်္ဂလိပ်အစိုးရမင်းတို့က ပြည့်စုံလုံလောက်စွာ ပင်ရှင်လစာတို့ဖြင့် ချီးမြှင့်တော်မူခြင်းခံရသည်။ နောက် ၁၂၅၉ ခုနှစ်အတွင်း မြန်မာနိုင်ငံတော်အလုံးကို စီရင်အုပ်ချုပ်တော်မူရသော ဘုရင်ခံမင်း၏ ဥပဒေပြု မင်းတိုင်ပင်အမတ်အသင်းသို့ သွင်း၍ ဂုဏ်ကျက်သရေပေးခြင်းဖြင့် ထပ်မံချီးမြှင့်တော်မူပြန်သည်။

သည်ကဲ့သို့ မြန်မာအစိုးရမင်းတို့ လက်ထက်တော်နှင့် အင်္ဂလိပ်အစိုးရမင်းတို့ လက်ထက် မင်း ၄ ဆက်မြောက် ကြီးကျယ်မြင့်မြတ်သော ရာထူးဌာနန္တရ၊ ဘွဲ့အမည်တံဆိပ် ဘယက်များနှင့်တကွ ချီးမြှောက်သူကောင်းပြုတော်မူသည်ကို ခံရသော ပါရမီ ဒဗ္ဗသမ္ဘာရ သီလသမာဓိ ပညာ ဗဟုသုတ ဒီဃာယုက ဟူသော ဂုဏ်ကျေးဇူးအပေါင်းနှင့်ပြည့်စုံသော ဝန်ရှင်တော် ကင်းဝန်မင်းကြီးသည် အသက် ၈၇ နှစ်အရွယ်သို့တိုင်ရောက်သောအခါ သင်္ခါရသဘောကို မလွန်နိုင်သည်ဖြစ်၍ သက္ကရာဇ် ၁၂၇၀ ပြည့်၊ ဝါဆိုလဆန်း ၃ ရက်၊ ၁၉၀၈ ခု ဇွန်လ ၃၀ ရက် အင်္ဂါနေ့ ခန္ဓာပဉ္စကသမုတိမရဏသဘောသို့ ရွှေလျော ကွယ်လွန်ရလေသည်။

ထိုသို့ ကွယ်လွန်သောအခါ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို ရှေးမြန်မာမင်းတို့လက်ထက် ဆောင်ရွက်မြဲလေ့ထုံးစံအခမ်းအနားနှင့်အညီ ကြီးကျယ်မြင့်မြတ်စွာ သင်္ဂြိုဟ်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော်အလုံးကို အုပ်ချုပ်စီရင်တော်မူရသော ဘုရင်ခံ မင်းနှင့်တကွ အစိုးရအရာရှိမင်းတို့က အစိုးရဘဏ္ဍာတော်မှ သပြာငွေတော်များစွာ ထုတ်ပေးချီးမြှင့်တော်မူသည်ဖြစ်၍ ကွယ်လွန်သူ ဝန်ရှင်တော်မင်းကြီး၏ ရုပ်အလောင်းကို သက္ကရာဇ် ၁၂၇၀ ပြည့်၊ ဝါဆိုလဆန်း ၁၀ ရက်နေ့ ညနေ ၄ နာရီအချိန် မန္တလေးတပ်မြို့တွင်း ၃ ဆက်အိမ်ကြီးတွင် ထမ်းစင်၊ သန့်လျှင်၊ ဗိတန်၊ ညောင်စောင်း၊ ထီးဖြူ၊ ထီးနီ စသော အဖွယ်အရာ အဆောင်အရွက်တို့ကို စီစဉ်ခင်းကျင်းလျက် အမြောက်သံ ၅ ချက် ပစ်ဖောက်သည်နှင့် တစ်ပြိုင်နက် အခမ်းအနားဖွင့်လှစ်ပါသည်။ ဤသို့ အခမ်းအနားဖွင့်လှစ်သောအခါ ကြွရောက်လာသော ပရိသတ်အပေါင်းတို့သည် ကွယ်လွန်လေပြီးသူ ဝန်ရှင်တော် ကင်းဝန်မင်းကြီးအား ကြည်ညိုလေးမြတ် လွမ်းဆွတ်တသခြင်းနှင့်တကွ ဤမျှလောက် ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံသောသူ စင်လျက်လည်း သင်္ခါရသဘော မလွန်နိုင်သည်ဖြစ်၍ စုတိကမ္မဇရုပ်စဲချုပ် ကွယ်လွန်ရသည်ကို ယောနိသော မနသိကာရအားဖြင့် သံဝေဂယူတော်မူကြစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရာထူးပေးသည်။ ထို့နောက် ကြည်းကင်း၊ ရေကင်းတို့ကို အုပ်ချုပ်ရသော ဝန်ထောက်ကင်းရာထူးတိုးမြှင့်ပေးခဲ့ရာမှ ကင်းဝန်မင်းကြီးဦးကောင်းဟု ထင်ရှားလာသည်။ ကင်းဝန်ရာထူးရသောအခါ မင်းလှမြို့၌နေ၍ ကူးသန်းရောင်းဝယ်ရေးနှင့် အခွန်အကောက်လုပ်ငန်းများကို ကြီးကြပ်သည့် တာဝန်ယူရသည်။

ကင်းဝန်မင်းကြီးသည် မြန်မာနိုင်ငံကို ခေတ်မီနိုင်ငံဖြစ်စေလိုသူ၊ မင်းတုန်းမင်းကို နန်းတင်ပေးသူ၊ အီတလီ၊ အင်္ဂလန်နှင့် ပြင်သစ်ပြည်သွား မြန်မာသံအဖွဲ့ကို ဦးဆောင်သူ၊ မင်းတုန်းမင်းလက်ထက် ဝေလမင်းသား အိန္ဒိယနိုင်ငံသို့လာစဉ် မြန်မာအစိုးရကိုယ်စားလှယ်အဖြစ် သွားရောက်တွေ့ဆုံခဲ့သူ၊ မင်းမှုရေးရာ အတွေ့အကြုံများသူ၊ အမြော်အမြင်ရှိသူ၊ အဆိုအမိန့်ရဲရင့်သူ၊ လူနေဟန်ကောင်းသူ၊ စာပေဗဟုသုတ ပြည့်စုံကြွယ်ဝသူ၊ ဓမ္မသတ်နှင့် ရာဇသတ်ရေးရာတို့၌ ကျွမ်းကျင်သူဖြစ်သောကြောင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် သံတမန်ရေးရာ၌ ကျွမ်းကျင်၍ ထူးချွန်ထက်မြက်သည့် စွယ်စုံရပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ခံရသူ ဖြစ်သည်။

ကင်းဝန်မင်းကြီးသည် စာပေဗဟုသုတနှင့် ပြည့်စုံသူဖြစ်သည့်အလျောက် စာပေပညာရှင်အဖြစ်လည်း ထင်ရှားသည်။ ၎င်းရေးသားခဲ့သည့် စာပေလက်ရာ အများအပြားအနက်မှ လန်ဒန်မြို့သွားနေ့စဉ်မှတ်တမ်း၊ ပြင်သစ်ပြည်သွား နေ့စဉ်မှတ်တမ်း၊ ၃၆ စောင်တွဲ အမွေမှုခန်းဓမ္မသတ်၊ ၃၄ စောင်တွဲ အိမ်မှုခန်းဓမ္မသတ်တို့မှာ လူသိများသည်။ ကင်းဝန်မင်းကြီးသည် ရွှေတိဂုံတေးထပ်၊ နေမိရကန်၊ ရတနာနဒီမော်ကွန်း၊ မင်္ဂလာချေင်း၊ ဘုန်းတော်ဘွဲ့၊ မိုးဘွဲ့၊ တောင်ဘွဲ့ အပါအဝင် ရတု၊ ရကန်၊ ဧချင်း၊ ပျို့၊ လင်္ကာ၊ သံပေါက်၊ လေးချိုး စသော ပုံစံအမျိုးမျိုးဖြင့် စာပေများရေးသားခဲ့ကြောင်း တွေ့ရှိရသည်။ အကြောင်းအရာအားဖြင့်လည်း ဘာသာရေး၊ ရာဇရေး၊ ဓမ္မရေး၊ စစ်ရေး၊ ယဉ်ကျေးမှုရေးရာ၊ ရာသီဥတုနှင့် တေးသီချင်းဟူ၍ စုံလင်လှကြောင်း တွေ့ရှိရသည်။

ကိုလိုနီခေတ်ရောက်သောအခါ အင်္ဂလိပ်တို့အား ဆန့်ကျင်တော်လှန်သူ ဝန်းသိုစော်ဘွား ဦးအောင်မြတ်အား လက်နက်ချရန် စကားကမ်းလှမ်းသူ၊ သီပေါမင်းနှင့် မိဖုရားတို့ အိန္ဒိယသို့ပါသွားပြီးစတွင် စလေဒင်ဦးဆောင်သော မြန်မာ့လွှတ်တော်တွင် မင်းတိုင်ပင်အမတ်ရာထူးလက်ခံသူ၊ အင်္ဂလိပ်အစိုးရက ပေးသော အငြိမ်းစားလစာယူသူ၊ ဝိတိုရိယဘုရင်မကြီးက ပေးသော စီအက်စ်အိုင် (Companion of the Most Exalted Order of the Star of India) ခေါ် အိန္ဒိယမဟာ အတုလတာရာသဟာယ ဘွဲ့တံဆိပ်ရသူ၊ ၁၉ဝ၈ ခုနှစ်တွင် ဦးကောင်း ကွယ်လွန်



သောအခါ ရုံးပိတ်ပေး၍ အင်္ဂလိပ်တပ်မှ စစ်ရဲမြင်းတပ်ခြံရံ၍ ဘင်ခရာတီးကာ အခမ်းအနားဖြင့် အသုဘပို့ခံရသူအဖြစ်လည်း ထင်ရှားသည်။ ဦးကောင်းနှင့်ပတ်သက်၍ 'ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ်'ဆိုသည့် စကားလည်း ရှိသည်။

ဦးကောင်း၌ သားသမီးမရှိသော်လည်း ဦးကောင်းနှင့် အမျိုးတော်စပ်သူတို့မှာ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်၊ အမျိုးသားစာပေဆုနှင့် ထွန်းဖောင်ဒေးရှင်းစာပေဆု (စာမူဆု)ရသူ ဥပဒေပညာရှင် ဦးအောင်သန်းထွန်း (မုံရွာ)တို့ ဖြစ်ကြသည်။

## ကန်ဒီစာချုပ် (၁၉၄၅)

ဒုတိယကမ္ဘာစစ်ပြီးသောအခါ အမြဲတမ်း ဗမာ့တပ်မတော် ဖွဲ့စည်းရေးပေါ်လာသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ပထမတွင် ဗြိတိသျှအစိုးရနှင့် မျိုးချစ်ဗမာ့တပ်မတော် ခေါင်းဆောင်များအတွင်း သဘောထားချင်း မတူကြ။ စစ်ပြီး၍ ဗမာ့တပ်မတော် အသစ်ပြန်လည်ဖွဲ့စည်းရာတွင် ရှိနေပြီးသော မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီးမှ တပ်မတော်သားတစ်ဦးချင်းအား စိစစ်၍ ဗမာ့တပ်မတော်ကို ဖွဲ့စည်းရန် ဗြိတိသျှအစိုးရက ဆန္ဒရှိသည်။ မြန်မာ့ခေါင်းဆောင်များ၏ သဘောထားကမူ မျိုးချစ်ဗမာ့တပ်မတော်ကို မဖျက်သိမ်းဘဲ အဖွဲ့အစည်းလိုက်ထား၍ ယင်းကိုပင် အမာခံထားကာ ဗမာ့တပ်မတော်ကို ဖွဲ့စည်းရန်ဖြစ်သည်။ ထို့ပြင် ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားတပ်သားများကိုလည်း အမြဲတမ်း ဗမာ့တပ်မတော်အတွင်း သိမ်းသွင်းရန် မြန်မာ့ခေါင်းဆောင်များက လိုလားကြသည်။ ထိုသို့ သဘောထားချင်းမတူသည်ကို ဆွေးနွေးညှိနှိုင်း၍ ဖြေရှင်းသည့် နည်းဖြင့် အဖြေရှာရန် မြန်မာနိုင်ငံဘက်မှ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရဘက်မှ အရှေ့တောင်အာရှဆိုင်ရာ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ် လော့လူဝီမောင့်ဘက်တန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)၊ ကန်ဒီမြို့၌ ၁၉၄၅ ခု၊ စက်တင်ဘာလ ၆ ရက်မှ ၇ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးပွဲတွင် ရရှိသော သဘောတူညီမှုများကို ကန်ဒီစာချုပ်ဟု ခေါ်နေခြင်းဖြစ်သည်။

ဆွေးနွေးပွဲလုပ်သည့် မြို့ကိုအစွဲပြု၍ ကန်ဒီစာချုပ်ဟုခေါ်ခြင်းဖြစ်သည်။ စာချုပ်အရ သဘောတူကြသည့် အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ မျိုးချစ်ဗမာ့တပ်မတော်တစ်ခုလုံးကို အမြဲတမ်းဗမာ့တပ်မတော်အတွင်း သိမ်းသွင်းရန်နှင့် ထိုသို့ သိမ်းသွင်းရာတွင် ကျန်းမာရေးနှင့်ပြည့်စုံ၍ တပ်မတော်တွင် အမှုထမ်းလိုသည့် တပ်သား ၅၂၀၀ နှင့် အရန်တပ်သား ၃၀၀၀ အထိ လက်ခံရန် သဘောတူကြသည်။ ဤအချက်အရ မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီး တပ်မတော်သားတစ်ဦးချင်း စိစစ်၍ အမြဲတမ်း ဗမာ့တပ်မတော် ဖွဲ့စည်းရန်ဆိုသည့် ဗြိတိသျှတို့၏ မူလအစီအစဉ် ပျက်သွားသည်။

၂။ အမြဲတမ်းတပ်မတော်တွင် ဗိုလ် ၂၀၀ နှင့် အရန်ဗိုလ် ၂၀၀ ခန့်ထားရန်လည်း သဘောတူကြသည်။

၃။ မျိုးချစ်ဗမာ့တပ်မတော်သားများ၏ လစာ၊ ခွင့်ရက်နှင့် ဆေးဝါးကုသမှု စသည့် ရသင့်ရထိုက်သော အခွင့်အရေးများကို ဆောင်ရွက်ပေးရန်လည်း သဘောတူကြသည်။

၄။ ဗြိတိသျှတို့ဘက်မှ ကိုယ်စားလှယ်များနှင့် မျိုးချစ်ဗမာ့တပ်မတော် ကိုယ်စားလှယ်များပါသော အဖွဲ့တစ်ခုဖွဲ့ကာ ထိုအဖွဲ့က အထက်ပါကိစ္စများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လည်း သဘောတူကြသည်။

စာချုပ်ချုပ်ဆိုပြီးနောက် မျိုးချစ်ဗမာ့တပ်မတော်ကို ဗမာ့တပ်မတော်ဟု အမည်ပြောင်းလိုက်သည်။ ထို့နောက် ဗမာ့တပ်မတော်သည် ဖဆပလမှ နုတ်ထွက်လိုက်ရသည်။ ရဲဘော်သုံးကျိပ်က ဦးဆောင်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်ဟူသည့် အမည်များဖြင့် ပေါ်ပေါက်ခဲ့သော ဗမာ့တပ်မတော်သည် ကန္ဒီစာချုပ်ချုပ်နိုင်ခြင်းအားဖြင့် အမြဲတမ်း အမျိုးသားဗမာ့တပ်မတော်အဖြစ် တရားဝင်ရပ်တည်ခွင့်ရလာတော့သည်။ ဤစာချုပ်အရ အမြဲတမ်းဗမာ့တပ်မတော် ဖွဲ့စည်းရေးကိစ္စလည်း ပြေလည်သွားသည်။



## ကန်ဒီသွား မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၄၅)

စစ်ပြီးခေတ် မြန်မာ့တပ်မတော် ပြန်လည်ဖွဲ့စည်းရေးအတွက် သီရိလင်္ကာနိုင်ငံ ကန်ဒီဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ ဗိုလ်လကျ်ာ
၃။ ဗိုလ်နေဝင်း
၄။ ဗိုလ်ဇေယျ
၅။ သခင်သန်းထွန်း
၆။ ဦးဘဘေ
၇။ စောဘဦးကြီး
၈။ ဗိုလ်ကျော်ဇော
၉။ ဗိုလ်မောင်မောင်
၁၀။ ဗိုလ်ဇော်မင်း(ဦးမောင်မောင်ကျော်ဝင်း)
၁၁။ ဦးညိုထွန်း

မြန်မာနိုင်ငံ စစ်ပြေးအစိုးရ အကြံပေးပုဂ္ဂိုလ် ဦးတင်ထွဋ်လည်း ဆွေးနွေးပွဲသို့ တက်သည်။

## ကမ်ဘာလင်ဆွေးနွေးပွဲ (၁၉၄၅)

မြန်မာပြည် စစ်ပြေးဘုရင်ခံ ဒေါ်မန်စမစ်နှင့် မြန်မာတို့ဘက်မှ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဘဘေ၊ ဦးဆက်၊ ဆာမောင်ကြီး၊ ဦးဘဦး၊ ဦးပု၊ ဦးဆစ်ဒနီလူနီ၊ ဦးဘသန်း၊ ဦးဘိုးဗျော၊ ဦးဘကလေး၊ ခန်းဗဟာဒူးနိုက်ကွားရားနှင့် ဦးခူအိမ်ခွက်တို့ ရန်ကုန်မြစ်အတွင်းရှိ ကမ်ဘာလင်စစ်သင်္ဘော *(HMS Cumberland)* ပေါ်၌ ၁၉၄၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော ဆွေးနွေးပွဲဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေးနှင့် လွတ်လပ်ရေးကိစ္စ ဆွေးနွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကုမ္မာရီအသင်းများ (၁၉၁၉)

ကုမ္မာရီအသင်းခေါ် မြန်မာအမျိုးသမီး ကုမ္မာရီအသင်းများ ၁၉၁၉ ခုနှစ်အတွင်းက မြန်မာနိုင်ငံအနှံ့ ပေါ်ထွက်ခဲ့သည်။ မူလရည်ရွယ်ချက်မှာ အမျိုးဘာသာ သာသနာနှင့် ပညာပြန့်ပွားရေးတို့ဖြစ်သည်။ သို့သော် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှအစ ကုသိုလ်ရေး၊ ချွေတာရေး၊ ဗဟုသုတတိုးပွားရေးတို့အပြင် အမျိုးသမီးများ ရသင့်ရထိုက်သည့် ခံစားခွင့်များအတွက် တောင်းဆိုရင်း နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်လာခဲ့ကြသည်။ အထူးသဖြင့် ဝိုင်အမ်ဘီအေအသင်းချုပ်နှင့် ဆက်သွယ်ပြီး နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ခဲ့ကြသည်။ ဝိုင်အမ်ဘီအေမှ ဂျီစီဘီအေသို့ ပြောင်းလဲလိုက်သောအခါတွင်လည်း ဂျီစီဘီအေနှင့် ဆက်သွယ်ပြီး ဂျီစီဘီအေ၏ ညွှန်ကြားချက်များအတိုင်း နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ ထို့ကြောင့် ဝံသာနုကုမ္မာရီအသင်းများဟု ခေါ်ကြသည်။ ထင်ရှားသော အသင်းမှာ မြန်မာ့အမျိုးသမီးသမဂ္ဂ၊ မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီ၊ မြန်မာအမျိုးသမီးများအသင်းနှင့် ဒါနသုခအသင်းတို့ဖြစ်ကြသည်။

ကုမ္မာရီအသင်းများသည် ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေ နှစ်လည်ညီလာခံများသို့ ကိုယ်စားလှယ်များလွှတ်၍ နိုင်ငံအကျိုးပြုနှင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် ပတ်သက်သော အဆိုများ တင်သွင်းခြင်း၊ ထောက်ခံခြင်းများပြုလုပ်သည့်နည်းဖြင့် နိုင်ငံရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ကုမ္မာရီအသင်းသူများ၏ အထူးဆောင်ရွက်ချက်မှာ အင်္ဂလိပ်လုပ်ပစ္စည်းနှင့် အသုံးအဆောင်များ ဝယ်ယူအသုံးမပြုရေးနှင့် တိုင်းရင်းဖြစ် အားပေးရေးတို့ဖြစ်သည်။ ထို့ကြောင့်လည်း တိုင်းရင်းဖြစ် ပင်နီချောနှင့် ယောထဘီများ ခေတ်စားခဲ့သည်။ ကိုယ့်အမျိုးချစ်သူတို့၏ ဝတ်စားဆင်ယင်မှုအဖြစ် ထင်ရှားခဲ့သည်။ ဤနည်းဖြင့် တစ်ဖက်တစ်လမ်းမှ မျိုးချစ်စိတ်ကို နှိုးဆွပေးခဲ့သည်။

ဒိုင်အာခီကို အကြောင်းပြု၍ ဂျီစီဘီအေအသင်းကြီး နှစ်ခြမ်းကွဲသောအခါ အများစုက ဒိုင်အာခီကို သပိတ်မှောက်သော ဂျီစီဘီအေဘက်မှ အားပေးထောက်ခံခဲ့သည်။ ထို့နောက် ခွဲရေး-တွဲရေးပြဿနာ ပေါ်လာသောအခါ ကုမ္မာရီအသင်းများလည်း ကွဲသွားပြီး တဖြည်းဖြည်း မေးမှိန်သွားခဲ့သည်။ ထို့ကြောင့်



ကုမ္မာရီအသင်းများကို ကြည့်၍ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးလွတ်မြောက်ရေး ကြိုးပမ်းမှုတွင် အမျိုးသမီးများလည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြောင်း ထင်အရှားသိရသည်။

## ကျောင်းသားများ ကာတွန်းပြိုင်ပွဲ (၁၉၂၃)

မြန်မာနိုင်ငံ၌ ပထမဆုံး ကျောင်းသားများ ကာတွန်းပြိုင်ပွဲကို ရန်ကုန်တိုင်း အင်္ဂလိပ်သတင်းစာတိုက်က ကြီးမှူးကျင်းပသည်။ ထိုပြိုင်ပွဲတွင် ဦးဟိန်စွန်းက မော်လမြိုင်မြို့ စိန့်ပက်ထရစ်ကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမရ၍ ဆုငွေ ၃၀ ကျပ် ချီးမြှင့်ခံရသည်။

## ကြံစိုက်ဧရိယာ

ကိုလိုနီခေတ်အတွင်းက ကြံစိုက်ဧရိယာမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၈၉၀ | - | - | ၁၀,၅၀၀ |
| ၁၉၀၀ | - | - | ၁၁,၆၀၀ |
| ၁၉၁၀ | ၉,၈၉၂ | ၂,၃၈၀ | ၁၂,၂၇၂ |
| ၁၉၂၀ | ၁၅,၅၃၄ | ၅,၁၃၅ | ၂၀,၆၆၉ |
| ၁၉၃၀ | ၁၂,၆၁၃ | ၅,၆၃၈ | ၁၈,၂၅၁ |
| ၁၉၄၀ | ၃၀,၃၈၁ | ၃၀,၆၀၁ | ၆၀,၉၈၂ |
| ၁၉၄၁ | ၃၅,၅၃၅ | ၄၁,၃၄၁ | ၇၆,၈၇၅ |

၁။ ဤစာရင်းကို မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၁)မှ ကူးယူဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကြည့်မြင်တိုင်ကျောင်းသားသမဂ္ဂကလပ် (၁၉၁၆)

မြန်မာပြည်တွင် ပထမဆုံးဖွဲ့သော ကျောင်းသားအသင်း၏အမည် ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ ကြည့်မြင်တိုင်တွင် နေစဉ်က စည်းရုံးဖွဲ့စည်းခဲ့သည့် အသင်းဖြစ်သည်။ ကျောင်းသားခြောက်ယောက်ဖြင့် စတင် ဖွဲ့စည်းခဲ့ရာမှ တဖြည်းဖြည်း အသင်းဝင်များ တိုးပွားလာခဲ့သည်။ ထိုအသင်းတွင် ပါဝင်သူများအနက်မှ စာရင်းကောက်၍ရသူအချို့မှာ ဦးဖခင်၊ ဦးခင်၊ ဦးထွန်းဖေ (နောင်-ကျောင်းအုပ်ဆရာကြီး)၊ ဦးအောင်ထွား(နောင်-ရှေ့နေ)၊ ဦးဖိုးလတ်(မြန်မာ စာပေပညာရှိ)၊ ဦးအောင်လှ(သချာပါမောက္ခ)၊ ဦးစိန်၊ ဦးသန်းစိန်(အရေးပိုင်)၊ ဦးလွန်းဘော်(သခင်လွန်းဘော်)၊ ဦးသာလှိုင်(ပန်းတနော်နေရှင်နယ်ကျောင်းဆရာ ကြီး)၊ ဦးဘိုးအောင်မြင်(အမြတ်တော်ခွန်မင်းကြီး)၊ ဦးသာထွန်း(ဦးဖေမောင်တင် ၏ယောက်ဖ)တို့ညီအစ်ကိုနှင့် ဦးဘိုးအေး(ရခိုင်အမျိုးသားဘားကျွမ်းနှင့် အိန္ဒိယ ကလပ်အားကစားချန်ပီယံ)တို့ဖြစ်သည်။

အသင်း၏ ဆောင်ရွက်ချက်များမှာ အသင်းပိုင်အဆောင်၌ ကျောင်းသား အချို့ကို လက်ခံကျွေးမွေးစောင့်ရှောက်ပေးခြင်း၊ အခမဲ့ပညာသင်ပေးခြင်း၊ စာပေ ဟောပြောပွဲများကျင်းပခြင်း၊ စကားရည်လုပွဲများကျင်းပပေးခြင်းနှင့် အားကစား ပွဲများကျင်းပပေးခြင်းတို့ဖြစ်သည်။ ဟောပြောပွဲများကျင်းပရာတွင် ဝိုင်အမ်ဘီအေ ၏ ခေါင်းဆောင်ကြီးများဖြစ်ကြသော ဦးဘဘော၊ ဦးဘစီ၊ ဦးဘလှိုင်(လွှယ်အိတ် ကြီး)၊ အမ်အေဦးမောင်ကြီးနှင့် ဦးကွန်း(ပုသိမ်)စသည့် ပုဂ္ဂိုလ်ကြီးများအား ဖိတ် ကြား၍ ဟောပြောစေခြင်းမျိုးဖြစ်သည်။

၁၉၁၆-၁၇ ခုနှစ်အတွက် အမှုဆောင်လူကြီးများမှာ-

၁။ ကိုအုံးဖေ(လွှတ်တော်ရှေ့နေ) ဥက္ကဋ္ဌ
၂။ ကိုညွန့်(ရှေ့နေ) အတွင်းရေးမှူး
၃။ ကိုသာလှိုင်(ပန်းတနော် ဗုဒ္ဓဘာသာကျောင်း ဆရာ၊ ဦးသန်းနှင့် ဦးခန့်တို့၏ ဆရာကြီး) ငွေထိန်း

တို့ဖြစ်ပြီး ၁၉၁၇-၁၈ ခုနှစ်အတွက် အမှုဆောင်များမှာ-

၁။ ကိုဘရီ(မြို့အုပ်) ဥက္ကဋ္ဌ
၂။ ကိုဖခင်(ကြည့်မြင်တိုင်အမျိုးသားကျောင်းဆရာ) အတွင်းရေးမှူး
၃။ ကိုတင်(ဆိပ်ကမ်းဌာနရာဖြတ်ဝန်ထောက်) ငွေထိန်း

တို့ဖြစ်သည်။



၁၉၁၉-၂၀ ခုနှစ်အတွက် အမှုဆောင်များမှာ-

၁။ ကိုအောင်လှ(သချာပါမောက္ခ) ဥက္ကဋ္ဌ
၂။ ကိုမြ(အာဇာနည်ခေါင်းဆောင်ကြီး) အတွင်းရေးမှူး
၃။ ကိုစိန်(ဘဏ်မန်နေဂျာ) ငွေထိန်း

တို့ဖြစ်ကြပါသည်။

## ကွန်ဘစ် (၁၈၄၃-၁၉၁၀)

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ဗြိတိသျှတို့ မန္တလေးကို သိမ်းယူ ပြီးနောက် ရှမ်းနယ်အပါအဝင် တောင်တန်းဒေသများကို သိမ်းယူရန် ဆက်လက် ၍ တိုက်ခိုက်ကြသည်။ နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ်ကို ချင်းတောင်တန်း ဒေသမှ ခုခံတွန်းလှန်သူများအနက် ထင်ရှားသည့် ခေါင်းဆောင်တစ်ဦးမှာ ချင်း တိုင်းရင်းသားများက ကွန်ဘစ်ဟုလည်းကောင်း၊ ပုကြွမ်ဘီဟုလည်းကောင်း ခေါ်သော တာရွန်းချင်းအမျိုးသားဖြစ်သည်။

ကွန်ဘစ်သည် ချင်းပြည်နယ် ဖလမ်းဒေသရှိ တာစွန်းရွာဇာတိဖြစ် သည်။ ကွန်ဘစ်ကို ၁၈၄၃ ခုနှစ်တွင် ဖွားမြင်သည်။ ဖခင်မှာ တာစွန်းချင်း လူမျိုးစုခေါင်းဆောင် ဦးကစ်ဘစ်ဖြစ်သည်။ ကွန်ဘစ် အသက် ၂၂ နှစ်အရွယ် ၁၈၆၅ ခုနှစ်တွင် ဖခင်၏အရိုက်အရာကို ဆက်ခံကာ တာစွန်းချင်းလူမျိုး ခေါင်းဆောင်တစ်ဦး ဖြစ်လာသည်။

ဗြိတိသျှတပ်များ ချင်းတောင်တန်းဒေသသို့ ၁၈၈၇ ခုနှစ်အတွင်း ထိုးစစ် ဆင်လာသောအခါ ကွန်ဘစ်သည် အခြားသော ချင်းတိုင်းရင်းသားခေါင်းဆောင် များဖြစ်သော ဟောက်မန်း၊ ဆွန်အွန်၊ ကိမ်းလမ်းနှင့် ကိမ်းလန်း စသူတို့နှင့် ပူးပေါင်း၍ ဗြိတိသျှတပ်များကို ခုခံတိုက်ခိုက်ကြသည်။ ကလေးမြို့အနီး မြင်သာ ဆိပ်အရပ်၊ အင်းဒင်အရပ်နှင့် စီဟောင်အရပ်များတွင် ဗြိတိသျှတပ်များနှင့် ကွန်ဘစ် တပ်များ တိုက်ပွဲဖြစ်ကြသည်။ ပုဂံနှင့် မြင်းခြံမှ ဆုတ်ခွာလာသော ရွှေချီးဖြူ မင်းသားဦးဆောင်သော အဖွဲ့နှင့် ကွန်ဘစ်တို့ပူးပေါင်း၍လည်း ဗြိတိသျှတပ်များ ကို တွန်းလှန်တိုက်ခိုက်ကြသည်။ ရှိသမျှသေနတ်နှင့် ဓား၊ လှံများကို သုံး၍ ပြောက်ကျားစနစ်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။

ဗြိတိသျှတို့သည် ကွန်ဘစ်အား ဖမ်းဆီး၍ မရနိုင်သဖြင့် ၎င်း၏သား ဇန်မွန်းအား ဖမ်းဆီးခဲ့သည်။ ချင်းတိုင်းရင်းသားတို့၏ စစ်လက်နက်အင်အားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့၏ လက်နက်အင်အားချင်း အဆမတန်ကွာခြားကြောင်း သိရှိသဖြင့် ကြွန်ဘစ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပါက တာစွန်းချင်းတို့ လက်နက်ချမည်ဟု ဗန်မွန်း၏ ကတိပေးချက်ကို ဗြိတိသျှတို့ဘက်က သဘောတူသဖြင့် ကြွန်ဘစ်တို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ အဆုံးသတ်သွားသည်။ နယ်ချဲ့ဗြိတိသျှများကို ဆန့်ကျင်တွန်းလှန်ကြိုးစားခဲ့သော ကြွန်ဘစ်သည် ၁၉၁၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက်နေ့ အသက် ၆၇ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ကြွန်ဘစ်တွင် ဒေါ်ဇာတီလ်နှင့် ဒေါ်ကိမ်းကြွယ်ဟူ၍ ဇနီးနှစ်ယောက်ရှိပြီး သားသမီးခြောက်ယောက် ကျန်ခဲ့သည်။

အင်္ဂလိပ်မှတ်တမ်းများတွင် (Cawn Bik) ဟုလည်းကောင်း၊ (Sonpek) ဟုလည်းကောင်း ရေးသောကြောင့် ဗိုလ်ဆွန်ပက်အမည်ဖြင့် ပို၍လူသိများသည်။

## ခေတ်စမ်းစာပေခေတ်

ကိုလိုနီခေတ်အတွင်း ၁၉၃၄-၃၅ တစ်ဝိုက်တွင် မြန်မာပြည် ပညာပြန့်ပွားရေးအသင်းက ပုံနှိပ်ထုတ်ဝေသော ခေတ်စမ်းပုံပြင်နှင့် ခေတ်စမ်းကဗျာစာအုပ်များ ထွက်လာသည်။ ထိုစာအုပ်များမှာ သိပ္ပံမောင်ဝ(ဦးစိန်တင်)၊ တက္ကသိုလ်မောင်သန့်စင်(ဦးအေးမောင်)၊ ဇော်ဂျီ(ဦးသိန်းဟန်)၊ မင်းသုဝဏ်(ဦးဝန်)၊ ကုသ(ဦးတိုးအောင်)တို့က **ဂန္ထလောကမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သမဂ္ဂမဂ္ဂဇင်း** စသည်တို့၌ ရေးသားခဲ့သည့် စာပေလက်ရာများမှ ထုတ်နုတ်၍ ဆရာကြီးဦးဖေမောင်တင်က တည်းဖြတ်ထုတ်ဝေလိုက်သည့် စာအုပ်များဖြစ်သည်။

ဆရာကြီးဦးဖေမောင်တင် တည်းဖြတ်ထုတ်ဝေလိုက်သော ခေတ်စမ်းပုံပြင်နှင့် ခေတ်စမ်းကဗျာစာအုပ်များမှာ ဆန်းသစ်သော အတွေးအခေါ်နှင့် အရေးအသားပုံစံအသစ်ဖြစ်ပြီး ခေတ်ကို 'စမ်း'သည့် သဘောပါသောကြောင့် 'ခေတ်စမ်းစာပေခေတ်'ဟုခေါ်ရသည့် သမိုင်းဖြစ်ရပ်တစ်ခုအဖြစ် ထင်ရှားသည်။ ခေတ်စမ်းစာပေ၏ ထူးခြားချက်မှာ ဖွဲ့နွဲ့သော အကြောင်းအရာများမှာ ရှေးဟောင်းကျမ်းလာ အကြောင်းအရာများမဟုတ်ဘဲ နေ့စဉ်မြင်နေ၊ တွေ့နေ၊ ကြားနေရသည့် အကြောင်းအရာများ ဖြစ်သည်။ စာရေးသူတို့ တွေ့ကြုံထင်မြင်ရသမျှကို စာဖတ်သူတို့စိတ်တွင် ပန်းချီကားသဖွယ် ထင်မြင်လာစေရန် ရေးသားကြသည်။ ဝါကျရှည်ထက် ဝါကျတိုကို အသုံးများပြီး သရုပ်ပါသော ဘဝသရုပ်ဖော်စာပေရေး



ဟန်မျိုး ဖြစ်သည်။ မိမိတို့မြင်တွေ့သမျှကို တိုတိုတုတ်တုတ်နှင့် သရုပ်ပေါ်အောင် ရေးနိုင်ကြသည်။ ကဗျာများမှာလည်း 'လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်' ဆိုသည့် စကားနှင့်အညီ ဂန္ထဝင်စာပေကို အခြေခံ၍ ခေတ်သစ်ပုံစံဖြင့် ရေးစပ်သော ကဗျာများဖြစ်သည်။ ၎င်းကိုပင် မော်ဒန်ကဗျာဟုလည်း ခေါ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဂန္ထဝင်ဟန်ကိုပင် ချဲ့ထွင်၍ စိတ်ကူးသစ် အတွေးသစ် ပုံသဏ္ဌာန်အသစ်ဖြင့် ရသမြောက်အောင် ရေးဖွဲ့လာကြခြင်းဖြစ်သည်။ အချုပ်အားဖြင့်ဆိုလျှင် လက်ရှိမျက်မှောက်ခေတ်အခြေအနေကို ဖော်ပြသည့် ခေတ်မီလင်္ကာစကားပြေအရေးအသားပေါ်ထွန်းလာသည့် ခေတ်ဖြစ်သည်။

'ခေတ်စမ်းစာပေ'ပေါ်စက ကြိုက်သူရှိသကဲ့သို့ မကြိုက်သူများလည်း ရှိသည်။ မကြိုက်သူများ၏ ဝေဖန်တိုက်ခိုက်မှုလည်း ရှိခဲ့သည်။ သို့သော်လည်း ခေတ်စမ်းစာပေပညာရှင်များ၏ မလျှော့သော လုံ့လဖြင့် ကြိုးပမ်းမှုကြောင့် ခေတ်စမ်းကဗျာနှင့် စာပေမှာ လူကြိုက်များလာသည်။ ခေတ်စမ်းသမားများ၏ ကြိုးပမ်းမှုကြောင့်ပင် မြန်မာစာပေသည် အဆင့်မြင့်၍ တည်တံ့နိုင်မြဲ ဖွံ့ဖြိုးစည်ပင်လာရသည်ဟု ဆိုနိုင်ပါသည်။ (မြန်မာပြည်ပညာပြန့်ပွားရေးအသင်းလည်း ကြည့်ပါ။)

## ချင်းတောင်တန်းများစည်းမျဉ်းဥပဒေ (၁၈၉၆)

အင်္ဂလိပ်တို့သည် မန္တလေးနေပြည်တော်ကို သိမ်းယူပြီးနောက် ကချင်တောင်တန်းဒေသများကို သိမ်းယူလွှမ်းမိုးနိုင်သောအခါ 'ကချင်တောင်တန်းလူမျိုးစုများဆိုင်ရာ စည်းမျဉ်းဥပဒေ'ကို ၁၈၉၅ ခုနှစ်၌ ပြဋ္ဌာန်းသကဲ့သို့ ချင်းတောင်တန်းဒေသများကို သိမ်းယူရရှိပြီးသောအခါ (The Chin Hills Regulation) ကို ၁၈၉၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ချင်းတောင်တန်းဒေသများအတွက် သီးခြားအုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် ချင်းတောင်တန်းနှင့် ပြည်မကို အုပ်ချုပ်ရေးအရ ခွဲခြားလိုက်သည်။ ဤသည်မှာလည်း အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်ရေးအစ၏ သာဓကတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ချင်းအမျိုးသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (၁၉၃၃)

ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးတို့အတွက် ချင်းအမျိုးသားများ စည်းလုံးညီညွတ်စွာ လုပ်ကိုင်ရန် ဖွဲ့စည်းသည့် အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့ကို ဦးဝမ်းသူးမောင်၊ သခင်အောင်မင်း(ဦးဖေလိန်း)၊ သခင်အောင်ညွန့်(ဦးအွမ်နိမ်း)နှင့် ဦးကီယိုမန်းတို့ ဦးဆောင်၍ ၁၉၃၃ ခုနှစ်တွင် ဖွဲ့စည်းသည်။ ပြည်မရှိ တို့ဗမာအစည်းအရုံးနှင့် ဆက်သွယ်၍ လွတ်လပ်ရေးအတွက် စည်းရုံးလှုပ်ရှားခဲ့သည်။

## ချင်း–ဗမာချစ်ကြည်ရေးညီလာခံ (၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီးမှ ကြီးမှူး၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ချင်း–ဗမာ ချစ်ကြည်ရေးညီလာခံကို ၁၉၄၇ ခု၊ မတ်လ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ မြောက်ပိုင်း ချင်းတောင်နှင့် တောင်ပိုင်းချင်းတောင်အကြားရှိ ထီးလင်းမြို့၌ ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်ရန် စီစဉ်ထားသော်လည်း အကြောင်းမညီညွတ်၍ မတက်ရောက်နိုင်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား ဝန်ကြီးဒီးဒုတ်ဦးဘချို၊ သခင်ဗတင်၊ ဦးငွေဆိုင်နှင့် ဦးပုကလေးတို့ တက်ရောက်ခဲ့ကြသည်။ ချင်းတိုင်းရင်းသားများဘက်မှလည်း မြောက်ပိုင်းချင်းတောင်မှ ခေါင်းဆောင်ကြီး ဦးဇာဟိုးနှင့် တောင်ပိုင်းချင်းတောင်မှ ဦးဝမ်းသူးမောင်တို့အပါအဝင် ချင်းတိုင်းရင်းသားခေါင်းဆောင်အများအပြား တက်ရောက်ကြသည်။ ညီလာခံသို့ တက်ရောက်ကြသည့် ချင်း–ဗမာလူထုမှာ တစ်သောင်းကျော်ရှိသည်။ ယင်းညီလာခံက ပင်လုံစာချုပ်ကို ထောက်ခံကြောင်းနှင့် လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်တိုက်ပွဲဝင်ကြရုံမက လွတ်လပ်ပြီးသော မြန်မာနိုင်ငံတော်ကြီးတွင် တာဝန်ခွဲဝေလုပ်ကိုင်ရာ၌လည်းကောင်း၊ အကျိုးခံစားမှု၌လည်းကောင်း အညီအညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် အမိန့်ခံပြုခဲ့ကြသည်။ ယင်းညီလာခံကျင်းပသည့် နေရာတွင် ချင်း–ဗမာချစ်ကြည်ရေးကျောက်တိုင်ကိုလည်း စိုက်ထူခဲ့သဖြင့် တိုင်းရင်းသားသွေးစည်းညီညွတ်ရေး၏ မှတ်တိုင်အဖြစ် ယနေ့တိုင် တည်ရှိနေပေသည်။





ချင်းဗမာချစ်ကြည်ရေးညီလာခံသို့ ဒီးဒုတ်ဦးဘချိုတို့ တက်ရောက်ခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



## ချောက်ရေနံမြေသပိတ် (၁၉၃၈)

ချောက်ရေနံမြေသပိတ်သည် ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် စတင်ဖြစ်ပွားသည်။ ချောက်မြို့မှ စတင်ဖြစ်ပွားသောကြောင့် ချောက်ရေနံမြေသပိတ်ဟု ထင်ရှားသည်။ သပိတ်စတင်ဖြစ်ပေါ်သည့် လတ်တလော အကြောင်းမှာ ဘီအိုစီကုမ္ပဏီမှ စက်ပြင်ဆရာ သခင်ခင် ခွင့်ယူသည့်ကိစ္စဖြစ်သည်။ တို့ဗမာအစည်းအရုံး၏ ညွှန်ကြားချက်အရ ရေနံချောင်းနှင့် ချောက် အလုပ်သမားအစည်းအရုံး အလုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်ရန် ကိစ္စရှိ၍ သခင်ခင် ရှောင်တခင်ခွင့်နှစ်ရက်တောင်းသည်။ ကုမ္ပဏီမန်နေဂျာက ခွင့်တစ်ရက်သာပေးသည်။ သို့သော် သခင်ခင်က ခွင့်နှစ်ရက်ခံစားပြီး ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် အလုပ်ပြန်ဝင်သည်။ ခွင့်တစ်ရက်ပေးသော်လည်း နှစ်ရက်ခံစားခဲ့သည့်အတွက် ၁၅ ရက်အလုပ်မဆင်းရန် မန်နေဂျာက သခင်ခင်အား အပြစ်ပေးသည်။ ထိုစဉ်က ရေနံမြေလုပ်သားတို့မှာ အမြဲတမ်းလုပ်သားများ မဟုတ်ဘဲ နေ့စားလရှင်းဖြင့် လုပ်ရသူများဖြစ်သည်။ ရှောင်တခင်ခွင့်အတွက်လည်း လုပ်ခမရပေ။ ထိုသို့ နေ့စားလရှင်း လုပ်သားတစ်ဦးကို ၁၅ ရက် အလုပ်မဆင်းရန် အပြစ်ပေးခြင်းသည် များလွန်းသည်။ ဖိနှိပ်ချုပ်ချယ်လွန်းသည်ဟု အလုပ်သမားထုက ယူဆသည့်အတွက် မကျေမနပ်ဖြစ်ပြီး ထိုနေ့တွင်ပင် သပိတ်မှောက်လိုက်ကြတော့သည်။ သို့သော် အခြေခံအကြောင်းရင်းမှာမူ နယ်ချဲ့အရင်းရှင်စနစ်ကြောင့် ရေနံလုပ်သားထု ခံစားနေရသော အထွေထွေမကျေနပ်မှုနှင့် မျိုးချစ်စိတ်တို့ကြောင့် ဖြစ်သည်။

လုပ်အားခနည်းသော်လည်း (ထိုစဉ်က ရေနံလုပ်သားတစ်ဦး၏ တစ်နေ့လုပ်အားခမှာ ၁ ကျပ် ၅၀ ပြားမှ ၂ ကျပ်မျှသာ ဖြစ်သည်။) အလုပ်ချိန်များခြင်း၊ ဘဝအာမခံချက် မရှိခြင်း၊ လုပ်ငန်းခွင်သာယာမှု မရှိခြင်း၊ နေအိမ်တန်းလျားများမှာ ကျဉ်းမြောင်း၍ ကျန်းမာရေးနှင့် မညီညွတ်ခြင်း၊ အလုပ်သမားတို့၏ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးအတွက် ဆောင်ရွက်မပေးခြင်း စသည်တို့မှာ အလုပ်သမားထု၏ အထွေထွေမကျေနပ်မှုများ ဖြစ်သည်။ ထိုအချိန်သည် တို့ဗမာအစည်းအရုံး၏ စည်းရုံးလှုံ့ဆော်မှုကြောင့် အလုပ်သမားထုသည် မျိုးချစ်စိတ်များ ပို၍နိုးကြားတက်ကြွလာသည်နှင့်အမျှ အရင်းရှင်နယ်ချဲ့တော်လှန်ရေးစိတ်ဓာတ်များ တိုးပွားလာချိန်လည်း ဖြစ်သည်။ ထိုသို့သော အထွေထွေမကျေနပ်



မှုများမှ ရသော ဘဝပေးအသိ၊ နိုင်ငံရေးနိုးကြားမှုတို့ ပေါင်းစပ်လိုက်သောအခါ နယ်ချဲ့အရင်းရှင်ဆန့်ကျင်ရေး အုံကြွပေါက်ကွဲမှုကြီး ပေါ်ပေါက်လာရတော့သည်။

ယင်းသပိတ်တွင် ရေနံလုပ်သားနှင့် ဘီအိုစီစာရေးဝန်ထမ်းများ ပါဝင်ကြသည်။ သပိတ်သည် ချောက်မှတစ်ဆင့် ရေနံချပ်၊ လမ်းရွာ၊ ရေနံချောင်းအထိ ကူးစက်သွားသည်။ နယ်ချဲ့အရင်းရှင်အစိုးရနှင့် ကုမ္ပဏီတို့ကလည်း နည်းမျိုးစုံဖြင့် သပိတ်ကို ဖြိုခွဲရန် ကြိုးစားကြသည်။ သပိတ်သမားများအား ဖမ်းဆီးခြင်း၊ ဒဏ်ခတ်ခြင်း၊ ထောင်ချခြင်း၊ အလုပ်ဖြုတ်ခြင်း၊ နေအိမ်တန်းလျားများမှ နှင်ထုတ်ခြင်းနည်းများကို သုံးသည်။ ဒေါက်တာဘမော်၏ ညွှန့်ပေါင်းအစိုးရကလည်း စုံစမ်းရေးကော်မတီဖွဲ့၍ ဆောင်ရွက်စေသည်။ သို့သော် ယင်းကော်မတီတွင် ဘုရင်ခံ၏ အလိုကျပုဂ္ဂိုလ်များသာပါဝင်ပြီး ပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးနိုင်သည့် အာဏာလည်း မရှိ၍ ဘာမျှမတတ်နိုင်ချေ။ ထို့ကြောင့် ချောက်ရေနံမြေသပိတ်မှာ တဖြည်းဖြည်း ရေရှည်သပိတ်အသွင်သို့ ကူးပြောင်းသွားသည်။ သပိတ်အတွင်း အလုပ်သမားထု၏ တင်ပြတောင်းဆိုချက်များကို ၁၁ လကြာသည့်တိုင် အရင်းရှင်ကုမ္ပဏီဘက်မှ ဖြေရှင်းမပေးသည့်အတွက် ရန်ကုန်သို့ ချီတက်ရန် ဆုံးဖြတ်လိုက်ကြသည်။ ထိုသို့ ရန်ကုန်သို့ ခရီးရှည်ချီတက်ရာမှ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားသည့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးကို ထပ်ဆင့်ပေါ်ပေါက်စေခဲ့သည်။ (ထောင့်သုံးရာပြည့် အရေးတော်ပုံကိုလည်း ကြည့်ပါ။)

## ချောင်းခွမင်းသားများ

ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းတွင် ချောင်းခွမင်းသားများဟု ထင်ရှားသူတို့မှာ စောရန်ပိုင်မင်းသားနှင့် စောရန်နိုင်မင်းသားတို့ဖြစ်သည်။ ၎င်းတို့မှာ မက္ခရာမင်းသားနှင့် တရုတ်တန်းခင်လေးတို့၏သား မင်းတုန်းမင်း၏ မြေးများဖြစ်ကြသည်။ ထိုမင်းသားနှစ်ပါးသည် နောက်ပါဗိုလ်ရွှေရန်၊ သာခ၊ စံဝင်း၊ အောင်ဒင် စသူတို့၏ အကူအညီဖြင့် အင်းဝစီရင်စု ချောင်းခွရွာကို ဗဟိုပြု၍ နယ်ချဲ့ဆန့်ကျင်ရေး စတင်လုပ်ဆောင်ခဲ့သောကြောင့် ၎င်းတို့ကို ဗြိတိသျှတို့က ချောင်းခွမင်းသားများဟု ခေါ်ခြင်းဖြစ်သည်။ ၎င်းတို့၏ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂလိပ်ကို စစ်ကြေညာခဲ့သည့် မြန်မာမင်းသားကြီးနှစ်ပါး

စောရန်ပိုင်မင်းသားကြီးနှင့် စောနေခွန်းမင်းသားတို့သည် တရုတ်ပြည်တွင် နတ်ရွာစံလွန်တော်မူကြပြီဟု သတင်းရှိခြင်း။

ဆွေတော်မျိုးတော်များက တရုတ်ပြည်သွားလိုခြင်း။

မင်းတုန်းမင်းတရားကြီး၏ မြေးတော် (မက်ခရာမင်းသားကြီး၏ သားတော်ကြီး) စောရန်ပိုင်သည် တပေါင်းလဆုတ် ၆ ရက်နေ့က တရုတ်ပြည်၌ နတ်ရွာစံတော်မူသွားပြီဟု ဗမာပြည် ဆွေတော်မျိုးတော်များထံသို့ ရောက်ရှိကြောင်း။

စောရန်ပိုင်မင်းသားကြီး၏ သားတော် စောနေခွန်းလည်း သီတင်းကျွတ်လဆုတ် ၃ ရက်နေ့က နတ်ရွာစံတော်မူပြီဆိုကြောင်း။

စောရန်ပိုင်မင်းသားကြီးသည် ၁၂၄၇ ခုနှစ် သီပေါမင်းကြီးပါလွန်တော်မူသော အချိန်ကစ၍ မြန်မာပြည်မှ တရုတ်ပြည်သို့ ထွက်ခွာသွားကြောင်း၊ ယခု နတ်ရွာစံသည်မှာလည်း တရုတ်ပြည်တွင်ဖြစ်ကြောင်း၊ စောရန်ပိုင်မင်းသားကြီးသည် အင်္ဂလိပ်အစိုးရအား ၅ ကြိမ်တိုင်တိုင် ပုန်ကန်ရန် ကြံရွယ်ကြိုးစားခဲ့ကြောင်း။

စောရန်ပိုင်မင်းသားကြီး၏ သားတော် စောနေခွန်းသည်လည်း အင်္ဂလိပ်အစိုးရအား ၁၂၇၉ ခုနှစ်က စစ်ကြေညာခဲ့ဖူးကြောင်း။

စောရန်ပိုင်မင်းသားကြီးသည် အင်္ဂလိပ်အစိုးရထံမှ တစ်ကြိမ်တစ်ခါမျှ ရိက္ခာတော်မယူခဲ့ဖူးသေးကြောင်း။ စောရန်ပိုင်မင်းသားကြီးနှင့် သားတော်စောနေခွန်းတို့ ရုပ်ကလာပ်ကို အစိုးရက သင်္ဂြိုဟ်ရန် ဈာပနအခမ်းအနားအတွက် စရိတ် ထောက်ပံ့ရန်အတွက် ဆွေတော်မျိုးတော်များက တောင်းဆိုထားကြောင်း။

ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသော စောရန်ပိုင်မင်းသားကြီး၏ သားတော် စောနေဝင်၊ သမီးတော် ထိပ်တင်မလေး။ တူတော် မက်ခရာကါမဏီမင်းသားတို့ကလည်း အစိုးရထံတွင် တရုတ်ပြည်သို့သွားခွင့်ရရန် တောင်းဆိုထားကြောင်း။*

---

* နိုင်ငံသမိုင်းသုတေသနစာစောင်၊ ၅၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ မတ်လ ၁၉၈၅ မှ ကူးယူဖော်ပြသည်။



အစောပိုင်းတွင် အင်းဝဒေသအလယ်ပိုင်းတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်နိုင်သည်အထိ အောင်မြင်မှုရခဲ့သည်။

နောက်လိုက်အင်အား ၆၀၀ ခန့်ရှိသော ချောင်းခွမင်းသားများသည် နတ်ထိပ်တောင်ကြားလမ်းတွင် တပ်စွဲလျက်ရှိသော မြင်စိုင်းမင်းသား၏ တပ်များနှင့် ပူးပေါင်းကာ မန္တလေး၊ အမရပူရ၊ အင်းဝနှင့် စစ်ကိုင်းတို့ကိုပါ တိုက်ခိုက်ရန် စီစဉ်ခဲ့ကြသဖြင့် ချောင်းခွမင်းသားများ၏ အန္တရာယ်ကို တွက်ဆမိသော ဗြိတိသျှတို့သည် ချောင်းခွမင်းသားများကို ဖမ်းဆီးပေးပါက ဆုတော်ငွေ ကျပ် ၆၀၀၀ နှင့် လက်အောက်ခံဗိုလ်များအား ဖမ်းဆီးပေးပါက ဆုတော်ငွေ ကျပ် ၅၀၀၀ စီ ချီးမြှင့်မည်ဟု ၁၈၈၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်အထိ ဗြိတိသျှတို့ တုန်လှုပ်ခဲ့ရသည်။

ချောင်းခွမင်းသားများသည် မန္တလေးကို တိုက်ခိုက်သိမ်းယူရန် ကြံစည်နေစဉ် ထိုအကြံအစည်ကို ဗြိတိသျှတို့သိရှိသွားပြီး စောရန်နိုင်မင်းသားကို ဗြိတိသျှတို့ ဖမ်းဆီးနိုင်ခဲ့သည်။ စောရန်နိုင်မင်းသားကို ပထမ ရန်ကုန်တွင် ထားပြီးနောက် စစ်တွေမြို့သို့ ပို့ထားသည်။ ပင်စင်လစာ ၅၀ ကျပ် ထောက်ပံ့သည်။ ထို့နောက် ဖနီးမြင်းခုံတိုင်ထိပ်တင်နှင့်အတူ ၁၈၉၅ ခု၊ ဧပြီလတွင် ကာလကတ္တားသို့ ပို့ထားခဲ့ရာ ထိုမြို့မှာပင် အသက်ထက်ဆုံး နေသွားခဲ့သည်။

စောရန်ပိုင်မင်းသားမှာမူ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ လွတ်မြောက်သွားပြီး ထိုဒေသတွင်ပင် အခြေစိုက်၍ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခဲ့သည်။ စောရန်ပိုင်မင်းသားသည် သန္နီစော်ဘွားဟောင်း နော်ဖနှင့်ငှင်း၏သား နော်မောင်၊ မိုးလှိုင်းစော်ဘွား ဦးခန်းလှိုင်၊ သာမဒူးဝါးနှင့် ဖုန်ကန်ဒူးဝါးတို့၏ အကူအညီဖြင့် ဗြိတိသျှဆန့်ကျင်ရေးကို ဆက်လက်လုပ်ဆောင်ခဲ့ရာ ဗြိတိသျှတပ်များနှင့် စစ်ပွဲအကြိမ်ကြိမ်ဆင်နွှဲခဲ့ရသည်။

လက်နက်ချရန် ဗြိတိသျှတို့၏ ကမ်းလှမ်းမှုကိုလည်း စောရန်ပိုင်မင်းသားက လက်မခံခဲ့ပေ။ ထို့ကြောင့် စောရန်ပိုင်မင်းသားအား ဖမ်းပေးနိုင်သူအား ဆုငွေ ၂၀၀၀ ကျပ်ပေးမည်ဟု ဗြိတိသျှတို့က ကြေညာခဲ့ရပြန်သည်။ ထို့နောက် ဗြိတိသျှတို့က အပြင်းအထန်ထိုးစစ်ဆင်လာ၍ စောရန်ပိုင်မင်းသားသည် ဗြိတိသျှစစ်ကြောင်းများကို ရှောင်ရင်း အရှေ့ဘက် သန္နီမှတစ်ဆင့် တရုတ်ပြည်အတွင်းသို့ ဝင်ရောက်တိမ်းရှောင်သွားသည်။ စောရန်ပိုင်မင်းသားသည် တရုတ်ပြည်အတွင်းရှိ ထန်ချုံတွင် နေထိုင်ပြီး သန္နီနှင့် မိုးမိတ်ရှိ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများကို အားပေးခဲ့သောကြောင့် ၁၈၉၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဗြိတိသျှအစိုးရက တရုတ်အစိုးရထံ ကိုယ်စားလှယ်လွှတ်၍ စောရန်ပိုင်၏ နိုင်ငံရေးလှုပ်ရှားမှုများကို ဟန့်တားပေးရန် တောင်းဆိုခဲ့သည်။ သို့သော်လည်း ၁၈၉၃ ခုနှစ်ဦးပိုင်းအထိ သန္နီနယ်မြောက်ပိုင်း၌ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ ရှိနေခဲ့သည်။ ထိုသို့ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်သော စောရန်ပိုင်မင်းသားသည် အသက် ၈၂ နှစ်အရွယ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

## ချွေးတပ်

'ချွေးတပ်'ဆိုသည်မှာ ဂျပန်ခေတ်အတွင်းက ပေါ်လာသည့်စကား ဖြစ်သည်။ တရားဝင်အမည်မှာ 'ဗမာ့လက်ရုံးတပ်'ဖြစ်သော်လည်း 'ချွေးတပ်' ဆိုသည့်အသုံးက ပို၍တွင်ကျယ်သည်။ အင်္ဂလိပ်ဘာသာဖြင့် (Sweat Army) ဟု ခေါ်သည်။ ဖက်ဆစ်ဂျပန်တို့၏ စစ်အောင်နိုင်ရေးအတွက် လိုအပ်သော အလုပ်သမားများ စုဆောင်းရာမှ ပေါ်လာသည့် စကားဖြစ်သည်။ အထူးသဖြင့် ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးအပါအဝင် အိန္ဒိယသို့ ထိုးစစ်ဆင်ရေးအတွက် အမ်းတောင်ကြားလမ်း၊ တောင်ကုတ်လမ်း၊ တမူးလမ်းများ ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများပြုပြင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ဆိပ်ကမ်းနှင့်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လိုအပ်သော အလုပ်သမားများကို အတင်းအဓမ္မခေါ်ယူခံရသူများကို ခေါ်ခြင်းဖြစ်သည်။ ၎င်းအလုပ်သမားများမှာ ချွေးကို ရင်း၍ ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရသောကြောင့် 'ချွေးတပ်'ဟု ခေါ်ခြင်းဖြစ်သည်။ (ယိုးဒယား-မြန်မာမီးရထားလမ်းလည်း ကြည့်ပါ။)



## ခွဲရေး-တွဲရေး (၁၉၃၀)

ဆိုင်မွန်ကော်မရှင် မြန်မာနိုင်ငံသို့ လာ၍ စုံစမ်းစစ်ဆေးပြီးသောအခါ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ပြီး ဒိုင်အာခီထက် တစ်ဆင့်သာသော အုပ်ချုပ်ရေးမျိုး တီထွင်ပေးသင့်ကြောင်း အစီရင်ခံခဲ့သည်။ ထိုကော်မရှင်၏ အစီရင်ခံစာ ထွက်လာပြီးနောက် ၁၉၃၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ ဒိုင်အာခီဥပဒေပြုကောင်စီ အစည်းအဝေးက မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ရန် ဆုံးဖြတ်လိုက်သည်။ ဗြိတိသျှအစိုးရတွင်လည်း မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ရန် အကြံရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံရေးလောကတွင် အိန္ဒိယနှင့် ဆက်၍ တွဲနေရမည်လော၊ သို့မဟုတ် ခွဲလိုက်ရမည်လောဆိုသည်မှာ ပြဿနာတစ်ရပ် ဖြစ်လာတော့သည်။ ယင်းကို ခွဲရေး-တွဲရေးဟု ခေါ်ခြင်းဖြစ်သည်။ (ဆိုင်မွန်ကော်မရှင်ကိုလည်း ကြည့်ပါ။)

ခွဲရေး-တွဲရေးပြဿနာ ပေါ်လာသောအခါ ခွဲရေးကို ကြိုက်သူရှိသကဲ့သို့ တွဲရေးကို လိုလားသူများလည်း ရှိလာသည်။ ဦးဘဘေ ခေါင်းဆောင်သော ပြည်သူပြည်သားပါတီခေါ် ၂၁ ဦးပါတီ၊ ဆာဂျေအေမောင်ကြီး၏ အင်ဒီပင်ဒင့်တစ်သီးပုဂ္ဂလအဖွဲ့၊ အမ်အေဦးမောင်ကြီး၏ မြန်မာနိုင်ငံတော် လွတ်လပ်ရေးအသင်းချုပ်၊ ဦးထွန်းအောင်ကျော်၊ ဦးဘလှိုင်၊ သာယာဝတီ ဦးပု၊ သာယာဝတီဦးမောင်မောင်နှင့် ဗြိတိသျှကုန်သည်ကြီးများမှာ ခွဲရေးဘက်က ဖြစ်သည်။ **မြန်မာ့အလင်းသတင်းစာ၊ ရဲသတင်းစာနှင့် သူရိယသတင်းစာ**တို့ကလည်း ခွဲရေးဘက်မှ ထောက်ခံရေးသားကြသည်။

ခွဲရေးသမားတို့၏ အယူအဆမှာ မြန်မာနှင့် ကုလားများ သဘာဝချင်း မတူ၍ တွဲထားသည်မှာ မတရားဟု ယူဆကြသည်။ မြန်မာနှင့် ကုလားတို့မှာ ဘာသာရေး၊ စီးပွားရေးနှင့် ဓလေ့ထုံးစံမှအစ ယဉ်ကျေးမှုချင်းလည်း မတူ၍ တွဲထားသည်မှာ သဘာဝမကျဟုလည်း ဆိုကြသည်။ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲလိုက်လျှင် မြန်မာနိုင်ငံအတွင်းသို့ တိုးဝင်လာနေသော အိန္ဒိယသားများ ရပ်ခြည်းရပ်တန့်သွားစေနိုင်မည်ဟုလည်း ယုံကြည်ကြသည်။ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်လိုက်ပြီးမှ ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရန် ရည်ရွယ်နည်းဖြစ်သည်။ အိန္ဒိယအရင်းရှင်ကို ပထမဦးတည်တိုက်သော အယူအဆဖြစ်သည်။ မြန်မာနိုင်ငံ၌ လာရောက်လွှမ်းမိုးနေသော အိန္ဒိယအရင်းရှင်နှင့် ပညာတတ်များကို ဦးစွာတိုက်ပြီးမှ အင်္ဂလိပ်နယ်ချဲ့ကို ဆက်တိုက်လိုသူများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တွဲရေးကြိုက်သူများမှာ ဦးချစ်လှိုင်၊ ဦးမြတ်သာထွန်းနှင့် ဆာပေါ်ထွန်းတို့၏ လှိုင်မြတ်ပေါ်ပါတီ၊ ဒေါက်တာဘမော်-ဦးကျော်မြင့်နှင့် ရမ်းဗြဲဦးမောင်မောင်တို့၏ မော်မြင့်ဗြဲပါတီ၊ ဝတ်လုံဦးကျော်ဒင်၊ မန္တလေးမှ ဦးဘရွှေ ၈ ဦးအဖွဲ့နှင့် ကုလားသူဌေးများ ဖြစ်ကြသည်။ **ဒီးဒုတ်ဂျာနယ်၊ ဗန္ဓုလဂျာနယ်၊ မြန်မာ့ဓေယျာ** နေ့စဉ်သတင်းစာတို့က တွဲရေးကို အားပေးကြသည်။

တွဲရေးသမားတို့က အိန္ဒိယနှင့် မြန်မာတို့မှာ အင်္ဂလိပ်လက်အောက်ခံများဖြစ်၍ တွဲ၍ ပေါင်းပြီး အင်္ဂလိပ်ကို တိုက်မှ လွတ်လပ်ရေးရမည်ဟု ယူဆကြသည်။ ခွဲလိုက်လျှင် ကွဲသွားပြီး အင်အားနည်းသွားမည်။ အိန္ဒိယ-မြန်မာလွတ်လပ်ရေးအင်အားစုများ မကွဲရေးဝါဒသမားများ ဖြစ်သည်။ အိန္ဒိယနှင့် ကွဲသွားလျှင် မြန်မာကို အင်္ဂလိပ်တို့က ပို၍ ဖိနှိပ်ချုပ်ချယ်မည်ဟု ယူဆသူလည်းရှိသည်။ မကြာမီ အိန္ဒိယကို ဒိုမီနီယံအုပ်ချုပ်ရေးပေးတော့မည်ဖြစ်၍ ထိုအချိန်အထိ အိန္ဒိယနှင့် တွဲနေသင့်သည်။ အိန္ဒိယနှင့် အတွဲဖျက်လျှင် အိန္ဒိယလွတ်လပ်ရေးရသည့်အခါ မြန်မာကျန်နေမည်ကို စိုးရိမ်သူလည်း ရှိသည်။ အင်္ဂလိပ်အစိုးရက မြန်မာကို အိန္ဒိယမှ ခွဲထုတ်ချင်သည်။ အင်္ဂလိပ်ခွဲထုတ်ချင်သည်မှာ အင်္ဂလိပ်အကျိုးအတွက်သာ ဖြစ်မည်။ အင်္ဂလိပ်တို့တွင် အကျိုးရှိမည်ဆိုလျှင် မြန်မာတို့အဖို့ နစ်နာဖို့သာ ဖြစ်မည်။ ဤသို့ဆိုလျှင် အင်္ဂလိပ်အလိုကို ဆန့်ကျင်မှသာ မြန်မာတို့အဖို့ အကျိုးရှိမည်။ ထိုသဘောအရ အင်္ဂလိပ်ကို ဆန့်ကျင်ပြီး အိန္ဒိယနှင့် တွဲထားမည်ဟု တွက်သူလည်း ရှိသည်။

ထိုသို့ ခွဲရေး-တွဲရေးပြဿနာပေါ်လာသောကြောင့် ၁၉၃၁ ခုနှစ်တွင် လန်ဒန်မြို့၌ မြန်မာနိုင်ငံအတွက် သီးသန့်မျက်နှာစုံညီဆွေးနွေးပွဲ ကျင်းပသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ၂၄ ဦး တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား အိန္ဒိယမှ ခွဲထုတ်ရေးနှင့် အနာဂတ်အုပ်ချုပ်ရေးအတွက် စဉ်းစားကြသည်။ နောက်ဆုံး ခွဲရေးတွဲရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသားတို့ သဘောထားကို မဲပေးအဆုံးအဖြတ်ရယူရန် သဘောတူလိုက်ကြသည်။ ထိုသဘောတူချက်အရ ၁၉၃၂ ခု၊ နိုဝင်ဘာလတွင် ခွဲရေး-တွဲရေး ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသည်။

ခွဲရေးဘက်မှ ဦးဘဘေ၏ ၂၁ ဦးပါတီ၊ ဆာဂျေအေမောင်ကြီး၏ အင်ဒီပင်းဒင့်ပါတီ၊ တွဲရေးဘက်မှ ဦးချစ်လှိုင်ခေါင်းဆောင်သော လှိုင်မြတ်ပေါ်ပါတီ၊ ဒေါက်တာဘမော် ခေါင်းဆောင်သော မော်မြင့်ဗြဲပါတီနှင့် တစ်သီးပုဂ္ဂလကြားနေပါတီများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ တွဲရေးဘက်မှ မဲပေါင်းငါးသိန်းကျော်နှင့် အနိုင်ရရှိခဲ့သည်။ အမတ်ဦးရေလည်း ပို၍ရသည်။ တွဲရေးဘက်မှ အမတ် ၄၂ ဦး၊ ခွဲရေးဘက်မှ ၂၉ ဦးနှင့် တစ်သီးပုဂ္ဂလ ကြားနေအမတ်ကိုးဦးတို့ အရွေးခံကြရသည်။



ရွေးကောက်ပွဲပြီးသောအခါ ခွဲရေး-တွဲရေးအမတ်များ၏ လွှတ်တော်ခေါ်ယူခဲ့သည်။ လွှတ်တော်တွင် ခွဲရေး-တွဲရေး ပြဿနာကို စဉ်းစားကြသောအခါ အတိအကျဆုံးဖြတ်ချက်မချနိုင်ကြ။ ထိုအခါ ခွဲရေး-တွဲရေးပြဿနာကို ဖြေရှင်းရန် အင်္ဂလန်ရှိ ဗြိတိသျှအစိုးရသို့ တာဝန်ပေးခဲ့သည်။ ဗြိတိသျှအစိုးရက နောက်ဆုံး မြန်မာနိုင်ငံအား အိန္ဒိယမှ ခွဲထုတ်ရန် မိမိတို့ မူလကပင် အကြံရှိသည့်အတိုင်း ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်အရ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) ဥပဒေပေါ်လာပြီး မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ကာ ၉၁ ဌာနအုပ်ချုပ်ရေးသစ်ကို ပေးခဲ့သည်။ သို့ဖြစ်၍ ခွဲရေး-တွဲရေးပြဿနာက နောက်ဆုံးပေးခဲ့သည့် အမွေမှာ ၉၁ ဌာနအုပ်ချုပ်ရေးပင် ဖြစ်တော့သည်။

## ဂန္ထလောကမဂ္ဂဇင်း

ဤမဂ္ဂဇင်းကို ၁၉၂၅ ခု၊ ဖေဖော်ဝါရီလတွင် စတင်ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာဖြင့် *(The World of Books)*အမည်ဖြင့်ထုတ်သည့် လစဉ်ထုတ်မဂ္ဂဇင်းဖြစ်သည်။ ၁၉၂၈ ခုရောက်သောအခါ မြန်မာစာကဏ္ဍကို 'ကမ္ဘာလုံး' ဟု အမည်ပေး၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေသည်။ ၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ်မှ စ၍ **ဂန္ထလောက**ဟု အမည်ပြောင်းသည်။ စာအုပ်အဖုံးတွင် 'အုတ်ချပ်များပြိုလေရာ ကျောက်ဆစ်ဖြင့် တည်ဆောက်အံ့'ဟု ပါရှိပြီး နောက်ပိုင်းတွင် 'မြေအုတ်များပြိုလေရာ ကျောက်အုပ်ဖြင့် တည်ဆောက်အံ့'ဟု ပြင်ဆင်ခဲ့သည်။ မဂ္ဂဇင်း၏ ရည်ရွယ်ချက်မှာ ဘာသာပြန်ရေး၊ ခေတ်မီစာပေတိုးတက်ရေး၊ လောကဓာတ်သိပ္ပံပညာထွန်းကားရေး၊ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရေးနှင့် မြန်မာကို ကမ္ဘာက သိစေရေးတို့အတွက် ဖြစ်သည်။

မူလထုတ်စဉ်က စာအုပ်ကြော်ငြာသဘောမျှသာ ဖြစ်သော်လည်း နောက်ပိုင်းတွင် အသင်းအကြောင်း၊ တက္ကသိုလ်အကြောင်း၊ စာအုပ်ဝေဖန်ခန်း၊ နိုင်ငံရေးသိပ္ပံပညာ၊ စီးပွားရေး၊ လူမှုရေး၊ မြန်မာ့ယဉ်ကျေးမှု၊ ရာဇဝင်ဒရာမတိုကိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘားနတ်ရှောတို့၏ စာပေဘာသာပြန်ဆောင်းပါးအပါအဝင် ဘာသာပြန်ပြိုင်ပွဲ၊ ဝတ္ထု၊ ကဗျာတို့ဖြင့် ကဏ္ဍစုံ ပါဝင်လာသည်။

မဂ္ဂဇင်းအယ်ဒီတာများမှာ သခင်ဘသောင်း၊ ဦးခန့်၊ ဦးစိန်တင်၊ ဦးဝန်၊ ဦးမျိုးမင်း၊ ဦးချမ်းမြနှင့် ဦးအုန်းဖေ စသူတို့ဖြစ်သည်။ မဂ္ဂဇင်းတွင် ပါဝင်ရေးသားကြသူအချို့မှာ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မြဒေါင်းညို၊ တက်တိုး၊ မောင်ထင်၊ မြကေတု၊ ပဲခူးကဝေ(ဗိုလ်ချုပ်အောင်ဆန်း)၊ ဦးသန့်အပါအဝင် တက္ကသိုလ်ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများဖြစ်သည်။

ဤမဂ္ဂဇင်းကို မူလက မြန်မာပြည်စာအုပ်အသင်းက တာဝန်ယူထုတ်ဝေခဲ့သော်လည်း နောက်ပိုင်းတွင် "မြန်မာပြည်ပညာပြန့်ပွားရေးအသင်း" (Myanmar Education Extension Association) က တာဝန်ယူထုတ်ဝေသည်။

(မြန်မာပြည်ပညာပြန့်ပွားရေးအသင်းလည်း ကြည့်ပါ။)

## ဂုတ်ထိပ်တံတားကြီး (၁၉၀၃)

မီးရထားဌာနပိုင် တံတားကြီးများအနက်မှ ထင်ရှားသော တံတားကြီးဖြစ်သည်။ မန္တလေး၊ လားရှိုး၊ နောင်ချိုဘူတာ အလွန် ခုနစ်မိုင်အကွာ မိုင်တိုင် ၄၆၃/၀၉ တွင် တည်ရှိသည်။ တံတားကြီး ၁၉၀၃ ခုနှစ်တွင် တည်ဆောက်ပြီးသည်။ အခြားတံတားကြီးများကဲ့သို့ မြစ်ချောင်းများကို ဖြတ်ကျော်၍ဆောက်ထားခြင်းမဟုတ်ဘဲ ပေ ၃၀၀ ကျော် မတ်စောက်သည့် လျှိုကြီးနှစ်ခုကို ဖြတ်၍ဆောက်ထားသည့်တံတားကြီးဖြစ်သည်။

ဤတံတားကြီးကို လန်ဒန်မြို့ရှိ ဆာအေအမ်အာရ်ရင်းဒဲလ်အင်ကုမ္ပဏီ (Sir A.M.R Rendel & Co.,) က ပုံစံရေးဆွဲ၍ အမေရိကရှိ ပင်ဆီဗေးလ်နီးယားနှင့် မာရီလင်းတံတားနှင့် ဆောက်လုပ်ရေးကုမ္ပဏီ (Pennsylvania and Maryland Bridge and Construction Co.,) မှ တာဝန်ယူတည်ဆောက်သည်။ တံတားကြီးတွင် ပေ ၁၂၀ ရှည်သော အလျားကူးသံပေါင် ၁၀ ခု၊ ပေ ၆၀ ရှည်သော အလျားကူးသံပေါင်ခုနစ်ခု၊ ပေ ၄၀ ရှည်သော အလျားကူးသံပေါင် ၁၆ ခုနှင့် သံမဏိတိုင် ၁၆ တိုင်ဖြင့် ခံရာခံဆစ် တည်ဆောက်ခဲ့ရသည်။ အမြင့်ဆုံးသံတိုင်မှာ ၃၂၀ ပေရှိပြီး အနိမ့်ဆုံးသံတိုင်က ၄၅ ပေရှိသည်။ သံလမ်းမျက်နှာပြင်အောက် ၈၂၅ ပေခန့်ရှိသည့် ချောင်းဆုံမြစ်ကို ဖြတ်ကျော်နေသည့်



သဘာဝကျောက်ဆောင်ပေါ်၌ တည်ထားသည့် တံတားဖြစ်သည်။ တံတားအရှည်က ၂၂၆၀ ပေရှိပြီး တံတားအောက်ရှိ ရေမြောင်းကလေး၏ ရေမျက်နှာပြင်မှ တိုင်းလျှင် ပေပေါင်း ၁၁၀၀ ရှိသည်။ ရူပီးငွေကျပ် ၁၆၉၈၂၀၀ (စတာလင်ပေါင် ၁၁၃၂၀၀)ခန့် ကုန်ကျသည်။ ထူထပ်သော တောင်ကြီးများနှင့် အလွန်မြင့်စောက်သော တောင်စောင်းကြီးနှစ်ခုတို့ကို ရှင်းလင်းခုတ်ထွင်ဖြတ်ကျော်၍ ခံရာခံဆစ် ဆောက်လုပ်ရသော်လည်း ဆောက်လုပ်ချိန် ကိုးလသာ ကြာခဲ့သည်။

## ဂွန်ဆေးကန်ဘု

"ဂွန်ဆေးကန်ဘု" (Gunsei Kanbu) ဆိုသည့် ဂျပန်စကားမှာ စစ်အုပ်ချုပ်ရေးဟု အဓိပ္ပာယ်ရသည်။ ဂျပန်တပ်မတော်က ၁၉၄၂ ခု၊ မတ်လတွင် ရန်ကုန်မြို့ကို သိမ်းပြီးနောက် ယာယီအားဖြင့် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သည့်ကာလကို ဆိုလိုသည်။ ဂျပန်စစ်အုပ်ချုပ်ရေးကာလအတွင်းမှာပင် စစ်အုပ်ချုပ်ရေးလက်အောက်ခံဗဟိုအုပ်ချုပ်ရေး စီစဉ်မှုကော်မတီကို ဒေါက်တာဘမော်အား ဥက္ကဋ္ဌတင်မြှောက်၍ ဖွဲ့စည်းပေးခဲ့သည်။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာတို့က လွတ်လပ်ရေးကြေညာခဲ့သောကြောင့် ၁၉၄၂ ခုနှစ်၊ မတ်လမှ ၁၉၄၃ ခုနှစ်၊ ဇူလိုင်လကုန်အထိသည် ဂျပန်စစ်အုပ်ချုပ်ရေးကာလဟု ဆိုပါမည်။

## ဂျပန့်ရင်သွေး (၁၉၃၅)

မြန်မာ့ပထမဆုံး အသံထွက်ရုပ်ရှင်ကား၏ အမည်ဖြစ်သည်။ ၁၉၃၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လေးလရာသီ ဂျပန်ပြည်မှတ်တမ်းကားနှင့် အတူတွဲ၍ ဘုရင့်ရုံနှင့် အော်လံပီယာရုံတို့တွင် ပြသခဲ့သည်။ ဂျပန်သို့သွားရောက်ရိုက်ကူးကာ မြန်မာမင်းသားနှင့် ဂျပန်မင်းသမီးတို့ တွဲဖက်သရုပ်ဆောင်ထားသောဇာတ်ကားဖြစ်သည်က တစ်ကြောင်း၊ အသံထွက်ကားဖြစ်သည်က တစ်ကြောင်းတို့ကြောင့် ရုပ်ရှင်ပရိသတ်များ အတူးစိတ်ဝင်စားသည့်အလျောက် အားပေးကြည့်ရှုသူများ နှစ်ရုံစလုံး အပြည့်ဖြစ်သည်။ ဤကားကို မြန်မာနှင့်တစ်ပြိုင်တည်း ဂျပန်မှာလည်း ပြသည်။

ဤဇာတ်ကားတွင် မြန်မာမင်းသား ဦးညီပု၊ ဂျပန်မင်းသမီး တာကာကိုချူဖူကီး၊ ဦးညီပု၏ညီ ဦးခင်မောင်စိုး၊ ဂျပန်တွင် အခြေချနေထိုင်သူ ဦးစံညွှန့်

www.burmeseclassic.com

www.burmeseclassic.com



(ကြံ့ရတနာဘမ်းပိုင်ရှင် ဦးသိန်းမောင်၏သား)နှင့် အခြားဂျပန်ဓာတ်ဆောင်တို့ ပါဝင်သည်။ ဓာတ်ကားပါဂျပန်မင်းသမီး၏ နာမည်မှာ အေးမိစံဖြစ်သည်။ ဓာတ်ကားကို တိုကျိုမြို့ရှိ ပီစီအယ်လ်ရုပ်ရှင်ကုမ္ပဏီနှင့် ပူးပေါင်း၍ ရိုက်ခြင်းဖြစ်သည်။ အတွင်းခန်း၊ အပြင်ခန်းများရိုက်ကူးခြင်း၊ အသံဖမ်း၊ အသံသွင်းခြင်း၊ ဆေးစိမ် ကားကူးခြင်း စသည့် လုပ်ငန်းများကို ဂျပန်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးသည်။ တည်းဖြတ်ခြင်းနှင့် နောက်ခံတေးဂီတသွင်းခြင်းတို့ကို ဦးညီပုတို့က လမ်းညွှန်ကူညီရသည်။

ဤဓာတ်ကားသည် မြန်မာတို့က ဂျပန်သို့ ပထမဆုံး သွားရောက်ရိုက်ကူးခဲ့သည့် ကားဖြစ်သကဲ့သို့ ဂျပန်နိုင်ငံအတွက်လည်း ပြည်ပနိုင်ငံတစ်နိုင်ငံမှ ဂျပန်ပြည်တွင် ပထမဆုံး လာရောက်ရိုက်ကူးသည့် ကားဖြစ်သောကြောင့် ဂျပန်ရုပ်ရှင်ကြည့်ပရိသတ်များ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခံရသည့် ဓာတ်ကားဖြစ်သည်။

ဤဓာတ်ကားကို ၁၉၉၂ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် အရှေ့တောင်အာရှ ရုပ်ရှင်ပွဲတော်၌ ပြန်လည်ပြသခဲ့ရာ ပွဲတိုင်းရုံပြည့်သည်အထိ အားပေးခံရသည့် ဓာတ်ကားဖြစ်သည်။

## ဂျပန်ခေတ် (၁၉၄၂–၄၅)

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံကို ဂျပန်တို့ သိမ်းယူထားသည့် ၁၉၄၂ ခုမှ ၁၉၄၅ ခုအထိ ကာလသည် ဂျပန်ခေတ်ဖြစ်သည်။ ဂျပန်ခေတ်ဟုဆိုသော်လည်း ၁၉၄၂ ခု၊ ဇန်နဝါရီလမှ မေလကုန်အထိသည် ဘီအိုင်အေအုပ်ချုပ်ရေးခေတ်ဖြစ်သည်။ ၁၉၄၂ ခု၊ ဇွန်လမှ ၁၉၄၃ ခု၊ ဇူလိုင်လအထိသည် ဂျပန်စစ်အုပ်ချုပ်ရေးခေတ် ဖြစ်သည်။ ထို့နောက် ဂျပန်က လွတ်လပ်ရေးပေးသောကြောင့် ၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သည်။ ထို့ကြောင့် အဓိပတိ ဒေါက်တာဘမော် ခေါင်းဆောင်သော မြန်မာအစိုးရအဖွဲ့လည်း ရှိခဲ့သည်။ စစ်အတွင်းက မြန်မာ့လွတ်လပ်ရေးကို ဂျာမနီ၊ ထိုင်း၊ လင်း၊ နန်ကင်း၊ ဘူဂေးရီးယား၊ မန်ချူးကိုး စသည့် နိုင်ငံများက အသိအမှတ်ပြုခဲ့ကြသည်။ ဖိလစ်ပိုင်က လွတ်လပ်ရေးကြေညာသောအခါ မြန်မာနိုင်ငံကလည်း အသိအမှတ်ပြုခဲ့သည်။ သို့သော် လက်တွေ့တွင် ဂျပန်ပေးသော လွတ်လပ်ရေးမှာ



အတုအယောင်မျှသာ ဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့မှာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် အပြည့်အဝမရသေးဘဲ ဂျပန်တပ်မတော်ကသာ လွှမ်းမိုးထားသောကြောင့် ဂျပန်ခေတ်ဟု ခေါ်ကြသည်။

## ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်ခံ မြန်မာအစိုးရအဖွဲ့ (၁၉၄၂)

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာတစ်နိုင်ငံလုံးကို ဂျပန်တပ်မတော်က အုပ်စိုးမိသောအခါ စစ်အုပ်ချုပ်ရေး ထူထောင်လိုက်သည်။ ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်ခံ မြန်မာအစိုးရအဖွဲ့ကိုလည်း ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဖွဲ့ပေးခဲ့သည်။ ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်ခံ မြန်မာအစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ကြသည်။

| | | |
|---|---|---|
| ၁။ | ဒေါက်တာဘမော် | ဝန်ကြီးချုပ် |
| ၂။ | ဒေါက်တာသိန်းမောင် | ဘဏ္ဍာရေးဝန်ကြီး |
| ၃။ | သခင်မြ | ပြည်ထဲရေးဝန်ကြီး |
| ၄။ | သခင်သန်းထွန်း | လယ်ယာစိုက်ပျိုးရေးဝန်ကြီး |
| ၅။ | သခင်ထွန်းအုပ် | သစ်တောနှင့် သတ္တုတွင်းဝန်ကြီး |
| ၆။ | သခင်ဗစိန် | လမ်းပန်းဆက်သွယ်ရေး အလုပ်သမားနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဗန္ဓုလဦးစိန် | ပြည်သူ့လုပ်ငန်းနှင့် အဆောက်အအုံဝန်ကြီး |
| ၈။ | ဦးလှဖေ | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး |
| ၉။ | ဦးထွန်းအောင် | တရားရေးဌာနဝန်ကြီး |
| ၁၀။ | ဦးဘဝင်း | ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး |

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်ခံ မြန်မာအစိုးရအဖွဲ့



## ဂျပန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၄၃)

ဂျပန်ခေတ်အတွင်း ၁၉၄၃ ခုနှစ်က မြန်မာ့လွတ်လပ်ရေးကိစ္စဆွေးနွေးရန် ဂျပန်သို့သွားကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဒေါက်တာဘမော်
၂။ သခင်မြ
၃။ ဗိုလ်ချုပ်အောင်ဆန်း
၄။ ဒေါက်တာသိန်းမောင်
၅။ ဦးကျော်ငြိမ်း
၆။ ဗိုလ်ရန်နိုင်
၇။ ဦးတင့်ဆွေ
၈။ ဦးလှဖေ

## ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေးစီစဉ်မှုကော်မရှင် (၁၉၄၃)

ဂျပန်ခေတ်အတွင်း ၁၉၄၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ဖွဲ့သည်။ ဗမာ့လွတ်လပ်ရေးစီစဉ်မှုကော်မရှင် [Burma(Myanmar) Independence Preparatory Commission] တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ကြသည်။

| | | |
|---|---|---|
| ၁။ | ဒေါက်တာဘမော် | ဥက္ကဋ္ဌ |
| ၂။ | သခင်ကိုယ်တော်မှိုင်း | အဖွဲ့ဝင် |
| ၃။ | ဗိုလ်ချုပ်အောင်ဆန်း | အဖွဲ့ဝင် |
| ၄။ | ဒေါက်တာစံစီဖိုး | အဖွဲ့ဝင် |
| ၅။ | ဆာဦးသွင် | အဖွဲ့ဝင် |
| ၆။ | ဆာမြဘူး | အဖွဲ့ဝင် |
| ၇။ | ဦးချစ်လှိုင် | အဖွဲ့ဝင် |
| ၈။ | ဒေါက်တာဆက် | အဖွဲ့ဝင် |
| ၉။ | ဒေါက်တာသိန်းမောင် | အဖွဲ့ဝင် |
| ၁၀။ | ဦးသိမ်းမောင် | အဖွဲ့ဝင် |
| ၁၁။ | ဟသ်ာတဦးမြ | အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ရောက် မြန်မာကိုယ်စားလှယ်အဖွဲ့အား ညှော်ခံပွဲတစ်ခုတွင်တွေ့ရပုံ



ဂျပန်ရောက် မြန်မာကိုယ်စားလှယ်အဖွဲ့ ဝဲမှယာ-ဒေါက်တာဘမော်၊ သခင်မြ ဒေါက်တာသိန်းမောင်နှင့် ဗိုလ်ချုပ်အောင်ဆန်း



| | | |
|---|---|---|
| ၁၂။ | သစ်ကုန်သည်ဦးအေးမောင် | အဖွဲ့ဝင် |
| ၁၃။ | ဦးထွန်းအောင် | အဖွဲ့ဝင် |
| ၁၄။ | ဦးဘဝင်း | အဖွဲ့ဝင် |
| ၁၅။ | သခင်မြ | အဖွဲ့ဝင် |
| ၁၆။ | သခင်သန်းထွန်း | အဖွဲ့ဝင် |
| ၁၇။ | သခင်နု | အဖွဲ့ဝင် |
| ၁၈။ | သခင်ထွန်းအုပ် | အဖွဲ့ဝင် |
| ၁၉။ | သခင်ဗစိန် | အဖွဲ့ဝင် |
| ၂၀။ | သထုံဦးလှဖေ | အဖွဲ့ဝင် |
| ၂၁။ | ဦးဇ | အဖွဲ့ဝင် |
| ၂၂။ | ဗန္ဓုလဦးစိန် | အဖွဲ့ဝင် |
| ၂၃။ | ဦးခင်မောင်ဒွေး | အဖွဲ့ဝင် |
| ၂၄။ | ဦးကျော် | အဖွဲ့ဝင် |
| ၂၅။ | ဦးထွန်းဖေ | အဖွဲ့ဝင် |
| ၂၆။ | ဦးကျော်ငြိမ်း | အတွင်းရေးမှူး |

## ဂျပန်ခေတ် လွတ်လပ်ရေးအစိုးရအဖွဲ့ (၁၉၄၃)

ဂျပန်ခေတ်အတွင်း ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ လွတ်လပ်ရေးကြေညာသည့်နေ့က ဖွဲ့သည့် အစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ကြသည်။

| | | |
|---|---|---|
| ၁။ | ဒေါက်တာဘမော် | နိုင်ငံတော်အဓိပတိနှင့် ဝန်ကြီးချုပ် |
| ၂။ | သခင်မြ | ဒုတိယဝန်ကြီးချုပ် |
| ၃။ | ဗိုလ်ချုပ်အောင်ဆန်း | ကာကွယ်ရေးဝန်ကြီး |
| ၄။ | ဒေါက်တာသိန်းမောင် | ဘဏ္ဍာရေးဝန်ကြီး |
| ၅။ | ဦးထွန်းအောင် | ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး |
| ၆။ | ဦးဘဝင်း | ပြည်ထဲရေးဝန်ကြီး |
| ၇။ | ဗန္ဓုလဦးစိန် | ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေး |
| ၈။ | ဦးလှဖေ | သစ်တောနှင့် သတ္တုတွင်းဝန်ကြီး |

www.burmeseclassic.com

www.burmeseclassic.com

ဗမာ့လွတ်လပ်ရေး ကြေညာစာတမ်း။

ဗမာနိုင်ငံတော်သည် အင်္ဂလိပ်တို့၏ အဓမ္မ သိမ်းပိုက်ထားခြင်းကို နှစ်ပေါင်း ၁၀၀ ကျော်မျှ ခံခဲ့ရပြီးနောက် မိမိနေရာနှင့် သင့်နေရာမှ ပြန်ပေသောတန်ဖိုး၊ ငြိမ်းဝဲ လွတ်လပ်ခြင်းဖြင့် အချုပ်အခြာ အာဏာပိုင်ရှိပေသော ကမ္ဘာ့နိုင်ငံတော်ကြီးများ၏ အဆင့်အတန်း၊ သို့ ယနေ့ ဤအခါတွင် ပြန်လည်ရောက်ရှိလာလေပြီ။ ဗမာနိုင်ငံတော်သည် ကာလအနှစ်ရှည်ပြင်းကပင် ရာဇဝင်အဆက်မပြတ် လွတ်လပ်သော နိုင်ငံတော်အဖြစ်ဖြင့် ကမ္ဘာ့တခွင်၌ မား၊ မား၊ ပြင်ပြင် ကြွား၊ ကြွား၊ ဝင့်ခဲ့လေသည်။ ဗမာနိုင်ငံ၏ ဂုဏ်ရောင်သည်လည်း ထိုအခါက ကမ္ဘာတခွင် ကောင်းကင်ပြင်ဝယ် နေသွင် လသွယ် လျှမ်း၊ လျှမ်း၊ ကြွယ်၍ ဗမာ့လက်နက်နိုင်ငံတော်ကြီးသည်လည်း အရှေ့ အနောက် တောင် မြောက်ဝဲယာ လေးမျက်နှာပတ်ပတ် တောင်အထပ်ထပ်ကို ဖြတ်ကျော်နယ်ချဲ့ နိုင်ငံတော်ပြန့်ခဲ့လေသည်။ ဗမာနိုင်ငံတော်သည် ဂုဏ်ရောင်တောက်ပြောင်၍ တန်ခိုးကြီး၊ မားသော သားကောင်း ရဲဘော်တို့ ထွန်းကားပေါ်ပေါက်ရာ နိုင်ငံတော်လည်း ဖြစ်ခဲ့လေသည်။ ရဲမက်အင်အားလွန်ကြီးမား၍ ရိုလ်လူအများ ရိုသေဝန်ညွှတ်ခြင်း ခံခဲ့ရသော နိုင်ငံတော်လည်း ဖြစ်ခဲ့လေသည်။ ဗမာနိုင်ငံတော်သည် လူဝင်ထိမ်း တို့၏ ကိုး၊ တက်ရာကိုး၊ တက်ပြောင်း၊ ကိုလည်း ထမ်းဆောင်၊ ဖြည့်ရွက် ဆောင်ရွက် အောင်မြင်ခဲ့လေသည်။ ပုဂံပြည်ကြီး၊ နှင့်တကွ လှပတင့်တယ် ရှုမျှော်ဖွယ်ဖြစ်သော ဂူ ကျောင်း၊ ပုထိုး၊ ဗမာ့လက်ရှင်၊ အမျိုးမျိုးသည် ထိုသို့ ကိုး၊ တက်ရာ ကိုး၊ တက်ကြောင်း၏ အတွင်းအထိပ်ဖြစ်သည်မှာ ယနေ့တိုင် အထင်အရှား ဖြစ်လေသည်။

အင်္ဂလိပ်တို့ ကျူးကျော်စေကာ၊ ဖြင့်၊ မပြုမီ ကာလရှည်ကြာကပင် ထင်ရှားခဲ့သော ဗမာတို့၏ ရာဇဝင်နှင့်သမိုင်း၊ မှန် ဗမာတို့သည် အဆက်မပြတ် တိုက်ခိုက်သမျှသော စစ်ပွဲတို့၌ ရန်သူတို့သမျှကို မဆုတ်မဆိုင်း၊ ခုတ်ပိုင်း၊ ချိုးနှိမ်၍ မိမိတို့၏ လွတ်လပ်ရေးကို ထိန်း၊ သိမ်း၊ စောင့်ရှောက်ခဲ့သော အကြောင်းကား၊ အထင်အရှား ရှိပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က ဗမာနှင့် အင်္ဂလိပ်တို့ စစ်ကြီး ၃ ကြိမ်ဖြစ်ပွား၍၊ ပြီးသည်၏အဆုံး၌ ဗမာနိုင်ငံတော်သည် မိမိ၏ လွတ်လပ်ရေးကို မဆုံး၊ ရှုံး၊ စေချင်ဘဲ ဆုံး၊ ရှုံး ခဲ့ရလေသည်။ အာဏာကိုက်တွင် သူ့မိုး ဥဒါန်း ထား၊ ပြဒါန်းကို အစဉ်လက်ဆုံး၊ ပြုသော အင်္ဂလိပ်တို့သည် အထက်ပါ စစ်ပွဲများကို ထင်ရှားစဉ်အခါ အာဏာကိုက်ပြီး၊ မှာ စည်းလုံး ညီညွတ်ခြင်း၊ မရှိသည့်အပြင် ရန်တိုက်ခိုက်ရန်

အာဏာရှိက ပြုပြင်ရေးလုပ်ငန်းလည်း မပြီးဆုံးသေးချေ။ ဗမာတို့အတွက် အဓိကဖြစ်သော ဤလုပ်ငန်းများသည် ဤစစ်ကြီးကို အောင်မြင်မှသာလျှင် ပြီးမြောက်နိုင်ပေမည်။ ထို့ကြောင့် ဗမာတို့သည် ဤစစ်ကြီးကို အောင်မြင်စေရန် မိမိတို့ကိုယ်ကို လုံးဝ အပ်နှင်း၊ ပူဇော်ကြလေသည်။

နိဂုံးချုပ်လိုသည်မှာ ဗမာနိုင်ငံတော်သစ်ကို အတည်ဖြစ်လျက်ရှိနေသော ဆိုင်ရာတရား၊ ဥပဒေများ၊ နှင့်အုပ်ချုပ်ရေး ဥပဒေများအရ တလွဲမတိမ်း၊ စီမံအုပ်ချုပ်မည်ဟု ကြေညာလိုက်သည်။ ဤသို့စီမံအုပ်ချုပ်သဖြင့် ဗမာနိုင်ငံတော်အတွင်း၊ ရှိလူအပေါင်း၊ တို့သည် ကောင်းမှန်သော အုပ်ချုပ်မှုကို စောင့်မှုရရှိကြရမည်။ တရား၊ လမ်း၊ မှန်ကန်မှုကိုလည်း စောင့်မှုရရှိကြရမည်။ တရား၊ သဖြင့် ရသင့်ရထိုက်သော အခွင့်အရေး၊ အား၊ လုံး၊ တို့လည်း စောင့်မှုရခံစား၊ ကြရမည်။

ဗမာတို့သည် မိမိတို့၏ကိုယ်ပိုင်၊ ဖြစ်သော အုပ်ချုပ်မှုစီမံရေး အဖွဲ့မှတဆင့် ဗမာ့လွတ်လပ်ရေး၊ နှင့် ဗမာနိုင်ငံတော်သစ်ကို တည်ထောင်အုပ်ချုပ်ရန် အခြေခံစည်း၊ မျဉ်း၊ များ၊ ကို ဤနေရာ၌ သစ္စာမပျက်ပြု၍ ကြေညာလိုက်သည်။ ဤကြေညာချက်သည် ဗမာတမျိုးလုံး၏ ဆန္ဒဖြစ်ရကား၊ ဤကြေညာချက်အတိုင်း၊ တလွဲမတိမ်း၊ လိုက်နာဆောင်ရွက်မည်။ ဗမာအပေါင်း၊ တို့သည် ဤကြေညာချက်အတိုင်း၊ တမြောက်အောင်မြင်သည်အထိ အစွမ်း၊ ကုန်ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ပြုလိုက်သည်။ ဤလုပ်ငန်း၊ ဤသစ္စာ ဤကြေညာချက်တို့အတွက် နတ်လူအပေါင်း၊ တို့သည် သက်သေအဖြစ်တည်ကြပါစေကုန်သတည်း။


ဥက္ကဋ္ဌ။
ဗမာ့အုပ်ချုပ်မှုစီစဉ်ရေးအဖွဲ့။

ရန်ကုန်နေပြည်တော်။
၁၉၄၇ ခုဩဂုတ်လ ၁ ရက်။

www.burmeseclassic.com



ဂျပန်ခေတ်အဓိပတိ ဒေါက်တာဘမော်
(၁၈၉၃-၁၉၇၇)



ဗမာ့ခေတ်

ဂျပန်ခေတ်လွတ်လပ်ရေးနေ့ထုတ် ဗမာ့ခေတ်သတင်းစာ

www.burmeseclassic.com

www.burmeseclassic.com




ဂျပန်ခေတ်ပိုက်ဆံများ



| | | |
|---|---|---|
| ၉။ | ဦးသိမ်းမောင်(ဝတ်လုံ) | တရားရေးဝန်ကြီး |
| ၁၀။ | ပျော်ဘွယ်ဦးမြ | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး |
| ၁၁။ | ဦးလှမင်း | ပညာရေး၊ ကျန်းမာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး |
| ၁၂။ | ဦးဇ | အခွန်တော်ဌာနဝန်ကြီး |
| ၁၃။ | သခင်နု | နိုင်ငံခြားရေးဝန်ကြီး |
| ၁၄။ | သခင်သန်းထွန်း | မြေနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီး |
| ၁၅။ | သခင်လေးမောင် | လမ်းပန်းဆက်သွယ်ရေးနှင့် ဆည်မြောင်းဌာနဝန်ကြီး |
| ၁၆။ | သခင်လွန်းဘော် | အဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး |

## ဂျပန်ခေတ်အတိုင်ပင်ခံလွှတ်တော်အမတ်များ

ဂျပန်ခေတ်အတွင်း လွတ်လပ်ရေးကြေညာသည့်နေ့က ဖွဲ့သည့် မြန်မာနိုင်ငံတော်အစိုးရ အတိုင်ပင်ခံလွှတ်တော် (Privy Council) အမတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | သခင်ကိုယ်တော်မှိုင်း | တို့ဗမာအစည်းအရုံး နာယကကြီး |
| ၂။ | ဦးသွင် | အထက်လွှတ်တော်ဥက္ကဋ္ဌဟောင်း |
| ၃။ | ဒေါက်တာစံစီးဖိုး | ကရင်အမျိုးသားခေါင်းဆောင်ကြီး |
| ၄။ | ဦးချစ်လှိုင် | အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း |
| ၅။ | ဦးထွန်းဖေ | အောက်လွှတ်တော်အမတ်ဟောင်း |
| ၆။ | ဒေါက်တာဆက် | ရန်ကုန်မြူနီစီပယ်မင်းကြီးဟောင်း |
| ၇။ | ဟင်္သာတဦးမြ | အောက်လွှတ်တော်အမတ်ဟောင်း |
| ၈။ | ဦးကျော် | ပြည်ထဲရေးဌာနတွဲဖက်အတွင်းဝန်ဟောင်း |
| ၉။ | ဦးအေးမောင် | အောက်လွှတ်တော်အမတ်ဟောင်း |
| ၁၀။ | ဦးမောင်မောင်ဗျား | အထက်လွှတ်တော်အမတ်ဟောင်း |
| ၁၁။ | ဦးကြီးမြင့် | အထက်လွှတ်တော်အမတ်ဟောင်း |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၂။ | ဦးဘိုးစံ | ကျောက်ဆည်ခရိုင်ဝန်ဟောင်း |
| ၁၃။ | လွှယ်အိတ်ကြီးဦးဘလှိုင် | အလုပ်သမားအမတ်ဟောင်း |
| ၁၄။ | ဦးခင်မောင်ပု | မန္တလေးမြူနီစီပယ်လူကြီး |
| ၁၅။ | ဒီးဒုတ်ဦးဘချို | |
| ၁၆။ | ဦးစိန်ဝင်း(ပဲခူး) | အောက်လွှတ်တော်အမတ်ဟောင်း |
| ၁၇။ | ဦးတင် | မြန်မာ့အလင်းသတင်းစာ |
| ၁၈။ | မန္တလေးဦးဘသိ | အောက်လွှတ်တော်အမတ်ဟောင်း |
| ၁၉။ | သခင်သာခင် | ပဲခူးမြို့အမျိုးသားကျောင်းအုပ်ကြီး |
| ၂၀။ | ဦးမှို(မြင်းခြံ) | ဆင်းရဲသားဝံသာနုအဖွဲ့ |

## ဂျပန်–မြန်မာ မဟာမိတ်စာချုပ် (၁၉၄၃)

ဂျပန်ခေတ်အတွင်း မြန်မာ့လွတ်လပ်ရေးကြေညာသည့် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ မဟာမိတ်စာချုပ်တစ်ခု ချုပ်ဆိုခဲ့ကြသည်။ စာချုပ်၏ အမည်အပြည့်အစုံမှာ "ဂျပန်နိုင်ငံတော်နှင့် မြန်မာနိုင်ငံတော်တို့ ချုပ်ဆိုသော မဟာမိတ်စာချုပ်" ဖြစ်သည်။ စာချုပ်တွင် အပိုဒ်လေးပိုဒ် ပါဝင်ပြီး ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လွတ်လပ်သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံအကျိုးစီးပွားအပါအဝင် မဟာအရှေ့အာရှတိုက်နိုင်ငံများ၏ အကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးတို့အရ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြမည်ဟု ကတိပြုကြသည်။ စာချုပ်ကို မြန်မာနိုင်ငံဘက်မှ ဝန်ကြီးချုပ် ဒေါက်တာဘမော်က လက်မှတ်ရေးထိုးပြီး ဂျပန်ဘက်မှ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ရန့်ဇိုဆာဝါဒါးက လက်မှတ်ရေးထိုးသည်။

## ဂျပန်–မြန်မာ လျှို့ဝှက်စစ်စာချုပ် (၁၉၄၃)

ဂျပန်ခေတ်အတွင်း လွတ်လပ်ရေးကြေညာသည့်နေ့က ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ မဟာမိတ်စာချုပ်တစ်ခုအပြင် လျှို့ဝှက်စစ်စာချုပ်တစ်ခုကိုလည်း ချုပ်ဆိုခဲ့ကြသည်။ လျှို့ဝှက်စစ်စာချုပ်၏ အမည်အပြည့်အစုံမှာ "မြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံတော်တို့၏ လျှို့ဝှက်သော စစ်ပဋိညာဉ်စာချုပ်" ဖြစ်သည်။ စာချုပ်



တွင် မဟာအရှေ့အာရှစစ်ပွဲကြီး အောင်နိုင်ရေးအတွက် မြန်မာတို့က ဂျပန်တပ်မတော်အား အစွမ်းကုန်ကူညီရေးများ ပါဝင်သည်။ စာချုပ်ကို မြန်မာနိုင်ငံဘက်မှ ဝန်ကြီးချုပ် ဒေါက်တာဘမော်နှင့် ဂျပန်နိုင်ငံဘက်မှ မြန်မာနိုင်ငံရှိ ဂျပန်တပ်များ၏ သေနာပတိ ကဝါဘီရှိုးဇောတို့က လက်မှတ်ရေးထိုးကြသည်။


## ဂျပန်သွား စစ်ပညာတော်သင်များ

ဂျပန်ခေတ်အတွင်းက မင်္ဂလာဒုံဗိုလ်သင်တန်းဆင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်သားများအနက်မှ အချို့ကို ရွေးချယ်၍ အဆင့်မြင့်စစ်ပညာ ဆက်လက်သင်ကြားရန် ဂျပန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ ထိုအစီအစဉ်အရ ပထမအသုတ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ကြသူ ၃၀ တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကိုကျော်စိုး
၂။ ကိုကြည်မောင်
၃။ ကိုခင်မောင်(သံမဏိ)
၄။ ကိုခင်မောင်ကျော်
၅။ ကိုစိုးနိုင်
၆။ ကိုစိန်မြ
၇။ ကိုစောမြင့်
၈။ ကိုတင်ဦး
၉။ ကိုတင်မောင် (သိပ္ပံမှူးတင်)
၁၀။ ကိုတင်မောင် (မြတ်ထန်)
၁၁။ ကိုထွန်းရီ
၁၂။ ကိုထွန်းရွှေ (မြစ်သား)
၁၃။ ကိုပု (ရေနံချောင်း)
၁၄။ ကိုဘသောင်း
၁၅။ ကိုမင်းဒင်
၁၆။ ကိုမြဝင်း
၁၇။ ကိုမြသောင်း

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ရောက် စစ်ပညာတော်သင်သုံးဆယ်



၁၈။ ကိုမောင်မောင်
၁၉။ ကိုရဲမြင့်
၂၀။ ကိုရှိန်း
၂၁။ ကိုလှမော်
၂၂။ ကိုလှမောင်
၂၃။ ကိုလှတင်
၂၄။ ကိုလှရွှေ
၂၅။ ကိုလှသောင်း (ရှမ်း)
၂၆။ ကိုလွင်
၂၇။ ကိုသိန်းမောင်
၂၈။ ကိုသိန်းဟံ
၂၉။ ကိုအုန်းမောင်
၃၀။ ကိုအောင်ဖေ

ထိုလူငယ်ရဲဘော် ၃၀ တို့သည် ၁၉၄၃ ခုနှစ်၊ ဖွန်လ ၆ ရက်နေ့တွင် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာသွားခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ပြီးမှ မြန်မာနိုင်ငံသို့ ပြန်ရောက်ကြသည်။

## ဂျပန်သွား အရပ်ဘက်ပညာတော်သင်များ

ဂျပန်ခေတ်အတွင်းက ဂျပန်နိုင်ငံသို့ ပညာတော်သင်များ စေလွှတ်ခဲ့ရာ စုစုပေါင်း ၄၇ ယောက်ရှိကြောင်း လေ့လာသိရှိရသည်။ ပထမဆုံး ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်ခဲ့သူနှစ်ဦးမှာ ဒေါက်တာဘမော်၏သား ဇာလီမော်နှင့် တူ ကိုဝင်းဟန်တို့ ဖြစ်သည်။ ထို့နောက် ဘာသာရပ်အသီးသီးအတွက် ရွေးချယ်စေလွှတ်ခဲ့သူ ၄၅ ယောက်ရှိသည်။ ထို ၄၅ ယောက်အနက် ပထမအသုတ်သွားကြသူများမှာ−

| | |
|---|---|
| ၁။ ကိုထွန်းမြင့် | စိုက်ပျိုးရေး |
| ၂။ ကိုမောင်မောင်စိုး | ပညာရေး |
| ၃။ ကိုမြင့်အောင် | ဆေးပညာ |
| ၄။ ကိုလှဖေ | ရဲအတတ်ပညာ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၅။ | ကိုလှအေး | သင်္ဘောဆောက်လုပ်ရေးအတတ် |
| ၆။ | ကိုလှဘူး(ပါစီလူနီ) | ဂျပန်စကားနှင့် စာပေ |
| ၇။ | ကိုထွန်းအုံ | ပညာရေး |
| ၈။ | ကိုခွန်ဦး | ဆေးပညာ |
| ၉။ | ကိုမောင်မောင်ညွန့် | စိုက်ပျိုးရေး |
| ၁၀။ | ကိုလှညွန့် | ရူပဗေဒ |
| ၁၁။ | ကိုတင်အေး | ဓာတုဗေဒ |
| ၁၂။ | ကိုချိန်ပိုး | ဘောဂဗေဒ |
| ၁၃။ | ကိုဝင်းကြူ | ဓာတ်သတ္တုတူးဖော်ရေး |
| ၁၄။ | ကိုသက်ထွန်း (အငြိမ်းစားသံအမတ်ကြီး) | ဂျပန်စကားနှင့် စာပေ |
| ၁၅။ | ကိုမွန်ထော် | ဆေးပညာ |

တို့ဖြစ်သည်။

အထက်ပါ ပညာတော်သင် ၁၅ ဦးသည် ၁၉၄၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြသည်။ ပထမအသုတ် ပညာတော်သင်အနက်မှ ကိုလှဖေသည် စစ်အတွင်းမှာပင် မြန်မာနိုင်ငံသို့ ပြန်လာသည်။ ကျန် ၁၄ ဦးက စစ်အပြီး ၁၉၄၅ ခု၊ ဩဂုတ်လနှင့် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသို့ ပြန်ရောက်ကြသည်။

ဒုတိယအသုတ်သွားသည့် ပညာတော်သင် ၃၀ မှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| ၁။ | ကိုထွန်းစိန် | မီးရထားပို့ဆောင်ရေးပညာ |
| ၂။ | ကိုသန်းတင် | မီးရထားလျှပ်စစ်အင်ဂျင်နီယာ |
| ၃။ | ကိုပု | တိရစ္ဆာန်ဆေးဝါးပညာ |
| ၄။ | ကိုလု | မိုးလေဝသပညာ |
| ၅။ | ကိုသွင် | စက္ကူလုပ်ငန်းပညာ |
| ၆။ | ကိုဝင်းတင် | မြို့ပြအင်ဂျင်နီယာ |
| ၇။ | ကိုမျိုးသော် | ဝိုင်ယာလက်ဆက်သွယ်ရေး |
| ၈။ | ကိုတင့်ဆွေ | ကမ်းရိုးတန်းရေယာဉ်တည်ဆောက်ရေး |
| ၉။ | ကိုစိန်ဒိုး | ဆပ်ပြာလုပ်ငန်း |



| | | |
|---|---|---|
| ၁၀။ | ကိုကြည်ခင် | ရေအားနှင့် ဆည်မြောင်းအင်ဂျင်နီယာ |
| ၁၁။ | ကိုတင်ညွန့် | စက်ရေယာဉ်တည်ဆောက်ရေး |
| ၁၂။ | ကိုစိန်ဝင်း | ရော်ဘာလုပ်ငန်း |
| ၁၃။ | ကိုဘစိန် | ဆိပ်ကမ်းနှင့် သင်္ဘောကျင်း |
| ၁၄။ | ကိုစိုက်ဒိုး | အသံလွှင့်အင်ဂျင်နီယာ |
| ၁၅။ | ကိုစိန်လှ | ဘဏ်လုပ်ငန်း |
| ၁၆။ | ကိုဝင်းဖေ | လျှပ်စစ် |
| ၁၇။ | မောင်မောင်ကြည် | ဓာတုဗေဒ |
| ၁၈။ | နီအောင်ဖြူ | မိုးလေဝသ |
| ၁၉။ | ကိုလှထော် | ဘဏ်လုပ်ငန်း |
| ၂၀။ | ကိုချစ်လှိုင် | ရေကြောင်းသိပ္ပံ |
| ၂၁။ | ကိုထွန်းရှိန် | ရေယာဉ်အင်ဂျင်နီယာ |
| ၂၂။ | ကိုတင်ဦး | ရေနွေးငွေ့စက်အင်ဂျင်နီယာ |
| ၂၃။ | ကိုသိန်းတန် | သင်္ဘောအင်ဂျင်နီယာ |
| ၂၄။ | ကိုအောင်မြင့် | စက္ကူလုပ်ငန်း |
| ၂၅။ | ကိုထိန်လင်း | ဓာတုဗေဒ |
| ၂၆။ | ကိုအောင်ကြူး | သင်္ဘောလျှပ်စစ်အင်ဂျင်နီယာ |
| ၂၇။ | ကိုပေါ်သိမ်း | ရော်ဘာလုပ်ငန်း |
| ၂၈။ | ကိုတက်အောင် | တိရစ္ဆာန်မွေးမြူရေး |
| ၂၉။ | ကိုခင်မောင်သိန်းလွင် | တိရစ္ဆာန်မွေးမြူရေး |
| ၃၀။ | ကိုလှမြင့် | တိရစ္ဆာန်မွေးမြူရေး |

ဒုတိယအသုတ် ပညာတော်သင်များသည် ၁၉၄၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ရန်ကုန်မှ ဂျပန်သို့ ထွက်ခွာသွားခဲ့ကြသည်။ ဂျပန်၌ ၁၈ လခန့် ပညာသင်ကြားပြီး ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်ခေတ်တေးသီချင်းများ

ခေတ်အလိုက် ပေါ်ထွန်းခဲ့ကြသည့် အမျိုးသားရေးဆိုင်ရာ တေးသီချင်းများသည် ထိုခေတ်၏ သမိုင်းကို ထင်ဟပ်နေသောကြောင့် ဂျပန်ခေတ်ဟုခေါ်နေကြသည့် ၁၉၄၂-၁၉၄၅ ခုနှစ်အတွင်းက ရေးသားသီဆိုခဲ့ကြသော အမျိုးသားရေးတေးသီချင်းများအနက်မှ အချို့ကို အက္ခရာစဉ်၍ မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။

၁။ ကေဘိုတိုင်စစ်ချီသီချင်း ၂။ ကေဘိုတိုင်ဝါဒသီချင်း ၃။ တစ်ထပ်တည်းချီတက်မယ် ၄။ တူယှဉ်ကာ တိုက်စို့ ၅။ တို့ဗိုလ်ချုပ် ၆။ တို့လယ်သမား ၇။ တပ်မတော်အစ အောင်ဆန်းက ၈။ တပ်မတော်အင်အား ၉။ ထလော့-ထလော့ ၁၀။ တို့စစ်သား ၁၁။ ဖက်ဆစ်သရုပ်ဖော်သီချင်း ၁၂။ ဖလ်နေဝန်း ၁၃။ ဗမာ့ဝါဒ ၁၄။ ဗမာ့အာဇာနည် ၁၅။ ဗမာပြည်ကာကွယ်မည် ၁၆။ ဗမာ့ဝန်ထမ်း ၁၇။ ဗမာ့ခေတ်သစ် ၁၈။ ဗိုလ်အောင်ဆန်း ၁၉။ မဟာဗမာ ၂၀။ မဟာမိတ် ၂၁။ မိစ္ဆာရန်သူ ၂၂။ ရာဇဝင်ကြွေး ၂၃။ အာရှလူငယ် ၂၄။ အာရှစစ် ၂၅။ အာရှတိုက်အင်အား ၂၆။ အာရှတိုက်သား ၂၇။ အားနှင့် ၂၈။ အောင်သပြေ တို့ဖြစ်သည်။

ဂျပန်ခေတ်သည် စစ်အတွင်းကာလဖြစ်၍ ဂျပန်တို့က ၄င်းတို့ စစ်အောင်နိုင်ရေးအတွက် ကြွေးကြော်ကာ စည်းရုံးလှုပ်ရှားခဲ့ကြသကဲ့သို့ မြန်မာတို့ကလည်း လွတ်လပ်ရေးအတွက် ရုန်းကန်လှုပ်ရှားရသည့် ကာလဖြစ်၍ စစ်အောင်နိုင်ရေးနှင့် ဇာတိမာန်တက်ကြွစေသည့် တေးသီချင်း ခေတ်စားကြောင်း လေ့လာတွေ့ရှိရသည်။

ဂျပန်ခေတ်သီချင်းများကို လေ့လာကြည့်သောအခါ ဂျပန်ခေတ်အတွင်း ပေါ်လာသည့် ကေဘိုတိုင်အဖွဲ့များကို အကြောင်းပြု၍ ‘ကေဘိုတိုင်’စစ်သီချင်းနှင့် ‘ကေဘိုတိုင်ဝါဒ’သီချင်းများ ပေါ်ထွက်လာသကဲ့သို့ ဗမာ့တပ်မတော်ကြီး ပေါ်ထွက်လာပုံကို အကြောင်းပြု၍ ‘ဗိုလ်အောင်ဆန်း’ သီချင်း၊ ‘တပ်မတော်အစ အောင်ဆန်းက’၊ ‘တို့ဗိုလ်ချုပ်’၊ ‘တပ်မတော်အင်အား’၊ ‘တစ်ထပ်တည်းချီတက်မယ်’၊ ‘ထလော့-ထလော့’နှင့် ‘ဖလ်နေဝန်း’သီချင်းများ ထင်ရှားလာသည်။ ‘အာရှလူငယ်’သီချင်းမှာလည်း အာရှလူငယ်အသင်းကို အကြောင်းပြု၍ ပေါ်လာသကဲ့သို့ မဟာဗမာအသင်းကို အကြောင်းပြု၍ ‘မဟာဗမာ’သီချင်း၊



အရှေ့အာရှစစ်ကို အကြောင်းပြု၍ ‘အာရှစစ်’၊ ‘အာရှတိုက်သား’၊ ‘အာရှတိုက်အင်အား’သီချင်းများပေါ်ထွက်လာသည်။ ဂျပန်ခေတ်အတွင်းက လွတ်လပ်ရေးကြေညာနိုင်သောအခါ ဆရာရွှေတိုင်ညွှန့်၏ ‘အောင်သပြေသီချင်း’နှင့် ဆရာရန်နိုင်စိန်ရေးသော ‘ဗမာ့ခေတ်သစ်’သီချင်းများ ပေါ်လာပြန်သည်။ ဝန်ထမ်းအဖွဲ့များ ဖွဲ့သောအခါ ‘ဗမာဝန်ထမ်း’သီချင်းဟူ၍ ပေါ်လာပြန်သည်။ ‘မိစ္ဆာရန်သူ’ သီချင်းမှာမူ အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားကြရသောအခါ (scorched earth policy) ခေါ် မြေလှန်မီးလျှို့စနစ်ကို ကျင့်သုံး၍ လမ်းတံတားနှင့် တိုက်တာအိမ်မြေအဆောက်အအုံများကို ဖျက်ဆီးသွားသည့် လုပ်ရပ်များကို ရှုတ်ချထားသည့်သီချင်းဖြစ်သည်။ ထို့ကြောင့် ဂျပန်အပါအဝင် အင်္ဂလိပ်အထွက်တွင် ပေါ်လာသည့် သီချင်းဖြစ်သည်ဟု ဆိုရပါမည်။ ဖက်ဆစ်တော်လှန်ရေးပြီးသောအခါ နန်းတော်ရှေ့ဆရာတင်ရေးသော ‘ဖက်ဆစ်သရုပ်ဖော်’သီချင်း ပေါ်လာရပြန်သည်။ ဂျပန်ခေတ်ပေါ်တေးသီချင်းများသည် ထိုခေတ်၏ အခြေအနေကို ဖော်ပြနေသောကြောင့် ခေတ်ပြိုင်သမိုင်းမှတ်တမ်းဟုလည်း ဆိုနိုင်ပါသည်။

ဂျပန်ခေတ်အတွင်းက ပေါ်ပေါက်ခဲ့သည့် တေးသီချင်းများကို အများဆုံးရေးစပ်ခဲ့သူတို့မှာ သဟာယဆရာတင်နှင့် ရွှေတိုင်ညွှန့်၊ (သခင်အုန်းဆိုင်) တို့ ဖြစ်ကြသည်။ ဂျပန်ခေတ်အတွင်းက ရွှေတိုင်ညွှန့် နောက်ဆုံးရေးခဲ့သည့် သီချင်းမှာ ‘တပ်မတော်အင်အား’သီချင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ပေးချက်အရ ကျန်းမာရေးမကောင်းနေသည့်ကြားမှ ရေးခဲ့သည့်သီချင်းဟု ဆိုသည်။ မူလသီချင်းအမည်မှာ ‘ပြည်သူ့တပ်မတော်’ဖြစ်ပြီး နောက်မှ ‘တပ်မတော်အင်အား’ဟု ပြောင်းလိုက်ခြင်းဖြစ်သည်။ ဤသီချင်းရေးပြီး မကြာမီ ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဆရာရွှေတိုင်ညွှန့် ကွယ်လွန်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက ဆရာရွှေတိုင်ညွှန့်၏ ခေါင်းတလားကို ဖက်ဆစ်တော်လှန်ရေးအလံ ဖုံးအုပ်လွှမ်းခြုံ၍ ဂုဏ်ပြုခဲ့သည်။ ဂျပန်ခေတ်သီချင်းများကို ပြန်လည်ရေးသားကြရာတွင် အချို့သီချင်းများတွင် စာသားမတူသည့် အချက်ကိုလည်း လေ့လာတွေ့ရှိရသည်။ သို့သော်လည်း အဓိပ္ပာယ်ကွဲလွဲမှု မရှိပေ။ (ဗိုလ်အောင်ဆန်းသီချင်းလည်း ကြည့်ပါ။)

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်ခေတ် မြန်မာအဘိဓာန်လုပ်ငန်း

(ပညာတံခွန်အသင်း ကြည့်ပါ။)

## ဂျပန်ခေတ်မြန်မာ့စွယ်စုံကျမ်းလုပ်ငန်း

(ပညာတံခွန်အသင်း ကြည့်ပါ။)

## ဂျပန်ခေတ် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ မြန်မာအဘိဓာန်လုပ်ငန်း

ဂျပန်ခေတ်အတွင်းက ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ စာရေးဆရာအသင်းသည် မြန်မာအဘိဓာန်ပြုစုရန် ဂျပန်ခေတ်အတွင်းကပင် စတင်ကြိုးပမ်းခဲ့သည့် အသင်းဖြစ်သည်။ မြန်မာအဘိဓာန်ပြုစုရန်အတွက် စာရေးဆရာအသင်းက ဖွဲ့စည်းပေးလိုက်သည့် အဘိဓာန်ပြုစုရေးအဖွဲ့တွင် ဦးသိမ်းမောင်၊ ဆရာဟိန်၊ ဆရာကျော်၊ ဆရာသခ်ၤါ၊ ဇေယျ၊ ဒဂုန်နတ်ရှင်၊ ဇဝန၊ ဟံသာဝတီဦးဘရင်နှင့် မာဃတို့ ပါဝင်သည်။ သူကြီးဇေဇက်၊ ဦးခင်မောင်အား ဥက္ကဋ္ဌတင်မြှောက်၍ အတွင်းရေးမှူးအဖြစ် ဆရာဇေယျအား ရွေးချယ်တင်မြှောက်ကြသည်။ ဘဏ္ဍာရေးအဖွဲ့တွင် ဦးသိမ်းမောင်၊ ဦးချစ်မောင်၊ ဦးလှနှင့် မြို့မဆရာဟိန်တို့ ပါဝင်ပြီး စီစဉ်ရေးအဖွဲ့တွင် ဆရာဇေယျ၊ မာဃနှင့် သခ်ၤါတို့ပါဝင်သည်။

အဘိဓာန်လုပ်ငန်း ကူညီရေးအဖွဲ့တွင် ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၊ ဆရာလင်း(အဂ္ဂမဟာပဏ္ဍိတ)၊ ဦးဘော(မြန်မာပညာရှိမင်း မန္တလေး)၊ ဦးမောင်မောင်တင်(မန္တလေး)၊ ဆရာကြူး(ကျောက်စာ)၊ ဆရာပွား(တက္ကသိုလ်)၊ ဦးဘော(ရာဇဝတ်ဝန်ထောက်ဟောင်း)၊ ဦးထွန်းလှိုင်(မန္တလေးပန်းချီဆရာ)၊ ဦးလူဖေဝင်း(ကျောက်စာဝန်ဟောင်း ညောင်ဦး)၊ ဦးစိန်(မကွေး)၊ ဦးခင်မောင်လတ်၊ ဟံသာဝတီဦးဘရင်၊ ဦးသိန်းဟန်(ဇော်ဂျီ)၊ ဦးဝန်(မင်းသုဝဏ်)၊ ဦးဘရှင်(အေရှလူငယ်)၊ ပန်းချီ ဦးဘစိန်၊ ဦးဘိုးစိန်(တိုးစာပုံနှိပ်တိုက်)၊ ဖျာပုံ ဦးဩဘာသ(စာချဆရာတော်)၊ ဦးအောင်မြတ်ထွဋ်(အရှင်အာဒိစ္စဝံသ)၊ ဒေါက်တာဦးသိန်း(ဝတ်လုံ)၊ ဦးမောင်မောင်ကြီး(ဒဂုံနတ်ရှင်)၊ ဦးမောင်မောင်(ရေကြည်)၊ ဦးမြတ်စိုး(လောကဓာတ်)၊ ဆရာကျော်(ကော်မတီ စာရေးဆရာ)၊ ပရော်ဖက်ဆာ ဦးအေးမောင်၊ ဦးထွန်းဖေ(ဗမာ့ခေတ်)၊ ဦးအောင်သိန်း(မြဒေါင်းညို)၊ ဦးစန်းမောင်(သူရိယ)၊ ဦးညွန့်(အမ်အေ)၊ ဆရာနု(သဘင်)၊ မနုဖြူ ဦးဇမောင်၊ ဒဂုန်ခင်ခင်လေး၊ ဦးစိုးမြင့်(ရွှေစကြာ)နှင့် ဒီးဒုတ်ဦးဘချိုတို့ဖြစ်သည်။



ရန်ကုန်မြို့ ကိုယ်ယှ်မင်းကိုယ့်ချင်းလမ်းရှိ အရှေ့အာရှလူငယ်များအစည်းအရုံး၌ ၁၃၀၅ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်နေ့ ကျင်းပသော စာရေးဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးက အသင်းက ဆောင်ရွက်လျက်ရှိသော မြန်မာအဘိဓာန်လုပ်ငန်းကို ပညာတံခွန်အသင်းသို့ လွှဲပြောင်းပေးရန် ဆုံးဖြတ်ပြီးနောက် အဘိဓာန်လုပ်ငန်းကို ပညာတံခွန်အသင်းသို့ လွှဲပြောင်းပေးခဲ့သည်။ (ပညာတံခွန်အသင်းလည်း ကြည့်ပါ။)

## ဂျပန်–မြန်မာအဘိဓာန်(ပထမ) (၁၉၄၄)

ဂျပန်ခေတ်သည် ဂျပန်များကြီးစိုးသော ကာလဖြစ်၍ ဂျပန်စာနှင့် ဂျပန်စကားတတ်ရန် လိုအပ်လာသည်။ ထိုလိုအပ်ချက်အရ ဂျပန်တပ်များ မြန်မာနိုင်ငံကို သိမ်းယူပြီးသောအခါ ဂျပန်စစ်တပ်မှ ကြီးမှူး၍ ဂျပန်စာသင်ကျောင်းများ ဖွင့်ပေးခဲ့သည်။ ထို့ကြောင့် ရန်ကုန်နှင့်တကွ နယ်မြို့ကြီးများတွင် ဂျပန်စာသင်ကျောင်းများ အလျှိုအလျှိုပေါ်လာသည်။ ဘာသာစကားသင်ကြားရာတွင် အဘိဓာန်မှာ မရှိမဖြစ် လိုအပ်လာပြန်သောကြောင့် **ဂျပန်–မြန်မာအဘိဓာန်**လည်း ပေါ်လာရပြန်သည်။

ဂျပန်ခေတ် ၁၉၄၄ ခုနှစ်အတွင်းက မြန်မာရုပ်ရှင်ပုံနှိပ်တိုက်က ထုတ်ဝေလိုက်သည့် **ဂျပန်–မြန်မာအဘိဓာန်**ကို ပြုစုရေးသားသူများမှာ ရန်ကုန်နိပ္ပန်စကားပြောသင်တန်း ကျောင်းအုပ်ကြီး ဦးအေးဒါ၊ အတန်းပိုင်ဆရာ ကူဆာနာဂီနှင့် ဂျပန်စာသင်တန်းသား မောင်သက်ထွန်း (ယခု အငြိမ်းစားသံ အမတ်ကြီး ဦးသက်ထွန်း)တို့ ဖြစ်သည်။ အဘိဓာန်ကို အချိန်တိုအတွင်း ပြုစုရသည်က တစ်ကြောင်း၊ လက်ငင်းလိုအပ်သော နေ့စဉ်သုံးစကားများကိုသာ ဦးစားပေးရေးသားထားရသောကြောင့်တစ်ကြောင်း ဝေါဟာရပေါင်း ၂၃၃၉ လုံးမျှသာ ပါသည့် အဘိဓာန်ဖြစ်သည်။ ဤအဘိဓာန်သည် မြန်မာစာပေသမိုင်းတွင် ပထမဆုံးပေါ်သည့် **ဂျပန်–မြန်မာအဘိဓာန်**ဖြစ်၍ မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂျီစီဘီအေ (၁၉၂၀)

ဂျီစီဘီအေဆိုသည်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီးကို ခေါ်ခြင်းဖြစ်သည်။ ယင်းအသင်းချုပ်ကြီးကို အင်္ဂလိပ်လို (General Council of Burmese(Myanmar) Associations) ဟုခေါ်သောကြောင့် အင်္ဂလိပ်စကားလုံးလေးလုံးမှ ထိပ်ဆုံးအက္ခရာများကို ယူ၍ ဂျီစီဘီအေဟု အတိုကောက်ခေါ်နေကြခြင်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ပြည်မြို့၌ ကျင်းပသော ဝိုင်အမ်ဘီအေ နှစ်ပတ်လည်ညီလာခံ၌ ဝိုင်အမ်ဘီအေကို ဂျီစီဘီအေဟု ပြောင်းလဲခေါ်လိုက်သဖြင့် ဂျီစီဘီအေအသင်းကြီး ပေါ်လာခဲ့သည်။ ဂျီစီဘီအေ၏ ပထမဆုံးဥက္ကဋ္ဌမှာ ဦးချစ်လှိုင်ဖြစ်သည်။ ပထမတွင် ဂျီစီဘီအေဥက္ကဋ္ဌကို သမ္မတဟု အသုံးများသည်။ နောက်မှ ဥက္ကဋ္ဌဟု ခေါ်ကြသည်။ ဂျီစီဘီအေကို ခေါင်းဆောင်သူများမှာ ခေတ်ပညာတတ်လူငယ်များ ဖြစ်ကြသည်။ ဂျီစီဘီအေကို ဝံသာနုအဖွဲ့ချုပ်ကြီးဟုလည်း ခေါ်သေးသည်။ ထို့ကြောင့် ဂျီစီဘီအေနှင့် ဆက်သွယ်သော အသင်းသားများကို ဝံသာနုများဟု ခေါ်ကြသည်။ ဂျီစီဘီအေသည် မြန်မာတစ်နိုင်ငံလုံးမှ အမည်အမျိုးမျိုးရှိ အသင်းအဖွဲ့များနှင့် ဆက်သွယ်၍ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးအတွက် ဆက်လက်ဦးဆောင်ခဲ့သည်။

ဝိုင်အမ်ဘီအေမှ ဂျီစီဘီအေဟု ပြောင်းလဲဖွဲ့စည်းလိုက်ပြီးသောအခါ ဂျီစီဘီအေ၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများမှာ ပို၍ တက်ကြွလာပြီး ပြင်းထန်လာသည်။ လုပ်သားပြည်သူတို့၏ ပါဝင်အားပေးမှု၊ စည်းလုံးမှုလည်း ပို၍ ကြီးထွားလာခဲ့သည်။ ထို့ကြောင့် ဂျီစီဘီအေသည် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးသဖွယ် ဖြစ်လာသည်။ ဂျီစီဘီအေ၏ သြဇာအာဏာသည်လည်း မြန်မာတစ်နိုင်ငံလုံး ပြန့်ခဲ့သည်။

ဂျီစီဘီအေ၏ ရည်ရွယ်ချက်များမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးခေါ် တာဝန်ခံအုပ်ချုပ်ရေးရရှိရေး၊ အစိုးရရာထူးကြီးများတွင် မြန်မာတိုင်းရင်းသားများ ခန့်ထားရေးနှင့် စီးပွားရေးလုပ်ငန်းများကို မြန်မာတိုင်းရင်းသားများ လုပ်ခွင့်ရရေးတို့ဖြစ်သည်။

ဂျီစီဘီအေ၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး နည်းဗျူဟာမှာ အကြမ်းမဖက်အနုနည်းဖြင့် အာဏာဖီဆန်ရေး နည်းဗျူဟာပင် ဖြစ်သည်။ ဂျီစီဘီအေသည် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်ကို အားပေးပြီး အမျိုးသားကျောင်းများ



ပေါ်ထွန်းလာရေးအတွက်လည်း ကူညီသည့်နည်းဖြင့် ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်ခဲ့သည်။ မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေး တိုးပေးရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ၁၉၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်းက လာသော ဝှိုက်ကော်မတီကိုလည်း ဂျီစီဘီအေက သပိတ်မှောက်ခဲ့သည်။ ၁၉၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံသို့ ဝေလမင်းသား လာသောအခါတွင်လည်း ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်ပြသည့်အနေဖြင့် ဝေလမင်းသားကို ကြိုဆိုဧည့်ခံခြင်းမလုပ်ဘဲ သပိတ်မှောက်ခဲ့သည်။ အင်္ဂလိပ်က ပေးသော ဒိုင်အာခီအုပ်ချုပ်ရေးကိုလည်း ဂျီစီဘီအေအများစုက လက်မခံဘဲ သပိတ်မှောက်ခဲ့သည်။ မြန်မာနိုင်ငံအား အိန္ဒိယမှ ခွဲထုတ်ပြီး ၉၁ ဌာနအုပ်ချုပ်ရေးပေးရန်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ၁၉၂၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက လာသော ဆိုင်မွန်ကော်မရှင်ကိုလည်း ဂျီစီဘီအေက သပိတ်မှောက်ခဲ့သည်။ ဂျီစီဘီအေက ကြီးမှူး၍ လူခွန်နှင့် မြေခွန်မပေးရေး တိုက်ပွဲကိုလည်း ဆင်နွှဲခဲ့သည်။ ဗြိတိသျှအာဏာပိုင်များနှင့် မဆက်ဆံရေး လမ်းစဉ်ကိုလည်း ကျင့်သုံးခဲ့သည်။ မြန်မာတိုင်းရင်းသားတို့ကို ဖိနှိပ်ချုပ်ချယ်ထားသော ဥပဒေများ ဖျက်သိမ်းရေးကိုလည်း အခါအခွင့်သင့်တိုင်း အစိုးရသို့ တင်ပြတောင်းဆိုခဲ့သည်။ ပြည်သူတို့၏ အကျိုးကို ဆန့်ကျင်သည့် ဗြိတိသျှနယ်ချဲ့အစိုးရ၏ လုပ်ငန်းမှန်သမျှကို ဝေဖန်ပြစ်တင်ခြင်းနှင့် သပိတ်မှောက်ခြင်းတို့ဖြင့် နယ်ချဲ့ကို ဆန့်ကျင်ခဲ့သည်။ ဂျီစီဘီအေ၏ ဦးဆောင်မှုဖြင့်ပင် မြို့နယ်နှင့် ကျေးရွာဝံသာနု ခုံသမာဓိအဖွဲ့များဖွဲ့၍ တရားမမှုများ၊ ပုလိပ်အရေးမပိုင်သော အမှုအခင်းများ၊ အမွေမှုများ၊ ကြွေးမှုများ၊ ငြင်းခုံဆဲဆိုမှုများကို ဆုံးဖြတ်ဖြေရှင်းပေးခဲ့သည်။ ဝံသာနုခုံသမာဓိရုံးများသည် အင်္ဂလိပ်အစိုးရနှင့် စင်ပြိုင်အစိုးရသဘော ဖြစ်လာသည်။ ကျေးရွာဝံသာနုအသင်းများကလည်း ကျေးရွာသူကြီးများ၏ အာဏာကို ဖီဆန်ခဲ့ကြသည်။ ထို့ကြောင့်လည်း ၁၉၂၄-၂၅ အတွင်း ရောက်သောအခါ လုံခြုံရေးအတွက်ဟု အကြောင်းပြကာ အင်္ဂလိပ်အစိုးရက ဂျီစီဘီအေအသင်းချုပ်ခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည့်အပြင် ဝံသာနုအသင်းများစွာကို မတရားအသင်းဟု ကြေညာခဲ့သည်။ စီးပွားရေးအနေဖြင့် ဗြိတိသျှကုမ္ပဏီများက ရေနံတူးဖော်ခြင်း၊ သတ္တုတူးဖော်ခြင်း အပါအဝင် မြန်မာနိုင်ငံမှ သယံဇာတပစ္စည်းများကို မိမိတို့စိတ်ကြိုက် ထုတ်ယူသုံးစွဲနေခြင်းကို ကန့်ကွက်ခဲ့သည်။ ဂျီစီဘီအေမှ ကြီးမှူး၍ ရေနံစက်၊ အထည်စက်နှင့် အမျိုးသားဝံသာနုဘဏ် တည်ထောင်ရန်လည်း ကြိုးစားခဲ့သည်။ ဗြိတိသျှနယ်ချဲ့အရင်းရှင်

www.burmeseclassic.com

www.burmeseclassic.com



ဂျီစီဘီအေဥက္ကဋ္ဌ ဦးချစ်လှိုင်
(၁၈၇၉-၁၉၅၂)



ဂျီစီဘီအေဥက္ကဋ္ဌ ဦးစိုးသိမ်း(၁၈၈၅-၁၉၄၄)



နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ရ
ဂျီစီဘီအေဦးစု

www.burmeseclassic.com

www.burmeseclassic.com



များ၏ အမြတ်ထုတ်မှုကို ဆန့်ကျင်ပြသည့်အနေဖြင့် နိုင်ငံခြားကုန်ပစ္စည်းများကို အသုံးမပြုဘဲ ပြည်တွင်းဖြစ်အားပေးရေးကို နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုတစ်ခု အနေဖြင့် ဆောင်ရွက်ခဲ့သည်။

အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးသဖွယ် ဖြစ်ခဲ့သော ဂျီစီဘီအေသည် အင်္ဂလိပ်က ပေးသော ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံသင့်၊ မသင့် သဘောထားကွဲရာမှ ၁၉၂၂ ခုနှစ်တွင် ပထမဆုံးအကြိမ် နှစ်ဖွဲ့ကွဲသွားရသည်။ ဦးချစ်လှိုင် ဂျီစီဘီအေခေါ် သပိတ်မှောက် ဂျီစီဘီအေနှင့် ဦးဘဘေ ဦးစီးသော ၂၁ ဦး ဂျီစီဘီအေဟု ပထမဆုံး နှစ်ဖွဲ့ကွဲသွားသည်။ ထို့နောက် ၁၉၂၅ ရောက်သောအခါ ဦးချစ်လှိုင် ဂျီစီဘီအေမှ ဦးစိုးသိမ်း ဂျီစီဘီအေ ထပ်၍ ကွဲသွားပြန်သည်။ ၁၉၂၉ ရောက်သောအခါ ဦးစိုးသိမ်းဂျီစီဘီအေမှပင် ဦးစုဂျီစီဘီအေ ကွဲထွက်လာပြန်သောကြောင့် အစုစု ဂျီစီဘီအေ လေးစုကွဲသွားသည်။ နောက်ဆုံး ဂျီစီဘီအေ အသင်းကွဲပေါင်း ခြောက်သင်းအထိ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားသည်။ ထိုသို့ ဂျီစီဘီအေကြီး အစိတ်စိတ်အမြွှာမြွှာ ကွဲရသည့်အကြောင်းရင်းများမှာ ဒိုင်အာခီကို လက်ခံရေး၊ မခံရေးတည်းဟူသော နိုင်ငံရေးအယူအဆကွဲရာမှ စ၍ ခေါင်းဆောင်အချင်းချင်း အဆင်မပြေမှုနှင့် အသင်း၏ ရန်ပုံငွေများ သုံးစွဲသည့်ကိစ္စနှင့်ပတ်သက်၍ မကျေနပ်မှုများ ရောပြွမ်းနေကြောင်း တွေ့ရသည်။ စည်းလုံးမှုပြိုကွဲသွားသည်နှင့်အမျှ ဂျီစီဘီအေသည် ၁၉၃၀ လောက်မှ စ၍ နိုင်ငံ့အကျိုးအတွက် ထိထိရောက်ရောက် မဆောင်ရွက်နိုင်တော့ပေ။ ၁၉၃၆ ရောက်သောအခါ ဂျီစီဘီအေ၏အမည် လုံးဝပျောက်ကွယ်သွားခဲ့ရသည်။ ဂျီစီဘီအေသည် ၎င်း၏ အမြင့်ဆုံးရည်မှန်းချက်ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ရေးကို အရယူမပေးနိုင်ဘဲ ပျောက်ကွယ်ခဲ့ရသော်လည်း အမျိုးသားစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်နှင့် လွတ်လပ်ရေးတိုက်ပွဲဝင်စိတ်ဓာတ်များ တိုးပွားလာရန် အများဆုံး လှုံ့ဆော်ပေးခဲ့သည့် အဖွဲ့ကြီးတစ်ခုအဖြစ် မြန်မာ့သမိုင်းတွင် အရေးပါနေပေသည်။



## ဂျုဒိုက်ရေိယာ

ကိုလိုနီခေတ်အတွင်းက ဂျုဒိုက်ဧကမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

| ခုနှစ် | ပြည်မ | ရှမ်းနယ်များ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၉၀၀ | ၁၁,၇၂၃ | - | ၁၁,၇၂၃ |
| ၁၉၁၀ | ၃၇,၆၀၃ | - | ၃၇,၆၀၃ |
| ၁၉၂၀ | ၆၆,၆၄၄ | ၄,၃၄၁ | ၇၀,၉၈၅ |
| ၁၉၃၀ | ၁၀,၄၁၈ | ၄,၂၇၂ | ၁၄,၆၉၀ |
| ၁၉၄၀ | ၇,၇၉၄ | ၃,၈၅၀ | ၁၁,၆၄၄ |
| ၁၉၄၁ | ၁၄,၇၅၂ | ၃,၇၀၀ | ၁၈,၄၅၂ |

## ဂျပ်ဆင်ကောလိပ်

ဂျပ်ဆင်ကောလိပ်မှာလည်း ရန်ကုန်အစိုးရကောလိပ်ကဲ့သို့ပင် ၁၈၇၂ ခုနှစ်တွင် အမေရိကန်ဘက် ပတစ်မစ်ရှင်အဖွဲ့က ယခု အလုံ အထက(၄)နေရာတွင် ဖွင့်လှစ်ခဲ့သော ယူနိုက်တက်ခရစ်ယာန်အထက်တန်းကျောင်းမှ တိုးမြှင့်ပေါ်ပေါက်လာသော ကောလိပ်ဖြစ်သည်။ ထို့ကြောင့် ဘက်ပတစ်အထက်တန်းကျောင်းဟုခေါ်ရာမှ ၁၈၉၂ ခုနှစ်တွင် ဘုန်းတော်ကြီး ဂျေအင်ကူရှင် (J. N. Cusion) ကျောင်းအုပ်ဖြစ်လာသောအခါ ကူရှင်အထက်တန်းကျောင်းဟု တွင်လာပြန်သည်။ ၁၈၉၃ တွင် အဆိုပါ အထက်တန်းကျောင်းမှ ကာလကတ္တားတက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ ရှိလာပြီး ကျောင်းသားတစ်ယောက် အောင်မြင်ခဲ့သည်။ ၁၈၉၄-၉၅ ရောက်သောအခါ ကာလကတ္တားတက္ကသိုလ် ဥပစာတန်းစာမေးပွဲအတွက် စတင်သင်ကြားပေးပြီး ပညာရေးဌာန၏ အထောက်အပံ့ခံ (Aided School) ကျောင်း ဖြစ်လာသည်။ သင်တန်းအနေဖြင့် ဥပစာတန်း၊ ...က်ဖ်အေ (First Arts) အထိ သင်ယူခွင့်ရသည့် ဒုတိယတန်းစားကောလိပ်...ဖြစ် အသိအမှတ်ပြုခံရ၍ ဘက်ပတစ်ကောလိပ်ဟု ခေါ်ကြသည်။

---

[၁] ဤစာရင်းကို မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၁)မှ ကူးယူဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘက်ပတစ်ကောလိပ်သည် ၁၉၀၉-၁၀ ခုနှစ်မှ စ၍ ဘီအေတန်း၊ ထို့နောက် အင်္ဂလိပ်စာဂုဏ်ထူးတန်းနှင့် ဒဿနိကဗေဒဂုဏ်ထူးတန်းများကို တိုးမြှင့်သင်ကြားပေးခဲ့သည်။ ၁၉၀၉ ခုနှစ် ဘက်ပတစ်ကောလိပ်ကို မူလနေရာမှ အမှတ် ၁၄၃၊ မင်းရဲကျော်စွာလမ်း(စိန့်ဂျွန်းလမ်း)ရှိ မြန်မာပြည် နှစ်ခြင်းသာသနာပြုအဖွဲ့ချုပ်ဝင်း အတွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ၁၉၁၈ ခုနှစ် ရောက်သောအခါ အမေရိကန်ခရစ်ယာန်သာသနာပြုဆရာတော်ကြီး ဒေါက်တာဂျပ်ဆင် (Mr. Judson)ကို ဂုဏ်ပြုသည့်အနေဖြင့် ဂျပ်ဆင်ကောလိပ် (မြန်မာအခေါ် ယုဒသန်ကောလိပ်)ဟု အမည်ပြောင်းသည်။ ဂျပ်ဆင်ကောလိပ်မှ ပထမဆုံး ဘီအက်စ်စီ ဘွဲ့ရသူ ဒေါ်လှသိန်းသည် မြဝတီမင်းကြီးဦးစ၏ မြစ်ဖြစ်သည်ဟု သိရသည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ပေါ်ပေါက်လာသောအခါ ဂျပ်ဆင်ကောလိပ်သည် ရန်ကုန်တက္ကသိုလ်၏အပေါင်းအပါ ကောလိပ်တစ်ခု ဖြစ်လာသည်။

## ငွေပေးလို့မရ (၁၉၃၂)

ပထမဆုံးမြန်မာအသံထွက်ရုပ်ရှင်ဇာတ်ကားအမည် ဖြစ်သည်။ ၁၉၃၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပလာဇာရုပ်ရှင် (နောင်ရာဇ်၊ ရဲရင့်နှင့် ယခု ဆကုရအဆောက်အအုံနေရာ)၌ ပြသည်။ ဤဇာတ်ကားသည် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ သွားရောက်ရိုက်ကူးခဲ့သည့် ကားဖြစ်သည်။ အိန္ဒိယသို့ သွားရောက်ရိုက်ကူးသည့် အဖွဲ့တွင် အဖွဲ့ဝင် ၂၂ ယောက်ပါသည်။ မြန်မာအသံထွက်ရုပ်ရှင်ကားရိုက်ရန် ပထမဆုံးကြံစည်သူမှာ ရန်ကုန်မြို့ မီးရထားဌာန ကန်ထရိုက်တာ သူဌေးကြီး ဝါလီမာမက်၏သား ဘီလပ်ပြန် ခေတ်ပညာတတ် နဇာမီမာမက်ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယသွား မြန်မာရုပ်ရှင်ပညာသည်များအဖွဲ့တွင် မစ္စတာနဇာမီ၏ ကိုယ်စားလှယ်ဆရာဝန် မစ္စတာဆင်း၊ ဒါရိုက်တာဦးတုတ်ကြီးနှင့် ဇနီး၊ စာရေးဆရာကြီး ဒဂုန်နတ်ရှင်၊ မင်းသားအေးကိုနှင့် ခင်မောင်ညွန့်၊ မင်းသမီးခင်မေကြီးနှင့် ခင်မေလေး၊ လူကြမ်းမင်းသား ချစ်တင်ကြီး၊ အငြိမ့်မင်းသမီးမန္တလာသောင်းနှင့် မြအေးကြည်၊ တေးပြုစာဆို စန္ဒရားရွှေပြည်အေးနှင့် အရှေ့ပိုင်းဆရာချစ်၊ တူရိယာအဖွဲ့တွင် တယောကိုဘရီနှင့် ကိုအေးမောင်၊ ဆိုင်းဆရာဘတင်ကြီး၊ အဆိုတော် ပြည်မောင်ကြီး၊ ရုပ်သေးမင်းသားကြီး ကိုသာယာနှင့် မင်းသမီးကြီး ဒေါ်သိန်း စသူတို့ဖြစ်သည်။



အိန္ဒိယသွား မြန်မာရုပ်ရှင်အဖွဲ့သည် ၁၉၃၂ ခုနှစ်၊ မတ်လတွင် ရန်ကုန်မှ ကာလကတ္တားသို့ ပင်လယ်ကူးသင်္ဘောကြီးဖြင့် ထွက်ခွာခဲ့ကြသည်။ သင်္ဘောပေါ်တွင်ပင် ဇာတ်ညွှန်းကို အချောကိုင်၍ ဇာတ်ဝင်ခန်းအချို့ကို သရုပ်ဆောင်များဖြင့် ဇာတ်တိုက်သွားကြသည်။ တေးဂီတဆိုင်ရာ အဖွဲ့ကလည်း သင်္ဘောပေါ်မှာပင် ဇာတ်ဝင်သီချင်းများကို စပ်ဆို၍ တီးလုံးများလည်း တိုက်သွားကြသည်။ ဘုံဘေမြို့သို့ ရောက်သောအခါ အင်ပီးရီးယဲလ်ရုပ်ရှင်ကုမ္ပဏီမှ စတူဒီယိုနှင့် ကင်မရာ၊ အသံဖမ်းစက်အပါအဝင် စက်မှုလက်မှုပညာရှင်များကို ငှားရမ်း၍ ၂၉ ရက်နှင့် အပြီးရိုက်သည့် ကားဖြစ်သည်။ ထို့နောက် ကားကူး၊ ကားဆေး၊ ကားဆက်လုပ်ငန်းအတွက် လေးရက်နှင့်ဆိုလျှင် ၃၃ ရက်နှင့် ပြီးသည့် ကားဖြစ်သည်။

ဤကားသည် ပထမဆုံး မြန်မာအသံထွက်ကားဖြစ်သောကြောင့် သရုပ်ဆောင်များ၏ စကားသံများမှာ အလွတ်ကျက်ထားမှန်း သိသာခြင်း၊ အသံအနိမ့်အမြင့် အတိုးအကျယ်မမှန်ခြင်း၊ တီးတိုးပြောသံများ၊ ကြိတ်မိုတ်ငိုကြွေးသံများမှာ ကျယ်လွန်း၍ သဘာဝမကျခြင်း စသည့် အားနည်းချက်များရှိသော်လည်း ပရိသတ်က ခွင့်လွှတ်၍ စိတ်အားထက်သန်စွာ ကြိတ်ကြိတ်တိုးအားပေးခဲ့ကြသည်။ ရုပ်ရှင်ကြည့်ပရိသတ်၏ အထူးအားပေးမှုကြောင့် နှစ်လကြာမျှ ပြသခဲ့ရသောကြောင့် အချိန်အကြာဆုံးပြရသည့် ကားအဖြစ် စံချိန်တင်ခဲ့သည်။ ရွှေတစ်ကျပ်သားလျှင် လေးကျပ်မျှသာ ရှိသည့် ထိုအချိန်က ဝင်ငွေတစ်သိန်းကျော်ရရှိ၍ ဝင်ငွေအများဆုံးစံချိန်တင်နိုင်ခဲ့သည့် ကားလည်း ဖြစ်သည်။

## စတီးဘရားသားကုမ္ပဏီ (၁၈၇၀)

မြန်မာပြည်ဆန်စပါးရောင်းဝယ်ရေးကို အကြီးအကျယ်လုပ်သော စတီးဘရားသားကုမ္ပဏီကို အင်္ဂလိပ်လူမျိုး မစ္စတာစတီးက ၁၈၇၀ ပြည့်နှစ်တွင် တည်ထောင်သည်။ ထိုကုမ္ပဏီ၏ ဌာနချုပ်မှာ အင်္ဂလန်တွင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## စတုတ္ထသမီးတော် ကွယ်လွန်ခြင်း (၁၉၃၆)

သီပေါမင်းနှင့် စုဖုရားလတ်တို့၏ စတုတ္ထသမီးတော် ကွယ်လွန်ခြင်း ဖြစ်သည်။ စတုတ္ထသမီးတော်သည် ၁၉၃၆ ခုနှစ်၊ မတ်လတွင် မော်လမြိုင်မြို့၌ ကွယ်လွန်သည်။ စတုတ္ထသမီးတော်၏ ဈာပနအတွက် အိန္ဒိယပြည်၊ ကလင်ပုံမြို့မှ လတ်သခင်နှင့် ဒုတိယသမီးတော်တို့က . ငွေ ၅၀၀ ကျပ် ပို့ပေးသည်။ သမီးတော်၏ ဈာပနကို ရန်ကုန်၌ ကျင်းပရန် ဆွေတော်မျိုးတော်များက ခွင့်တောင်းသော်လည်း အင်္ဂလိပ်အစိုးရက ခွင့်မပြုခဲ့ပေ။ ငွေ ၅၀၀ ကျပ် ကူညီခဲ့သည်မှာ သမီးတော်၏ ဈာပနကို ရန်ကုန်၌ သဂြိုဟ်ရန်အတွက် ပေးခြင်းဖြစ်၍ ရန်ကုန်၌ သဂြိုဟ်ခွင့်မရသောအခါ ထိုစဉ်က လိုအပ်နေသော ဦးဇော်ဝိတ် အိုလံပစ် အားကစားပွဲသွားစရိတ် ရန်ပုံငွေအဖြစ် လွှဲပြောင်းပေးလှူခဲ့သည်။

## စာရေးဆရာအသင်း (အထက်မြန်မာနိုင်ငံ) (၁၉၄၄)

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ အထက်မြန်မာနိုင်ငံအသင်းခွဲကို မန္တလေး၌ ၁၉.၇.၁၉၄၄ နေ့တွင် ဖွဲ့စည်းသည်။ ထိုအသင်း၏ ကျက်သရေဆောင် နာယကသုံးဦးမှာ သစ်တောဝန်ဟောင်း ဦးမောင်မောင်ကျော်၊ သာသနာ ညွှန်ကြားရေးဝန် ဦးချင်နှင့် မန္တလေး သူရိယအယ်ဒီတာချုပ် ဦးခင်မောင်တို့ ဖြစ်သည်။ အမှုဆောင်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | | |
|---|---|---|
| ၁။ | ဦးကိုလေး(ဓာတုဗေဒမဟာပညာကျော်) | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းမောင်(မန္တလေးသူရိယ) | အတွင်းရေးမှူး |
| ၃။ | ဦးဘဇင်(ဈေးဝန်ထောက်) | ငွေထိန်း |
| ၄။ | ဦးခင်မောင်ကြွယ် | ပညာရေးမှူး |
| ၅။ | နဂါးနီဦးမောင်မောင် | စာရင်းစစ် |
| ၆။ | သခင်ဗဟုံ(ရဲဗိုလ်) | အဖွဲ့ဝင် |
| ၇။ | ဦးသာမြ(ဗမာ့ဝန်ထမ်းတိုင်းဝန်ထမ်းမှူး) | အဖွဲ့ဝင် |
| ၈။ | တိုင်းချစ် ဦးသိန်းဖေ | အဖွဲ့ဝင် |

အသင်း၏ အထူးအကြံပေးပုဂ္ဂိုလ်နှစ်ဦးမှာ ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးမြမျိုးလွင်တို့ ဖြစ်သည်။



## စီနီယာနှင့်ဂျူနီယာတန်းဘောလုံးပွဲများ၌ ဗိုလ်စွဲခဲ့ကြသော ဘောလုံးအသင်းများ

မြန်မာ့ဘောလုံးအားကစားသမိုင်းတွင် ၁၉၀၀ ပြည့်နှစ်မှ စတင်ကျင်းပသော စီနီယာပထမတန်း အမှတ်ပေးပွဲနှင့် ဂျူနီယာရှုံးထွက်ပွဲ၊ ၁၉၀၈ ခုနှစ်မှ စတင်ကျင်းပသော စီနီယာဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများတွင် နှစ်အလိုက်ဗိုလ်စွဲခဲ့ကြသော ဘောလုံးအသင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

| ခုနှစ် | စီနီယာပထမတန်း အမှတ်ပေးပွဲ | စီနီယာဒုတိယတန်း အမှတ်ပေးပွဲ | ဂျူနီယာရှုံးထွက်ပွဲ |
|---|---|---|---|
| ၁၉၀၀ | စိန့်ဂျွန်းကောလိပ် | | ရန်ကုန်ကောလိပ် |
| ၁၉၀၁ | ဂျင်မခါနာကလပ် | | ဒိုင်အိုစီဇင်ကလပ် |
| ၁၉၀၂ | ဂျင်မခါနာကလပ် | | ဗိုင်အမ်စီအေ |
| ၁၉၀၃ | အမှတ် (၇၀) မြို့စောင့်တပ် | | ဘက်ပတစ်ကောလိပ် |
| ၁၉၀၄ | ဂျင်မခါနာကလပ် | | ဘုရင့်တပ်(ခ)အသင်း |
| ၁၉၀၅ | အမှတ်(၁)ဘုရင့် ရဲကျိုမင့်တပ် | | ဘုရင့်တပ်(ခ)အသင်း |
| ၁၉၀၆ | ဂျင်မခါနာကလပ် | | ဘက်ပတစ်ကောလိပ် |
| ၁၉၀၇ | အမှတ်(၁)ဒီဖွန် ရဲကျိုးမင့်တပ် | | ဒိုင်အိုစီဇင်ကလပ် |
| ၁၉၀၈ | အမှတ်(၁)ဒီဖွန် ရဲကျိုးမင့်တပ် | ဂျင်မခါနာကလပ် | ဘက်ပတစ်ယောကျ်ားကလေး |
| ၁၉၀၉ | ရန်ကုန်တပ်နယ် အမြောက်တပ် | ရန်ကုန်တပ်နယ် အမြောက်တပ် | အမှတ်(၁) ရှိုင်ရယ်စကော့ ဖြူစီလီယာတပ် |
| ၁၉၁၀ | အမှတ်(၁) ရှိုင်ရယ်စကော့ ဖြူစီလီယာတပ် | အမှတ်(၁) ရှိုင်ရယ်စကော့ ဖြူစီလီယာတပ် | အမှတ်(၁) ရှိုင်ရယ်စကော့ ဖြူစီလီယာတပ် |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၁၉၁၁ | အမှတ်(၁) နယ်ခြားစောင့်တပ် | အမှတ်(၁) နယ်ခြားစောင့်တပ် | အမှတ်(၁) နယ်ခြားစောင့်တပ် |
| ၁၉၁၂ | ရန်ကုန်တပ်နယ် အမြောက်တပ် | ရန်ကုန်တပ်နယ် အမြောက်တပ် | အစိုးရဟိုက်စကူး ကျောင်း |
| ၁၉၁၃ | အမှတ်(၁) ရှိုင်ရယ်မန်ချက်စတာ ဖြူစီလီယာတပ် | ရန်ကုန်တပ်နယ် အမြောက်တပ် | ဖရင်းယူနီယံကလပ် |
| ၁၉၁၄ | အမှတ်(၁) ရှိုင်ရယ်မန်ချက်စတာ ဖြူစီလီယာတပ် | စိန့်ပေါကျောင်းသား ကလပ် | အစ္စလာမ်လူငယ်များ (ယူနိုက်တက် အစ္စလာမ်မစ်) |
| ၁၉၁၅ | ရန်ကုန်ကောလိပ် | အစိုးရအထက်တန်း ကျောင်း | ဆမ်းမားဆက် |
| ၁၉၁၆ | ရန်ကုန်ကောလိပ် | ရန်ကုန်ကောလိပ် | ဖရင်းယူနီယံကလပ် |
| ၁၉၁၇ | ရန်ကုန်ကောလိပ် | ရန်ကုန်ပုလပ် | မက်သဒစ်ယောကျ်ား ကလေးကျောင်း |
| ၁၉၁၈ | သန်လျင်ဂျင်မခါနာ | စိန့်ပေါကျောင်းသား ဟောင်းကလပ် | မြန်မာဓမ္မရထား ကလပ် |
| ၁၉၁၉ | ရန်ကုန်ကောလိပ် | ရန်ကုန်မြို့စောင့်တပ် | မလွကုန်းအားကစား ကလပ် |
| ၁၉၂၀ | ရန်ကုန်ကောလိပ် | စိန့်ပေါကျောင်းသား ဟောင်းကလပ် | အတွင်းဝန်များရုံး ကလပ် |
| ၁၉၂၁ | အမှတ်(၁) ရှိုင်ရယ်စကော့တပ် | ပုလိပ်ကြီး | ကြည့်မြင်တိုင် ဆိုရှယ်ကလပ် |
| ၁၉၂၂ | ပုလိပ်ကြီး | ဒိုင်အိုစီဇင်ကျောင်းသား ဟောင်း | ဆေးကောလိပ် |
| ၁၉၂၃ | ပုလိပ်ကြီး | ပုလိပ်ကြီးအရန် | ဆေးကောလိပ် |
| ၁၉၂၄ | အကောက်ခွန် | ပုလိပ်ကြီးအရန် | ဆေးကောလိပ် |
| ၁၉၂၅ | ပုလိပ်ကြီး | အာရ်အီးတီ ရန်ကုန်လျှပ်စစ် | လူငယ်များယူနီယံ ကလပ် |



| | | | |
|---|---|---|---|
| ၁၉၂၆ | အကောက်ခွန် | ဖရင်းယူနီယံ | လူငယ်များယူနီယံ ကလပ် |
| ၁၉၂၇ | ပုလိပ်ကြီး | ယူနီဗာစီတီကောလိပ် | ရန်းမင်းကလပ် |
| ၁၉၂၈ | အမှတ်(၁) ကင်မရွန်း ရဲကျီမင့်တပ် | ဆေးကျောင်း | သည်ဘားမင်းကလပ် |
| ၁၉၂၉ | အမှတ်(၁) ကင်မရွန်း ရဲကျီမင့်တပ် | မြူနီစီပယ် | သည်ဘားမင်းကလပ် |
| ၁၉၃၀ | အကောက်ခွန် | ရန်ကုန်ပုလိပ်ကလပ် | ရန်ကုန်အရှေ့ပိုင်း ကလပ် |
| ၁၉၃၁ | ပုလိပ်ကြီး | ဂျင်မခါနာကလပ် | ရန်ကုန်အရှေ့ပိုင်း ကလပ် |
| ၁၉၃၂ | ယူနီဗာစီတီကောလိပ် | ရန်ကုန်မြို့မပုလိပ် | ခနောဘောလုံး အသင်း |
| ၁၉၃၃ | ယူနီဗာစီတီကောလိပ် | ရန်ကုန်အရှေ့ပိုင်း | ပိုင်အမ်စီအေ |
| ၁၉၃၄ | ယူနီဗာစီတီကောလိပ် | ရန်းမင်းကလပ် | စာတိုက် |
| ၁၉၃၅ | ပုလိပ်ကြီး | စင်ကျူရီယံ | စာတိုက် |
| ၁၉၃၆ | မြူနီစီပယ် | စာတိုက် | ဗြိတိသျှအိန္ဒိယ ရေကြောင်း |
| ၁၉၃၇ | မြန်မာပြည်မီးရထား | ဗြိတိသျှအိန္ဒိယ ရေကြောင်း | အမှတ်(၁)ပြည်စောင့် ရဲတပ်ရင်း |
| ၁၉၃၈ | ပုလိပ်ကြီး | စာတိုက် | အမှတ်(၁)ပြည်စောင့် ရဲတပ်ရင်း |
| ၁၉၃၉ | အကောက်ခွန် | အမှတ်(၂) မြန်မာပြည်စစ်ရဲတပ် | အိုရီယင်တယ်ကလပ် |
| ၁၉၄၀ | ဂလောက်စတာ ရဲကျီမင့်တပ် | အမှတ်(၂) မြန်မာပြည်စစ်ရဲတပ် | ဂလောက်စတာရဲကျီမင့် (ခ)အသင်း |
| ၁၉၄၁ | အကောက်ခွန် | ဘားမားယူနီယံ | ကျောင်းသားဟောင်း များ(သန်လျင်) |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၁၉၄၂ | ပြိုင်ပွဲများ မရှိ | | |
| ၁၉၄၃ | | | |
| ၁၉၄၄ | | | |
| ၁၉၄၅ | | | |
| ၁၉၄၆ | မြူနီစီပယ် | ပွဲမရှိ | ပွဲမရှိ |
| ၁၉၄၇ | ရေဝတီသင်္ဘော | အမှတ်(၅)ရေ့တန်း | ဘီအိုစီ(သန်လျင်) |
| | ကုမ္ပဏီ | အခြေစိုက်အလုပ်ရုံ(က) | |
| ၁၉၄၈ | အကောက်ခွန် | အေရတစ် | ပြည်သူ့ထောက်ပံ့ရေး |

အထက်ပါစာရင်းဇယားကို ပြုစုရာတွင် အင်အားအယ်ဒီတာအဖွဲ့က ရေးသားသော **မြန်မာ့ဘောလုံးသမိုင်းကြောင်း** ပထမပိုင်း (၂၀၀၄)နှင့် ဦးထိန်လင်း (တံခွန်ဂျာနယ်)ရေးသော **မြန်မာနှင့်ဘောလုံး**၊ ၁၉၈၀ ပြည့်နှစ်တို့ကို ကိုးကားပါသည်။ စာအုပ်နှစ်အုပ်တွင် စီနီယာပထမတန်းနှင့် ဒုတိယတန်းအမှတ်ပေးပွဲများ၌ နှစ်အလိုက် အနိုင်ရသည့် အသင်းအချို့တို၌ ကွဲလွဲချက်တွေ့ရသည်။ အသေးစိတ်ကို ထိုစာအုပ်နှစ်အုပ်၌ လေ့လာနိုင်ပါသည်။

## စောလဖော်(စော်ဘွားကြီး)

မြန်မာမှတ်တမ်းများတွင် စောလပေါ၊ စောလှဘော်၊ စောလှဖော်ဟု ရေးကြသော ကယားစော်ဘွားကြီးစောလဖော်သည် ကယားပြည်နယ်မှ ထင်ရှားသော ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်။ စောလုံမြို့ကို ဌာနချုပ်ပြုလုပ်၍ ကယားတိုင်းရင်းသားများကို စည်းရုံးကာ ၁၈၈၆ ခုနှစ်မှ ၁၈၈၈ ခုနှစ်အထိ ဗြိတိသျှနယ်ချဲ့တပ်သားများကို ဆန့်ကျင်တွန်းလှန်ရန် ကြိုးစားခဲ့သူဖြစ်သည်။ ရှေးဦးစွာ ဗြိတိသျှတို့၏ အစောင့်အရှောက်ခံ မောက်မယ်ကို တိုက်ခိုက်ခဲ့သည်။ ထိုသို့ မောက်မယ်ကို တိုက်ခိုက်သောကြောင့် လျော်ကြေးငွေကျပ်နှစ်သိန်း၊ သေနတ် အလက် ၅၀၀ နှင့် နှစ်စဉ်အခွန်ငွေကျပ် ၅၀၀၀ ကျပ် ပေးရမည်ဟု ဗြိတိသျှတို့က တောင်းဆိုသည်။ ထိုသို့ လျော်ကြေးပေးရန်နှင့် ဗြိတိသျှတို့ထံ အညံ့ခံရန် တောင်းဆိုသည်ကို စော်ဘွားကြီးက ရဲဝံ့ပြတ်သားစွာဖြင့် ငြင်းဆန်ခဲ့သည်။

၁၈၈၈ ခုနှစ်တွင် ဗြိတိသျှတပ်ဖွဲ့မှ စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ကယားဒေသသို့ ချီတက်ကြသည်။ ဗြိတိသျှတပ်နှင့် စောလဖော်၏တပ်များ ကျောက်ညှပ်၊ ဖားစောင်းနှင့် ကျေးအရပ်များ၌ တိုက်ပွဲဖြစ်ပွားသည်။ ဗြိတိသျှတပ်များက စောလုံကို တိုက်ခိုက်သောအခါ စော်ဘွားကြီး လွတ်မြောက်သွားပြီး သူ၏နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများလည်း အဆုံးသတ်သွားသည်။



## စော၊ ဦးနှင့် ပြည်ထောင်စု (၁၉၄၇)

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများအား ဂဠုန်ဦးစောနှင့် အပေါင်းအပါများက ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က လုပ်ကြံသည့်အမှုကို တရားဝင်ခေါ်သည့် အမည်ဖြစ်သည်။ နိုင်ငံတော်လုပ်ကြံမှုဟုလည်း ရေးကြ၊ ခေါ်ကြသည်။ အာဇာနည်ကြီးများ လုပ်ကြံခံရသည့်နေ့မှာပင် ဦးစောနှင့် တရားခံများကို ဖမ်းမိသည်။ ဩဂုတ်လ ၃၀ ရက်နေ့တွင် ဘုရင်ခံက လုပ်ကြံမှုကို စစ်ဆေးစီရင်ရန် အထူးခုံရုံးဥပဒေကို ထုတ်ပြန်သည်။ စက်တင်ဘာလ ၂၀ ရက်နေ့တွင် တရားလွှတ်တော် တရားဝန်ကြီး ဦးကျော်မြင့် နာယကအဖြစ်ပါဝင်ပြီး ဝါရင့်စက်ရှင်တရားသူကြီးများဖြစ်ကြသော ဦးအောင်သာကျော်နှင့် ဦးစိဘူးတို့ ပါဝင်သော အထူးခုံရုံး ဖွဲ့သည်။ ဤလုပ်ကြံမှုကို အထူးခုံရုံးလုပ်ငန်း ၁၉၄၇ ခုနှစ်၊ အမှုကြီးအမှတ် (၁)ဟု အမှတ်စဉ်တပ်သည်။

ဤလုပ်ကြံမှု၏ ပထမအမည်မှာ 'ဘုရင်နှင့် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန် (ခေါ်) စိန်ကြီး (ခေါ်) လှအောင်၊ ရန်ကြီးအောင် (ခေါ်) လှထွန်း၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ (ခေါ်) ဘိုနီ (ခေါ်) ဂနီနှင့် မှုံကြီး (ခေါ်) မောင်မှုံ' ဟူ၍ဖြစ်သည်။ အတိုအားဖြင့် 'ဘုရင်နှင့် ဦးစောပါ ၉ ဦး' အမှုဟုခေါ်သည်။ ဘညွှန့်ကသာ အစိုးရသက်သေ သို့မဟုတ် 'ဖော်ကောင်' မလုပ်လျှင် တရားခံ ၁၀ ဦးဖြစ်မည်။

အထူးခုံရုံးက အောက်တိုဘာလ ၈ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်အတွင်း၌ ရုံးစထိုင်သည်။ အောက်တိုဘာလ ၁၅ ရက်နေ့တွင် သက်သေများကို စတင်စစ်ဆေးသည်။ တရားလိုပြသက်သေ ၁၃၁ ယောက်အနက် ၇၇ ယောက်ကို စစ်ဆေးပြီးသောအခါ အမှုရပ်လုံးပေါ်ပြီဖြစ်သောကြောင့် နိုဝင်ဘာလ ၄ ရက်နေ့တွင် တရားခံများကို စွဲချက်တင်သည်။ တရားခံများကို စွဲချက်တင်ရာတွင် ရာဇသတ်ကြီးပုဒ်မ ၁၂၀(ခ)နှင့် ယင်းဥပဒေပုဒ်မ (၃၀၂)နှင့် ပုဒ်မ (၁၀၉)ကိုအရ ဦးစောနှင့် ကျန်တရားခံများကို လုပ်ကြံမှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းတို့ကြောင့် စွဲချက်တင်ကြောင်း ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂဠုန်ဦးစော
(၁၉၀၀-၁၉၄၈)



လုပ်ကြံမှုတရားခံများကို စွဲချက်တင်ပြီးနောက် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဦးစောက ကျမ်းကျိန်ထွက်ဆိုသည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဦးစောအတွက် သက်သေများ ကုန်ပြီဟု ဦးစော၏ ရှေ့နေ မစ္စတာကားတစ်ဘက်နက်က အထူးခုံရုံးသို့ အစီရင်ခံသည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရှေ့နေဦးစံဝင်းက သူလိုက်ပါဆောင်ရွက်သော တရားခံများအတွက် လျှောက်လဲသည်။ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် တရားလိုဘက်မှ ရှေ့နေချုပ် ဦးထွန်းဖြူက အပြီးသတ်လျှောက်လဲသည်။ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အထူးခုံရုံးက စီရင်ချက်ချသည်။ စာမျက်နှာ ၈၄ မျက်နှာရှိ စီရင်ချက်ကို နာယကဦးကျော်မြင့်က ၂ နာရီကျော်ကြာ အင်္ဂလိပ်လို ဖတ်ကြားသည်။ စီရင်ချက်တွင် ဦးစောပါ ၉ ဦးစလုံး သေဒဏ်ချမှတ်သည်။

လွတ်လပ်ရေးမကြေညာမီ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ဦးစောက ရှေ့နေက ဟိုက်ကုတ်သို့ အယူခံလွှာတင်သည်။ ကျန်တရားခံများလည်း အယူခံဝင်ကြသည်။ ယခင်က ဘုရင်ခံက တရားလိုပြု၍ ဦးစောနှင့် အပေါင်းအပါတို့ကို တရားစွဲဆိုခဲ့သည်။ လွတ်လပ်ရေးကြေညာပြီးသောအခါ ဟိုက်ကုတ်သည် တရားလွှတ်တော်ဖြစ်လာသည်။ ထို့ကြောင့် အယူခံမှုများကို "ဦးစောနှင့်ပြည်ထောင်စု"ဟု အမည်တပ်သည်။

အယူခံမှုများကို ကြားနာရန် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်က တရားဝန်ကြီးဦးအုံးဖေ၊ ဦးစံမောင်နှင့် ဦးဘိုကြီးတို့ ပါဝင်သော ခုံရုံးကို ဇန်နဝါရီလ ၂၆ ရက်စွဲပါ ရုံးတွင်းအမိန့်ဖြင့် ဖွဲ့ပေးသည်။ အယူခံမှုအတွက် လျှောက်လဲချက်များကို ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ နေ့စဉ်ကြားနာသည်။ ပြည်ထောင်စုအစိုးရအတွက် ရှေ့နေချုပ်ဦးချန်ထွန်းက လိုက်ပါဆောင်ရွက်သည်။ တရားလွှတ်တော်က စာမျက်နှာ ၅၇ မျက်နှာရှိသော စီရင်ချက်ကို မတ်လ ၈ ရက်နေ့တွင် ချမှတ်သည်။ ပြစ်မှု၏ပမာဏအရ သေဒဏ်မှတစ်ပါး လျှော့ပေါ့ပေးရန် မဖြစ်နိုင်ဟု ဖော်ပြထားသည်။ သို့သော်လည်း နိုင်ငံတော်သမ္မတကမူ ကရုဏာထား၍ လျှော့ပေါ့ပေးလိုလျှင် ပေးရန် ဖြစ်သည်ဟု မှတ်ချက်ပါသည်။

ဦးစော၊ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှူကြီးတို့က အခွင့်ထူးအယူခံဝင်ခွင့် လျှောက်ထားကြသည်။ တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ် သာဘဦး၊ တရားဝန်ကြီး ဦးဧမောင်နှင့် တရားလွှတ်တော် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်တို့က လျှောက်လဲချက်များကို ကြားနာပြီး အခွင့်ထူးအယူခံဝင်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်ကြောင်း စာမျက်နှာ ၅၇ မျက်နှာရှိ စီရင်ချက်ဖြင့် ချမှတ်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် တရားလွှတ်တော်ချုပ်က ဦးစောတို့၏ လျှောက်လွှာများကို ပယ်ခဲ့သည်။

တရားလွှတ်တော်ချုပ်က အထူးအယူခံခွင့်ကို ပယ်လိုက်သော်လည်း သေဒဏ်ကို တရားရုံးက သတ်မှတ်၍ နောက်ဆုံးအယူခံရုံးများက အတည်ပြု ပြီးလျှင် အမှုများကို သမ္မတထံတင်ပြ၍ အမိန့်ခံယူရသော လုပ်ထုံးနှင့်အညီ ဦးစောနှင့် လေးဦးတို့၏ အမည်များကိုလည်းကောင်း၊ အသနားခံစာတင်ကြသော တရားခံများ၏ အမှုများကိုလည်းကောင်း တရားရေးရာဝန်ကြီးဌာနက စိစစ်၍ သမ္မတထံ တင်ပြခဲ့သည်။ ဤသို့ဖြင့် ခင်မောင်ရင်အပေါ် ချမှတ်ထားသော သေဒဏ်ကို တစ်သက်တစ်ကျွန်းသို့လည်းကောင်း၊ သုခနှင့် မောင်နီတို့အား လည်း သေဒဏ်မှလွှတ်၍ တစ်သက်တစ်ကျွန်းကိုသာ ကျခံစေရမည်ဟု သမ္မတ က လွှဲပြောင်းလျှော့ပေါ့ပေးကြောင်း မေလ ၅ ရက်နှင့် ၆ ရက်နေ့စွဲပါ တရား ရေးဝန်ကြီးဌာန အတွင်းဝန် ဦးစံညွန့်၏ အမိန့်စာထွက်လာသည်။ မိမိတို့ ကျူးလွန် ခဲ့သည့်အမှုအလျောက် ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့် မှုကြီးတို့ကို အင်းစိန် အကျဉ်းထောင်အတွင်း၌လည်းကောင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ရန်ကုန် ဗဟိုအကျဉ်းထောင်အတွင်း၌လည်းကောင်း၊ မေလ ၈ ရက်နေ့ နံနက်အရုဏ်တက် ချိန်တွင် တစ်ချိန်တည်းလို ကြိုးပေးခဲ့သည်။ (အာဇာနည်နေ့လည်း ကြည့်ပါ။)

## စံ၊ ဆရာ (၁၈၇၆–၁၉၃၁)

စစ်ကိုင်းတိုင်း ဒီပဲယင်း(တပယင်း)မြို့နယ် သရက်ကန်အရှေ့ရွာဇာတိ ဖြစ်သည်။ အဖ ဦးကျေးနှင့် အမိဒေါ်ဖက်တို့မှ ၁၈၇၆ ခု၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဖွားမြင်သည်။ ညီအစ်ကိုမောင်နှမ ငါးယောက်အနက် ဆရာစံ မှာ အငယ်ဆုံးဖြစ်သည်။ ငယ်နာမည် မောင်စံရှားဖြစ်သည်။ ဒီပဲယင်းမြို့နယ် ဇာတိဖြစ်သော်လည်း ဆရာစံ အမြဲနေထိုင်သော အရပ်မှာ မော်လမြိုင် ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ကမာမိုရွာဖြစ်သည်။ မြန်မာဇာတ်ဆေးဆရာတစ်ဦးဖြစ်သည့် အလျောက် ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ ကျမ်းစာအုပ်ရေးခြင်းဖြင့် အသက် မွေးသည်။ အင်္ဂလိပ်ရတ်ထိုးလည်း ဝါသနာပါသည်။ ရောဂါလက္ခဏာတို့၏ ဇာစ် မြစ်ကို ပြဆိုသည့် **လက္ခဏာစုကျမ်း**နှင့် **ဝိဇ္ဇာသိပ္ပံအဂ္ဂိရတ္တရကျမ်း**တို့ကို ရေးသား



မြိတ်သူ့တို့အား တော်လှန်ခဲ့သူ ဆရာစံ
(၁၈၇၆–၁၉၃၁)

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဆေးကုသသည့် အလုပ်ဖြင့် အသက်မွေးရင်း မဗ္ဗရက္ခိတအသင်းနှင့် သီရိဥတ္တမအသင်းများဖွဲ့ကာ ဝံသာနုလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ထို့နောက် ဂျီစီဘီအေအသင်းနှင့် ဆက်သွယ်မိပြီး ကမာမိုတိုက်နယ် ဂျီစီဘီအေဥက္ကဋ္ဌအဖြစ်မှ မော်လမြိုင်ခရိုင် ဂျီစီဘီအေဥက္ကဋ္ဌ ဖြစ်လာသည်။ ဦးချစ်လှိုင်နှင့် ဦးစိုးသိမ်း ဂျီစီဘီအေဟု နှစ်သင်းကွဲသောအခါ ဦးစိုးသိမ်းဂျီစီဘီအေဘက်သို့ ပါသွားသည်။ ဦးစိုးသိမ်းဂျီစီဘီအေတွင် အမှုဆောင်အဖွဲ့ဝင်နှင့် စည်းရုံးရေးမှူးအဖြစ် ထင်ရှားလာသည်။

ဆရာစံက အင်္ဂလိပ်နယ်ချဲ့အစိုးရအား လက်နက်ကိုင်တော်လှန်ရန် စိတ်အားထက်သန်သော်လည်း ဦးစိုးသိမ်းဂျီစီဘီအေက လက်နက်ကိုင်တော်လှန်ရန် အချိန်မကျသေးဟု ယူဆသောကြောင့် ဆရာစံသည် လျှို့ဝှက်၍ ဂဠုန်တပ်ဖွဲ့များဖွဲ့ကာ အင်္ဂလိပ်အစိုးရအား တော်လှန်ရန် ကြံစည်ခဲ့သည်။ ဦးစိုးသိမ်း ဂျီစီဘီအေ၏ စည်းရုံးရေးမှူးအဖြစ်ဖြင့် ရောက်ရှိရာ အရပ်တိုင်း၌ ဂဠုန်တပ်ဖွဲ့များဖွဲ့၍ လူသူလက်နက်များ စုဆောင်းခဲ့သည်။ ထို့ကြောင့် ဂဠုန်ဆရာစံဟု ခေါ်ကြသည်။ အင်္ဂလိပ်အစိုးရအား လူခွန် မြေခွန် မပေးရေး၊ သီးစားခမပေးရေး၊ ချစ်တီးကုလားတို့၏ အကြွေးမဆပ်ရေးတို့ကို စည်းရုံးလှုံ့ဆော်ခဲ့သည်။ သို့သော် အင်္ဂလိပ်အစိုးရဘက်မှလည်း သီးစားခနှင့် အခွန်တော်များ ရရှိရေးအတွက် အကြမ်းဖက်၍ ဝရမ်းကပ်ခြင်း၊ ကျွဲနွားများနှင့် လှည်းများကို လေလံပစ်ခြင်းတို့ ပြုလုပ်လာ၍ တောင်သူလယ်သမားများ မခံမရပ်နိုင်ဖြစ်လာကြသည်။ ဤအခြေအနေတွင် ဆရာစံက ၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ ခံယူလိုက်သည်။ အလံတောင်တွင် ဗုဒ္ဓရာဇာမြို့ နန်းတည်၍ ဘုရင်အဖြစ် ကြေညာခဲ့သည်။ ထို့နောက် နယ်ချဲ့အင်္ဂလိပ်အစိုးရကို နာကြည်းနေသော တောင်သူလယ်သမားထုအား ခေါင်းဆောင်ကာ နယ်ချဲ့ဆန့်ကျင်ရေး တောင်သူလယ်သမားအရေးတော်ပုံကို ဆင်နွှဲခဲ့သည်။ ထို့ကြောင့် ကိုလိုနီခေတ် မြန်မာ့သမိုင်းတွင် နယ်ချဲ့အင်္ဂလိပ်အစိုးရအား လက်နက်ကိုင်တော်လှန်သည့် တောင်သူလယ်သမားအရေးတော်ပုံ၏ ခေါင်းဆောင်အဖြစ် ထင်ရှားသည်။ ဆရာစံကို အင်္ဂလိပ်အစိုးရဘက်မှ ဖမ်းမိသောအခါ အင်္ဂလိပ်ဘုရင်အား တော်လှန်ပုန်ကန်မှုဖြင့် အမှုဖွင့်စစ်ဆေးသည်။ ထို့နောက် ပြစ်မှုကျူးလွန်သည်ဟုဆိုကာ ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် သေဒဏ်ပေးခဲ့သည်။ (တောင်သူလယ်သမားအရေးတော်ပုံကိုလည်း ကြည့်ပါ။)



## စက္ကူဖြူစီမံကိန်း (၁၉၄၅)

စက္ကူဖြူစီမံကိန်းဆိုသည်မှာ ဒုတိယကမ္ဘာစစ်ပြီး၍ ဗြိတိသျှများ မြန်မာနိုင်ငံကို ပြန်ရလျှင် မည်သို့မည်ပုံအုပ်ချုပ်မည်ကို ဖော်ပြသော စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းကို အင်္ဂလိပ်လို White Paper ဟုခေါ်သောကြောင့် မြန်မာလို စက္ကူဖြူစီမံကိန်း သို့မဟုတ် စက္ကူဖြူစာတမ်းဟု ခေါ်သည်။ စီမံကိန်းကို စစ်အတွင်းက ဆင်းမလားတွင် ရုံးစိုက်ထားသော မြန်မာနိုင်ငံ စစ်ပြေးအစိုးရက ရေးဆွဲကာ ဗြိတိသျှပါလီမန်သို့ တင်ပြအတည်ပြုချက်ရမှ ကြေညာခြင်းဖြစ်သောကြောင့် ဆင်းမလားစီမံကိန်းဟုလည်း ခေါ်သည်။ စီမံကိန်းကြေညာသည့်နေ့မှာ ၁၉၄၅ ခု၊ မေလ ၁၇ ရက် ဖြစ်သည်။

စက္ကူဖြူစီမံကိန်းမှာ အသစ်အဆန်းမဟုတ်ဘဲ မြန်မာနိုင်ငံအတွက် ၉၁ ဌာနအုပ်ချုပ်ရေးသစ်ကို မွေးပေးခဲ့သော ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံဥပဒေပုဒ်မ ၁၃၉ အရ အုပ်ချုပ်မည့် စီမံကိန်းပင် ဖြစ်သည်။ ပုဒ်မ ၁၃၉ အရ ဘုရင်ခံသည် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ချုပ်ကိုင်ထားပြီး ဗြိတိသျှအစိုးရသို့ တိုက်ရိုက်တာဝန်ခံ၍ အုပ်ချုပ်ရန်ပင် ဖြစ်သည်။ စီမံကိန်း၏ အသေးစိတ်အစီအစဉ်များမှာ ဘုရင်ခံတစ်ဦးတည်း၏ သဘောဖြင့် အုပ်ချုပ်ရန်၊ ထိုသုံးနှစ်အတွင်း အခြေအနေပေးလျှင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီနှင့် ဥပဒေပြုကောင်စီတို့ ဖွဲ့ပေးရန်၊ ထို့နောက် ၉၁ ဌာနအုပ်ချုပ်ရေးပေးရန်၊ ထို့နောက်မှ ဗြိတိသျှနေသဟာယနယ်အတွင်း ပါဝင်နေမည့် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်၊ တောင်တန်းနှင့် မြေပြန့်ကိုမူ စစ်မဖြစ်မီကအတိုင်းပင် ခွဲခြမ်း၍ အုပ်ချုပ်ထားရန်တို့ ဖြစ်သည်။

ဘုရင်ခံတစ်ဦးတည်းအုပ်ချုပ်သော ကာလအတွင်း တိုင်းပြည်၏ စီးပွားရေး ပြန်လည်ထူထောင်မှုကို ဦးစားပေးရန်လည်း စီမံကိန်းတွင် ဖော်ပြထားသည်။ စီးပွားရေးပြန်လည်ထူထောင်မှုဆိုသည်မှာလည်း ဗြိတိသျှနှင့် အိန္ဒိယအရင်းရှင်ကုမ္ပဏီကြီးများကို ပြန်လည်အသက်သွင်းပေးရန်သာ ဖြစ်သည်။ ထိုသို့ ဗြိတိသျှအရင်းရှင်တို့၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်အသက်သွင်းပေးပြီး ဆက်လက်ရှင်သန်ရေးအတွက် လိုအပ်သော အကာအကွယ်ပေးမှုများ ပြုလုပ်ပြီး အခြေခိုင်မှ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးမည့် စီမံကိန်းဖြစ်သည်။

စက္ကူဖြူစီမံကိန်းအရ ပေးသည့် အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေးအဆင့်မျှသာ ရှိသော ခေတ်နောက်ပြန်ဆွဲသည့် အုပ်ချုပ်ရေးဖြစ်ခြင်း၊ ကိုယ်ပိုင်

www.burmeseclassic.com

အုပ်ချုပ်ရေးပေးမည့် အချိန်ကာလ အတိအကျမပါခြင်း၊ တောင်တန်းနှင့် မြေပြန့်ကို ခွဲခြားအုပ်ချုပ်ခြင်း၊ လွတ်လပ်ရေးပေးရသည့်တိုင် စီးပွားရေးအရ မလွတ်လပ်စေရန် ဖန်တီးထားခြင်း စသည်တို့ကြောင့် မြန်မာတို့ကို ကျွန်သက်ရှည်စေမည့် စီမံကိန်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း ဖဆပလအဖွဲ့ကြီးနှင့် ပြည်သူလူထု တစ်ရပ်လုံးက ဝိုင်း၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

## စက္ကူဖြူအုပ်ချုပ်ရေးခေတ် (၁၉၄၅-၄၇)

စက္ကူဖြူအုပ်ချုပ်ရေးခေတ်ဆိုသည်မှာ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၄၇ ခုနှစ်ကုန်အထိ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်ချုပ်သွားသည့် ကာလကို ခေါ်ခြင်းဖြစ်သည်။ စက္ကူဖြူစီမံကိန်းခေါ် စက္ကူဖြူစာတမ်းအရ အုပ်ချုပ်သောကြောင့် စက္ကူဖြူခေတ်ဟု ခေါ်ခြင်းဖြစ်သည်။ အုပ်ချုပ်ရေးစနစ်မှာ အင်္ဂလိပ်ဘုရင်ခံကသာ ဥက္ကဋ္ဌဖြစ်ရသော ဘုရင်ခံ၏ အမှုဆောင်ကောင်စီဖြင့် အုပ်ချုပ်ခြင်းဖြစ်သည်။ ထိုအုပ်ချုပ်ရေးစနစ်အရ ဘုရင်ခံ ဒေါ်မန်စမစ်လက်ထက်တွင် ဒုတိယဥက္ကဋ္ဌ ဆာပေါ်ထွန်းဦးဆောင်သော ဘုရင်ခံ၏ အမှုဆောင်ကောင်စီ ရှိခဲ့သည်။ ထို့နောက် ဆာပေါ်ထွန်းအစိုးရ ပြုတ်ကျသွားပြီး ဘုရင်ခံဆာဟူးဘတ်ရန့် လက်ထက်တွင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ တက်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်တွင် အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုနိုင်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဘုရင်ခံ၏ အမှုဆောင်ကောင်စီသည် ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ သဘောတရားအရ လွတ်လပ်ရေးကြေညာသည့်နေ့တွင်မှ စက္ကူဖြူအုပ်ချုပ်ရေး ရပ်စဲသည်ဟု ဆိုရသော်လည်း လက်တွေ့တွင်မူ ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုခံခဲ့ရသည့်အချိန်မှ စ၍ ဘုရင်ခံသည် အုပ်ချုပ်ရေးတွင် ပါဝင်စွက်ဖက်ခြင်း မရှိတော့သဖြင့် ထိုအချိန်မှ စ၍ စက္ကူဖြူခေတ်ကုန်ဆုံးသွားသည်ဟု ဆိုနိုင်ပေသည်။ (စက္ကူဖြူစီမံကိန်းကိုလည်း ကြည့်ပါ။)



## စစ်သိမ်းပစ္စည်းများ ထုခွဲရေးကော်မတီ (၁၈၈၅)

တတိယ အင်္ဂလိပ်၊ မြန်မာ စစ်ပွဲအပြီး မန္တလေးကို ဗြိတိသျှတို့ သိမ်းယူပြီးစတွင် ဖွဲ့သော ကော်မတီဖြစ်သည်။ ထိုကော်မတီကို ၁၈၈၅ ခု၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဖွဲ့သည်။ အဖွဲ့ဝင်သုံးဦးသာ ရှိပြီး ၎င်းတို့မှာ ဒုတိယဗိုလ်မှူးကြီး ဒဗလျူတီဘတ်ဂျင်၊ ဗိုလ်မှူးဒဗလျူလန်ဘတ်နှင့် အခြားစစ်မှုထမ်းတစ်ဦးတို့ ဖြစ်သည်။ ကော်မတီ၏ တာဝန်မှာ စစ်အပြီး သိမ်းယူရရှိသည့် ပစ္စည်းများကို ထုခွဲရောင်းချရန် ဖြစ်သည်။ နန်းတွင်းမှ ပစ္စည်းများအပါအဝင် စစ်အတွင်း ဗြိတိသျှတို့ သိမ်းယူရရှိသည့် ပစ္စည်းအချို့ကို ဤကော်မတီက တာဝန်ယူ၍ ၁၈၈၆ နှင့် ၁၈၈၇ ခုနှစ်များအတွင်း ထုခွဲရောင်းချခဲ့သည်။ ထိုကော်မတီက ထုခွဲရောင်းချခဲ့သည့် ရွှေ၊ ငွေ၊ စိန်နှင့် ကျောက်မျက်မှ စ၍ အဖိုးတန်ပစ္စည်းများ မည်မျှရှိ၍ ရောင်းရငွေ မည်မျှရှိသည်ကိုမူ အတိအကျမသိနိုင်ပေ။

မှတ်တမ်းအချို့အရ သိသမျှတွင် ပိုးပဝါ၊ ပိုးခေါင်းပေါင်း၊ ပုဆိုး၊ ထဘီ၊ ယွန်းအစ်ကြီးငယ်များ၊ နန်းတွင်းအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကျောက်မျက်ရတနာ စီခြယ်ထားသော ဆင်ရုပ်ငယ်နှစ်ရုပ်၊ မြင်းရုပ်တစ်ရုပ်၊ ရွှေအမြောက်တစ်၊ ပိုးဖဲကတ္တီပါနှင့် ချည်ထည်အမျိုးမျိုးတို့ကို နန်းတွင်း၌ပင် အကြိမ်ကြိမ် လေလံတင်ရောင်းချခဲ့သည်ဟု သိရသည်။ အချို့ ရွှေထည်ငွေထည်ပစ္စည်းများကို ကာလကတ္တားသို့ပို့၍ ရောင်းချသည်လည်း ရှိသည်။ အလေးချိန် ၁၀ တန်ခန့်ရှိသော ကျောက်စိမ်းတုံးကြီးကိုမူ ဟောင်ကောင်သို့ ပို့၍ ရောင်းချစေခဲ့ကြောင်း သိရသည်။ အလေးချိန် ၁၀ တန်ခန့်ရှိ ကျောက်စိမ်းတုံးကြီးအပါအဝင် ဗြိတိသျှတပ်က သိမ်းယူရရှိသည့် ပစ္စည်းအမျိုးမျိုးကို ထုခွဲရောင်းချရာတွင် စုစုပေါင်း ငွေကျပ် ၅၀၆၄၇၃၊ ၁၁ ပဲ၊ ၉ ပိုင် ရသည်ဟုလည်း သိရသည်။ ဤကော်မတီက ထုခွဲရောင်းချသည့် ပစ္စည်းများတွင် မြန်မာမင်းပိုင် သင်္ဘောကြီးငယ်များ၊ ကုန်တွဲများ၊ လှေသမ္ဗန်များ၊ နေပြည်တော်ရှိ စက်ရုံများနှင့် အမြောက်သေနတ် စသည့် စစ်လက်နက်ပစ္စည်းများလည်း ပါသည်။

ထိုကော်မတီက ကာလကတ္တားသို့ ပေးပို့ခဲ့သည့် စာရင်းတွင် ကျောက်မျက်ရတနာများ အပြည့်ပါသည့် သေတ္တာတစ်လုံး၊ အမြင့် ၁၅ လက်မခန့်ရှိ ပင်းရုပ်တု ၁၁ ရုပ်နှင့် ဘုရင်မကြီးနှင့် သားတော် အိမ်ရှေ့စံဝေလမင်းသားတို့ ကျောက် ပစ္စည်းများ သေတ္တာတစ်လုံးလည်း ပါသေးသည်။ ဤပစ္စည်းများ အကြောင်းကိုမူ အသေးစိတ်မသိရပေ။ ယခုအထိ သိရသမျှသည် ထိုစဉ်က

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းပစ္စည်းများ အခြေအနေ၏ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်သည်။ ၁၉၀၂ ခုနှစ်တွင် ကာလကတ္တားသို့ ပို့ထားခဲ့သည့် သီဟာသနပလ္လင်ကိုမူ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့သည်။

## စစ်တောင်းတံတား (၁၉၀၇)

ပဲခူး-မုတ္တမမီးရထားလမ်းမိုင်တိုင် ၇၈/၁၂ ရှိ တံတားအမှတ် (၃၃) ဖြစ်ပြီး စစ်တောင်းမြစ်ကူးတံတားဖြစ်သည်။ ကိုလိုနီခေတ်က ပဲခူးမှ မုတ္တမအထိ ကားလမ်း မရှိ၍ ကုန်းလမ်းခရီးတွင် မီးရထားတစ်ခုတည်းကိုသာ အားကိုးရသောကြောင့် ပဲခူး-မုတ္တမလမ်းခရီးအတွက် အရေးပါဆုံးတံတားဖြစ်သည်။ မီးရထားလမ်းသာ ပါ၍ ကားလမ်း မပါပေ။ တံတား၏ အရှည်မှာ ၁၇၂၇ ပေရှိသည်။ ကိုးပေအချင်းရှိ သွန်းသံရေလယ်တိုင်နှစ်တိုင်ပူးဖြင့် ထောက်ခံထားသော အောက်ခံသံတိုင်ကြီးများပေါ်တွင် ပေ ၁၅၀ ရှိ သံပေါင်ကြီး ၁၁ ခုဖြင့် တည်ဆောက်ထားပြီး ၁၉၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

စစ်တောင်းမြစ်၏ ဒီရေတိုက်စားမှုကို ခံနိုင်ရန် နှစ်စဉ် ဆောင်ရွက်ရသည့် စရိတ်များလွန်းသဖြင့် တံတားဟောင်းမှ မြစ်အထက် ပေ ၃၀၀ အကွာတွင် တံတားသစ်ဆောက်လုပ်ရန် ၁၉၃၉ ခုနှစ်မှ စ၍ စီစဉ်နေဆဲမှာပင် ဒုတိယကမ္ဘာစစ်ဖြစ်လာပြီး ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဗြိတိသျှတပ်က ဖောက်ခွဲဖျက်ဆီးလိုက်၍ တံတားကြီး ပျက်စီးခဲ့ရသည်။

## စစ်တောင်းတိုက်ပွဲများ

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်စစ်မျက်နှာ၌ ဖြစ်ပွားသော တိုက်ပွဲများအနက် စစ်တောင်းဒေသ၌ ဖြစ်ပွားသော တိုက်ပွဲများကို ခေါ်ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ် အာရှသို့ ကူးစက်လာပြီးနောက် ဂျပန်တပ်မတော်၏ မြန်မာပြည်သိမ်းစစ်ဆင်ရေးအတွက် ၁၉၄၂ ခုနှစ်ဦးတွင် တစ်ကြိမ်၊ ဒုတိယကမ္ဘာစစ်နောက်ပိုင်း မဟာမိတ်တပ်များ၏ မြန်မာပြည်ပြန်လည်သိမ်းပိုက်ရေးအတွက် ၁၉၄၅ ခုနှစ် မိုးရာသီတွင် တစ်ကြိမ် စစ်တောင်းမြစ်ဝှမ်း၌ တိုက်ပွဲနှစ်ကြိမ် အပြင်းအထန်ဖြစ်ပွားခဲ့သည်။



ဂျပန်တပ်မတော်က ၁၉၄၂ ခုနှစ်ဦးပိုင်းတွင် မြန်မာနိုင်ငံကို ထိုးစစ်ဆင်လာသောအခါ မြန်မာနိုင်ငံရှိ အင်္ဂလိပ်တပ်များက စစ်တောင်းဒေသမှ ခုခံတိုက်ခိုက်ခဲ့သည်။ သို့ရာတွင် နောက်ဆုံး၌ ဂျပန်တပ်မတော်၏ ထိုးစစ်ကို မတွန်းလှန်နိုင်သဖြင့် ဂျပန်တပ်များ စစ်တောင်းမြစ်ကို အလွယ်တကူဖြတ်မကူးနိုင်စေရန် စစ်တောင်းတံတားကြီးကို ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အင်္ဂလိပ်တို့က ဖောက်ခွဲဖျက်ဆီးလိုက်ကြသည်။ ထိုသို့ စစ်တောင်းတံတားကြီးကို ဖောက်ခွဲဖျက်ဆီးလိုက်သည့်အချိန်တွင် စစ်တောင်းဒေသ၌ တာဝန်ယူရသည့် အင်္ဂလိပ်တပ်များ၏ စစ်သည်အင်အား သုံးပုံနှစ်ပုံသည် စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် ကျန်ရစ်သည်။ ၎င်းတိုက်ပွဲတွင် အင်္ဂလိပ်တို့ အရေးနိမ့်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း မဟာမိတ်တပ်များ မြန်မာပြည် ပြန်လည်သိမ်းပိုက်ရေးဆင်နွှဲရာတွင် ဂျပန်တို့ဘက်က တစ်ဖန် အရေးနိမ့်လာသဖြင့် ဂျပန်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာကြရ၏။ ဤသို့ဖြင့် မြန်မာနိုင်ငံ၌ နောက်ဆုံးကျန်ရစ်သော ဂျပန်အမှတ် ၂၈ တပ်ကြီးသည် ပဲခူးရိုးမတောင်တန်းနှင့် တောတောင်များအတွင်း စုရုံးမိကြသည်။ ထိုသို့ ပဲခူးရိုးမတောင်တန်းနှင့် တောအုပ်များအတွင်း စုရုံးမိနေကြသော အမှတ် ၂၈ တပ်ကြီးမှ ဂျပန်တပ်မတော်သားများသည် မဟာမိတ်တပ်မကြီးများက ပိတ်ဆို့ထားသည့် ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်း အတင်းထိုးဖောက်၍ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းသို့ ဖြတ်ကူးရန် ကြိုးစားရာတွင် မဟာမိတ်တပ်များနှင့် ၁၉၄၅ ခုနှစ်၊ မိုးရာသီအတွင်း ဖြစ်ပွားသော တိုက်ပွဲသည် စစ်တောင်းဒေသ၌ ဖြစ်ပွားသည့် ဒုတိယအကြိမ်တိုက်ပွဲဖြစ်သည်။

အစာရေစာ မလုံလောက်၍ ငတ်မွတ်ခေါင်းပါးနေသည့်အပြင် ရောဂါဘယများ၏ ဖိစီးနှိပ်စက်မှုနှင့် မိုးရာသီဖြစ်သဖြင့် အရှိန်ပြင်းစွာ စီးဆင်းနေသည့် စစ်တောင်းမြစ်ကို အောင်မြင်စွာ ဖြတ်ကူးနိုင်ရန်အတွက် ဂျပန်တပ်မတော်သားများသည် လက်နက်ချရန် လုံးဝစိတ်မကူးဘဲ အသေခံ၍ တိုက်ပွဲဝင်ခဲ့ကြရာ ၁၉၄၅ ခု၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ဂျပန်အရာရှိတစ်ဦး ရောက်လာပြီး ၁၉၄၅ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် အရှေ့အာရှစစ်ပွဲကြီး ပြီးဆုံးကြောင်း ဂျပန်ဧကရာဇ်၏ အမိန့်စာကို ဖတ်ပြမှသာ စစ်တောင်းတိုက်ပွဲ ပြီးဆုံးသွားသည်။ မြန်မာနိုင်ငံ၌ လက်ကျန်ဂျပန်တပ်မတော်သား အင်အားနှစ်သောင်းကျော်ရှိရာမှ စစ်ပြီးဆုံး၍ ဂျပန်တို့ လက်နက်ချချိန်တွင် ဂျပန်တပ်မတော်သား ခုနစ်ထောင်ခန့်သာ အသက်ရှင်ကျန်သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## စစ်ပြီးစ စစ်အောင်ပွဲသဘင် (Victory Parade) (၁၉၄၅)

ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၊ ပြည်လမ်း ဂေါက်ကွင်း (ယခု ပြည်လမ်းနှင့် ဦးဝိစာရလမ်းရှိ ပြည်သူ့ဥယျာဉ်)နေရာ၌ စစ်အောင်ပွဲအခမ်းအနား (Victory Parade) ကျင်းပသည်။ ထိုအခမ်းအနားသို့ အရှေ့တောင်အာရှ မဟာမိတ်စစ်တပ်ပေါင်းစု၏ စစ်သေနာပတိ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန် (Lord Louis Mountbatten) တက်ရောက်သည်။ အခမ်းအနားစင်မြင့်၏ အရှေ့ဘက်တွင် မဟာမိတ်နိုင်ငံမှ အလံခြောက်ခု လွှင့်ထူထားသည်။ အခမ်းအနားသို့ ဘုရင်မင်းမြတ်၏ ရေတပ်မတော်၊ ဗြိတိသျှလေတပ်၊ အိန္ဒိယနှင့် မြန်မာရေတပ်မတော်၊ အမေရိကန်လေတပ်၊ တရုတ်တပ်တို့နှင့်အတူ တိုက်ခိုက်ခဲ့ကြသည့် အခြားတပ်များလည်း တက်ရောက်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန် ရောက်လာသောအခါ အမြောက် ၁၇ ချက်ပစ်ဖောက်ပြီး ကြည်း၊ ရေ၊ လေမှ ကိုယ်ရံတော်တပ်များက စစ်ရေးပြအခမ်းအနားဖြင့် အရိုအသေပြုကြသည်။ မောင့်ဘက်တန်က ကိုယ်ရံတော်တပ်များကို စစ်ဆေးပြီးနောက် မိန့်ခွန်းပြောကြားသည်။ ထို့နောက် ဘုရင်မင်းမြတ်ထံမှ သဝဏ်လွှာကို မောင့်ဘက်တန်ကိုယ်တိုင် ဖတ်ကြားသည်။ အခမ်းအနားကျင်းပနေစဉ် ဗြိတိသျှလေတပ်နှင့် အမေရိကန်လေတပ်မှ လေယာဉ်များက အနိမ့်ပျံ၍ အရိုအသေပြုကြသည်။ ထိုနေ့ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသည်။ ထို့ကြောင့် ပြည်သူအများ လာရောက်ကြည့်ရှု အားပေးကြသည်။

စစ်အောင်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်သည် ဇွန်လ ၁၅ ရက်နေ့က စစ်အောင်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဇွန်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြစ်အတွင်းရှိ စစ်သင်္ဘောများကို စစ်ဆေးကြည့်ရှုခဲ့သည်။ နံနက်ပိုင်း၌ စစ်သင်္ဘောများကို စစ်ဆေးကြည့်ရှုပြီးနောက် ညနေပိုင်း၌ အစိုးရအိမ်တော်၌ ကျင်းပသည့် ဧည့်ခံပွဲနှင့် ဆုပေးပွဲသို့ တက်ရောက်သည်။ ထိုအခမ်းအနားသို့ မြန်မာတို့ဘက်မှ အလယ်တောရဆရာတော်ဘုရားကြီးနှင့် စကြာကျောင်းဆရာတော် ဦးရေဝတနှင့် အောက်ပါပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။


ဗိုလ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ သခင်သန်းထွန်း၊ တရားဝန်ကြီး ဦးမြဘူး၊ ဦးဘဦး၊ ဦးပု၊ ဦးဘဖေ၊ ဦးမောင်ကြီး(အမ်အေ)၊ ဦးဆက်၊ ဦးစိုးညွန့်၊



စစ်အောင်ပွဲသဘင်အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်နှင့် မြို့မိမြို့ဖများ

www.burmeseclassic.com

www.burmeseclassic.com



စစ်အောင်ပွဲသဘင်အထိမ်းအမှတ် ညှော်ခံပွဲနှင့်ဆုပေးပွဲအခမ်းအနားသို့
တက်ရောက်ခဲ့ကြသည့် သခင်သန်းထွန်း၊ သခင်ဗဟိန်းနှင့် ဗိုလ်ချုပ်အောင်ဆန်း



စစ်အောင်ပွဲသဘင်အထိမ်းအမှတ် ညှော်ခံပွဲနှင့်ဆုပေးပွဲအခမ်းအနားကျင်းပသည့်
အစိုးရအိမ်တော်

www.burmeseclassic.com

www.burmeseclassic.com




ဒေါက်တာဘရင်၊ ဦးဘကလေး၊ ဦးထွန်းဖြူ၊ ဦးစောလှဖြူ၊ ဦးမရဦး၊ သခင်ဗဟိန်း၊ လယ်ဝန် ဦးမောင်မောင်ကြီး၊ ဦးစံလွင်၊ ဦးဝကြီး၊ ဦးဘိုးဗျော၊ ဦးဘိုးသောင်း၊ ဦးကျော်ဖံ၊ အတွင်းဝန်ဦးကျော်၊ အင်ဂျင်နီယာ ဦးဘကျော်၊ ဦးကျင်(သမဝါယမ)၊ ဦးဘသန်း (ပြည်)၊ ဦးသက်စု၊ ဒေါက်တာချန်တိတ်၊ မစ္စတာနီကွာရာ၊ ဝတ်လုံတော်ရ မစ္စတာရာမန်၊ မစ္စတာ ဆစ်ဒနီလူနီ၊ ပစ္စည်းထိန်း ဦးအုန်းဖေ၊ ကရင်တိုင်းရင်းသားအချို့နှင့် လူကြီးလူကောင်း ၃၅ ယောက်ခန့်တို့ ဖြစ်သည်။

အစိုးရအိမ်တော်၌ ညစ်ခံပွဲနှင့် ဆုနှင်းသဘင်ပွဲတွင် ကြည်း၊ ရေ၊ လေတပ်များမှ ထူးချွန်စစ်သည်တော်များအား ဆုတံဆိပ်များ ပေးသည်။ ထို့နောက် ဘိုးစိန်ကြီးနှင့် သားကက်နက်စိန်တို့က ကပြအသုံးတော်ခံသည်။ ထို့နောက် ဘိုးစိန်ကြီးက ဝေလမင်းသား ယခင် မြန်မာနိုင်ငံလာရောက်စဉ်က ချီးမြှင့်ခဲ့သော ရွှေတံဆိပ်ကို ပြသောအခါ ထိုစဉ်က ဝေလမင်းသားနှင့်အတူ ပါခဲ့ဖူးသော ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်က ရွှေတံဆိပ်ကို စိတ်ဝင်စားစွာ ကြည့်ရှုသည်။

စစ်အောင်ပွဲသဘင်အထိမ်းအမှတ် ညစာစားပွဲကို အိုရီယင့်ကလပ်၌ ကျင်းပသည်။ ထိုညစာစားပွဲ၌ ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်က မြန်မာပြည်သိမ်းတိုက်ပွဲတွင် ပါဝင်ခဲ့သော ဗမာ့တပ်မတော်၏ အခန်းကဏ္ဍကို ချီးကျူးစကားပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ဗမာ့တပ်မတော်၏ ကိုယ်စား ဂျပန်ဓားတစ်လက်ကို ဗိုလ်ချုပ်မောင့်ဘက်တန်အား လက်ဆောင်ပေးခဲ့သည်။ ထိုဓားမှာ စစ်အတွင်းက ဗမာ့တပ်မတော်သားတစ်ဦးက သိမ်းဆည်းရရှိထားသော ဂျပန်စစ်ဗိုလ်တစ်ဦး၏ ဓားဖြစ်သည်။

## စစ်ပြီးခေတ် အစိုးရအဖွဲ့များ (၁၉၄၅–၄၇)

ဒုတိယကမ္ဘာစစ်ပြီးသောအခါ မြန်မာနိုင်ငံသည် ဗြိတိသျှတို့လက်အောက်သို့ ပြန်ရောက်သွားသည်။ ထို့ကြောင့် အင်္ဂလိပ်ဘုရင်ခံ ဦးဆောင်သော ဘုရင်ခံ၏ အမှုဆောင်ကောင်စီခေါ် အစိုးရအဖွဲ့များ ပေါ်လာရပြန်သည်။ ဗြိတိသျှတို့လက်အောက်သို့ ပြန်ရောက်သွားသော မြန်မာနိုင်ငံအပေါ် ဗြိတိသျှအစိုးရ၏ သဘောထားကို ဖော်ပြသော စက္ကူဖြူစီမံကိန်း: White Paper on Burma (Myanmar)အရ အုပ်ချုပ်သော ခေတ်ဖြစ်၍ စစ်ပြီးခေတ် အစိုးရအဖွဲ့များကို စက္ကူဖြူအစိုးရအဖွဲ့များဟုလည်း ခေါ်ကြသည်။ လွတ်လပ်ရေးမရမီ ၁၉၄၅




ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့ပါဝင်သော ဘုရင်ခံဆာရယ်ဂျီနယ် ဒေါမန်စမစ်၏ အမှုဆောင်(ဝန်ကြီး)အဖွဲ့။ (၁၉၄၅ အောက်တိုဘာ)။



ဗိုလ်ချုပ်အောင်ဆန်းပါဝင်သည့် ဘုရင်ခံဆာဟူးဗတ်ရန့်(စ်)၏ အမှုဆောင်(ဝန်ကြီး)အဖွဲ့။ ဝဲမှယာ။ သခင်ဗစိန်၊ သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဇံဝေ၊ ဘုရင်ခံဆာဟူးဗတ်ရန့်(စ်)၊ ဦးသိန်းဖေ(မြင့်)၊ ဦးဘဘော၊ ဦးတင်ထွန်း (၂၇.၉.၄၆)။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် ဖွဲ့စည်းသည့် ဘုရင်ခံရန့်စ်၏ အမှုဆောင်ကောင်စီ (ဝန်ကြီး)အဖွဲ့နှင့် အခြားပုဂ္ဂိုလ်များ။
ရှေ့တန်း(ဝဲမှယာ)။ ။ဦးကျော်ငြိမ်း၊ ဆာဘဦး၊ လေဒီရန့်စ်၊ သခင်နု၊ ဆာဟူးဗတ်ရန့်စ်၊ လစ္စတိုဝယ်၊ ဗိုလ်လက်ျာ၊ ဆာဂေးဘက်လေ့သ်ဝိတ်၊ ဦးတင်ထွဋ်။
အလယ်တန်း(ဝဲမှယာ)။ ။အာအီးမက်ကွိုင်းရား၊ မန်းဝင်းမောင်၊ ဗိုလ်ဗိုးကွန်း၊ ကိုယ်ရံတော်များ၊ သခင်တင်၊ ဟသာ်တဦးမြ၊ ဦးဝမ်ကိုဟော၊ မစ္စဝိတ်ပီ။
နောက်ဆုံးတန်း(ဝဲမှယာ)။ ။ ဂျွန်လေဇင်၊ ပျော်ဘွယ်ဦးမြ၊ ဆာရက်စ်စတုန်ဟန်၊ ဦးဗဂျမ်း၊ စီအက်စ်ဘီပီးယားစ်၊ ဟဲရစ်။



မှနစ်မှ ၁၉၄၇ ခုနှစ်အတွင်း အစိုးရအဖွဲ့ပြောင်းခဲ့သည်။ စစ်ပြီးစ ပထမဆုံးဖွဲ့သော ဆာပေါ်ထွန်းစဥ္စတုဖြူ၊အစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။ ထိုအစိုးရအဖွဲ့ကို ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖွဲ့သည်။ နိုဝင်ဘာလ ၃ ရက်နေ့တွင် အစိုးရအဖွဲ့ဝင်များ ကျမ်းသစ္စာကျိန်ဆိုကြသည်။

၁။ ဆာဂျွန်ဝိုက်စ် (Sir John Wisc) ဒုတိယဥက္ကဋ္ဌ
၂။ ဆာပေါ်ထွန်း ပြည်ထဲရေး၊ တရားရေး
၃။ ဆာထွန်းအောင်ကျော် ဘဏ္ဍာရေးနှင့် အခွန်
၄။ ဦးရန်အောင် ပညာရေး
၅။ မန်းဘခင် လူမှုဝန်ထမ်း
၆။ ဦးပု လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး
၇။ ဦးလွန်း လမ်းပန်းအဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေး
၈။ ဦးသာယာဝတီမောင်မောင် (၁၅.၁၁.၁၉၄၅) လမ်းပန်းဆက်သွယ်ရေး
၉။ သခင်ထွန်းအုပ် (၃၁.၁.၁၉၄၆) စီမံကိန်း

စစ်ပြီးခေတ် ဒုတိယအကြိမ်မြောက်ဖွဲ့သော အစိုးရအဖွဲ့ကို ၁၉၄၆ မှနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဖွဲ့သည်။ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုကြသည်။ ဤအစိုးရအဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်သောကြောင့် ဖဆပလအစိုးရအဖွဲ့ဟုလည်း ခေါ်ဆိုကြသည်။ ဖဆပလအစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာန
၂။ သခင်မြ ပြည်ထဲရေးနှင့် တရားရေးဌာန
၃။ ဦးတင်ထွဋ် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန
၄။ ဦးဘဘေ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေး
၅။ မန်းဘခိုင် အလုပ်သမားနှင့် စက်မှုလက်မှုဌာန

www.burmeseclassic.com



၆။ ဦးအောင်ဇံဝေ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းဌာန

၇။ ဦးသိန်းဖေမြင့်(သခင်သိန်းဖေ) လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးဌာန

၈။ သခင်ဗစိန် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး

၉။ ဂျွန်ဦးစော (၈.၁၁.၁၉၄၆) ပညာရေးနှင့် အမျိုးသားစီမံရေးဌာန

၁၀။ စောဘဦးကြီး (၂၃.၁၀.၁၉၄၆) ပြန်ကြားရေးဌာန

၁၁။ ဆာမောင်ကြီး ပြန်လည်ထူထောင်ရေးဌာန

ဖဆပလအစိုးရဖွဲ့စည်းပြီးနောက် ဦးသိန်းဖေမြင့်နှင့် စောဘဦးကြီးတို့ နုတ်ထွက်သွားသောအခါ ဦးသိန်းဖေမြင့်အစား ပျော်ဘွယ်ဦးမြအားလည်းကောင်း၊ စောဘဦးကြီးအစား စောစံဖိုးသင်အားလည်းကောင်း ခန့်ထားခဲ့သည်။

အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုပြီးနောက် သခင်ဗစိန်၊ ဂျွန်ဦးစော၊ ဆာမောင်ကြီးနှင့် ဦးဘဘေ နုတ်ထွက်သွားသောအခါ ဖဆပလအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းသည်။ ထိုအစိုးရအဖွဲ့ကို ကြားဖြတ်အစိုးရအဖွဲ့ဟုလည်းကောင်း၊ လွတ်လပ်ရေးအကြိုအစိုးရအဖွဲ့ဟုလည်းကောင်း ခေါ်ကြ၊ ရေးကြသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယဥက္ကဋ္ဌ၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ သခင်မြ ဘဏ္ဍာရေးရာဝန်ကြီးဌာနဝန်ကြီး

၃။ မန်းဘခိုင် စက်မှုလက်မှုနှင့် အလုပ်သမားဌာန ဝန်ကြီး

၄။ ဆရာကြီးဦးရာဇတ် ပညာရေးနှင့် စီမံကိန်းဌာန ဝန်ကြီး

၅။ ဒီးဒုတ်ဦးဘချို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး

၆။ ဦးအောင်ဇံဝေ လူမှုဝန်ထမ်းဌာန ဝန်ကြီး

၇။ ဦးဘဝင်း ကုန်သန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေး

၈။ စဝ်စံထွန်း နယ်ခြားဒေသဆိုင်ရာ ကောင်စီဝင်

၉။ ဦးကျော်ငြိမ်း ပြည်ထဲရေးဌာန ဝန်ကြီး

၁၀။ စောစံဖိုးသင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန

၁၁။ ဦးဗဂျမ်း ကုန်သန်းရောင်းဝယ်ရေးဌာန ဝန်ကြီး



၁၂။ ပျော်ဘွယ်ဦးမြ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး ဝန်ကြီးဌာန ဝန်ကြီး

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ ၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် လူမသမာတို့၏လုပ်ကြံမှုကြောင့် ကွယ်လွန်သွားကြသောအခါ သခင်နု ခေါင်းဆောင်သော ဖဆပလအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့သည်။

၁။ သခင်နု ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဌာန

၂။ ဗိုလ်လကျ်ာ ကာကွယ်ရေးဌာန ဝန်ကြီး

၃။ ဦးမြ(ပျော်ဘွယ်) ဘဏ္ဍာရေးနှင့် အခွန်ဌာန ဝန်ကြီး

၄။ ဦးကျော်ငြိမ်း ပြည်ထဲရေးနှင့် တရားရေးဌာန ဝန်ကြီး

၅။ ဦးမြ(ဟင်္သာတ) ကုန်သန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာန ဝန်ကြီး

၆။ ဦးဝင်း စက်မှုဌာနနှင့် အလုပ်သမားဌာန ဝန်ကြီး

၇။ သခင်တင် လယ်ယာစိုက်ပျိုးရေး၊ ကျေးလက်စီးပွားရေး ဌာနဝန်ကြီး

၈။ ဗိုလ်မှူးဖိုးကွန်း ပညာရေးဌာန ဝန်ကြီး

၉။ ဦးအောင်ဇံဝေ လူမှုဝန်ထမ်းဌာန ဝန်ကြီး

၁၀။ သခင်လွန်းဘောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး

၁၁။ ဦးဗဂျမ်း ပြည်သူ့လုပ်ငန်းနှင့် ပြန်လည်တည်ဆောက်ရေးဌာန ဝန်ကြီး

၁၂။ စောစံဖိုးသင် လမ်းပန်းဆက်သွယ်ရေးဌာန ဝန်ကြီး

၁၃။ စဝ်ခွန်ချို တောင်တန်းဒေသဆိုင်ရာ တာဝန်ခံ

၁၄။ ဦးဖေခင် ဌာနလက်ကိုင် မရှိ

၁၅။ ဦးတင်ထွဋ် ဌာနလက်ကိုင် မရှိ

၁၆။ မန်းဝင်းမောင် ဌာနလက်ကိုင် မရှိ

အထက်ပါ အစိုးရအဖွဲ့ကို ဇူလိုင်လ ၂၀ ရက်နေ့တွင် ဖွဲ့စည်းပြီးနောက် ဩဂုတ်လ ၁ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းသောအခါ ဦးဖေခင်နှင့် ဦးဝင်းတို့ မပါတော့ပေ။ သခင်လွန်းဘောက်က နိုဝင်ဘာလ ၁ ရက်နေ့တွင် နုတ်ထွက်သွားပြီး နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဦးကိုကိုကြီး ဝန်ကြီးအဖွဲ့ဝင် ဖြစ်လာသည်။ ဝန်ကြီးဌာနအပြောင်းအလဲများလည်း လုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## စဝ်စံထွန်း၊ မိုင်းပွန်စော်ဘွားကြီး (၁၉၀၇–၁၉၄၇)

မိုင်းပွန်စော်ဘွားကြီး စဝ်ခွန်ထီးနှင့် မြောက်နန်းဆောင် မဟာဒေဝီ နန်းစိန်ဥတို့၏သား စဝ်စံထွန်းသည် ၁၉၀၇ ခု၊ မေလ ၃၁ ရက်နေ့ဖွားဖြစ်သည်။ တောင်ကြီးမြို့ ရှမ်းစော်ဘွားသားများ အထက်တန်းကျောင်းမှ ဆယ်တန်းအောင် သည်။ မန္တလေးပုလိပ်အတတ်သင်ကျောင်းလည်း တက်ခဲ့ဖူးသည်။ ထို့နောက် ပုလိပ်အရာရှိအဖြစ် ခေတ္တအမှုထမ်းခဲ့သည်။ ၁၉၂၈ ခုတွင် စော်ဘွားအဖြစ် ခံယူလိုက်၍ မိုင်းပွန်စော်ဘွားကြီးဖြစ်လာသည်။ ၁၉၃၂ ခုတွင် မိုးမိတ်စော်ဘွား ကြီး၏ သမီး စဝ်ခင်သောင်းနှင့် လက်ထပ်သည်။ ရှမ်းပြည်နယ်တွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးလုပ်ငန်းများထွန်းကားလာစေရန် ကြိုးပမ်းခဲ့သူတစ်ဦးလည်း ဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီစာအုပ်များ၊ ကိရိယာတန်ဆာပလာ များနှင့် သီးနှံမျိုးစေ့များကိုပင် မှာယူခဲ့ဖူးသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီး၍ အင်္ဂလိပ် များ မြန်မာနိုင်ငံသို့ ပြန်ဝင်လာသော် ယင်းနှင့်အတူပါလာသော စက္ကူဖြူအုပ်ချုပ် ရေးကို ဆန့်ကျင်ခဲ့သူဖြစ်သည်။ တောင်တန်းနှင့် မြေပြန့် သွေးခွဲ၍ အုပ်ချုပ်သည် ကို မလိုလား၍ မြေပြန့်နှင့်တောင်တန်း စည်းလုံးညီညွတ်ရေးအတွက် လုံးပန်း ခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် စော်ဘွားလည်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ် အစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသရေးရာ ဝန်ကြီးဖြစ်လာသည်။ ထို့ပြင် တိုင်းပြုပြည်ပြုလွှတ်တော်၏ ပြည်ထောင်စုနှင့် ပြည်နယ်ဆိုင်ရာ ဆပ် ကော်မတီ၊ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ရေး ကော်မတီများတွင် အဖွဲ့ဝင်လည်း ဖြစ်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံခံရပြီး ဇူလိုင်လ ၂၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။



## ဆာနာ့ဒ်

ဆာနာ့ဒ် (sanad) ခေါ် အမိန့်တော်ပြန်တမ်းဆိုသည်မှာ ရိုးရာအလိုက် ဆက်ခံရရှိသော အခွင့်အရေး သို့မဟုတ် ရာထူးကို အာဏာပိုင်မင်း သို့မဟုတ် အစိုးရက အသိအမှတ်ပြုလွှာ တစ်နည်း ခန့်အပ်လွှာဟု အဓိပ္ပာယ်ရသည်။ ဤစနစ်ကို ဗြိတိသျှအစိုးရက ရှမ်းပြည်နယ်၌ ကျင့်သုံးသည်။ အထက်မြန်မာနိုင်ငံ ကို ဗြိတိသျှတို့သိမ်းယူပြီးနောက် ရှမ်းပြည်နယ်ကို ချန်လှပ်၍ အထက်မြန်မာနိုင်ငံကို ဖယားဝင်စီရင်စုတစ်ခုအဖြစ် သတ်မှတ်လိုက်သည်။ ထို့နောက် ၁၈၈၇ မှ စ၍ ရှမ်းစော်ဘွားများကို ဆာနာ့ဒ်ခေါ် အသိအမှတ်ပြုလွှာဖြင့် စော်ဘွားအဖြစ် ဆက်လက်၍ အသိအမှတ်ပြုသည်။ ထိုအသိအမှတ်ပြုလွှာတွင် စော်ဘွားများ လိုက်နာရမည့် စည်းကမ်းချက်များလည်း ပါသည်။ ထိုစည်းကမ်းချက်များအနက် အရေးကြီးသည့် အချက်မှာ စော်ဘွားများသည် အစိုးရက ခန့်သည့် အရေးပိုင် ပင်း၏ လမ်းညွှန်မှုကို ခံယူရမည်ဟု ပါသည်။ ဆာနာ့ဒ်ပါ စည်းကမ်းချက်များ ကို လိုက်နာမှသာ စော်ဘွားအဖြစ် အသိအမှတ်ပြုခြင်းဖြစ်သည်။

စော်ဘွားများကဲ့သို့ပင် မြို့စားများနှင့် ငွေခွန်မှူးများကိုလည်း ဆာနာ့ဒ် ဖြင့် အသိအမှတ်ပြုသည်။ သို့သော်လည်း မြို့စားနှင့် ငွေခွန်မှူးများကို ပေးသည့် ဆာနာ့ဒ်ပါ စည်းကမ်းချက်များမှာ စော်ဘွားများကို ပေးအပ်သည့် ဆာနာ့ဒ်ပါ စည်းကမ်းချက်များလောက် မများပေ။ စော်ဘွားများ၊ မြို့စားများနှင့် ငွေခွန်မှူး များသည် ဆာနာ့ဒ်ပါ စည်းကမ်းချက်များကို လိုက်နာပါမှ မိမိတို့ သက်ဆိုင်ရာ နယ်မြေအသီးသီး၌ တရားမနှင့် ရာဇဝတ် တရားစီရင်ပိုင်ခွင့်၊ အခွန်ကောက်ခံ ခွင့် စသည့် အုပ်ချုပ်ရေးကိစ္စများ ဆောင်ရွက်ခွင့်ရသည်။ ဗြိတိသျှတို့ထံမှ အစောဆုံး ဆာနာ့ဒ်ရသူမှာ စော်ဘွားခွန်ဆိုင် ဖြစ်သည်။ အချုပ်သဘောမှာမူ အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ပင် ပဒေသရာဇ်စနစ်ဟောင်းအတိုင်း အုပ်ချုပ် စေခြင်းဖြစ်သည်။ ရှမ်းပြည်နယ်ကို မြန်မာနှင့် မတူသည့် အုပ်ချုပ်ရေးမျိုးကျင့်သုံး ခြင်းမှာ ဗြိတိသျှတို့၏ သွေးခွဲဝါဒ၏ သာဓကတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆေးရွက်ကြီးစိုက်ဧရိယာ


ကိုလိုနီခေတ်အတွင်းက ဆေးရွက်ကြီးစိုက်ဧကမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၉၀၀ | - | - | ၆၉,၉၃၃ |
| ၁၉၁၀ | ၃၉,၆၃၈ | ၄၂,၃၃၆ | ၈၁,၉၇၄ |
| ၁၉၂၀ | ၇၅,၁၁၃ | ၄၈,၁၇၇ | ၁၂၃,၂၉၀ |
| ၁၉၃၀ | ၆၇,၅၆၄ | ၄၉,၄၈၆ | ၁၁၇,၀၅၀ |
| ၁၉၄၀ | ၆၄,၈၆၈ | ၇၂,၈၅၉ | ၁၃၇,၇၂၇ |
| ၁၉၄၁ | ၆၅,၅၆၈ | ၆၈,၀၁၉ | ၁၃၃,၅၈၇ |

## ဆိုရန်တိုဗီလာစီမံကိန်း (၁၉၄၇)

လွတ်လပ်သော မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ရေးဆွဲသည့် စီးပွားရေးစီမံကိန်းဖြစ်သည်။ ၄င်းစီမံကိန်းဆွေးနွေးပွဲကို ရန်ကုန်မြို့ ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ ယခုစာပေဗိမာန်အဆောက်အအုံ၌ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့က ကျင်းပခဲ့သည်။ ယင်းအဆောက်အအုံကို ထိုစဉ်က အင်္ဂလိပ်လို (Sorrento Villa) ဟုခေါ်သောကြောင့် ဆွေးနွေးပွဲလုပ်သည့် နေရာကို အစွဲပြု၍ ဆိုရန်တိုဗီလာစီမံကိန်းဟု အများက ခေါ်ကြခြင်းဖြစ်သည်။ စီမံကိန်း၏ တရားဝင်အမည်မှာ 'ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်း' ဖြစ်သည်။ စီမံကိန်းရေးဆွဲပွဲသို့ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များနှင့် ဌာနဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

၁။ ဤစာရင်းကို မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၁)မှ ကူးယူဖော်ပြပါသည်။



ပြည်လမ်းရှိ ဆိုရန်တိုဗီလာအဆောက်အအုံ

www.burmeseclassic.com

www.burmeseclassic.com



စီမံကိန်း၏ ပဓာနရည်ရွယ်ချက်မှာ အမျိုးသားစီးပွားရေးကို စနစ်တကျ စီမံကိန်းဖြင့် ထူထောင်ရန် ဖြစ်သည်။ ရှိသမျှလူအင်အားနှင့် ငွေအင်အားကို အစွမ်းကုန်အသုံးချ၍ နိုင်ငံစီးပွားရေးကို နှစ်နှစ်အတွင်း သိသိသာသာတိုးတက်ရေးသို့ ရှေးရှုသည့် စီမံကိန်းဖြစ်သည်။ ပြည်သူလူထုအား လက်တွေ့စီးပွားရေး အကျပ်အတည်းမှ လွတ်မြောက်စေရေးနှင့် နိုင်ငံအင်အားတောင့်တင်းရန်ဆိုသည့် ရည်ရွယ်ချက်များလည်း ပါသည်။

စီမံကိန်းသည် ပြည်သူလူထု၏ စားဝတ်နေရေးချောင်လည်စေရန်၊ အလုပ်လက်မဲ့ဦးရေနည်းရာမှ တဖြည်းဖြည်းပပျောက်သည်အထိ ဆောင်ရွက်ရေး၊ လူအင်အား စနစ်တကျ အသုံးချရေး၊ ပြည်တွင်းထွက်သီးနှံများ ပိုမိုထုတ်လုပ်ရေး၊ နိုင်ငံခြားပို့ကုန်မြှင့်တင်ရေး၊ နိုင်ငံခြားဖြစ် ဇိမ်ခံပစ္စည်းများကို လျှော့တန်သည်ကို လျှော့၍ ပိတ်တန်သည်ကို ပိတ်ကာ ပြည်သူလူထုအတွက် မရှိမဖြစ်သော သွင်းကုန်ကိုသာ ဝယ်ယူရေးတို့ ပါဝင်သည်။ ကုန်ပစ္စည်းဖြန့်ဖြူးရာတွင် ခွဲတမ်းစနစ်ကို မှန်မှန်ကန်ကန်နှင့် စနစ်တကျကျင့်သုံးရန်လည်း ဖော်ပြထားသည်။ ထို့ပြင် သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းရန်လည်း ထည့်သွင်းထားသည်။ အထူးသဖြင့် ငွေစုငွေချေး သမဝါယမအသင်းများနှင့် စားသုံးသူ သမဝါယမအသင်းများကို ရပ်ကွက်အတွင်းနှင့် ကျေးရွာအုပ်စုတိုင်း၌ ဖွင့်လှစ်ရန်တို့လည်း ပါဝင်သည်။

ပြည်သူ့ကျန်းမာရေးအတွက် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ရေး၊ ပညာရေးတွင် စက်မှုလက်မှုကျောင်းများ၊ အသက်မွေးကျောင်း၊ ပညာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် လမ်းနှင့် တံတားများတိုးချဲ့ ဖောက်လုပ်ရေး၊ အိုးအိမ်သစ်များ တိုးချဲ့ဆောက်လုပ်ရေးတို့ကို စီမံကိန်းဖြင့် ဆောင်ရွက်ရန်လည်း ဖြစ်သည်။ ထိုလုပ်ငန်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့်လည်းကောင်း၊ စုပေါင်းဆောင်ရွက်သည့်နည်းဖြင့်လည်းကောင်း ဆောင်ရွက်ရန်လည်း ဖော်ပြထားသည်။ ၎င်းစီမံကိန်းသည် လွတ်လပ်စမြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးဝါဒ ဖြစ်ခဲ့သည်။



## ဆင်းမလားအစိုးရ (၁၉၄၂)

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ထွက်ခွာသွားရသောအခါ ဗြိတိသျှမြန်မာနိုင်ငံ အစိုးရရုံးကို အိန္ဒိယနိုင်ငံ ဆင်းမလားမြို့၌ ဖွင့်ထားခဲ့သောကြောင့် ဆင်းမလားအစိုးရဟု ခေါ်သည်။ တစ်ခါတစ်ရံ မြန်မာနိုင်ငံ စစ်ပြေးအစိုးရဟူ၍လည်း ခေါ်တတ်သေးသည်။ ယင်းအစိုးရရုံးကို ၁၉၄၂ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ရုံးအဖွဲ့သားများမှာ ဘုရင်ခံ ဒေါ်မန်စမစ် (Dorman-Smith)၊ ဝန်ကြီးချုပ် ဆာပေါ်ထွန်း၊ ဘဏ္ဍာရေးဝန်ကြီး ဆာထွန်းအောင်ကျော်နှင့် ဦးကျော်မင်း၊ ဦးတင်ထွဋ်၊ ဦးဖူး၊ ဦးဘတင်၊ ဒေါ်မြစိန် စသည့် အရာရှိများ ဖြစ်ကြသည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံကို လက်လွှတ်လိုက်ရသည်မှာ ယာယီသဘောသာ ဖြစ်ကြောင်း ကမ္ဘာက သိစေရန် ထိုသို့ စစ်ပြေးအစိုးရရုံးကို ဆင်းမလား၌ ဆက်၍ ဖွင့်ထားခြင်းဖြစ်သည်။ အုပ်ချုပ်ပုံမှာ စစ်ကာလဖြစ်၍ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ ဥပဒေပုဒ်မ ၁၃၉ အရ ဘုရင်ခံက ဥပဒေပြုအာဏာနှင့် အုပ်ချုပ်မှုအာဏာများကို သိမ်းယူ၍ အုပ်ချုပ်သည့် စနစ်ဖြစ်သည်။ မြန်မာဝန်ကြီးများနှင့် အရာရှိများမှာ အတိုင်ပင်ခံများသာ ဖြစ်ကြသည်။

စစ်ပြေးအစိုးရ၏ လက်တွေ့လုပ်ငန်းများမှာ မြန်မာနိုင်ငံမှ ထွက်ပြေးလာသော အစိုးရအမှုထမ်းများအပါအဝင် စစ်ပြေးဒုက္ခသည်များကို အကူအညီပေးခြင်း၊ ဂျပန်လက်အောက် ရောက်နေသော မြန်မာနိုင်ငံမှ သတင်းများစုံစမ်းထောက်လှမ်းခြင်း၊ မြန်မာနိုင်ငံ ပြန်လည်တိုက်ခိုက်ရေး ပြင်ဆင်မှုလုပ်ငန်းများအတွက် အကူအညီပေးခြင်းနှင့် စစ်ပြီးခေတ် မြန်မာနိုင်ငံ ပြန်လည်အုပ်ချုပ်ရေးအတွက် ဆင်းမလားစီမံကိန်းရေးဆွဲခြင်းတို့ ဖြစ်သည်။

## ဆိုင်မွန်ကော်မရှင် (၁၉၂၇)

ဗြိတိသျှအစိုးရက အိန္ဒိယနှင့် မြန်မာနိုင်ငံသို့ ဒိုင်အာခီအုပ်ချုပ်ရေးပေးစဉ်က ဒိုင်အာခီအုပ်ချုပ်ရေး ဆယ်နှစ်ပြည့်လျှင် ၎င်းအုပ်ချုပ်ရေးစနစ်ကို ပြန်လည်စစ်ဆေးသုံးသပ်မည်ဆိုသော အချက်တစ်ချက်ပါသည်။ လက်တွေ့တွင်လည်း ဒိုင်အာခီအုပ်ချုပ်ရေးကို အိန္ဒိယနှင့် မြန်မာပြည်သူလူထုအများစုက မကျေနပ်၍ သပိတ်မှောက် ဆူပူနေကြသည်။ ထို့ပြင် မြန်မာကို အိန္ဒိယနိုင်ငံမှ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံဒေါ်မန်စမစ်



ခွဲထုတ်ရန်လည်း ဗြိတိသျှတို့တွင် အကြံရှိလာသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ရန်အကြံကို အကောင်အထည်ဖော်ရန် ရှေ့ပြေးဆောင်ရွက်ချက်အနေဖြင့် ဗြိတိသျှပါလီမန်က ဖွဲ့ပေးသော ကော်မရှင်ဖြစ်သည်။ ကော်မရှင်အဖွဲ့တွင် အဖွဲ့ဝင်ခုနစ်ဦးရှိပြီး ဆာဂျွန်ဆိုင်မွန်က (Sir John Simon) ခေါင်းဆောင်သောကြောင့် ဆိုင်မွန်ကော်မရှင် (Simon Commission) ဟု တွင်သည်။ ကော်မရှင်ကို ၁၉၂၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဖွဲ့သည်။ တာဝန်မှာ ဒိုင်အာခီအုပ်ချုပ်ရေးတွင် မည်သည့်ချို့ယွင်းချက်များရှိ၍ မည်သို့ပြုပြင်ပေးရမည်ကို အိန္ဒိယနှင့် မြန်မာနိုင်ငံများသို့ သွားရောက်စုံစမ်းစစ်ဆေးအစီရင်ခံရန် ဖြစ်သည်။ ထို့ကြောင့် ကော်မရှင်သည် ၁၉၂၉ ခု၊ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၌ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ ဒိုင်အာခီလွှတ်တော်မှလည်း ရွေးကောက်ခံ ခုနစ်ဦးပါသော တွဲဖက်စုံစမ်းရေးကော်မတီဖွဲ့၍ ကော်မရှင်၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို ကူညီခဲ့သည်။ ဂျီစီဘီအေအသင်းများနှင့် ပြည်သူလူထုအများစုက ဆိုင်မွန်ကော်မရှင်ကို သပိတ်မှောက်ပြီး အစစ်ဆေးမခံကြပေ။ ထို့ကြောင့် ဗြိတိသျှလိုလားသူ လူနည်းစုကိုသာ စစ်ဆေး၍ ပြန်သွားရသည်။

စာမျက်နှာ ၇၀၀ ရှိသော ကော်မရှင်၏ အစီရင်ခံစာ ၁၉၃၀ ပြည့်နှစ် မေလအတွင်း ထွက်လာသည်။ အစီရင်ခံစာတွင် မြန်မာရော အိန္ဒိယပါ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မတန်သေးဟု ဆိုထားသည်။ ထို့ပြင် အင်္ဂလိပ်တို့တွင် မူလကပင် အကြံရှိခဲ့သည့်အတိုင်း မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်၍ ဒိုင်အာခီထက် တစ်ဆင့်သာသော အုပ်ချုပ်ရေးမျိုး တိုးမြှင့်ပေးသင့်ကြောင်းလည်း ထောက်ခံတင်ပြထားသည်။ ထိုသို့ ဆိုင်မွန်ကော်မရှင်က မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်သင့်ကြောင်း ထောက်ခံတင်ပြလိုက်သဖြင့် မြန်မာနိုင်ငံသည် အိန္ဒိယနှင့် ခွဲလိုက်ရမည်လော၊ တွဲနေရမည်လောဟူသော ပြဿနာ ပေါ်လာတော့သည်။ ဆိုင်မွန်ကော်မရှင်က မြန်မာနိုင်ငံအတွက် ခွဲရေး-တွဲရေးပြဿနာကို မွေးပေးလိုက်သောကြောင့် ဒိုင်အာခီခေတ်ကုန်ခါနီး မြန်မာ့နိုင်ငံရေးလောကတွင် အဆူပွက်ဆုံးပြဿနာမှာ ခွဲရေး-တွဲရေးပင် ဖြစ်တော့သည်။ (ခွဲရေး-တွဲရေးကိုလည်း ကြည့်ပါ။)

www.burmeseclassic.com

www.burmeseclassic.com



## ဖယားဝင်စီရင်စု

မန္တလေးနေပြည်တော်ကို ဗြိတိသျှတို့ သိမ်းယူပြီးနောက် အထက်မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းလိုက်သည်။ ထို့နောက် ရှမ်းပြည်နယ်ကို ချန်လှပ်၍ အထက်မြန်မာနိုင်ငံကို ဖယားဝင်စီရင်စု (Scheduled District)အဖြစ် ၁.၃.၁၈၈၆ နေ့မှ စ၍ သတ်မှတ်ပြဋ္ဌာန်းလိုက်ပြီး မဟာဝန်ရှင်တော်ကြီးတစ်ဦးကို အုပ်ချုပ်စေသည်။

ဖယားဝင်စီရင်စုအဖြစ် သတ်မှတ်ခံရသောကြောင့် အထက်မြန်မာနိုင်ငံသည် အလွန်ခေတ်နောက်ကျနေသေးသော နယ်၊ မယဉ်ကျေး မတိုးတက် မဖွံ့ဖြိုးသေး၍ တည်ဆဲဥပဒေများဖြင့် အုပ်ချုပ်ရန်အဆင့်အတန်းမမီသော နယ်ဖြစ်၍ သီးခြားခွဲထုတ် အုပ်ချုပ်ရမည့် နယ်တစ်နယ်ဖြစ်သွားသည်။

## ဓာတိမာန်သီချင်း

ကိုလိုနီခေတ်အတွင်းက လွတ်လပ်ရေးအတွက် ကြိုးပမ်းကြရာတွင် ဂီတပညာရှင်များကလည်း ကျရာအခန်းမှ ပါဝင်ခဲ့ကြပြီး လွတ်လပ်ရေးနှင့် အမျိုးသားရေးအတွက် တေးသီချင်းပေါင်းများစွာ ရေးစပ်သီဆိုခဲ့ကြသည်။ ထို အမျိုးသားရေးတေးသီချင်းများအနက်မှ အမျိုးဂုဏ်နှင့် ဓာတိမာန်တက်ကြွစေရန် စပ်ဆိုထားသည့် "ဓာတိမာန်"သီချင်းကို မှတ်တမ်းတင်သည့်အနေဖြင့် အောက်တွင် ဖော်ပြလိုက်ပါသည်။ ထိုသီချင်းကို ရေးစပ်သူမှာ ဂီတပညာရှင် ဆရာရွှေတိုင်ညွန့် ဖြစ်ပြီး သီဆိုသူမှာ ဥသြဘသောင် ဖြစ်သည်။

(ဒါတို့တိုင်း တို့ပြည် တို့ မြန်မာတွေ)၂၊ (မြင့်မြတ်တဲ့ဂုဏ်ကျက်သရေ ကျုပ်တို့ရဲ့ ရွှေထီးရွှေနန်း တင့်ဆန်းလေ)၂၊ အာဇာနည်ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရေးထုံးစဉ်လာ ထွန်းတောက်ခဲ့ပေ၊ ပိုင်ဆိုင်သူ ဘိုးဘွားဘီဘင် တို့အမွေ တို့ပြည် တို့မြေ

(သံပြိုင်) ရိုးရာအခြေ၊ မညှိုးပါသလေ မျိုးသာကီနွယ် ဆင်းသက်ပေ၊ ဒါတို့ထီး ဒါတို့မြေကြီး၊ စည်ထီးခရိုင်၊ ကိုယ်ပိုင်မြန်မာပြည်၊ (တက်လူတွေ)၂၊ လုံ့လဝီရိယရှိကြစေ၊ မျိုးဂုဏ်တက်အောင် ရှက်ဆောင်လေ၊ တို့တာဝန်မှန်ပေ၊ အာဇာနည်ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရေးထုံးစဉ်လာ ထွန်းတောက်ခဲ့လေ၊ ပိုင်ဆိုင်သူ ဘိုးဘွားဘီဘင် တို့အမွေ-တို့ပြည်-တို့မြေ



ဂီတစာဆို ရွှေတိုင်ညွန့် (၁၉၀၉-၁၉၄၅)

www.burmeseclassic.com

www.burmeseclassic.com



(မျိုးရိုးနဲ့ တန်ခိုးရှိခဲ့သလေ ထီးနန်းနဲ့ စံမြန်းလာတာတွေ)။ (ကမ္ဘာ မိုးမြေတေဇောတော်ဖြိုးဝေ မဟာမျိုးတွေ စိတ်အားတက်ကြစေ)။ (ရွှေမှန်ကင်း အစစ်ဝင်းဝင်းတောက်ခဲ့ပေ၊ နောင်လာနောက်သားတွေ သိအပ်ကြတဲ့အခြေ)။ မြန်မာချင်း ရှိင်းပင်းစေ၊ ဘုန်းတန်ခိုးတိုးတက်ကြဖို့–ခေတ်ကောင်းရောက်ပေ့လေ

(သံပြိုင်) ရှိးရာအခြေ၊ မညှိုးပါသလေ မျိုးသာကီနွယ်ဆင်းသက်ပေ၊ ဒါတို့ထီး ဒါတို့မြေကြီး၊ စည်ထီးခရိုင်၊ ကိုယ်ပိုင်မြန်မာပြည်၊ (တက်လူတွေ)။ လုံ့လဝီရိယရှိကြစေ၊ မျိုးဂုဏ်တက်အောင် ရှက်ဆောင်လေ၊ တို့တာဝန်မှန်ပေ၊ အာဇာနည် ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရေးထုံးစဉ်လာထွန်းတောက် ခဲ့ပေ၊ ပိုင်ဆိုင်သူ ဘိုးဘွားဘီဘင် တို့အမွေ တို့ပြည် တို့မြေ

(မျိုးကျက်သရေ တိုးတက်စေ အောင်ကြောင်းမင်္ဂလာအခြေ မိုးအောက် မြေ တန်ခိုးတောက်ပေ၊ ခေတ်ကောင်းရောက်ပြီလေ)။ အောက်ကျမခံဘူးဟေ့ အမျိုးသမီးတို့ရေ မြန်မာအပေါင်း အကြောင်းသိစေ အာဇာနည်တွေ ရွှေမှန်ကင်း အချင်းတို့ရေ အာဇာနည်တွေ ပြည်လုံးပဲ နယ်လုံးပဲ ညီညွတ်ကြပေ မျိုးရိုးက အထက်တန်းစားတွေ

(သံပြိုင်) ရှိးရာအခြေ၊ မညှိုးပါသလေ မျိုးသာကီနွယ်ဆင်းသက်ပေ၊ ဒါတို့ထီး ဒါတို့မြေကြီး၊ စည်ထီးခရိုင်၊ ကိုယ်ပိုင်မြန်မာပြည်၊ (တက်လူတွေ)။ လုံ့လဝီရိယရှိကြစေ၊ မျိုးဂုဏ်တက်အောင် ရှက်ဆောင်လေ၊ တို့တာဝန်မှန်ပေ၊ အာဇာနည် ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရေးထုံးစဉ်လာ ထွန်းတောက် ခဲ့ပေ၊ ပိုင်ဆိုင်သူ ဘိုးဘွားဘီဘင် တို့အမွေ တို့ပြည် တို့မြေ

## ဇီဝိတဒါနဆေးရုံ (၁၉၄၀)

ယခုအခေါ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ မူလပထမအမည်ဖြစ်သည်။ ဆေးရုံစဖွင့်စဉ်က "ဇီဝိတဒါနဆေးရုံ" ဟု တရားဝင်ကြေညာကာ ၁၉၄၀ ပြည့်နှစ်၊ မေလ ၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ဆေးရုံစဖွင့်သည့် နေရာမှာ ဗဟန်းမြို့နယ်၊ ဗဟန်းလမ်း၊ အခွန်လွတ်သာသနာ့မြေပေါ်တွင် ရှိသော ဇရပ်အမှတ် (၃၇) တွင် ဖြစ်သည်။ ရာထူးဝန်အဖွဲ့ဝင် အရေးပိုင်မင်း ဦးဘအေးနှင့် ဇနီး ဒေါ်သိန်းတင်တို့က ထိုဇရပ်ကို သုံးထောင်ကျပ်ဖြင့် ဝယ်ယူပြုပြင်ကာ ဖွင့်လှစ်ခဲ့သည့် မြန်မာကုသိုလ်ဖြစ်ဆေးရုံဖြစ်သည်။ ဆေးရုံဖွင့်လှစ်နိုင်ရန် ကူညီအားပေး



ဇီဝိတဒါန သံဃာ့ဆေးရုံကြီး
အမှတ် ၃၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သူတို့မှာ တရားလွှတ်တော် တရားဝန်ကြီး ဦးဘဦး (နောင် မြန်မာနိုင်ငံ၏ သမ္မတဖြစ်လာသူ)၊ စေတန ၄ှင်ဆရာဝန်ကြီးများဖြစ်ကြသည့် ပင်စင်ရဆရာဝန်ကြီး ကာနယ်ဦးဘခက်(အိုင်အမ်အက်စ်)၊ ပင်စင်ရဆရာဝန်ကြီး ဦးဘိုးဘေနှင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာရောင်း (LRCP, MRCS, DOMS) တို့ဖြစ်သည်။

လူမျိုးမရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး၊ ရဟန်းရှင်လူနှင့် သီလရှင် ပါမကျန် လာသမျှ မကျန်းမာသူအားလုံးကို အခမဲ့စမ်းသပ်ကုသပေးရေးနှင့် ဆေးဒါနပြုလုပ်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့သည်။ ဆေးရုံဖွင့် လှစ်ပြီးမှ ဆေးရုံကို ကြည့်ရှုစောင့်ရှောက်စီမံကွပ်ကဲရန် "ဇီဝိတဒါန ဆေးရုံ အသင်း"ကို တည်ထောင်ခဲ့သည်။ အသင်း၏ ပထမဆုံးအမှုဆောင်အဖွဲ့ဝင်များ မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဦးဘအေး (ရာထူးဝန်အဖွဲ့) ဥက္ကဋ္ဌ
၂။ ဦးဘဦး (တရားဝန်ကြီး) ဒုတိယဥက္ကဋ္ဌ
၃။ ဦးသိမ်းမောင် (ရှေ့နေချုပ်) ဒုတိယဥက္ကဋ္ဌ
၄။ ဦးလှမောင် (ပွဲစားကြီး) တွဲဖက်အကျိုးတော်ဆောင်စာချီ
၅။ ဦးမျိုးမင်း (အင်္ဂလိပ်စာပါမောက္ခ) တွဲဖက်အကျိုးတော်ဆောင်စာချီ
၆။ ဦးခင်မောင်လတ် (ရာထူးဝန်အဖွဲ့) ငွေထိန်း
၇။ ဦးဘဆင့် (အမြွက်တော်ဝန်ထောက်မင်း) စာရင်းစစ်
၈။ ကာနယ်ဦးဘခက် (အိုင်အမ်အက်စ်) အကျိုးတော်ဆောင်ဆရာဝန် ချုပ်ကြီး
၉။ ဦးဘိုးသောင်း (အငြိမ်းစားမြေအရေးပိုင်) အဖွဲ့ဝင်
၁၀။ ဦးချစ်သောင်း (ဓာတုဗေဒဝန်မင်း) အဖွဲ့ဝင်
၁၁။ ဦးဘိုးဖြော့ (ရွှေတိဂုံဘဏ္ဍာတော်ထိန်းလူကြီးမင်း) အဖွဲ့ဝင်

ယခုလက်ရှိနေရာဖြစ်သော ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၃၈ တွင် ဆေးရုံသစ်ကို ဆောက်လုပ်ခဲ့ပြီး ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ ကျောင်းထိုင်ဆရာတော်များ အဖွဲ့ဝင် ဆရာတော်ကြီးများက ဆေးရုံအတွက် အလှူငွေတိုးတက်ရရှိစေရန် "ဇီဝိတဒါန သံဃာ့ဆေးရုံ"ဟု အမည်ပြောင်းရန် အကြံပြုချက်နှင့်အညီ ၁၉၇၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လက်ရှိအမည် ဆိုင်းဘုတ်ကို တင်ခဲ့ကြသည်။



## ညွန့်ပေါင်းအစိုးရအဖွဲ့များ (၁၉၃၇–၁၉၄၂)

ကိုလိုနီခေတ်အတွင်းက ၁၉၃၇ ခုနှစ်မှ စ၍ မြန်မာပြည်ကို အိန္ဒိယမှ ခွဲထုတ်လိုက်သောအခါ ၉၁ ဌာနအုပ်ချုပ်ရေးခေတ်ဟူ၍ ပေါ်လာသည်။ ထို ခေတ်တွင် ဘုရင်ခံဦးဆောင်သော မြန်မာအစိုးရအဖွဲ့(ဝန်ကြီးအဖွဲ့)များ ပေါ်လာ သည်။ ထိုအစိုးရအဖွဲ့များမှာ တစ်ဖွဲ့တည်း တစ်ပါတီတည်းက ဦးဆောင်နိုင် သည်ဟူ၍ မရှိဘဲ ပါတီပေါင်းစုံပါသည့် အစိုးရအဖွဲ့ဝင်များသာ ဖြစ်၍ ညွန့်ပေါင်း အစိုးရအဖွဲ့ဆိုသည့် အသုံးလည်း ပေါ်လာသည်။ ထိုညွန့်ပေါင်းအစိုးရအဖွဲ့များ ကြီးစိုးခဲ့သည့် ကာလမှာ ၁၉၃၇ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဖြစ်သည်။ ထိုခေတ် အတွင်း ပထမဆုံးဖွဲ့သော ညွန့်ပေါင်းအစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

၁။ ဒေါက်တာဘမော် နန်းရင်းဝန်၊ ဘဏ္ဍာရေး
၂။ ဦးပု(ရွှေကျင်) သစ်တောရေး
၃။ ဦးပေါ်ထွန်း ပြည်ထဲရေး
၄။ ဦးသာယာဝတီမောင်မောင် ပညာရေး
၅။ ဦးထွန်းအောင်ကျော် ကူးသန်းရောင်းဝယ်ရေး
၆။ ဦးစောဖေသာ အခွန်တော်


ဒေါက်တာဘမော်ဦးဆောင်သော ညွန့်ပေါင်းအစိုးရ ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြုတ်ကျသွားသောအခါ ရွှေကျင်ဦးပု ခေါင်း ဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ ပေါ်လာပြန်သည်။ ဦးပု၏ ညွန့်ပေါင်း အစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

၁။ ဦးပု နန်းရင်းဝန်
၂။ ဦးထွန်းအောင်ကျော် ဘဏ္ဍာရေး
၃။ ဦးပေါ်ထွန်း အခွန်တော်
၄။ မစ္စတာအိပ်စီခူး သစ်တောရေး
၅။ စောဘိုးချစ် ပညာရေး
၆။ ဦးဘဘေ ပြည်ထဲရေး
၇။ ဦးထွန်း ကူးသန်းရောင်းဝယ်ရေး


ဦးပု ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရ ၁၉၄၀ ပြည့်နှစ်၊ ဩဂုတ် ကာလ ၁၁ ရက်နေ့တွင် ပြုတ်ကျသွားသောအခါ ဦးစောခေါင်းဆောင်သည့်

www.burmeseclassic.com

www.burmeseclassic.com



နန်းရင်းဝန်ဦးပု(၁၈၈၁-၁၉၇၅)



နန်းရင်းဝန် ဆာပေါ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



ညွန့်ပေါင်းအစိုးရ တက်လာသည်။ ဦးစော ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရ အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | |
|---|---|
| ၁။ ဦးစော | နန်းရင်းဝန်၊ သစ်တောနှင့် ပညာရေး |
| ၂။ ဦးဘသီ | ဘဏ္ဍာရေး |
| ၃။ ဦးအေး | ပြည်ထဲရေး |
| ၄။ ဆာပေါ်ထွန်း | အခွန်တော် |
| ၅။ ဦးသာယာဝတီမောင်မောင် | သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေး |
| ၆။ စောဖေသာ | တရားရေးဌာန |
| ၇။ ဦးဘသန်း | ကူးသန်းရောင်းဝယ်ရေး |
| ၈။ ဦးဘအုန်း | အလုပ်သမားဌာန |

ဦးစော ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ယူဂန်ဒါ (Uganda) ၌ အဖမ်းခံရပြီးနောက် ဖွဲ့သော ဆာပေါ်ထွန်းအစိုးရအဖွဲ့ဝင်များမှာ-

| | |
|---|---|
| ၁။ ဆာပေါ်ထွန်း | နန်းရင်းဝန်၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး |
| ၂။ ဆာထွန်းအောင်ကျော် | ဘဏ္ဍာရေး |
| ၃။ ဦးအေး | ပြည်ထဲရေး |
| ၄။ ဦးသာယာဝတီမောင်မောင် | အခွန်တော် |
| ၅။ ဦးဘအုန်း | အလုပ်သမားဌာန |
| ၆။ မိတ္ထီလာဦးဘရင် | ပညာရေး |
| ၇။ စောဖေသာ | တရားရေး |
| ၈။ ဦးဘသန်း | ကူးသန်းရောင်းဝယ်ရေး |
| ၉။ ဦးအိမ် | သစ်တောရေး |

တို့ဖြစ်သည်။*

* ညွန့်ပေါင်းအစိုးရအဖွဲ့ဝင်များနှင့်ပတ်သက်၍ မှတ်ချက်များရှိပါသည်။ ထိုမှတ်ချက်များကို ဦးလေးမောင် ရေးသည့် မြန်မာ့နိုင်ငံရေးသမိုင်း၊ ဒု၊ ၁၉၇၄ တွင် ကြည့်ရှုနိုင်ပါသည်။ ယခုဖော်ပြထားသည်မှာ စစ်ကိုင်းဟန်တင်၏ လုံးဝလွတ်လပ်ရေးသို့စာအုပ်မှ ဖြစ်ပါသည်။



## တ က သ (၁၉၃၁)

တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ အတိုကောက်အခေါ်ဖြစ်သည်။ ပထမဆုံးတက္ကသိုလ်ကျောင်းသားများသမဂ္ဂမှာ ၁၉၃၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဖြစ်သည်။ စဖွဲ့စဉ်ကမူ အောက်စဖို့နှင့် ကိန်းဘရစ် စသည့် နိုင်ငံခြား၊ တက္ကသိုလ်များရှိ တက္ကသိုလ်ကျောင်းသားအသင်းအဖွဲ့များကဲ့သို့ စာပေနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ စကားရည်လုပွဲများ ကျင်းပပေးရုံလောက်သာ ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် ကိုလိုနီပညာရေးစနစ်၏ ပျော့ကွက် ဟာကွက်များကို ဝေဖန်ဆန်းစစ်၍ ပညာရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန် တောင်းဆိုရာမှ နိုင်ငံလွတ်လပ်ရေးအတွက်အထိ ပါဝင်လှုပ်ရှားခဲ့သည်။ အထူးသဖြင့် ၁၉၃၅-၃၆ မှ စ၍ တက္ကသိုလ်ကျောင်းသားများသမဂ္ဂအမှုဆောင်များမှာ နယ်ချဲ့အစိုးရကို ရဲရဲတောက်တော်လှန်လိုသူ၊ တော်လှန်ရဲသူ မျိုးချစ်လူငယ်များ ဖြစ်ခဲ့ကြသည်။ ထိုလူငယ်များ ဦးဆောင်သည့် အချိန်မှ စ၍ တကသ၏ လှုပ်ရှားမှုသည် နိုင်ငံလွတ်လပ်ရေးအထိ ဦးတည်လာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် ရှေ့တန်းမှ ပါခဲ့သူများတွင် တကသ အမှုဆောင်အဖွဲ့ဝင်များလည်း အများအပြား ပါဝင်ခဲ့ကြသည်။ ထို့ကြောင့် တကသသည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် ရှေ့တန်းခေါင်းဆောင်များကို မွေးထုတ်ပေးသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ထင်ရှားသည်။

## တရုတ်-မြန်မာ ချစ်ကြည်ရေးဘောလုံးပွဲ (၁၉၃၆)

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ၁၁ ကြိမ်မြောက် အိုလံပစ်အားကစားပွဲတော်ကို ၁၉၃၆ ခု၊ ဇွန်လတွင် ကျင်းပသည်။ ထိုပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် တရုတ်အားကစားအဖွဲ့ ၁၉၃၆ ခု၊ ဇွန်လကုန်ပိုင်းတွင် ရန်ကုန်သို့ ခေတ္တဝင်ရောက်လာသည်။ တရုတ်အားကစားအဖွဲ့ကို မြန်မာပြည်ရှိ တရုတ်အမျိုးသားများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြပြီး ဂုဏ်ပြုပွဲလည်း လုပ်သည်။ ထိုတရုတ်အားကစားအဖွဲ့မှ ဘောလုံးသမားများနှင့် မြန်မာဘောလုံးအသင်းတို့ ဘီအေအေ(ယခု အောင်ဆန်းကွင်း) ကွင်း၌ ချစ်ကြည်ရေးဘောလုံးပွဲ ကစားခဲ့ကြသည်။ ဘောလုံးဝါသနာအိုးများ ကွင်းအပြည့် အားပေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## တရုတ်ပြည်သွား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ (၁၉၃၉)


ကိုလိုနီခေတ်အတွင်းက မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ဖူးသည်။ မြို့မဆရာကြီး ဦးဘလွင် ခေါင်းဆောင်၍ သခင်နု၊ ဒီးဒုတ်ဦးဘချို၊ အောက်လွှတ်တော်အမတ် မစ္စတာဂန်ဂါဆင်း၊ စောတိန်လျောင်၊ ဝီလီယံကျန်၊ မစ္စတာလယူးနှင့် ဒေါ်မြစိန်တို့ ပါဝင်သည်။ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ၁၂.၁၂.၁၉၃၉ နေ့တွင် ရန်ကုန်မှ တရုတ်ပြည်သို့ သွားခဲ့ကြသည်။

တရုတ်ပြည်ရောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်အမျိုးသားခေါင်းဆောင်ကြီး ချန်ကေရှိတ်နှင့် ဇနီးတို့က ၎င်းတို့အိမ်၌ ကျင်းပသည့် ဂုဏ်ပြုဧည့်ခံပွဲသို့ တက်ရောက်ခဲ့သည့်အပြင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့်လည်း တွေ့ဆုံဆွေးနွေးရခဲ့သည်။ ထိုသို့ဆွေးနွေးကြရာတွင် မြန်မာလူငယ်များ တရုတ်နိုင်ငံ၌ စစ်ပညာသင်ကြားရေးအပါအဝင် မြန်မာ့လွတ်လပ်ရေးအတွက် အကူအညီပေးရေး ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည် ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်ကြီး မော်စီတုန်းနှင့် တွေ့ရန် အစီအစဉ်ရှိသော်လည်း မော်စီတုန်းက ယန်စီနယ် ရောက်နေ၍ မတွေ့ခဲ့ရပေ။ သို့သော် အခြားခေါင်းဆောင်အချို့နှင့် တွေ့ဆုံခဲ့ရသည်။ ထိုခရီးစဉ်နှင့် ပတ်သက်သည့် ကိုယ်တွေ့တရုတ်ပြည်အကြောင်းကို သခင်နုက **ဂန္ဓာလရာဇ်**အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ ၎င်းစာအုပ်ကို နဂါးနီအသင်းက အထူးထုတ်အဖြစ် ထုတ်ဝေခဲ့သည်။

## တရုတ်–မြန်မာလမ်းမကြီး

တရုတ်နိုင်ငံ ကူမင်းမြို့နှင့် မြန်မာနိုင်ငံ လားရှိုးမြို့ကို ဆက်သွယ်ပေးသည့် လမ်းမကြီးဖြစ်သည်။ ကမ္ဘာတွင် [Burma(Myanmar) Road] ဟု ထင်ရှား၍ လူသိများသည်။ ထိုလမ်းမကြီးကို ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှ စ၍ ဖောက်လုပ်ခဲ့သည်။ ထိုလမ်းမကြီး ဖောက်လုပ်ရာတွင် အလုပ်သမား သုံးသိန်းခန့်၏ လုပ်အားကို အသုံးပြုခဲ့ရသည်။ ကူမင်းမှ လားရှိုးအထိ ၇၁၆ မိုင် ရှိသည်။ လမ်းမကြီးအတွက် ကုန်ကျစရိတ် စုစုပေါင်းမှာ ၃၇၅၀၀၀ စတာလင်ပေါင်ခန့် ဖြစ်သည်။ ၁၉၃၉ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် လမ်းမကြီးကို တရားဝင်ဖွင့်လှစ်ခဲ့သည်။




တရုတ်-မြန်မာလမ်းမကြီးပြမြေပုံကြမ်း



တရုတ်-မြန်မာလမ်းမကြီးတစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



တရုတ်-မြန်မာ လမ်းမကြီး ဖောက်လုပ်စဉ်က တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ စစ်ဖြစ်နေချိန်ဖြစ်သည်။ ထိုတရုတ်-ဂျပန်စစ်တွင် တရုတ်နိုင်ငံကို စစ်လက်နက်အကူအညီများ ထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်အစိုးရက လမ်းမကြီးကို ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း လမ်းမကြီးဖောက်လုပ်ပြီးချိန်မှ စ၍ တရုတ်-မြန်မာလမ်းမကြီးမှတစ်ဆင့် အင်္ဂလန်နှင့် အမေရိကန်တို့က တရုတ်နိုင်ငံသို့ စစ်သုံးမော်တော်ကားများ၊ စစ်လက်နက်ပစ္စည်းများ၊ ဓာတ်ဆီများ တင်ပို့ခဲ့သည်။ စစ်လက်နက်ပစ္စည်းများ တင်ပို့ပုံမှာ ရန်ကုန်မှ လားရှိုးသို့၊ လားရှိုးမှ တရုတ်နိုင်ငံ ကူမင်းမြို့၊ ထို့နောက် ကူမင်းမှ ထိုစဉ်က ချန်ကေရှိတ်အစိုးရ၏ မြို့တော်ဖြစ်သော ချုံကင်းသို့ ပေးပို့ခြင်းဖြစ်သည်။ ထိုသို့ ချန်ကေရှိတ်အစိုးရကို မဟာမိတ်တို့က အင်အားဖြည့်တင်းပေးရာ အဓိကလမ်းမကြီးတစ်ခုဖြစ်လာသောအခါ စစ်ရေးနှင့် နိုင်ငံရေးအရ အရေးပါသည့် လမ်းမကြီး ဖြစ်လာတော့သည်။ အထူးသဖြင့် တရုတ်-ဂျပန်စစ်တွင် အရေးပါသောကြောင့် လမ်းမကြီးပိတ်ပေးရန် ဂျပန်အစိုးရက ဗြိတိသျှအစိုးရသို့ တောင်းဆိုခဲ့သည်။ မြန်မာတို့ကလည်း ထိုလမ်းမကြီးကို တရုတ်-ဂျပန်စစ်အတွက် အသုံးချသည်ကို မကျေနပ်၍ ကန့်ကွက်ခဲ့ကြသည်။ ထို့ကြောင့် ၁၈.၇.၁၉၄၀ မှ ၁၈.၁၀.၁၉၄၀ အထိ သုံးလတိတိ လမ်းမကြီးကို ဗြိတိသျှအစိုးရက ယာယီပိတ်ထားခဲ့သေးသည်။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံကို ဂျပန်တို့တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည့် အကြောင်းရင်းတစ်ရပ်မှာလည်း ထိုလမ်းမကြီးကို ပိတ်ပစ်လို၍ ဖြစ်သည်။ ဤသို့ တရုတ်-မြန်မာလမ်းမကြီးသည် တရုတ်-ဂျပန်စစ်တွင်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်တွင်လည်းကောင်း စစ်ရေးနှင့် နိုင်ငံရေးအရ ပါဝင်ပတ်သက်သွားရာမှ ယင်းလမ်းမကြီးကို အကြောင်းပြု၍ မြန်မာနိုင်ငံမှာလည်း ပါဝင်ပတ်သက်လာရပြီး ပို၍ လူသိများခဲ့သည်။

## တောရိုင်းတိရစ္ဆာန်များ ကာကွယ်သည့် ဥပဒေ

ကိုလိုနီခေတ်အတွင်းက တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဥပဒေလေးကြိမ် ထုတ်ပြန်ခဲ့သည်။ အစောဆုံးထုတ်ပြန်သည့် ဥပဒေမှာ ၁၉၁၂ ခုနှစ်တွင် ထုတ်ပြန်သော 'တောရိုင်းကျေးငှက်တိရစ္ဆာန်များ ကာကွယ်သည့်ဥပဒေ' နှင့် ၁၉၂၉ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၃၄ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၃၆ ခုနှစ်တွင် တစ်ကြိမ်ထုတ်ပြန်သော မြန်မာနိုင်ငံ တောရိုင်းသတ္တဝါများကာကွယ်သည့် ဥပဒေ [The Burma(Myanmar) Wild Life Protection Act] များဖြစ်သည်။



အထက်ပါဥပဒေများအရ ဘေးမဲ့တောများ၌ မြေမှအပဖြစ်သော တိရစ္ဆာန်များအား တောလိုက်သတ်ဖြတ်ခြင်းကို ပိတ်ပင်တားဆီးခဲ့သည်။ သို့သော် အချို့သော တိရစ္ဆာန်များကို အစိုးရ၏ခွင့်ပြုချက်အရ ဖမ်းဆီးခွင့်ပြုထားသည်။ သိပ္ပံသုတေသနအတွက်လည်းကောင်း၊ ထိန်းသိမ်းသစ်တောကြိုးဝိုင်းအတွင်း၌လည်းကောင်း၊ လိုင်စင်ရသူအချို့အား ဥပဒေအရ တောကောင်များကို ဖမ်းဆီးခွင့်ပေးထားသည်။ မည်သည့်တော၌မဆို အချိန်ရာသီအလိုက် ပစ်ခတ်ဖမ်းဆီးနိုင်ခွင့်မရှိသော တိရစ္ဆာန်များမှာ ဒရယ်၊ ဆတ်၊ ချေ၊ ရစ်၊ ခါ၊ တောကြက်၊ ငုံး၊ တောဘဲနှင့် ရေစစ္စလီတို့ ဖြစ်သည်။ တစ်နှစ်ပတ်လုံး မည်သည့်အချိန်ရာသီတွင်မျှ အရှင်ဖမ်းဆီးခြင်းနှင့် ရောင်းဝယ်ခြင်းမလုပ်ရသည့် ငှက်များမှာ စနိုက်ငှက်၊ တောဘဲ၊ ရေစစ္စလီ၊ တောငန်း၊ ခါ၊ နို၊ ချိုး၊ ဗျိုင်းအောက်၊ ဗျိုင်း၊ ရေကြက်နှင့် သာလိကာတို့ဖြစ်သည်။ ဘေးမဲ့တော၌လည်းကောင်း၊ သစ်တောကြိုးဝိုင်းအတွင်း၌လည်းကောင်း၊ မည်သည့်တော၌မဆို ပစ်ခတ်ဖမ်းဆီးသတ်ဖြတ်ခွင့်မရှိသော တိရစ္ဆာန်များမှာ ကြံ့၊ ကြံ့သူတော်၊ သမင်၊ ဒေါင်း၊ ဒေါင်းမင်းနှင့် ရေဗလုံတို့ ဖြစ်သည်။ လိုင်စင်ဖြင့် ဖမ်းဆီးနိုင်ခွင့်ရှိသော တိရစ္ဆာန်များမှာ ဆင်၊ ပြောင်၊ စိုင်၊ တောဆိတ်နှင့် တောင်ဆိတ်တို့ ဖြစ်သည်။

## တို့ဗမာသီချင်း

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားသည့် တို့ဗမာသီချင်းစာသားများမှာ အောက်ပါအတိုင်းဖြစ်သည်။

**တို့ဗမာသီချင်း**

တကောင်း... အဘိရာဇာ၊ တို့ဗမာ... သာကီမျိုးဟာမို့၊ မညိုးဂုဏ်
တေဇာ၊ ယိုးဒယားနှင့် ကုလားကိုပါ တိုက်ခိုက်ကာ အောင်ခဲ့တာ
တို့ဗမာ၊ စိန်မှန်ကင်းစစ်... အဖြစ်ကြီးဖြစ်လျက် ထင်းတစ်လှည့်ကြုံရ
... ထုံးနှင့် မသွေ လောကဓမ္မတာပေ ငါတို့ကံခေ ဖြစ်ရပြန်လေ၊
သို့သော် အရင်းကို စစ်လျှင် ဗမာပြည် ငါတို့ ငါတို့ပြည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်ဥဒါန်း ဘယ်မကျေစရာ၊ ရာဇဝင်တင်ထား မျိုးရိုးနွယ်လာ ကမ္ဘာတစ်ခွင်မှာဖြင့်၊ ဗမာအထင်အရှား တို့ခေတ်တွင်မှ ညှံ့ကြတော့မှာလား တို့ဗမာ၊ တို့ဗမာ မဟုတ်လေသလား (တို့ဗမာ ငါတို့ဗမာ)[၂] ဒါ ငါတို့ဗမာ ဒါငါတို့ဗမာ အားလုံးညီညီ ယောကျ်ားဘ်သား တို့ဗမာ နောင်လာနောက်သား ကောင်းစားဖို့ရာ၊ တို့ကိုယ်ကျိုး လုံးလုံးမပါ ရဲရဲဗမာပီပီ ဗမာပြည် တို့ဗမာဖို့ပါ။ သခင်ကျင့်ကို ကျင့်ကြပါ။ သခင်မျိုးဟေ့ တို့ဗမာ မိုးအောက်မြေပြင်မှာ အထက်တန်းစိတ်နဲ့ စာမရှိသေး၊ တို့ဗမာ…

သံပြိုင်။

(ကမ္ဘာမကျေ ဗမာတစ်တွေ ဒါတို့ပြည် ဒါတို့မြေ ဒါ ငါတို့ပြည်)[၃] (တို့ဗမာ)[၂] ပြည်ကို တိုင်းရင်းသားအကုန်အစင် တို့ပြည်လို့မှတ်ထင် တို့ဝတ္တရားပင် တို့ဗမာသခင်။ အမျိုးသားရေး… ကြိုးပမ်းကြပါ… တို့ဗမာ… ဟေ့… တို့ဗမာ… ဩော်… အမျိုးသားရေးကို ကြိုးပမ်းကြပါ တို့ဗမာ… ယော့ တို့ဗမာ… အရှေ့က နေဝန်း… ထွက်သည့်ပမာ တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ… တို့ဗမာဟေ့… တို့ဗမာ ဗမာပြည် တစ်ဝန်းအကုန်… တို့အိမ်မှတ်ပါ… တို့ယာမှတ်ပါ… အဲဒါ တို့ဗမာ… (သံပြိုင်ပြန်ကောက်)

သမိုင်းဝင် တို့ဗမာသီချင်းကို ဝိုင်အမ်ဘီဆရာတင်က ရေးသည်။ သခင်ဘသောင်းနှင့် သခင်ခေါင်းဆောင်အချို့က သီချင်းစာသားနှင့် အချက်အလက်များအတွက် ဖြည့်စွက်၍ အကြံဉာဏ်များပေးကြသည်။ တို့ဗမာသီချင်းတွင် ပထမ မြန်မာတို့၏ သမိုင်းကြောင်းကို ပြောသည်။ ဒုတိယ ၁၉၃၀ တစ်ဝိုက် မြန်မာနိုင်ငံ၏ အခြေအနေကို ပြောသည်။ တတိယအချက်က လွတ်လပ်ရေးနှင့် ခေတ်သစ်ထူထောင်ရေးလမ်းစဉ်ကို ပြောသည်။ စတုတ္ထအချက်က ဇာတိသွေး ဇာတိမာန်နှင့် မျိုးချစ်စိတ်ကို နှိုးဆွပေးသည်။ အမျိုးသား အကျိုးစီးပွားကို ဆောင်ရွက်လိုစိတ်ပေါ်ပေါက်လာစေရန် လှုံ့ဆော်ပေးသည့် သီချင်းဖြစ်သည်။

အင်္ဂလန်သို့ ပုံနှိပ်လုပ်ငန်း ပညာတော်သင်သွားမည့် မီးတုတ်သခင်သိန်းမောင်ကြီးအား မိတ်ဆွေများက နှုတ်ဆက်ပွဲလုပ်သည့် ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လဆန်းတွင် တို့ဗမာသီချင်းကို ပထမဆုံး သီဆိုခဲ့သည်။ ထိုနှုတ်ဆက်ပွဲသို့ ဒီးဒုတ်ဦးဘချို၊ သခင်ဘသောင်း၊ လူငယ်များ ကြီးပွားရေးအသင်း အတွင်းရေးမှူး ဦးသိန်းနှင့် သခင်လူငယ်များ တက်ရောက်ကြသည်။ ထို့နောက် သခင်ဘသောင်း၊ တက္ကသိုလ်ကျောင်းသား ကိုနုနှင့် တက္ကသိုလ်မှ နည်းပြဆရာဦးစိန်တို့က ဦးဆောင်၍ သထုံဆောင်၊ သဟာယနှင့် စာဖတ်ခန်းတွင် ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် တို့ဗမာသီချင်းကို ဒုတိယအကြိမ် သီဆိုကြသည်။ တတိယအကြိမ် သီဆိုပွဲကို ဇူလိုင်လ ၂၀ ရက်နေ့မှာပင် ရွှေတိဂုံစေတီ ရာဟုထောင့်ရှိ ဦးစံထွန်း၊ ဒေါ်နှစ် တန်ဆောင်း၌ သီဆိုခဲ့ကြသည်။ ဝိုင်အမ်ဘီအေဆရာတင်ကိုယ်တိုင် လူအများရှေ့မှောက်၌ သီဆိုခဲ့ခြင်းဖြစ်သည်။ ထိုအခမ်းအနားတွင် သခင်ဘသောင်းက တို့ဗမာအစည်းအရုံးအကြောင်းနှင့် တို့ဗမာသီချင်းအကြောင်း ရှင်းပြသည်။ ထို့နောက် ၁၉၃၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ဘီအေအေ ဘောလုံးကွင်း (ယခု အောင်ဆန်းကွင်း) ၌ ဗမာဘောလုံးအသင်းနှင့် အင်္ဂလိပ်စစ်တပ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် တို့ဗမာသခင်များက တို့ဗမာသီချင်း သီဆို၍ ဗမာဘောလုံးအသင်းဘက်မှ အားပေးခဲ့ကြသည်။ ယခု အသုံးပြုနေသော နိုင်ငံတော်သီချင်းမှာလည်း တို့ဗမာသီချင်းကို အခြေခံ၍ ရေးသားထားသည့် သီချင်းဖြစ်သည်။



## တို့ဗမာအစည်းအရုံး (၁၉၃၀)

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ဆိုရှယ်လစ်ရေးတို့တွင် ရှေ့တန်းမှပါဝင်ခဲ့သော တို့ဗမာအစည်းအရုံးကြီးကို ၁၉၃၀ ပြည့်နှစ်၊ မေလ ၃၀ ရက်နေ့တွင် စတင်ဖွဲ့သည်။ ၁၉၃၀ ပြည့်နှစ်သည် မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တပ်ဦးသဖွယ်ဖြစ်သော ဂျီစီဘီအေအသင်းကြီး၏ အစိတ်စိတ်အမြွှာမြွှာကွဲပြားနေသော အချိန်ဖြစ်သည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် ထိထိရောက်ရောက်နှင့် စွမ်းစွမ်းတမံဆောင်ရွက်မည့် အဖွဲ့အစည်းမျိုးကို အခြေအနေက တောင်းဆိုနေချိန်ဖြစ်သည်။ ထိုအခြေအနေတွင် သခင်ဘသောင်းက ဦးဆောင်၍ မျိုးချစ်လူငယ်တစ်စု [illegible] မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး ဇာတိမာန်ကို လှုံ့ဆော်ပေးပြီး တိကျ [illegible]သော ဝါဒလမ်းစဉ်ဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မည့် အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



သခင်ဘသောင်း(၁၉၀၁-၁၉၈၁)
တို့ဗမာအစည်းအရုံး စတင်တည်ထောင်သူ




တို့ဗမာအစည်းအရုံးတံဆိပ်



တို့ဗမာသတင်းစဉ်မှတ်တမ်း ခေါင်းစီး




ဗမာ့လက်ရုံးတံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



အစည်းတစ်ခု ဖွဲ့စည်းရန် ကြံစည်ကြသည်။ အကြံရသည့်အတိုင်း ဆွေးနွေးတိုင်ပင်မှုများလည်း လုပ်ကြသည်။ ထိုစဉ်မှာပင် ၁၉၃၀ ပြည့်နှစ်၊ မေလအတွင်း ကုလား-ဗမာ အဓိကရုဏ်း ပေါ်ပေါက်ခဲ့သည်။ ထိုအဓိကရုဏ်းကို အကြောင်းပြု၍ မြန်မာတိုင်းရင်းသားတို့ကို အမျိုးသားစိတ်ဓာတ်တက်ကြွအောင် တပ်လှန့်ပေးသည့် အရေးပေါ်နှိုးဆော်ချက် **နိုင်ငံပြုစာစုအမှတ် (၁)**ကို သခင်ဘသောင်းက ထုတ်ဝေလိုက်သည်။ ထိုကြေညာစာစုကို ထုတ်ဝေသည့် အဖွဲ့အစည်းသည် တို့ဗမာအစည်းအရုံးဟု ဖော်ပြထားသည်။ အစည်းအရုံးတည်ရာဌာနမှာ ခြံအမှတ် ၃၃၊ ရေတာရှည်လမ်း၊ ဗဟန်းဟုလည်း ရေးထားသည်။ ဤသို့ဖြင့် တို့ဗမာအစည်းအရုံးဟူသော အမည် စတင်ပေါ်လာသည်။ ထိုသို့ အစည်းအရုံးဟု သုံးထားသော်လည်း စနစ်တကျဖွဲ့စည်းထားသည့် အမှုဆောင်အဖွဲ့ဟု မရှိသေးပေ။ မျိုးချစ်လူငယ်တစ်စု၏ လှုပ်ရှားမှုလောက်သာ ဖြစ်သည်။ ထို့နောက် တို့ဗမာအစည်းအရုံးအတွက် စည်းရုံးလှုပ်ရှားနေကြသော မျိုးချစ်လူငယ်များနှင့် ပိုင်အမ်ဘီဆရာတင်တို့ ဆက်သွယ်မိကာ "တို့ဗမာသီချင်း"ကို သီကုံးစပ်ဆိုလာကြပြန်သည်။ တို့ဗမာသီချင်းမှာ တိုင်းရင်းသားတို့၏ ဓာတ်သွေး ဓာတ်မာန်ကို တက်ကြွစေသည့် သီချင်းဖြစ်သည်။ ယင်းနောက် တို့ဗမာသီချင်းကို ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းတွင် ဖော်ပြရုံမက အစည်းအဝေးပွဲများ၊ ဘုရားပွဲများနှင့် ဘောလုံးပွဲများတွင် သီဆိုပြရာမှ တို့ဗမာအစည်းအရုံးအကြောင်း လူသိများလာသည်။ (တို့ဗမာသီချင်းလည်း ကြည့်။) စိတ်ဝင်စားသူလည်း တိုးလာသည်။ ၁၉၃၃ ခုနှစ်ရောက်သောအခါ ဒိုင်အာခီ ဥပဒေပြုလွှတ်တော်အတွက် ရွှေဘိုအရှေ့ပိုင်း မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်၍ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရာ တို့ဗမာအစည်းအရုံးမှ သခင်ဘသောင်း ဝင်ရောက်ယှဉ်ပြိုင်သည်။ ရွေးကောက်ပွဲအတွက် ရွှေဘိုတွင် တရားဟောရာမှ တို့ဗမာအစည်းအရုံးကို ပို၍ လူသိများလာသည်။ ရွေးကောက်ပွဲပြီးသောအခါ တို့ဗမာအစည်းအရုံးမှ သခင်လူငယ်များကို ရွှေဘိုမှ ၂၄ နာရီအတွင်း ထွက်သွားရမည်ဟု အာဏာပိုင်တို့က အမိန့်ထုတ်သည်။ အမိန့်ကို မနာခံ၍ သခင်လူငယ်များကို ဖမ်းသောအခါ တို့ဗမာအစည်းအရုံးမှာ ပို၍ ထင်ရှားလာသည်။ ဤသို့ဖြင့် ပထမစိတ်ကူး၊ ထို့နောက် ကြေညာစာတမ်း၊ သီချင်းတို့ဖြင့် စခဲ့ရသော တို့ဗမာအစည်းအရုံးသည် ၁၉၃၅ ခုနှစ် ရောက်သောအခါ ပထမအကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံကို ရေနံချောင်းမြို့၌ ကျင်းပနိုင်သည်အထိ အောင်မြင်မှုရလာသည်။ ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၅ ခုနှစ်အတွင်း တို့ဗမာအစည်းအရုံးကို ပြုစုပျိုးထောင်



ပေးခဲ့သူမှာ သခင်ဘသောင်း၊ သခင်ကျော်ထွန်းစိန်၊ သခင်ညို၊ သခင်တင်စိန်၊ သခင်တင်(ပိုင်အမ်ဘီ)၊ သခင်ထွန်းအုပ်၊ သခင်ထွန်းရွှေ၊ သခင်ဗစိန်၊ သခင်ဗတင်၊ သခင်ဘရီ၊ သခင်ဘိုးနီ၊ သခင်မောင်မောင်တိုး၊ သခင်လေးမောင်၊ သခင်လှဘော်၊ သခင်သာဒိုး၊ သခင်သိန်းမောင်၊ သခင်သိန်းဟန်၊ သခင်ဟန်၊ သခင်အုန်းခင်၊ သခင်အုန်းဖေ စသူတို့ဖြစ်ကြသည်။

တို့ဗမာအစည်းအရုံး၏ အမျိုးသားရေးဆိုင်ရာ ကြွေးကြော်သံမှာ-

ဗမာပြည်သည်… တို့ပြည်
ဗမာစာသည်… တို့စာ
ဗမာစကားသည်… တို့စကား
တို့စာကို… ချီးမြှင့်ပါ
တို့စကားကို လေးစားပါ

ဟူ၍ဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကြွေးကြော်သံမှာ-

ဗမာဆိုင်များ တည်ကြကုန်လော့
ဗမာဆိုင်၌ ဝယ်ကြကုန်လော့

ဟူ၍ ဖြစ်သည်။ တို့ဗမာအစည်းအရုံး၏ ဆောင်ပုဒ်များမှာ-

လာမည့်ဘေး ပြေးတွေ့
ဘေးနဲ့ကြုံ ရဲဂုဏ်ပြ
သေလျှင်မြေကြီး ရှင်လျှင်ရွှေထီး
ကြောက်လွဲ ရဲမင်းဖြစ်
ကြောက်မွေးပါ ဓာဂနာနဲ့နုတ်
ကျွန်ဘဝကို စက်ဆုပ်ကြ
ဒါတို့ပြည် ဒါတို့မြေ

ဟူ၍ ဖြစ်သည်။ တို့ဗမာအစည်းအရုံးသည် အထက်ပါကြွေးကြော်သံများဖြင့် လုပ်သားပြည်သူတို့၏ ဓာတ်သွေး၊ ဓာတ်မာန်တက်ကြွစေရန် လှုံ့ဆော်ပေးခဲ့သည်။

မြန်မာနိုင်ငံ၏ အရှင်သခင် အစစ်အမှန်သည် မြန်မာတိုင်းရင်းသားတို့သာ ဖြစ်သည်၊ ဖြစ်ရမည်ဟု အားတင်းပေးသည့်အနေဖြင့် တို့ဗမာအစည်းအရုံးဝင်များ၏ အမည်ရှေ့တွင် သခင်ထည့်၍ ခေါ်ခဲ့ကြသည်။ ဤသို့ သခင်တပ်၍ ခေါ်ခြင်းအားဖြင့် ကိုယ့်မင်းကိုယ့်ချင်းဘဝဖြင့် နေခဲ့ရသည်ကို ပြန်လည်၍သတိရစေပြီး သခင်စိတ်ပေါက်စေရန် ဖြစ်သည်။ ထို့ကြောင့် တို့ဗမာအစည်းအရုံးကို

www.burmeseclassic.com



သခင်အစည်းအရုံးဟူ၍လည်းကောင်း၊ သခင်အဖွဲ့ဟူ၍လည်းကောင်း၊ တို့ဗမာအစည်းအရုံး၏ ဝါဒကို သခင်ဝါဒဟူ၍လည်းကောင်း ရေးကြ၊ ပြောကြသည်။

တို့ဗမာအစည်းအရုံး၏ အလံမှာ အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ် အလယ်တွင် တူတံစဉ် ပါသည်။ အဝါရောင်သည် ဘာသာ သာသနာနှင့် ပညာတိုးပွားအောင် ဖော်ဆောင်၍ အစိမ်းရောင်သည် ဆန်စပါး ပေါ်ကြွယ်ဝစေရမည်ဟု အဓိပ္ပာယ်ဆောင်ကာ အနီရောင်သည် ရဲရင့်ခြင်းကို ရည်ညွှန်းပါသည်။

တို့ဗမာအစည်းအရုံး၏ ပထမရည်မှန်းချက်မှာ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လုံးဝလွတ်လပ်ရေးဖြစ်သည်။ တို့ဗမာအစည်းအရုံး စတင်ထူထောင်စဉ်က အမျိုးသားရေးကို အခြေခံခဲ့သော်လည်း ၁၉၃၆ ခုနှစ်မှ စ၍ ဆိုရှယ်လစ်ဝါဒကို လက်ခံခဲ့သည်။ ထို့ကြောင့် တို့ဗမာအစည်းအရုံးသည် အတိုးတက်ဆုံးနှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်အပြင်းထန်ဆုံး အစည်းအရုံးအဖြစ် ထင်ရှားခဲ့သည်။ ဆိုရှယ်လစ်ဝါဒကို လက်ခံလာသည်နှင့်အမျှ တောင်သူလယ်သမားနှင့် အလုပ်သမားလူတန်းစားတို့၏ အရေးပါပုံကို လက်ခံအသိအမှတ်ပြုပြီး ယင်းလူတန်းစားနှစ်ရပ်ကို ပထမဆုံး စနစ်တကျ စတင်စည်းရုံးခဲ့သည့် အစည်းအရုံးလည်းဖြစ်သည်။ တို့ဗမာအစည်းအရုံးကြီးက ဦးဆောင်၍ ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံးတို့ကို ထူထောင်ပေးခဲ့သည်။ ခေတ်ပညာတတ် လူငယ်တို့က ခေါင်းဆောင်သောကြောင့် အတက်ကြွဆုံးနှင့် အလှုပ်ရှားဆုံးဖြစ်သည့်အလျောက် အင်္ဂလိပ်အစိုးရ၏ အငြိုငြင်ခံရဆုံး၊ အဖိနှိပ်ခံရဆုံးအစည်းအရုံးလည်း ဖြစ်သည်။

ခေတ်ပညာတတ်လူငယ်များက မိမိတို့ကိုယ်ကျိုးကို စွန့်ကာ အနစ်နာခံ ထောင်ကျခံ၍ နိုင်ငံနှင့် လူမျိုးအတွက် လုပ်ပြသောအခါ တောင်သူလယ်သမား၊ အလုပ်သမားနှင့် ကျောင်းသားအပါအဝင် လုပ်သားပြည်သူအများစုလည်း တို့ဗမာအစည်းအရုံး၏ အလံတော်အောက်တွင် စည်းရုံးခဲ့ကြသည်။ တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးတိုက်ပွဲဂယက်သည်လည်း တစ်နိုင်ငံလုံးအနှံ့ ပြန့်ခဲ့သည်။

တို့ဗမာအစည်းအရုံး၏ ဆောင်ရွက်ချက်များမှာ လုပ်သားပြည်သူတို့ကို ပညာပေးရန် **တို့ဗမာ** ခုနှစ်ရက်တစ်ပတ်သတင်းစာနှင့် **တို့ဗမာသတင်းစဉ်မှတ်တမ်း** အပြင် **ခေါင်းသတင်းစာ**ကိုလည်း ထုတ်ဝေခဲ့သည်။ နဂါးနီစာအုပ်အသင်း ထူထောင်၍ တိုးတက်သော နိုင်ငံရေးအတွေးအခေါ်နှင့် ဆိုရှယ်လစ်စာပေများကိုလည်း ဖြန့်ဖြူးပေးခဲ့သည်။ မျိုးချစ်စိတ်နှင့် ဓာတ်သွေး ဓာတ်မာန်တက်ကြွစေရန် တိုင်းရင်းသားယဉ်ကျေးမှုနှင့် စာပေကို အားပေးသည်။ အမျိုးသားနေ့နှင့် ဦးဝိစာရနေ့ စသော အထိမ်းအမှတ်နေ့ အခမ်းအနားများကိုလည်း ဦးစီး၍ ကျင်းပပေးသည်။ မြန်မာနိုင်ငံ၌ ပထမဆုံး မေဒေးနေ့အခမ်းအနားကို ၁၉၃၈ ခု၊ မေလ ၁ ရက်နေ့တွင် တို့ဗမာအစည်းအရုံးကပင် ဦးစီး၍ ကျင်းပပေးခဲ့သည်။ မြောက်ရေနံမြေသပိတ်နှင့် ထောင့်သုံးရာပြည့်အရေးတော်ပုံများတွင်လည်း ပါဝင်၍ ဦးဆောင်ပေးခဲ့သည်။ ခွဲရေးတွဲရေးပြဿနာပေါ်သောအခါ ခွဲလျှင်လည်း အင်္ဂလိပ်လက်အောက် နေရမည်၊ တွဲလျှင်လည်း အင်္ဂလိပ်လက်အောက် နေရမည်မှာ အတူတူပင်ဖြစ်၍ လုံးဝလွတ်လပ်ရေးကိုသာ တောင်းဆိုခဲ့သည်။

အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်ပြီး ၉၁ ဌာနအုပ်ချုပ်ရေးသစ်ပေးသောအခါ ယင်းအုပ်ချုပ်ရေးကို အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ၉၁ ဌာနအုပ်ချုပ်ရေး တိုက်ဖျက်ရေးကိုလည်း အစွမ်းကုန်ကြိုးစားခဲ့သည်။ ကိုယ့်မင်းကိုယ့်ချင်းတည်းဟူသော လုံးဝလွတ်လပ်ရေးကို တောင်းဆိုရာတွင်လည်း ပြည်မနှင့် တောင်တန်းဒေသအားလုံးကို တပေါင်းတည်းလွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့သည်။ စည်းရုံးလှုပ်ရှားခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လုံးဝလွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲနည်း ဆင်နွှဲရန်အထိ ရည်ရွယ်၍ လက်ရုံးတပ်ဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ၁၉၃၈ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသည် သခင်ကိုယ်တော်မှိုင်းဂိုဏ်းနှင့် သခင်ထွန်းအုပ်-သခင်ဗစိန်ဂိုဏ်းဟူ၍ နှစ်ဂိုဏ်းကွဲသွားသည်။ ထိုသို့ နှစ်ဂိုဏ်းကွဲသွားသော်လည်း လုံးဝလွတ်လပ်ရေးပန်းတိုင်မှာ အတူတူပင်ဖြစ်သည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် တို့ဗမာအစည်းအရုံးသည် အင်္ဂလိပ်အစိုးရ၏ မတရားအသင်းအဖြစ် ကြေညာခံရသည်။ ရဲဘော်သုံးကျိပ်တွင် တစ်ဖန် တို့ဗမာအစည်းအရုံးနှစ်ခုစလုံးမှ အစည်းအရုံးဝင်လူငယ်များ ပြန်လည်ပေါင်းမိကြပြန်သည်။ ဂျပန်ခေတ်အတွင်းသို့ ရောက်သော် တို့ဗမာအစည်းအရုံးနှင့် ဒေါက်တာဘမော်၏ ဆင်းရဲသားအဖွဲ့တို့ပေါင်း၍ တို့ဗမာဆင်းရဲသားအစည်းအရုံးအဖြစ် ရှိနေခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဖဆပလအဖွဲ့ကြီး ပေါ်ပေါက်လာသောအခါ တို့ဗမာအစည်းအရုံးဝင် ခေါင်းဆောင်အချို့က ဖဆပလနှင့် ပူးပေါင်းသွားသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အချို့က တို့ဗမာအစည်းအရုံးကို ဆက်လက်ဦးဆောင်ခဲ့ကြသည်မှာ ၁၉၆၂ ခုနှစ်အထိပင် ဖြစ်သည်။ သို့သော် တို့ဗမာအစည်းအရုံးသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းတွင် မထင်ရှားတော့ပေ။ သို့သော်လည်း တို့ဗမာအစည်းအရုံးနောက်ပေါ်ပေါက်လာကြသော ဖဆပလအဖွဲ့ အပါအဝင် နိုင်ငံရေးပါတီ အဖွဲ့အစည်းအသီးသီး၏ နိုင်ငံရေးခေါင်းဆောင်များနှင့် စစ်ရေးခေါင်းဆောင်အများစုမှာ တစ်ချိန်က တို့ဗမာအစည်းအရုံးမှပင် ဖြစ်ကြပေသည်။ ထို့ကြောင့် တို့ဗမာအစည်းအရုံးသည် မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင် ထိပ်တန်း နိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များကို မွေးထုတ်ပေးရုံမက ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးခေါင်းဆောင်များကိုလည်း မွေးထုတ်ပေးခဲ့သည့် အစည်းအရုံး ဖြစ်သည်။ ကိုလိုနီခေတ်အတွင်းကလည်း လုံးဝလွတ်လပ်ရေးကို တောင်းခဲ့ရုံမက လွတ်လပ်ရေးရလျှင် ဆိုရှယ်လစ်စနစ်တည်ထောင်ရန် ရည်မှန်းခဲ့သောကြောင့် နိုင်ငံရေးခံယူချက်တွင်လည်း အတိုးတက်ဆုံးနှင့် အပြတ်သားဆုံးဖြစ်ခဲ့သည်။ အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားများကို စနစ်တကျ စတင်စည်းရုံးခဲ့သော အစည်းအရုံးလည်း ဖြစ်သည်။ သက်တမ်းအားဖြင့်လည်း ၁၉၃၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ ၃၂ နှစ်ခန့် ရှည်ခဲ့သည်။ ဤအချက်များကြောင့် တို့ဗမာအစည်းအရုံးသည် ကိုလိုနီခေတ် မြန်မာ့သမိုင်းတွင် ထင်ရှားသည်။

## တို့ဗမာအစည်းအရုံးညီလာခံများ

တို့ဗမာအစည်းအရုံး၏ ပထမအကြိမ်မြောက် ညီလာခံကို ရေနံချောင်းမြို့ လယ်ပေါ်တန်ဆောင်းကြီး၌ ၁၉၃၅ ခု၊ မတ်လ ၃၀ ရက်နေ့တွင် စတင်ကျင်းပသည်။ တို့ဗမာအစည်းအရုံး စဖွဲ့သည်မှာ ၁၉၃၀ ပြည့်နှစ်ဖြစ်၍ ငါးနှစ်ကြာပြီးမှ ပထမအကြိမ်ညီလာခံကို ကျင်းပနိုင်ခြင်းဖြစ်သည်။ ညီလာခံတွင် နာယကအဖြစ် ဂျီစီဘီအေသမ္မတ ဦးစိုးသိမ်းနှင့် အကျိုးဆောင်အဖြစ် သခင်ဗစိန်တို့က ဆောင်ရွက်သည်။ တက္ကသိုလ်ကျောင်းသား ကိုသိန်းဖေ(ဦးသိန်းဖေမြင့်)၏ ပင့်ဖိတ်ချက်အရ မဇ္ဈိမတာမောင်မှိုင်းအမည်ခံ မျိုးချစ်စာရေးဆရာကြီး ပရော်ဖက်ဆာဦးလွန်းညီလာခံသို့ တက်ရောက်လာပြီး တို့ဗမာအစည်းအရုံးဝင်အဖြစ် ခံယူကာ သခင်အမည်ခံယူကြောင်း ကြေညာခဲ့သည်။



တို့ဗမာအစည်းအရုံး၏ ပထမဆုံးဥက္ကဋ္ဌ သခင်ဗစိန်
(၁၉၁၀-၁၉၆၃)

www.burmeseclassic.com



ညီလာခံကို ဧပြီလ ၁ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားသော်လည်း အစိုးရ၏ နှောင့်ယှက်ဟန့်တားမှုကြောင့် ပထမနေ့ ညီလာခံဖွင့်ပွဲကျင်းပပြီးနောက် ဒုတိယနေ့တွင် လူထုပါဝင်သည့် ညီလာခံအဖြစ် မကျင်းပနိုင်ဘဲ အတွင်းရေး အစည်းအဝေးခေါ်ခန်းတွင်း ညီလာခံကျင်းပ၍ ဒီမိုကရေစီ ဗဟိုဦးစီးစနစ်အရ အောက်ပါဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

| | | |
|---|---|---|
| ၁။ | သခင်ဗစိန် | ဥက္ကဋ္ဌ |
| ၂။ | သခင်လေးမောင် | ဒုတိယဥက္ကဋ္ဌ |
| ၃။ | သခင်သိန်းမောင် | အတွင်းရေးမှူး |
| ၄။ | သခင်ထွန်းအုပ် | တွဲဖက်အတွင်းရေးမှူး |
| ၅။ | သခင်ထွန်းခင် | ငွေထိန်း |
| ၆။ | သခင်ညီ | ပြန်ကြားရေးမှူး |
| ၇။ | သခင်ဟန် | အမှုဆောင်အဖွဲ့ဝင် |
| ၈။ | သခင်ထွန်းရွှေ | အမှုဆောင်အဖွဲ့ဝင် |
| ၉။ | သခင်ဗဗ | အမှုဆောင်အဖွဲ့ဝင် |

ညီလာခံကြီးတွင် တို့ဗမာအစည်းအရုံး၏ ဝါဒရည်ရွယ်ချက်နှင့် စည်းမျဉ်းဥပဒေပြဋ္ဌာန်းရေးကိစ္စ၊ အနာဂတ်စည်းရုံးရေးလမ်းစဉ်၊ အလုပ်သမား၊ တောင်သူလယ်သမားနှင့် အမျိုးသားရေးတို့အတွက် တိုက်ပွဲလမ်းစဉ်ချမှတ်ရေးတို့ တင်ပြဆွေးနွေးဆုံးဖြတ်ချက်ချရန် ဖြစ်သော်လည်း မူလစီစဉ်ထားသည့်အတိုင်း သုံးရက်ပြည့်အောင် မကျင်းပနိုင်သည့်အတွက် ညီလာခံက ဆောင်ရွက်ရမည့် အထက်ပါလုပ်ငန်းများကို အသစ်ဖွဲ့စည်းလိုက်သော ဌာနချုပ်အလုပ်အမှုဆောင် အဖွဲ့က ဆောင်ရွက်သွားရန် တာဝန်ပေးလိုက်သည်။

တို့ဗမာအစည်းအရုံး၏ ဒုတိယအကြိမ်မြောက်ညီလာခံကို မြင်းခြံမြို့ လယ်ကိုးခန်းတန်ဆောင်းကြီး၌ ၁၉၃၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပသည်။ ညီလာခံသဘာပတိအဖြစ် သခင်လေးမောင်က ဆောင်ရွက်သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဖိတ်ကြားချက်အရ မြန်မာမင်းမျိုးနွယ် ထိပ်တင် ကိုယ်တော်ကြီး ညီလာခံသို့ တက်ရောက်ပြီး သခင်အမည်ခံယူကြောင်း ကြေညာ သည်။ ညီလာခံက အောက်ပါဗဟိုအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

| | | |
|---|---|---|
| (၁) | သခင်လေးမောင် | ဥက္ကဋ္ဌ |
| (၂) | သခင်ညီ | ဒုတိယဥက္ကဋ္ဌ |



| | | |
|---|---|---|
| (၃) | သခင်ထွန်းအုပ် | အတွင်းရေးမှူး |
| (၄) | သခင်တင်မောင် | လက်ထောက်အတွင်းရေးမှူး |
| (၅) | သခင်ထွန်းခင်(ဆင်ဖြူးဆွဲ) | ငွေထိန်း |
| (၆) | သခင်သိန်းမောင် | ပြန်ကြားရေးမှူး |
| (၇) | သခင်ဟန် | အလုပ်အမှုဆောင်အဖွဲ့ဝင် |
| (၈) | သခင်မြ | အလုပ်အမှုဆောင်အဖွဲ့ဝင် |
| (၉) | သခင်ဗဗ | အလုပ်အမှုဆောင်အဖွဲ့ဝင် |
| (၁၀) | သခင်ဗစိန် | အလုပ်အမှုဆောင်အဖွဲ့ဝင် |
| (၁၁) | သခင်လှဘော် | အလုပ်အမှုဆောင်အဖွဲ့ဝင် |

စည်းရုံးရေးလုပ်ငန်းများကို ထိရောက်စွာ တိုးချဲ့လုပ်ဆောင်နိုင်ရေး အတွက် အမှုဆောင်အဖွဲ့ဝင်ကို ၆၃ ဦးပါသော မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် အဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့သည်။ မြင်းခြံညီလာခံ၏ ဆုံးဖြတ်ချက်များတွင် ၉၁ ဌာနအုပ်ချုပ်ရေးကို ကန့်ကွက်ကြောင်း၊ နိုင်ငံတော်အတွက် အသက်စွန့်လွှတ် ကြသည့် ရဟန်းနှင့် လူပုဂ္ဂိုလ်တို့အား ဂုဏ်ပြုကြောင်း၊ တောင်သူလယ်သမား နှင့် အလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများကို အပြည့်အဝရရှိ သင့်ကြောင်း၊ ရတနာဂီရိရှိ သီပေါမင်းရုပ်အလောင်းတော်နှင့် စုဖုရားလေး ရုပ်အလောင်းတော်များကို သရဏဂုံမတင်ရသေးသဖြင့် ၎င်းတို့၏ ရုပ်အလောင်း တော်များနှင့်တကွ ရန်ကုန်မြို့ရှိ မိဖုရားခေါင်ကြီး၏ ရုပ်အလောင်းတော်များကို မန္တလေးရွှေနန်းတော်အတွင်းရှိ ဘိုးတော်၊ ခမည်းတော်များ၏ ရုပ်အလောင်းတော် များနှင့် အတူထားထိုက်ကြောင်း၊ တို့ဗမာရဲတပ်ကိစ္စနှင့် ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ငန်းဆောင်တာများ ရေးဆွဲသတ်မှတ်ရေးကို ဗဟိုအလုပ်အမှု ဆောင်အဖွဲ့သို့ တာဝန်ပေးအပ်ကြောင်းများ ပါဝင်သည်။ ညီလာခံဖွင့်ပွဲတွင် ဝိုင်အမ်ဘီဆရာတင်ရေးစပ်သည့် တို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ် ညီလာခံက ပြဋ္ဌာန်းကြောင်းလည်း ကြေညာသည်။

တို့ဗမာအစည်းအရုံး၏ တတိယအကြိမ်မြောက် ညီလာခံကို ပြည်မြို့ ပလီဝင်း အတွင်း ဆောက်ထားသော မဏ္ဍပ်ကြီးအတွင်း၌ ၁၉၃၈ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပသည်။ ယခင် နှစ်ကြိမ်ကျင်းပစဉ်က ကွန်ဖရင့် ဟုသုံးနှုန်းရာမှ ပြည်ညီလာခံတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ သြဝါဒအရ ညီလာခံဟု စတင်သုံးစွဲသည်။ ညီလာခံတွင် သခင်အောင်သန်း

www.burmeseclassic.com



(ဗိုလ်စကြာ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ညီလာခံအဖွင့်မိန့်ခွန်း ပြောကြားပြီးနောက် ဝိုင်အမ်ဘီ ဆရာတင်က ဦးဆောင်၍ တို့ဗမာသီချင်းကို သီဆိုကြသည်။ ပြည်ညီလာခံက အသစ်ဖွဲ့စည်းလိုက်သော ဗဟိုအလုပ်အမှုဆောင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

**နာယကများ**

၁။ သခင်ကြီးကိုယ်တော်မှိုင်း

၂။ ရှင်အရိယ

၃။ သခင်ထိပ်တင်ကိုယ်တော်ကြီး

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

| | | |
|---|---|---|
| ၁။ | သခင်သိန်းမောင် | ဥက္ကဋ္ဌ |
| ၂။ | သခင်လှဘော် | ဒုတိယဥက္ကဋ္ဌ |
| ၃။ | သခင်လေးမောင် | အထွေထွေအတွင်းရေးမှူး |
| ၄။ | သခင်ဗဂွမ်း | ငွေထိန်း |
| ၅။ | သခင်ခ | အမှုဆောင်အဖွဲ့ဝင် |
| ၆။ | သခင်တင်မောင်(ပန်းတနော်) | အမှုဆောင်အဖွဲ့ဝင် |
| ၇။ | သခင်ခင်အောင် | အမှုဆောင်အဖွဲ့ဝင် |
| ၈။ | သခင်အောင်သန်း | အမှုဆောင်အဖွဲ့ဝင် |
| ၉။ | သခင်သင်(ရွှေတောင်) | အမှုဆောင်အဖွဲ့ဝင် |
| ၁၀။ | သခင်ခင်မောင်(ကမာရွတ်) | အမှုဆောင်အဖွဲ့ဝင် |
| ၁၁။ | သခင်ဗစိန် | အမှုဆောင်အဖွဲ့ဝင် |
| ၁၂။ | သခင်အေး | အမှုဆောင်အဖွဲ့ဝင် |
| ၁၃။ | သခင်ကျော်ရင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၄။ | သခင်မြ | အမှုဆောင်အဖွဲ့ဝင် |
| ၁၅။ | သခင်လှဖေ(ပင်ဖြူ) | အမှုဆောင်အဖွဲ့ဝင် |
| ၁၆။ | သခင်ညီ | အမှုဆောင်အဖွဲ့ဝင် |
| ၁၇။ | သခင်သိန်းအောင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၈။ | သခင်သန်း(မော်လမြိုင်) | အမှုဆောင်အဖွဲ့ဝင် |

ညီလာခံ၏ ဆောင်ရွက်ချက်အချို့မှာ အချက် ၁၅ ချက်ပါသော တို့ဗမာအစည်းအရုံး၏ တို့ဗမာဝါဒနှင့် စည်းမျဉ်းကို သခင်ဗစိန်က ဖတ်ကြား၍ အများ



သဘောတူအတည်ပြုခြင်း၊ အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်အလံတွင် အလယ်ဒေါင်းအဖြူအတွင်း၌ အနီရောင်တူသံစဉ်ပါသည့် အလံကို တို့ဗမာအစည်းအရုံး၏ အလံအဖြစ် အတည်ပြုခြင်း၊ ရေနံမြေသပိတ်အရေးတော်ပုံကို စုံစမ်း၍ အစီရင်ခံရန် ရှင်အရိယ၊ သခင်မြနှင့် သခင်တင်မောင်(ပန်းတနော်)တို့အား တာဝန်ပေးအပ်ခြင်းနှင့် လွှတ်တော်အတွင်းရှိ ကိုယ့်မင်းကိုယ့်ချင်း သခင်အမတ်များ၊ အမတ်လစာ မယူရန် ဆုံးဖြတ်ခြင်းတို့ ဖြစ်သည်။ လုပ်ငန်းများကို ထိရောက်တွင်ကျယ်စွာ လုပ်နိုင်ရေးအတွက် တို့ဗမာအစည်းအရုံးဌာနချုပ်တွင် အလုပ်သမားဌာန၊ တောင်သူလယ်သမားဌာန၊ ကျောင်းသားနှင့် လူငယ်ဌာန၊ ဗမာ့လက်ရုံးတပ်ဌာန၊ နိုင်ငံခြားရေးဌာန၊ ဘဏ္ဍာရေးဌာန၊ ဝါဒဖြန့်ချိရေးဌာန၊ စည်းရုံးရေးဌာနနှင့် ကိုယ့်မင်းကိုယ့်ချင်းဌာနခွဲများ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေးကြေညာသည်။

ပြည်မြို့ညီလာခံ ကျင်းပပြီးနောက် ၁၉၃၈ ခုနှစ်၊ ဖွန်လအတွင်း တို့ဗမာအစည်းအရုံးဌာနချုပ် ဥက္ကဋ္ဌ သခင်သိန်းမောင်က သခင်ဗစိန်နှင့် သခင်ကျော်ရင်တို့အား အစည်းအရုံးမှ ထုတ်ပယ်လိုက်ကြောင်း ကြေညာလိုက်ရုံမက သခင်ဘဂွမ်း၊ သခင်အေး၊ သခင်လှဖေ(ပင်ဖြူ)၊ သခင်ခင်အောင်တို့အား အလုပ်အမှုဆောင်အဖွဲ့မှ ထုတ်ပယ်လိုက်သည့်အပြင် ဇလွန်မှ ကိုယ့်မင်းကိုယ့်ချင်းအမတ် သခင်လှတင်ကိုလည်း အမတ်လစာထုတ်ယူမှုဖြင့် အစည်းအရုံးမှ ထုတ်ပယ်လိုက်ရာမှ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့အတွင်း ပေါက်ကွဲမှုစတင်ဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှု၏ နောက်ဆက်တွဲအဖြစ် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်စွပ်စွဲ ပုတ်ခတ်ဝေဖန်ကြသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုယ်တိုင် ညီညွတ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းသော်လည်း မအောင်မြင်သောကြောင့် သခင်ကိုယ်တော်မှိုင်းဂိုဏ်းနှင့် သခင်ထွန်းအုပ်၊ သခင်ဗစိန်ဂိုဏ်း ဟူ၍ နှစ်ဂိုဏ်းကွဲသွားသည်။ သခင်ထွန်းအုပ်တို့ဂိုဏ်းက ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက်ညီလာခံကို သာယာဝတီ သုံးဆယ်မြို့၌ ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်မှ ၂၄ ရက်ထိ ကျင်းပသည်။ သုံးဆယ် ညီလာခံက သခင်ထွန်းအုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး သခင်ညီ၊ သခင်ဗစိန်၊ သခင်အေး၊ သခင်လှဖေ(ပင်ဖြူ)၊ သခင်ဘဂွမ်း၊ သခင်ခင်အောင်၊ သခင်တင် (ရွှေတောင်)နှင့် သခင်ကျော်ရင်တို့ပါသော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံး၏ စတုတ္ထအကြိမ်ညီလာခံကို မော်လမြိုင်မြို့၊ မိုင်ဒါကွင်းကြီးအတွင်း၌ ၁၉၃၉၊ ဧပြီလ ၇ ရက်နေ့မှ

www.burmeseclassic.com

www.burmeseclassic.com



၁၀ ရက်နေ့အထိ ကျင်းပသည်။ ညီလာခံသဘာပတိအဖြစ် ဌာနချုပ်ဥက္ကဋ္ဌ သခင် လှဘော်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းက ဆောင်ရွက်သည်။ အခမ်းအနားအစီအစဉ်များမှာ သဘာပတိက အဖွင့်အမှာစကားပြောကြားခြင်း၊ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင် ကျဆုံးသွားကြသော ဗိုလ်အောင်ကျော်၊ ဗိုလ်ဗမိုး၊ မန္တလေးအာဇာနည် ၁၇ ဦးနှင့် ထောင်ကျခံနေရသော ရဲဘော်များအား ချီးကျူးခြင်းနှင့် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်း၊ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းက ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်းနှင့် အဆို ၁၃ ခုကို တင်သွင်းဆုံးဖြတ်အတည်ပြုခြင်းတို့ ဖြစ်သည်။

မော်လမြိုင်ညီလာခံ၌ တင်သွင်းဆုံးဖြတ်အတည်ပြုသော အဆို ၁၃ ရပ်တို့မှာ လယ်သမားအရေးအဆို၊ အလုပ်သမားအရေးအဆို၊ ပြည်သူ့လွတ်လပ်မှုဆိုင်ရာ အဆို၊ လူမျိုးချင်း အဓိကရုဏ်းဆိုင်ရာ အဆို၊ ကချင်၊ ကရင်၊ ချင်းနှင့် ရှမ်းနယ် စသည် ခြင်းချန်ထားသော ဒေသများနှင့် ပတ်သက်သည့်အဆို၊ အုပ်ချုပ်ရေးဆိုင်ရာ အဆို၊ စည်းရုံးရေးဆိုင်ရာ အဆို၊ ကမ္ဘာ့ရေးရာနှင့်ပတ်သက်သော အဆို၊ လူဝင်လူထွက်ဆိုင်ရာ အဆို၊ အခြားတိုင်းပြည်များရှိ ဗမာများကိစ္စဆိုင်ရာ အဆို၊ စုံစမ်းရေး အဆို၊ နေ့ထူးနေ့မြတ်များ အဆိုနှင့် ကမ္ဘာ့အလုပ်သမားနေ့ဆိုင်ရာ အဆိုများဖြစ်သည်။ မော်လမြိုင်ညီလာခံက တို့ဗမာအစည်းအရုံး၏ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း ဥပဒေသစ်ကိုလည်း ထပ်မံအတည်ပြုသည်။ စာရေးဆရာကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီး(မဟာဝိဇ္ဇာ)က ညီလာခံသို့ သဝဏ်လွှာပေးပို့ပြီး အစည်းအရုံးကြီး ၏ နာယကအဖြစ် ခံယူကြောင်းလည်း ကြေညာသည်။ ထို့နောက် အောက်ဖော်ပြပါ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

**နာယကကြီးများ**

၁။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း

၂။ သခင်ထိပ်တင်ကိုယ်တော်ကြီး

၃။ လယ်တီပဏ္ဍိတဆရာ သခင်မောင်ကြီး

**အလုပ်အမှုဆောင်အဖွဲ့**

| | | |
|---|---|---|
| ၁။ | သခင်လှဘော် | ဥက္ကဋ္ဌ |
| ၂။ | သခင်အောင်ဆန်း | အထွေထွေအတွင်းရေးမှူး |
| ၃။ | သခင်သိန်းမောင် | အမှုဆောင်အဖွဲ့ဝင် |
| ၄။ | သခင်လေးမောင် | အမှုဆောင်အဖွဲ့ဝင် |
| ၅။ | သခင်ထွန်းရွှေ | အမှုဆောင်အဖွဲ့ဝင် |
| ၆။ | သခင်လှမောင် | အမှုဆောင်အဖွဲ့ဝင် |
| ၇။ | သခင်မြ | အမှုဆောင်အဖွဲ့ဝင် |
| ၈။ | သခင်အုန်းဖေ | အမှုဆောင်အဖွဲ့ဝင် |
| ၉။ | သခင်တင်မောင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၀။ | သခင်ခင်အောင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၁။ | သခင်နု | အမှုဆောင်အဖွဲ့ဝင် |
| ၁၂။ | သခင်လှဖေ | အမှုဆောင်အဖွဲ့ဝင် |
| ၁၃။ | သခင်သန်းထွန်း | အမှုဆောင်အဖွဲ့ဝင် |
| ၁၄။ | သခင်စိုး | အမှုဆောင်အဖွဲ့ဝင် |
| ၁၅။ | သခင်သန်း | အမှုဆောင်အဖွဲ့ဝင် |
| ၁၆။ | သခင်သင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၇။ | သခင်ဗသာ(ဗမာ့လက်ရုံးတာဝန်ခံ) | အမှုဆောင်အဖွဲ့ဝင် |



တို့ဗမာအစည်းအရုံး နှစ်ဂိုဏ်းကွဲသွားပြီးနောက် သခင်ထွန်းအုပ်၊ သခင် ဗစိန်တို့၏ ပဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို ဖျာပုံမြို့၌ ၁၉၄၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် ကျင်းပသည်။ ဖျာပုံညီလာခံမတိုင်မီ ၁၉၄၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် ရန်ကုန်မြို့ ချော်တွင်းကုန်းရပ်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်အစည်းအဝေး ကျင်းပသည်။ ထိုအစည်းအဝေးတွင် စစ်ဆန့်ကျင်ရေး၊ အင်္ဂလိပ်တို့ဘက်မှ စစ်မကူရေးနှင့် နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးအတွက် ဂျပန်တို့ထံမှ အကူအညီရယူရေး ဆွေးနွေးဆုံးဖြတ်ကြသည်။ ထိုဆုံးဖြတ်ချက်များကို ခရိုင်နှင့် မြို့နယ်ခေါင်းဆောင်များအား ချပြ၍ သဘောတူညီချက်ရယူရန် ဖျာပုံညီလာခံကို ကျင်းပခြင်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်တို့ထံမှ စစ်လက်နက်အကူအညီရလျှင် သင်္ဘောဖြင့်ယူလာပြီး ဖျာပုံခရိုင်အတွင်း သိမ်းဆည်းထားပြီးနောက် မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးရန် ရည်ရွယ်ချက်ရှိသည့်အတွက် ဖျာပုံကို ညီလာခံကျင်းပသည့်နေရာအဖြစ် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ဖျာပုံညီလာခံသို့ သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်ညီ၊ သခင်ထွန်းခင် (...ပြီးဆွဲ)၊ သခင်မဒေါ်ခင်ခင်(သခင်ဗစိန်၏ဇနီး)၊ သခင်အေး၊ သခင်ဗတင်၊

www.burmeseclassic.com

www.burmeseclassic.com



သခင်ခင်မောင်(ကမာရွတ်) စသည့် ခေါင်းဆောင်များ၊ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်ခေါင်းဆောင်များ တက်ရောက်ကြသည်။ ညီလာခံတွင် သခင်ထွန်းအုပ်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပြည်တွင်းပြည်ပ အထွေထွေနိုင်ငံရေးအခြေအနေနှင့် အလုပ်သမား၊ လယ်သမားအရေးများ ဆွေးနွေးဆုံးဖြတ်ကြသည်။

သခင်ဗစိန်တို့၏ ဖျာပုံညီလာခံနှင့် မရှေးမနှောင်းပင် သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံး၏ ပဌမအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို သာယာဝတီနှင့် သုံးဆယ်ကြားရှိ အမျိုးသားကျောင်းဝင်းအတွင်း အထူးဆောက်လုပ်ထားသည့် မဏ္ဍပ်ကြီး၌ ၁၉၄၀ ပြည့်နှစ်၊ မေလ ၁၁ ရက်နေ့မှ မေလ ၁၃ ရက်နေ့အထိ ကျင်းပသည်။ နာယကဆရာကြီးသခင်ကိုယ်တော်မှိုင်း အမှူးပြုသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ... ဌာနချုပ်နှင့် နိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များ၊ ဗမာ့လက်ရုံးတပ်ဖွဲ့ဝင်များ၊ အလုပ်သမားနှင့် တောင်သူလယ်သမားအစည်းအရုံးကိုယ်စားလှယ်များ၊ ကျောင်းသားလူငယ်ကိုယ်စားလှယ်များ၊ သံဃာတော်များနှင့် လေ့လာသူများ စုစုပေါင်း ငါးထောင်ကျော် တက်ရောက်ကြသည်။

သုံးရောင်ခြယ် တူတံစဉ်အလံတော်ကို အလေးပြုသည့် အစီအစဉ်ဖြင့် ညီလာခံကို စဖွင့်သည်။ ညီလာခံတွင် အခမ်းအနားမှူးအဖြစ် အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းက ဆောင်ရွက်သည်။ အစည်းအရုံးနာယကဆရာကြီး သခင်ကိုယ်တော်မှိုင်းက ညီလာခံအဖွင့်မိန့်ခွန်းပြောကြားသည်။ ညီလာခံ၏ ဆောင်ရွက်ချက်များမှာ နိုင်ငံလုံးဆိုင်ရာ အမှုဆောင်များရွေးချယ်ခြင်း၊ ဗဟို အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း၊ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားအတည်ပြုခြင်းနှင့် လတ်တလော အရေးကြီးကိစ္စဖြစ်သော "ကမ္ဘာစစ်နှင့် ဗမာ့လွတ်လပ်ရေးအဆို" ကို အမှုဆောင်အဖွဲ့ကိုယ်စား သခင်နုက တင်သွင်းပြီး အားလုံးသဘောတူ ဆုံးဖြတ်အတည်ပြုခြင်းတို့ဖြစ်သည်။

ကမ္ဘာစစ်နှင့် မြန်မာ့လွတ်လပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက် ၁၄ ချက်၏ အချုပ်သဘောမှာ ဗြိတိသျှအင်ပါယာကြီး သက်ဆိုးရှည်စေရန် တိုက်နေသည့် စစ်ဖြစ်၍ မြန်မာနိုင်ငံအား စစ်အတွင်း ဇွတ်အတင်းဆွဲသွင်းနေခြင်းကို လုံးဝ ကန့်ကွက်ကြောင်းနှင့် ယခုတိုက်နေသည့် စစ်ကို မည်သည့်နည်းနှင့်မျှ ကူညီနိုင်မည်မဟုတ်ကြောင်း၊ မြန်မာ့အရေးနှင့်ပတ်သက်၍ လုံးဝလွတ်လပ်ရေးကိုသာ လိုလားကြောင်း၊ လုံးဝလွတ်လပ်ရေးပေးမည့် တိုင်းပြုပြည်ပြုလွှတ်တော်ကို အမြန်



ဆုံးခေါ်ယူကျင်းပပေးရန် တောင်းဆိုကြောင်း၊ ကချင်၊ ကရင်၊ ချင်း၊ ရှမ်း စသည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လုံးဝလွတ်လပ်ရေးရသည်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ တပ်စွဲထားသော ဗြိတိသျှတို့၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်အားလုံး မြန်မာနိုင်ငံမှ ထွက်ခွာသွားရန် တောင်းဆိုကြောင်း၊ မြန်မာနိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် မဆန့်ကျင်လျှင် မည်သည့်နိုင်ငံနှင့်မဆို တန်းတူရည်တူ အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားတိုင်းပြည်များနှင့် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ယခင်ကထက်ပို၍ ရင်းရင်းနှီးနှီး ဆက်ဆံသွားမည်ဖြစ်ကြောင်းနှင့် ထိုရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ပါဝင်သည်။

## တို့ဗမာဆင်းရဲသားအစည်းအရုံး (၁၉၄၂)

တို့ဗမာဆင်းရဲသားအစည်းအရုံးကို သခင်ကိုယ်တော်မှိုင်းကြီးမှူးသော တို့ဗမာအစည်းအရုံး၊ သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့ ကြီးမှူးသော တို့ဗမာအစည်းအရုံးနှင့် ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီတို့ ပူးပေါင်း၍ ဂျပန်ခေတ်အတွင်း ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်များမှာ မြန်မာတစ်နိုင်ငံလုံး တစ်သွေး၊ တစ်သံ၊ တစ်မိန့်တည်းဖြစ်စေရန်၊ မြန်မာ့လွတ်လပ်ရေးနှင့် ခေတ်သစ်ထူထောင်ရေးဆောင်ရွက်ရန်နှင့် အာရှခေတ်သစ်ထူထောင်ရေးတွင် ပါဝင်ရန်တို့ ဖြစ်သည်။ ထိုစဉ်က ဒေါက်တာဘမော်အစိုးရ၏ ဝါဒမှာ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဖြစ်သည့်အတိုင်း ခေတ်နှင့်အညီ "တစ်သွေး၊ တစ်သံ၊ တစ်မိန့်" တည်းဖြင့် တို့ဗမာဆင်းရဲသားအစည်းအရုံးကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ဂျပန်တို့နှင့် ဆက်ဆံရာတွင် မြန်မာတို့က စည်းလုံးမှုရှိမှ ဂျပန်တို့က လေးစားပေမည်။ ထိုသဘောအရ မြန်မာတို့မှာ တစည်းတလုံးတည်းဖြစ်ကြောင်း ပြသည့်အနေဖြင့် "တို့ဗမာဆင်းရဲသားအစည်းအရုံး" ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဂျပန်က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပြီးနောက်ပိုင်းတွင် "တို့ဗမာဆင်းရဲသားအစည်းအရုံး" ကို "မဟာဗမာအစည်းအရုံး" ဟု အမည်ပြောင်းခဲ့ကြသည်။ စစ်အတွင်းဖြစ်သည်ကတစ်ကြောင်း၊ ဂျပန်တပ်မတော်၏ ချုပ်ချယ်မှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တစ်ကြောင်းတို့ကြောင့် တို့ဗမာဆင်းရဲသားအစည်းအရုံး၏ လက်တွေ့လုပ်ငန်းမှာ ဂျပန်တပ်မတော်အတွက် အလုပ်သမားနှင့် ရိက္ခာစုဆောင်းပေးရမည့် အလုပ်လောက်သာ လုပ်နိုင်ခဲ့သည်။

## တို့ဗမာဆင်းရဲသားအစည်းအရုံး၏ ကြွေးကြော်သံများ

ဂျပန်ခေတ်အတွင်းက ဖွဲ့စည်းသော တို့ဗမာဆင်းရဲသားအစည်းအရုံး၏ ကြွေးကြော်သံများမှာ အောက်ပါအတိုင်းဖြစ်သည်။


၁။ တို့ဗမာဟေ့ - တို့ဗမာ
၂။ တစ်သွေးတည်းဟေ့ - တို့ဗမာ
၃။ တစ်သံတည်းဟေ့ - တို့ဗမာ
၄။ တစ်မိန့်တည်းဟေ့ - တို့ဗမာ
၅။ ဗမာ့ခေတ်သစ် - အောင်ပြီ၊ အောင်ပြီ
၆။ အာရှခေတ်သစ် - အောင်ပြီ၊ အောင်ပြီ
၇။ တို့ဗမာဟေ့ - တို့ဗမာ

## တက္ကသိုလ်ကျောင်းသားများသပိတ်၊ ပထမ (၁၉၂၀)

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းသားတို့က ဦးဆောင်၍ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ဥပဒေကို ကန့်ကွက်သည့် သပိတ်ဖြစ်သည်။ ယင်းဥပဒေ မပြဋ္ဌာန်းမီ မြန်မာနိုင်ငံ၌ ရှိနေသော ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှာ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံများဖြစ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် သီးသန့်တက္ကသိုလ်တစ်ခု ထူထောင်ပေးရန် မြန်မာတိုင်းရင်းသားတို့က မကြာခဏတောင်းဆိုခဲ့ကြသည်။ သို့ဖြစ်၍ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်နှစ်ခုကို ပေါင်း၍ ရန်ကုန်တက္ကသိုလ်အဖြစ် တိုးမြှင့်ပေးသည့် ၁၉၂၀ ပြည့်နှ[illegible]သည်။ ယင်းဥပဒေကို ပြည်သူ့လွှတ်တော်က ဝေဖန်နိုင်ရန် ၁၉၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း ဘိုင်းပြည်သို့ ကြေညာသည်။ နယ်ချဲ့ဗြိတိသျှအစိုးရသည် [illegible]သား၍ သီးခြားတက္ကသိုလ်တည်[illegible]ကြောင့် [illegible]



ဦးကျော်ငြိမ်း



ဦးဖိုးကွန်း



ဦးဘခင်

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဖင်



ဦးဧ



ဦးဘဦး



တန်းပညာသင်ကြားရေးကို ကန့်သတ်ချုပ်ချယ်ထားသည့် အချက်များကို ထည့်သွင်းထားသည်။ တက္ကသိုလ်တည်ထောင်ပေးသည်ကို ကြိုက်သော်လည်း ဥပဒေပါ အချက်အချို့ကို ပြည်သူလူထုက မကျေနပ်ကြပေ။ ပြည်သူလူထုက အထူးမကျေနပ်သည့် အချက်များမှာ ရန်ကုန်တက္ကသိုလ်သည် ကျောင်းအိပ်ကျောင်းစားနေရမည်ဆိုသည့်အချက်နှင့် တက္ကသိုလ်အုပ်ချုပ်ရေးနှင့် သင်ကြားရေးကို ဗြိတိသျှလူမျိုး အရာရှိများက ချုပ်ကိုင်ထားကြသည့် အချက်များ ဖြစ်သည်။ ထိုစဉ်က တက္ကသိုလ်တွင် ကျောင်းအိပ်ကျောင်းသားဆိုလျှင် ငွေကြေးချမ်းသာသူနှင့် အရာရှိကြီးများ၏ သားသမီးများသာ နေနိုင်မည့် အခြေအနေမျိုးဖြစ်သည်။ ထို့ကြောင့် အထက်တန်းပညာကို လွယ်ကူစွာ မရနိုင်စေရန်၊ မတတ်မြောက်နိုင်စေရန် ပိတ်ပင်ထားသည်ဟု ယုံကြည်သောကြောင့် ကန့်သတ်ချုပ်ချယ်မှုများကို ပြင်ဆင်ပေးရန် တောင်းဆိုခဲ့ကြသည်။ လူထုစည်းဝေးပွဲများဖြင့်လည်းကောင်း၊ ဆောင်းပါးများဖြင့်လည်းကောင်း တက္ကသိုလ်ဥပဒေပါ မကျေနပ်ချက်များအပေါ် စစ်ဆေးဝေဖန်တင်ပြခဲ့ကြသည်။ ဤသို့ အမျိုးမျိုးကန့်ကွက်သည့်ကြားမှပင် ၁၉၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံဥပဒေပြုကောင်စီမှ တက္ကသိုလ်ဥပဒေကို လက်ခံအတည်ပြုခဲ့သည်။ ယင်းဥပဒေ. စတင်အာဏာတည်သည့်နေ့မှာ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်ဥပဒေ စတင်အာဏာတည်သည့်နေ့ နောက်နှစ်ရက်မြောက်ဖြစ်သော ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံရင်ပြင် စနေထောင့်၌ တွေ့ဆုံ၍ ရန်ကုန်တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆို အဓိဋ္ဌာန်ပြုကြသည်။ ယင်းကျောင်းသားကြီးများမှာ-

၁။ ကျော်ညီပိတ်
၂။ ထွန်းဝင်း
၃။ ဖေသိန်း
၄။ ဘခင်
၅။ ဘရှင် (သံတွဲ)
၆။ ဘရှင် (ထားဝယ်)
၇။ ဘဦး
၈။ ဘိုးကွန်း

www.burmeseclassic.com

www.burmeseclassic.com



၉။ လှတင်
၁၀။ မောင်ဇ
၁၁။ အောင်ဒင်တို့ ဖြစ်ကြသည်။

အထက်ပါ ကျောင်းသားကြီးများ၏ ဦးဆောင်မှုဖြင့် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားများက ရန်ကုန်တက္ကသိုလ်ဥပဒေပါ မကျေနပ်ချက်များကို ကန့်ကွက်သည့် သပိတ်မှောက်ပွဲကို ၁၉၂၀ ပြည့်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် စတင်လိုက်ကြသည်။ ဗဟန်းရှိ ဆရာတော်ဦးအရိယ ကျောင်းတိုက်မှာ သပိတ်စခန်းဖြစ်သည်။ ကျောင်းသားကိုယ်စားလှယ် ၂၆ ဦး ပါသော သပိတ်မှောက်ကော်မတီက သပိတ်ကို ကြီးကြပ်ပေးသည်။ ထို့နောက် ရန်ကုန်မြို့နှင့်တကွ တစ်နိုင်ငံလုံးမှ အထက်တန်းနှင့် အလယ်တန်းကျောင်းအချို့လည်း ပါဝင်လာသဖြင့် အထွေထွေကျောင်းသားသပိတ်ကြီး ဖြစ်လာသည်။ သပိတ်အစတွင် ရန်ကုန်တက္ကသိုလ်ဥပဒေပါ ချို့ယွင်းချက်များ ပြင်ပေးရန် တောင်းဆိုလွှာကို ရန်ကုန်တက္ကသိုလ် အဓိပတိထံ သပိတ်မှောက်ကျောင်းသားထုက ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့၌ဖြင့် တင်ပြခဲ့ကြသည်။ သို့သော် နောက်ပိုင်းရောက်သော် ကျောင်းသားထု၏ လိုလားချက်များကို လိုက်လျောသည်ဖြစ်စေ၊ မလိုက်လျောသည်ဖြစ်စေ နယ်ချဲ့အစိုးရက တည်ထောင်ပေးသည့် တက္ကသိုလ်သို့ ဆက်မတက်ရန်အထိ ဆုံးဖြတ်ကြသည်။ နယ်ချဲ့အစိုးရက ကျောင်းသားများကို အစုလိုက်အပြုံလိုက် ကျောင်းထုတ်သည့် နည်းဖြင့် ဖြိုခွဲကြည့်သည်၊ မရ။ ကျောင်းသားအများစုက ကျောင်းပြန်မတက်ဘဲ အမျိုးသားကျောင်းများ တည်ထောင်ကြသည်။ ရန်ကုန်တက္ကသိုလ်သို့ လုံးဝပြန်မတက်ကြသည့် ရာသက်ပန်သပိတ်မှောက်သူများပင် ရှိခဲ့သည်။

တက္ကသိုလ်သပိတ်သည် အသွင်အပြင်အားဖြင့် တက္ကသိုလ်ဥပဒေပါ ချို့ယွင်းချက်များကိုဆန့်ကျင်သည့် သပိတ်ဖြစ်သော်လည်း အနှစ်သာရမှာ နယ်ချဲ့အစိုးရနှင့် နယ်ချဲ့စနစ်ကို ဆန့်ကျင်တော်လှန်သည့် သပိတ်ဖြစ်သည်။ ပညာရေး တောင်းဆိုချက်များသက်သက်ဖြင့် သပိတ်ကြီး ရုတ်တရက်ပေါ်ပေါက်ခဲ့ရသော်လည်း အခြေခံအကြောင်းရင်းမှာ နယ်ချဲ့အရင်းရှင်တို့၏ စိုးမိုးခြယ်လှယ်မှုကို လုံးဝမကျေနပ်တော့သည့် အချက်ကြောင့် ဖြစ်သည်။ ဤသပိတ်သည် မြန်မာတိုင်းရင်းသားတို့က စနစ်တကျဖြင့် စည်းရုံး၍ နယ်ချဲ့အစိုးရကို ပထမဆုံး ထိထိရောက်ရောက်တော်လှန်သည့် သပိတ်ဖြစ်သည်။ ထိုစဉ်က ဂျီစီဘီအေ



ဦးဆောင်သည့် ဝံသာနုလှုပ်ရှားမှုနှင့် ဆက်စပ်နေပြီး ထိုလှုပ်ရှားမှု၏ ရောင်ပြန်ဟပ်မှုလည်း ဖြစ်သည်။ ကျောင်းသားထုနှင့် ပြည်သူတို့၏ ပေါင်းစည်းမှုကိုလည်း တွေ့ရသည်။ ထို့ကြောင့် အမျိုးသားရေးလှုပ်ရှားမှုဟုလည်း ဆိုနိုင်သည်။

တက္ကသိုလ်သပိတ်၏ လတ်တလော အကျိုးသက်ရောက်မှုမှာ အမျိုးသားပညာရေးကောင်စီ၊ အမျိုးသားကောလိပ်နှင့် အမျိုးသားအထက်တန်းကျောင်းများပေါ်လာခြင်းဖြစ်သည်။ ထိုသို့ အမျိုးသားပညာရေးစနစ် ပေါ်လာ၍ အမျိုးသားယဉ်ကျေးမှုနှင့် မြန်မာစာပေတို့ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာရုံမက မျိုးချစ်စိတ်လည်း ပို၍ကြီးထွားလာသည်။ နယ်ချဲ့အစိုးရကို တော်လှန်ရမည်ဆိုသည့် ရဲစိတ်ကို မွေးပေးပြီး ရဲဆေးတင်ပေးသည့် သပိတ်လည်း ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူလူထုကို နိုင်ငံရေးမျက်စိဖွင့်ပေးသော သပိတ်ဟု ဆိုနိုင်သည်။ ဤသပိတ်အပြီးတွင် နိုင်ငံရေးအသိတရား ပိုမိုနိုးကြားလာသောကြောင့် ဒိုင်အာခီ အုပ်ချုပ်ရေးထက် အဆင့်မြင့်သော ဟုမ်းရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ထို့နောက် လုံးဝလွတ်လပ်ရေးရသည်အထိ တိုးတက်တောင်းဆိုခဲ့ကြသည်။ နောက်ပိုင်းတွင် တက္ကသိုလ်ဥပဒေအချို့ကို နယ်ချဲ့အစိုးရက မသိမသာ ပြုပြင်ပေးခဲ့ရသည့် အကျိုးဆက်ကိုလည်း ရရှိခဲ့သည်။ ဤသပိတ်မှောက်သည့် နေ့ကို အမျိုးသားနေ့ဟု သတ်မှတ်ပြီး အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပပေးခြင်းအားဖြင့် မျိုးချစ်စိတ်ကို ဆက်လက်ရှင်သန်ကြီးထွားစေသည်နှင့်အမျှ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးလှုပ်ရှားမှုအရှိန်အဟုန်သည် ပို၍မြင့်မားခဲ့သည်။ ထို့ကြောင့် ရေရှည်တွင် လွတ်လပ်ရေးရသည်အထိ အထောက်အကူပြုခဲ့သည့် သပိတ်ကြီး ဖြစ်သည်။

## တက္ကသိုလ်ကျောင်းသားများသပိတ်၊ ဒုတိယ (၁၉၃၆)

ဒုတိယတက္ကသိုလ်ကျောင်းသားများသပိတ်သည် ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သည်။ သပိတ်ပေါ်ပေါက်ရသည့် ရုတ်တရက်အကြောင်းရင်းနှစ်ရပ်မှာ ထိုစဉ်က တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ [illegible] တက္ကသိုလ်မှ ထုတ်ပယ်လိုက်သည့်အပြင် အိုးဝေမဂ္ဂဇင်း [illegible] အယ်ဒီတာ ကိုအောင်ဆန်းကိုလည်း တက္ကသိုလ်အာဏာပိုင်တို့က တက္ကသိုလ်မှ [illegible] အကြောင်းများကြောင့် ဖြစ်သည်။ သို့နှင့် တက္ကသိုလ်မှ [illegible]ခဲ့သည့် နောက်ခံအကြောင်း[illegible] ကျောင်းသားများသမဂ္ဂက ဦးစီး၍ ၁၉၃၅-၃၆ ခု ပညာသင်နှစ်အတွက် စာမေး

www.burmeseclassic.com

## The Hell-Hound at Large

Escaped from Awizi, a devil in the form of a black dog. Had been during his brief span on earth a base object of universal odium and execration, __ sentenced to Eternal Damnation for Treachery, Theft, Presumption, Intrigue, Pettifogging, Sadism, Churlishness, Vulgarity, etc. A pimping knave with avuncular pretensions to some cheap wiggling wenches from a well-known Hostel, he was also a hectic popularity-hunter, shamming interest in Games, Concerts, Associations etc., menacing the public placed with his unwanted presence though generally welcomed everywhere as small-pox. His only distinguishing marks have been the abominable V.D. unlcers on his neck and buboes due to copulation with his own wife.

Will finder please kick him back to Hell?

Yamanin.

From: *"OWAY"* or *The Voice of the Peacock*, Voice of the RUSU, Jan. 1936; Vol. 5' No.1, p. 56. Points from Letters.

အိုးဝေမဂ္ဂဇင်း အတွဲ(၅)၊ အမှတ်(၁)တွင် ပါရှိသည့် "ငရဲခွေးကြီးလွတ်နေပြီ" ဆောင်းပါး



၁၉၃၆ ခုနှစ် သပိတ်ခေါင်းဆောင်များ
ကိုသာလှ၊ ကိုအောင်ဆန်း၊ ကိုရာရှစ်၊ ကိုနု၊ ကိုအုန်း၊ ကိုလှဖေ၊ ကိုဘဆက်၊ ကိုဘဖေ၊
ကိုကျော်ငြိမ်း(ညာဘက်အစွန် မှ ဒုတိယ)၊ ကိုဘစိ (ညာဘက်အစွန်မှ တတိယ)နှင့်
အခြားခေါင်းဆောင်များ။

www.burmeseclassic.com

www.burmeseclassic.com



ရည်လုပွဲကို ၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပသည်။ ထို အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌကိုနုက မိန့်ခွန်းပြောသည်။ မိန့်ခွန်းတွင် တက္ကသိုလ်အာဏာပိုင်အချို့က ကျောင်းသူကျောင်းသားများ၏ ကိုယ်ရေးကိုယ်တာများတွင် ဝင်ရောက်စွက်ဖက်နေပုံကို ထည့်သွင်းပြောကြားခဲ့သည်။ ထိုအဖြစ်အပျက်ဖြစ်ပွားပြီး မကြာမီ တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ထုတ်ဝေသည့် **အိုးဝေမဂ္ဂဇင်းအမှတ်** ၁ထွက်လာသည်။ မဂ္ဂဇင်းအယ်ဒီတာထံ ပေးစာအခန်းတွင် ယမမင်းအမည်ခံသူ အိုးဝေဦးညိုမြ၏ 'ငရဲခွေးကြီး လွတ်ပြီး သရမ်းနေသည်' (The Hell Hound At Large) ခေါင်းစဉ်ပါ ပေးစာတစ်ခုပါသည်။ ပေးစာ၏ အချုပ်သဘောမှာ အရင်းရှင်နယ်ချဲ့၏လက်ကိုင်တုတ်ဖြစ်ပြီး အဝီစိသို့ ရောက်လာသော ခွေးနက်ကြီးတစ်ကောင်သည် အဝီစိမှ လွတ်ထွက်သွားကာ လူ့ပြည်တွင် အထူးသဖြင့် တက္ကသိုလ်နယ်မြေတွင် သောင်းကျန်းနေသောကြောင့် တွေ့ရှိသူက ခွေးနက်ကြီးကို အဝီစိသို့ အမြန်ပြန်ပို့ရန် နှိုးဆော်ထားခြင်းဖြစ်သည်။ ခွေးနက်ကြီးဆိုသည်မှာ မျိုးချစ်ကျောင်းသားများကို ဖိနှိပ်သော တက္ကသိုလ်အာဏာပိုင်တစ်ဦးကို ရည်ညွှန်းသည်ဟု ဆိုလေသည်။ ထို့ကြောင့် အထက်ပါပေးစာရေးသူ ယမမင်းဆိုသူကို ဖော်ထုတ်ပေးရမည်ဟု တက္ကသိုလ်ကျောင်းအုပ်ကြီးက တောင်းဆိုသည်။ **အိုးဝေမဂ္ဂဇင်း** တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်းက စာနယ်ဇင်းတို့၏ ထုံးစံအရ ယမမင်းဆိုသူကို ထုတ်ဖော်မပြောနိုင်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။ ဤအဖြစ်အပျက်များ ဖြစ်ပြီးနောက် တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌကိုနုအား တက္ကသိုလ်မှ ထုတ်ပယ်လိုက်သည့်စာကို ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကိုနုက လက်ခံရရှိခဲ့သည်။ ကိုအောင်ဆန်းကိုလည်း တက္ကသိုလ်မှ ထုတ်...တော့မည်ဆိုသည့် သတင်းများလည်း ထွက်လာသည်။ ကိုအောင်ဆန်းကို တက္ကသိုလ်မှ ထုတ်ပယ်သည့် အမိန့်စာ တရားဝင်ထွက်မလာသော်လည်း တက္ကသိုလ်အာဏာပိုင်တို့က ကိုအောင်ဆန်းကို တက္ကသိုလ်မှ သုံးနှစ်ထုတ်ပယ်ရန် ဆုံးဖြတ်ထားသည်မှာ အမှန်ဖြစ်ကြောင်း နောင်တွင် သိရသည်။ ထို့ကြောင့် ကိုနုနှင့် ကိုအောင်ဆန်းတို့အား ကျောင်းထုတ်သည့်ကိစ္စ ဆွေးနွေးရန် ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ အမှုဆောင်အစည်းအဝေး ကျင်းပသည်။ အမှုဆောင်အစည်းအဝေး ကျင်းပပြီးနောက် ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျောင်းသားထုအစည်းအဝေးကျင်းပရာ ၈၀၀ ခန့်ရှိသော ကျောင်းသားထုမှာ တက္ကသိုလ်အာဏာပိုင်တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကို မကျေမနပ်ဖြစ်ပြီး သပိတ်မှောက်ကြတော့သည်။



သပိတ်ရုံးခန်းမှာ ရွှေတိဂုံဘုရားအနီးရှိ မော်လမြိုင်ဇရပ်ဖြစ်သည်။ ၁၉၃၆ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကိုအောင်ဆန်းအပါအဝင် သပိတ်မှောက်ကောင်စီဖွဲ့ပြီးသောအခါ ယင်းကောင်စီက သပိတ်ကို ကြီးကြပ်ပေးသည်။ ထို့နောက် ရန်ကုန်နှင့်တကွ တစ်နိုင်ငံလုံးရှိ အထက်တန်းကျောင်းသားအများစုကလည်း လိုက်၍ သပိတ်မှောက်ကြသဖြင့် အထွေထွေကျောင်းသားများသပိတ်အသွင်သို့ ကူးပြောင်းသွားသည်။

တက္ကသိုလ်ဥပဒေအချို့နှင့် တက္ကသိုလ်ပညာရေး၏ ချို့ယွင်းချက်အချို့ကို ပြင်ဆင်ပေးရန် အပါအဝင် တောင်းဆိုချက် ၁၂ ချက်ကို သပိတ်မှောက်ကောင်စီက တက္ကသိုလ်အာဏာပိုင်များထံ တင်ပြတောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် အစိုးရဘက်မှ ဒုတိယအဓိပတိ ဦးဆက်ခေါင်းဆောင်သော တက္ကသိုလ်သပိတ်စုံစမ်းရေးကော်မတီနှင့် ဆာမြဘူး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော တက္ကသိုလ်ဥပဒေပြင်ဆင်ရေး အကြံပေးရမည့် ကော်မတီတစ်ခုကို ဖွဲ့စည်းပေးခဲ့သည်။ ဤသို့ဖြင့် ၁၉၃၆ ခု၊ မေလ ၁၀ ရက်နေ့တွင် သပိတ်လှန်ခဲ့ကြသည်။

ဤသပိတ်ဖြစ်ပေါ်စေသည့် ရုတ်တရက်အကြောင်းရင်းမှာ ကိုနုနှင့် ကိုအောင်ဆန်းတို့ကို တက္ကသိုလ်အာဏာပိုင်တို့က ကျောင်းထုတ်ရာမှ စသော်လည်း အခြေခံအကြောင်းရင်းမှာမူ မျိုးချစ်စိတ်၏ လှုံ့ဆော်မှုကြောင့် ကိုလိုနီပညာရေး၊ ကိုလိုနီအုပ်ချုပ်ရေးနှင့် နယ်ချဲ့အရင်းရှင်စနစ်တို့ကို မကျေနပ်၍ ဖြစ်သည်။ တစ်နည်းဆိုရလျှင် အမျိုးသားပညာရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခြင်းဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးအတွက် ကျောင်းသားထု၏ နိုင်ငံရေးနိုးကြားမှုတိုးတက်လာသည်ကို ပြသည့် သပိတ်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုသည် ကျောင်းသားထုအတွင်း နက်ရှိုင်းစွာ စီးဝင်လှုပ်ရှားစပြုလာကြောင်းကိုလည်း သိရသည်။ ဤသပိတ်ကို အကြောင်းပြု၍ ပထမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားထုအစည်းအဝေးကြီး ကျင်းပနိုင်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကို တည်ထောင်ကျင်းပနိုင်ခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံအနှံ့၌ ကျောင်းသားသမဂ္ဂများ ပေါ်ပေါက်လာသည့်အတွက် ကျောင်းသားထု ပိုမိုရင်းနှီးလာခဲ့ကြသည်။ ကျောင်းသားနှင့် ပြည်သူအတူတွဲ၍ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ ထို့ကြောင့် ပညာရေးနှင့် ကျောင်းသားရေးရာများတွင် တောင်းဆိုချက်များ အပြည့်အဝမရသော်လည်း အမျိုးသားလွတ်မြောက်ရေးရှုထောင့်မှ ကြည့်လျှင် နိုင်ငံအတွက် အမြတ်ထွက်သော သပိတ်ဟု ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com




## တင်၊ သခင်(ပိုင်အမ်ဘီ) (၁၈၉၄–၁၉၅၀)

ပိုင်အမ်ဘီဆရာတင်ဟု ထင်ရှားသော ဂီတပညာရှင်သခင်တင်ကို ၁၈၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မန္တလေးမြို့ ရွှေဘုန်းရှိန်မင်းသားစုရပ်၌ ဖွားမြင်သည်။ သီပေါမင်းလက်ထက် မင်းမှုထမ်းတစ်ဦးဖြစ်သည့် ဦးရန်အောင်နှင့် ရွှေဘုန်းရှိန်မင်းသားစုရပ်သူ ဒေါ်သိန်းတို့၏ သားဖြစ်သည်။ သခင်တင်တွင် အစ်မတစ်ယောက်နှင့် ညီမတစ်ယောက် ရှိသည်။ ခြောက်နှစ်သားအရွယ်တွင် ဘီတီအင်ခေါ် ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းတွင် စတင်ပညာသင်ယူသည်။ ထိုစဉ်က ဘီတီအင်ကျောင်းအုပ်ကြီးမှာ မြန်မာနိုင်ငံအား အုပ်ချုပ်ရေးတိုးမြှင့်ပေးရေး အရေးဆိုရန် အင်္ဂလန်နိုင်ငံသို့ ၁၉၁၉ ခုနှစ်က သွားသော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးထွန်းရှိန်ဖြစ်သည်။ အသက် ၁၇ နှစ်တွင် ကယ်ရီကျောင်းမှ ဆယ်တန်းအောင်သည်။

ဆယ်တန်းအောင်ပြီးနောက် အမ်ဘီတီအလွတ်ပညာသင်ကျောင်း၌ ဆရာဖြစ် သုံးနှစ်လုပ်ရာမှ ဆရာတင်ဟု တွင်လာသည်။ ငယ်စဉ်ကပင် တေးဂီတဝါသနာပါသည့်အလျောက် အားလပ်ချိန်များ၌ ဘာဂျာတစ်လုံးဖြင့် တေးသီချင်းသီဆိုတီးမှုတ်နေလေ့ရှိသည်။ ထို့နောက် ရှေးသီချင်းကြီးများကို လေ့လာရင်း ကိုယ်တိုင် သီချင်းများ ရေးစပ်လာသည်။ ၁၉၁၈ ခုနှစ်ခန့်တွင် ဗုဒ္ဓဘာသာလူငယ်များ အင်္ဂလိပ်အလွတ်ပညာသင် ညကျောင်းခေါ် ပိုင်အမ်ဘီ အလွတ်ပညာသင်ကျောင်းထောင်၍ ကျောင်းဆရာအဖြစ် အသက်မွေးသည်။

ဆရာတင် ပထမဆုံးစပ်ဆိုသော သီချင်းမှာ 'အာကာသဖိုး'အမည်ရှိသီချင်းဖြစ်သည်။ ထိုသီချင်းကို မြခြေကျင်း မငွေမြိုင်က သီဆိုလိုက်သောအခါ လူကြိုက်များလာရာမှ ပိုင်အမ်ဘီကျောင်းကို အစွဲပြု၍ သီချင်းရေးဆရာ ပိုင်အမ်ဘီဆရာတင်ဟု ထင်ရှားလာသည်။ ကျောင်းဆရာလုပ်ရင်း သီချင်းများ ရေးစပ်ရုံမက ကိုယ်တိုင်ဦးစီး၍ ပိုင်အမ်ဘီတီးဝိုင်းအဖွဲ့ထောင်ကာ ငွေကြေးမယူဘဲ ရပ်ရွာကိစ္စများတွင် ကူညီတီးမှုတ်ပေးသည်။ ဤသို့ဖြင့် အငြိမ့်အဖွဲ့၊ ရုပ်ရှင်နှင့် ဓာတ်ပြားကုမ္ပဏီများအတွက်ပါ တေးသီချင်းများ ရေးစပ်ပေးရသည်အထိ အောင်မြင်မှုရလာသည်။ သီချင်းရေးသားရာတွင်လည်း အချစ်နှင့်ပတ်သက်သည့် သီချင်းများသာမက အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် ပတ်သက်သည့် 'ဝံသာနုသီချင်း'မျိုး၊ ဓာတ်မာန် ဓာတ်သွေးတက်ကြွစေသည့် 'အလောင်းဘုရား ဦးအောင်ဇေယျ'စသည့် သီချင်းမျိုးကိုပါ စပ်ဆိုခဲ့သည်။



ပိုင်အမ်ဘီဆရာတင်
(၁၈၉၄-၁၉၅၀)

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်အမ်ဘီဆရာတင် ရန်ကုန်ရောက်လာပြီးနောက် တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သူ သခင်ဘသောင်းနှင့် တွေ့ဆုံပြီးသောအခါ သခင်အမည် ခံယူကာ လွတ်လပ်ရေးကြိုးပမ်းမှု၌ ပါဝင်လာခဲ့သည်။ သခင်ဖြစ်လာပြီးနောက် ရေးသည့် 'မိုးကို ဒူးနဲ့တိုက်မယ်'သီချင်းတွင် မိမိနာမည်ကို သခင်တင်ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။ သခင်တင်ဖြစ်လာပြီးနောက် လွတ်လပ်ရေးခေတ် နိုင်ငံတော်သီချင်း၏ မိခင်သီချင်းဟုခေါ်ဆိုနိုင်သည့် 'တို့ဗမာသီချင်း'ကို သခင်တင်က ရေးစပ်ခဲ့သည်။ တို့ဗမာ သီချင်းအပြင် သခင်တင်ရေးသားခဲ့သည့် အမျိုးသားရေးတေးသီချင်းများအနက် အချို့မှာ 'သခင်သီချင်း'၊ 'အလံတော်သီချင်း'၊ 'မီးတုတ်သီချင်း'၊ 'လက်ရုံး တပ်မှူးသီချင်း'၊ 'လက်ရုံးစစ်ချီသီချင်း'နှင့် 'နဂါးနက်သီချင်း'တို့ ဖြစ်သည်။

ဂျပန်ခေတ်အတွင်း ရောက်သောအခါ သခင်တင်သည် ဆည်မြောင်းဌာန၌ အင်စပိတ်တော်အဖြစ် အလုပ်လုပ်ရင်း ဗိုလ်မှူးဗထူး၏ ဗမာ့တပ်မတော်နှင့် မဟာမိတ်တပ်အကြား ဆက်သွယ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင်လည်း မြေအောက်ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နှင့် ဆက်သွယ်ကာ တော်လှန်ရေးသမားတစ်ယောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

သခင်တင်သည် မိုးကုတ်သူ ဒေါ်သီတာနှင့် အိမ်ထောင်ကျသည်။ သို့သော်လည်း အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် ကွဲသွားပြီး နောက်အိမ်ထောင် မပြုတော့ပေ။

ကိုလိုနီခေတ်အတွင်းက သမိုင်းဝင် 'တို့ဗမာသီချင်း'အပါအဝင် အမျိုးသားရေးတေးသီချင်းအများဆုံးရေးစပ်ခဲ့သူ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင်လည်း တော်လှန်ရေးသမားတစ်ယောက်အဖြစ် ပါဝင်ခဲ့သူ သခင်တင်ကို နိုင်ငံတော်အစိုးရက ၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဝဏ္ဏကျော်ထင်ဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့သည်။ သခင်တင်သည် ဝဏ္ဏကျော်ထင်ဘွဲ့ရပြီးနောက် အသက် ၅၇ နှစ်အရောက် ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ တီဘီရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ (တို့ဗမာသီချင်းနှင့် နိုင်ငံတော်သီချင်းများကိုလည်း ကြည့်ပါ။)



# တောင်သူလယ်သမားအရေးတော်ပုံ (၁၉၃၀)

တောင်သူလယ်သမားများက အင်္ဂလိပ်နယ်ချဲ့အစိုးရအား တော်လှန်သည့် အရေးတော်ပုံဖြစ်သည်။ ခေါင်းဆောင်သူ ဆရာစံကို အစွဲပြု၍ ဆရာစံအရေးတော်ပုံဟုလည်း ရေးကြသည်။ သို့သော် ကိုလိုနီခေတ်ကမူ အရေးတော်ပုံသားများကို သာယာဝတီသူပုန်ဟူ၍လည်းကောင်း၊ ဂဠုန်သူပုန်ဟူ၍လည်းကောင်း ခေါ်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရအား တောင်သူလယ်သမားများက ပထမဆုံးအကြိမ် လက်နက်စွဲကိုင်၍ တော်လှန်သည့် အရေးတော်ပုံအဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှားသည်။

အရေးတော်ပုံ စတင်ဖြစ်ပွားသည့်နေ့မှာ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်ဖြစ်သည်။ အရေးတော်ပုံဖြစ်ရသည့် အခြေခံအကြောင်းရင်းမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရနှင့် အရင်းရှင်တို့ ဖိနှိပ်သွေးစုပ် အမြတ်ထုတ်ခြယ်လှယ်မှုကို မခံနိုင်လွန်းသည့် ဘဝနာကြည်းချက်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကြောင့်ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်သည် ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်သော နှစ်ဖြစ်သည်။ ထိုဂယက်ကြောင့် မြန်မာနိုင်ငံ၌ စပါးဈေးများ အဆမတန်ကျဆင်းသွားသည်။ ထိုအခါ တောင်သူလယ်သမားများ ဆင်းရဲကျပ်တည်းလာသည်။ ထိုသို့ တောင်သူလယ်သမားများ ဆင်းရဲကျပ်တည်းလာသော်လည်း အင်္ဂလိပ်အစိုးရကမူ ကောက်ခံမြဲဖြစ်သော မြေခွန်နှင့် လူခွန်တော်များကို ဆက်၍ ကောက်ခံခဲ့သည်။ တောင်သူလယ်သမားများအဖို့ တစ်ဖက်တွင် ချစ်တီးကုလား သူဌေးကြွေးကလည်း ပူသည်။ တောင်သူလယ်သမားများက မြေခွန်တော်လျှော့ချရန်နှင့် ဆိုင်းငံ့ထားရန် တင်ပြသည့်ကိုလည်း ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီးက ပယ်ချလိုက်သည်။ ထို့ကြောင့်လည်း အင်္ဂလိပ်အစိုးရအပေါ် နာကြည်းမှုများနှင့် မကျေနပ်မှုများသာ တိုးပွားလာသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရကလည်း အလျှော့မပေးဘဲ သီးစားခနှင့် အခွန်တော်များကို မရရသည့် နည်းဖြင့် အကြမ်းဖက်၍ တောင်းသည်။ အခွန်တော် မပေးလျှင် နွားကို လေလံပစ်ခြင်း၊ အိမ်ကို လေလံပစ်ခြင်း၊ လူကို ဖမ်းဆီးခြင်း အပြင် ဆန်အိုး၊ ဆီအိုးကိုပါ လေလံပစ်သည်အထိ ရက်စက်ခဲ့သည်။ ထို့ကြောင့် တောင်သူလယ်သမားတို့၏ ဘဝမှာ အကြောင်းမထူးလှတော့သည်ကတစ်ကြောင်း၊ [illegible]ကြောင့် တစ်ကြောင်း လက်နက်ချင်းမယှဉ်နိုင်မှန်းသိလျက်နှင့် အသေခံ [illegible]ကိုက်ပွဲဝင်လိုက်ကြတော့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးတော်ပုံစတင်ဖြစ်ပွားသည့် ဒေသမှာ သာယာဝတီနယ် ရေတိုက်ရွာဖြစ်သည်။ အရေးတော်ပုံသည် တဖြည်းဖြည်းနှင့် ပခုက္ကူ၊ ပုသိမ်၊ ပဲခူး၊ ပြည်၊ ဖျာပုံ၊ မကွေး၊ မော်လမြိုင်၊ မင်းဘူး၊ မိတ္ထီလာ၊ မုံရွာ၊ မြင်းခြံ၊ မြိတ်၊ ရမည်းသင်း၊ ရေနံချောင်း၊ ရှမ်းပြည်နယ်၊ ရွှေဘို၊ သရက်၊ ဟင်္သာတနှင့် အင်းစိန်တို့သို့ ကူးစက်သွားသည်။ တောင်သူလယ်သမားများက ရရာ ဓား၊ လေးမြား၊ တူမီးသေနတ်၊ နှစ်လုံးပြူးသေနတ်မှအစ အင်းအိုင်လက်ဖွဲ့နှင့် ပီးဆေး စသည်တို့ကိုပါ သုံးကြသည်။ အရေးတော်ပုံကို ခေါင်းဆောင်သည့် ဆရာစံကလည်း သုပဏ္ဏက ဂဠုန်ရာဇာဆိုသော ဘွဲ့နှင့် ဘိသိက်သွန်း၍ နန်းသိမ်းပွဲကျင်းပခဲ့သည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ပဒေသရာဇ်ဩဇာအရှိန်အဝါကို ဖန်တီးယူပြီး အင်္ဂလိပ်အစိုးရကို တိုက်ခိုက်ရန် လက်နက်တစ်ခုအဖြစ် အသုံးချခြင်းဖြစ်သည်။

အရေးတော်ပုံတပ်သားများသည် အစိုးရပုလိပ်ဌာနများကို အသေခံ၍ ဝင်စီးကြသည်။ ကျေးရွာသူကြီးများထံမှ သေနတ်များကို သိမ်းယူကြသည်။ ပွဲဦးထွက် ဖားရွှေကျော်တိုက်ပွဲနှင့် အလံတောင်တိုက်ပွဲများတွင် အရေးတော်ပုံတပ်သားများက အနိုင်ရခဲ့ကြသည်။ အင်္ဂလိပ်အစိုးရဘက်မှလည်း အရေးတော်ပုံကို ရက်စက်စွာဖြင့် နှိမ်နင်းသည်။ မြန်မာနိုင်ငံရှိ ပုလိပ်တပ်ဖွဲ့နှင့်ပင် မနိုင်၍ အိန္ဒိယမှ စစ်ပုလိပ်များကို ခေါ်ယူအကူအညီတောင်းခဲ့ရသည်။ အရေးတော်ပုံကို အားပေးသည့် ကျေးရွာအများအပြားကို အင်္ဂလိပ်အစိုးရက မီးရှို့သေးသည်။ ရွာသူရွာသားများကို အစုလိုက် အပြုံလိုက် ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ သတ်ဖြတ်ခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။ တိုက်ပွဲတွင် ကျဆုံးသော အရေးတော်ပုံတပ်သားများ၏ ခေါင်းကို ဖြတ်၍ လူမြင်ကွင်းတွင် ပြထားခြင်း၊ ကျေးရွာများတွင် အစိုးရတပ်များက လက်နက်အင်အားပြခြင်း စသည့် စိတ်ဓာတ်စစ်ဆင်ရေးနည်းများကိုလည်း သုံးသည်။ ထို့ပြင် ဘုန်းတော်ကြီးများထံ ချဉ်းကပ်၍ ရွှေပြည်အေးတရားဟောခိုင်းပြီး လက်နက်ချအောင်လည်း သိမ်းသွင်းခဲ့သည်။ အရေးတော်ပုံအတွက် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်သော်လည်း လက်နက်ချသူတိုင်းကို လွတ်ငြိမ်းခွင့်မပေးပေ။ ဆရာစံကို ဖမ်းမိလျှင် ငွေငါးထောင်ပေးမည်ဟု ပထမ ကြေညာသည်။ ၁၉၃၁ ခု၊ ဧပြီလ ရောက်သော် ငွေတစ်သောင်းအထိ တိုးပေးမည်ဟု ကြေညာသည်။

အရေးတော်ပုံခေါင်းဆောင် ဆရာစံကို ၁၉၃၁ ခုနှစ်၊ ဩဂုတ်လဆန်းတွင် ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ် နောင်ကွမ်းရွာအနီး၌ ဖမ်းမိသွားသည်။



ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီး
(၁၈၇၁-၁၉၅၅)

www.burmeseclassic.com

www.burmeseclassic.com



သီပေါမှတစ်ဆင့် သာယာဝတီတောင်သို့ ပို့သည်။ ဗြိတိသျှဘုရင်အား တော်လှန်ပုန်ကန်မှုဖြင့် အမှုဖွင့်ကာ အထူးခုံရုံးဖြင့် စစ်ဆေးသည်။ ပြစ်မှုထင်ရှားသည်ဆိုကာ သေဒဏ်ပေးသည့် စီရင်ချက်ကို ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ချမှတ်လိုက်သည်။ ဆရာစံနှင့် အပေါင်းပါ ခေါင်းဆောင်များကို သေဒဏ်ပေးသည့်အပြင် ဖမ်းမိသော အရေးတော်ပုံတပ်သားအများအပြားကို တစ်သက်တစ်ကျွန်း ကျခံစေခဲ့သည်။ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လဆန်းတွင် ဆရာစံကို ဖမ်းမိသော်လည်း အရေးတော်ပုံသည် ၁၉၃၂ ခုနှစ်၊ မတ်လအထိ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

အရေးတော်ပုံအတွင်း တောင်သူလယ်သမားအမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရသည်။ သို့သော် တောင်သူလယ်သမားအရေးတော်ပုံ တပ်သားများသည် ခေတ်မီလက်နက်ကို ပိုင်ဆိုင်ပြီး ကမ္ဘာတွင် အင်အားအကြီးဆုံးဟုဆိုသော ဗြိတိသျှနယ်ချဲ့အစိုးရအား တစ်နှစ်ကျော်ကြာသည်အထိ အန်တုဖက်ပြိုင် စိန်ခေါ်နိုင်ခဲ့သည်။ သို့ရာတွင် လက်နက်ချင်း မယှဉ်သာခြင်း၊ လူအင်အား မမျှခြင်း၊ အပြင်းအထန် နှိပ်ကွပ်ခံရခြင်း၊ ပြည့်စုံ၍ တိကျပြတ်သားသော နိုင်ငံရေးဦးတည်ချက်မရှိခြင်း၊ စည်းကမ်းနှင့် စည်းလုံးရေးအပိုင်း၌ အားနည်းခြင်းတို့ကြောင့် အရေးတော်ပုံ ကျဆုံးခဲ့ရသည်။

အရေးတော်ပုံ ကျဆုံးသွားသော်လည်း အရေးတော်ပုံဖြစ်ပွားပြီးနောက် အင်္ဂလိပ်အစိုးရက တောင်သူလယ်သမားများထံမှ အခွန်လျှော့ကောက်သည့် အကျိုးရရှိခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်ကို ပိုမိုရှင်သန်ကြီးထွားစေသော အမြတ်ကိုလည်း ရခဲ့သည်။ တိုင်းရင်းသားတို့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရအား ရဲရဲတောက်တော်လှန်သည့် ခေါင်းဆောင်မျိုးကို များစွာ လိုလားတောင့်တနေကြကြောင်းကိုလည်း သိခွင့်ရခဲ့သည်။ လက်နက်အားကိုးဖြင့် ဖိနှိပ်သွေးစုပ် ခြယ်လှယ်နေသော အင်္ဂလိပ်နယ်ချဲ့အစိုးရကို လက်နက်ဖြင့်သာ တုံ့ပြန်ရင်ဆိုင်ရမည်ဆိုသော အယူအဆကို ရှင်သန်ကြီးထွားစေခဲ့သည်။ ထို့ကြောင့်လည်း တောင်သူလယ်သမားအရေးတော်ပုံဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံရေးလောကတွင် တောင်သူလယ်သမားအရေးတော်ပုံထက်ပို၍ ပြင်းထန်သည့် တော်လှန်ရေးမျိုး လုပ်လိုသော မျိုးချစ်လူငယ်များက ခေါင်းဆောင်လာနိုင်ခဲ့ကြသည်။ (ဆရာစံကို ကြည့်ပါ။)



## တောင်တန်းသားများ စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ (၁၉၄၇)

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ပင်လုံညီလာခံ ကျင်းပနေစဉ်အတွင်း ဖွဲ့စည်းလိုက်သော အဖွဲ့ဖြစ်သည်။ အင်္ဂလိပ်ဘာသာအားဖြင့် Supreme Council of United Hill Peoples (SCOUHP) ဟု ခေါ်သည်။ တောင်တန်းသားများ၏ အရေးကို တောင်တန်းသားများ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းခြင်းဖြစ်သည်။ ဦးစီးအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | | |
|---|---|---|
| ၁။ | စဝ်ရွှေသိုက် | ဥက္ကဋ္ဌ |
| ၂။ | ဆမားဒူဝါဆင်ဝါးနောင် | ဒုတိယဥက္ကဋ္ဌ |
| ၃။ | စဝ်ဟုန်ဖ | ရှမ်းကိုယ်စားလှယ် |
| ၄။ | စဝ်စံထွန်း | ရှမ်းကိုယ်စားလှယ် |
| ၅။ | စဝ်ဘွန်ဝုပ် | ရှမ်းကိုယ်စားလှယ် |
| ၆။ | ဦးထွန်းမြင့် | ရှမ်းကိုယ်စားလှယ် |
| ၇။ | ဦးကြာပု | ရှမ်းကိုယ်စားလှယ် |
| ၈။ | ဒူဝါဇော်ရစ် | ကချင်ကိုယ်စားလှယ် |
| ၉။ | ဦးဒိန်ရတန် | ကချင်ကိုယ်စားလှယ် |
| ၁၀။ | ဒူဝါဇော်လွန်း | ကချင်ကိုယ်စားလှယ် |
| ၁၁။ | ဒူဝါဇော်လ | ကချင်ကိုယ်စားလှယ် |
| ၁၂။ | ပဒစ်လတောင် | ကချင်ကိုယ်စားလှယ် |
| ၁၃။ | ဦးပွန်ဇမန်း | ချင်းကိုယ်စားလှယ် |
| ၁၄။ | ဦးတောင်ကျင်ထန်း | ချင်းကိုယ်စားလှယ် |
| ၁၅။ | ဦးကီယုမ်းန် | ချင်းကိုယ်စားလှယ် |
| ၁၆။ | ဦးစိန်လျန် | ချင်းကိုယ်စားလှယ် |
| ၁၇။ | ဦးလှာမှုန်း | ချင်းကိုယ်စားလှယ် |
| ၁၈။ | ဦးမန်းလင်း | ချင်းကိုယ်စားလှယ် |

www.burmeseclassic.com

www.burmeseclassic.com




## တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (၁၉၄၈)

တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ကို ၁၉၄၈ ခုနှစ်၊ ဧပြီ လ ၂၇ ရက်နေ့တွင် ဖွဲ့သည်။ ရည်ရွယ်ချက်မှာ တောင်တန်းဒေသများ၏ အရေးကို တောင်တန်းသားများ စည်းလုံးညီညွတ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။ အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| ၁။ ဆမားဒူဝါဆင်ဝါးနော်<br>(ကချင်ပြည်နယ်ဝန်ကြီး) | ဥက္ကဋ္ဌ |
| ၂။ စဝ်ဝဏ္ဏ<br>(ကရင်နီပြည်နယ်ဝန်ကြီး) | ဒုတိယဥက္ကဋ္ဌ |
| ၃။ ဦးကြာပု<br>(ရှမ်းပြည်နယ်ပါလီမန်အတွင်းဝန်) | အတွင်းရေးမှူး |
| ၄။ ဦးစိန်<br>(ကရင်ပြည်နယ်ပါလီမန်အတွင်းဝန်) | တွဲဖက်အတွင်းရေးမှူး |
| ၅။ စဝ်ခွန်ချို<br>(ရှမ်းပြည်နယ်ဝန်ကြီး) | ဘဏ္ဍာရေးမှူး |
| ၆။ စော်ဘွားအချို့၊ ဒူဝါအချို့နှင့်<br>ပြည်နယ်ကော်မတီဝင်အချို့ | အဖွဲ့ဝင် |

## ထောင့်သုံးရာပြည့်အရေးတော်ပုံ (၁၉၃၈-၃၉)

ထောင့်သုံးရာပြည့်အရေးတော်ပုံဆိုသည်မှာ ချောက်ရေနံမြေအလုပ်သမား သပိတ်က မွေးထုတ်ပေးလိုက်သော အမျိုးသားလွတ်မြောက်ရေးနှင့် နယ်ချဲ့ ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကြီးဖြစ်သည်။ အရေးတော်ပုံသည် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်အတွင်း ပေါ်ပေါက်ခဲ့သောကြောင့် ထောင့်သုံးရာပြည့်အရေးတော် ပုံဟု တွင်နေခြင်းဖြစ်သည်။ ချောက်ရေနံမြေတွင် ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ စတင်ခဲ့သော ရေနံလုပ်သားတို့၏ သပိတ်သည် ၁၁ လမျှ ကြာသည့် တိုင် ပြေလည်မှုမရခဲ့ပေ။ ထို့ကြောင့် သပိတ်မှောက်ရေနံလုပ်သားထုက ရန်ကုန် အရောက် ခြေလျင်ချီတက်၍ အရေးဆိုသည့်နည်းဖြင့် ဆက်လက်တိုက်ပွဲဝင်ရန်



သခင်ဖိုးလှကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ကြပြီး ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ချောက်မြို့မှ ရေနံလုပ်သားတပ်ကြီး စတင်ချီတက်သည်။ သခင်ဖိုးလှကြီးနှင့် အလုပ်သမားခေါင်းဆောင်များ၊ သခင်များက ဦးဆောင်ကာ ချီတက်ကြရာ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် မကွေးသို့ ရောက်သည်။ ချောက်မြို့မှ စထွက်စဉ်က ရေနံတပ်သားတစ်ထောင်ကျော်မျှသာ ရှိသော်လည်း မကွေးသို့ ရောက်သောအခါ ရေနံတပ်သားပေါင်း တစ်ထောင့်ငါးရာခန့်အထိ တိုးလာသည်။ ရေနံလုပ်သားတပ်ကြီး မကွေးတွင် တပ်စခန်းချနေစဉ် တို့ဗမာအစည်းအရုံးမှ သခင်ခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များ မကွေးသို့ ရောက်လာပြီး အလုပ်သမားခေါင်းဆောင်များနှင့် ပူးပေါင်းကာ တရားပွဲများ ကျင်းပကြသည်။ ရေနံတပ်ကြီး ရန်ကုန်အရောက် အောင်မြင်စွာ ဆက်လက်ချီတက်နိုင်ရေးအတွက် လုံးပန်းကြသည်။ အစိုးရဘက်မှလည်း ရေနံတပ်ကြီး ရန်ကုန်သို့ ဆက်လက်မချီတက်နိုင်ရန် အောက်ပါနည်းများဖြင့် ကြိုးစားကြသည်။ အလုပ်သမားခေါင်းဆောင်များ၊ သခင်ခေါင်းဆောင်များနှင့် ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးခြင်း၊ ဥပဒေဖြင့် တားမြစ်ခြင်း၊ ပုလိပ်တပ်ဖွဲ့ဖြင့် ဟန့်တားခြင်း၊ ဖျောင်းဖျပြောဆိုခြင်းတို့ ဖြစ်သည်။ ထိုသို့ အစိုးရက အမျိုးမျိုးဟန့်တားဖိနှိပ်သည့်ကြားမှပင် ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရေနံတပ်ကြီးသည် မကွေးမြို့မှ ရန်ကုန်သို့ ဆက်လက် ချီတက်ခဲ့ကြသည်။

ရေနံတပ်ကြီးက ရန်ကုန်သို့ ချီတက်နေစဉ်၊ ရန်ကုန်၌ ကျောင်းသားများ သပိတ်မှောက်နေစဉ်အတွင်းမှာပင် ပဲခူး၊ ဖြူး၊ လှည်းကူး၊ ဝေါ၊ သထုံ၊ သနပ်ပင်၊ သာယာဝတီ၊ အင်းစိန်တို့မှ တောင်သူလယ်သမားများကလည်း ယင်းတို့၏ နစ်နာချက်များ တင်ပြရန်နှင့် ရေနံလုပ်သားတို့၏ သပိတ်ကို ကူရန် ရန်ကုန်သို့ ချီတက်လာကြသည်။ ချောက်မှ ချီတက်လာသော ရေနံတပ်နှင့် တောင်သူလယ်သမားတို့သည် ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်သို့ တစ်နေ့တည်း အတူဝင်ရောက်လာခဲ့ကြသည်။ ရေနံတပ်ကြီးသည် ချောက်မှ ရန်ကုန်အထိ မိုင် ၄၀၀ ကျော်ခရီးကို ရက်ပေါင်း ၄၀ ဖြင့် ခြေလျင်ချီတက်ခဲ့ကြခြင်းဖြစ်သည်။ ဤသို့ဖြင့် အလုပ်သမား၊ တောင်သူလယ်သမားများနှင့် ကျောင်းသားများ ရန်ကုန်ရွှေတိဂုံ၌ ပေါင်းစုံမိပြီး လူထုအစည်းအဝေးပွဲများ ကျင်းပကြသည်။ အလုပ်သမားအရေးမှ စခဲ့သော ဤအရေးတော်ပုံသည် တဖြည်းဖြည်းနှင့် တောင်သူလယ်သမား၊ ကျောင်းသားနှင့် ပြည်သူလူထုပါ ပါဝင်လာပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအထိ ကျယ်ပြန့်လာသည်။ အရေး



တော်ပုံအတွင်း ကြွေးကြော်သံများ၊ တောင်းဆိုချက်များနှင့် လူထုစည်းဝေးပွဲ ဆုံးဖြတ်ချက်များကို ကြည့်လျှင်လည်း လွတ်လပ်ရေးရပြီးလျှင် ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရန်အထိ မျှော်မှန်းခဲ့သည်ကိုလည်း တွေ့ရသည်။ အရေးတော်ပုံအတွင်းမှာပင် 'ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး'နှင့် 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး'တို့ကိုလည်း အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကို လူတန်းစားအခြေခံဖြင့် စည်းရုံးလှုပ်ရှားလာသည်ကိုလည်း တွေ့ရသည်။

## ထွေး၊ ကို(ရဲဘော်) (၁၉၂၉–၁၉၄၇)

အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသော ရဲဘော်ကိုထွေးသည် မန္တလေးသားဖြစ်သည်။ မန္တလေးတောင်ပြင်သီပွဲရပ် ပင်စင်စား လယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးကိုကိုလေးနှင့် ဒေါ်မင်းရီတို့၏ ဆဋ္ဌမမြောက်သားဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၂၉ ခုနှစ်ဖြစ်ပြီး နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။ အသက် ၁၈ နှစ်အရွယ်တွင် ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်းခံရသည်။ (အာဇာနည်နေ့လည်း ကြည့်ပါ။)

## ဒဂုန်မဂ္ဂဇင်း (၁၉၂၀)

မြန်မာ့မဂ္ဂဇင်းလောက၌ ခေတ်တစ်ခေတ်ကို စတင်တည်ထောင်ခဲ့သော **ဒဂုန်မဂ္ဂဇင်း** ၁၉၂၀ ပြည့်နှစ်တွင် ပေါ်ထွက်ခဲ့သည်။ မြန်မာအခွေကုမ္ပဏီမှ ထုတ်သည်။ ဆေးရောင်စုံအဖုံး၊ အတွင်းပန်းချီ၊ ကာတွန်း၊ ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး စသည်ဖြင့် အနောက်နိုင်ငံထုတ် မဂ္ဂဇင်းများပုံစံအတိုင်း ထုတ်သည့် မဂ္ဂဇင်းဖြစ်သည်။ ထိုစဉ်က မြန်မာပြည်၌ ရိုးရိုးဘလောက်နှင့် ရိုးရိုး ပုံနှိပ်စက်သာ ရှိ၍ နှစ်ပတ်လည်အထူးထုတ်အတွက် ဆေးရောင်စုံအဖုံးကို သုံးလခန့် ကြိုတင်၍ ပြင်ဆင်ကာ ကာလကတ္တားမြို့ 'ဖိုင်းအတ်ကောတိတ်' ပုံနှိပ်တိုက်သို့ပို့၍ ရိုက်စေခဲ့သည်။ မဂ္ဂဇင်းထွက်စတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဦးဘိုးသစ်(မောင်သစ္စာ)၊ ဉာဏ၊ ရွှေသဇင်(မော်လမြိုင်)၊ မောင်အုံးမြိုင်ဟို့ ပါဝင်ရေးသားကြသည်။ နောက်ပိုင်းတွင် လယ်တီပဏ္ဍိတ ဆရာကြီးမောင်ကြီး၊

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ကိုထွေး (၁၉၂၉-၁၉၄၇)



ဒဂုန်ခင်ခင်လေး၊ ဟသ်ာတဦးသီလ၊ ရေနံချောင်းရှင်သန်းမေ စသော စာရေးဆရာများ ပါဝင်ရေးသားကြသည်။ ပန်းချီ ဆရာများမှာ ဦးဘလုံ၊ ဦးဘိုးလိပ်၊ ဦးထွန်းကြွယ်နှင့် ဦးဘကလေးတို့ ဖြစ်ကြသည်။

အနောက်တိုင်းပုံစံဖြင့် ထူးခြားစွာ ထွက်ပေါ်လာသော စောင်ရေအများဆုံးနှင့် အထင်ရှားဆုံးမဂ္ဂဇင်း ဖြစ်ခဲ့သည်။ အခြားမဂ္ဂဇင်းများ သုံးမတ်နှုန်း ၇၅ ပြားဖြင့် ရောင်းနေရစဉ် **ဒဂုန်မဂ္ဂဇင်း**က တစ်ကျပ်ဖြင့် ရောင်းသော်လည်း ပထမအကြိမ်ထုတ် ဒဂုန်မဂ္ဂဇင်းအမှတ် (၁)သည် သုံးရက်အတွင်းကုန်သွား၍ ဒုတိယအကြိမ် ထပ်မံပုံနှိပ်ရသည့် မဂ္ဂဇင်းဖြစ်၍ မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။*

## ဒါဘာမင်းပွဲသဘင်

ဒါဘာမင်းပွဲသဘင်ဆိုသည်မှာ (Durbar)ဆိုသည့် အင်္ဂလိပ်စကားကို မြန်မာဘာသာပြန်ဆိုကြခြင်း ဖြစ်သည်။ အင်္ဂလိပ်အဘိဓာန်တွင် ဒါဘာဆိုသည်မှာ နိုင်ငံအုပ်ချုပ်သူ အာဏာပိုင်တစ်ဦးဦးက ပြည်သူလူထုကို လက်ခံတွေ့ဆုံသည့် ပွဲခေါ် လူထုနှင့် အထူးတွေ့ဆုံပွဲဟု ဆိုသည်။ ထို့ကြောင့် ဒါဘာကို ဒါဘာမင်းပွဲသဘင်ဟု ပြန်ဆိုခြင်းဖြစ်ပါသည်။ ဒါဘာဆိုသည့် စကားနှင့် ဒါဘာပွဲကျင်းပသည့် အစဉ်အလာသည် မူလက အိန္ဒိယ၌ ကျင့်သုံးသည့်စနစ် ဖြစ်သည်။ ထိုစနစ်သည် အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးနှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။

အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံကို သိမ်းယူပြီး အုပ်ချုပ်နေစဉ် ၁၈၈၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့ ဝင်ဆာလမ်း(ရှင်စောပုလမ်း)ရှိ အစိုးရအိမ်တော်၌ ဒါဘာပွဲကျင်းပသည်။ ထိုဒါဘာပွဲသည် အင်္ဂလိပ်အစိုးရက ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းသည့် အခမ်းအနားဖြစ်သည်။ ထိုနေ့က စီအိုင်အီး[၁] ခေါ် အိန္ဒိယမဟာရဋ္ဌသဟာယဘွဲ့ရသူ နှစ်ဦး၊ ကေအက်စ်အမ်[၂] ခေါ် ကျက်သရေဆောင် ရွှေစလွယ်ဘွဲ့ရသူ ငါးဦး၊ တီဒီအမ်[၃] ခေါ် သူရဲကောင်း

* ဇေယျ၊ ဇေယျစာစုများ (၁)၊ (ဆရာဇေယျ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်)၊ ရန်ကုန်၊ လင်းလင်းစာပေ၊ ၂၀၀၀ ပြည့်၊ နိုဝင်ဘာ၊ စာ ၁၃၈-၁၄၂

၁။ CIE (Companion of the Most Eminent Order of the Indian Empire)

၂။ KSM (Kyet Thayezaung Shwe Salweya Min)

၃။ TDM (Thuye Gaung Ngwedaya Min)

www.burmeseclassic.com

www.burmeseclassic.com



ငွေဓားရမင်းဘွဲ့ရသူတစ်ဦးနှင့် အေတီအမ်[၁] ခေါ် အမှုထမ်းကောင်းတံဆိပ်ရမင်းဘွဲ့ရသူငါးဦး စုစုပေါင်း ဝန်ထမ်း ၁၃ ဦးတို့အား မဟာဝန်ရှင်တော်မင်းကြီးက ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ ၄င်းတို့ ၁၃ ဦးသည် အင်္ဂလိပ်အစိုးရက ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ကို ပထမဆုံးရကြသူများဖြစ်သည်။ ထိုဒါဘာပွဲသို့ အစိုးရအရာရှိကြီးများ၊ မြူနီစီပယ်လူကြီးများနှင့် အထူးဖိတ်ကြားထားသည့် ဂုဏ်သရေရှိ လူကြီးမင်းများ တက်ရောက်ကြသည်။

အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူပြီးနောက် ၁၈၈၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် မန္တလေးနန်းတွင်း၌ ဒါဘာမင်းပွဲသဘင် ကျင်းပသည်။ ထိုဒါဘာမင်းပွဲသဘင်သို့ မြန်မာဝန်ကြီးမှူးကြီးဟောင်းများ၊ စော်ဘွားများ၊ အရာရှိကြီးများနှင့် မန္တလေးမြို့ပေါ်မှ ဂုဏ်သရေရှိလူကြီးမင်းများ တက်ရောက်ကြသည်။ ထိုပွဲတွင် မဟာဝန်ရှင်တော်မင်းကြီး ဆာချားခရော့စ်ဝိတ်က ကင်းဝန်မင်းကြီးဦးကောင်းအား စီအက်စ်အိုင်[၂] ခေါ် အိန္ဒိယ မဟာအတုလတာရာသဟာယဘွဲ့၊ မြို့တော်ဝန်ဦးပေစိအား စီအိုင်အီးဘွဲ့နှင့် မန္တလေးမြို့မှ တရုတ်ကုန်သည်ကြီးဦးလောရန်အား ကျက်သရေဆောင် ရွှေစလွယ်ရမင်းဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

အင်္ဂလိပ်တို့ မန္တလေးကို သိမ်းယူပြီးနောက် ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်များကို ဆက်လက်သိမ်းယူရန် ကြိုးစားကြသည်။ ထိုသို့ကြိုးစားရာတွင် စစ်ရေးအရ တိုက်ခိုက်သိမ်းယူသည့် နည်းသာမက ဒါဘာပွဲများ ကျင်းပပြီး တိုင်းရင်းသားခေါင်းဆောင်များကို စည်းရုံးသိမ်းသွင်းသည့် နည်းကို ကျင့်သုံးကြသည်။ အင်္ဂလိပ်အရာရှိများသည် မိမိတို့ သိမ်းယူရရှိသည့် နေရာဒေသမှ တိုင်းရင်းသားခေါင်းဆောင်များကို ဒါဘာပွဲများ၌ တွေ့ဆုံ၍ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးကို အသာတကြည်လက်ခံရန် စည်းရုံးသိမ်းသွင်းကြသည်။ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးနှင့် ဩဇာအာဏာလက်ခံသူများကို ရာထူးနှင့် အုပ်ချုပ်ခွင့်အာဏာပေးသည့် ဒါဘာပွဲများလည်း ကျင်းပကြသည်။ တိုင်းရင်းသားခေါင်းဆောင်များအတွင်းရှိ အငြင်းပွားမှုများနှင့် ပြဿနာများကိုလည်း ဒါဘာပွဲများကျင်းပ၍ ဖြေရှင်းပေးသည်။ အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးအာဏာ ခိုင်မြဲလာသည်ကို ပြသသည့်အနေဖြင့်လည်း ဒါဘာပွဲများကို ကျင်းပခဲ့သည်။

၁။ ATM (Alunudan Gaung Tazeikya Min)

၂။ CSI (Companion of the Most Exalted Order of the Star of India)



အချုပ်အားဖြင့်ဆိုလျှင် ကိုလိုနီခေတ်အတွင်းက အင်္ဂလိပ်အစိုးရက ကျင်းပသည့် ဒါဘာပွဲဆိုသည်မှာ ထူးချွန်ဝန်ထမ်းများကို ဘွဲ့ထူးဂုဏ်ထူးပေးသည့်ပွဲ၊ အင်္ဂလိပ်အုပ်ချုပ်ရေးကို အသာတကြည်လက်ခံရန် စည်းရုံးသိမ်းသွင်း၍ရသူများကို ရာထူးနှင့် အာဏာအပ်နှင်းသည့် ပွဲ၊ တစ်နည်းအားဖြင့်လည်း အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေး ခိုင်မြဲလာသည်ကို ပြသသည့်အနေဖြင့် ကျင်းပသည့် မင်းပွဲသဘင်များဖြစ်သည်။

## ဒိုင်အာခီအုပ်ချုပ်ရေး (၁၉၂၃–၁၉၃၇)

မြန်မာနိုင်ငံအက်ဥပဒေ ၁၉၂၁ ခုအရ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံသို့ပေးခဲ့သော အုပ်ချုပ်ရေးဖြစ်သည်။ ဒိုင်အာခီ (Dyarchy) မှာ နှစ်ဦးနှစ်ဖွဲ့အုပ်ချုပ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဒိုင်အာခီအုပ်ချုပ်ရေးဆိုသည်မှာ ဗြိတိသျှအစိုးရ၏ ကိုယ်စားလှယ်ဖြစ်သော အင်္ဂလိပ်ဘုရင်ခံနှင့် ပြည်သူ့ကိုယ်စားလှယ်တို့ ပူးတွဲအုပ်ချုပ်ခြင်းဟု ဆိုလိုသည်။ ထိုအုပ်ချုပ်ရေးသည် ၁၉၂၃ ခု၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံကို ၁၈၉၇ မှ စ၍ ဒုတိယဘုရင်ခံက အုပ်ချုပ်ခဲ့ရာမှ ဒိုင်အာခီအုပ်ချုပ်ရေးစသည့် အချိန်မှ စ၍ ဘုရင်ခံက အုပ်ချုပ်ခဲ့သည်။ ထို့ကြောင့် အုပ်ချုပ်ရေးဖွဲ့စည်းပုံတွင် ဘုရင်ခံ၏ လက်အောက်၌ အဖွဲ့ဝင် ၁၀၃ ဦးပါသော ဥပဒေပြုကောင်စီနှင့် ဝန်ကြီးလေးဦးပါသော အုပ်ချုပ်မှုကောင်စီတို့ ရှိလာသည်။

ဥပဒေပြုကောင်စီအဖွဲ့ဝင် ၁၀၃ ဦးအနက် ၂၂ ဦးကို ဘုရင်ခံက တိုက်ရိုက်ခန့်သည်။ ရာထူးအလျောက် ပါရသူက နှစ်ဦးရှိသည်။ ကျန်သော ၇၉ ဦးကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်ရသည်။ ထိုပြည်သူ့ကိုယ်စားလှယ် ၇၉ ဦးတွင် မြန်မာ ၅၈ ယောက်၊ ကရင် ငါးယောက်၊ အိန္ဒိယသားကိုယ်စားလှယ် ရှစ်ယောက်၊ တရုတ်သိုလ်မှ တစ်ယောက်၊ ဥရောပတိုက်သားကိုယ်စားလှယ် တစ်ယောက်၊ အင်္ဂလိပ်ကပြား တစ်ယောက်၊ ဥရောပတိုက်သားကုန်သည်ကြီးများအသင်းမှ နှစ်ယောက်တို့ဖြစ်သည်။ ပြည်သူ့ကိုယ်စားလှယ်ရွေးချယ်ရာတွင်လည်း ကန့်သတ်ချုပ်ချယ်မှုများ ရှိသည်။ ငွေကြေးချမ်းသာသူလူလတ်တန်းစားများနှင့် အထက်တန်းလွှာများသာ ပြည်သူ့ကိုယ်စားလှယ်ရွေးပွဲ

www.burmeseclassic.com



ဒိုင်အာခီခေတ် ပြည်ထဲရေးဝန်ကြီး ဦးမေအောင်
(၁၈၈၀-၁၉၂၆)



၌ မဲပေးခွင့်ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ထိုစဉ်က လူဦးရေ ၁၂ သန်းကျော် ရှိရာ နှစ်သန်းမျှသာ မဲပေးခွင့်ရကြသည်။ ထို့ပြင် အင်္ဂလိပ်ကုန်သည် ၁၀၀ လျှင် ကိုယ်စားလှယ်တစ်ယောက် ရွေးချယ်ခွင့်ရသော်လည်း မြန်မာတိုင်းရင်းသား တို့မှာ လူဦးရေ ၃ သောင်းမှ ကိုယ်စားလှယ်တစ်ယောက်သာ ရွေးခွင့်ရသည့် စနစ်လည်း ဖြစ်သည်။ အုပ်ချုပ်ရေးကောင်စီအတွက် ဝန်ကြီးလေးဦးအနက် နှစ်ဦးကို ဘုရင်ခံက တိုက်ရိုက်ခန့်သည်။ ကျန်နှစ်ဦးမှာမူ ဥပဒေပြုကောင်စီက ထောက်ခံတင်ပြပြီး ဘုရင်ခံက လက်ခံသည့် ပြည်သူ့ကိုယ်စားလှယ်တို့ဖြစ်သည်။

အုပ်ချုပ်ရေးဌာနများကို သီးသန့်နှင့် လက်ပြောင်းဟု ခွဲထားသည်။ သီးသန့်ဌာနများကို ဘုရင်ခံက အုပ်ချုပ်ပြီး လက်ပြောင်းဌာနများကိုသာ ပြည်သူ့ကိုယ်စားလှယ်တို့က အုပ်ချုပ်ရသည်။ သီးသန့်ဌာနများတွင် အရေးကြီးသည့် ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နိုင်ငံခြားဆက်ဆံရေး၊ တရားရေးနှင့် ရာဇဝတ်မှုခင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အလုပ်သမား နှင့် ငွေစက္ကူထုတ်လုပ်ရေး၊ မြေခွန်နှင့် အမြတ်ခွန်၊ အထွေထွေအုပ်ချုပ်ရေး စသည်တို့ ပါဝင်သည်။ လက်ပြောင်းဌာနများမှာ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ပညာရေး၊ ယစ်မျိုး၊ သမဝါယမနှင့် သစ်တောဌာနတို့ဖြစ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးပေးချိန်အထိ မြန်မာနိုင်ငံမှာ ဗြိတိသျှပိုင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုပင် ဖြစ်နေသေးသည်။ ထို့ကြောင့် မြန်မာအစိုးရမှာလည်း ဗြိတိသျှ အစိုးရလက်အောက်ခံ အိန္ဒိယဗဟိုအစိုးရ၏ လက်အောက်ခံပင် ရှိသေးသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကိစ္စများကို အိန္ဒိယဗဟိုအစိုးရ၊ မြန်မာနိုင်ငံ ရှိ ဘုရင်ခံနှင့် ပြည်သူ့ကိုယ်စားလှယ်တို့ ခွဲဝေအုပ်ချုပ်သည့် စနစ်လည်း ဖြစ်သည်။ ဥပဒေပြုကောင်စီနှင့် အုပ်ချုပ်မှုကောင်စီတို့၏ စီမံဆောင်ရွက်ချက်မှန်သမျှသည် ဘုရင်ခံက ကျေနပ်၍ လက်ခံမှ အတည်ဖြစ်ရသည်။ ဥပဒေပြုကောင်စီနှင့် အုပ်ချုပ်မှုကောင်စီတို့၏ အစီအမံများကို ဘုရင်ခံက မကြိုက်လျှင် ဗီတိုအာဏာ ဖြင့် ပယ်ဖျက်နိုင်သည်။ ပြည်သူ့ကိုယ်စားလှယ်များသို့ ခွဲပေးထားသော အုပ်ချုပ် ရေးအာဏာများကိုလည်း ဘုရင်ခံက အချိန်မရွေးရုပ်သိမ်းနိုင်သည်။ ထို့ကြောင့် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှာ ဘုရင်ခံသာဖြစ်သည်။ ပြည်သူ့ကိုယ်စားလှယ် တို့မှာ ဘုရင်ခံ၏ အတိုင်ပင်ခံမျှသာ ဖြစ်၍ ဥပဒေပြုကောင်စီတွင် ပါသော ပြည်သူ့ကိုယ်စားလှယ်များကို မြန်မာတို့က မင်းတိုင်ပင်အမတ်ဟု ခေါ်ဝေါ်ခဲ့ကြ သည်။ ဒိုင်အာခီအုပ်ချုပ်ရေးခေတ်မှ စ၍ မင်းတိုင်ပင်အမတ် ရွေးကောက်ပွဲများ လည်း ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့၏ သွေးခွဲမှုအရ ဒိုင်အာခီအုပ်ချုပ်ရေးမှာ ပြည်မအတွက်သာဖြစ်ပြီး ကချင်၊ ကယား၊ ချင်း၊ ရှမ်း စသော ပြည်ထောင်စုဖွား တိုင်းရင်းသားများ၊ နယ်စပ်ဒေသများနှင့် မဆိုင်ပေ။ ၎င်းတို့ကို ခြွင်းချန်ဒေသဟု သတ်မှတ်ပြီး ဘုရင်ခံက ဆက်လက်ချုပ်ကိုင်ထားသည်။ ထို့ကြောင့် ဒိုင်အာခီအုပ်ချုပ်ရေးမှာ ဇရိယာအားဖြင့် ⅔ ပုံအတွက် အကျိုးခံစားခွင့်မရသော အုပ်ချုပ်ရေးလည်းဖြစ်သည်။

ဒိုင်အာခီအုပ်ချုပ်ရေးကြောင့် ပြည်သူ့ကိုယ်စားလှယ်များသည် အုပ်ချုပ်ရေးလုပ်ငန်းများ၌ အတွေ့အကြုံရရှိမှုတစ်ပါး နိုင်ငံရေးအာဏာ လုံးဝမရှိပေ။ ထိုအချိန်က မြန်မာတို့လိုချင်သော အုပ်ချုပ်ရေးမျိုးမှာလည်း ဟုမ်းရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးဖြစ်သည်။ ထို့ကြောင့် မျိုးချစ်စိတ်ပြင်းထန်သည့် နိုင်ငံရေးခေါင်းဆောင်များနှင့် ပြည်သူအများစုက ဒိုင်အာခီကို ဆန့်ကျင်၍ သပိတ်မှောက်ကြသည်။ ဒိုင်အာခီ ဥပဒေပြုကောင်စီအတွက် ပြည်သူ့ကိုယ်စားလှယ်ရွေးပွဲ ကျင်းပသောအခါ မဲပေးခွင့်ရှိသူအများစုက မဲမပေးဘဲ နေခြင်းဖြင့် သပိတ်မှောက်ခဲ့ကြသည်။ သို့သော် ဒိုင်အာခီကို လက်ခံသင့်၊ မသင့် ပြဿနာသည် ထိုစဉ်က မြန်မာတို့၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတပ်ဦးဖြစ်သော ဂျီစီဘီအေအသင်းချုပ်ကြီး နှစ်ခြမ်းကွဲသွားရသည့် အခြေခံအကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့သည်။ ဒိုင်အာခီအုပ်ချုပ်ရေးသည် ၂.၁.၁၉၂၃ မှ ၃၁.၃.၁၉၃၇ အထိ ဖြစ်သည်။

## ဒိုင်အာခီခေတ်အစိုးရအဖွဲ့များ (၁၉၂၃–၁၉၃၆)

ဒိုင်အာခီခေတ်ရောက်သောအခါ ဘုရင်ခံနှင့် မြန်မာအမတ်များပါဝင်သည့် အစိုးရအဖွဲ့များဖွဲ့သည့် စနစ်ပေါ်လာသည်။ ၎င်းကို ပူးတွဲတာဝန်ခံအစိုးရအဖွဲ့ဟုလည်း ခေါ်ဆိုကြသည်။ ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် စသော ဒိုင်အာခီခေတ်၏ ပထမဆုံး ပူးတွဲတာဝန်ခံအစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | | |
|---|---|---|
| ၁။ | ဆာဝီလျံကီ | ဘဏ္ဍာရေး |
| ၂။ | ဦးခင် | ပြည်ထဲရေး |
| ၃။ | ဂျေအေမောင်ကြီး | သစ်တောရေး |
| ၄။ | အမ်အေမောင်ကြီး | ပညာရေး |

ဒုတိယအကြိမ်မြောက်ဖွဲ့သည့် ပူးတွဲတာဝန်ခံအစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။



| | | |
|---|---|---|
| ၁။ | ဆာဝီလျံကီ | ဘဏ္ဍာရေး |
| ၂။ | ဦးမေအောင် | ပြည်ထဲရေး |
| ၃။ | ဆာလီအရိန် | သစ်တောရေး |
| ၄။ | ဒေါက်တာဘရင် | ပညာရေး |

တတိယအကြိမ်မြောက်ဖွဲ့သည့် ပူးတွဲတာဝန်ခံအစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | | |
|---|---|---|
| ၁။ | ဆာမြူရယ်အင်ဒရူးအမိုက်ဇီ | ဘဏ္ဍာရေး |
| ၂။ | ဂျေအေမောင်ကြီး | ပြည်ထဲရေး |
| ၃။ | ဆာလီအရိန် | သစ်တောရေး |
| ၄။ | ဦးဘတင် | ပညာရေး |

စတုတ္ထအကြိမ်မြောက် ပူးတွဲအုပ်ချုပ်ရေးအစိုးရအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | | |
|---|---|---|
| ၁။ | မစ္စတာကူးပါး | ဘဏ္ဍာရေး |
| ၂။ | ဆာမောင်ဘ | ပြည်ထဲရေး |
| ၃။ | ဂျေအေမောင်ကြီး | သစ်တောရေး |
| ၄။ | ဦးကျော်ဒင် | ပညာရေး |

ပဉ္စမအကြိမ်မြောက် ပူးတွဲအုပ်ချုပ်ရေးအစိုးရအဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | မစ္စတာကူးပါး | ဘဏ္ဍာရေး |
| ၂။ | ဆာမောင်ဘ | ပြည်ထဲရေး |
| ၃။ | ဦးဘဘေ | သစ်တောရေး |
| ၄။ | ဒေါက်တာဘမော် | ပညာရေး |

## ဓမ္မသိတင်းစာ (၁၈၄၃)

မြန်မာနိုင်ငံ၌ မြန်မာဘာသာဖြင့် ပထမဆုံးထုတ်သည့် သတင်းစာဖြစ်သည်။ ၁၈၄၃ ခုနှစ်၊ ဇန်နဝါရီလတွင် စထုတ်သည်။ မော်လမြိုင်ရှိ အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့က ထုတ်သည့် သတင်းစာဖြစ်သည်။ အယ်ဒီတာမှာ မစ္စတာစတီဗင် (E.A. Stevens) ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် *The Religious Herald* ဟူ၍ ဖြစ်သည်။ ပြည်တွင်းသတင်းသာမက ပြည်ပသတင်း ပါပါသည့် **ဓမ္မသိတင်းစာ**သည် တစ်လတစ်ကြိမ်ထုတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## နဂါးနီစာအုပ်အသင်း

'တစ်လလျှင် ၁၀ ပဲတန် သော့နှင့် ကမ္ဘာ့ဘဏ်တိုက်ကြီးကို ဖွင့်သော့' ဟူသော ကြွေးကြော်သံဖြင့် ကိုလိုနီခေတ်အတွင်းက ထင်ရှားခဲ့သော နဂါးနီစာအုပ်အသင်းကြီးကို သခင်နုနှင့် ဦးထွန်းအေးတို့က ဦးဆောင်ဆော်ဩ၍ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ထိန်ဝင်း၊ သခင်ထွန်းရွှေ၊ မြို့မဆရာဟိန်၊ ဦးသိန်းဖေမြင့်၊ ကိုထွန်းရွှေ၊ ကိုဘဆွေ၊ သခင်ချစ်၊ သခင်ဘဟိန်းနှင့် ကိုလှရွှေတို့၏ အားပေးကူညီမှုဖြင့် ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ အသင်းတိုက်၏နေရာမှာ အမှတ် ၁၅၁၊ စကော့ဈေး(ဗိုလ်ချုပ်အောင်ဆန်းဈေး)ရှိ ဦးထွန်းအေး၏ စာအုပ်တိုက်ပင် ဖြစ်သည်။ သခင်နုက ငွေကျပ် ၅၀၀ နှင့် ဦးထွန်းအေးက ငွေကျပ် ၅၀၀ စီဖြင့် အသင်းကို စထောင်သည်။ အသင်း၏ ပထမဆုံး အမှုဆောင်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။

| | | |
|---|---|---|
| ၁။ | မြို့မဆရာဟိန် | ဥက္ကဋ္ဌ |
| ၂။ | ကိုထွန်းရွှေ | အတွင်းရေးမှူး |
| ၃။ | သခင်ထိန်ဝင်း | တွဲဖက်အတွင်းရေးမှူး |
| ၄။ | သခင်ချစ် | ငွေထိန်း |
| ၅။ | သခင်နု | စာအုပ်ရွေးချယ်ရေး |
| ၆။ | သခင်သန်းထွန်း | စာအုပ်ရွေးချယ်ရေး |
| ၇။ | သခင်စိုး | ဝါဒဖြန့်ပွားရေးမှူး |

နဂါးနီစာအုပ်အသင်းဝင်လိုသူသည် တစ်လလျှင် ၁၀ ပဲကျဖြင့် တစ်နှစ်စာအတွက် ၇ ကျပ် ၈ ပဲနှင့် စာတိုက်ခအပါအဝင် ၁၀ ကျပ်ပေးသွင်းရုံသာ ဖြစ်သည်။ အသင်း၏ရည်ရွယ်ချက်မှာ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန်အတွက် တိုက်ပွဲဝင်ရာတွင် စစ်မှန်သော ဝါဒလမ်းစဉ်နှင့် တိုက်ပွဲဝင်မည့် ခေါင်းဆောင်ကောင်းများပေါ်ထွက်လာရေးအတွက် ဖြစ်သည်။ အထက်ပါရည်ရွယ်ချက်များအတွက် ၁၉၃၇ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း နဂါးနီစာအုပ်အသင်းက စာအုပ်ပေါင်း ၇၀ ကျော် ပုံနှိပ်ထုတ်ဝေခဲ့သည့်အနက် အချို့မှာ ဦးဘခိုင်ရေးသည့် **မြန်မာ့နိုင်ငံရေးရာဇဝင်**၊ မောင်သိန်းဖေ ရေးသည့် **ကုလားပမာတိုက်ပွဲ**၊ သခင်စိုးရေးသည့် **ဆိုရှယ်လစ်ဝါဒ**၊ မောင်နုရေးသည့် **လူမွဲ တို့ထွက်ရပ်လမ်း**၊ နှစ်တွဲနှင့် **ခေတ်မီပြဇာတ်များ**၊ မိုးကြိုးရေးသည့် **ဂျူးဆေးရီဇော်**၊ မြို့မဆရာဟိန်



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ရေးသည့် **ကျွန်ုပ်၏ စွန့်စားခြင်း**၊ ဒဂုန်ခင်ခင်လေး၏ **စစ်ရောင်ခြည်**၊ ဖေယျ၏ လူ၊ ဦးအုန်းမြင့် ရေးသည့် **တို့ရှမ်းပြည်**၊ ဦးကျော်တင့်ရေးသည့် **ပြင်သစ်အရေးတော်ပုံ**၊ လှရွှေရေးသည့် **မနုရှင်ဝါဒ**၊ ဦးညီပုရေးသည့် **ဒီဗလားရား**၊ ဦးမျိုးရှူ ရေးသည့် **ဗမာ့ပြဿနာ**၊ သခင်နုနှင့် သခင်လှဖေရေးသည့် **ကမ္ဘာ့နိုင်ငံရေးမြေပုံ**၊ ဒဂုန်တာရာရေးသည့် **မေ**၊ ထွန်းဖေရေးသည့် **တရုတ်အရေးတော်ပုံအတွင်းရေး**၊ ဒဂုန်ရွှေမျှားရေးသည့် **ရတနာဒီပ**၊ လှရွှေရေးသည့် **ဓနီးမောင်နှံကြာသက်ပန်**၊ ရွှေဥဒေါင်းရေးသည့် **လင်ကွန်း**၊ မျိုးညွန့်ရေးသည့် **ယနေ့ဗမာ**၊ အယ်ဒီတာတစ်ဦး ရေးသည့် **အာရှအတွင်းရေး**၊ ဦးဘတင်ရေးသည့် **ဂျပန်သူလျှို**၊ သခင်တင်မောင် ရေးသည့် **လင်းယုန်နီ**၊ ပုသိမ်ကိုကိုလေးရေးသည့် **သူရဲကောင်း**နှင့် တက္ကသိုလ်ဆုမြိုင်ရေးသည့် **လွတ်လပ်ရေးတိုက်ပွဲ**တို့ ဖြစ်သည်။

နဂါးနီစာအုပ်အသင်းက ထုတ်ဝေခဲ့သည့် စာအုပ်များတွင် နိုင်ငံရေးသဘောတရားစာအုပ်များ၊ နယ်ချဲ့ဆန့်ကျင်ရေးဆိုင်ရာ စာအုပ်များ၊ ပြည်တွင်းရေးနှင့် နိုင်ငံတကာအရေးအခင်းစာအုပ်များ၊ အတ္ထုပ္ပတ္တိစာပေ၊ ဝတ္ထုနှင့် ပြဇာတ်များ ပါဝင်သည်။ ထို့ကြောင့် နဂါးနီစာအုပ်အသင်းသည် မြန်မာတိုင်းရင်းသားတို့ ပြည်တွင်း၊ ပြည်ပရေးရာများနှင့် ပတ်သက်သည့် နိုင်ငံရေးအသိတရားရှိလာစေရန်၊ ဆိုရှယ်လစ်သဘောတရားများ ပြည်သူလူထုအတွင်း ပျံ့နှံ့လာစေရန်နှင့် လူငယ်များ အမြော်အမြင်ရှိစေရေးနှင့် တိုးတက်ကြီးပွားရေးတို့အတွက် အများဆုံး ဖြန့်ဖြူးပေးသည့် စာအုပ်အသင်းအဖြစ် မြန်မာ့သမိုင်း၌ ထင်ရှားသည်။ အသင်းသားဦးရေမှာလည်း ၁၉၃၈ ခုနှစ်တွင် ၁၅၀၀ ခန့်ရှိရာမှ ၁၉၃၉ ခုနှစ်တွင် ၃၀၀၀ ခန့်အထိ ရှိခဲ့သည်။

## နဂါးနီသီချင်း*

ဂီတစာဆို ဆရာရွှေတိုင်ညွန့် ရေးပြီး ခေတ်ဟောင်းအဆိုတော် ခင်မောင်ရင် သီဆိုခဲ့သည့် "နဂါးနီသီချင်း"သည် ကိုလိုနီခေတ်အတွင်းက အထူးလူကြိုက်များသည့် အမျိုးသားရေး တေးသီချင်းတစ်ပုဒ်ဖြစ်သည့်အတွက် မှတ်တမ်းတင်သည့်အနေဖြင့် ဖော်ပြလိုက်ပါသည်။*

---

၁၉၃၉ ခုနှစ်ထုတ် လှရွှေရေးသည့် မနုရှင်ဝါဒစာအုပ်တွင် နဂါးနီစာအုပ်တိုက်က ထုတ်သည့် နဂါးနီသီချင်းဓာတ်ပြား ထွက်ပြီဟု ကြော်ငြာပါသဖြင့် နဂါးနီသီချင်းသည် ၁၉၃၉ ခုနှစ်က ထွက်သည့် သီချင်းဟု ယူဆရသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည်၊ ရတနာခုနစ်သွယ် တကယ်ပင်စုံညီ တို့အမျိုးသားတိုင်းပြည်)၊၊ မွဲတဲ့သူ လှူဒါန်းနိုင်မည်၊ ကျောင်းဆောက်ကာ ဘုရားပါတည် ဘိုးဘိုးအောင်နဲ့ ရှင်အဇ္ဇဂေါဏတို့ မတွဲ ကိန်းဆိုက်ပြီ

သံပြိုင် (ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်၊ လူမွဲတွေက မနေ့းခေတ်မီ သူဌေးဖြစ်တော့မည်)၊

(တို့နဂါးနီ သိဒ္ဓိတန်ခိုးနဲ့ ဆင်းရဲသားတို့မညိုးပြီ အကျိုးထူးပေးတော့မည်)၊၊ ခေတ်သစ်ထူထောင်မည် အေးချမ်းသာယာစည် ဟော့ နဂါးနီတန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည်၊

(နေရေးနဲ့ စားသောက်ရေးပါ မနေ့းအောင်ပင် ကြံဆောင်ရမည် လူမွဲများ ချမ်းသာအောင် ကြံဆောင်မည် တို့နဂါးနီ)၊

(သာသနာရောင် ဘာသာရောင် ထွန်းလင်းပြောင်မည်)၊ ကောင်းစားမယ့် တို့တိုင်းပြည် ရွှေမိုးရွာမည်

သံပြိုင် (ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်၊ လူမွဲတွေက မနေ့းခေတ်မီ သူဌေးဖြစ်တော့မည်)၊

(တို့နဂါးနီ သိဒ္ဓိတန်ခိုးနဲ့ ဆင်းရဲသားတို့မညိုးပြီ အကျိုးထူးပေးတော့မည်)၊၊ ခေတ်သစ်ထူထောင်မည် အေးချမ်းသာယာစည် ဟော့ နဂါးနီတန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည်၊

(သိဒ္ဓိအဖုံဖုံ လုံခြုံစေမည် နေ့စဉ် ညစဉ် ဖိမထိုးဘဲ အကျိုးပေးနိုင်မည်)၊ မြန်မာပြည် နဂါးနီတန်ခိုးရယ်နဲ့ မြေလျှိုးပါလို့ မိုးပျံနိုင်မည် မွဲတဲ့သူတွေ ငွေမရှားအောင်လို့ တိုးပွားဆောင်ရွက်ကာမှန်း ထွက်ရပ်လမ်းပြမည်။

သံပြိုင် (ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်၊ လူမွဲတွေက မနေ့းခေတ်မီ သူဌေးဖြစ်တော့မည်)၊

(တို့နဂါးနီ သိဒ္ဓိတန်ခိုးနဲ့ ဆင်းရဲသားတို့မညိုးပြီ အကျိုးထူးပေးတော့မည်)၊၊ ခေတ်သစ်ထူထောင်မည် အေးချမ်းသာယာစည် ဟော့ နဂါးနီတန်ခိုးနဲ့ အမျိုးဂုဏ်တက်စေမည်၊



## နု-အက်တလီစာချုပ် (၁၉၄၇)

ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ ကြားဖြတ်အစိုးရသို့ နိုင်ငံ၏ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရန် သဘောတူကြောင်း ချုပ်ဆိုသည့် စာချုပ်ဖြစ်သည်။ စာချုပ်ကို မြန်မာနိုင်ငံ ကြားဖြတ်အစိုးရကိုယ်စား ထိုစဉ်က ဝန်ကြီးချုပ်ဦးနုနှင့် ဗြိတိသျှအစိုးရကိုယ်စား ဝန်ကြီးချုပ် ကလီမင့်အက်တလီ (Clement Attlee) တို့က လက်မှတ်ရေးထိုးကြသောကြောင့် နု-အက်တလီစာချုပ်ဟု ခေါ်သည်။ စာချုပ်ကို ၁၉၄၇ ခု၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် လန်ဒန်မြို့၌ ချုပ်ဆိုကြသည်။ စာချုပ်တွင် ဗြိတိသျှအစိုးရက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအား လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဟု အသိအမှတ်ပြုကြောင်း ဖော်ပြထားပြီး ထိုသို့ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် လွှဲပြောင်းပေးရာ၌ ပေါ်ပေါက်လာမည့် အပြောင်းအလဲများအတွက် လိုအပ်သော စီမံအစဉ်များကို အသေးစိတ်ဖော်ပြထားသည့် အချက် ၁၅ ချက်ပါဝင်သည်။ စာချုပ်ပါ အကြောင်းအရာများမှာ မြန်မာနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့ သံတမန်ဆက်ဆံရေးကိစ္စ၊ စာချုပ်စာတမ်းများကိစ္စ၊ နိုင်ငံသားဖြစ်မှုကိစ္စ၊ ကာကွယ်ရေးကိစ္စ၊ ငွေကြေးကိစ္စ၊ အစိုးရအမှုထမ်းများ၏ ပင်စင်နှင့်ဆုငွေကိစ္စ၊ အင်္ဂလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ကုန်သွယ်ရေးနှင့် ရေကြောင်းခရီးသွားလာရေးကိစ္စ၊ လေကြောင်းသွားလာရေးကိစ္စနှင့် မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးကိစ္စများ ဖြစ်သည်။ ဤစာချုပ်အရ ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပေါ်ထွန်းလာသည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးစာချုပ်ဟုလည်း ခေါ်ကြသည်။

## နေသူရိန်လူထုစည်းဝေးပွဲကြီး (၁၉၄၅)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်အတွင်း ကန်တော်ကြီးရှိ နေသူရိန်ဓာတ်ရုံကြီး၌ ၁၉၄၅ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပသော လူထုစည်းဝေးပွဲကြီး ဖြစ်သည်။ ဖဆပလအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည်။ တိုင်းရင်းသားပေါင်းစုံနှင့် အဖွဲ့ပေါင်းစုံမှ ကိုယ်စားလှယ်များ အစုံအညီတက်ရောက်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိမှူးသည်။ စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ ပထမဆုံးသော လူထုအင်အားပြပွဲကြီးအဖြစ် ထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



နု-အက်တလီစာချုပ်ကို သခင်နု လက်မှတ်ရေးထိုးနေပုံ



လူထုစည်းဝေးပွဲကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက ဖတပလအဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းပြသည်။ အစည်းအဝေးကြီးမှ မြန်မာနိုင်ငံအတွက် အရေးပါသည့် အောက်ပါအဆိုများကို တင်သွင်းဆုံးဖြတ်ကြသည်။ ၎င်းတို့မှာ-

၁။ စစ်အုပ်ချုပ်ရေး အမြန်ဆုံးရုပ်စဲ၍ မြို့ပြအုပ်ချုပ်ရေး ထူထောင်ရန်အဆို။

၂။ စက္ကူဖြူစီမံကိန်းကို အပြင်းအထန်ကန့်ကွက်ကြောင်းအဆို။

၃။ အမျိုးသားယာယီအစိုးရ ဖွဲ့ပေးရန်အဆို။

၄။ အမျိုးသားယာယီအစိုးရဖြင့် အုပ်ချုပ်နေစဉ်အတွင်း အရွယ်ရောက်သူတိုင်း မဲပေးနိုင်သည့် စနစ်ဖြင့် ရွေးကောက်သော လူထုကိုယ်စားလှယ်များပါသည့် တိုင်းပြုပြည်ပြုလွှတ်တော်က လွတ်လပ်သော မြန်မာနိုင်ငံအတွက် အခြေခံဥပဒေရေးဆွဲရေးအဆို။

၅။ အတ္တလန်တိတ် ကြေညာချက်ကို ထောက်ခံကြောင်းနှင့် ထိုကြေညာချက်နှင့်အညီ မြန်မာနိုင်ငံကို အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုရန် ဖြစ်သော လွတ်လပ်ရေးအဆို။

၆။ မျိုးချစ်ဗမာ့တပ်မတော်နှင့် ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားတပ်သားများကို အမာခံထား၍ ဗမာ့အမျိုးသားတပ်မတော် ပြန်လည်ဖွဲ့စည်းရေးအဆိုနှင့်

၇။ ဖတပလအောက်တွင် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေး အဆိုတို့ ဖြစ်သည်။

လူထုအစည်းအဝေးကြီးမှ အထက်ပါအဆိုများကို တင်သွင်းဆုံးဖြတ်ခဲ့သည့်အပြင် ဖတပလအဖွဲ့ကြီး၏ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေ(ယာယီ)ကို ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ အမျိုးသားလွတ်မြောက်ရေးကို ဆက်လက်ဦးဆောင်ဆင်နွှဲမည့် ဖတပလအဖွဲ့ကြီး၏ ဗဟိုဦးစီးအဖွဲ့ဝင် ၃၆ ဦး စာရင်းကိုလည်း ကြေညာခဲ့သည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားအားလုံး ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ဖတပလအဖွဲ့ကြီး၏ ခေါင်းဆောင်မှုအောက်တွင် တလုံးတစည်းတည်း တည်ရှိခဲ့ကြောင်း ပြသသည့် စည်းဝေးပွဲကြီးအဖြစ်လည်းကောင်း၊ လွတ်လပ်ရေးတိုက်ပွဲကို လူထုစည်းဝေးပွဲကြီးအဖြစ်လည်းကောင်း ထင်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်သီချင်း (၁၉၄၇)

လွတ်လပ်လာမည့် မြန်မာနိုင်ငံတော်အတွက် နိုင်ငံတော်သီချင်းကို တိုင်းပြည်ပြုလွှတ်တော် တတိယညီလာခံရက်အတွင်း ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် အတည်ပြုခဲ့သည်။ နိုင်ငံတော်အလံ၊ သီချင်းနှင့် တံဆိပ်ဆပ်ကော်မတီက ရေးသားပြုစုပြီး လွှတ်တော်က အတည်ပြုခဲ့သည့် နိုင်ငံတော်သီချင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

တရားမျှတ၊ လွတ်လပ်ခြင်းနဲ့ မသွေ
တို့ပြည်၊ တို့မြေ၊ များလူခပ်သိမ်း
ငြိမ်းချမ်းစေဖို့၊ ခွင့်တူညီမျှ၊ ဝါဒဖြူစင်တဲ့ ပြည်
တို့ပြည်၊ တို့မြေ၊ ပြည်ထောင်စုအမွေ၊ အမြဲတည်တံ့စေ
အမိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ။
(ကမ္ဘာမကျေ၊ မြန်မာပြည် တို့ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုးပေ)၂
ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ
ဒါတို့ပြည်၊ ဒါတို့မြေ၊ တို့ပိုင်နက်မြေ
တို့ပြည်၊ တို့မြေ အကျိုးကို ညီညာစွာ တို့တစ်တွေ
ထမ်းဆောင်ပါစို့လေ၊ တို့တာဝန်ပေ
အဖိုးတန်မြေ

## နိုင်ငံတော်တံဆိပ် (၁၉၄၇)

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အလံနှင့်အတူ နိုင်ငံတော်တံဆိပ်လည်း ရှိလာသည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် နိုင်ငံတော်တံဆိပ်မှာ အလယ်တွင် မြန်မာပြည်၏ မြေပုံပါရှိ၍ နံဘေးနှစ်ဖက်နှင့် အထက်တွင် ကနုတ်ပန်းတို့ဖြင့် ခြယ်လှယ်ထားသော ကေသရာဇာခြင်္သေ့သုံးစီး စောင့်ရှောက်ထားဟန် ပုံသဏ္ဌာန်ဖြစ်၏။

ရှေးမြန်မာပညာရှိတို့၏ သဘောအယူအဆတွင် ခြင်္သေ့သည် ရဲရင့်၏။ လုံ့လဝီရိယရှိ၍ ဘေးရန်အန္တရာယ်ကြီးငယ်မဟူကို တူညီသော အားထုတ်မှုဖြင့် ရန်ကို နှိမ်နင်း၏။ ထိုအရည်အချင်းတို့ကို မြန်မာတို့က အတုယူမည်ဆိုသည့်




နိုင်ငံတော်တံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



သဘောဖြစ်ပါသည်။ ခြသေ့ံသုံးစီးရံထားခြင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံကို ကာကွယ်စောင့်ရှောက်ထားသော သဘောလည်း ဖြစ်၏။ ခြသေ့ံနှင့် မြန်မာနိုင်ငံသည် စိန်ပန်းစာတ်ရ၍ မိတ်ဖက်ဖြစ်သည်ဟူ၍လည်း ယူဆကြသည်။

ခြသေ့ံတွင် ကနုတ်ပန်းများ ထည့်သွင်းထားခြင်းမှာ ရှေးအစဉ်အလာ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ထုတ်မှတ်တမ်းတင်သည့် သဘောလည်း ဖြစ်၏။ နိုင်ငံတော်တံဆိပ်တွင် ပါသော 'သမဂ္ဂါနံတပေါသုခေါ'ဆိုသည့်စကား၏ အဓိပ္ပာယ်မှာ 'စည်းလုံးညီညာ အောင်ကြောင်းသာ'ဟူ၍ဖြစ်သောကြောင့် စည်းလုံးညီညွတ်မှုကို အစဉ်ထာဝရတည်ဆောက်သွားကြရန် နှိုးဆော်ချက်ဖြစ်သည်။

နိုင်ငံတော်တံဆိပ်ကို ၁-၈-၁၉၄၇ နေ့ ကျင်းပသော တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုသည်။

## နိုင်ငံတော်ရှေ့နေချုပ်၊ နိုင်ငံတော်စာရင်းစစ်ချုပ် (၁၉၄၈)

လွတ်လပ်ရေးရစ မြန်မာနိုင်ငံ၏ လွှတ်တော်ရှေ့နေချုပ်မှာ ဦးချန်ထွန်းဖြစ်ပြီး နိုင်ငံတော်စာရင်းစစ်ချုပ်မှာ ဦးစံလွင် ဖြစ်သည်။

## နယ်ချဲ့ဆန့်ကျင်ရေးသမား မင်းညီမင်းသားများ

ဗြိတိသျှတို့ မန္တလေးနေပြည်တော်ကို သိမ်းယူလိုက်သောအခါ သူ့ကျွန်မခံလိုသူများက ဗြိတိသျှနယ်ချဲ့အား ခုခံတွန်းလှန်ရေးစစ်ပွဲများ မြန်မာပြည်အနှံ့ဆင်နွှဲခဲ့ကြသည်။ ထိုစစ်ပွဲများကို ဦးဆောင်ခဲ့ကြသည့် မဟာသွေး မဟာနွယ်ဝင်များဖြစ်ကြသော မင်းညီမင်းသားများအနက်မှ လက်လှမ်းမီသမျှ အထောက်အထားများမှ တွေ့ရှိသမျှကို မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။ ၎င်းတို့မှာ မင်းတုန်းမင်း၏ သားတော်များဖြစ်သော သတိုးမင်းရဲရန်ရှိန်ဘွဲ့ရ မြင်စိုင်းမင်းသားနှင့် ရွှေချိုးဖြူမင်းသား၊ ကနောင်မင်းသား၏ သားတော်များဖြစ်ကြသော ကျွန်းညွန့်မင်းသားနှင့် လင်းပင်မင်းသား၊ မက္ခရာမင်း၏ သားတော်များဖြစ်သော စောရန်ပိုင်နှင့် စောရန်နိုင်၊ မြင်ကွန်းမင်းသား၏ ညီဝမ်းကွဲတော်သူ ဘုရင်ခံမင်းသားဦးဘ၊ ထိပ်တင်မှတ်၊ ထိပ်တင်သိန်း၊ စကြာမင်းသား၊ ရွှေခင်ညိုမင်းသား၊ တောင်ညိုမင်းသား၊ ဗုဒ္ဓရာဇာ၊ သခ်ရာဇာနှင့် သီဟရာဇာတို့ ဖြစ်သည်။



## နယ်ခြားကျော်လွန်စိုက်ပျိုးခြင်း နည်းဥပဒေ (၁၉၁၁)

နမ့်ခမ်း၌ ၂၁-၂-၁၉၁၁ နေ့တွင် တရုတ်နှင့် ဗြိတိသျှအရာရှိများ လက်မှတ်ရေးထိုးထုတ်ပြန်သည့် နည်းဥပဒေဖြစ်သည်။ တရုတ်နှင့် မြန်မာနယ်စပ်နှစ်ဖက်ကိုလွန်၍ ပြောင်းရွှေ့လုပ်ကိုင်စားသောက်ကြသူများ စိုက်ပျိုးရေးလုပ်ကိုင်မှုနှင့် အခွန်ပေးရေးကိစ္စများ သတ်မှတ်သည့် နည်းဥပဒေ (Trans Frontier Cultivation Regulations) ဖြစ်သည်။


## နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၁၉၃၃)

တီပီအက်စ် (TPS) ခေါ် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ရ ဒေါ်ဦးဖွန်း (၁၈၆၈-၁၉၄၄) သီလရှင်ဘဝ၊ ၁၉၃၃ ခုနှစ်က စထောင်ခဲ့သော ဘိုးဘွားရိပ်သာဖြစ်သည်။ သင်္ဃန်းကျွန်းမြို့နယ် နှင်းဆီကုန်းရပ်ကွက်၊ ရန်ကုန်- မန္တလေး မီးရထားလမ်း၊ နှင်းဆီကုန်းဘူတာအနီး၌ ရှိသည်။ ထို့ကြောင့် 'ဒေါ်ဦးဖွန်းလူအိုရုံ'ဟုလည်းကောင်း၊ 'နှင်းဆီကုန်းလူအိုရုံ'ဟုလည်းကောင်း ခေါ်ကြသည်။ ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ ဒေါ်ဦးဖွန်းက နှင်းဆီကုန်းလူအိုရုံမှ အဘိုးအဘွားများကို ကိုယ်တိုင်ကြပ်မတ်၍ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မီးရထားဖြင့် ခေါ်သွားပြီး မင်းကွန်းလူအိုရုံ၌ ဆက်လက်စောင့်ရှောက်ထားသည်။ ဒေါ်ဦးဖွန်းနှင့် လိုက်မသွားဘဲ ကျန်နေသည့် အဘိုးအဘွားများကို ဘောက်ထော် ဒက္ခိဏာရုံကျောင်း ဆရာတော် ဦးဥတ္တရ နှင်းဆီကုန်းရွာနေ ဦးစံလှ၊ ရသေ့မ ဒေါ်ဉာဏ၊ ဒေါ်ဆိုင်နှင့် အာရှလူငယ်အစည်းအရုံးဝင်များက ကြည့်ရှုစောင့်ရှောက်ပေးခဲ့ကြသည်။

လူအိုရုံရှိ အဘိုးအဘွားများ ဒုက္ခရောက်နေ၍ ဒေါ်ဉာဏနှင့် ဒေါ်ဆိုင်တို့က ၁၉၄၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာ မန်နေဂျာ ဦးတင်ထံ သွားရောက်အကူအညီတောင်းခံကြသည်။ ထိုအကြောင်းကို သတင်းစာတွင် ထည့်သွင်းကြော်ငြာပေးသဖြင့် ဦးစိုးမြင့်နှင့် ပုဂ္ဂိုလ်ခြောက်ဦးတို့က ငွေကျပ် ၁၃၇၀ ကို ချက်ချင်းအလှူငွေထည့်ဝင်ခဲ့ကြသည်။ ထို့နောက် မြန်မာ့အလင်းဦးတင် ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး နာယက ၂ ဦး၊ အဖွဲ့ဝင် ၁၂ ဦးပါသော 'နှင်းဆီကုန်း လူအိုရုံစောင့်ရှောက်ရေးအဖွဲ့'ကို ၁၉၄၃ ခုနှစ်၊ ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ မုခ်ဦးသစ်ကြီး

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ (၇၅)နှစ်ပြည့် စိန်ရတု (၁၂၈၅-၁၃၇၀)-(၁၉၃၃-၂၀၀၈)
တည်ထောင်သူ တိုင်းကျိုး ပြည်ကျိုးဆောင်ဘွဲ့ရ ဘွားဦးငွေန်းအထိမ်းအမှတ်
ဘိုးဘွားဆောင်ကြီး





တိုင်းကျိုးပြည်ကျိုးဆောင် TPS ဘွဲ့ရ မေတ္တာ၊ စေတနာ၊ ကရုဏာရှင် အမျိုးသမီးကြီး
ဘွားဦးငွေန်း(ဓါသုမာလာ) (၁၂၃၀-၁၃၀၆)

www.burmeseclassic.com

www.burmeseclassic.com



၄ ရက်နေ့တွင် ကျိုက္ကဆံ ဦးဘတူဇရပ်၌ ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က မတည်ငွေ ၁၃၇၀ ကျပ်သာ ရှိသည်။

ပထမဆုံးဖွဲ့စည်းသည့် "နှင်းဆီကုန်း လူအိုရုံစောင့်ရှောက်ရေးအဖွဲ့"တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

၁။ ဆရာတော်ဦးဥတ္တရ ဒက္ခိဏာရုံကျောင်း၊ ဘောက်ထော် — နာယက
၂။ ဦးဘိုးကူ (တရားဟောဆရာ)၊ ကျိုက္ကဆံ — နာယက

အမှုဆောင်အဖွဲ့ဝင်များ

၁။ ဦးတင် (မြန်မာ့အလင်း) — ဥက္ကဋ္ဌ
၂။ ဦးဘတူ (မြန်မာဘလောက်တိုက်) — ငွေထိန်း
၃။ ဦးမြမောင် — အကျိုးတော်ဆောင်အတွင်းရေးမှူး
၄။ ဦးမောင်မောင်ကြီး — အဖွဲ့ဝင်
၅။ ဆရာဝန်ဦးမောင်ကြီး — အဖွဲ့ဝင်
၆။ ဦးဘတင် — အဖွဲ့ဝင်
၇။ ဦးစိုးမြင့် — အဖွဲ့ဝင်
၈။ ဦးပု — အဖွဲ့ဝင်
၉။ ဦးဘမြို့ — အဖွဲ့ဝင်
၁၀။ ဦးကျော်အေး — အဖွဲ့ဝင်
၁၁။ ဦးစံလှ — အဖွဲ့ဝင်
၁၂။ ဦးခင်ကြီး — အဖွဲ့ဝင်

ကျိုက္ကဆံ ရွှေကျင်တိုက်ဟောင်း မှန်ကျောင်းဆရာတော် ဦးဇသိဝသအား ၁၉၄၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် နာယကဆရာတော်အဖြစ် ထပ်မံတင်မြှောက်ကြသည်။ အမှုဆောင်လူကြီး ဦးခင်ကြီးနှင့် ဦးဘိုးကူတို့ အကြောင်းမညီညွတ်၍ နုတ်ထွက်သွားသောအခါ ဦးဘိုးဦး (မြန်မာ့အလင်း)အား ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ဦးအေးအား ၁၉၄၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင်လည်းကောင်း အစားထိုးခန့်ထားသည်။ လူအိုရုံစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စဉ်က အဘိုးငါးဦးနှင့် အဘွားခုနစ်ဦးခန့်သာ ရှိရာမှ ၁၉၄၅ ခုနှစ်တွင် အဘိုးအဘွားပေါင်း ၄၈ ယောက် ရှိလာသည်။

လွတ်လပ်ရေးရပြီးခေတ် ၁၉၅၁ ခုနှစ်တွင်မူ အဖွဲ့ဥက္ကဋ္ဌ ဦးတင်က "နှင်းဆီကုန်း လူအိုရုံစောင့်ရှောက်ရေးအဖွဲ့စည်းမျဉ်း" ရေးဆွဲအတည်ပြုကာ



အသင်းအဖွဲ့များ မှတ်ပုံတင်အက်ဥပဒေအရ ၁၉၅၁ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် မှတ်ပုံတင်ခဲ့ပြီး ၁၉၅၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် "နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့"ဟု အမည်ပြောင်း၍ မှတ်ပုံတင်သည်။

ဘိုးဘွားရိပ်သာ၏ ရည်ရွယ်ချက်များမှာ-

(က) မြန်မာနိုင်ငံအရပ်ရပ်မှ အသက် ၇၀ ကျော် (မူလ သတ်မှတ်စဉ်က ၆၀ ကျော်၊ ၁၉၅၉ ခုနှစ်မှ စ၍ ၇၀ ကျော်ဟု သတ်မှတ်) ခိုကိုးရာမဲ့ဖြစ်ပြီး မိမိဘာသာ ကျင်ကြီး၊ ကျင်ငယ်စွန့်နိုင်၍ စိတ်ဖောက်ပြန်ခြင်းမရှိဘဲ အကျင့်စာရိတ္တကောင်းမွန်သော အဘိုးအဘွားများကို လက်ခံ၍ စောင့်ရှောက်ကျွေးမွေးထားရန်။

(ခ) ဘိုးဘွားများ၏ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးတို့အတွက် တတ်အားသမျှ ဆောင်ရွက်ရန်။

(ဂ) ဘိုးဘွားများ၏ အကျိုးအတွက် မြေများ၊ အဆောက်အအုံများနှင့် အခြားမရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ရောင်းဝယ်ရန်၊ ပိုင်ဆိုင်ရန်နှင့် ထိန်းသိမ်းထားရှိရန်တို့ ဖြစ်သည်။

အောက်ပါအရည်အချင်းရှိသူများကိုသာ ရိပ်သာက လက်ခံရန် သတ်မှတ်ထားသည်။

၁။ အသက် ၇၀ ပြည့်ပြီးသူ
၂။ ခိုကိုးရာမဲ့ဖြစ်ပြီး မိမိကိုယ်တိုင် အလုပ်လုပ်ကိုင်စားသောက်ခြင်း၊ နေထိုင်ခြင်း မပြုနိုင်သူ
၃။ စိတ်ဖောက်ပြန်ခြင်း မရှိသူ
၄။ ကူးစက်တတ်သော ရောဂါ မရှိသူ
၅။ ကျန်းမာရေးကောင်းမွန်ကြောင်း ရိပ်သာ ဆေးရုံဆရာဝန်က ထောက်ခံသူ
၆။ မိမိဘာသာ သွားလာနိုင်ပြီး ကျင်ကြီး၊ ကျင်ငယ်စွန့်နိုင်သူ

ယခုလက်ရှိ အမှတ် ၂၁ ကမ္ဘာအေးစေတီလမ်း(ကုက္ကိုင်းလမ်း) မြေနေရာကို ၁၉၅၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ဝယ်ယူ၍ ရိပ်သာသစ်ကို ဆောက်လုပ်ခဲ့ရာ ၁၉၅၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် သယ်န်းကျွန်းရိပ်သာမှ အဘိုးအဘွား ၄၅ ယောက်ကို ရိပ်သာသို့ ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။ ရိပ်သာသစ်ဖွင့်ပွဲကို ၁၉၅၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပရာ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သူ ဦးနုက ဖွင့်လှစ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ (၂၀၀၈-၂၀၁၁) အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်သန်း | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးသိန်းအောင် | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဦးချစ်ဆွေ | ဘဏ္ဍာရေးမှူး |
| ၅။ | ဦးစိုးညွန့် | အမှုဆောင်စာရင်းစစ် |
| ၆။ | ဦးဝင်းဆွေ | အတွင်းရေးမှူး |
| ၇။ | ဦးမောင်မောင်ကြီး | တွဲဖက်အတွင်းရေးမှူး |
| ၈။ | ဦးညီညီလွင် | တွဲဖက်အတွင်းရေးမှူး |
| ၉။ | ဦးချစ်မြိုင် | တွဲဖက်အတွင်းရေးမှူး |
| ၁၀။ | ပါမောက္ခဒေါက်တာဒေါ်မေဝင်းအောင်ခင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၁။ | ဒေါ်ခင်သန်းချို | အမှုဆောင်အဖွဲ့ဝင် |
| ၁၂။ | ဒေါက်တာဦးယဉ်ထွန်း | အမှုဆောင်အဖွဲ့ဝင် |
| ၁၃။ | ဒေါက်တာတင်သိန်းလွင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၄။ | ဦးသန်းထွန်း | အမှုဆောင်အဖွဲ့ဝင် |
| ၁၅။ | ဦးကြိုင်မြင့် | အမှုဆောင်အဖွဲ့ဝင် |
| ၁၆။ | ဒေါ်ခင်သန်းနွယ် | အမှုဆောင်အဖွဲ့ဝင် |
| ၁၇။ | ဦးသန်းတင်အောင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၈။ | ဦးသန်းဆွေ | အမှုဆောင်အဖွဲ့ဝင် |

## နှစ်ဆယ့်တစ်ဦးပါတီ

ဗြိတိသျှနယ်ချဲ့အစိုးရက ပေးသော ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံသည့် ၂၁ ဦးဂျီစီဘီအေကို ခေါ်ခြင်းဖြစ်သည်။ ဦးဘဘေအပါအဝင် ဒိုင်အာခီကို လက်ခံလိုသူ ၂၁ ဦးက ခေါင်းဆောင်သောကြောင့် ၂၁ ဦးအဖွဲ့ဟုလည်း ခေါ်ကြသည်။ ဒိုင်အာခီကိုလက်ခံသောကြောင့် ဒိုင်သမားများဟုလည်း ခေါ်ကြသေးသည်။ ဂျီစီဘီအေအများစုက ဒိုင်အာခီကို လက်မခံဘဲ သပိတ်မှောက်သော်လည်းယင်း ၂၁ ဦးတို့က ဒိုင်အာခီကို လက်ခံခဲ့၍ ဂျီစီဘီအေသည် ပထမဆုံးအကြိမ်



နှစ်ခြမ်းကွဲသွားသည်။ ဒိုင်အာခီကို လက်ခံခြင်းမှာ နယ်ချဲ့အစိုးရကို ပူးသတ်ရန်ဟု ၂၁ ဦးတို့က အကြောင်းပြသည်။ ထိုသို့ အကြောင်းပြပြီး ဒိုင်အာခီရွေးကောက်ပွဲ ဝင်ကြသည်။ လက်တွေ့တွင်မူ နယ်ချဲ့အစိုးရက ပေးသမျှရာထူးကို လက်ခံ၍ နိုင်ငံအကျိုး ထိထိရောက်ရောက် မဆောင်ရွက်နိုင်ကြပေ။ နယ်ချဲ့အစိုးရကို ပူးသတ်မည်ဆိုသည့် ရည်ရွယ်ချက်သည်လည်း အကောင်အထည်မဖော်နိုင်ပေ။ ထိုစဉ်က ဂျီစီဘီအေအများစုနှင့် ပြည်သူ့ဆန္ဒမှာ ဟုမ်းရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးဖြစ်သောကြောင့် ၂၁ ဦးတို့မှာ ပြည်သူ့ဆန္ဒနှင့် ဆန့်ကျင်နေသည့်အတွက် ပြည်သူလူထု၏ ထောက်ခံမှုကို မရဘဲ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားခဲ့ရသည်။

## နှစ်အလိုက် မီးရထားလမ်းဖောက်လုပ်ပြီး မိုင်စာရင်း

မြန်မာ့မီးရထားသမိုင်း၌ ပထမဆုံးဖွင့်လှစ်သည့် ရန်ကုန်-ပြည် မီးရထားလမ်းစဖွင့်သည့် ၁၈၇၇ ခုနှစ်၊ မေလ ၁ ရက်နေ့မှ စ၍ ၁၉၃၅ ခုနှစ်အထိ နှစ်အလိုက် ဖောက်လုပ်ပြီးစီးခဲ့သည့် မီးရထားလမ်းမိုင်များကို **နှစ်တစ်ရာပြည့် မီးရထားသမိုင်း**စာအုပ်မှ ကူးယူဖော်ပြလိုက်ပါသည်။

| ခုနှစ် | မိုင်ပေါင်း | ခုနှစ် | မိုင်ပေါင်း |
|---|---|---|---|
| ၁၈၇၇ | ၁၆၁ | ၁၈၉၅ | ၈၃၄· |
| ၁၈၈၀ | ၁၆၇ | ၁၈၉၆ | ၈၈၆ |
| ၁၈၈၄ | ၂၆၀ | ၁၈၉၇ | ၈၈၆·၅၀ |
| ၁၈၈၅ | ၃၃၃ | ၁၈၉၈ | ၉၃၆·၁၃ |
| ၁၈၈၈ | ၄၄၁ | ၁၈၉၉ | ၉၉၃·၃၄ |
| ၁၈၈၉ | ၅၅၃ | ၁၉၀၀ | ၁၁၂၄ |
| ၁၈၉၀ | ၅၅၆ | ၁၉၀၁ | ၁၁၇၇·၇၀ |
| ၁၈၉၁ | ၆၁၇ | ၁၉၀၂ | ၁၂၆၀·၅၀ |
| ၁၈၉၂ | ၇၁၇ | ၁၉၀၃ | ၁၃၃၆·၉၇ |
| ၁၈၉၃ | ၇၃၀ | ၁၉၀၄ | ၁၃၄၀·၁၅ |
| ၁၈၉၄ | ၇၄၅ | ၁၉၀၇ | ၁၃၇၄·၉၂ |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၁၉၀၈ | ၁၅၂၇-၀၈ | ၁၉၂၄ | ၁၆၈၂-၉၉ |
| ၁၉၁၁ | ၁၅၂၇-၇၈ | ၁၉၂၅ | ၁၆၉၅-၁၁ |
| ၁၉၁၂ | ၁၅၄၄-၈၃ | ၁၉၂၆ | ၁၈၁၄-၇၆ |
| ၁၉၁၄ | ၁၅၆၀-၀၈ | ၁၉၂၇ | ၁၈၈၂-၄၇ |
| ၁၉၁၅ | ၁၆၀၇-၃၃ | ၁၉၂၈ | ၁၉၀၈-၄၆ |
| ၁၉၁၈ | ၁၆၁၃-၈၆ | ၁၉၂၉ | ၁၉၃၀-၅၁ |
| ၁၉၂၀ | ၁၆၂၁-၈၃ | ၁၉၃၀ | ၂၀၄၆-၂၈ |
| ၁၉၂၁ | ၁၆၃၈-၆၃ | ၁၉၃၁ | ၂၀၅၇-၂၅ |
| ၁၉၂၃ | ၁၆၅၆-၃၈ | ၁၉၃၅ | ၂၀၅၉-၈၉ |

## နှမ်းစိုက်ဧရိယာ

ကိုလိုနီခေတ်အတွင်းက မြန်မာတစ်နိုင်ငံလုံး နှမ်းစိုက်ဧရိယာမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

| ခုနှစ် | နှမ်းလျင် | နှမ်းကြီး | စုစုပေါင်းဧက |
|---|---|---|---|
| ၁၈၉၄-၉၅ | - | - | ၄၀၉,၅၃၀ |
| ၁၉၀၁ | - | - | ၈၂၈,၅၁၂ |
| ၁၉၁၁ | ၆၀၈,၉၄၆ | ၃၂၈,၈၉၄ | ၉၃၇,၈၄၀ |
| ၁၉၂၁ | ၇၅၃,၆၉၃ | ၃၉၄,၆၆၁ | ၁,၁၄၈,၃၅၄ |
| ၁၉၂၄ | ၆၉၀,၀၁၄ | ၃၂၅,၃၄၁ | ၁,၀၁၅,၃၅၅ |
| ၁၉၂၇ | ၇၇၆,၈၉၅ | ၃၁၆,၀၂၂ | ၁,၀၉၂,၉၁၇ |
| ၁၉၃၀ | ၈၈၁,၄၉၆ | ၃၄၃,၅၃၀ | ၁,၂၂၅,၀၂၆ |

၁။ ဤစာရင်းကို မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ(၁)မှ ကူးယူဖော်ပြပါသည်။



## ပယကဖ (၁၉၃၉)

'ပြည်သူ့ယဉ်ကျေးမှုနှင့် တိုးတက်ကြီးပွားရေးအဖွဲ့'၏ အတိုကောက် အခေါ် ဖြစ်သည်။ ထိုအဖွဲ့ကို ဆမားဒူ၀ါဆင်ဝါးနော်က ဦးစီး၍ ၁၉၃၉ ခုနှစ်တွင် ဖွဲ့သည်။ ရည်ရွယ်ချက်မှာ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ လုံးဝလွတ်လပ်ရေးနှင့် စက်မှုလက်မှုနိုင်ငံထူထောင်ရေးတို့ဖြစ်သည်။ ဗမာတို့နှင့်အတူ လွတ်လပ်ရေးအရယူရေး စည်းရုံးလှုပ်ရှားခဲ့သည်။

## ပဒေသရာဇ်ရှမ်းပြည်နယ် (၁၉၂၂)

ပဒေသရာဇ်ရှမ်းပြည်နယ်ခေါ် (Federated Shan States ကို ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းသည်။ ပဒေသရာဇ်ရှမ်းပြည်နယ်ကို ရှမ်းပြည်နယ်မြောက်ပိုင်းမှ ခြောက်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ ၃၅ နယ်ဖြင့် ပူးပေါင်းဖွဲ့စည်းသည်။ ပဒေသရာဇ်ရှမ်းပြည်နယ်ကို မြန်မာနိုင်ငံမှ ခွဲထုတ်၍ ဘုရင်ခံ၏ လက်အောက်တွင် ထားပြီး အုပ်ချုပ်သည်။ အုပ်ချုပ်ရေးတွင် ပဒေသရာဇ်ရှမ်းပြည်နယ်ဆိုင်ရာ ဝန်ရှင်တော်မင်းကြီးက ပဒေသရာဇ်ကောင်စီ (The Federal Council) နှင့် တွဲဖက်၍ အုပ်ချုပ်သည်။ ပဒေသရာဇ်ကောင်စီကို 'ကမ္ဘောဇပဒေသရာဇာအသင်း'ဟုလည်း ခေါ်သည်။

ပဒေသရာဇ်ကောင်စီသည် ဝန်ရှင်တော်မင်းကြီးအား ကူညီရသည့် အတိုင်ပင်ခံကောင်စီ ဖြစ်သည်။ ထိုကောင်စီတွင် စော်ဘွားများ အားလုံးပါသဖြင့် ရှမ်းစော်ဘွားများ၏ ပဒေသရာဇ်ကောင်စီဟူ၍လည်း ခေါ်ကြသည်။ ပဒေသရာဇ်ကောင်စီတွင် မြို့စားနှင့် ငွေခွန်မှူးများထဲမှ ရွေးကောက်တင်မြှောက်ခံရသူ လေးဦးလည်း ပါဝင်သည်။ ပဒေသရာဇ်ကောင်စီ ဥက္ကဋ္ဌမှာ ဝန်ရှင်တော်မင်းကြီး ဖြစ်သည်။ စော်ဘွားများမှာ အဖွဲ့ဝင်များဖြစ်သော်လည်း မည်သည့်ကိစ္စကိုမျှ ဆုံးဖြတ်ပိုင်ခွင့် မရှိ။ အတိုင်ပင်ခံကောင်စီများသာ ဖြစ်၍ ရှမ်းပြည်နယ်နှင့် သက်ဆိုင်သော ကိစ္စနှင့် ရသုံးမှန်းခြေငွေစာရင်းအပါအဝင် အထွေထွေကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပေးရုံမျှသာ ဖြစ်သည်။ ပဒေသရာဇ်ကောင်စီတွင် ဥပဒေပြုအာဏာလည်း မရှိပေ။ ပဒေသရာဇ်ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံနှင့် အုပ်ချုပ်ပုံချင်းသာမက ဘဏ္ဍာရေးတွင်ပါ တသီးတခြားစီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပခုက္ကူမြို့ ဘိုးဘွားရိပ်သာ (၁၉၃၇)

ကိုလိုနီခေတ်အတွင်းက ဘွားဦးဖွန်း ဦးစီးတည်ထောင်သော ပဌမမြောက် ဗုဒ္ဓဘာသာ လူအိုရုံဖြစ်သည်။ ဒေါ်ဦးဖွန်းနှင့်အတူ ဤရိပ်သာကို ၁၉၃၇ ခုနှစ်တွင် ဦးစီးတည်ထောင်သူများမှာ နယ်ပိုင်ဝန်ထောက် ဦးထွန်းမှိ၊ ကျောင်းအုပ်ဆရာကြီး ဦးဘသန်း၊ စက်ရှင်မင်းကြီး မစ္စတာပိုက်၊ ဦးခင်မောင်မောင် (စက်ရှင်မင်းကြီး၏ သား)၊ ခြင်းလုံးဝိဇ္ဇာ ဦးကြင်၊ ဒေါ်ဦးဖွန်း၏ မွေးစားသား ဦးခင်၊ ဒေါ်မမကလေး (ရေနံတွင်းစား ဦးမျိုးညွန့်ဇနီး)နှင့် ဒေါ်တင် (တိုင်းမင်းကြီး ဦးတင်မောင်၏ ဇနီး)တို့ ဖြစ်သည်။ စေတနာရှင် ယာခင်းပိုင်ရှင် ဦးစိန်ခိုင် လှူဒါန်းသော ယာမြေနှစ်ဧကပေါ်၌ ရိပ်သာကို စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

## ပညာရေးဌာနပေါ်လာခြင်း (၁၈၆၆)

ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် ၁၈၆၆ ခုနှစ်တွင် ပညာရေးဌာနကို စတင်ဖွဲ့စည်းသည်။ အင်္ဂလိပ်ဘာသာဖြင့် (Department of Public Instruction) ဟုခေါ်သည်။ ဌာနအကြီးအကဲမှာ ပညာမင်းကြီးဖြစ်သည်။ စဖွဲ့စဉ်က ပညာမင်းကြီးတစ်ဦး၊ နယ်လှည့်ဆရာ လေးဦးနှင့် စာရေးဝန်ထမ်းတစ်ဦးသာ ရှိသည်။ ပထမဆုံးခန့်ထားသော ပညာမင်းကြီးမှာ မော်လမြိုင်မြို့ အစိုးရကျောင်းအုပ်အဖြစ် ဆောင်ရွက်သူ မစ္စတာဂျီအိပ်ဟောက်ချ် (Mr.GH Hough) ဖြစ်သည်။ မူလလုပ်ငန်းနှစ်ရပ်မှာ စစ်ဆေးရေးနှင့် ကွပ်ကဲရေးတို့ဖြစ်သည်။ ၁၈၇၅ ခုနှစ်ရောက်သောအခါ ပညာဝန်တစ်ဦးနှင့် ပညာအုပ်သုံးဦး ထပ်မံခန့်ထားသည်။ ပညာဝန်သည် တိုင်းအဆင့်စစ်ဆေးရေးကို တာဝန်ယူရသူဖြစ်သည်။ ပညာအုပ်များမှာ ပညာဝန်အား ကူညီရန်အတွက် ခန့်ထားခြင်းဖြစ်သည်။ ထိုစဉ်က တိုင်းပညာဝန်များမှာ နိုင်ငံခြားသားများဖြစ်ပြီး အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း (Indian Educational Service) ခေါ် အထက်တန်းရာထူး ရထားသူများဖြစ်သည်။

ပညာရေးဌာနပေါ်လာသည့် အချိန်တွင် မြန်မာနိုင်ငံ၌ အစိုးရကျောင်း လေးကျောင်းသာ ရှိသည်။ ၄င်းတို့မှာ မော်လမြိုင်၊ ကျောက်ဖြူ၊ စစ်တွေနှင့်



ပြည်မြို့များရှိ ကျောင်းများဖြစ်သည်။ ထို့နောက် ကျောင်းဦးရေ တိုးပွားလာသည့်အလျောက် ပညာမင်းကြီးအပြင် လက်ထောက်ပညာမင်းကြီး၊ တိုင်းပညာဝန်၊ လက်ထောက်တိုင်းပညာဝန်၊ ပညာအုပ်၊ ဒုတိယပညာအုပ်နှင့် နယ်လှည့်ဆရာဟူ၍ ရာထူးများ တိုးပွားလာသည်။ ပညာမင်းကြီးခေါင်းဆောင်၍ အဖွဲ့ ၂၀ ပါသော ကျောင်းသုံးစာအုပ်ကော်မတီပေါ်လာသောအခါ ထိုလုပ်ငန်းအတွက် အယ်ဒီတာနှင့် လက်ထောက်အယ်ဒီတာရာထူးများ တိုးတွင်၍ ခန့်ထားသည်။

ထိုစဉ်က ပညာရေးဌာနဝန်ထမ်းလောကတွင် အဆင့်သုံးမျိုးရှိသည်။ ပထမအမျိုးအစားမှာ အိန္ဒိယပညာရေးပဋိညာဉ်ခံဝန်ထမ်း (Indian Education Service)ခေါ် ဗြိတိသျှအင်ပါယာ၏ သစ္စာတော်ခံများအဖြစ် အင်္ဂလန်မှ တိုက်ရိုက်ရွေးချယ်ခန့်ထားခံရသည့် ဥရောပတိုက်သား အင်္ဂလိပ်မျက်နှာဖြူများဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ပြည်နယ်ပညာရေးဝန်ထမ်း (Provrinical Education Service) အမျိုးအစားဖြစ်သည်။ ၄င်းတို့မှာ ဥရောပတိုက်သား အင်္ဂလိပ်မျက်နှာဖြူများနှင့် အင်္ဂလိပ်ကပြားများ ဖြစ်သည်။ တတိယအမျိုးအစားမှာ အငယ်တန်းပညာရေးဝန်ထမ်း (Subordinate Education Service) အမျိုးအစားဖြစ်သည်။ ၄င်းတို့မှာ ဥရောပတိုက်သား အင်္ဂလိပ်မျက်နှာဖြူများ၊ အင်္ဂလိပ်ကပြားများ၊ အိန္ဒိယတိုင်းသားများနှင့် မြန်မာတိုင်းရင်းသားတို့ ဖြစ်သည်။

ပညာရေးဆိုင်ရာ လုပ်ငန်းများကို ပညာမင်းကြီး ဦးဆောင်သော ပညာရေးဌာနက တာဝန်ယူဆောင်ရွက်လာရာမှ ၁၉၂၃ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးခေတ်ရောက်သောအခါ ဝန်ကြီးဌာနများ ပေါ်လာသည်။ ထို့ကြောင့် ပညာရေးဌာနသည်လည်း ပညာရေးဝန်ကြီးဌာနအဆင့်သို့ တိုးတက်လာသည်။ အုပ်ချုပ်ရေးစနစ်သစ်နှင့် အတူပေါ်လာသော ပညာရေးဝန်ကြီးဌာန၏ ပထမဆုံးဝန်ကြီးမှာ ဆာမောင်ကြီး ဖြစ်သည်။

ပညာရေးဌာန၏ မှတ်သားဖွယ်ရာဆောင်ရွက်ချက်တစ်ရပ်မှာ ၁၈၉၆ ခုနှစ်၊ ဖွန်လမှ စ၍ ပထမပြန်စာမေးပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပညာရေးဆင်ဒီကိတ် (၁၈၈၁–၁၉၂၁)

ပညာရေးဆင်ဒီကိတ် (Educational Syndicate)ဆိုသည်မှာ ပညာရေးနှင့်ပတ်သက်၍ အစိုးရကို အကြံဉာဏ်နှင့် အကူအညီပေးရန် အစိုးရဝန်ထမ်းမဟုတ်သူများဖြင့် ဖွဲ့ထားသည့် ပညာရေးဆိုင်ရာအဖွဲ့ ဖြစ်သည်။ ပထမဆုံးဥက္ကဋ္ဌမှာ ဆာဂျွန်ဂျာဒင်း (Sir John Jardine) ဖြစ်ပြီး အဖွဲ့ဝင် ၂၀ ဦးရှိသည်။ အဖွဲ့၏ အဓိကရည်ရွယ်ချက်များမှာ ၁။ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြှင့်တင်ပေးရေး ၂။ ပညာရေးနှင့်ပတ်သက်၍ အစိုးရအား အကြံပေးရေးနှင့် ၃။ စာမေးပွဲများကျင်းပရေးအတွက် လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ပေးရေးတို့ကို ဆောင်ရွက်ရန် ဖြစ်သည်။

အထက်ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် ပညာရေးဆင်ဒီကိတ်သည် မြို့အုပ်စာမေးပွဲ၊ ရှေ့နေစာမေးပွဲ၊ သူကြီးစာမေးပွဲ၊ မြေတိုင်းစာရေးစာမေးပွဲအပါအဝင် အခြားစာမေးပွဲများကို ကြီးကြပ်စစ်ဆေးပေးခဲ့သည်။ ဤအဖွဲ့၏ အခြားဆောင်ရွက်ချက်များမှာ ပညာရေးဌာနအောက်တွင် စတင်ဖွင့်လှစ်ခဲ့သော ရန်ကုန်ကောလိပ်ကို ၁၈၈၃ ခုနှစ်မှ စ၍ လွှဲပြောင်းရယူထိန်းသိမ်းအုပ်ချုပ်ပေးခဲ့ခြင်း၊ ရန်ကုန်တက္ကသိုလ်ပေါ်ပေါက်ရေးအတွက် အကြံဉာဏ်ပေးခြင်း၊ ဘားနတ်ပိဋကတ်တိုက်ကို အုပ်ချုပ်ခဲ့ခြင်း၊ ဥပဒေသင်တန်းများ ဖွင့်လှစ်ခြင်း၊ ပညာရေးအလှူငွေများကို စည်းကမ်းနှင့်အညီ ထိန်းသိမ်းခြင်း၊ သာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ပြုစုခြင်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းအပါအဝင် ပညာရေးအဆင့်အတန်းမြင့်မားရေးတို့အတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကြီးပေါ်ပေါက်လာပြီး နောက်တစ်နှစ်ဖြစ်သော ၁၉၂၁ ခုတွင် အဖွဲ့ကို ဖျက်သိမ်းလိုက်သည်။

## ပညာတံခွန်အသင်း

ပညာတံခွန်အသင်းကို ဂျပန်ခေတ်အတွင်း ၁၉၄၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ဖွဲ့သည်။ ဒေါက်တာဘဟန်က အသင်းဥက္ကဋ္ဌနှင့် ဦးဆက်က ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ အသင်း၏ အဓိကလုပ်ငန်းနှစ်ခုမှာ မြန်မာအဘိဓာန် ပြုစုရန်နှင့် စွယ်စုံကျမ်းပြုစုရန်တို့ ဖြစ်သည်။ ထို့ကြောင့် ဆရာကြီးဦးဖေမောင်တင်က ဥက္ကဋ္ဌနှင့် ဦးခင်မောင်လတ်၊ ဦးသိမ်းမောင်၊ ဦးသိန်းဟန်၊ ဦးဝန်၊ ဦးစိန်ဝင်း



နှင့် ဦးတင် အသင်း၏ အတွင်းရေးမှူးတို့ အဖွဲ့ဝင်အဖြစ်ပါသော မြန်မာအဘိဓာန် ပြုစုရေးနှင့် မြန်မာ့စွယ်စုံကျမ်းပြုစုတည်းဖြတ်ကြီးကြပ်မှု ဆပ်ကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။

မြန်မာအဘိဓာန်ပြုစုရေး ဆပ်ကော်မတီကို ဆရာကြီးဦးဝန်(မင်းသုဝဏ်) က ဦးဆောင်သည်။ ဦးစိန်ဝင်းလက်ထောက်စာတည်းနှင့် စာပြုများမှာ ပထမကျော် ဦးကြီးဖေ၊ ပထမကျော် ဦးတင်ရွှေ၊ ဦးသာတင်(မာယ)၊ ဦးထူးရွှေ၊ ဒေါ်မကြီး (ရန်ကုန်မြူနီစီပယ်မင်းကြီး ဦးထွန်းအုံကတော်)၊ ဦးကိုကိုနှင့် ဦးတင်လှတို့ ဖြစ်ကြသည်။ စာပြုများက ပြုစုပြီးသော မူကြမ်းများကို စာတည်းများက ပထမစစ်ဆေးတည်းဖြတ်ကြသည်။ ထို့နောက် အတိုင်ပင်ခံစာတည်းများဖြစ်ကြသော ဦးဖေမောင်တင်၊ ဒီးဒုတ်ဦးဘချိုနှင့် ဦးခင်မောင်လတ်တို့ထံ ပေးပို့စိစစ်စေသည်။ ဤသို့ဖြင့် ၁၉၄၅ ခု၊ ဧပြီလကုန်လောက်တွင် 'က'အက္ခရာမှ 'င' အက္ခရာ တစ်ဝက်လောက်အထိကို အချောနှင့် 'ခ'အက္ခရာမှ 'ဝ'အက္ခရာအထိကို အကြမ်းပြီးသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။

စွယ်စုံကျမ်းလုပ်ငန်းကိုမူ ဦးခင်မောင်(သူကြီးဂေဇက်)က ဦးဆောင်၍ အမှုဆောင်အယ်ဒီတာ ဦးအုန်းဖေ(တက်တိုး)၊ မယ်ခကျွေး ဒေါ်ခင်ခင်နှင့် ဒေါ်ခင်အေးနွဲ့(ပထဝီဝင်-ကထိက)က တာဝန်ယူဆောင်ရွက်သည်။ စွယ်စုံကျမ်းပြုစုရာတွင် အထွေထွေသိပ္ပံ၊ စီးပွားရေး၊ သမိုင်း၊ ပထဝီဝင်၊ ဘာသာစကား၊ စာပေ၊ သဿနိကဗေဒ ဟူ၍ ကဏ္ဍများခွဲ၍ ဆောင်ရွက်ကြသည်။ စာပြုများမှာ ဦးတင်ဦး၊ ဦးဟန်ကြွယ်၊ ဦးယုဆိုင်၊ ဦးအောင်မင်းနှင့် ဦးမောင်မောင်တို့ဖြစ်သည်။

အဘိဓာန်ဌာနလုပ်ငန်းများကို ကွမ်းခြံကုန်းမြို့ ဂျားကြောင်းဝင်းအတွင်းရှိ ဖိုးကြာဓံဇရပ်၌ ၁၉၄၄ ခု၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင်ဆောင်ရွက်သည်။ ဖိုးကြာဓံဇရပ်မှာ ဆရာကြီးမင်းသုဝဏ်၏ အဘိုး ဦးကြာဓံက ဆောက်လုပ်လှူဒါန်းထားသော ဇရပ်ဖြစ်သည်။ ထို့နောက် မြို့အုပ်ရုံးကြီး အောက်ထပ်အခန်းကျယ်ကြီးတစ်ခုသို့ ပြောင်းရွှေ့ဖွင့်လှစ်ကြသည်။ ၁၉၄၅ ခု၊ မေလတွင် ကွမ်းခြံကုန်းမြို့ ဗုံးကြဲခံရသောအခါ အဘိဓာန်လုပ်ငန်းနှင့် စွယ်စုံကျမ်းလုပ်ငန်းများလည်း ရပ်စဲသွားသည်။ လွတ်လပ်ရေးခေတ် ၁၉၄၈ ခုနှစ်တွင် ပညာတံခွန်အသင်းက ၎င်း၏ အဘိဓာန်လုပ်ငန်း အားလုံးကို ရန်ကုန်တက္ကသိုလ်သို့ လွှဲပြောင်းပေးသည်။ ဆရာကြီးမင်းသုဝဏ်ကပင် ဦးဆောင်ကာ ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာပေဂုဏ်ကုတ်ဝေရေးဌာနက စစ်အတွင်းက အဘိဓာန်လုပ်ငန်းကို ဆက်လက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်၍ မြန်မာအဘိဓာန် အကျဉ်းချုပ်စာအုပ်များကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းလုပ်ငန်းမှာလည်း ပညာတံခွန်အသင်း၏ လက်ငုတ်လုပ်ငန်းတစ်ခုဟု ဆိုရပါမည်။

ပညာတံခွန်အသင်းသည် မြန်မာအဘိဓာန်လုပ်ငန်းနှင့် စွယ်စုံကျမ်းလုပ်ငန်းများကို အခြေချပေးသည့် အသင်းဖြစ်၍ သမိုင်းဝင်အသင်းတစ်သင်းအဖြစ် မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။

## ပါတော်မူနေ့

တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး သီပေါမင်းနှင့် မိဖုရားတို့ ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် အိန္ဒိယသို့ ပါတော်မူရသည်ကို အကြောင်းပြု၍ ခေါ်သည့် နေ့ဖြစ်သည်။ ကိုလိုနီခေတ်အတွင်းက အမျိုးသားနေ့၊ ဦးဝိစာရနေ့၊ ၉၁ ဌာနအုပ်ချုပ်ရေးသစ် တိုက်ဖျက်ရေးနေ့၊ အလုပ်သမားနေ့ စသည်ဖြင့် အမျိုးသားရေးဆိုင်ရာ နေ့များ ရှိခဲ့ရာ ပါတော်မူနေ့မှာလည်း အမျိုးသားရေးဆိုင်ရာနေ့တစ်နေ့အဖြစ် ပါဝင်သည်။ နှစ်စဉ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ရောက်တိုင်း တို့ဗမာအစည်းအရုံးဝင် သခင်လူငယ်များက ဦးဆောင်၍ ပါတော်မူနေ့ကို ကျင်းပခဲ့ကြသည်။ ပါတော်မူနေ့ကို မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွက် သွယ်ဝိုက်သော နည်းဖြင့် တွန်းအားပေးသည့် လှုပ်ရှားမှုတစ်ခုအဖြစ် ကျင်းပခဲ့ခြင်း ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့အုပ်ချုပ်ရေးကို ဆန့်ကျင်ပြသည့် နေ့အဖြစ် ကျင်းပသည့် သဘောလည်းပါသည်။

## ပါတော်မူ

ကိုလိုနီခေတ်အတွင်းက ပေါ်ပေါက်ခဲ့သော ဇာတိမာန်တက်ကြွစေသည့် တေးသီချင်းများအနက်မှ ထင်ရှားသော သီချင်းအမည်တစ်ခုဖြစ်သည်။ သီပေါမင်းနှင့် မိဖုရားတို့ အိန္ဒိယသို့ ပါတော်မူရသည့်အကြောင်း ရေးထားသည့်သီချင်းဖြစ်သည်။ ဆရာရွှေတိုင်ညွန့်က ရေးစပ်ပြီး ဒေါ်စိန်ပါတီ သီဆိုခဲ့သောသီချင်းဖြစ်သည်။ သီချင်းစာသားများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ခြေဆင်း။** ။ ရတနာပုံနေပြည် မင်းဆယ့်တစ်ဆက် အုပ်စိုးခဲ့သည်။ ရှေးရှေးတုန်းကတော့ အလွန်သာယာစည်၊ သီပေါရာဇာနန်းစံ ၇ နှစ်မှာ ဖြစ်ရတဲ့ အရေးကို တွေးမိပါတော့သည်။

အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းယူကြောင်း ကြေညာစာ

**Annexation Proclamation***


By command of the Queen Empress it is here by notified that the terriories formerly governed by King Theebaw will no longer be under his rule, but have become part of Her Majesty's dominions, and will during Her Majesty's pleasure be administered by such officers as the Viceroy and Governor-General of India may from time to time appoint.

(Sd.) Dufferin
Viceroy and Governor-General


* နိုင်ငံသမိုင်းသုတေသနစာစောင်၊ ၅၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ မတ်လ ၁၉၈၅ မှ

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့ဗြိတိသျှတို့ သိမ်းပြီးစ မန္တလေးနန်းတော်ကိုတွေ့ရပုံ (၁၈၈၆)



အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသော သီပေါဘုရင်နှင့် မိဖုရားပါတော်မူပုံကို
မန္တလေးဆရာချုံက ပန်းချီဖြင့် မှတ်တမ်းတင်ထားပုံ

www.burmeseclassic.com

www.burmeseclassic.com



က။ မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှကို ရွှေကညစ်နှင့် ရေးကာ စာကိုစီ ရာဇဝင်သို့ မြန်နန်းအယုဇ္ဈမှာ ကေရာဇ်နှင့် ဝေးတာကြာလေပြီ၊ ထောင့်နှစ်ရာလေးဆယ် ခုနှစ်မှာ အတည်တန်ဆောင်မှန်းလဆုတ် ရှစ်ရက်နေ့ကိုတော့ မမေ့နိုင်ပါသည်။ ယနေ့တိုင်ကြာပြီ မမေ့နိုင်ပါသည်။ ရေမြေ့ရှင်ကို ယူငင်သွားတော့ လူရှင်များက ကြေကွဲကြလို့ ရေနဲ့ငါးပုံအညီ ခြော်… သီပေါရာဇာ ပါတော်မူရှာသည်။
သံပြိုင်။ ။(ကိုယ့်ဘုရင် ကိုယ့်အရှင်ကို မျှော်မှန်းရည် ယနေ့တိုင် မမေ့နိုင်ပါတော့သည်)၂
ခ။ ဗိုရိုပေါ်ကို မောင်နှံတင်လို့ ဆောင်ပြန်ရှင် ဇာတာနွမ်းလို့ မြန်းရရှာလေသည်။ ကမ္ဘာ့အလီလီ အားယုတ်စေဖို့ အာဋဝိတံတားက ထုတ်လို့ ရာဇာစမုတ်ကို ဆောင်သည်။ မဟာမြတ်မုနိကိုတောင် ဖူးမြော်ချင်ရက်ကယ်နဲ့ ဦးတော်မတင်ရရှာလေပြီ။
**သံပြိုင်။** ။ကိုယ့်ဘုရင်… ပြန်ကောက်။
ဂ။ ရွှေမှန်ကင်းအစစ်က ထင်းဖြစ်ရတာ ကြာလေပြီ ရေစီးတစ်ခါ ရေသာတစ်လှည့်အညီ အမိမြန်မာပြည် မြန်မာပြည် ရွှေတိုင်ညွန့်က စာစီ ဘုန်းတန်ခိုးနဲ့ တိုးတက်ကြလိမ့်မည်။ ရွှေနန်းရှင်ကို ထင်မြင်ကာ လွမ်းမိပါတော့သည်။
**သံပြိုင်။** ။ ကိုယ့်ဘုရင်… ပြန်ကောက်။

## ပီအက်စ်စီ (၁၉၃၇)

ပီအက်စ်စီဆိုသည်မှာ ရာထူးဝန်အဖွဲ့၏ အတိုကောက်အခေါ်ဖြစ်သည်။ ရာထူးဝန်အဖွဲ့ကို အင်္ဂလိပ်ဘာသာဖြင့် (Public Service Commission) ဟု ခေါ်သောကြောင့် ထိုစကားလုံးသုံးလုံးမှ ထိပ်ဆုံးစကားလုံးများကို ယူ၍ ခေါ်ထားခြင်းဖြစ်သည်။ ကိုလိုနီခေတ်အတွင်းက မြို့အုပ်၊ နယ်ပိုင်နှင့်အဆင့်တူ အခြားအေသနှရ ဝန်ထမ်းအဆင့်များ ခန့်ထားရာတွင် ၁၉၂၃ ခုနှစ်မှ စ၍ ဝန်ထမ်းရွေးချယ်ရေးဘုတ်အဖွဲ့များဖြင့် ရွေးချယ်ခဲ့သည်။ သို့သော် ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေး အစကာလဖြစ်သော ၁.၄.၁၉၃၇ မှ စ၍ ရာထူးဝန်အဖွဲ့ကို စတင်ဖွဲ့စည်းပြီး အရာရှိများနှင့် စာရေးစာချီ ဝန်ထမ်းများ ရွေးချယ်ရာတွင် ဗဟိုအဆင့်ဖြင့် ရွေးချယ်သည့်စနစ်ကို စတင်ကျင့်သုံးသည်။ ပထမဆုံးဥက္ကဋ္ဌမှာ Mr. C. F Grant ဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် Mr. P.B Quinlan က ဥက္ကဋ္ဌဖြစ်လာသည်။ ဂျပန်ခေတ်အတွင်း



၁.၈.၁၉၄၂ နေ့တွင် ရာထူးဝန်အဖွဲ့ကို ဗမာနိုင်ငံတော် ဝန်ထမ်းပြန်လည်ပြုပြင်ရေးအဖွဲ့ဟု အမည်ပြောင်းသည်။ ထို့နောက် ၂.၂.၁၉၄၃ တွင် နိုင်ငံတော်အစိုးရ ရာထူးခန့်ထားရေးဌာနခွဲဟု အမည်ပြောင်းပြီး ၄င်း၏ ဌာနညွှန်ကြားရေးဝန်အဖြစ် မန္တလေးခရိုင်ဝန် ဦးဘလှိုင်ကို ခန့်ထားသည်။ ၂၆.၅.၁၉၄၃ တွင် ရာထူးခန့်ထားရေးဌာနခွဲကို "ဗမာနိုင်ငံတော်အစိုးရ ရာထူးခန့်ထားရေးအဖွဲ့"ဟု အမည်ပြောင်း၍ ဥက္ကဋ္ဌအဖြစ် ဦးဘလှိုင်ကိုပင် ခန့်ထားသည်။ စစ်ပြီးခေတ် ပြန်လည်ဖွဲ့စည်းထားသော ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌမှာ (Mr. C. N. Paget) ဖြစ်သည်။ တိုင်းပြည်ပြုလွှတ်တော်က ၂၄.၉.၁၉၄၇ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက် ၁.၁၁.၁၉၄၇ တွင် ခန့်ထားသော ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌမှာ ဦးလွန်းဘော်ဖြစ်သည်။ ဦးလွန်းဘော်သည် ထိုရာထူးတွင် ၁၉၆၃ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ယခုအခေါ်မှာမူ "ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့" (Civil Service Selection and Training Board) ဖြစ်သည်။

## ပီအာပီ (၁၉၃၉)

ကိုလိုနီခေတ် မြန်မာ့သမိုင်း၌ အရေးပါသည့် အဖွဲ့အစည်းတစ်ခုမှာ ပီအာပီ (Peoples Revolutionary Party) ခေါ် "ပြည်သူ့အရေးတော်ပုံပါတီ" ဖြစ်သည်။ ဘီအာပီ (Burma Revolutionary Party) ဟုလည်း ခေါ်ကြသည်။ သို့သော်လည်း ပီအာပီကို စတင်ဖွဲ့စည်းကြသည့် ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ အမှတ်အသားမတူသည်ကို လေ့လာတွေ့ရှိရသည်။ စစ်ကိုင်းဟန်တင် ရေးသည့် **လုံးဝလွတ်လပ်ရေးသို့** စာအုပ်တွင် ပီအာပီကို "မြေအောက်တော်လှန်ရေးဗဟိုအဖွဲ့"ဟု ဖော်ပြထားပြီး ပီအာပီကို အောက်ပါပုဂ္ဂိုလ်များက ၁၉၃၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် စတင်ဖွဲ့စည်းသည်ဟု ဆိုပါသည်။

| | | |
|---|---|---|
| ၁။ | သခင်မြ | ပြည်တွင်းခေါင်းဆောင် |
| ၂။ | သခင်အောင်ဆန်း | ပြည်ပခေါင်းဆောင် |
| ၃။ | သခင်လှဖေ | |
| ၄။ | သခင်နု | |
| ၅။ | ကိုဗဟိန်း | |
| ၆။ | ကိုလှမောင်(ဗိုလ်ဇေယျ) | |
| ၇။ | ကိုလှမောင်(မိတ္ထီလာ) | |

www.burmeseclassic.com

www.burmeseclassic.com



၈။ ကိုဗဆွေ
၉။ သခင်ချစ်
၁၀။ ကိုကျော်ငြိမ်း (အာအီးတီ-မင်းဘူးချမ်းသာ)
၁၁။ ကိုထွန်းရွှေ (နဂါးနီ)
၁၂။ ကိုကျော်ငြိမ်း

**တို့ဗမာအစည်းအရုံးသမိုင်း၊** ဒုတိယတွဲတွင်မူ ပီအာပီကို "ဗဟိုမြေအောက်တော်လှန်ရေးအဖွဲ့"ဟု ဖော်ပြထားပြီး ပီအာပီကို အောက်ပါပုဂ္ဂိုလ်များက ၁၉၄၀ ပြည့်နှစ်၊ မေလ ၁၂ ရက်နေ့တွင် သာယာဝတီမြို့၌ ကျင်းပသော တို့ဗမာအစည်းအရုံး၏ ပဉ္စမမြောက်ညီလာခံကျင်းပပြီးနောက်မှ ဖွဲ့စည်းသည်ဟု ဆိုပါသည်။

| | |
|---|---|
| ၁။ သခင်မြ | အဖွဲ့ခေါင်းဆောင် |
| ၂။ သခင်ထွန်းရွှေ(ဆရာထွန်းရွှေ) | စည်းရုံးရေးဌာန |
| ၃။ သခင်ချစ်(ဆရာချစ်) | စည်းရုံးရေးဌာန |
| ၄။ သခင်ဗဟိန်း | ဝါဒပြန့်ပွားရေးဌာန |
| ၅။ ကိုထွန်းအုံး(တက္ကသိုလ်သမဂ္ဂဝါယမ) | ဘဏ္ဍာရေးဌာန |
| ၆။ သခင်ဗဆွေ (တက္ကသိုလ်သမဂ္ဂအတွင်းရေးမှူးဟောင်း) | လက်နက်စုဆောင်းရေး |
| ၇။ ကိုကျော်ငြိမ်း(အကောက်ခွန်ဌာန) | နိုင်ငံခြားဆက်သွယ်ရေးနှင့် ထောက်လှမ်းရေး |

ဝိဇ္ဇာရသခင်ချစ်မောင်ရေးသည့် **အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး သခင်မြ** စာအုပ်တွင်မူ ပီအာပီကို ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့သည်ဟု ဆိုပါသည်။ ပီအာပီ၏ အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သခင်မြ
၂။ သခင်အောင်ဆန်း
၃။ သခင်ခင်အောင်
၄။ သခင်လှဖေ
၅။ ကိုဗဆွေ(ကျောင်းသား)
၆။ ကိုဗဟိန်း



၇။ ကိုလှမောင်(သံအမတ်)
၈။ ကိုလှမောင်(ဗိုလ်ဇေယျ)
၉။ ကိုထွန်းရွှေ(နဂါးနီ)
၁၀။ ဆရာချစ်
၁၁။ ကိုကျော်ငြိမ်း

ပီအာပီကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သော ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေက ၁၂.၃.၁၉၇၁ နေ့ထုတ် **ရွှေတူဂျာနယ်**တွင် ရေးသော "တော်လှန်ရေး၏ မြုပ်ကွက် ရုပ်ကွက်များ"ဆောင်းပါးတွင်မူ ပီအာပီကို အောက်ပါအမှုဆောင်များဖြင့် ဖွဲ့စည်းသည်ဟု ဆိုပါသည်။

| | |
|---|---|
| ၁။ သခင်မြ | အဖွဲ့ခေါင်းဆောင် |
| ၂။ သခင်အောင်ဆန်း | အထွေထွေခေါင်းဆောင် |
| ၃။ သခင်ချစ် | အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးဌာနမှူး |
| ၄။ သခင်ဗဆွေ | စစ်ရေးဌာနနှင့် စည်းရုံးရေးဌာနမှူး |
| ၅။ ဦးကျော်ငြိမ်း | ထောက်လှမ်းရေးဌာနမှူး |
| ၆။ ကိုထွန်းရွှေ(နဂါးနီ) | ဝါဒဖြန့်ချိရေးဌာနမှူး |
| ၇။ ကိုဘဟိန်း | |
| ၈။ ကိုလှမြိုင်(ဗိုလ်ရန်အောင်) | |

ပီအာပီကို မြန်မာ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရန်နှင့် နိုင်ငံခြားအကူအညီရယူရေးအတွက် လျှို့ဝှက်၍ ဖွဲ့စည်းခဲ့ကြသည်။ မြေအောက်လျှို့ဝှက်အဖွဲ့အစည်းဖြစ်၍ (Underground) ဟုခေါ်ရာမှ (Underground)၏ အတိုကောက် ယူဂျီ (UG) ဆိုသည့် အသုံးအနှုန်းပေါ်လာသည်။ ပီအာပီ၏ ကြွေးကြော်သံမှာ "နယ်ချဲ့တို့၏ စစ်ပွဲသည် ငါတို့၏ ထီးတင်ပွဲ ဖြစ်ရမည်"ဟူ၍ ဖြစ်သည်။ ပီအာပီကို စတင်ဖွဲ့စည်းသူများမှာ သခင်လူငယ်များနှင့် မျိုးချစ်ကျောင်းသားလူငယ်များ ဖြစ်သည်။ သခင်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်တို့ ဂျပန်နိုင်ငံ၌ စစ်ပညာသင်ယူနိုင်ရေးအတွက် လျှို့ဝှက်စွာ ပို့ဆောင်ပေးခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် ဖဆပလကို ဖွဲ့သောအခါတွင်လည်း ပါဝင်ခဲ့သည်။ စစ်ပြီးသောအခါ ပြည်သူ့လွတ်လပ်ရေးပါတီခေါ် ဗမာပြည်ဆိုရှယ်လစ်ပါတီ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပီဘီအက်ဖ် (PBF)

ပီဘီအက်ဖ်ဆိုသည်မှာ မျိုးချစ်ဗမာ့တပ်မတော်ကို ခေါ်ခြင်းဖြစ်သည်။ မျိုးချစ်ဗမာ့တပ်မတော်ဆိုသည်မှာ အင်္ဂလိပ်ဘာသာဖြင့် Patriotic Burmese Forces ဟု ခေါ်သည်။ ယင်းအင်္ဂလိပ်စကားသုံးလုံးမှ ထိပ်ဆုံးအက္ခရာများကို ယူ၍ (PBF) ပီဘီအက်ဖ်ဟု အတိုကောက်ခေါ်နေကြခြင်းဖြစ်သည်။ ယင်းမှာ ဖက်ဆစ်တော်လှန်ရေးအတွင်းက ဗမာ့တပ်မတော်ကို ခေါ်သည့် အခေါ်ဖြစ်သည်။

မျိုးချစ်ဗမာ့တပ်မတော်ဟု ခေါ်ခြင်းမှာ ဒုတိယကမ္ဘာစစ်တွင် ပါဝင်တိုက်ခိုက်ခြင်းနှင့် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲခြင်းတို့မှာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက်သာဖြစ်ကြောင်း ထင်ရှားစေလို၍ ဖြစ်သည်။ (ဘီအိုင်အေ၊ ဘီဒီအေကိုလည်း ကြည့်ပါ။)

## ပင်လုံအစည်းအဝေး (၁၉၄၆)

ရှမ်းစော်ဘွားများ၏ မိုင်းကိုင်အစည်းအဝေးကို ၁၉၄၆ တွင် ကျင်းပပြီးနောက် စော်ဘွားများ၏ ဒုတိယအကြိမ်အစည်းအဝေးကို ပင်လုံ၌ ၁၉၄၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ တက်ရန် ဘုရင်ခံ ဒေါ်မန်စမစ်အား ဖိတ်ကြားသော်လည်း ဘုရင်ခံဖျားနေ၍ အစည်းအဝေး မတက်ဖြစ်။ အစည်းအဝေးသို့ ဗိုလ်ချုပ်အောင်ဆန်းကို ဖိတ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်းက ရခိုင်ပြည်နယ်သို့ ခရီးထွက်ရန် စီစဉ်ထားပြီးဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား ဖဆပလမှ သခင်နု၊ ဦးဗဂျမ်းနှင့် မန်းဘခိုင်တို့ တက်ရောက်ကြသည်။ အစည်းအဝေးသို့ ကချင်ခေါင်းဆောင်အချို့နှင့် ဦးစော တို့လည်း တက်ရောက်သည်။ အစည်းအဝေးတွင် တိုင်းရင်းသားအားလုံး လွတ်လပ်ရေး အတူတကွ ရယူရေး ဆွေးနွေးကြသည်။ စဝ်ဖများ ကောင်စီခေါ် ရှမ်းစော်ဘွား အသင်းကိုလည်း ဖွဲ့စည်းသည်။



ရှမ်းစော်ဘွားများ၏ ၁၉၄၆ ပင်လုံအစည်းအဝေးသို့ တက်ရောက်သူများ

www.burmeseclassic.com


www.burmeseclassic.com



## ပင်လုံညီလာခံ (၁၉၄၇)

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညွတ်စွာ လွတ်လပ်ရေးကို အတူတကွရယူရေးအတွက် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ကျင်းပသော ညီလာခံကို ခေါ်ခြင်းဖြစ်သည်။ ညီလာခံပေါ်ပေါက်စေသည့် နောက်ခံသမိုင်းကြောင်းမှာ ဤသို့ဖြစ်သည်။ စစ်ပြီးခေတ် ၁၉၄၇ ခု နှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့ကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရတို့ အင်္ဂလန်နိုင်ငံ၌ မြန်မာ့လွတ်လပ်ရေးကိစ္စ ဆွေးနွေးကြသောအခါ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးမည်ဆိုလျှင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ တပေါင်းတည်း လွတ်လပ်ရေးပေးရန် တင်ပြသည်။ ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းက အရေးဆိုနေစဉ် ရှမ်းစော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ်ထံ ကြေးနန်းရိုက် အကြောင်းကြားကြသည်။ ထိုအခါ တောင်ကြီးနှင့် သီပေါမြို့များတွင် လူထုအစည်းအဝေးပွဲများ လုပ်ကာ ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းလူထုကိုယ်စားလှယ်ဖြစ်ရုံမက ဗိုလ်ချုပ်အောင်ဆန်း၏ တင်ပြတောင်းဆိုချက်များကိုပါ လူထုက ထောက်ခံကြောင်း အင်္ဂလန်ဝန်ကြီးချုပ်ထံ ကြေးနန်းပြန်ရိုက်ကြသည်။

ဗြိတိသျှအစိုးရ၏ သဘောထားမှာမူ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရာတွင် တောင်တန်းဒေသများကို ချန်ထားလိုပုံရသည်။ သို့ဖြစ်၍ နောက်ဆုံး အောင်ဆန်းအက်တလီစာချုပ်ကို ချုပ်ဆိုနိုင်သောအခါ တောင်တန်းဒေသများကိုပါ တပေါင်းတည်း လွတ်လပ်ရေးပေးရန်ကိစ္စနှင့် ပတ်သက်၍ ပင်လုံ သို့မဟုတ် အခြားသင့်တော်မည့် တစ်နေရာရာတွင် တောင်တန်းသားများကို တွေ့ဆုံဆွေးနွေး၍ ဆုံးဖြတ်ချက်ယူရမည်ဆိုသော အချက်တစ်ချက်ပါသည်။ ဤအချက်အရ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပင်လုံမြို့၌ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးညီလာခံကို ကျင်းပခဲ့သည်။ ညီလာခံသို့ မြန်မာဘက်မှ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဖဆပလအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ ရဲဘော်ကိုယ်စားလှယ်များ၊ ကျောင်းသားနှင့် လူငယ်ကိုယ်စားလှယ်များ၊ သတင်းစာတိုက်များမှ ကိုယ်စားလှယ်၊ ဆိုရှယ်လစ်ပါတီမှ ကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။



ပင်လုံရောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ




ပင်လုံမြင်ကွင်းတစ်ကွက်

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအစိုးရကိုယ်စားလှယ် ဘော်တွမ်လေနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့
ပင်လုံညီလာခံ၌ တွေ့ဆုံကြစဉ်း (၉·၂·၄၇)



တောင်တန်း-ပြည်မပူးပေါင်းရေးအထိမ်းအမှတ် ကျောက်တိုင်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားများဘက်မှလည်း ကချင်ဒူ၀ါများနှင့် လူထုကိုယ်စားလှယ်များ၊ တောင်ပိုင်းနှင့် မြောက်ပိုင်းမှ ချင်းကိုယ်စားလှယ်များ၊ ကိုန်းဖောကိုယ်စားလှယ်များ၊ ရှမ်းစော်ဘွားများနှင့် လူထုကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ကေအင်ယူအဖွဲ့မှ ဖဒိုဝီရီကျော်၊ သထုံဦးလှဖေ၊ စောစံကေးနှင့် ဦးချစ်တီးတို့က လေ့လာသူအဖြစ် တက်ရောက်ကြသည်။ ဗြိတိသျှအစိုးရဘက်မှမူ ဒိုမီနီယံဆိုင်ရာ အတွင်းဝန် ဘော့တွမ်လေ (A.G Bottomley)၊ မြန်မာနိုင်ငံ နယ်ခြားဒေသဆိုင်ရာမင်းကြီး မစ္စတာစတီဗင်ဆင်နှင့် အရာရှိကြီးငယ်များလည်း တက်ရောက်လေ့လာကြသည်။

၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှ စ၍ တိုင်းရင်းသားကိုယ်စားလှယ်များက လူမျိုးစုအလိုက်လည်းကောင်း၊ လူမျိုးစုအဖွဲ့အချင်းချင်း ပူးပေါင်း၍လည်းကောင်း ပဏာမဆွေးနွေးညှိနှိုင်းကြပြီးနောက် တောင်တန်းနှင့် မြေပြန့် တပေါင်းတည်း လွတ်လပ်ရေးယူမည့် ပင်လုံစာချုပ်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ဤသို့ဖြင့် သမိုင်းဝင်ပင်လုံစာချုပ်ကြီး ပေါ်ပေါက်ခဲ့ရသည်။

## ပေါင်းတည်ဘိုးဘွားရိပ်သာ (၁၉၂၉)

ကိုလိုနီခေတ်အတွင်းက ဘွားဦးဖွန်း၏ မတည်ငွေဖြင့် ၁၉၂၉ ခုနှစ်တွင် တည်ထောင်သော တတိယမြောက် လူအိုရုံဖြစ်သည်။ စတည်ထောင်စဉ်က "ပေါင်းတည်မြို့ ဗုဒ္ဓဘာသာသူအိုရုံ"ဟု ခေါ်သည်။

ပေါင်းတည်ဘိုးဘွားရိပ်သာ၏ ပထမဆုံး အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျောင်းအမကြီး ဒေါ်ဦးဖွန်း နာယက

| | | |
|---|---|---|
| ၁။ | ဦးထွန်းညွန့် (အမိန့်တော်ရရှေ့နေ) | ဥက္ကဋ္ဌ |
| ၂။ | ဦးဘိုးဆင် (ကျောင်းဆရာ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးကြာဟန် (ကျောင်းဆရာ) | အတွင်းရေးမှူး |
| ၄။ | ဦးအုန်းရွှေ | တွဲဖက်အတွင်းရေးမှူး |
| ၅။ | ဦးဘိုးကြင် (ဦးနာဒူ) | ငွေထိန်း |
| ၆။ | ဦးကြံ (အမိန့်တော်ရရှေ့နေ) | အဖွဲ့ဝင် |
| ၇။ | ဦးလှရွှေ (ဆရာဝန်ကြီး) | အဖွဲ့ဝင် |



| | | |
|---|---|---|
| ၈။ | ဦးငြိမ်း (အမိန့်တော်ရရှေ့နေ) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်ထွား (အမိန့်တော်ရရှေ့နေ) | အဖွဲ့ဝင် |
| ၁၀။ | ဦးသန့် (အမိန့်တော်ရရှေ့နေ) | အဖွဲ့ဝင် |
| ၁၁။ | ဦးစောကြီး (ကုန်သည်) | အဖွဲ့ဝင် |
| ၁၂။ | ဦးထွန်းမင်း (အထည်ကုန်သည်) | အဖွဲ့ဝင် |
| ၁၃။ | ဦးဘိုးရှင် (ရွှေပန်းထိမ်) | အဖွဲ့ဝင် |

အဘိုး အဘွား ၃၀ ခန့်ဖြင့် ရိပ်သာကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

## ပန်းချီဆရာများအသင်း (၁၉၃၀)

"ပန်းချီဆရာများအသင်း"ကို ဒီးဒုတ်ဦးဘချို၊ သခင်ဘသောင်း၊ ပညာဝန်ဦးဖိုးကျားနှင့် ဒေါ်မြစိန်တို့က ဦးဆောင်၍ ၁၉၃၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ဖွဲ့သည်။ ထိုစဉ်က ဘားမားအာ့ကလပ်ခေါ် "မြန်မာပြည်ပန်းချီအသင်း"ရှိသော်လည်း ထိုအသင်းမှာ အင်္ဂလိပ်အရာရှိများက ဦးဆောင်သော အသင်းဖြစ်နေသဖြင့် ပန်းချီပညာရှင်များအားလုံး ပါဝင်နိုင်သည့်အခြေအနေ မရှိပေ။ ပန်းချီပညာရှင်နှင့် ဝါသနာပါသူအများစုမှာ ထိုအသင်းနှင့် ကင်းကွာနေကြသည်။ ပန်းချီလောကတွင် ရှေးမြန်မာပန်းချီဆရာများ၊ ခေတ်ပညာတတ်ပန်းချီဆရာများ၊ လမ်းမတော်သံဈေးမှ ပန်းချီဆရာများ၊ မဂ္ဂဇင်းနှင့် ဂျာနယ်လောကမှ ပန်းချီဆရာများ ဟူ၍ အုပ်စုလိုက် သီးခြားစီဖြစ်နေသောကြောင့် ရှေးရိုးရာပန်းချီဆရာများလည်း ခေတ်မီလာစေရန်၊ ခေတ်သစ်ပန်းချီဆရာများလည်း ရှေးမှုကို သိလာစေရန်၊ ခေတ်ဟောင်းနှင့် ခေတ်သစ် ပေါင်းကူးပေးရန်နှင့် ပန်းချီလောက ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခြင်းဖြစ်သည်။

အသင်းက ချမှတ်ထားသည့် ရည်ရွယ်ချက်ငါးရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ရန်ကုန်မြို့အတွင်း သင့်လျော်သည့် နေရာ၌ ပြတိုက်တစ်ခုဖွင့်ရန်
၂။ အသင်းတိုက်တွင် ပန်းချီဆရာတို့၏ ကားများကို ပြသ၍ ခုနစ်ရက်သို့မဟုတ် တစ်လတစ်ကြိမ် ဆွေးနွေးပွဲကျင်းပ၍ အရည်အချင်းတိုးမြှင့်ရေး ဆောင်ရွက်ရန်

www.burmeseclassic.com



၃။ မိမိတို့တတ်ကျွမ်းသော ပညာကို အလှည့်ကျဟောပြောခြင်းဖြင့် ပညာနုသေးသောသူများအား ပညာတိုးပွားစေရန်
၄။ ပန်း ၁၀ မျိုးဆိုင်ရာ မြန်မာပညာရှင်များ၏ လက်ရာကောင်းများကို တစ်နှစ်တစ်ကြိမ်ဖြစ်စေ၊ နှစ်နှစ်တစ်ကြိမ်ဖြစ်စေ ပြပွဲပြုလုပ်ပေးရန်
၅။ ပန်းချီပညာရှင်များ၏ အကျိုးကို ကာကွယ်စောင့်ရှောက်ပေးရန်

ဤအသင်း၏ ရည်ရွယ်ချက်ကို ကြည့်ခြင်းအားဖြင့် ပန်းချီပညာနှင့် ပန်းချီပညာရှင်များအတွက်သာမက မြန်မာ့ပန်း ၁၀ မျိုးနှင့်ပါ သက်ဆိုင်နေသောကြောင့် နောက်ပိုင်းတွင် အသင်းကြီးကို "တိုင်းရင်းပညာသည်များအသင်း"ဟုလည်းကောင်း၊ "မြန်မာပညာသည်များအဖွဲ့ကြီး"ဟုလည်းကောင်း အမည်ပြောင်းသည်။ အသင်းတိုက်တည်နေရာမှာ ဒီးဒုတ်ဂျာနယ်တိုက်ဖြစ်သည်။

အသင်း၏ ပထမဆုံး အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | ဦးထွန်းလှ (ပန်းချီဆရာကြီး) | ဥက္ကဋ္ဌ |
| ၂။ | ဦးဘဉာဏ် (ပန်းချီဆရာကြီး) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဒီးဒုတ်ဦးဘချို | အတွင်းရေးမှူး |
| ၄။ | ဒေါ်မြစိန် | ဘဏ္ဍာရေးမှူး |
| ၅။ | ဆရာမြစ် | အဖွဲ့ဝင် |
| ၆။ | ဦးဘလုံ | အဖွဲ့ဝင် |
| ၇။ | ဦးဘစိန် | အဖွဲ့ဝင် |
| ၈။ | ဦးလှဘော် | အဖွဲ့ဝင် |
| ၉။ | ဦးစံဝင်း | အဖွဲ့ဝင် |
| ၁၀။ | ဦးငွေကိုင် | အဖွဲ့ဝင် |
| ၁၁။ | ဆရာခ | အဖွဲ့ဝင် |

အသင်း၏ နာယကမှာ မစ္စတာမောရစ်ကောလစ် ဖြစ်သည်။



## ပြင်ဦးလွင်ရုက္ခဗေဒဉယျာဉ် (၁၉၁၅)

ပြင်ဦးလွင်ရုက္ခဗေဒဉယျာဉ်ကို ၁၉၁၅ ခုနှစ်တွင် စတင်တည်ထောင်သည်။ သစ်တောပညာရှင်ရောဂျာ (Mr. Alex Rodger) က ဦးဆောင်၍ လန်ဒန်မြို့ရှိ နာမည်ကြီးရုက္ခဗေဒဉယျာဉ်တစ်ခုဖြစ်သော ကယူရုက္ခဗေဒဉယျာဉ် (Kew Botinical Garden) မှ ရုက္ခဗေဒပညာရှင် လေဒီကူဖီ (Lady Cuffe) ၏ အကူအညီဖြင့် တည်ထောင်သည်။ ၁၉၁၅ ခုမှ စ၍ မြေပြင်၍ မြက်ခင်းများ စိုက်ခြင်း၊ သစ်တောများဖန်တီးခြင်း၊ ရေကန်နှင့် ပန်းများစိုက်ပျိုးခြင်း စသည့် ပန်းဉယျာဉ်လုပ်ငန်းများ စတင်ဆောင်ရွက်သည်။ ၁၉၁၇ ခုနှစ်တွင် အစိုးရ ဓာသိအမှတ်ပြု ပန်းဉယျာဉ်ဖြစ်လာသည်။ ၁၉၂၄ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ စ၍ အစိုးရပိုင်သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခံရသည်။ ဧက ၂၄၀ ကျယ်သော ပြင်ဦးလွင် ရုက္ခဗေဒဉယျာဉ်တွင် ၁၉၄၂ ခု မှတ်တမ်းအရ သစ်ခွအမျိုးမျိုးပေါင်း ၁၇၈ မျိုး ရှိသည်။ နိုင်ငံတကာဉယျာဉ်များနှင့်လည်း အဆက်အသွယ်ရှိသည်။

ရာသီအလိုက်ပွင့်သော ပန်းများ၊ သစ်ခွပန်း၊ ဒေလီယာပန်းနှင့် နှင်းဆီပန်း စသည့် ပန်းအပါအဝင် ဉယျာဉ်အတွင်းရှိ ပန်းမျိုးစုံတို့မှာ ၁၂ ရာသီပွင့်နေသောကြောင့် ၎င်းပန်းဉယျာဉ်ကို အစွဲပြု၍ ပြင်ဦးလွင်ကို ပန်းမြို့တော်ဟုလည်း ခေါ်ကြသည်။ ယနေ့ခေတ်အခေါ်မှာမူ အမျိုးသားကန်တော်ကြီးဉယျာဉ် ဖြစ်သည်။

## ပြည်သူ့ရဲဘော်တပ်ဖွဲ့ (၁၉၄၅)

အင်္ဂလိပ်ဘာသာဖြင့် Peoples Volunteer Organization ဟုခေါ်သော ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွဲ့သည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဦးဆောင် ကော်မတီဝင်များမှာ-

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | စစ်သေနာပတိနှင့် ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်မှူးအောင် | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဗိုလ်ထွန်းလင်း | အတွင်းရေးမှူး |
| ၄။ | ဗိုလ်ဗတင် | ကော်မတီဝင် |
| ၅။ | ဗိုလ်လှအေး | ကော်မတီဝင် |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၆။ | ဗိုလ်လရောင် | ကော်မကီဝင် |
| ၇။ | ဗိုလ်တင်အုန်း | ကော်မတီဝင် |
| ၈။ | ဗိုလ်သိန်းတန် | ကော်မတီဝင် |
| ၉။ | ဗိုလ်ဖိုးကွန်း | ကော်မတီဝင် |
| ၁၀။ | ဗိုလ်ပု | ကော်မတီဝင် |
| ၁၁။ | ဗိုလ်အောင်မင်း | ကော်မတီဝင် |

တို့ ဖြစ်သည်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

၁။ ဗမာ့တပ်မတော်မှ ရဲဘော်ဟောင်းများအား ထိုက်သင့်သလို အထောက်အပံ့ပေးရန်။

၂။ နိုင်ငံကာကွယ်ရေးအတွက် စစ်တပ်ကို တိုးချဲ့သည့်အခါ၌လည်းကောင်း၊ အရန်တပ်ဖွဲ့များ ဖွဲ့သည့်အခါ၌လည်းကောင်း ကျန်းမာသန်စွမ်းပြီး စစ်ပညာဝါသနာပါသည့် ရဲဘော်ဟောင်းများ ပါဝင်ခွင့်ရစေရန်။

၃။ ရရှိပြီး စစ်ပညာများ မမေ့ပျောက်စေဘဲ ထပ်မံလေ့ကျင့်စေ၍ ပြည်သူများကိုလည်း တတ်နိုင်သမျှ စစ်ပညာသင်ပေးရန်။

၄။ အရပ်ကင်းများဖွဲ့၍ အစိုးရအဖွဲ့အစည်း၊ ပြည်သူတို့နှင့် ပူးပေါင်း၍ သူခိုးဓားပြတို့၏ ရန်ကို နှိမ်နင်းခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ရန်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ ဆောင်ပုဒ်မှာ–

"တိုင်းပြည်သည် ပြည်သူ့ရဲဘော်အတွက် မဖြစ်စေရ၊ ရဲဘော်သည် တိုင်းပြည်အတွက် ဖြစ်စေရမည်" ဟူ၍ ဖြစ်သည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် တော်လှန်ရေးရဲဘော်ဟောင်းများ၊ ဗမာ့တပ်မတော်သားဟောင်းများ ပါဝင်ကြသည်။ ဝါဒအားဖြင့် ကွန်မြူနစ်ဝါဒ လက်ခံသူများပါသကဲ့သို့ ဆိုရှယ်လစ်ဝါဒ လက်ခံသူများလည်း ပါသည်။ စစ်တပ်ဖွဲ့စည်းပုံအတိုင်း ဖွဲ့ထားသည်။ စစ်ဝတ်စုံများ ဝတ်ဆင်၍ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်သည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် ဖဆပလတွင် ပါသော အင်အားစု တစ်ခုလည်း ဖြစ်သည်။ ဗြိတိသျှအာဏာပိုင်များက ပြည်သူ့ရဲဘော်တပ်ဖွဲ့သည် ဖဆပလ၏ ခါးပိုက်ဆောင်တပ်ဖွဲ့ဟု မြင်ကြသည်။



ဖဆပလမှ ကွန်မြူနစ်ပါတီ ထုတ်ပယ်ခံရခြင်း၊ ကွန်မြူနစ်ပါတီအတွင်း၌လည်း အလံဖြူကွန်မြူနစ်နှင့် အလံနီကွန်မြူနစ်ပါတီဟု ကွဲပြားလာခြင်းနှင့်အတူ ဦးနု၏ လက်ဝဲညီညွတ်ရေးမူတို့နှင့် ပတ်သက်၍ ပြည်သူ့ရဲဘော်တပ်ဖွဲ့အတွင်း သဘောထားကွဲလွဲလာပြီး ရဲဘော်ဖြူနှင့် ရဲဘော်ဝါဟူ၍ နှစ်ခြမ်းကွဲသွားသည်။ ဗိုလ်ဖိုးကွန်း၊ ဗိုလ်ထိန်ဝင်းနှင့် ဗိုလ်ထွန်းလင်းတို့က ရဲဘော်ဖြူကို ဦးဆောင်သည်။ ၄င်းတို့က လက်မောင်းတွင် အဖြူပတ်သဖြင့် ရဲဘော်ဖြူဟု ခေါ်ကြသည်။ ဗိုလ်မှူးအောင်နှင့် ဗိုလ်စိန်မှန်တို့က ရဲဘော်ဝါကို ဦးဆောင်သည်။ လက်မောင်းတွင် အဝါပတ်သူများ ဖြစ်သည်။ ၁၉၄၈ ခုနှစ်၊ ဇူလိုင်တွင် ရဲဘော်ဖြူများ တောခိုသောအခါ ရဲဘော်ဝါများသာ ဖဆပလအတွင်း ကျန်ခဲ့သည်။

## ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီလ ၁၂ ရက်)

ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်သည် ပြည်ထောင်စုနေ့ဖြစ်သည်။ ပင်လုံစာချုပ်သည် စည်းလုံးညီညွတ်ပြီး လွတ်လပ်သော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရန်အတွက် အရေးပါသည့် စာချုပ်တစ်ခုဖြစ်သည်ကတစ်ကြောင်း၊ ထိုစာချုပ်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် လက်တွဲမဖြုတ်စတမ်း နေထိုင်သွားကြမည်ဟု သစ္စာပြုခဲ့သည်ကို အစဉ်အမြဲသတိရနေစေရန်က တစ်ကြောင်းတို့ကြောင့် ပင်လုံစာချုပ်ချုပ်ဆိုသော နေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ ထိုသို့သတ်မှတ်ထားပြီး နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုနေ့ ကျင်းပခြင်းအားဖြင့် ရရှိထားသော တိုင်းရင်းသား သွေးစည်းညီညွတ်မှုကို ပို၍ ပို၍ ခိုင်မာလာစေရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ် (၁၉၄၈)

၁၉၄၈ ခုနှစ် လွတ်လပ်ရေးနှင့်အတူ ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့သစ်မှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | စဝ်ရွှေသိုက် | သမ္မတ |
| ၂။ | သခင်နု | ဝန်ကြီးချုပ် |
| ၃။ | ဗိုလ်လကျာ | ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး |
| ၄။ | ဦးတင်ထွဋ် | နိုင်ငံခြားရေးဌာန |
| ၅။ | ဦးကျော်ငြိမ်း | ပြည်ထဲရေး |
| ၆။ | ဦးတင်(မြန်မာ့အလင်း) | ဘဏ္ဍာရေးနှင့် အခွန်တော် |
| ၇။ | ဦးဗဂျမ်း | တရားဌာန |
| ၈။ | သခင်တင် | လယ်ယာစိုက်ပျိုးရေးနှင့် သစ်တော |
| ၉။ | ဗိုလ်ဖိုးကွန်း | ပညာရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်လည်ထူထောင်ရေး |
| ၁၀။ | ဦးညိုထွန်း | ပြန်ကြားရေး |
| ၁၁။ | ဦးမြ (ဟင်္သာတ) | အမျိုးသားစီမံကိန်းနှင့် စက်မှုလက်မှုဌာန |
| ၁၂။ | ဦးကိုကိုကြီး | ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေး |
| ၁၃။ | မန်းဝင်းမောင် | အဆောက်အအုံ လမ်းပန်းဆက်သွယ်ရေးနှင့် အလုပ်သမားဌာန |
| ၁၄။ | ဦးထွန်းမြင့် (လင်းခေး) | ရှမ်းပြည်နယ်ဝန်ကြီး |
| ၁၅။ | စောစံဖိုးသင် | ကရင်ရေးရာ ဝန်ကြီး |
| ၁၆။ | ဆမားဒူဝါဆင်ဝါးနော် | ကချင်ပြည်နယ်ဝန်ကြီး |
| ၁၇။ | စဝ်ဝဏ္ဏ | ကရင်နီရေးရာ ဝန်ကြီး |
| ၁၈။ | ဦးဝမ်းသူးမောင် | ချင်းရေးရာ ဝန်ကြီး |
| ၁၉။ | ဗိုလ်စိန်မှန် | ဌာနလက်ကိုင် မရှိ |



လွတ်လပ်ရေးရစက သမ္မတကြီးစဝ်ရွှေသိုက်
(၁၈၈၆-၁၉၆၂)

www.burmeseclassic.com


www.burmeseclassic.com



လွတ်လပ်ရေးရစက ဝန်ကြီးချုပ်ဦးနု
(၁၉၀၇-၁၉၉၅)




လွတ်လပ်ရေးကြေညာသည့်နေ့က
လွှတ်တော်အဆောက်အအုံ၌
နိုင်ငံတော်အလံလွှင့်ထူပုံ




လွတ်လပ်ရေးကြေညာသည့်နေ့က အစိုးရအိမ်တော်၌ ယူနီယံဂျက်အလံကိုချ၍
နိုင်ငံတော်အလံကို လွှင့်ထူနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့လွှတ်တော်ညီလာခံကျင်းပရာ
ပြည်ထောင်စုမြန်မာနိုင်ငံ ပါလီမန်အဆောက်အအုံ



အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဗတ်ရန့်စ် သင်္ဘောပေါ်သို့ တက်ရောက်ထွက်ခွာစဉ်



နယ်ချဲ့များ မြန်မာ့မြေမှ နောက်ဆုံးဆုတ်ခွာခြင်းဖြင့် နှုတ်ဆောက်ထွက်ခွာသွားပုံ

www.burmeseclassic.com

www.burmeseclassic.com



## ဖတပလလဖဟိုဦးစီးအဖွဲ့ဝင်များ (၁၉၄၅)

စစ်ပြီးခေတ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ချုပ်ကို ပထမဦးဆုံး ဗဟိုဦးစီးအဖွဲ့ဝင် ကိုးဦး၊ ထို့နောက် ၁၆ ဦးနှင့် ၃၆ ဦးတို့ဖြင့် အောက်ပါအတိုင်း တိုးချဲ့ဖွဲ့စည်းခဲ့သည်။

**ဖတပလလ ဗဟိုဦးစီးအဖွဲ့ဝင် ၉ ဦး**

| | | |
|---|---|---|
| ၁။ | သခင်စိုး | နိုင်ငံရေးခေါင်းဆောင် |
| ၂။ | ဗိုလ်ချုပ်အောင်ဆန်း | စစ်ရေးခေါင်းဆောင် |
| ၃။ | သခင်သန်းထွန်း | အထွေထွေအတွင်းရေးမှူး မဟာမိတ်များနှင့် ဆက်သွယ်ရေး |
| ၄။ | ကိုဗဟိန်း | |
| ၅။ | ဗိုလ်လက်ျာ | |
| ၆။ | ဗိုလ်နေဝင်း | |
| ၇။ | သခင်ချစ် | |
| ၈။ | ကိုဗဆွေ | |
| ၉။ | ကိုကျော်ငြိမ်း | |

**ဖတပလလဗဟိုဦးစီးအဖွဲ့ဝင် ၁၆ ဦး**

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ ဗိုလ်နေဝင်း
၃။ ဗိုလ်လက်ျာ
၄။ သခင်စိုး
၅။ သခင်သန်းထွန်း
၆။ ကိုသိန်းဖေ
၇။ ကိုဗဟိန်း
၈။ ကိုကျော်ငြိမ်း
၉။ ကိုဗဆွေ
၁၀။ သခင်ချစ်
၁၁။ ဒီးဒုတ်ဦးဘချို
၁၂။ ဦးမြ (ဟင်္သာတ)



၁၃။ ဦးအောင်ဇံဝေ
၁၄။ စောဘဦးကြီး
၁၅။ ဦးချစ်မောင်
၁၆။ ဦးရဲညွန့်

**ဖတပလလ ဦးစီးအဖွဲ့ဝင် ၃၆ ဦး**

၁။ ဗိုလ်ချုပ်အောင်ဆန်း
၂။ ဗိုလ်လက်ျာ
၃။ ဗိုလ်နေဝင်း
၄။ သခင်သန်းထွန်း
၅။ သခင်မြသွင်
၆။ သခင်ဗဟိန်း
၇။ ကိုသိန်းဖေ
၈။ ဦးဗဆွေ
၉။ ဦးကျော်ငြိမ်း
၁၀။ သခင်ချစ်
၁၁။ သခင်ဗတင်
၁၂။ ဒီးဒုတ်ဦးဘချို
၁၃။ ဦးချစ်မောင်
၁၄။ ဦးမြ (ဟင်္သာတ)
၁၅။ ဦးဘအုန်း
၁၆။ ဦးအေး
၁၇။ ဦးအောင်ဇံဝေ
၁၈။ ဦးဘိုးမြ (ကသဿက)
၁၉။ ဦးကျော်ရင်
၂၀။ ဦးဗဂျမ်း
၂၁။ စောဘဦးကြီး
၂၂။ သရာသာထို
၂၃။ ဦးဘခိုင်
၂၄။ ဦးဘဘော

www.burmeseclassic.com

www.burmeseclassic.com



၂၅။ ဦးသိမ်းမောင်
၂၆။ ဦးပု
၂၇။ ဦးဆက်
၂၈။ ဦးမြ (ပျော်ဘွယ်)
၂၉။ ဦးဘဝင်း
၃၀။ ဦးတင် (မြန်မာ့အလင်း)
၃၁။ သခင်လေးမောင်
၃၂။ သခင်ညီ
၃၃။ မစ္စတာရာမန်
၃၄။ မစ္စတာရာရှစ် (ဦးဘတင်)
၃၅။ ဦးကြင်မှိန်
၃၆။ ဦးမျိုးရှု

## ဖတပလ ဗဟိုစစ်ကောင်စီ (၁၉၄၅)

ဖက်ဆစ်တော်လှန်ရေးကို ဦးစီးရန် ၁၉၄၅ ခုနှစ်၊ မတ်လတွင် ဖွဲ့သည်။ ဖတပလ ဗဟိုစစ်ကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | စစ်ရေးခေါင်းဆောင် |
| ၂။ | သခင်စိုး | နိုင်ငံရေးခေါင်းဆောင် |
| ၃။ | သခင်သန်းထွန်း | ပြောက်ကျားနှင့် နိုင်ငံခြားရေး |
| ၄။ | ဗိုလ်လက်ျာ | |
| ၅။ | ဗိုလ်နေဝင်း | |
| ၆။ | ဦးကျော်ငြိမ်း | |
| ၇။ | သခင်ချစ် | |



## ဖဆပလ (၁၉၄၅)

ဖဆပလဆိုသည်မှာ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့၏ အတိုကောက်အခေါ်ဖြစ်သည်။ ဖဆပလကို ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်၍ ဖွဲ့စည်းခဲ့သည်။ ၁၉၄၄ ဩဂုတ်လအတွင်း စဖွဲ့စဉ်က ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ် (ဖတဖ)ဟူ၍လည်းကောင်း၊ ထို့နောက် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖတပလ)ဟူ၍လည်းကောင်း ခေါ်သည်။ ဖတပလတွင် ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံနှင့် ကွန်မြူနစ်ပါတီတို့ ပါဝင်ခဲ့ကြသည်။ ဖတပလကို ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ရေးအတွက် လျှို့ဝှက်ဖွဲ့စည်းခဲ့သည်။ မဟာမိတ်တို့က ဖတပလကို (Anti-Fascist Organization) (AFO) ဟု ခေါ်သည်။ ဖတပလမှပင် ဦးဆောင်၍ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးနှင့် ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားပြီး ဂျပန်တို့က လက်နက်ချပြီးသောအခါ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကိုသာ ဆက်လက်လုပ်ဆောင်ရန် လိုအပ်သောကြောင့် ဖတပလကို ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)ဟု ပြောင်းလဲခေါ်ဝေါ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ စစ်ပြီး၍ ဖတပလကို ဖဆပလဟု အတိအလင်းကြေညာ၍ ပြင်ဆင်ဖွဲ့စည်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းပင် ဥက္ကဋ္ဌဖြစ်လာသည်။ ဖဆပလတွင် တိုင်းရင်းသားအားလုံးနှင့် လူထုလူတန်းစားအသီးသီးတို့လည်း ပါဝင်လာသည်။ ထို့ကြောင့် ဖဆပလသည် စစ်ပြီးစ မြန်မာနိုင်ငံရေးသမိုင်းတွင် အမျိုးသားတပ်ပေါင်းစုကြီးအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်၌ ထင်ရှားလာသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလ၏ တိုက်ပွဲဝင်မှုကြောင့် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ စစ်အုပ်ချုပ်ရေး ရပ်စဲခဲ့ရသည်။ ဖဆပလမှ ကြီးမှူး၍ စက္ကူဖြူအုပ်ချုပ်ရေး ကန့်ကွက်ပွဲများ ပြုလုပ်ခဲ့သည်။ နေသူရိန်လူထုအစည်းအဝေးပွဲနှင့် အလယ်ပစ္စယံညီလာခံတို့ဖြင့် လုံးဝလွတ်လပ်ရေး ချက်ချင်းပေးရန် တောင်းဆိုခဲ့သည်။ လူထုလှုပ်ရှားမှုကို အခြေခံ၍ လွတ်လပ်ရေးရယူရန် ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ၁၉၄၆ ခု၊ စက်တင်ဘာလတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလ ကြားဖြတ်အစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့နောက် အောင်ဆန်းအက်တလီစာချုပ်နှင့် နုအက်တလီစာချုပ်များ ချုပ်ဆိုနိုင်ခြင်းအားဖြင့် လွတ်လပ်ရေးကို အရယူပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




## ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ (၁၉၄၇)

ဖဆပလအဖွဲ့ချုပ်၏ ပဏာမပြင်ဆင်မှုညီလာခံကို ၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်မှ ၂၃ ရက်အထိ ဂျူဗလီဟော (ယခု တပ်မတော်မော်ကွန်းတိုက် မှူးရုံးနှင့် စစ်သမိုင်းပြတိုက်နေရာ)၌ ကျင်းပသည်။ ညီလာခံကျင်းပသည့် ရည်ရွယ်ချက်မှာ လွတ်လပ်လာမည့် နိုင်ငံတော်အတွက် အခြေခံဥပဒေရေးဆွဲရန် ဖြစ်သည်။ ညီလာခံသို့ ဖဆပလဗဟိုဦးစီးအဖွဲ့ဝင်များနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဖဆပလနှင့် ကရင်လူငယ်လွှတ်တော်အမတ်များနှင့် ဒေသဆိုင်ရာ ဖဆပလအဖွဲ့အစည်းဝင်များ တက်ရောက်ကြသည်။

ညီလာခံမှ ၁၁၁ ဦး ကော်မတီဖွဲ့၍ အခြေခံဥပဒေမူကြမ်း ရေးဆွဲစေခဲ့သည်။ ထိုကော်မတီက ရေးဆွဲသည့် အခြေခံဥပဒေမူကြမ်းကို ဖဆပလဗဟို ဦးစီးအဖွဲ့ဝင် ၂၅ ဦး၊ ဖဆပလအလုပ်အမှုဆောင် ကော်မတီဝင် ၁၀၀ ဦး၊ ဖဆပလ ပါလီမန်အမတ် ၄၀၊ ကရင်လူငယ်အဖွဲ့မှ ပါလီမန်အမတ် ငါးဦးနှင့် ဖဆပလ ခရိုင်ကိုယ်စားလှယ် ၃၁ ဦးပါသော စိစစ်ရေးကော်မတီက စိစစ်ပြီး ၁၉၄၇ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ဖဆပလအဖွဲ့ချုပ်က ရေးဆွဲသည့် အခြေခံမူကြမ်းတွင် အခန်းကြီး ၁၄ ခန်း၊ ပုဒ်မခွဲ ၁၂၇ ခုနှင့် ဇယားတစ်ခု ပါဝင်သည်။

## ဖိနပ်ပြဿနာ (၁၉၁၇)

ကိုလိုနီခေတ်အတွင်းက အင်္ဂလိပ်လူမျိုးအပါအဝင် ဥရောပတိုက်သားများသည် ဗုဒ္ဓဘာသာ မြန်မာတိုင်းရင်းသားတို့ အထွတ်အမြတ်ထားရာ ကျောင်းကန်ဘုရားနှင့် စေတီများသို့ ဝင်ထွက်သွားလာရာတွင် ဖိနပ်စီးလေ့ရှိကြသည်။ ထိုအပြုအမူကို သက်ဆိုင်ရာဂေါပကအဖွဲ့များက မကန့်ကွက်ရဲသည့်အပြင် အချို့ ဘုရားစေတီစောင်းတန်းများတွင် "ဗြိတိသျှလူမျိုးနှင့် ဥရောပလူမျိုးများမှအပ မည်သူမျှ ဖိနပ်မစီးရ" ဟူသည့် စာတန်းပင် ချိတ်ဆွဲထားကြသည်။ ထို့ကြောင့် အင်္ဂလိပ်နှင့် ဥရောပတိုက်သားများကို တရားဝင် ဖိနပ်စီးခွင့်ပြုထားသကဲ့သို့ ဖြစ်နေသည်။ ထိုသို့ရှိနေရာမှ အင်္ဂလန်နိုင်ငံမှ ဝတ်လုံဘွဲ့ ရလာသူ ဦးသိမ်းမောင်သည် ၁၉၁၆ ခုနှစ်တွင် ပြည်မြို့သို့ရောက်လာစဉ် ပြည်မြို့ ရွှေဆံတော်



ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံကျင်းပနေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစောင်းတန်းတွင် ချိတ်ဆွဲထားသော အထက်ပါစာတန်းမျိုးကို တွေ့သွားသည်။ ထိုအခါ ဦးသိမ်းမောင်က အင်္ဂလိပ်နှင့် ဥရောပတိုက်သားတို့အား ဖိနပ်စီးခွင့်ပြုသည့် ခြွင်းချက်မျိုး မထားသင့်ပုံကို အကျိုးအကြောင်း အကိုးအကားနှင့် ပြောသောအခါ ဂေါပကအဖွဲ့က သဘောတူပြီး 'မည်သူမျှ ဖိနပ်မစီးရ' ဆိုသည့် စာတန်းကို ပြောင်းချိတ်ကြသည်။ ထိုသို့ဖြစ်ပြီး မကြာမီ မြန်မာနိုင်ငံသို့ အိန္ဒိယဘုရင်ခံချုပ် လာမည့် ကိစ္စပေါ်လာသည်။ အိန္ဒိယဘုရင်ခံချုပ် မြန်မာနိုင်ငံသို့ လာလျှင် ပြည်ရွှေဆံတော်အပါအဝင် တန်ခိုးကြီးဘုရားများသို့ ဝင်မည်ဟုလည်း သိရသည်။ ထို့ကြောင့် ပြည်မြို့အရေးပိုင်အား လိုအပ်သည်များကို စီစဉ်ထားရန် သက်ဆိုင်ရာအာဏာပိုင်တို့က ညွှန်ကြားခဲ့သည်။ ထိုအခါတွင်မှ ပြည်ရွှေဆံတော်ဘုရားတွင် အင်္ဂလိပ်နှင့် ဥရောပတိုက်သားများအား ဖိနပ်စီးခွင့်ပြုထားသည့် ခြွင်းချက်မထားတော့ဘဲ 'မည်သူမျှ ဖိနပ်မစီးရ' ဆိုသည့် စာတန်းချိတ်ထားသည့် အကြောင်း အရေးပိုင် သိသွားသည်။ အရေးပိုင်က 'မည်သူမျှ ဖိနပ်မစီးရ' စာတန်းကို ဖြုတ်ပေးရန် တောင်းဆိုသောအခါ ဂေါပကအဖွဲ့ကလည်း ဦးသိမ်းမောင်၏ အားပေးမှုဖြင့် ဖြုတ်မပေးပေ။ ဤသို့ဖြင့် ဖိနပ်ပြဿနာ စတင်ပေါ်ပေါက်ခဲ့သည်။ ကံအားလျော်စွာပင် မြန်မာနိုင်ငံသို့ အိန္ဒိယဘုရင်ခံချုပ်လာမည့် အစီအစဉ် ပျက်သွားသည်။ သို့သော် ဖိနပ်ပြဿနာသည် ပြီးမသွားဘဲ ဘုရားပုထိုးစေတီများတွင် ဖိနပ်မစီးသင့်ကြောင်း တရားဝင်ရေးသားတင်သွင်းရန် အရေးပိုင်က ဆက်လက်တောင်းဆိုလိုက်သည်။ ထိုအခါ ဦးသိမ်းမောင်က သာသနာပိုင် ဆရာတော်ကြီးထံ လျှောက်ထားအကူအညီတောင်းရာ ဆရာတော်ကြီးက ဤကိစ္စနှင့်ပတ်သက်၍ အချိန်မကျသေးဟု အမိန့်ရှိခဲ့သည်။ ထို့ကြောင့် ၁၉၁၇ ခုနှစ်တွင် ပျဉ်းမနား၌ ကျင်းပသော ဝိုင်အမ်ဘီအေ၏ ပဋ္ဌမအကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံသို့ ဦးသိမ်းမောင်က ဖိနပ်ပြဿနာကို တင်ပြလိုက်သည်။ ယင်းညီလာခံက ဘုရားပုထိုးစေတီ ကျောင်းကန်များအတွင်း နိုင်ငံခြားသားများ ဖိနပ်စီးခြင်းကို တားမြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။ ရန်ကုန်တွင်လည်း ရွှေတိဂုံဘုရားသို့ နိုင်ငံခြားသားများ ဖိနပ်စီး၍ ဝင်ထွက်သွားလာနေသည်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဦးဘကလေးက သူရိယသတင်းစာတွင် ကာတွန်းဖြင့် ရှုံးဆွပေးခဲ့သည်။ ထိုကာတွန်းမှာ အင်္ဂလိပ်လူမျိုး ဇနီးမောင်နှံအား ရွှေတိဂုံကုန်းတော်သို့ ဘုရားလူကြီးနှစ်ဦးက ထမ်းတင်ပေးနေပုံနှင့် ထိုသို့ ထမ်းတင်ပေးသောကြောင့် ဖိနပ်မချွတ်ဘဲ ဘုရားပေါ်သို့ ရောက်ရ၍ ကျေးဇူးတင်ကြောင်း



ဝတ်လုံတော်ရ ဦးသိမ်းမောင်(ဖိနပ်သိမ်းမောင်)




ဦးဘကလေးရေးဆွဲသည့် ကာတွန်းပုံ

www.burmeseclassic.com



ပြောဟန်ပါသည့် ကာတွန်းဖြစ်သည်။ ယင်းကာတွန်းကို ဂေါပကအဖွဲ့က မကျေနပ်၍ ရန်ကုန်ပုလိပ်မင်းကြီးထံ တိုင်ကြားရာ ပုလိပ်မင်းကြီးက သူရိယ တိုက်ပိုင်ရှင် ဦးဘဘေနှင့် အုပ်ချုပ်သူ ဦးလှဖေတို့ကို ခေါ်၍ ဆူပူကြိမ်းမောင်းသည်။ ထိုသတင်းကို ကြားသောအခါ ပြည်သူလူထုကမူ မကျေမနပ်ဖြစ်လာသည်။ ထို့ကြောင့် ဗိုင်အမ်ဘီအေကပင် ကြီးမှူး၍ ရန်ကုန်ဂျူဗလီဟော၌ ဖိနပ်စီးကန့်ကွက်ပွဲ ပြုလုပ်ကြသည်။ ဤစည်းဝေးပွဲတွင်လည်း ဦးသိမ်းမောင်က သဘာပတိမှုသည်။ ဤသို့ဖြင့် ဖိနပ်ပြဿနာသည် အမျိုးသားရေးပြဿနာဖြစ်လာသည်။ ဖိနပ်ပြဿနာက မြန်မာတိုင်းရင်းသားတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားစေခဲ့သည်။ ဖိနပ်ပြဿနာကို အကြောင်းပြု၍ စည်းလုံးမှု ရခဲ့ကြသည်။ ဖိနပ်ပြဿနာကို အကြောင်းပြု၍ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ အာဏာစက်ကို အန်တုဖက်ပြိုင် စိန်ခေါ်နိုင်ခွင့် ရခဲ့သည်။ ဖိနပ်ပြဿနာကို အကြောင်းပြု၍ နယ်ချဲ့အင်္ဂလိပ်တို့၏ စိုးမိုးမှုကို မလိုလားကြောင်း သွယ်ဝိုက်၍ ပြသခွင့် ရခဲ့ကြသည်။

ဖိနပ်ပြဿနာသည် ဤသို့ အမျိုးသားရေးနှင့် နိုင်ငံရေးပြဿနာဖြစ်လာသောအခါ အင်္ဂလိပ်အစိုးရအနေဖြင့် အဖြေရှာလာရတော့သည်။ ပထမသော် အင်္ဂလိပ်လူမျိုးများ ဘုရားပုထိုးစေတီများသို့ မသွားကြရန် ညွှန်ကြားသည့်နည်းဖြင့် ပြဿနာမပေါ်စေရန် ရှောင်ကြဉ်စေခဲ့သည်။ ထို့နောက် ၁၉၁၉ ခုနှစ်အတွင်းတွင် ဘုရားပုထိုးစေတီများတွင် နိုင်ငံခြားသားများ ဖိနပ်မစီးရဟု အစိုးရက တရားဝင်အမိန့်ထုတ်ပြန်ပေးခဲ့သည်။ ဤနည်းဖြင့် ဖိနပ်ပြဿနာမှာ ပြီးဆုံးသွားခဲ့သည်။ ဖိနပ်ပြဿနာကို အကြောင်းပြု၍ ဝတ်လုံဦးသိမ်းမောင်မှာလည်း ဖိနပ်သိမ်းမောင်ဟု ထင်ရှားသွားခဲ့သည်။

## ဗီမော်-ဂေါ်လန်-ကန်ဖန်

ကိုလိုနီခေတ် မြန်မာ့သမိုင်းတွင် ထင်ရှားသော ထိုရွာသုံးရွာမှာ ကချင်အမည်များဖြစ်သည်။ မေခ-သံလွင် ရေဝေတောင်တန်း၏ အနောက်ဘက်တွင် တည်ရှိပြီး တရုတ်-မြန်မာ အရှေ့ဘက်နယ်နိမိတ်ကြောင်းတွင် ပါဝင်သည်။ ထိုရွာများတွင် နေထိုင်သူအများစုမှာ လရှီ၊ လီရှူး၊ မရူး၊ အဇီးနှင့် ယောယင်တို့ဖြစ်သည်။ တရုတ်နှင့် မြန်မာအနည်းငယ်လည်း ရှိသည်။ ဒူဝါးခေါ် ကချင်



စော်ဘွားများ အုပ်ချုပ်သည့် ဒေသများဖြစ်သည်။ ထိုရွာသုံးရွာတွင် ရုက္ခဗေဒပညာရှင်နှင့် ဇီဝဗေဒပညာရှင်များ စိတ်ဝင်စားသည့် အပင်မျိုးစုံနှင့် ရှားပါးတိရစ္ဆာန်များ ရှိသည်။ သဘာဝပေါက်ပင်များအနက် ထင်ရှားသော အပင်များမှာ သစ်ခွပင်၊ ထင်းရှူးပင်နှင့် တရုတ်အခေါင်းလုပ်သည့် သစ်ပင် (Chinese Coffin Wood) တို့ ဖြစ်သည်။

ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းယူလိုက်ပြီးနောက် တရုတ်-မြန်မာနယ်နိမိတ်သတ်မှတ်ရေး ကြိုးစားလာရာတွင် တရုတ်-မြန်မာ အရှေ့ဘက်နယ်နိမိတ်ကြောင်းတွင် ပါဝင်သော ထိုသုံးရွာကို သူပိုင် ကိုယ်ပိုင် အငြင်းပွားရာမှ ထင်ရှားလာသည့် ရွာသုံးရွာဖြစ်သည်။ ထိုပြဿနာကို ဗြိတိသျှအစိုးရနှင့် တရုတ်အစိုးရတို့ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းကြသော်လည်း ပြေလည်မှုမရခဲ့ပေ။ ထို့ကြောင့် ၁၉၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ထိုရွာသုံးရွာကို ဗြိတိသျှတို့က သိမ်းယူအုပ်ချုပ်ခဲ့သည်။

## ဖူးစားပြောင်းစိုက်ဧရိယာ

ကိုလိုနီခေတ်အတွင်းက ဖူးစားပြောင်းစိုက်ဧကမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၉၀၀ | - | - | ၈၆,၁၇၂ |
| ၁၉၁၀ | ၈,၉၆၀ | ၂၁၇,၉၈၉ | ၂၂၆,၉၄၉ |
| ၁၉၂၀ | ၁၂,၅၃၅ | ၁၄၅,၅၉၄ | ၁၅၈,၁၂၉ |
| ၁၉၃၀ | ၂၉,၈၇၀ | ၂၇၀,၁၆၆ | ၂၀၀,၀၃၆ |
| ၁၉၄၀ | ၃၈,၂၂၆ | ၁၈၃,၇၃၇ | ၂၂၁,၉၆၃ |
| ၁၉၄၁ | ၃၇,၇၂၈ | ၁၇၆,၂၃၈ | ၂၁၃,၉၆၆ |

၁။ ဤစာရင်းကို မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ (၁)မှ ကူးယူဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖို့ဟယ်ရီဆင် (Fort Harrison)

ဖို့ဟယ်ရီဆင်ခံတပ်၏ မူလအမည်မှာ ဆဒုံခံတပ်ဖြစ်သည်။ ဗြိတိသျှတို့ ထိုခံတပ်ကို သိမ်းယူသည့် တိုက်ပွဲတွင် ကျဆုံးသွားသော ဗိုလ်ကြီးဟယ်ရီဆင် (Harrison) ကို ဂုဏ်ပြုသည့်အနေဖြင့် အမည်သစ်ပေးလိုက်ခြင်းဖြစ်သည်။ ကချင်တိုင်းရင်းသားတို့၏ ဗြိတိသျှနယ်ချဲ့တိုက်ပွဲတွင် ထင်ရှားသော ခံတပ်တစ်ခုဖြစ်သည်။

## ဖို့စတက်မင်း (Fort Stedman)

ညောင်ရွှေတောင်ဘက် အင်းလေးကန်အနီး မိုင်းသောက်ရှိ ဗြိတိသျှစစ်စခန်းခံတပ်တစ်ခုဖြစ်သည်။ မိုင်းသောက်သို့ ၁၈၈၇ ခုနှစ်က ရောက်လာသော ဗြိတိသျှတပ်ဖွဲ့မှ ကာနယ်စတက်မင်း (Col. E. Stedman) ကို အစွဲပြု၍ (Fort Stedman) ဟု ခေါ်ခြင်းဖြစ်သည်။ ဤစစ်စခန်းမှနေ၍ ရှမ်းပြည်နယ်တောင်ပိုင်းနယ်များ သိမ်းသွင်းရေးကို ဗြိတိသျှတို့ ဆောင်ရွက်ခဲ့ကြသည်။

## ဖို့ဒပ်ဖရင် (Fort Dufferin)

ဖို့ဒပ်ဖရင် (Fort Dufferin) ဆိုသည်မှာ မန္တလေးကို ဗြိတိသျှတို့ သိမ်းယူပြီးနောက် မန္တလေးနန်းတွင်းရှိ 'မြနန်းစံကျော် ရွှေနန်းတော်ကြီး' နှင့်တကွ နန်းတွင်းအဆောက်အအုံများမှာ ဗြိတိသျှစစ်သားများနေထိုင်ရာ စစ်စခန်းအဖြစ် ပြောင်းသွားရာမှ ပေါ်လာသည့် အခေါ်ဖြစ်သည်။ ဒပ်ဖရင်ခံတပ်ဟု အမိပ္ပာယ်ရသည်။ အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ သီပေါမင်းနှင့် မိဖုရားတို့ အိန္ဒိယသို့ပါသွားရသည်နှင့်အတူ မြနန်းစံကျော် ရွှေနန်းတော်သည်လည်း ဗြိတိသျှတို့၏ ခံတပ်ဖြစ်သွားတော့သည်။



## ဖို့မော်တင် (Fort Morton)

ဖို့မော်တင် (Fort Morton) ဆိုသည်မှာ ကချင်တောင်တန်းဒေသ စီမအရပ်ရှိ ဗြိတိသျှခံတပ်ဖြစ်သည်။ ကချင်တောင်တန်းဒေသသို့ ချီတက်လာသော ဗြိတိသျှတပ်နှင့် ကချင်တိုင်းရင်းသားတို့ စီမအရပ်တွင် တိုက်ပွဲဖြစ်ပွားရာမှ ၆.၁.၁၈၉၃ နေ့တွင် ဗြိတိသျှတပ်မှ ဗိုလ်ကြီးမော်တင် (Captain Boyce William Morton) ကျဆုံးခဲ့သောကြောင့် ၎င်းကို ဂုဏ်ပြုသည့်အနေဖြင့် ပေးထားသည့် အမည်ဖြစ်သည်။

## ဖို့ဝှိုက် (Fort White)

ချင်းတောင်ဒေသ ထုတ်လှိုင်အရပ်ရှိ ဗြိတိသျှခံတပ်ဖြစ်သည်။ ဘောမွန်နှင့် ထုတ်လှိုင်ရွာများကို ၁၈၈၉ ခုနှစ်ဆန်းပိုင်းတွင် ဗြိတိသျှတပ်များ သိမ်းယူနိုင်ခဲ့ပြီး ထုတ်လှိုင်ရွာတွင် ဗြိတိသျှတို့၏ ပထမဆုံး စစ်စခန်း (Fort White) ကို တည်ထောင်ခဲ့သည်။ ထိုစစ်ဆင်ရေးကို ဦးဆောင်သော ဗိုလ်ချုပ်ဂျော့ဝှိုက် (George White) ကို အစွဲပြု၍ ခေါ်ထားခြင်းဖြစ်သည်။

## ဖို့ဟာ့ဇ် (Fort Hertz)

ပူတာအိုကို ဗြိတိသျှတို့က စစ်စခန်းအဖြစ် အသုံးပြုရာမှ ပေါ်လာသည့် အခေါ်ဖြစ်သည်။ ပူတာအိုသို့ ပထမဆုံးရောက်လာသည့် ဗြိတိသျှအရေးပိုင် ဟာ့ဇ် (W.A. Hertz) ကို ဂုဏ်ပြုသည့်အနေဖြင့် ဟာ့ဇ်ခံတပ် (Fort Hertz) ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ မြန်မာပြည်မြောက်ဘက်အစွန်ဆုံးရှိ ဗြိတိသျှတို့၏ ခံတပ်ဖြစ်သည်။

www.burmeseclassic.com


www.burmeseclassic.com



## ဖက်ဆစ်တော်လှန်ရေး (၁၉၄၅)

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာတို့သည် ဂျပန်တို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံကို အုပ်စိုးနေသော အင်္ဂလိပ်တို့ကို တိုက်ခိုက်ခဲ့ကြသည်။ ထို့ကြောင့် အင်္ဂလိပ်တို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသောအခါ ဂျပန်က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့သည်။ သို့သော် လက်တွေ့တွင် ဂျပန်တို့ပေးသော လွတ်လပ်ရေးမှာ အတုအယောင်မျှသာဖြစ်ပြီး ဂျပန်တို့၏ ဖက်ဆစ်စနစ်ဖြင့် ရင်ဆိုင်ခဲ့ကြရသည်။ ထို့ကြောင့် ဖက်ဆစ်ဂျပန်များကို ပြန်လည်တော်လှန်ရန် ပြင်ဆင်ခဲ့ကြရသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်၍ နိုင်ငံရေးအရ ၁၉၄၄ ခု၊ ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး (ဖတပလ)အဖွဲ့ကို ဖွဲ့ခြင်း၊ စစ်ရေးအရ မြန်မာတစ်နိုင်ငံလုံးကို စစ်တိုင်းကြီးရှစ်တိုင်း ခွဲခြားခြင်းစသည့် ပြင်ဆင်မှုများကို ပြုလုပ်ခဲ့သည်။ ထို့နောက် ၁၉၄၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အထက်ဗမာပြည်တိုင်း တာဝန်ခံ ဗိုလ်မှူးဗထူးက ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်ရန် တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ရွှေတိဂုံဘုရား အနောက်ဘက်ခြေရင်းရှိ ယခုတော်လှန်ရေးပန်းခြံနေရာတွင် တော်လှန်ရေးအတွက် ချီတက်ရန် စစ်ရေးပြနှင့် စစ်ထွက်အခမ်းအနားကို ဗမာ့တပ်မတော်မှ ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ထို့နောက် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့ကြသည်။ သရက်မြို့နယ် ပုဏ္ဏားရွာ၌ ဖွင့်လှစ်ထားသည့် ပထမယာယီမျိုးချစ်ဗမာ့တပ်မတော်ဌာနချုပ်မှနေ၍ ဖက်ဆစ်ဂျပန်များကို တော်လှန်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကြေညာခဲ့သည်။ ထို့နောက် သရက်မြို့နယ် သရက်ချောင်းရွာကြီး၌ အမြဲတမ်းဌာနချုပ်ဖွင့်ထားပြီး ဖက်ဆစ်တော်လှန်ရေးကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကြီးကြပ်ကွပ်ကဲပေးခဲ့သည်။ ယင်းတော်လှန်ရေးကို ဖက်ဆစ်တော်လှန်ရေးဟု ခေါ်ခြင်းဖြစ်သည်။

ဖက်ဆစ်တော်လှန်ရေးတွင် တိုင်းရင်းသားအားလုံးတို့သည် စစ်ရေး၊ နိုင်ငံရေး၊ စည်းရုံးရေး၊ စိတ်ဓာတ်ရေးတို့အရ တစ်နည်းမဟုတ် တစ်နည်းဖြင့် ပါဝင်ခဲ့ကြသည်ချည်း ဖြစ်သည်။ ထို့အတူ လူထုလူတန်းစားအသီးသီးတို့လည်း



ရန်သူဖက်ဆစ်များကို တော်လှန်ရန် ၁၉၄၅ ခု၊ မတ်လ ၁၇ ရက်နေ့တွင် ဗမာ့တပ်မတော်စစ်ထွက်စဉ်

www.burmeseclassic.com



ပါဝင်ခဲ့ကြသည်။ သို့ဖြစ်၍ အမျိုးသားစည်းလုံးညီညွတ်မှုကို ပြသည့် တော်လှန်ရေးဟုလည်း ဆိုနိုင်သည်။ ယင်းတော်လှန်ရေးသည် လွတ်လပ်ရေးရသည်အထိ အထောက်အကူပြုသောကြောင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားသည်။ တော်လှန်ရေးနေ့ကို ယခုတပ်မတော်နေ့ဟု ခေါ်သည်။

## ဖက်ဆစ်တော်လှန်ရေးနှင့် လေထီးတပ်ဖွဲ့ဝင်များ

ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာလေထီးတပ်ဖွဲ့ဝင်များမှာလည်း သက်စွန့်ဆံဖျား တစ်တပ်တစ်အား ပါဝင်ခဲ့ကြသူများဖြစ်၍ စုဆောင်းရရှိသမျှ မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။ မြန်မာလေထီးတပ်ဖွဲ့ဝင်များမှာ ဗြိတိသျှတို့၏ ထောက်လှမ်းရေးတပ်ဖွဲ့အမှတ် ၁၃၆ နှင့် အမေရိကန်ထောက်လှမ်းရေးတပ်ဝမ်းအိုဝမ်းတပ်ဖွဲ့နှင့် ဆက်သွယ်၍ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့ကြသူများဖြစ်သည်။ အချို့မှာ အိန္ဒိယသို့သွားရောက်၍ သင်တန်းတက်ပြီး မြန်မာပြည်သို့ လေထီးဖြင့် ပြန်ဆင်းသူများဖြစ်ပြီး အချို့မှာ ရုံးအဖွဲ့သားများဖြစ်သည်။ ဤစာရင်းမှာ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ **ဂျပန်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ** (ဒုတိယအကြိမ်၊ အောက်တိုဘာ ၂၀၀၈)မှ ကူးယူဖော်ပြထားခြင်းဖြစ်သည်။

၁။ ရဲဘော်ကိုကိုကြီး
၂။ ရဲဘော်ကျော်ဝင်းမောင်
၃။ ရဲဘော်ကျော်မြ
၄။ ရဲဘော်ကျော်ရင် (ပါမောက္ခချုပ်)
၅။ ရဲဘော်ကျော်သာ
၆။ ရဲဘော်ကျော်သန်း
၇။ ရဲဘော်ကြာလှအောင်
၈။ ရဲဘော်ကြည်
၉။ သခင်ကြွယ်
၁၀။ ရဲဘော်ခင်ဇော်
၁၁။ ရဲဘော်ခင်ဆွေ
၁၂။ ဗိုလ်မှူးချစ်ကောင်း



၁၃။ ဗိုလ်ချစ်ဖေ
၁၄။ ရဲဘော်ချစ်စံ ခေါ် ထွန်းလင်း
၁၅။ မစ္စတာဂိုရှယ် (ဗကပခေါင်းဆောင်)
၁၆။ ရဲဘော်စောဦး
၁၇။ ရဲဘော်ဦးစော
၁၈။ ရဲဘော်စောဖြူ
၁၉။ ရဲဘော်စောမောင်
၂၀။ ရဲဘော်စောထွန်း
၂၁။ ရဲဘော်စံတင်
၂၂။ ရဲဘော်စံတင့်
၂၃။ ရဲဘော်စံထွန်း
၂၄။ ရဲဘော်စံဝင်း
၂၅။ ရဲဘော်စံညွန့် (ခေါ်) ကျော်သန်း
၂၆။ ရဲဘော်စံသာကျော်
၂၇။ ရဲဘော်စိုးမောင် (ခနဖြူ)
၂၈။ ရဲဘော်စိန်ထွန်း
၂၉။ ရဲဘော်ညိုထွန်း (သံအမတ်ကြီး)
၃၀။ ရဲဘော်ညွန့်ဝေ
၃၁။ ရဲဘော်သခင်တင်ရွှေ (ဗကပခေါင်းဆောင်)
၃၂။ သခင်တင်လေး
၃၃။ ဗိုလ်ထွန်းရင်
၃၄။ ဗိုလ်ထွန်းညွန့်
၃၅။ ရဲဘော်ထွန်းလှ
၃၆။ ရဲဘော်ထွန်းကျော်
၃၇။ ရဲဘော်ထွန်းအောင်ကျော်
၃၈။ ရဲဘော်ထွန်းအောင်ကျော်
၃၉။ သခင်ထွန်းဖေ
၄၀။ ရဲဘော်ထိပ်တင်အောင်
၄၁။ ရဲဘော်ဒွေး

www.burmeseclassic.com

www.burmeseclassic.com



၄၂။ အရှင်ဦးပညာသိရီ
၄၃။ ရဲဘော်ပါလေး
၄၄။ သခင်ဖေတင့်
၄၅။ ရဲဘော်ဖေသောင်း
၄၆။ ရဲဘော်ဖေကြီး
၄၇။ ရဲဘော်မောင်ဖုန်း
၄၈။ ရဲဘော်ဗညွန့်
၄၉။ သခင်ဗိုလ်
၅၀။ ရဲဘော်ဘစော (သံအမတ်ကြီး)
၅၁။ ရဲဘော်ဘညွန့်
၅၂။ ရဲဘော်ဘသိန်း
၅၃။ ရဲဘော်ဘသောင်း
၅၄။ ရဲဘော်ဘထွန်း
၅၅။ ရဲဘော်ဘမောင် ခေါ် မောင်မောင်ကြီး
၅၆။ မန်းဝင်းမောင် (သမ္မတကြီး)
၅၇။ ရဲဘော်မောင်ကလေး
၅၈။ ရဲဘော်မောင်ဦးကျော်
၅၉။ ရဲဘော်မောင်မောင် ခေါ် တင်စိုး (ဗိုလ်မှူးကြီး)
၆၀။ ရဲဘော်မောင်ကြည်
၆၁။ ရဲဘော်မြသွင်
၆၂။ ရဲဘော်မြင့်ဆွေ
၆၃။ ရဲဘော်မမြရီ
၆၄။ ရဲဘော်ရွှေသာ
၆၅။ သခင်လှထွန်း
၆၆။ ရဲဘော်လှသောင်း
၆၇။ ရဲဘော်လှဖေ
၆၈။ ရဲဘော်မောင်လှ (ကသာ)
၆၉။ သခင်လွန်းမောင်
၇၀။ ရဲဘော်ဝေလာ



၇၁။ ရဲဘော်ဝင်းအောင်
၇၂။ သခင်ဝင်းဖေ
၇၃။ ဗိုလ်သာကျော်
၇၄။ ရဲဘော်သာလှကျော်
၇၅။ ရဲဘော်သာထွန်းအောင်
၇၆။ ရဲဘော်သက်ထွန်း
၇၇။ ရဲဘော်မောင်သန်း
၇၈။ သခင်သန်းဖေ
၇၉။ ရဲဘော်သိန်းဖံ
၈၀။ ရဲဘော်မောင်သိန်း
၈၁။ ရဲဘော်အုန်းမောင်

## ဖယ်ယာပြတိုက် (၁၈၇၁)

မြန်မာနိုင်ငံ၏ ပထမဆုံး မြူစီယမ်ခေါ် ပြတိုက်မှာ ဖယ်ယာပြတိုက်ဖြစ်သည်။ ယခု ရန်ကုန်ဆေးရုံကြီးနေရာတွင် ရှိခဲ့သည်။ ထိုပြတိုက်တွင် ကမ္ဘာပေါ်ရှိ အထူးအဆန်းပစ္စည်းများ၊ တိရစ္ဆာန်အမျိုးမျိုးနှင့် မြန်မာနိုင်ငံအတွင်းမှ ရသည့် ဒင်္ဂါးများ၊ ပုတီးများအပါအဝင် ရှေးဟောင်းပစ္စည်းများ ပြသထားသည်။ ထိုပြတိုက်ကို အောက်မြန်မာနိုင်ငံ၏ ပထမဆုံးဝန် မဟာရင်တော်မင်းကြီးဖြစ်သော ဖယ်ယာ (Sir Arthur Phayre) က ၁၈၇၁ ခုနှစ်တွင် တည်ထောင်ခဲ့သောကြောင့် ဖယ်ယာပြတိုက်ဟု ခေါ်သည်။

လူဦးရေများလာသဖြင့် ရန်ကုန်မြို့ကို တိုးချဲ့သောအခါ တိရစ္ဆာန်များကို ယခုလက်ရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့လည်းကောင်း၊ ရှေးဟောင်းပစ္စည်းများကို ပုဂံပြတိုက်သို့လည်းကောင်း ၁၉၀၄ မှ ၁၉၀၆ ခုနှစ်အတွင်း လွှဲပြောင်းပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇)

အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုပြီးသောအခါ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံအစိုးရအား အာဏာလွှဲပြောင်းရေးဆိုင်ရာ လုပ်ငန်းများကို တစ်ဆင့်ပြီး တစ်ဆင့်လုပ်ခဲ့ရသည်။ ပထမအဆင့်မှာ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ်၊ ဧပြီလတွင် ကျင်းပခြင်းဖြစ်သည်။ ထိုရွေးကောက်ပွဲတွင် ဖဆပလအမတ်အများစုဖြင့် အနိုင်ရပြီးသောအခါ ၁၉၄၇ ခုနှစ်၊ မေလတွင် ဖဆပလပဏာမညီလာခံ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့သည်။

ဖဆပလ ပဏာမညီလာခံ ကျင်းပပြီးနောက် တိုင်းပြည်ပြုလွှတ်တော် ပထမညီလာခံကို ၁၉၄၇ ခု၊ ဇွန်လ ၁၀ ရက်နေ့တွင် စတင်ကျင်းပသည်။ ထိုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံအချက်အလက်များပါသည့် လမ်းညွှန်အဆိုခုနစ်ချက်ကို တင်သွင်းသည်။ အဖွဲ့ဝင် ၇၅ ဦးပါ အခြေခံဥပဒေရေးဆွဲရေးကော်မတီကိုလည်း ဖွဲ့ပေးသည်။

တိုင်းပြည်ပြုလွှတ်တော်က ဖွဲ့ပေးလိုက်သည့် အခြေခံဥပဒေရေးဆွဲရေးကော်မတီသည် ဖဆပလ ပဏာမညီလာခံက အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့် တိုင်းပြည်ပြုလွှတ်တော် ပထမညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းသော လမ်းညွှန်အဆိုခုနစ်ချက်တို့ကို မှီငြမ်းပြုကာ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲသည်။ ထိုသို့ရေးဆွဲရာတွင် လုပ်ငန်းများ စနစ်တကျရှိစေရန်နှင့် တွင်ကျယ်စေရန်အတွက် အောက်ပါအတိုင်း ဆပ်ကော်မတီများဖွဲ့၍ ဆောင်ရွက်ခဲ့သည်။

၁။ ပြည်ထောင်စုနှင့် ပြည်နယ်ဆိုင်ရာ ဆပ်ကော်မတီ
၂။ တရားစီရင်မှုဆိုင်ရာ ဆပ်ကော်မတီ
၃။ မူလအခွင့်အရေးဆိုင်ရာ ဆပ်ကော်မတီ
၄။ လူနည်းစုဆိုင်ရာ ဆပ်ကော်မတီ
၅။ ရှမ်းပြည်နယ်အုပ်ချုပ်ရေး အခြေခံဥပဒေဆိုင်ရာ ဆပ်ကော်မတီ
၆။ ကချင်ပြည်နယ်အုပ်ချုပ်ရေး ဥပဒေဆိုင်ရာ ဆပ်ကော်မတီ
၇။ နိုင်ငံတော်အလံ၊ သီချင်းနှင့် တံဆိပ်ဆပ်ကော်မတီ



အဖွဲ့ဝင် ၇၅ ဦးပါ အခြေခံဥပဒေရေးဆွဲရေးကော်မတီက ရေးဆွဲသည့် အခြေခံဥပဒေမူကြမ်းကို ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် စတင်ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် ဒုတိယညီလာခံတွင် ဝေဖန်ဆွေးနွေး ပြင်ဆင်ဖြည့်စွက်ကြသည်။ ပြင်ဆင်ဖြည့်စွက်ချက်များကို အချောပြန်ရေးထားသည့် အခြေခံဥပဒေမူကြမ်းကို ထပ်မံဆွေးနွေးကြ၊ ပြင်ဆင်ဖြည့်စွက်ကြပြီး စက်တင်ဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၃ နာရီ ၂၉ မိနစ် (တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ စပ်ရွှေသိုက်က အခြေခံဥပဒေတွင် လက်မှတ်ရေးထိုးသည့် အချိန်)တွင် အတည်ပြုခဲ့သည်။

တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုခဲ့သည့် အခြေခံဥပဒေတွင် နိဒါန်းနှင့် အခန်း ၁၄ ခန်း၊ ပုဒ်မပေါင်း ၂၃၄ ခုနှင့် ဇယား ၄ ခု ပါဝင်သည်။ ဤသို့ဖြင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကြေညာသောအခါ တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည်လည်း စတင်အာဏာတည်တော့သည်။

## ဗကပ (၁၉၃၉)

ဗကပဆိုသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတိုကောက်အခေါ်ဖြစ်သည်။ ဦးသိန်းဖေမြင့် တည်းဖြတ်ထုတ်ဝေသော **ဘုံဝါဒနှင့် တို့ဗမာ** (၁၉၆၄၊ ဩဂုတ်လထုတ်)တွင် သခင်စိုး၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်ဗဟိန်း၊ ရဲဘော် ဘတင်(ဂိုရှယ်)နှင့် သခင်အောင်ဆန်းတို့ ဗိုလ်ချုပ်ဈေးအနောက်ဘက်တန်း နဂါး နီစာအုပ်အသင်းအပေါ်ထပ်တွင် ကွန်မြူနစ်ပါတီ၏ ကလာပ်စည်းတစ်ခုကို အိန္ဒိယ ကွန်မြူနစ်ပါတီ၏ လက်အောက်ခံအဖြစ် ဖွဲ့သည်ဟု ဆိုပါသည်။

တို့ဗမာအစည်းအရုံး ပြုစုရေးအဖွဲ့က ပြုစုရေးသားသော **တို့ဗမာအစည်းအရုံးသမိုင်း**၊ ဒုတိယတွဲတွင်မူ တို့ဗမာအစည်းအရုံး၏ ရှေ့တန်းခေါင်းဆောင်များဖြစ်သော သခင်အောင်ဆန်း၊ သခင်လှဖေ(ဗိုလ်လက်ျာ)၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်ဗတင် ခေါ် မစ္စတာဂိုရှယ် စသော သခင်ခေါင်းဆောင်များက ၁၉၃၉ ခုနှစ်၊ ဩဂုတ်လတွင် အိန္ဒိယကွန်မြူနစ်ပါတီနှင့် ဆက်သွယ်၍ လျှို့ဝှက်ပါတီကလာပ်စည်းတစ်ခုကို တို့ဗမာအစည်းအရုံးအတွင်းမှာပင် မြုပ်နှံဖွဲ့စည်းခဲ့သည်ဟု ဆိုသည်။ ထိုအင်အားစုသည် မူလက တိကျသောလမ်းစဉ်တစ်ရပ်၊ ပါတီတစ်ခု မဟုတ်။ တို့ဗမာအစည်းအရုံး၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု အတွင်း၌ ကွန်မြူနစ်ဝါဒလေ့လာမှုနှင့် စုစည်းမှုမျှသာဖြစ်သည်ဟုလည်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်စိုး (၁၉ဝ၆-၁၉၈၉)



သခင်သန်းထွန်း(၁၉၁၁-၁၉၆၈)



သခင်သိန်းဖေ(ဦးသိန်းဖေမြင့်)
(၁၉၁၄-၁၉၇၈)



စစ်ကိုင်းဟန်တင်၏ **လုံးဝလွတ်လပ်ရေးသို့** စာအုပ်တွင်မူ ၁၉၃၉ ခု၊ ဩဂုတ်လ ၁၃ ရက်နေ့ တနင်္ဂနွေနေ့တွင် ရန်ကုန်ရေကျော်ရပ် တို့ဗမာအစည်းအရုံး တည်ရာ၌ သခင်အောင်ဆန်း၊ သခင်လှဖေ၊ ကိုသိန်းဖေ၊ ကိုဗဟိန်းနှင့် မစ္စတာ ဒွှာ့ားတို့သည် တို့ဗမာအစည်းအရုံးအတွင်းမှာပင် ကွန်မြူနစ်အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့ကြသည်။ နောက်နှစ်ရက်အကြာ၌ ရန်ကုန်အရှေ့ပိုင်း ၄၉ လမ်း အိမ်အမှတ် ၁၈၈ ၌ ဗမာပြည်ကွန်မြူနစ်ပါတီကို လျှို့ဝှက်သိပ်သည်းစွာ ဖွဲ့စည်း၍ အောက်ပါ အမှုဆောင်အဖွဲ့ကို ဖွဲ့သည်ဟု ဆိုသည်။

၁။ သခင်အောင်ဆန်း — အထွေထွေအတွင်းရေးမှူး
၂။ သခင်စိုး — လူထုခေါင်းဆောင်
၃။ ဂိုရှယ်ခေါ် ဘတင် — စည်းရုံးရေးနှင့် လျှို့ဝှက်ရေး
၄။ သခင်လှဖေ — ဘဏ္ဍာရေးမှူး
၅။ ကိုဗဟိန်း — ကျောင်းသားနှင့် လုငယ်စည်းရုံးရေး
၆။ မစ္စတာနာထ် — ပညာရေးမှူး

ရဲဘော်မြနှင့် အဖွဲ့က ပြုစုသော **သခင်သန်းထွန်း၏နောက်ဆုံးနေ့များ** (ဒုတိယတွဲ)တွင်မူ ဗကပတည်ထောင်သော နေ့သည် ၁၉၃၉ ခု၊ ဩဂုတ်လ ၁၅ ရက်နေ့ဟုသာ ဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်ဖြစ်၍ ဂျပန်ခေတ်ရောက်သောအခါ ဗကပကို သခင်စိုးက ခေါင်းဆောင်၍ မြေအောင်းကာ ဖက်ဆစ်တော်လှန်ရေးအတွက် တစ်သမတ် စည်းရုံးလှုပ်ရှားခဲ့သဖြင့် ဗကပ၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။ ဖက်ဆစ်တော်လှန်ရေးအတွက် အမျိုးသားတပ်ပေါင်းစုအဖြစ်ဖွဲ့သော ဖတပလ တွင် ဗကပလည်း ပါဝင်ခဲ့သည်။

လျှို့ဝှက်ပါတီအဖြစ် လှုပ်ရှားခဲ့သော ဗကပသည် ၁၉၄၅ ခု၊ မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့ စမ်းချောင်းရပ်၌ ကွန်မြူနစ်ပါတီဆိုင်းဘုတ်တင်ပွဲကို အခမ်းအနားဖြင့် ပြုလုပ်သည်။ ထိုနေ့မှ စ၍ ကွန်မြူနစ်ပါတီဟု အတိအလင်း ပေါ်လာသည်။ ပါတီအာဘော်ဖြစ်သော **ပြည်သူ့အာဏာဂျာနယ်**နှင့် **ကွန်မြူနစ် နေ့စဉ်**သတင်းစာများကိုလည်း ထုတ်ဝေခဲ့သည်။

ဗကပ၏ ဖွဲ့စည်းပုံဥပဒေတွင် အမြင့်ဆုံးအာဏာပိုင်အဖွဲ့သည် "ပါတီ ကွန်ဂရက်"ဖြစ်သည်။ ပါတီကွန်ဂရက်တစ်ခုနှင့် တစ်ခုအကြားတွင် အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းမှာ ပါတီကွန်ဂရက်က ရွေးချယ်ထားသော ဗဟိုကော်မတီ

www.burmeseclassic.com



ဖြစ်သည်။ ပထမအကြိမ် ပါတီကွန်ဂရက်ကို ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပပြီး ဒုတိယအကြိမ် ပါတီကွန်ဂရက်ကို ၁၉၄၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပသည်။ ထိုကွန်ဂရက်တွင် သခင်စိုးတင်သွင်းသည့် အစီရင်ခံစာပါ နိုင်ငံရေးသဘောတရားနှင့်ပတ်သက်၍ ကျေလည်မှုမရှိကြပေ။ ထို့ပြင် သခင်စိုးသည် ဇနီးဟောင်း မခင်စီနှင့် ပြတ်သားစွာ ကွာရှင်းခြင်းမပြုမီ မနှင်းမေနှင့် နောက်အိမ်ထောင်ပြုသည့်ကိစ္စကိုလည်း ဆွေးနွေးကြပြီး အိမ်ထောင်ရေးစည်းကမ်းဖောက်ဖျက်သည့် အပြစ်ကျူးလွန်သဖြင့် သခင်စိုးအား ပါတီဝင်အဖြစ်မှ နှစ်နှစ်ရပ်စဲထားရန် ကွန်ဂရက်က ဆုံးဖြတ်သည်။ ဗဟိုကော်မတီကို သခင်သန်းထွန်းက ဦးဆောင်၍ အိန္ဒိယရောက် သခင်သိန်းဖေ (ဦးသိန်းဖေမြင့်)ကို အထွေထွေအုပ်ချုပ်ရေးမှူး တာဝန်ပေးရန်နှင့် ခေတ္တအထွေထွေအတွင်းရေးမှူးအဖြစ် သခင်မြသွင်အား တာဝန်ပေးရန် ဆုံးဖြတ်သည်။ ထိုအချိန်မှစ၍ ပါတီအတွင်း ပဋိပက္ခဖြစ်လာသည်။ ထို့နောက် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပသော ဗဟိုကော်မတီအစည်းအဝေးတွင် သခင်စိုးက 'ဝေဖန်ရေးအစီရင်ခံစာ'တင်ရာမှ ပါတီနှစ်ခြမ်းကွဲသွားသည်။ ပါတီနှစ်ခြမ်းကွဲရသည်မှာ ဘရောက်ဒါဝါဒနှင့် စည်းရုံးရေးလုပ်ငန်းများတွင် သဘောတူညီမှုမရသည့် အကြောင်းလည်း ပါသည်။ ထိုအခါမှစ၍ သခင်သန်းထွန်းနှင့် သခင်သိန်းဖေတို့ ဦးစီးသော သိန်းသန်းကွန်မြူနစ်ပါတီ ခေါ် ဗမာပြည်ကွန်မြူနစ်ပါတီ(အလံဖြူ)နှင့် သခင်စိုးဦးစီးသော အလံနီကွန်မြူနစ်ပါတီ(ဗမာပြည်)ဟူ၍ နှစ်ပါတီဖြစ်သွားသည်။

ခေတ္တဘုရင်ခံ ဆာဟင်နရီနိုက်လက်ထက် ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် အလံနီကွန်မြူနစ်ပါတီကို မတရားအသင်းဟု ကြေညာခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီးအဖွဲ့လက်ထက်တွင် အလံနီကွန်မြူနစ်ပါတီအား မတရားအသင်းကြေညာထားခြင်းမှ ပြန်လည်ရုပ်သိမ်းခဲ့သည်။ သို့သော်လည်း သခင်စိုးသည် အကြမ်းဖက်ထိပ်တိုက်ရင်ဆိုင်နည်းကို မစွန့်လွှတ်ဘဲ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အလံနီလယ်သမားတပ်ဖြင့် အတွင်းဝန်ရုံးကို အတင်းဝင်စီးနင်းတိုက်ခိုက်သောကြောင့် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မတရားအသင်းအဖြစ် ထပ်မံကြေညာခံရသည်။ သခင်စိုးလည်း တောခိုသွားသည်။ တောခိုသွားသည့် သခင်စိုး ၁၉၄၈ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် နောက်ပါ လေးယောက်နှင့်အတူ စမ်းချောင်း၊ ဗားကရာ၌ အဖမ်းခံရပြီး ထောင်တွင်းရောက်သွားသည်။



၁၉၄၉ ခုနှစ်၊ ဧပြီလအတွင်း သူပုန်များက ထောင်ဖွင့်ပေးလိုက်၍ သခင်စိုး သာယာဝတီထောင်မှ လွတ်မြောက်သွားပြီး တောတွင်းပြန်ရောက်သွားသည်။ အလံနီကွန်မြူနစ်ပါတီ၏ ကြွေးကြော်သံမှာ 'သေရဲတာ အလံနီ'၊ 'တိုက်ရဲတာ အလံနီ'ဟူ၍ဖြစ်သည်။

သခင်သန်းထွန်းနှင့် သခင်သိန်းဖေတို့ ဦးဆောင်သော သိန်းသန်းကွန်မြူနစ်ပါတီကလည်း ဖဆပလနှင့် သဘောထားကွဲလွဲလာသည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဗကပကို ဖဆပလမှ ထုတ်ပယ်လိုက်သည်။ ထိုသို့ ဖဆပလအဖွဲ့မှ ကွန်မြူနစ်ပါတီကို အဘယ်ကြောင့် ထုတ်ပယ်ခဲ့သည်ကို ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရွှေတိဂုံအနောက်မုခ်၌ ကျင်းပသော လူထုတစ်သိန်းကျော်တက်သည့် စည်းဝေးပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက ရှင်းပြခဲ့သည်။ ထိုမိန့်ခွန်းကိုပင် အောက်တိုဘာလ ၂၂ ရက်နေ့ ည ၇ နာရီ ၁၅ မိနစ်တွင် တစ်ကြိမ်အသံလွှင့်ပေးခဲ့သည်။ လွတ်လပ်ရေးရပြီးသောအခါတွင်လည်း လွတ်လပ်ရေးသည် အတုအယောင် လွတ်လပ်ရေးမျှသာဖြစ်သည်။ စီးပွားရေးနှင့် ကာကွယ်ရေးအရ ဗြိတိသျှသြဇာခံဖြစ်သည်ဟုဆိုကာ ဖဆပလအစိုးရကို ဆက်လက်ဝေဖန်တိုက်ခိုက်ခဲ့သည်။

ရန်ကုန်မြို့ ဗန္ဓုလပန်းခြံ၌ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကွန်မြူနစ်များ ဦးစီးပြီး ကျင်းပသည့် ဖက်ဆစ်တော်လှန်ရေးနေ့တွင် သခင်သန်းထွန်းက 'အေးအေးနေချင်တဲ့ သခင်နု၊ ကြံ့တောပို့ရမယ်'ဟုလည်းကောင်း၊ 'ဗားကရာချောက်ကို ဆိုရှယ်လစ်အရိုးတွေနဲ့ ဖို့ပစ်ရမယ်'ဟုလည်းကောင်း ထည့်သွင်းပြောကြားသည်။ ထို့ကြောင့် ကွန်မြူနစ်ခေါင်းဆောင်များကို ဖမ်းဆီးရန် အစိုးရက စီစဉ်နေဆဲမှာပင် ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်များ တောခိုသွားကြသည်။ ထိုသို့ တောခိုရာတွင်မူ သခင်သိန်းဖေ(ဦးသိန်းဖေမြင့်) မပါပေ။

## ဗမာ့ထွက်ရပ်ဂိုဏ်း (Freedom Bloc) (၁၉၃၉)

ဗမာ့ထွက်ရပ်ဂိုဏ်းကို ၁၉၃၉ ခု၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဖွဲ့သည်။ ဥက္ကဋ္ဌမှာ ဒေါက်တာဘမော်ဖြစ်ပြီး သခင်အောင်ဆန်းက အတွင်းရေးမှူးဖြစ်သည်။ ဗမာ့ထွက်ရပ်ဂိုဏ်းတွင် ဒေါက်တာဘမော်၏ ဆင်းရဲသားဝံသာနုအဖွဲ့၊ သခင်ကိုယ်တော်မှိုင်းကြီးမှူးသော တို့ဗမာအစည်းအရုံး၊ ငါးပွင့်ဆိုင် ဝံသာနုအဖွဲ့၊ နေပြည်တော်အဖွဲ့နှင့် အခြားအဖွဲ့အစည်းအချို့မှ ထင်ရှားသည့် ပုဂ္ဂိုလ်များ

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သည်။ ဥရောပတွင် စစ်ရိပ်စစ်ငွေ့သန်းလာသည်ကို မြန်မာ့နိုင်ငံရေးခေါင်းဆောင်တို့က လှေ့လာသုံးသပ်၍ မြန်မာ့လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်သော အမျိုးသားတပ်ပေါင်းစုကြီး ဖွဲ့စည်းရန် ကြိုးပမ်းရာမှ ပေါ်ပေါက်လာသည့် အဖွဲ့ကြီးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် တစ်သံတည်းထွက်နိုင်ရန် လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေးကို လိုလားသော ပါတီအဖွဲ့အစည်းပေါင်းစုံနှင့် လူထုလူတန်းစားပေါင်းစုံပါဝင်မည့် အမျိုးသားတပ်ပေါင်းစုကြီးအဖြစ် ထူထောင်ခဲ့ခြင်းဖြစ်သည်။ သခင်၊ ကျောင်းသားလူငယ်၊ နိုင်ငံရေးသမားများနှင့် လူကြီးပိုင်းနိုင်ငံရေးသမားများ အရေးကြီး၍ သွေးစည်းခဲ့ကြသည့်သာဓကလည်း ဖြစ်သည်။ ပြည်တွင်းစည်းလုံးမှုအားကို အရင်းတည်၍ လွတ်လပ်ရေးအရယူမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သော အဖွဲ့ကြီးဖြစ်သည်။ စဖွဲ့စဉ်က မြန်မာ့လွတ်လပ်ရေးဂိုဏ်းဟု ခေါ်ပြီး အင်္ဂလိပ်လို Freedom Bloc ဟု ခေါ်ကြသည်။

အဖွဲ့ကြီး၏ ရည်ရွယ်ချက်တွင် ၉၁ ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက်ရန်လည်း ပါဝင်သည်။ ဒုတိယကမ္ဘာစစ်နှင့်ပတ်သက်၍ အင်္ဂလိပ်တို့က ဒုတိယကမ္ဘာစစ်ကို ဒီမိုကရေစီရေးအတွက် တိုက်သည်ဆိုလျှင် မြန်မာတို့လည်း လွတ်လပ်ရေးနှင့် ဒီမိုကရေစီကို မြတ်နိုးသူများဖြစ်၍ မြန်မာ့လွတ်လပ်ရေးအတွက် အခိုင်အမာကတိပေးလျှင် အင်္ဂလိပ်တို့ဘက်မှ ကူတိုက်မည်၊ လွတ်လပ်ရေးအတွက်ကတိပေးလျှင် စစ်ကို ဆန့်ကျင်မည်ဟု ကြေညာခဲ့သည်။ လွတ်လပ်ရေးအကောင်အထည်ဖော်မည့် အခြေခံဥပဒေရေးဆွဲရေးနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ရန်လည်း တောင်းဆိုခဲ့သည်။

မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလိပ်တို့ထံမှ အတိအကျ ကတိမရသောအခါ 'အင်္ဂလိပ်အခက် ဗမာ့အချက်' ဟု ကြွေးကြော်ကာ စစ်ဆန့်ကျင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လွတ်လပ်ရေးအရယူရေးတို့အတွက် ဟောပြောစည်းရုံးလှုံ့ဆော်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီယူရန်လည်း ဆုံးဖြတ်ခဲ့သည်။ အင်္ဂလိပ်တို့၏ အပြင်းအထန်ဖိနှိပ်မှုကြားမှ ထွက်ရပ်ဂိုဏ်းက ဦးဆောင်၍ အင်္ဂလိပ်ကို လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် ကြိုးပမ်းလာသောကြောင့် ဤအဖွဲ့ကြီးဖွဲ့ပြီး မကြာမီမှာပင် အင်္ဂလိပ်အစိုးရက အဖွဲ့ကြီး၏ခေါင်းဆောင်များအားလုံးလိုလိုကို မြန်မာပြည်ကာကွယ်ရေးဥပဒေအရ ဖမ်းဆီး၍ထောင်ချထားခဲ့သည်။ ထို့နောက် ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက်လာသဖြင့် ဗမာ့ထွက်ရပ်ဂိုဏ်းကြီးလည်း တစ်စခန်းရပ်သွားတော့သည်။



## ဗမာကို ကမ္ဘာက သိအောင် လုပ်လိုက်သောနေ့ (၁၉၃၅)

၁၉၃၅ ခုနှစ်၊ မေလ ၄ ရက်နေ့ထုတ် **သူရိယသတင်းစာ**ပါ သတင်းခေါင်းစဉ်ဖြစ်သည်။ ထိုသတင်းဆောင်းပါးရေးသူမှာ သူရိယသတင်းဆောင်းပါးရှင်နှင့် အထူးသတင်းထောက်ဖြစ်သူ ပီယမောင်ဖြစ်သည်။ ဗမာကို ကမ္ဘာက သိအောင် လုပ်သောနေ့ဆိုသည်မှာ ၁၉၃၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ဖြစ်သည်။ ထိုနေ့သည် အိန္ဒိယပြည် ကာလကတ္တားမြို့၌ ကျင်းပသော အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲတွင် မြန်မာပြည်မှ ဇော်ဝိတ်က ၁၂ စတုန်တန်း၊ ဟဲဗီးဝိတ်တန်းနှင့် ကိုယ်ကာယအလှပြိုင်ပွဲတန်းများ၌ ပြိုင်ဘက်များကို အနိုင်ရလိုက်သော နေ့ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

အထက်ပါ အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲဝင်ရန် ကာယဗလဦးရှိန်၊ ဦးဇော်ဝိတ်နှင့် ကိုလှမောင်တို့ ၁၉၃၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ရန်ကုန်မှထွက်ခွာသွားကြရာ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကာလကတ္တားသို့ရောက်သည်။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြိုင်ပွဲဝင်ပြီး ပြန်လာကြရာ ၁၉၃၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိကြပါသည်။

## ဗမာပြည်ဆိုရှယ်လစ်ပါတီ (၁၉၄၅)

ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲပြီးနောက် ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဗမာပြည်ဆိုရှယ်လစ်ပါတီကို တည်ထောင်ခဲ့သည်။ ထိုပါတီ၏ ပထမဆုံး ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | သခင်မြ | ဥက္ကဋ္ဌ |
| ၂။ | ဦးဗဆွေ | အထွေထွေအတွင်းရေးမှူး |
| ၃။ | ဦးကျော်ငြိမ်း | |
| ၄။ | သခင်တင် | |
| ၅။ | ဦးကျော်မြင့်လေး | |

www.burmeseclassic.com

www.burmeseclassic.com



၆။ ဦးလှမောင် (မိတ္ထီလာ)
၇။ ဦးတင်ညွန့်
၈။ သခင်လွင်
၉။ သခင်ကျော်ဒွန်း
၁၀။ သခင်သန်းအောင် (ဗိုလ်စကြာ)
၁၁။ ရန်ကုန်ဘဆွေ
၁၂။ သခင်ချစ်မောင်
၁၃။ သခင်ဝတင်
၁၄။ ဦးကိုကိုကြီး (သိန်းလေးဆယ်)
၁၅။ သခင်လွန်းဘော်
၁၆။ ဦးသန်းစိန်
၁၇။ သခင်တင်မောင်ကြီး
၁၈။ ဦးအောင်ကြီး တွဲဖက်အတွင်းရေးမှူး
၁၉။ သခင်ပန်းမြိုင်
၂၀။ သခင်လှကျွေ

အထက်တွင် ဖော်ပြထားသည့် ဗမာပြည်ဆိုရှယ်လစ်ပါတီ၏ ဗဟိုအမှုဆောင်အဖွဲ့ဝင်များမှာ စစ်ကိုင်းဟန်တင် ရေးသည့် **လုံးဝလွတ်လပ်ရေးသို့** စာအုပ် (စာ ၉၃-၉၄)ပါအတိုင်းဖြစ်ပါသည်။ ဖိုးအောင်လေးရေးသော **မြန်မာ့လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှုရက်စဉ်သမိုင်း**၊ ၂၀၀၄ ခုနှစ်ထုတ်တွင်မူ ထိုပါတီကို ခေါင်းဆောင်သူတို့မှာ အောက်ပါပုဂ္ဂိုလ်များ ဖြစ်သည်ကို တွေ့ရသည်။

၁။ သခင်မြ ဥက္ကဋ္ဌ
၂။ ဦးဗဆွေ အတွင်းရေးမှူး
၃။ ဦးကျော်ငြိမ်း
၄။ ဗိုလ်နေဝင်း
၅။ ဗိုလ်မောင်မောင်
၆။ ဗိုလ်အောင်ကြီး
၇။ ဘိုပေါက်သာကျော်
၈။ ဦးကိုကိုကြီး
၉။ ဦးလှမောင်



၁၀။ သခင်တင်
၁၁။ ဦးကျော်မြင့်လေး
၁၂။ ဦးတင်ညွန့်
၁၃။ သခင်လွင်
၁၄။ သခင်ကျော်ဒွန်း
၁၅။ သခင်အောင်သန်း (ဗိုလ်စကြာ)
၁၆။ ရန်ကုန်ဘဆွေ
၁၇။ သခင်ချစ်မောင်
၁၈။ သခင်ဝတင်
၁၉။ သခင်လွန်းဘော်
၂၀။ ဦးသန်းစိန်
၂၁။ သခင်တင်မောင်ကြီး
၂၂။ သခင်ပန်းမြိုင်
၂၃။ သခင်လှကျွေ

## ဗမာပြည်ဆိုရှယ်လစ်ပါတီကွန်ဂရက် (၁၉၄၆)

ဗမာပြည်ဆိုရှယ်လစ်ပါတီ၏ ပထမအကြိမ်ကွန်ဂရက်ကို ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပသည်။ ထိုကွန်ဂရက်မှ ရွေးချယ်တင်မြှောက်ခဲ့သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သခင်မြ
၂။ ဦးကျော်ငြိမ်း
၃။ ဗိုလ်စကြာ
၄။ ဦးဗဆွေ (ထားဝယ်)
၅။ ဦးဗဆွ (ရန်ကုန်)
၆။ ဦးကျော်မြင့်လေး
၇။ သခင်ဝတင်
၈။ သခင်တင်
၉။ သခင်လွန်းဘော်

www.burmeseclassic.com

www.burmeseclassic.com



၁၀။ သခင်တင်မောင်ကြီး
၁၁။ သခင်ချစ်မောင် (သာယာဝတီ)
၁၂။ သခင်လှကျွေ
၁၃။ သခင်လွင်
၁၄။ ဦးလှမောင်
၁၅။ ဦးသန်းစိန်
၁၆။ ဦးကိုကိုကြီး
၁၇။ ဦးတင်ညွန့်

## ဗမာ့ဝန်ထမ်းအမျိုးသမီးအဖွဲ့ချုပ် (၁၉၄၃)

ဗမာ့ဝန်ထမ်းအမျိုးသမီးအဖွဲ့ချုပ်ကို ၁၉၄၃ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းသည်။ ဒေါက်တာဘမော်၏ ဇနီး ဒေါ်ခင်မမမော်က နာယကဖြစ်သည်။ အမှုဆောင်အဖွဲ့ဝင်အချို့မှာ အမျိုးသမီးဝန်ထမ်း ဒုတိယညွှန်ကြားရေးဝန် ဒေါ်ချစ်နှင့် အတွင်းရေးမှူး ဒေါ်နုစ်တို့ဖြစ်သည်။

အဖွဲ့၏ လုပ်ငန်းများမှာ သူနာပြုတပ်ဖွဲ့များဖွဲ့ကာ ဗုံးဒဏ်၊ မီးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကူညီစောင့်ရှောက်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါ ကာကွယ်ရေးအတွက် ဆေးထိုးပေးခြင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ဖြစ်သည်။ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရောင်းချခြင်း၊ လက်ဖြစ်ပန်းများ ပြုလုပ်ရောင်းချခြင်းနှင့် ကပွဲများကျင်းပ၍ ရန်ပုံငွေ ရှာဖွေခြင်းနှင့် ရရှိသောရန်ပုံငွေအချို့ကို တပ်မတော်သို့လှူဒါန်းခြင်း၊ မြို့ရွာ ရပ်ကွက်များ၌ အမျိုးသမီးအားကစားမှူးများခန့်အပ်၍ ကျန်းမာရေးလေ့ကျင့်ခန်းများ သင်ကြားပေးသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်သည်။ ၁၉၄၄ ခု၊ ဩဂုတ်လတွင် ဗမာ့ဝန်ထမ်းအမျိုးသမီးအဖွဲ့ကို မဟာဗမာအဖွဲ့ဟု အမည်ပြောင်းသည်။



## ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး (၁၉၃၉)

၁၃၀၀ ပြည့် အရေးတော်ပုံအတွင်း ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ရွှေတိဂုံစေတီ အလယ်ပစ္စယံ၌ ကျင်းပသော တောင်သူလယ်သမားထုအစည်းအဝေးကြီးက 'ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီး'ကို ဖွဲ့စည်းသည်။ အစည်းအရုံး၏ ဥက္ကဋ္ဌသည် သခင်မြဖြစ်၍ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်ခင်အောင်၊ သခင်လှဘော်၊ သခင်တင် (သုံးဆယ်)၊ သခင်သိန်းဖေ(ဝါးခယ်မ)၊ သခင်စိုးမင်း(ကြို့ပင်ကောက်)၊ သခင်ဗသော်(ကညွတ်ကွင်း)၊ သခင်ကျော်လှကလေး(သန်လျင်)၊ သခင်လှထွန်း(ပဲခူး) နှင့် သခင်ဗငြိမ်း(မအူပင်)တို့သည် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည်။

## ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး (၁၉၃၉)


၁၃၀၀ ပြည့်အရေးတော်ပုံ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ရွှေတိဂုံစေတီ၊ အလယ်ပစ္စယံ၌ ကျင်းပသော အလုပ်သမား လူထုအစည်းအဝေးက 'ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံး'ကို ဖွဲ့စည်းသည်။ ဥက္ကဋ္ဌ သခင်လေးမောင်နှင့် အမှုဆောင်အဖွဲ့ဝင် ၂၉ ဦး ပါဝင်သည်။

## ဗမာ့လက်ရုံးတပ်


လက်ရုံးတပ်ဟု လူသိများသော ဗမာ့လက်ရုံးတပ်များကို တို့ဗမာအစည်းအရုံးမှ ဦးစီး၍ ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရန် ပြင်ဆင်သည့် သဘောဖြစ်သည်။ ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံဖြစ်ပွားပြီးနောက် မြန်မာ့လွတ်လပ်ရေးကို လက်နက်ကိုင်တိုက်ပွဲဆင်နွှဲမှ ရနိုင်မည်ဆိုသည့် အယူအဆအားကောင်းလာသည်။ တို့ဗမာအစည်းအရုံး၏ ဝါဒမှာလည်း လုံးဝလွတ်လပ်ရေးဖြစ်သည်။ ထို့ကြောင့် လုံးဝလွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရန်အထိ ရည်ရွယ်၍ တို့ဗမာအစည်းအရုံးက ဗမာ့လက်ရုံးတပ်များအဖွဲ့၏ အခြေခံစစ်ပညာများ သင်ပေးခဲ့သည်။ စစ်စိတ်စစ်သွေး သွင်းပေးခဲ့သည်။ ဗမာ့

www.burmeseclassic.com

www.burmeseclassic.com



ကောလင်းမြို့ ဗမာ့လက်ရုံးတပ်သားများ (၁၃၀၂ ခု)



ဒေးဒရဲမြို့ - ဗမာ့လက်ရုံးတပ်သားများ



လက်ရုံးတပ်၏ ရည်ရွယ်ချက်မှာ မြန်မာလူမျိုးများ၊ ကိုယ်လက်ကျန်းမာ သန်စွမ်းရန်၊ စည်းကမ်းရှိရန်၊ မြန်မာပြည်ကို မြန်မာတို့က စောင့်ရှောက်ရန်တို့ ဖြစ်သည်။ ထို့ကြောင့် လက်နက်မဲ့ စစ်ရေးလေ့ကျင့်မှုနှင့် စည်းကမ်းလိုက်နာတတ်ရေး သင်ကြားပေးသည်။ လက်ရုံးတပ်ဗိုလ်ချုပ်သည် သခင်လှဖေ(ပင်ဖြူ)ဖြစ်သည်။ ၁၉၃၆-၃၇ ခုနှစ် မြင်းခြံ၌ ကျင်းပသော တို့ဗမာအစည်းအရုံး ဒုတိယအကြိမ်ညီလာခံကျင်းပပြီးနောက် လက်ရုံးတပ်များ စတင်ဖွဲ့စည်းခဲ့ရာ ၁၉၄၀ ပြည့်ရောက်သော် မြို့နယ်ကျေးရွာအနှံ့တွင် လက်ရုံးတပ်များ ရှိလာသည်။ တို့ဗမာအစည်းအရုံး၏ လုပ်ငန်းများတွင် ကူညီခြင်း၊ နယ်ချဲ့ဆန့်ကျင်ရေးတရားပွဲများနှင့် ဆန္ဒပြပွဲများတွင် ပါဝင်ခြင်း နည်းတို့ဖြင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့သောအခါ လက်ရုံးတပ်သား အများအပြား ပါဝင်ခဲ့ကြသည်။

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ (၁၉၄၇)

အဖွဲ့၏အမည်အပြည့်အစုံမှာ "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့"ဖြစ်သည်။ ၎င်းအဖွဲ့ကို ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အောက်ပါအမှုဆောင်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းသည်။

၁။ ဆာဦးသွင် (သူဌေးကြီး) — ဥက္ကဋ္ဌ
၂။ ဦးစံသိမ်း (အမြတ်တော်ခွန်မင်းကြီး) — အကျိုးတော်ဆောင်
၃။ ဦးအုန်းဆိုင် (ကုန်သည်ကြီး) — ငွေထိန်း
၄။ ဦးဘခင် (ငွေစာရင်းမင်းကြီး) — စာရင်းစစ်
၅။ ဦးတင် (မြန်မာ့အလင်း) — အဖွဲ့ဝင်
၆။ ဦးမြ (ဟသ်ာတ) — အဖွဲ့ဝင်
၇။ ဦးသာဒက် (စက်သူဌေး၊ ကျောင်းကုန်းမြို့) — အဖွဲ့ဝင်
၈။ ဦးထင်ဘွား (ကုန်သည်ကြီး) — အဖွဲ့ဝင်

အဖွဲ့၏ ရည်ရွယ်ချက်များမှာ-

၁။ ဗုဒ္ဓသာသနာတော်ကြီး တည်တံ့စည်ပင်ပြန့်ပွားရေးအတွက် ဆောင်ရွက်ရန်
၂။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကြီးများကို အဖွင်းကုန်ချီးမြှင့်ရေးအတွက် ဆောင်ရွက်ရန်

www.burmeseclassic.com



၃။ ဘာသာပေါင်းစုံ ဗုဒ္ဓဘာသာ ပိဋကတ်တိုက်တော်ကြီး တည်ဆောက်ရန်တို့ဖြစ်သည်။

အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ ဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

၁။ သာသနာတော်မြတ်၌ လေးနက်စွာကြည်ညိုသူ

၂။ လောကီ-လောကုတ္တရာတို့၌ လျောက်ပတ်သော ဗဟုသုတနှင့်ပြည့်စုံသူ

၃။ သေရည်သေရက်ရှောင်ကြဉ်သူ

၄။ လောင်းကစားရှောင်ကြဉ်သူ

၅။ တစ်လလျှင် အနည်းဆုံး လပြည့်လကွယ်နေ့များ၌လည်းကောင်း အခြားနှစ်သက်ရာနေ့စ်ရက်၌လည်းကောင်း ဥပုသ်သီတင်းဆောက်တည်နိုင်သူ

အဖွဲ့၏ ထူးခြားထင်ရှားသည့် ဆောင်ရွက်ချက်များမှာ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားရေးအတွက် သာသနာ့သမိုင်းဝင် တိပိဋကဓရစာမေးပွဲကြီး စတင်ကျင်းပပေးခြင်းနှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ ဖြစ်သည်။

## ဗိုလ်အောင်ဆန်းသီချင်း

ဂျပန်ခေတ်အတွင်းက ပေါ်ထွက်ခဲ့သည့် အမျိုးသားရေးတေးသီချင်းများအနက်မှ ထိုစဉ်က ထင်ရှားကျော်ကြားသော သီချင်းတစ်ပုဒ်ဖြစ်သည့် သဟာယဆရာတင်ရေးသော "ဗိုလ်အောင်ဆန်း" သီချင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ် တကယ်ပဲ အသက်နဲ့ လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်၊ သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်)၂

ငါတို့ဗမာပြည်ဝယ် မိဘတိုင်းကရယ် ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးကြရမယ်၊ ငါတို့ဗမာပြည်ဝယ် မိဘအပေါင်းတို့ကကွယ်၊ အာဇာနည်အစစ်တွေကို တိုက်ဖို့ မွေးကြရမယ်၊ ဩော်… ဘုရင့်နောင်နဲ့ ရာဇာဓိရာဇ်တို့လိုမင်းရဲကျော်စွာပမာပုံနှယ်၊ အလောင်းမင်းဘုရားတို့လိုကွယ်၊ ဗမာတိုင်း ဗမာမျိုး



အားကိုးလောက်ပေတဲ့ မကြောက်တမ်း မလန့်တမ်း ဗမာတွေ အောင်ပန်းဆွတ်ရှာလေတယ်။

သံပြိုင် (ရာဇဝင် အထွဋ်အမြတ်ပွဲလည်း ရှိရမယ်၊ မော်ကွန်းလည်း ထိုးလောက်တဲ့ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်)၂ တိုင်းပြည်ကျိုးစွန့်ခဲ့တယ်။ များဇာနည်နှယ် လွတ်လပ်ဖို့တို့များကို ကျွန်တွင်းမှကယ် တို့ဗမာတွေ စိုးမိုးဖို့မျှော်ကြရာလို့ ပေါ်လာတယ်။

ဗမာနိုင်ငံ၊ ထူထောင်ရန်နဲ့ မျိုးရိုးမတိမ်အောင်၊ ကြံဆောင်လေတယ်၊ နေမျိုးသာကီ၊ ဗမာပြည်လက်ရုံး ကမ္ဘာနိုင်ငံလုံး ထင်ပေါ်စေမယ်၊ စိတ်အားထက်သန် မာန်ကို လျှော့တယ်၊ ငါတို့လူမျိုး တန်ခိုးရှိဖို့ သူရဲကောင်းတွေ ဂုဏ်ရည်ရယ်၊ တကယ်ပင် သတိုးမဟာနှုလနှယ်၊ စွမ်းသတ္တိရာဇဝင်ပြောင်တယ်၊ သားကောင်းများလို့ ခေါ်လောက်ရပေမယ်။ ဥဒါန်းတွင်စေဖွယ်၊ ဗမာသူရဲကောင်းအပေါင်းတို့ရယ်

သံပြိုင် (ရာဇဝင်… ဗိုလ်အောင်ဆန်းရယ်)၂ တိုင်းပြည်ကျိုးစွန့်ခဲ့ ပေါ်လာတယ်။

ဤသီချင်းကိုပင် "ဗမာသူရဲကောင်း" ဟုလည်းကောင်း၊ "အာရှသူရဲကောင်း" ဟူ၍လည်းကောင်း ခေါင်းစဉ်မှုကွဲများ တွေ့ရပါသည်။ ဤသီချင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့ကို ဂုဏ်ပြုစပ်ဆိုထားသည့် ဗမာ့တပ်မတော်ဂုဏ်ပြုတေးတစ်ပုဒ်ဖြစ်သည်။ အဆိုတော်မျိုးချစ်က အေဝမ်းခင်မောင်တူရိယာအဖွဲ့နှင့် တွဲဖက်သီဆိုခဲ့သည်။ ဂျပန်ခေတ်အတွင်းက လူကြိုက်များပြီးအားမာန်အပြည့်ဖြင့် သီဆိုခဲ့ကြသည့် သမိုင်းဝင်တေးတစ်ပုဒ်ဖြစ်သည်။ (ဂျပန်ခေတ်တေးသီချင်းများလည်း ကြည့်ပါ။)

## ဗျူရိုကရေစီအုပ်ချုပ်ရေး

ဗျူရိုကရေစီ (Bureaucracy) မှာ အင်္ဂလိပ်စကားဖြစ်သည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးဆိုသည်မှာ မြန်မာနိုင်ငံတွင် ဗြိတိသျှနယ်ချဲ့အစိုးရတို့ ကျင့်သုံးသွားသော ကိုလိုနီအုပ်ချုပ်ရေး၏ အင်္ဂါရပ်တစ်ခုဖြစ်သည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးဆိုသည်မှာ ဘုရင်ခံမှအစ အတွင်းဝန်နှင့် တိုင်းမင်းကြီးများအပါအဝင် အုပ်ချုပ်ရေးဆိုင်ရာ အစိုးရရာထူးကြီးများကို အင်္ဂလိပ်မျက်နှာဖြူများက ချုပ်ကိုင်ကာပြီး သာမန်အုပ်ချုပ်ရေး ရာထူးများကိုသာ တိုင်းရင်းသားအရာရှိများသို့

www.burmeseclassic.com

www.burmeseclassic.com



ခွဲဝေအုပ်ချုပ်သည့် စနစ်ဖြစ်သည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးတွင် ဘုရင်ခံ၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်၊ အရေးပိုင်၊ နယ်ပိုင်၊ ဝန်ထောက်၊ မြို့ပိုင်၊ မြို့အုပ်၊ ကျေးရွာသူကြီး စသည်ဖြင့် အရာရှိများ ခန့်၍ အုပ်ချုပ်သည်။ ထိုအုပ်ချုပ်ရေးအရာရှိကြီးငယ်တို့သည် အဆင့်ဆင့် မိမိ၏ အထက်အရာရှိကို တာဝန်ခံ၍ အထက်အရာရှိ၏ အမိန့်ကို နာခံ၍ အုပ်ချုပ်ကြရသည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးလုပ်ငန်းတွင် အုပ်ချုပ်ရေးလုပ်ငန်းများ၌ ပြည်သူ့ကိုယ်စားလှယ်တို့ ပါဝင်ခွင့်မရပေ။ အုပ်ချုပ်ရေးအရာရှိကြီးငယ်တို့မှာလည်း အင်္ဂလိပ်အစိုးရအလိုတော်ကျ ဆောင်ရွက်ရသည့် အစိုးရဝန်ထမ်းများသာ ဖြစ်ကြသည်။ အရာရှိတို့မှာ ပြည်သူလူထုကို တာဝန်ခံ၍ အုပ်ချုပ်ရသူများ မဟုတ်ကြပေ။ ထိုသို့ အရာရှိများဖြင့်သာ အဆင့်ဆင့် အမိန့်ပေး၍ ဗြိတိသျှနယ်ချဲ့အစိုးရနှင့် ဗြိတိသျှအရင်းရှင်တို့၏ အကျိုးစီးပွားအတွက် စီမံဆောင်ရွက်သည့် အုပ်ချုပ်ရေးကို ဗျူရိုကရေစီအုပ်ချုပ်ရေးဟု ခေါ်ခြင်းဖြစ်သည်။

## ဗြိတိသျှဘားမား (၁၈၆၂)

ပထမ အင်္ဂလိပ်-မြန်မာစစ်နှင့် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်အပြီးတွင် ဗြိတိသျှတို့ သိမ်းယူခဲ့သော ရခိုင်၊ တနင်္သာရီနှင့် ပဲခူးဒေသများကို ၁၈၆၂ ခုနှစ်ရောက်သောအခါ စုပေါင်း၍ ဗြိတိသျှမြန်မာပြည်နယ် (Provnice of British Burma)ဟု ဖွဲ့စည်းရာမှ ပေါ်လာသည့် အသုံးအနှုန်းဖြစ်ပါသည်။ အောက်မြန်မာပြည် (Lower Burma) ဟုလည်း ရေးကြ၊ ပြောကြသည်။ မူလက ရခိုင်၊ တနင်္သာရီနှင့် ပဲခူးနယ်များကို ကော်မရှင်နာခေါ် ဝန်ရှင်တော်မင်းကြီးတစ်ဦးစီက အုပ်ချုပ်ရာမှ ဗြိတိသျှမြန်မာပြည်နယ် ဖွဲ့စည်းသောအခါ မဟာဝန်ရှင်တော်မင်းကြီး (Chief Commissioner) တစ်ဦးတည်းက အုပ်ချုပ်သည့် ခေတ်ဖြစ်သွားသည်။ ဗြိတိသျှမြန်မာပြည်၏ ပထမဦးဆုံး မဟာဝန်ရှင်တော်မင်းကြီးမှာ ဆာအာသာဖယ်ယာ (Sir Arthur Phayre) ဖြစ်သည်။



## ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေး

မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူပြီးချိန်မှ လွတ်လပ်ရေးပေးရသည့်အချိန်အထိ ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်ချုပ်သွားသည့် အုပ်ချုပ်ရေးကို ဆိုလိုသည်။ ၁၈၈၅ နိုဝင်ဘာလ ၂၉ ရက်တွင် အထက်မြန်မာနိုင်ငံ ဗြိတိသျှတို့လက်အောက် ရောက်သည်။ ၁၈၈၆ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အထက်မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းကြောင်း တရားဝင်ကြေညာချက်ထွက်သည်။ ထိုအချိန်မှ စ၍ မြန်မာတစ်နိုင်ငံလုံးသည် ဗြိတိသျှအင်ပါယာအတွင်း ပါဝင်သွားပြီး အိန္ဒိယနိုင်ငံ၏ နယ်တစ်နယ်ဖြစ်သွားသည်။ မြန်မာနိုင်ငံမှာ အိန္ဒိယဘုရင်ခံချုပ် (Governor General) ၏ အုပ်ချုပ်မှုအောက်သို့ ရောက်သွားသည်။ ထို့နောက် မြန်မာနိုင်ငံအုပ်ချုပ်ရေးကို လက်တွေ့တာဝန်ယူရန် အိန္ဒိယဘုရင်ခံချုပ်က မဟာဝန်ရှင်တော်မင်းကြီး (Chief Commissioner) တစ်ဦးခန့်ထားခဲ့သည်။ ထို့ကြောင့် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးသည် မဟာဝန်ရှင်တော်မင်းကြီး အဆင့်ဖြင့် စတင်အုပ်ချုပ်သည့် စနစ်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးကို ၁၈၈၆ မှ စ၍ မဟာဝန်ရှင်တော်မင်းကြီးက ဦးဆောင်၍ အုပ်ချုပ်လာရာမှ ၁၈၉၇ ရောက်သော် ဒုတိယဘုရင်ခံ (Lieu- tenant Governor)က ခေါင်းဆောင်၍ အုပ်ချုပ်သည့် အဆင့်သို့ တိုးပေးခဲ့သည်။ ဒုတိယဘုရင်ခံ၏ လက်အောက်တွင် အဖွဲ့ဝင် ၉ ဦးပါသော အတိုင်ပင်ခံဥပဒေပြုကောင်စီလည်း ရှိလာသည်။ ထို့ကြောင့် မဟာဝန်ရှင်တော်မင်းကြီး တစ်ဦးတည်း၏ သဘောဖြင့် အုပ်ချုပ်ရာမှ ဒုတိယဘုရင်ခံက အတိုင်ပင်ခံဥပဒေပြုကောင်စီနှင့် တိုင်ပင်၍ အုပ်ချုပ်သည့် ခေတ်သို့ ရောက်လာသည်။ ထို့နောက် မော်လီ-မင်တို ပြုပြင်ရေးအရ ဒုတိယဘုရင်ခံ၏ အတိုင်ပင်ခံဥပဒေပြုကောင်စီ အဖွဲ့ဝင်ဦးရေကို ၉ ဦးမှ ၁၅ ဦးအထိ တိုးချဲ့ခဲ့သည်။

ဒုတိယဘုရင်ခံက ၁၈၉၇ မှ စ၍ အတိုင်ပင်ခံဥပဒေပြုကောင်စီနှင့် တိုင်ပင်၍ အုပ်ချုပ်လာရာမှ ၁၉၂၃ ရောက်သော် ဒိုင်အာခီအုပ်ချုပ်ရေး တိုးပေးခဲ့ပြန်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးပေးချိန်မှ စ၍ မြန်မာနိုင်ငံအုပ်ချုပ်ရေးကို ဘုရင်ခံ (Governor) က တာဝန် ယူသည်။ ဘုရင်ခံ၏ လက်အောက်တွင် အဖွဲ့ဝင် ၁၀၃ ဦးပါသော ဥပဒေပြုကောင်စီနှင့် ဝန်ကြီး ၄ ဦးပါသော အုပ်ချုပ်မှုကောင်စီ တို့လည်း ရှိလာသည်။ အုပ်ချုပ်ရေးဌာနများကို ဘုရင်ခံနှင့် ပြည်သူ့ကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com



တို့ ခွဲဝေအုပ်ချုပ်ရသည့် စနစ်သို့ ရောက်လာခြင်းဖြစ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးကာလအထိ မြန်မာနိုင်ငံအစိုးရမှာ အိန္ဒိယဗဟိုအစိုးရ၏ အမိန့်ကို နာခံ၍ အုပ်ချုပ်ရခြင်းဖြစ်သည်။ အိန္ဒိယဗဟိုအစိုးရမှာလည်း အင်္ဂလန်ရှိ ဗြိတိသျှအစိုးရနှင့် ပါလီမန်၏ ညွှန်ကြား ချက်အတိုင်း လိုက်နာရသည်။

ဒိုင်အာခီစနစ်ဖြင့် ၁၉၂၃ ခုမှ စ၍ အုပ်ချုပ်လာရာမှ ၁၉၃၇ ရောက်သော် ၉၁ ဌာနအုပ်ချုပ်ရေးကို တိုးပေးခဲ့ပြန်သည်။ ၉၁ ဌာနအုပ်ချုပ်ရေးသစ်နှင့်အတူ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်လိုက်၍ မြန်မာနိုင်ငံအစိုးရသည် အိန္ဒိယဗဟိုအစိုးရ၏ လက်အောက်ခံ မဟုတ်တော့ပေ။ မြန်မာနိုင်ငံအစိုးရမှာ အင်္ဂလန်ရှိ ဗြိတိသျှအစိုးရနှင့် ပါလီမန်တို့၏ လက်အောက်သို့ ရောက်သွားသည်။ ဆိုလိုသည်မှာ ယခင်ကဆိုလျှင် မြန်မာနိုင်ငံအတွက် အရေးကြီးကိစ္စများ တင်ပြလိုလျှင် မြန်မာနိုင်ငံအစိုးရက အိန္ဒိယဗဟိုအစိုးရသို့ ပထမတင်ပြရသည်။ အိန္ဒိယဗဟိုအစိုးရကမှ တစ်ဖန် အင်္ဂလန်ရှိ ဗြိတိသျှအစိုးရသို့ လိုအပ်သလို တင်ပြရသည်။ သို့သော် ၉၁ ဌာနအုပ်ချုပ်ရေးအရ ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံအစိုးရမှာမူ အိန္ဒိယဗဟိုအစိုးရလက်အောက်ခံ မဟုတ်တော့၍ အင်္ဂလန်ရှိ ဗြိတိသျှအစိုးရနှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ရလာသည်။ ၉၁ ဌာနအုပ်ချုပ်ရေးသစ်အရ ဖွဲ့စည်းအုပ်ချုပ်ပုံမှာ ဘုရင်ခံ၏ လက်အောက်တွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ ပါဝင်သော ပါလီမန်ရှိလာသည်။ ကက်ဘိနက်ခေါ် ဝန်ကြီးများအဖွဲ့လည်း ရှိလာသည်။ ဖွဲ့စည်းပုံအရ ပါလီမန်စနစ်၏ အဆောင်အယောင်များဖြင့် အပြည့်အစုံဖြစ်လာသည်။ သို့သော် အချုပ်အခြာအာဏာပိုင်ပုဂ္ဂိုလ်မှာ ဘုရင်ခံသာဖြစ်သည်။ ထိုသို့ ၁၉၃၇ မှစ၍ ၉၁ ဌာနအုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေရာမှ ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအစိုးရရုံးကို အိန္ဒိယနိုင်ငံ ဆင်းမလားမြို့၌ ဖွင့်ထားခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးသွားသောအခါ ဗြိတိသျှတို့ မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြန်သည်။ ထိုအခါ ဘုရင်ခံက မိမိစိတ်ကြိုက် အမှုဆောင်ကောင်စီဖွဲ့၍ အုပ်ချုပ်သည်။ ထိုသို့ ဘုရင်ခံက အမှုဆောင်ကောင်စီဖွဲ့၍ အုပ်ချုပ် နေရာမှ ၁၉၄၈ တွင် လွတ်လပ်ရေးပေးခဲ့ရခြင်းဖြစ်သည်။

ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ်ရေးတွင် ဖွဲ့စည်းပုံအရ အဆင့်ဆင့် ပြောင်းလဲလာသော်လည်း အနှစ်သာရအားဖြင့် ပြောင်းလဲမှုမရှိပေ။ မြန်မာနိုင်ငံအစိုးရ၏ အကြီးအကဲမှာ မဟာဝန်ရှင်တော်မင်းကြီး၊ ထို့နောက် ဒုတိယဘုရင်ခံ



နှင့် ဘုရင်ခံတို့သာဖြစ်ပြီး အချုပ်အခြာအာဏာမှာ ၎င်းတို့လက်ထဲတွင်သာ ရှိသည်။ ဖွဲ့စည်းပုံအရ ဥပဒေပြုကောင်စီ၊ အုပ်ချုပ်မှုကောင်စီ၊ ပါလီမန်နှင့် ဝန်ကြီးအဖွဲ့ စသည်တို့ ရှိလာသော်လည်း ၎င်းအဖွဲ့အစည်းများမှာ လက်တွေ့တွင် အာဏာပိုင်အဖွဲ့အစည်းများ မဟုတ်ကြပေ။ ဘုရင်ခံ၏ အတိုင်ပင်ခံအဖွဲ့အစည်းမျိုးသာ ဖြစ်နေသည်။ လက်တွေ့အုပ်ချုပ်ရေးမှာ ဘုရင်ခံနှင့် တိုင်းမင်းကြီးများ၊ ခရိုင်ဝန်များ၊ အရေးပိုင်၊ နယ်ပိုင်၊ မြို့ပိုင်၊ ကျေးရွာသူကြီး စသည်ဖြင့် အရာရှိအချင်းချင်း အမိန့်ပေး၍ အုပ်ချုပ်သည့် ဗျူရိုကရေစီအုပ်ချုပ်ရေးမျိုးသာ ဖြစ်သည်။ မြေပြန့်နှင့် တောင်တန်းသားများကို သွေးခွဲအုပ်ချုပ်သည့် နည်းကိုလည်း ကိုလိုနီခေတ်တစ်လျှောက်လုံး ကျင့်သုံးခဲ့သည်။ ထို့ကြောင့် ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးဆိုသည်မှာ ဘုရင်ခံသည်သာ အချုပ်အခြာအာဏာပိုင်ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ဗျူရိုကရေစီအုပ်ချုပ်ရေးနှင့် သွေးခွဲအုပ်ချုပ်ရေးတို့ ကျင့်သုံးခြင်းတို့ ဖြစ်ပေသည်။

## ဘချို၊ ဦး (ဒီးဒုတ်) (၁၈၉၃–၁၉၅၇)

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုမှာ မြောင်းမြဇာတိဖြစ်သည်။ အဖ မြန်မာဆေးဆရာကြီး ဦးဘိုးစာနှင့် အမိ ဒေါ်မြစ်တို့မှ ၁၈၉၃ ခု၊ ဧပြီလ ၂၄ ရက်နေ့တွင် ဖွားမြင်သည်။ အသက် ၁၄ နှစ်တွင် မြောင်းမြမြို့ ဆရာဦးမောင်မောင်ကျောင်းမှ သတ္တမတန်းကို အထူးအောင်၍ စကောလားရှစ်ခေါ် ပညာသင်ဆုရခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ရှိ စိန်ပေါကျောင်းတွင် ဆက်လက်ပညာသင်ယူရာ ၁၀ တန်းကိုလည်း အထူးအောင်သောကြောင့် ပညာသင်ဆု ထပ်ရသည်။ ရန်ကုန်တက္ကသိုလ်တွင် ဘီအေအထက်တန်းတက်နေဆဲ မျက်စိရောဂါကြောင့် တက္ကသိုလ်မှ ထွက်ခဲ့ရသည်။ တက္ကသိုလ်မှ ထွက်ပြီး ပေါင်းတည်နှင့် ဟင်္သာတမြို့များတွင် အစိုးရကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ ပညာအုပ်လည်း လုပ်ခဲ့ဖူးသည်။ ၁၉၂၀ ပြည့်နှစ်တွင် ဒေါ်လှမေနှင့် လက်ထပ်သည်။ အမျိုးသားကောလိပ်ဖွင့်သောအခါ အစိုးရဝန်ထမ်းမှ ထွက်ပြီး အမျိုးသားကောလိပ်တွင် မြန်မာစာဆရာ ဝင်လုပ်သည်။ အစိုးရအထောက်အပံ့ မယူသော အမျိုးသားကျောင်းဆရာလည်း လုပ်ခဲ့ဖူးသည်။ ရက်သတ္တပတ်လျှင် တစ်ကြိမ်ထုတ်သော **မြန်မာ့ရီဗျူးဂျာနယ်**ကို အယ်ဒီတာချုပ်အဖြစ် ဦးစီးထုတ်ဝေခဲ့သည်။ ထို့နောက် **ဒီးဒုတ်ဂျာနယ်**ကို ၁၉[illegible] ခုနှစ်တွင် ဦးစီးထုတ်ဝေရာမှ ဒီးဒုတ်ဦးဘချိုဟု ထင်ရှားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသည် အင်္ဂလိပ်၊ မြန်မာနှင့် ပါဠိစာပေများတွင် နှံ့စပ်ပြီး ဆေးကျမ်း၊ ဗေဒင်၊ နက္ခတ်နှင့် အဂ္ဂိရတ်ပညာများကိုလည်း လိုက်စားခဲ့သည်။ မြန်မာသီချင်းကြီးကိုလည်း စည်းစနစ်ကျစွာ တတ်မြောက်သူတစ်ဦး ဖြစ်သည်။ တူရိယာ ကဗျာ ဂီတကို မြတ်နိုးပြီး စောင်းကောက်ကိုလည်း ပိုင်နိုင်စွာ တီးတတ်သည်။ မြန်မာသီချင်းကြီး သီချင်းခံနှမ်များကို မှုမှန်အတိုင်း ဖြစ်စေရန် **ဂီတဝိသောဓနီ** ကျမ်းကိုလည်း တည်းဖြတ်ခဲ့သည်။ ထို့ကြောင့် ဂီတဖခင်တစ်ဦးအနေဖြင့်လည်း လူသိများသည်။ ၁၉၃၈ ခုနှစ်အတွင်း **ဒီးဒုတ်နေ့စဉ်**သတင်းစာကို ထုတ်ဝေခဲ့သည်။ ဆရာကြီးသည် သတင်းစာဆရာ၊ အယ်ဒီတာ၊ စာရေးဆရာ စသည့် စာပေသမားတစ်ဦးအနေဖြင့် ပြည်သူလူထု နိုင်ငံရေးအသိတရားနိုးကြားစေသည့် စာပေများကိုလည်း ရေးသားခဲ့သည်။ အင်္ဂလိပ်တို့ပေးသော ဒိုင်အာခီအုပ်ချုပ်ရေးနှင့် ၉၁ ဌာနအုပ်ချုပ်ရေးတို့ကို ဆန့်ကျင်ခဲ့သည်။ ဖေဘီယန် (Fabian) အဖွဲ့ ဥက္ကဋ္ဌလည်း လုပ်ခဲ့ဖူးသည်။ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်မှောက်ကျောင်းသားများ စောင့်ရှောက်ရေးအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် စစ်ကြိုခေတ် မြန်မာနိုင်ငံရေးလောကတွင် သခင်နှင့် ကျောင်းသားလူငယ်တို့၏ ကြည်ညိုလေးစားမှုခံရသူတစ်ဦးဖြစ်ခဲ့သည်။ ဂျပန်ခေတ်တွင်လည်း ဒေါက်တာဘမော်အစိုးရ၏ အတိုင်ပင်ခံလွှတ်တော်အဖွဲ့ဝင်တစ်ဦးဖြစ်ရုံမက စာရေးဆရာအသင်းနာယကလည်း ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးသောအခါ မြန်မာ့လွတ်လပ်ရေးအတွက် ဖဆပလတွင် ပါဝင်ကြိုးပမ်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီး ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီဝင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ချင်းပြည်နယ် ထီးလင်းမြို့တွင် ကျင်းပသော ချင်း-ဗမာ ချစ်ကြည်ရေးကျောက်တိုင်ဖွင့်ပွဲအခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးအနေဖြင့်လည်းကောင်း တက်ရောက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် အတူ လုပ်ကြံခံရ၍ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။



## ဘဝင်း၊ ဦး (၁၉၀၁–၁၉၄၇)

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်းမှာ နတ်မောက်မြို့ ရှေ့နေဦးဖာနှင့် ဒေါ်စုတို့၏ သားအကြီးဆုံးဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၀၁ ခု၊ ဇွန်လ ၁၁ ရက်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကိုကြီးဖြစ်သည်။ ၁၉၁၄ ခုတွင် နတ်မောက်အလယ်တန်းကျောင်းမှ သတ္တမတန်းအောင်သည်။ မြန်မာလိုကိုးတန်းအောင်ပြီးနောက် အလယ်တန်းဆရာဖြစ် စာမေးပွဲလည်း အောင်သောအခါ နတ်မောက်၌ပင် ကျောင်းအုပ်ခေတ္တလုပ်သည်။ ထို့နောက် ရေနံချောင်း၌ ကျောင်းဆရာ၊ ဘီအိုစီစာရေးဘဝဖြင့် ကျင်လည်ရင်း အင်္ဂလိပ်စာ အလွှတ်ပညာသင်ကျောင်းတက်သည်။ ၁၉၂၄ ခုတွင် ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးဖြင့် အောင်ရုံမက ပထမလည်း ရသည်။ ၁၉၂၉ ခုတွင် ရန်ကုန်တက္ကသိုလ်မှ သချာဂုဏ်ထူးတန်းအောင်၍ ဘီအက်စ်စီဘွဲ့ရသည်။ ပထမဆုံး တက္ကသိုလ်ဘွဲ့ရ နတ်မောက်သားလည်း ဖြစ်သည်။ ဘွဲ့ရပြီးနောက် ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ်လည်းကောင်း၊ ဖျာပုံမြို့ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းကျောင်းအုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၃၅ ခုတွင် တောင်တွင်းကြီးမြို့မှ ဦးစံ၊ ဒေါ်ရွှေမေတို့၏ သမီး ဒေါ်ခင်စောနှင့် လက်ထပ်သည်။ စစ်ပြီးခေတ်တွင် ရေနံချောင်းမြို့နယ် ဖဆပလဥက္ကဋ္ဌ ဖြစ်လာသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဖဆပလကြားဖြတ်အစိုးရအဖွဲ့ဝင် ထောက်ပံ့ရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဖြစ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီအဖွဲ့ဝင်လည်း ဖြစ်သည်။ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံခံရ၍ အသက် ၄၆ နှစ်တွင် ကွယ်လွန်ခဲ့သည်။

## ဘားမားရူဘီမိုင်းလီမိတက် (၁၈၈၉)

မိုးကုတ်ပတ္တမြားမြေ၌ ကျောက်မျက်တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ် လုပ်ကိုင်ခွင့်ရသော ဘားမားရူဘီမိုင်းလီမိတက် (Burma Ruby Mines Limited) ခေါ် မြန်မာနိုင်ငံ ပတ္တမြားတွင်းကုမ္ပဏီကို ၁၈၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် စတင်တည်ထောင်သည်။ လန်ဒန်မြို့မှ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကျော်ကျောက်မျက်ရတနာကုန်သည်နှင့် ဘဏ်သူဌေးကြီး ရော့ချိုင်းက ဦးစီး၍ အစုရှယ်ယာများခေါ်ကာ တည်ထောင်သည်။ မတည်ငွေမှာ စတာလင်ပေါင် ၃၀၀၀၀၀ ဖြစ်သည်။ တစ်စုလျှင် တစ်ပေါင်တန်သော အစုရှယ်ယာပေါင်း ၃၀၀၀၁၀ ဖြင့် စတင်တည်ထောင်သည်။

ကုမ္ပဏီတည်ထောင်စဉ်က မိုးကုတ်ပတ္တမြားတွင်းမှာ သတင်းကြီးလှသောကြောင့် အစုရှယ်ယာဝယ်ခွင့်လျှောက်လွှာများ ထုတ်ပေးရာတွင် မိနစ်ပိုင်းအတွင်း ကုန်သွားသည်ဟု ဆိုသည်။ အစုရှယ်ယာများ ထုတ်ပေးသည့် ၂၇.၂.၁၈၈၉ နေ့တွင် လန်ဒန်မြို့ စိန့်ဆွစ်သင်လမ်းသွယ် (Saint Swimthin Lane) တွင် အစုရှယ်ယာဝယ်ခွင့်လျှောက်လွှာတင်သူ၊ အစုရှယ်ယာဝယ်သူ၊ လျှောက်လွှာပုံစံတစ်ဆင့် ပြန်ရောင်းချသူ၊ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားပြီး တိုးကြိတ်ကြ ကျော်ကြနင်းကြဖြင့် လဲသူ လဲ၊ ကွဲသူ ကွဲဖြစ်ကုန်၍ နောက်ဆုံး ထိန်းမနိုင်သိမ်းမရဖြစ်လာ၍ ရဲကို အကူအညီတောင်း၍ လူအုပ်ကြီးကို ထိန်းသိမ်းခဲ့ရသည်ဟု ဆိုသည်။ ကုမ္ပဏီ၏ ပထမဆုံး ဒါရိုက်တာလူကြီးခြောက်ဦးမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဆာလက်ပယ်ဂရစ်ဖင် (Sir Lepel Griffin) ဥက္ကဋ္ဌ
၂။ ရယ်ဂျီနယ်ဘင့် (Reginald Beench)
၃။ ရောဘတ်အင်္ဂလိပ် (Robert English)
၄။ လီဗာဆန် (G.B.C Leverson)
၅။ ဆာဂျွန်မောရစ် (Sir John. H. Morris)
၆။ ဂျီစကယ်တန်စထရီတာ (G. Skelton Strecter)

မိုးကုတ်ပတ္တမြားမြေတွင် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းကို ၁၈၉၀ ပြည့်နှစ်မှ စ၍ လက်ဝါးကြီးအုပ် လုပ်ကိုင်ခဲ့သော ရူဘီမိုင်းကုမ္ပဏီသည် မြတ်တစ်ခါ ရှုံးတစ်လှည့်ဖြင့် အခက်အခဲအမျိုးမျိုးကို နှစ်ပေါင်း ၄၀ ကျော် ဖြတ်သန်းခဲ့ပြီး ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် ၃၀.၆.၁၉၃၁ နေ့တွင် ဖျက်သိမ်းလိုက်ရသည်။



## ဘားနဒ်အခမဲ့စာကြည့်တိုက် (၁၈၈၃)

မြန်မာနိုင်ငံ၌ ပထမဆုံးသော ပြည်သူ့စာကြည့်တိုက်ဟု ဆိုနိုင်သည့် ဘားနဒ်စာကြည့်တိုက် (Bernard Free Library) ကို ၁၈၈၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ စာကြည့်တိုက်ကို တည်ထောင်သူ အောက်မြန်မာပြည် မဟာဝန်ရှင်တော်မင်းကြီး ဆာချားလ်အက်ဒဝပ်ဘားနဒ် (Sir Charles Edward Bernard) ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ ဘားနဒ်က သူပိုင်စာအုပ်စာတမ်းများနှင့် အဆောက်အအုံကိုသုံး၍ စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ စာကြည့်တိုက်တည်ရာ နေရာမှာ ကော်မရှင်နာလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)နှင့် ဘုရားလမ်းထောင့်ရှိ အစိုးရအထက်တန်းကျောင်း (အ.ထ.က ၁ လသာ)ဝင်းအတွင်း ဖြစ်သည်။

စာကြည့်တိုက်ဖွင့်ပြီးနောက် ပထမဆုံး အဖိုးတန်စာအုပ်စာတမ်းအများအပြား လှူဒါန်းသူမှာ ထိုစဉ်က တရားရေးဌာနမင်းကြီး၊ မြန်မာနိုင်ငံပညာရေးဆင်ဒီကိတ် ဥက္ကဋ္ဌ ဆာဂျွန်ဂျာဒင်း (Sir John Jardine) ဖြစ်သည်။ ထို့နောက် ၁၈၈၇ ခုနှစ်တွင် ရန်ကုန်ကောလိပ်မှ ပါဠိအဘိဓာန်ကျမ်းပြု ပါမောက္ခ ချိုးလ်ဒါး (Mr. Childer) ကလည်း သူပိုင်စာအုပ်စာတမ်းနှင့် ပေစာများလှူဒါန်းသောကြောင့် ပါဠိနှင့် လက်ရေးစာမူ သီးသန့်ရှိလာသည်။ ထို့နောက်တစ်ဖန် ၁၈၈၈ ခုနှစ်တွင် မန္တလေးနန်းတွင်းရှိ မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏ ပိဋကတ်တိုက်မှ အဖိုးတန်ပေပုရပိုက်အချို့၊ ၁၈၈၉ ခုနှစ်တွင် ရန်ကုန်မြို့နေ ကုန်သည်ကြီး ဦးဖိုးမျှင်၊ ရာဇဝတ်ဝန်ထောက် ဦးမြို့တို့က ပေပုရပိုက်အချို့၊ ၁၈၉၅ ခုနှစ်တွင် ယိုးဒယားဘုရင်ထံမှ ရှမ်းဘာသာရေး ပိဋကတ်တော် ၃၉ အုပ်၊ ၁၉၀၄ ခုနှစ်တွင် ဂျပ်ဆင်ကောလိပ် ကျောင်းအုပ်ဆရာကြီး ကူရှင်က ရှမ်းဘာသာရေး ရှားပါးကျမ်းစာ ၂၂ စောင်၊ ၁၉၀၅ ခုနှစ်တွင် ဖယ်ယာပြတိုက်ရှိ အာဆာသာဖယ်ယာနှင့် ကာနယ်စလေဒင်တို့ လှူဒါန်းထားသော စာအုပ်စာတမ်းနှင့် ဂျာနယ်များ ထပ်မံရရှိခဲ့သည်။

၁၉၂၀ ပြည့်နှစ် ရောက်သောအခါ ကင်းဝန်မင်းကြီး၏ ပိဋကတ်တိုက်ရှိ ပေပုရပိုက်များကို ငွေကျပ်တစ်သောင်းငါးထောင်ဖိုး၊ ၁၉၂၄ တွင် ပုဂံဝန်ထောက် ဦးတင်၏ ပေပုရပိုက်လက်ရေးစာများကို ငွေကျပ်ငါးထောင်ဖိုး ထပ်မံဝယ်ယူစုဆောင်းခဲ့သည်။ ဤသို့ဖြင့် ဘားနဒ်စာကြည့်တိုက်သည် မြန်မာ၊

www.burmeseclassic.com

www.burmeseclassic.com



ပါဠိ၊ မွန်၊ ရှမ်း၊ ရခိုင်၊ တိုင်းရင်းသားလက်ရေး ပုရပိုက်စာများအပြင် ဥရောပဘာသာ၊ အိန္ဒိယဘာသာရေးစာအုပ်များ၊ အစိုးရအစီရင်ခံစာများနှင့် ပညာရပ်ဆိုင်ရာ ၇၅၀၀ ကျော်ရှိလာခဲ့ပြီး မြန်မာမှုနှင့်ပတ်သက်၍ အားအကိုးရဆုံး စာကြည့်တိုက်အဖြစ် ထင်ရှားလာသည်။ ဘားနဒ်စာကြည့်တိုက်မှ ၁၉၀၆ ခုနှစ်တွင် ပါဠိဆရာကြီး ဦးဖြေ စီစဉ်သော **ရန်ကုန်မြို့ ဘားနဒ်ပိဋကတ်တိုက်ရှိ လက်ရေးစာ၊ ပေစာ စာရင်းနှင့် ကင်းဝန်မင်းကြီးထံမှ ရရှိသည့် လက်ရေးစာပေစာရင်းစာအုပ်**အဖြစ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်စာရင်းအရ ဘားနဒ်စာကြည့်တိုက်တွင် ပေပုရပိုက်ဖြင့် ကျမ်းပေါင်း ၁၂၉၁ ကျမ်း ရှိသည်။ ကင်းဝန်မင်းကြီး၏ လက်ရေးစာပေ စာရင်းတွင် ကျမ်းအမည်ပေါင်း ၁၃၃၃ မျိုး ပါဝင်သည်။ ၁၉၁၇ ခုနှစ်တွင် **ဘားနဒ်ပိဋကတ်တိုက်ရှိ ပုံနှိပ်စာအုပ်များစာရင်း** ကတ်တလောက်ကို ထုတ်ဝေခဲ့သည်။ ထိုကတ်တလောက်အရ ပညာရပ်ပေါင်းစုံအတွက် ပုံနှိပ်စာအုပ်ပေါင်း ၅၀၀၀ ကျော်ရှိကြောင်း သိရသည်။ မူလစာကြည့်တိုက်အဆောက်အအုံသည် ဟောင်းနွမ်းယိုယွင်းလာသောကြောင့် ၁၉၄၀ ပြည့်နှစ်၊ ဖွန်လ ၁၇ ရက်နေ့တွင် ရန်ကုန် မြို့တော်ခန်းမအောက်ထပ် အရှေ့တောင်ထောင့်အခန်းသို့ ပြောင်းရွှေ့ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့၍ စစ်ပြီးသောအခါ ပုံနှိပ်စာအုပ် ၆၀၀၀ မျှသာ ကျန်တော့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စာကြည့်တိုက်ကို ပြန်လည်ဖွင့်လှစ်သည်။ ၁၉၅၂ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စာကြည့်တိုက်အုပ်ချုပ်ရေးအဖွဲ့ထံမှ ယဉ်ကျေးမှုဝန်ကြီးဌာနက လွှဲပြောင်းယူခဲ့ပြီး နိုင်ငံတော်စာကြည့်တိုက်ဟု အမည်ပြောင်းခဲ့ပြီး ယခုအခါ အမျိုးသားစာကြည့်တိုက်အဖြစ် ဆက်လက်ရှင်သန်ရပ်တည်နေသည်။

## ဘီအေအေအားကစားကွင်း

အောင်ဆန်းအားကစားကွင်း၏ မူလအမည်မှာ ဘီအေအေအားကစားကွင်းဖြစ်သည်။ ဘီအေအေဆိုသည်မှာ 'မြန်မာနိုင်ငံ အားကစားအသင်း' (The Burma Athletic Association)၏ အတိုကောက်အခေါ် ဖြစ်သည်။ ကိုလိုနီခေတ်အတွင်းက ဘောလုံးအားကစားနည်း ခေတ်စားလာသောအခါ ၁၈၉၅ ခုနှစ်တွင် 'မြန်မာဘောလုံးအသင်း' (The Burma Association Football



League) ဟူ၍ ပေါ်လာသည်။ ထို့နောက် ခရစ်ကက်အားကစားနည်းလည်း ပေါ်လာ၍ ထိုအားကစားအသင်းများပေါင်း၍ ဘီအေအေကို တည်ထောင်ခဲ့ကြသည်။ အသင်းပိုင်အားကစားကွင်း မရှိ၍ ဘောလုံးပွဲများကို မြို့မကျောင်းရှေ့ရှိ စစ်ရေးပြကွင်းတွင် ကစားကြသည်။ ယခု အောင်ဆန်း ကွင်းနေရာမှာ ယခင်က ခဝါသည်များ အဝတ်လျှော်သည့် ရေကန်ရှိသည်။ ထို ရေကန်ကို ဖို့၍ အားကစားကွင်းအဖြစ် ပြုပြင်တည်ဆောက်ပြီး ၁၉၀၉ ခုနှစ်မှ စ၍ ဘီအေအေအားကစားကွင်းအဖြစ် စတင်အသုံးပြုသည်။ လွတ်လပ်ရေးခေတ်တွင် အောင်ဆန်းကွင်းဟု အမည်ပြောင်းသည်။

## ဘီကေအင်န်အေ (၁၉၂၉)

ဘီကေအင်န်အေဆိုသည်မှာ 'မြန်မာပြည်လုံးဆိုင်ရာ ကရင်အမျိုးသားအဖွဲ့ချုပ်' (Burma Kayin National Association) ၏ အတိုကောက်အခေါ်ဖြစ်သည်။ ဘီကေအင်န်အေကို ဆရာတော် ဦးပဏ္ဍိဝံသ၊ စောဘသန်းရွှေနှင့် စောဖေသာတို့က ဦးဆောင်၍ ၁၉၂၉ တွင် ဖွဲ့စည်းသည်။


## ဘီအိုင်အေ (BIA) (၁၉၄၁)

ဘီအိုင်အေဆိုသည်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ခေါ်ခြင်းဖြစ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အင်္ဂလိပ်ဘာသာဖြင့် (Burma Independence Army) ဟု ခေါ်သည်။ ယင်းအင်္ဂလိပ်စကားလုံးသုံးလုံးမှ တစ်လုံးစီ၏ ထိပ်ဆုံးအက္ခရာများကို ယူသော် BIA ဟု ရသောကြောင့် ဘီအိုင်အေဟု တွင်နေခြင်းဖြစ်သည်။ ဘီအိုင်အေကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့က ဦးစီး၍ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့၌ စဖွဲ့သည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၃၁ ရက်အတွင်း ဘီအိုင်အေကို အပြီးဖွဲ့စည်းခဲ့သည်။ ဘီအိုင်အေ၏ ရည်ရွယ်ချက်သည် ဗမာ့လွတ်လပ်ရေး အရယူပေးရေး ဖြစ်သည်။

ဘီအိုင်အေသည် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတွင် စစ်ကြောင်းသုံးကြောင်းခွဲကာ ဂျပန်တပ်မတော်နှင့်အတူ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



ဗမာ့လွတ်လပ်ရေးတပ်မတော် ဘန်ကောက်မြို့မှအထွက်တွင် တွေ့ရစဉ်





ဗမာ့လွတ်လပ်ရေးတပ်မတော် မော်လမြိုင်မြို့သို့ ရောက်ရှိစဉ်

www.burmeseclassic.com

www.burmeseclassic.com





ဘီအိုင်အေတပ်သားများက
ရန်ကုန်မြို့သိမ်းယူစဉ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မိုးကြိုးတို့
ဘီအိုင်အေတပ်သားများ၏ အလေးပြုခံနေပုံ(ရန်ကုန်)

www.burmeseclassic.com

www.burmeseclassic.com



မတ်လအတွင်း ရန်ကုန်သို့ ရောက်ရှိသည်။ စဖွဲ့စဉ်က ဘီအိုင်အေ၏ အင်အားသည် ရာဂဏန်းမျှသာ ရှိသော်လည်း ရန်ကုန်မြို့သို့ ရောက်သောအခါ လေးသောင်းနီးပါးအထိ တိုးပွားလာသည်။ ဘီအိုင်အေတပ်များ ဖြတ်သန်းလာသည့် ကျေးရွာများမှ တိုင်းရင်းသားလူငယ်တို့ ပါဝင်လာသောကြောင့် ဘီအိုင်အေ၏ အင်အား ထိုမျှကြီးထွားလာခြင်း ဖြစ်သည်။ ထို့ကြောင့် ဘီအိုင်အေသည် တိုင်းရင်းသားအားလုံး၏ တပ်မတော်ဖြစ်သည်။

အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွား၍ မြန်မာတစ်နိုင်ငံလုံးကို ဂျပန်တပ်မတော်နှင့် ဘီအိုင်အေတို့က အုပ်စီးမိသောအခါ ဘီအိုင်အေကို ဘီဒီအေ (BDA) ဟု ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသောအခါ ဗမာ့အမျိုးသားတပ်မတော် (Burma National Army) ဟု ခေါ်ဝေါ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲသောအခါတွင်မူ မျိုးချစ်ဗမာ့တပ်မတော် (Patriotic Burmese Forces) ဟု ခေါ်ကြပြန်သည်။ စစ်ပြီး၍ ကန်ဒီစာချုပ်အရ ဗမာ့တပ်မတော်ကို အသစ်ပြန်လည်ဖွဲ့စည်းသောအခါ မျိုးချစ်ဗမာ့တပ်မတော်မှ ရဲဘော်များကိုပင် အခြေခံထား၍ ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ဘီအိုင်အေသည် ယနေ့မြန်မာ့အမျိုးသားတပ်မတော်၏ မိခင်အနေဖြင့်လည်းကောင်း၊ လွတ်လပ်ရေးတိုက်ပွဲဝင်တပ်မတော်အနေဖြင့်လည်းကောင်း မြန်မာ့သမိုင်းတွင် ထင်ရှားသည်။ သီပေါမင်း ပါတော်မူပြီးသည့်မှစ၍ အမျိုးသားတပ်မတော် ဖွဲ့စည်းခွင့်မရသော မြန်မာနိုင်ငံအဖို့ ပထမဆုံး ပေါ်ပေါက်လာသည့် အမျိုးသားတပ်မတော်သည် ဘီအိုင်အေပင် ဖြစ်တော့သည်။

## ဘီအိုင်အေအုပ်ချုပ်ရေးခေတ် (၁၉၄၂)

ဘီအိုင်အေအုပ်ချုပ်ရေးခေတ်ဆိုသည်မှာ ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ ကူးစက်လာ၍ အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံမှ ထွက်ခွာချိန်၊ မြန်မာနိုင်ငံအတွင်းသို့ ဂျပန်တပ်မတော်နှင့် ဘီအိုင်အေတို့ ဝင်လာချိန် အစပိုင်းကာလဖြစ်သည်။ ထိုကာလအတွင်း ရဲဘော်သုံးကျိပ်ဦးဆောင်သော ဘီအိုင်အေသည် ဂျပန်တပ်များနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ဝင်လာရာတွင် ဘီအိုင်အေတပ်များက သိမ်းမိသည့် အရပ်ဒေသတိုင်းတွင် ရပ်ရွာအေးချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့ပေးခဲ့သည်။ ယင်းကျေးရွာ၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေး



အဖွဲ့များတွင် သခင်များ၊ ရပ်ကွက်ကျေးရွာတို့မှ ဩဇာအာဏာရှိသူများနှင့် အရာရှိဟောင်းများ ပါဝင်သည်။ တစ်နိုင်ငံလုံး၏ အုပ်ချုပ်ရေးအဖွဲ့များကို ဘီအိုင်အေက ကြီးမှူး၍ ဖွဲ့ပေးသောကြောင့် ထိုကာလကို ဘီအိုင်အေခေတ်အုပ်ချုပ်ရေးဟု ခေါ်ကြသည်။ ထိုသို့ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းမှာ မြန်မာနိုင်ငံမှ အင်္ဂလိပ်များ ထွက်ခွာသွားပြီဖြစ်၍ မြန်မာတို့က ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထူထောင်၍ ကိုယ့်လွတ်လပ်ရေး ကိုယ်ကြေညာရန် ရည်ရွယ်၍လုပ်ခြင်းဖြစ်သည်။ သို့သော် မြန်မာတစ်နိုင်ငံလုံးကို ဂျပန်တပ်မတော်က အုပ်စီးမိသောအခါ ၁၉၄၂ ခု၊ ဇွန်လ ၃ ရက်နေ့မှ စ၍ စစ်အုပ်ချုပ်ရေးထူထောင်လိုက်သောကြောင့် ဘီအိုင်အေအုပ်ချုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။ ထို့ကြောင့် ဘီအိုင်အေအုပ်ချုပ်ရေးခေတ်မှာ ၁၉၄၂ ခု၊ ဇန်နဝါရီလမှ မေလအထိ ငါးလခန့်သာ ဖြစ်သည်။

## ဘီဒီအေ (BDA) (၁၉၄၂)

ဘီဒီအေဆိုသည်မှာ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ခေါ်ခြင်းဖြစ်သည်။ ဗမာ့ကာကွယ်ရေးတပ်မတော်ကို အင်္ဂလိပ်ဘာသာဖြင့် Burma Defence Army ဟု ခေါ်သောကြောင့် အတိုကောက်အားဖြင့် ဘီဒီအေဟု ခေါ်နေကြခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်မတော်နှင့် ဘီအိုင်အေတို့က မြန်မာနိုင်ငံကို သိမ်းမိပြီးသောအခါ ဘီအိုင်အေကို ဘီဒီအေဟု ပြင်ဆင်ဖွဲ့စည်းရာမှ ဘီဒီအေ ပေါ်ပေါက်လာသည်။ ဘီအိုင်အေမှ ဘီဒီအေသို့ ပြောင်းလဲဖွဲ့စည်းသည့်နေ့မှာ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်ဖြစ်သည်။ ထိုအချိန်သည် မြန်မာနိုင်ငံမှ အင်္ဂလိပ်တပ်များ ထွက်ခွာသွားပြီးဖြစ်၍ အင်္ဂလိပ်တပ်များ ပြန်ဝင်မလာနိုင်စေရန် ကာကွယ်ဖို့သာ လိုသည်ဆိုသည့် အဓိပ္ပာယ်ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်ဟု ပြင်ဆင်ခေါ်ဝေါ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ (ဘီအိုင်အေကိုလည်း ကြည့်ပါ။)

www.burmeseclassic.com


www.burmeseclassic.com



ဗမာ့ကာကွယ်ရေး တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်မှူးကြီးနေဝင်း



ဘီဒီအေတပ်သားများပုံ



www.burmeseclassic.com

www.burmeseclassic.com



မိလ္လာနှင့် တိမ်ပြာတို့အဖွဲ့ ရန်ကုန်ပြန်ရောက်ပြီးနောက် ၎င်းတို့အား အစိုးရက ထောက်ပံ့ကြေး လစဉ် ၁၀ ကျပ်စီကို ၁၈၈၆ ခု၊ မေလမှ စ၍ ပေးသည်။ အိမ်ထောင်မပြုသည့်အထိဟု ကန့်သတ်ချက်ဖြင့်လည်းကောင်း၊ နန်းပေါ်၊ မိလ္လာနှင့် မင်းလွင်တို့က ရန်ကုန်တွင်လည်းကောင်း၊ သောဂီနှင့် တိမ်ပြာတို့က မော်လမြိုင်တွင်လည်းကောင်း နေထိုင်ကြသည်။

## မဖွံ့ဖြိုးသေးသောဒေသများ

မြန်မာပြည်ကို ၂.၁.၁၉၂၃ နေ့မှ စ၍ ဒိုင်အာခီအုပ်ချုပ်ရေးပေးသောအခါ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသများနှင့် ရှမ်းပြည်နယ်များကို မဖွံ့ဖြိုးသေးသော ဒေသများ (Backward Tract)ဟု သတ်မှတ်ကာ ၎င်းဒေသများအုပ်ချုပ်ရေးကို ဘုရင်ခံက တိုက်ရိုက်တာဝန်ယူ၍ အုပ်ချုပ်သည်။ မြန်မာပြည်၏ တည်ဆဲဥပဒေများအနက်မှ ဘုရင်ခံက သင့်လျော်သည်ဟု ယူဆသည်များကိုသာ သုံး၍ မဖွံ့ဖြိုးသေးသော ဒေသများကို အုပ်ချုပ်သည်။ ဤသို့ဖြင့် မဖွံ့ဖြိုးသေးသော ဒေသများနှင့် မြန်မာပြည်မတို့၏ ကွဲပြားခြားနားမှုမှာ အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် ပိုမိုထင်ရှားသွားသည်။

## မိဖုရားခေါင်ကြီး နတ်ရွာစံကံတော်ကုန်ခြင်း

မန္တလေးနေပြည်တော်ကို ဗြိတိသျှတို့ သိမ်းယူပြီးနောက် သီပေါမင်းကို အိန္ဒိယသို့ခေါ်ဆောင်သွားရာတွင် အတူပါသည့် သီပေါမင်း၏ မိဖုရားတစ်ပါးဖြစ်သော ရမည်းသင်းစုဖုရားကလေးသည် ၁၉၁၂ ခုနှစ်တွင် ရတနာဂီရိ၌ ကံကုန်သည်။ ထို့နောက် ၁၉၁၆ ခုနှစ်တွင် သီပေါမင်းတရား ကံတော်ကုန်သည်။ သီပေါမင်း နတ်ရွာစံသောအခါ မိဖုရားခေါင်ကြီး စုဖုရားလတ်သည် မြန်မာပြည်သို့ ပြန်လိုသော်လည်း ပထမကမ္ဘာစစ်အတွင်းဖြစ်နေ၍ အခြေအနေမပေးသောကြောင့် မပြန်ဖြစ်ပေ။ ၁၉၁၉ ခုနှစ်ရောက်မှ အစိုးရ၏ ခွင့်ပြုချက်အရ မြန်မာပြည်သို့ ပြန်လာသည်။ ထိုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် စုဖုရားလတ်သည် သမီးတော်များနှင့်အတူ ရန်ကုန်သို့ရောက်ပြီး ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၂၃ စံအိမ်တော်၌ ပြည်ထဲရေးနှင့် နိုင်ငံရေးဌာန၏ စောင့်ရှောက်မှုဖြင့် နေရသည်။ ရန်ကုန်သို့ ပြန်လာစဉ် သီပေါမင်းနှင့် ရမည်းသင်းစုဖုရားကလေးတို့၏ အလောင်းတော်များကို မြန်မာပြည်သို့ သယ်ဆောင်လာလိုသော်လည်း အစိုးရက ခွင့်မပြု၍ မသယ်ခဲ့ရပေ။



မိဖုရားခေါင်ကြီး စုဖုရားလတ်
(၁၈၅၉-၁၉၂၅)

www.burmeseclassic.com

www.burmeseclassic.com



## ဘူလင်ဂျာပူး (၁၉၂၁)

ဘူလင်ဂျာပူး (Bullinger Pool) ဆိုသည်မှာ အင်္ဂလိပ်စကားဖြစ်သည်။ ဆန်စပါး လက်ဝါးကြီးအုပ်ရောင်းဝယ်ရေးအသင်းကြီးကို ခေါ်ခြင်းဖြစ်သည်။ ကိုလိုနီခေတ်အတွင်းက မြန်မာ့အရောင်းအဝယ်လုပ်ငန်းကို ကြီးစိုးခဲ့ကြသော ဗြိတိသျှအရင်းရှင်ကြီးများပိုင် ကုမ္ပဏီစာရင်းတွင် စတီးဘရားသားကုမ္ပဏီ၊ အင်္ဂလိုဘားမားကုမ္ပဏီ၊ အယ်လာမင်အာရကန်ကုမ္ပဏီ၊ ဘလုပ်ဘရားသားကုမ္ပဏီတို့မှာ ထင်ရှားကြသည်။ ထိုကုမ္ပဏီများက အရောင်းအဝယ်လုပ်ငန်းများကို ကုမ္ပဏီတစ်ခုချင်း ချုပ်ကိုင်ထားရုံနှင့် ကျေနပ်ရောင့်ရဲမှုမရှိတော့ဘဲ မြန်မာ့စီးပွားရေးတွင် အဓိကကျသော ဆန်စပါးရောင်းဝယ်ရေးကို ပို၍လက်ဝါးကြီးအုပ် ချုပ်ကိုင်နိုင်ရန် အချင်းချင်းပူးပေါင်းကာ ၁၉၂၁ ခုတွင် ဘူလင်ဂျာပူးခေါ် ဆန်စပါးရောင်းဝယ်ရေး လက်ဝါးကြီးအုပ်အသင်းကြီးကို တည်ထောင်လိုက်ကြသည်။ ရည်ရွယ်ချက်မှာ ဆန်စပါးရောင်းဝယ်ရေးတွင် ဈေးနှုန်းချင်း တညီတညွတ်တည်း ဖြစ်စေရန် ထိန်းသိမ်းပေးဖို့ဟု ဆိုသည်။ သို့သော် လက်တွေ့တွင် တောင်သူလယ်သမားများထံမှ စပါးများကို မတန်တဆဈေးနှိမ်ဝယ်ယူပြီး အမြတ်တင်ရောင်းချကြသည်။ ဗြိတိသျှအရင်းရှင်တို့ အကျိုးအတွက် ဈေးကစားခြင်း၊ ဈေးနှိမ်ခြင်းဖြင့် တောင်သူလယ်သမားများတွင် နစ်နာခဲ့ရသည်။ ဗြိတိသျှအရင်းရှင်ကြီးများ အကြိုက်ဖွဲ့ထားသည့် အသင်းကြီးဖြစ်သည့်အလျောက် မြန်မာပြည်သူတို့၏ အကျိုးကို ဆန့်ကျင်ခဲ့သည်။ မြန်မာ့စီးပွားရေးကို ဗြိတိသျှအရင်းရှင်တို့ စိတ်ကြိုက် အမြတ်ထုတ်ခြယ်လှယ်ခဲ့ပုံ၏ ထင်ရှားသော သာဓကလည်း ဖြစ်သည်။ ထိုသို့ ဘူလင်ဂျာပူးခေါ် ဆန်စပါးလက်ဝါးကြီးအုပ် ရောင်းဝယ်ရေးအသင်းကြီး၏ ဈေးကစားမှု၊ ဈေးနှိမ်မှုတို့သည် ၁၉၃၀ ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော တောင်သူလယ်သမားအရေးတော်ပုံ၏ အခြေခံအကြောင်းရင်းတစ်ရပ် ဖြစ်တော့သည်။

## ဘူးသင်းများ (၁၉၂၃)

ဝံသာနုလှုပ်ရှားမှုတွင် အကျုံးဝင်သော ဗြိတိသျှနယ်ချဲ့အစိုးရ ဆန့်ကျင်ရေးလှုပ်ရှားမှု၏ လက္ခဏာတစ်ရပ်ဖြစ်သည်။ ဒိုင်အာခီခေတ်အတွင်းက ပြည်သူလူထု၏ စီးပွားရေး ပိုမိုဆိုးဝါးလာသည်။ သို့သော် ဗြိတိသျှနယ်ချဲ့အစိုးရကလည်း လူခွန်နှင့် မြေခွန်များကို အတင်းအကျပ်တိုး၍ ကောက်ခံသည်။ အခွန်မပေးနိုင်သူတို့၏ အိမ်ယာကျွဲနွားနှင့် ထွန်တုံးထွန်တံများကို သိမ်းယူ၍ လေလံပစ်သည်။ လူကို ဖမ်း၍ ထောင်ချသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရအပေါ် ပို၍ မကျေမနပ်ဖြစ်ကြသည်။ ထိုအခါ ဒိုင်အာခီအုပ်ချုပ်ရေးကို အသိအမှတ်မပြုဘူး၊ အခွန်မပေးဘူး၊ အင်္ဂလိပ်အစိုးရနဲ့ မဆက်ဆံဘူးဆိုသော ရည်ရွယ်ချက်များဖြင့် ဝံသာနုများက ဦးဆောင်၍ ၁၉၂၃ တွင် 'ဘူး'အသင်းများ ဖွဲ့စည်းကြသည်။ အစိုးရက အခွန်တောင်းလျှင် မပေးဘူး၊ အခွန်မပေးသောကြောင့် ရုံးတင်တရားစွဲဆိုခံရ၍ ရုံးမင်းက ဆင့်ခေါ်လျှင် မသွားဘူး၊ မတတ်သာ၍ ရုံးသွားရလျှင်လည်း ရုံးမင်းက စစ်ဆေးလျှင် မဖြေဘူး၊ ထောင်ကျခံမည်ဟု ဘူးအသင်းဝင်များက ကတိပြုကြသည်။ ထို့ကြောင့် ဘူးအသင်းများဟု ခေါ်ခြင်းဖြစ်သည်။ နိုင်ငံခြားဖြစ် အဝတ်အထည်များ အားမပေးရန်လည်း ကတိပြုကြသည်။ အခွန်မပေးရေးတိုက်ပွဲကိုလည်း အားပေးကြသည်။ အချုပ်သဘောမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရအား အနုနည်းဖြင့် ဆန့်ကျင်ရေးပင် ဖြစ်သည်။ ထိုဘူးအသင်းများသည် ဒိုင်အာခီခေတ်အတွင်း ဟင်္သာတနယ်၌ စတင်ပေါ်ပေါက်လာပြီး ထားဝယ်၊ ပြည်၊ သရက်၊ သာယာဝတီ စသည့် ဒေသများတွင် အင်အားကောင်းခဲ့သည်။ ဘူးအသင်းများမှာ စနစ်တကျဖွဲ့ထားသော အသင်းများ မဟုတ်သည်က တစ်ကြောင်း၊ အင်္ဂလိပ်အစိုးရကလည်း မတရားအသင်းဟု ကြေညာပြီး ဖမ်းဆီးနှိပ်စက်မှုများကြောင့် တစ်ကြောင်း ကြာရှည်မခံဘဲ ပျောက်ကွယ်ခဲ့ရသည်။



## ဘောပုရှိန် (၁၉၁၉)

ဝိုင်အမ်ဘီအေမှ အင်္ဂလန်နိုင်ငံကို ပထမဆုံးစေလွှတ်ခဲ့သော ဦးဘဘေ၊ ဦးပုနှင့် ဦးထွန်းရှိန်တို့ပါသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ခေါ်ခြင်းဖြစ်သည်။ မြန်မာတို့အား အုပ်ချုပ်ရေးတိုးမြှင့်ပေးရန် အင်္ဂလန်နိုင်ငံရှိ ဗြိတိသျှအစိုးရထံ တင်ပြတောင်းဆိုရန် ပထမဆုံးသွားခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် ကိုလိုနီခေတ် မြန်မာ့သမိုင်းတွင် ထင်ရှားသည်။

ဗြိတိသျှအစိုးရက မွန်တေဂူ-ချမ်းစဖို့စီမံကိန်းအရ အိန္ဒိယကို ဒိုင်အာခီအုပ်ချုပ်ရေးပေးသောအခါ မြန်မာကို ချန်ထားပြီး ကရက်ဒေါက်စီမံကိန်းဖြင့် နှစ်သိမ့်ရန် လှည့်စားခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံကိုလည်း အိန္ဒိယပြည်နယ်ကြီးများကဲ့သို့ ဒိုင်အာခီအုပ်ချုပ်ရေး တိုးမြှင့်ပေးရန်နှင့် ကရက်ဒေါက်စီမံကိန်း ပျက်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဘေပုရှိန်တို့ အင်္ဂလန်သွားခါနီး ရိုက်ကူးထားပုံ
(ဝဲမှယာ)ဦးထွန်းရှိန်၊ ဦးဘဘေ၊ ဦးပု



ပေးရေးတို့ကို တောင်းဆိုရန်အတွက် ဘေပုရှိန်ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ စတင်ထွက်ခွာသည့် နေ့မှာ ၁၉၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်ဖြစ်သည်။ ၁၉၁၉ ခု၊ ဩဂုတ်လ ၈ ရက်တွင် လန်ဒန်မြို့သို့ ရောက်သည်။

ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိသျှအစိုးရက ဖိတ်၍ သွားသောအဖွဲ့မဟုတ် ဘဲ ကိုယ့်အစီအစဉ်ဖြင့်ကိုယ် အရေးဆိုရန် သွားသော အဖွဲ့ဖြစ်၍ ပထမတွင် လက်ခံတွေ့ဆုံမည့်သူပင် မရှိချေ။ ထိုသို့ အခက်အခဲများကြားမှ အင်္ဂလန်နိုင်ငံမှ သြဇာရှိသော နိုင်ငံရေးသမားများ၊ အစိုးရအရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နာမည်ကြီးသတင်းစာများနှင့် ဆက်သွယ်၍ မနားမနေကြိုးပမ်းမှုကြောင့် ၁၉၁၉ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် အိန္ဒိယပြည်ဆိုင်ရာအုပ်ချုပ်ရေးမူကြမ်း ရေးဆွဲရေး တာဝန်ခံကော်မတီထံ မြန်မာနိုင်ငံ၏ လိုလားချက်များကို တင်ပြခွင့်ရခဲ့သည်။ ထို့နောက် ၁၉၁၉ ခု၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တစ်ကြိမ်၊ ၁၉၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် တစ်ကြိမ် အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှ အတွင်းဝန် မွန်တဂုနှင့် တွေ့ခွင့်ရသည်။ ထို့ပြင် ဘေပုရှိန်ကိုယ်စားလှယ်အဖွဲ့က ရေးဆွဲထားသော မြန်မာနိုင်ငံဆိုင်ရာ အုပ်ချုပ်ရေးပြုပြင်ရေးစီမံကိန်းတစ်ခုကိုလည်း ဗြိတိသျှအစိုးရသို့ တင်ပြနိုင်ခဲ့သည်။ သို့သော် ဗြိတိသျှအစိုးရ၏ နောက်ဆုံးအဖြေမှာ မြန်မာနိုင်ငံအတွက် သီးခြားစဉ်းစားပေးမည်ဟူသာ ဖြစ်သည်။ အိန္ဒိယပြည်နယ်ကြီးများနှင့် တန်းတူထား၍ မြန်မာနိုင်ငံကိုလည်း ဒိုင်အာခီအုပ်ချုပ်ရေး တိုးပေးမည်ဟုဆိုသည့် ကတိကိုမူ မရခဲ့ပေ။ သို့သော် ၁၉၂၃ တွင်မူ မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရက ဒိုင်အာခီအုပ်ချုပ်ရေးတိုးပေးခဲ့သည်။ ထိုသို့ နောက်ဆုံး၌ ဒိုင်အာခီအုပ်ချုပ်ရေးတိုးပေးခဲ့ရသည့်အကြောင်းရင်းများတွင် ဘေပုရှိန်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းမှုမှာ တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုရပေမည်။

ဘေပုရှိန်ကိုယ်စားလှယ်အဖွဲ့သည် မူလရည်ရွယ်ချက်ဖြစ်သော ဒိုင်အာခီအုပ်ချုပ်ရေး ချက်ချင်းတိုးပေးရေးကိစ္စတွင် လောလောဆယ် မအောင်မြင်ခဲ့သော်လည်း အောက်ပါအကျိုးကျေးဇူးများကို လက်ငင်းရရှိခဲ့သည်။ ၄င်းတို့မှာ ရွှေတိဂုံဘုရားကုန်းတော် အနောက်ဘက်ခြမ်းတွင် တပ်စွဲထားသော အင်္ဂလိပ်တပ်သားများ ရုပ်သိမ်းပေးရန် ဗြိတိသျှအစိုးရက သဘောတူလိုက်သည်။ ပထမကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံထွက် ဆန်များ ရောင်းရသည့်အတွက် အိန္ဒိယအစိုးရ

www.burmeseclassic.com



တွင် အမြတ်ငွေကျပ် ကိုးကုဋေရခဲ့သည်။ စစ်ပြီး၍ ထိုအမြတ်ငွေများ ပြန်လွှဲပေးရန် တောင်းသောအခါ အိန္ဒိယအစိုးရက လွှဲပေးရန် ငြင်းဆန်သည်။ ထိုကိစ္စတွင်လည်း အမြတ်ငွေများကို မြန်မာနိုင်ငံသို့ ပြန်လွှဲပေးရန် ဗြိတိသျှအစိုးရက သဘောတူလိုက်သည်။ ထို့ပြင် ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းမှုကြောင့် အင်္ဂလန်နိုင်ငံ၌ မြန်မာနိုင်ငံအကြောင်း လူသိများသွားသည့် အမြတ်ကိုလည်း ရရှိခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ၁၉၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်သည်။ ထို့ကြောင့် စထွက်သည့် နေ့မှ ပြန်ရောက်သည့် နေ့အထိ ခုနစ်လတိတိ ကြာခဲ့သည်။ ထိုစဉ်က အင်္ဂလိပ်အစိုးရအရာရှိများဖြစ်သည့် မြို့အုပ်မြို့ပိုင်တို့ကိုပင် ကြောက်နေကြရသည့်ခေတ်တွင် ဘောပုရှိန်တို့က အင်္ဂလန်နိုင်ငံအထိသွား၍ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် မျက်နှာချင်းဆိုင် အရေးဆိုခဲ့သည့်အတွက် သတ္တိရှင်များ၊ သူရဲကောင်းများအဖြစ် ထင်ရှားခဲ့သည်။ ဤကိုယ်စားလှယ်အဖွဲ့၏ ခရီးသည် ကိုလိုနီခေတ်က အဖိနှိပ်ခံ အချုပ်အချယ်ဘဝကျရောက်နေသော မြန်မာပြည်သူလူထုအား နိုင်ငံရေးအသိတရား နိုးကြားစေရန် တပ်လှန့်နှိုးဆော်ပေးသကဲ့သို့လည်း ဖြစ်ခဲ့သည်။ ပြည်သူ့ကြားတွင် ရဲစိတ်ရဲမာန်နှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ ထွန်းကားလာစေရန်အတွက် သွယ်ဝိုက်သော နည်းဖြင့် အထောက်အကူပြုခဲ့သည်။ ထို့ကြောင့်လည်း ဘောပုရှိန်တို့မှာ မြန်မာနိုင်ငံရေးလှုပ်ရှားမှုကို စတင်လှုံ့ဆော် နှိုးဆွပေးသူများ၊ ဖန်တီးသူများ စာရင်းဝင်ဖြစ်နေကြပေသည်။

## ဘောပုမောင် (၁၉၂၀)

ဘောပုရှိန်ဟုဆိုလျှင် မြန်မာနိုင်ငံအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုရန် အင်္ဂလန်နိုင်ငံသို့ ၁၉၁၉ ခုနှစ်က ပထမဆုံးအကြိမ် သွားရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဖြစ်သော ဦးဘဘေ(သူရိယ)၊ ဦးပု(ရွှေကျင်)နှင့် ဦးထွန်းရှိန်တို့ကို ဆိုလိုကြောင်း သိသူများပါသည်။ သို့သော်လည်း ဘောပုမောင်ဟုဆိုလျှင် သိသူနည်းပါသည်။ ဘောပုမောင်ဆိုသည်မှာလည်း မြန်မာနိုင်ငံအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းဆိုရန် အင်္ဂလန်နိုင်ငံသို့ ဒုတိယအကြိမ် သွားခဲ့ကြသည့် ဦးဘဘေ၊ ဦးပုနှင့် ဦးသိမ်းမောင် (ဝတ်လုံတော်ရ)တို့အဖွဲ့ကို ဆိုလိုခြင်းဖြစ်ပါသည်။ မူလအစီအစဉ်မှာ ပထမအကြိမ်သွားခဲ့ကြသော ဘောပုရှိန်တို့ကိုပင်



စေလွှတ်ရန် ဖြစ်သော်လည်း ဦးထွန်းရှိန်၏ ကျန်းမာရေးအခြေအနေကြောင့် ဦးထွန်းရှိန်အစား ဦးသိမ်းမောင်ကို အစားထိုးလိုက်ရသောကြောင့် ဘောပုမောင်ဟု ဖြစ်သွားသည်။ ထိုနှစ်ဖွဲ့စလုံးမှာ ဂျီစီဘီအေက စေလွှတ်သည့် အဖွဲ့များဖြစ်သည်။

ဘောပုမောင်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့တွင် ရန်ကုန်မှ ထွက်ခွာကြသည်။ သင်္ဘောဖြင့် သွားရခြင်းဖြစ်၍ တစ်လခန့်အကြာ ဇွန်လ ၃၀ ရက်နေ့တွင် လန်ဒန်သို့ရောက်သည်။ ဘောပုမောင်တို့သည် ဗြိတိသျှအစိုးရအဖွဲ့နှင့် တွေ့ဆုံ၍ အိန္ဒိယနိုင်ငံထက် မနိမ့်ကျသော အဆင့်ဖြင့် မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် တင်ပြတောင်းဆိုကြသည်။ လန်ဒန်၌ ခြောက်လခန့်နေ၍ မြန်မာ့အရေး ဆွေးနွေးခဲ့ကြသော ဘောပုမောင်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်သည်။

## ဘောလုံးအထူးပြိုင်ပွဲများတွင် အနိုင်ရသည့် အသင်းများ

ကိုလိုနီခေတ် မြန်မာဘောလုံးပွဲများသမိုင်းတွင် ဝါတာလော့ဒိုင်း၊ စီနီယာတန်း၊ ဂျူနီယာတန်း၊ ဝီလျံယန်းဂါး ဖလားပွဲနှင့် မန္တလေးကျောက်ကုန်သည်များ ဒိုင်းပွဲများကဲ့သို့ ပုံမှန်ကျင်းပသည့် ပွဲများအပြင် အထူးကျင်းပသည့် အထူးပွဲများလည်း ရှိခဲ့သည်။ ထိုအထူးပွဲများမှာ အောက်မြန်မာပြည်၌သာ ခရိုင်အလိုက်ကျင်းပသည့် ဘီးဟိုက် ဖလားဆုဗိုလ်လုပွဲ၊ ချန်ပီယံလိဂ်၊ ရွှေထွက်ပွဲခေါ် ဝိဖရင်းဒိုင်းလုပွဲ၊ မြန်မာ၊ ဥရောပနှင့် ကပြားများ သုံးပွင့်ဆိုင်ကစားသည့် မဏ္ဍာသီဒိုင်းလုပွဲနှင့် မန္တလေးချန်ပီယံလုပွဲ များဖြစ်သည်။ ဘီးဟိုက်ဖလားမှာ ဘီးဟိုက်ခေါ် ပျားအုံတံဆိပ် ဘရန်ဒီကုမ္ပဏီ ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သကဲ့သို့ ဝိဖရင်းဒိုင်းလုပွဲမှာ ဗြိတိန်နိုင်ငံမှ ဘီစကွတ်ကုမ္ပဏီအမည်ကို အကြောင်းပြု၍ ခေါ်ခြင်းဖြစ်သည်။ မဏ္ဍာသီဒိုင်းမှာမူ ဥပဒေပြုကောင်စီဥက္ကဋ္ဌ မစ္စတာ မဏ္ဍာသီအား ဂုဏ်ပြု၍ခေါ်သော ဒိုင်းဆုဖြစ်သည်။ အထူးပွဲများ၏ နှစ်အလိုက်အနိုင်ရသည့် အသင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



| ခုနှစ် | ဘီးဟိုက်ဖလားပွဲ | ဝိဖရင်းဒိုင်းပွဲ | မက္ကာသီဒိုင်းပွဲ | မန္တလေးချန်ပီယံပွဲ |
|---|---|---|---|---|
| ၁၉၁၂ | ရန်ကုန် | | | |
| ၁၉၁၃ | သာယာဝတီနှင့်ဖျာပုံ | | | |
| ၁၉၁၄ | ဖျာပုံ | | | |
| ၁၉၁၅ | ပြိုင်ပွဲမရှိ | | | |
| ၁၉၁၆ | ပြိုင်ပွဲမရှိ | | | |
| ၁၉၁၇ | ပြိုင်ပွဲမရှိ | | | |
| ၁၉၁၈ | ပြိုင်ပွဲမရှိ | သန်လျင်ဂျင်မခါနာ | | |
| ၁၉၁၉ | ရန်ကုန် | ရန်ကုန်ကောလိပ် | | |
| ၁၉၂၀ | သာယာဝတီ | ရန်ကုန်ကောလိပ် | | မြန်မာ့အရပ်သား |
| ၁၉၂၁ | ပြိုင်ပွဲမရှိ | အမှတ်(၁) ရှိုင်ရယ်စကော့ | | ကင်းအုန်းရဲဂိုးမင့် |
| ၁၉၂၂ | သာယာဝတီ | ရန်ကုန်ဂျင်မခါနာ | | မြို့နီစီပယ်ကလပ် |
| ၁၉၂၃ | ရန်ကုန် | ရန်ကုန်ဂျင်မခါနာ | | စတပ်ဖို့ဒ်ရဲဂျီမင့် |
| ၁၉၂၄ | ကျိုက္ကမီ | ပုလိပ်ကြီး | မြန်မာ | ယူနိုက်တက်စပို့တင်း |
| ၁၉၂၅ | သာယာဝတီ | ပုလိပ်ကြီး | အင်္ဂလိုအိန္ဒိယကပြား | ယူနိုက်တက်စပို့တင်း |
| ၁၉၂၆ | ရန်ကုန် | ဖရင်းယူနီယံ | မြန်မာ | အမှတ်(၁) ကင်းမရွန်းတပ် |
| ၁၉၂၇ | အင်းစိန် | ပုလိပ်ကြီး | ဥရောပ | ယူနိုက်တက်စပို့တင်း |
| ၁၉၂၈ | သာယာဝတီ | အမှတ်(၁) ကင်မရွန်းတပ် | သရေ | မန်ချက်စတာစီတပ်ခွဲ |
| ၁၉၂၉ | သန်လျင် | မြူနီစီပယ် | ဥရောပ | |
| ၁၉၃၀ | သာယာဝတီ | ပြိုင်ပွဲမရှိ | အင်္ဂလိုအိန္ဒိယ ကပြား | မန္တလေးခရိုင်ပုလိပ်ကြီး |
| ၁၉၃၁ | သာယာဝတီ | ပြိုင်ပွဲမရှိ | အင်္ဂလိုအိန္ဒိယ ကပြား | မြန်မာအရပ်သား |
| ၁၉၃၂ | သာယာဝတီ | ပြိုင်ပွဲမရှိ | သရေ | အမှတ် (၅၁) ခြေလျင်တပ် |



| ခုနှစ် | ဘီးဟိုက်ဖလားပွဲ | ဝိဖရင်းဒိုင်းပွဲ | မက္ကာသီဒိုင်းပွဲ | မန္တလေးချန်ပီယံပွဲ |
|---|---|---|---|---|
| ၁၉၃၃ | ပုသိမ် | ပြိုင်ပွဲမရှိ | အင်္ဂလိုအိန္ဒိယ ကပြား | ဘက်ဖ်တပ် |
| ၁၉၃၄ | | ပြိုင်ပွဲမရှိ | မြန်မာ | ဘက်ဖ်တပ် |
| ၁၉၃၅ | | ပြိုင်ပွဲမရှိ | မြန်မာ | ဘက်ဖ်တပ်အေ တပ်ခွဲ |
| ၁၉၃၆ | | ပြိုင်ပွဲမရှိ | ပြိုင်ပွဲမရှိ | မန္တလေးခရိုင် ပုလိပ်ကြီးအေ |
| ၁၉၃၇ | | ပြိုင်ပွဲမရှိ | ပြိုင်ပွဲမရှိ | မန္တလေးခရိုင် ပုလိပ်ကြီးအေ |

## မဒရစ်ပါအပျိုတော်များ

မန္တလေးကို ဗြိတိသျှတို့ သိမ်းယူပြီးနောက် သီပေါမင်းနှင့်အတူ အိန္ဒိယသို့ လိုက်ပါသွားကြရသူများမှာ မိဖုရားကြီး စုဖုရားလတ်၊ မိဖုရားငယ် ရမည်းသင်းစုဖုရား၊ သမီးတော်နှစ်ပါး၊ အထိန်းတော် တောင်ဆင်းမြို့စား မင်းသမီး၊ မိုးညှင်းမြို့စားမင်းသမီး၊ သံတော်ဆင့်ပန်းတဉ်းဝန်၊ ဘဏ္ဍာစိုးစာရေးကြီးနှင့် အပျိုတော်များဖြစ်ကြသော မိလ္လာခေါ် မေရီ ၁၅ နှစ်၊ သောရီခေါ် အိဗလင် ၁၅ နှစ်၊ တိမ်ပြာခေါ် ဩဂတ်စတာ ၁၅ နှစ်၊ ဝသန် ၁၄ နှစ်၊ နန်းပေါ ၁၅ နှစ်၊ မင်းလွင် ၁၇ နှစ်၊ ဟောမန် ၁၃ နှစ်၊ ဇေဌာ၊ ခါနွေနှင့် နန်းထူးတို့ဖြစ်သည်။ ၎င်းတို့အနက် မိလ္လာ၊ သောရီနှင့် တိမ်ပြာတို့မှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး တိမ်ပြာနှင့် မိလ္လာမှာ ကချင်တိုင်းရင်းသူများဖြစ်ကြသည်။

သီပေါမင်းနှင့်အဖွဲ့သည် မန္တလေးမှ **သူရိယ**သင်္ဘောဖြင့် ထွက်ခွာကြပြီး **ရန်ကုန်**ရောက်သောအခါ **ကလိုက်**သင်္ဘောပေါ်သို့ ပြောင်းရွှေ့စီးနေရသည်။ ၁၀-၁၂-၁၈၈၅ နေ့တွင် **ကန်နင်း**သင်္ဘောဖြင့် မဒရပ်သို့ ထွက်ခွာသွားကြရသည်။ မဒရပ်သို့ရောက်ပြီးနောက် မဒရပ်တွင် မပျော်သဖြင့် ပြန်ချင်သည်ဆိုသောကြောင့် အပျိုတော်များဖြစ်ကြသော မိလ္လာ၊ တိမ်ပြာ၊ သောရီ၊ ဝသန်၊ နန်းပေါ၊ မင်းလွင်နှင့် ဟောမန်တို့ မဒရပ်တွင် လေးလခန့်နေပြီးနောက် **အက်စ်အက်စ်အေရှ**သင်္ဘောဖြင့် မြန်မာပြည်သို့ ပြန်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိလ္လာနှင့် တိမ်ပြာတို့အဖွဲ့ ရန်ကုန်ပြန်ရောက်ပြီးနောက် ၎င်းတို့အား အစိုးရက ထောက်ပံ့ကြေး လစဉ် ၁၀ ကျပ်စီကို ၁၈၈၆ ခု၊ မေလမှ စ၍ ပေးသည်။ အိမ်ထောင်မပြုသည့်အထိဟု ကန့်သတ်ချက်ဖြင့်လည်းကောင်း၊ နန်းပေါ်၊ မိလ္လာနှင့် မင်းလွင်တို့က ရန်ကုန်တွင်လည်းကောင်း၊ သောရီနှင့် တိမ်ပြာတို့က မော်လမြိုင်တွင်လည်းကောင်း နေထိုင်ကြသည်။

## မဖွံ့ဖြိုးသေးသောဒေသများ

မြန်မာပြည်ကို ၂.၁.၁၉၂၃ နေ့မှ စ၍ ဒိုင်အာခီအုပ်ချုပ်ရေးပေးသော အခါ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသများနှင့် ရှမ်းပြည်နယ်များကို မဖွံ့ဖြိုးသေးသော ဒေသများ (Backward Tract)ဟု သတ်မှတ်ကာ ၎င်းဒေသများအုပ်ချုပ်ရေးကို ဘုရင်ခံက တိုက်ရိုက်တာဝန်ယူ၍ အုပ်ချုပ်သည်။ မြန်မာပြည်၏ တည်ဆဲဥပဒေများအနက်မှ ဘုရင်ခံက သင့်လျော်သည်ဟု ယူဆသည်များကိုသာ သုံး၍ မဖွံ့ဖြိုးသေးသော ဒေသများကို အုပ်ချုပ်သည်။ ဤသို့ဖြင့် မဖွံ့ဖြိုးသေးသော ဒေသများနှင့် မြန်မာပြည်မတို့၏ ကွဲပြားခြားနားမှုမှာ အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် ပိုမိုထင်ရှားသွားသည်။

## မိဖုရားခေါင်ကြီး နတ်ရွာစံကံတော်ကုန်ခြင်း

မန္တလေးနေပြည်တော်ကို ဗြိတိသျှတို့ သိမ်းယူပြီးနောက် သီပေါမင်းကို အိန္ဒိယသို့ခေါ်ဆောင်သွားရာတွင် အတူပါသည့် သီပေါမင်း၏ မိဖုရားတစ်ပါးဖြစ်သော ရမည်းသင်းစုဖုရားကလေးသည် ၁၉၁၂ ခုနှစ်တွင် ရတနာဂီရီ၌ ကံကုန်သည်။ ထို့နောက် ၁၉၁၆ ခုနှစ်တွင် သီပေါမင်းတရား ကံတော်ကုန်သည်။ သီပေါမင်း နတ်ရွာစံသောအခါ မိဖုရားခေါင်ကြီး စုဖုရားလတ်သည် မြန်မာပြည်သို့ ပြန်လိုသော်လည်း ပထမကမ္ဘာစစ်အတွင်းဖြစ်နေ၍ အခြေအနေမပေးသောကြောင့် မပြန်ဖြစ်ပေ။ ၁၉၁၉ ခုနှစ်ရောက်မှ အစိုးရ၏ ခွင့်ပြုချက်အရ မြန်မာပြည်သို့ ပြန်လာသည်။ ထိုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် စုဖုရားလတ်သည် သမီးတော်များနှင့်အတူ ရန်ကုန်သို့ရောက်ပြီး ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၂၃ စံအိမ်တော်၌ ပြည်ထဲရေးနှင့် နိုင်ငံရေးဌာန၏ စောင့်ရှောက်မှုဖြင့် နေရသည်။ ရန်ကုန်သို့ ပြန်လာစဉ် သီပေါမင်းနှင့် ရမည်းသင်းစုဖုရားကလေးတို့၏ အလောင်းတော်များကို မြန်မာပြည်သို့ သယ်ဆောင်လာလိုသော်လည်း အစိုးရက ခွင့်မပြု၍ မသယ်ခဲ့ရပေ။



မိဖုရားခေါင်ကြီး စုဖုရားလတ်
(၁၈၅၉-၁၉၂၅)

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်၌ စုဖုရားလတ်နှင့် အတူနေထိုင်ကြသူများမှာ တတိယသမီးတော် အရှင်ထိပ်စုမြတ်ဖုရားနှင့် စတုတ္ထသမီးတော် အရှင်ထိပ်စုမြတ်ဖုရားကလေးတို့ ဖြစ်သည်။ သမီးတော်နှစ်ပါးနှင့် အတူနေစဉ် တစ်လလျှင် ပင်စင်ရိက္ခာတော် ၄၀၀၀ ကျပ် ရသည်။ စတုတ္ထသမီးတော်က ၁၉၂၁ ခုနှစ်တွင်လည်းကောင်း၊ တတိယသမီးတော်က ၁၉၂၂ ခုနှစ်တွင်လည်းကောင်း လက်ထပ်သွားကြသောအခါ ပင်စင်ရိက္ခာတော် ၂၅၀၀ ကျပ်သာ ရရှိတော့သည်။ စုဖုရားလတ်၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ဆောင်ရွက်ပေးသူမှာ သမက်ထိပ်တင်ကိုယ်တော်ကြီး ဖြစ်သည်။ ကျန်းမာရေးကို တာဝန်အရ စောင့်ရှောက်ရသူမှာ အိန္ဒိယဆေးဝန်ထမ်းအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဂွတ် (Lt.Col.James Fulla Good) (IMS) ဖြစ်သည်။ ဤသို့ဖြင့် နေလာရာမှ ခြောက်နှစ်အကြာ ၁၉၂၅ ခု၊ နိုဝင်ဘာလ ၂၄ ရက်နေ့ နံနက်တွင် စံအိမ်တော်၌ ကံကုန်တော်မူသည်။ သက်တော် ၆၆ နှစ် ဖြစ်သည်။

မိဖုရားခေါင်ကြီး ကံကုန်တော်မူသောအခါ ဒေါက်တာဘရင် ဦးဆောင်၍ အဖွဲ့ဝင် ၃၂ ဦးပါသော မသာတော်ကော်မတီဖွဲ့၍ သင်္ဂြိုဟ်ရေးကိစ္စ စီစဉ်ဆောင်ရွက်သည်။ ၁၉၂၅ ခု၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မိဖုရားခေါင်ကြီး၏ အလောင်းတော်ကို စံအိမ်တော်မှ ရွှေတိဂုံဘုရား ကန်တော်မင် (ကန်တော်မင်္ဂလာပန်းခြံ)သို့ အခမ်းအနားဖြင့် သယ်ဆောင်ကာ အုတ်နန်းပြာသာဒ်အတွင်း သွင်း၍ သင်္ဂြိုဟ်ကြသည်။ အစိုးရထောက်ပံ့ငွေ ၂၀၀၀ ကျပ်နှင့် အရပ်ရပ်မှ ထောက်ပံ့ငွေ ၂၅၇၅၊ စုစုပေါင်း ၂၃၅၇၅ ကျပ် ကုန်ကျသည်။

## မီနာမိကီကာန်း (The Minami Kikan) (၁၉၄၁)

မီနာမိကီကာန်း ခေါ် မီနာမိအဖွဲ့ကို ၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွဲ့သည်။ ဂျပန်ကြည်းတပ်မတော်နှင့် ရေတပ်မတော်မှ အရာရှိ ၇၆ ဦးဖြင့် ဖွဲ့သည်။ အဖွဲ့ဝင်အားလုံး စစ်ထောက်လှမ်းရေးကျောင်းဆင်းများသာ ဖြစ်သည်။ အဖွဲ့၏ အကြီးအကဲမှာ မြန်မာများက ဗိုလ်မိုးကြိုးဟု သိကြသည့် စူဇူကီ ကေအီဂျီ (Suzuki Keiji) ဖြစ်သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် ဂျပန်စစ်အောင်နိုင်ရေးတို့အတွက် ပဉ္စမတပ်သားများ မွေး၍ မြေအောက်လှုပ်ရှားမှုများ အားပေးရန် ဖြစ်သည်။ ထိုရည်ရွယ်ချက်အရ



ရဲဘော်သုံးကျိပ်ကို စစ်ပညာသင်ပေးပြီး ဗမာ့လွတ်လပ်ရေးတပ်ဖွဲ့ ဖွဲ့စည်းနိုင်သည်အထိ အကူအညီပေးခဲ့သည်။ ဘီအိုင်အေနှင့် ဂျပန်တပ်များ ၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ရာတွင်လည်း မီနာမိအဖွဲ့ဝင်များ ပါဝင်ခဲ့ကြသည်။ မြန်မာတစ်နိုင်ငံလုံးကို ဂျပန်တပ်မတော်က သိမ်းမပြီးသောအခါ မြန်မာတို့ကို လွတ်လပ်ရေးအမြန်ဆုံးပေးရန် မီနာမိအဖွဲ့ဝင်အများစုက လိုလားသော်လည်း မြန်မာပြည်စစ်ဆင်ရေးကို တာဝန်ယူရသည့် အမှတ် ၁၅၊ ဂျပန်တပ်မတော်က ခွင့်မပြုခဲ့ပေ။

## မီနာမိအဖွဲ့ကိုဖျက်သိမ်းခြင်း

မြန်မာပြည်သိမ်း ဂျပန်တပ်မတော်သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းမပြီးနောက် စစ်အုပ်ချုပ်ရေး ထူထောင်လိုက်နိုင်သောအခါ မြန်မာ့လွတ်လပ်ရေးအတွက် အားပေးကူညီရန်နှင့် ရဲဘော်သုံးကျိပ်ကို ဂျပန်နိုင်ငံ၌ စစ်ပညာသင်ပေးရန် ၁-၂-၁၉၄၁ နေ့က ဖွဲ့ထားသော တောင်ပိုင်းအဖွဲ့ခေါ် မီနာမိ (Minami) အဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး မီနာမိအဖွဲ့ခေါင်းဆောင် ဗိုလ်မိုးကြိုးကိုလည်း ဂျပန်သို့ ပြန်ပို့လိုက်သည်။ ၁၄-၇-၁၉၄၂ နေ့တွင် ဗိုလ်မိုးကြိုး ရန်ကုန်မှ ဂျပန်သို့ ပြန်သွားသည်။

## မီးရထားချင်းတိုက်မှုများ

မီးရထားပေါ်လာသောအခါ ရထားချင်းတိုက်မိခြင်း၊ စက်ခေါင်းများ၊ တွဲများ လမ်းချော်ကျခြင်း စသော မတော်တဆမှုများလည်း ရှိခဲ့သည်။ ထိုကဲ့သို့ မတော်တဆဖြစ်ပွားမှုများအနက် ၁၉၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် တော်ဝိနှင့် ပိန်းဇလုတ်ကြား ရထားချင်းတိုက်မှုသည် အကြီးကျယ်ဆုံးဖြစ်သည်။ ထိုနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မှ ထွက်ခွာသွားသော မန္တလေးစာပို့ရထားသည် ည ၁၀ နာရီခွဲအချိန်ခန့်တွင် တော်ဝိနှင့် ပိန်းဇလုတ်ဘူတာကြား တံတားတစ်ခု၏ အနီးအရောက်တွင် တစ်ဖက်မှ စုန်ဆင်းလာသော ကုန်ရထားနှင့် ခေါင်းချင်းဆိုင် တိုက်မိသည်။ အရှိန်ပြင်းလွန်းသောကြောင့် စက်ခေါင်းရော ပထမတန်းတွဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယတန်းတွဲနှင့် တတိယတန်းတွဲများပါ တိမ်းမှောက်သွားသည်။ ကုန်ရထား မှာ တိမ်းမှောက်ခြင်းမရှိသော်လည်း အပျက်အစီးရှိသည်။

ထိုရထားတိုက်မှုကြောင့် ကုန်ရထားခေါင်းတွင် ပါလာသော **ဆီထည့်** သမားတစ်ဦးမှအပ ကုန်လှူစီးနှင့် ကုန်ရထားမှ စက်ခေါင်းမောင်း၊ မီးထိုး**သမား၊** ဆီထည့်သမားများသာမက ခရီးသည် ၁၀၄ ဦး သေဆုံးခဲ့သည်။ ပြင်း**ထန်စွာ** ဒဏ်ရာရသူက ၅၇ ယောက်ရှိသည်။ ကာလတန်ဖိုး ရှုပီးငွေကျပ် **၁၀၀၂၀၀** ဖိုး **ဆုံးရှုံး**မှုရှိသည်။ ကိုလိုနီခေတ်က အကြီးကျယ်ဆုံးနှင့် ဆုံးရှုံးမှု**အများဆုံး** ဖြစ်သည့် ရထားချင်းတိုက်မှုဖြစ်သည်။

၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလ၊ ၂၄ ရက်နေ့တွင် **မန္တလေး- ရန်ကုန်** အစုန်ရထားတိမ်းမှောက်မှုဖြစ်သည်။ ထိုရထားတိမ်းမှောက်မှုကို **ဗြိတိသျှ** ဘားမားနှင့် ပဲရှော့ရုပ်ရှင်ကုမ္ပဏီများက ရိုက်ကူး၍ သတင်းကားအဖြစ် **ပြသ** ခဲ့သေးသည်။

မှတ်တမ်းများအရ ၁၉၃၁ ခုနှစ်၊ မေလ ၁၈ ရက်နေ့ ည ၆ **နာရီတွင်** **ရန်ကုန်**ဘူတာကြီး၌ ရထားချင်းတိုက်မှု ဖြစ်ပွားခဲ့ပြီး ထိုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ နံနက် ၅ နာရီတွင် ဖောင်တော်သီဘူတာ၌ ရှန်တိန်လုပ်နေသော ရထားနှင့် ကုန်ရထားတို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။

## မော်လမိုင်ခရော်နီကယ်သတင်းစာ (၁၈၃၆)

မြန်မာနိုင်ငံသတင်းစာသမိုင်းတွင် ရှေးအကျဆုံးသတင်းစာတစ်**စောင်** ဖြစ်သည်။ ၁၈၃၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှ စတင်၍ မော်လမြိုင်၌ ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်သည့် သတင်းစာဖြစ်၍ *The Maulamin Chronicle* ဟုခေါ်သည်။ ပထမဆုံးအယ်ဒီတာမှာ အမေရိကန် နှစ်ခြင်းသာသနာပြုဆရာ ဘဲနက်(Rev.Cephan Bennett)ဖြစ်သည်။ ထို့နောက် မြန်မာတို့က ဆရာဟောက်ဟုခေါ်သော အမေရိကန်သာသနာပြုဆရာ (Rev.Rcorge Henry Hough) က အယ်ဒီတာဖြစ်လာသည်။ စနေနေ့တိုင်း ထုတ်သည့် တစ်ပတ်တစ်ကြိမ်ထုတ် သတင်းစာဖြစ်သည်။ သတင်းစာ၏ အရွယ် အစားမှာ ၁၂½"နှင့် ၈½"ဖြစ်သည်။ ဤသတင်းစာသည် မြန်မာနိုင်ငံ၌ အင်္ဂလိပ် ဘာသာဖြင့် ပထမဆုံးထုတ်သည့် သတင်းစာဖြစ်သည်။



## မော်လီ–မင်တိုပြုပြင်ရေး (၁၉၀၉)

ဗြိတိသျှအစိုးရက ၁၉၀၉ ခုနှစ်ဥပဒေအရ အိန္ဒိယနိုင်ငံအတွက်ပေးခဲ့သော အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဖြစ်သည်။ ၄င်းအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းကို ဦးစီးဆောင်ရွက်သူတို့မှာ ထိုစဉ်က အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှ အတွင်းဝန် လော့မော်လီ (Lord Morely) နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှ ဘုရင်ခံချုပ် လော့မင်တို (Lord Minto)တို့ဖြစ်၍ မော်လီ-မင်တိုပြုပြင်ရေးဟု ခေါ်ခြင်းဖြစ်သည်။ မင်တို-မော်လီပြုပြင်ရေးဟုလည်း ခေါ်သည်။ ထိုပြုပြင်ရေး အရ အိန္ဒိယတွင် အတိုင်ပင်ခံ ဥပဒေပြုအဖွဲ့ကို တိုးချဲ့နိုင်ခွင့်ရလာသည်။ မြန်မာ နိုင်ငံမှာ ထိုစဉ်က အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သောကြောင့် ၄င်းပြုပြင်ရေး မှာ မြန်မာနိုင်ငံနှင့်ပါ သက်ဆိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ဥပဒေပြုကောင်စီ အဖွဲ့ဝင်ဦးရေကိုလည်း တိုးချဲ့ဖွဲ့စည်းခွင့်ရသည်။

မြန်မာနိုင်ငံကို ၁၈၉၇ ခုနှစ်မှ စ၍ အင်္ဂလိပ်တို့က ဒုတိယဘုရင်ခံ တစ်ဦးဖြင့် အုပ်ချုပ်ခဲ့သည်။ ဒုတိယဘုရင်ခံ၏ လက်အောက်တွင် အဖွဲ့ဝင်ကိုးဦး ပါသော အတိုင်ပင်ခံဥပဒေပြုကောင်စီလည်း ရှိသည်။ ဥပဒေပြုကောင်စီ၏ ဥက္ကဋ္ဌမှာ ဒုတိယဘုရင်ခံပင်ဖြစ်သည်။ အဖွဲ့ဝင်ကိုးဦးကိုလည်း ဒုတိယဘုရင်ခံက ရွေးချယ်ခန့်ထားသည်။ ထိုသို့ရှိနေရာမှ မော်လီမင်တိုပြုပြင်ရေးအရ ဒုတိယ ဘုရင်ခံ၏ အတိုင်ပင်ခံဥပဒေပြုကောင်စီတွင် အဖွဲ့ဝင် ၁၅ ဦး ဖြစ်လာသည်။ အဖွဲ့ဝင် ၁၅ ဦးမှာ ၁၄ ဦးကို ဒုတိယဘုရင်ခံကပင် ရွေးချယ်ပြီး ကျန်တစ်ဦးကို အင်္ဂလိပ်ကုန်သည်ကြီးများအသင်းက ရွေးပေးရသည်။

ဒုတိယဘုရင်ခံက ခန့်သော ၁၄ ဦးတွင် ခြောက်ဦးမှာ အစိုးရအရာရှိ ဖြစ်ရသည်။ အရာရှိမဟုတ်သူ ရှစ်ဦးတွင်လည်း လေးဦးသာ မြန်မာတိုင်းရင်းသား ထဲမှ ဖြစ်၍ ကျန်လေးဦးမှာ အိန္ဒိယတိုင်းရင်းသားတစ်ဦး၊ တရုတ်အမျိုးသားတစ်ဦး နှင့် ဥပဒေပညာရှင်နှစ်ဦးတို့ ဖြစ်ကြသည်။ ထို့ကြောင့် ဥပဒေပြုကောင်စီဝင် တို့မှာ ပြည်သူတို့က ရွေးကောက်တင်မြှောက်ရသော ပြည်သူ့ကိုယ်စားလှယ်များ မဟုတ်ကြပေ။ ထို့ပြင် ဥပဒေပြုကောင်စီဝင်တို့မှာ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ငွေကြေးကိစ္စ၊ အုပ်ချုပ်ရေးကိစ္စများကို ဥပဒေပြုကောင်စီတွင် ဆွေးနွေးမေးမြန်း ခွင့်ရရုံမှတစ်ပါး မြန်မာ့အကျိုးသယ်ပိုးနိုင်သည့် အာဏာ မရှိကြပါ။ ယင်းတို့မှာ ဒုတိယဘုရင်ခံ၏ အတိုင်ပင်ခံမျှသာဖြစ်၍ မြန်မာတို့က မင်းတိုင်ပင်အမတ်ဟု ခေါ်ခဲ့ကြသည်။ ဥပဒေပြုကောင်စီမှာလည်း ဒုတိယဘုရင်ခံ၏အလိုကျ ဆောင်ရွက် ပေးရသော အဖွဲ့အစည်းတစ်ခုသာ ဖြစ်သည်။ သို့ဖြစ်၍ မော်လီ-မင်တိုပြုပြင်ရေး ဆိုသည်မှာ မြန်မာတို့အတွက် အကျိုးမထူးလှသည့် ပြုပြင်ရေးသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မိုးသောက်ကြယ် (၁၈၄၂)

မြန်မာနိုင်ငံ၌ စကောကရင်ဘာသာဖြင့် ဆဉ်ဒွာဂီဟုခေါ်သော သတင်းစာဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် Morning Star ဟုခေါ်၍ မြန်မာဘာသာဖြင့် 'မိုးသောက်ကြယ်'ဟု ခေါ်သည်။ ထားဝယ်မြို့ အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့က ထုတ်သည်။ ၁၈၄၂ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ထုတ်ဝေသည်။ တစ်လတစ်ကြိမ်ထုတ် ဖြစ်သည်။ သတင်းစာအရွယ်မှာ ၈ ၁/၂" × ၅ ၁/၄" ဖြစ်သည်။ အယ်ဒီတာက ဒေါက်တာမေဆင်ဖြစ်သည်။ တိုင်းရင်းသားထဲမှ ပထမဆုံးအယ်ဒီတာမှာ ဆရာအယ်ဝါထူးတီကြီးဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် ရပ်စဲသည်။ မြန်မာနိုင်ငံ၌ တိုင်းရင်းသားဘာသာစကားဖြင့် ပထမဆုံးထုတ်ဝေသော သတင်းစာဖြစ်သည်။

## မိုးကျရွှေကိုယ်

မြန်မာတို့က 'မိုးကျရွှေကိုယ်'ဟုခေါ်သော အိုင်စီအက်စ်နှင့် ဘီစီအက်စ်ဆိုသည်မှာ ဗြိတိသျှလက်အောက်ခံ အိန္ဒိယနှင့် မြန်မာတို့ကို အုပ်ချုပ်ရန် ဖွဲ့ထားသော အုပ်ချုပ်ရေးအဖွဲ့ (Indian Civil Service) နှင့် (Burma Civil Service) ဝင်များကို ခေါ်ခြင်းဖြစ်သည်။ အိန္ဒိယပဋိညာဉ်ခံ အုပ်ချုပ်ရေးအဖွဲ့ဝင်ဟု အဓိပ္ပာယ်ရသည်။ ဗြိတိသျှသစ္စာတော်ခံ ဗြိတိသျှအုပ်ချုပ်ရေးယန္တရား၏ အမာခံဝန်ထမ်းများဖြစ်သည်။ အစပထမတွင် အိုင်စီအက်စ်များမှာ အင်္ဂလိပ်လူမျိုးမျက်နှာဖြူများသာ ဖြစ်သည်။ နောက်ပိုင်းရောက်မှ အိန္ဒိယသားနှင့် မြန်မာတို့ကို ခန့်ထားသည်။ ထိုအဖွဲ့ဝင်များကို ခန့်ထားရာတွင် ထောက်ခံချက်ဖြင့် တိုက်ရိုက်ခန့်ထားခြင်း (nomination) နှင့် စာမေးပွဲဖြင့် ယှဉ်ပြိုင်စေပြီးမှ ခန့်ထားခြင်း (competative examination) ဟူ၍ နှစ်မျိုးရှိသည်။ အိုင်စီအက်စ်စာမေးပွဲများကို မူလက အင်္ဂလန်နိုင်ငံ၌ ဖြေဆိုကြရသည်။ ၁၉၂၉ ခုမှ စ၍ မြန်မာနိုင်ငံ၌ စတင်ကျင်းပသည်။ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်လိုက်ပြီးနောက် ၁၉၃၇ ခုမှ စ၍ မြန်မာနိုင်ငံအတွက် ဘီစီအက်စ်စာမေးပွဲများကျင်းပပြီး ခန့်ထားပေးသည်။ ဘီစီအက်စ်တွင်လည်း ဘီစီအက်စ် (၁)နှင့် ဘီစီအက်စ် (၂)ဟု ခွဲထားသေးသည်။



အိုင်စီအက်စ်နှင့် ဘီစီအက်စ်တို့သည် နယ်အုပ်ချုပ်ရေးလုပ်ငန်း၊ တရားစီရင်ရေးလုပ်ငန်း၊ အတွင်းဝန်လုပ်ငန်းနှင့် ကြေးတိုင်နှင့် မြေစာရင်းလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်ကြရသူများ ဖြစ်သည်။ သို့သော် တရားရေးဘက်တွင် လုပ်ကိုင်သူ အလွန်နည်းပြီး အတွင်းဝန်လုပ်ငန်းနှင့် နယ်အုပ်ချုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်သူ ပိုများသည်။ ကိုလိုနီခေတ်အတွင်းက အုပ်ချုပ်ရေးလောက၌ ထင်ရှားသော အတွင်းဝန်ချုပ်၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ကြေးတိုင်နှင့် မြေစာရင်းမင်းကြီး၊ အရေးပိုင်၊ ကြေးတိုင်ဝန်၊ နယ်ပိုင်ဝန်ထောက် စသူတို့မှာ အိုင်စီအက်စ်နှင့် ဘီစီအက်စ်များသာ ဖြစ်သည်။ ထိုအိုင်စီအက်စ်နှင့် ဘီစီအက်စ်များကို အင်္ဂလိပ်တို့က (heaven-born) ဟုခေါ်သောကြောင့် မြန်မာတို့ကလည်း 'မိုးကျရွှေကိုယ်'ဟု ခေါ်ကြသည်။ ကိုလိုနီခေတ်အတွင်းက သမီးရှင်များ သမက်တော်လိုသည့် ရာထူးရှင်များဟု ပြောစမှတ်ပြုကြသည်။

မြန်မာများထဲမှ ပထမဆုံး အိုင်စီအက်စ်ဖြစ်သူ ဦးတင်ထွဋ်ဖြစ်သည်။ နော်မီနေရှင်းခေါ် ထောက်ခံချက်ဖြင့် တိုက်ရိုက်ရွေးချယ်ခံရသည့် မြန်မာအိုင်စီအက်စ်များမှာ ဦးကာစီ၊ ဦးကြင်၊ ဦးခင်မောင်ဖြူ၊ ဦးခင်မောင်ရင်၊ ဦးစံမောင်၊ ဦးစိန်တင်(သိပ္ပံမောင်ဝ)၊ ဦးစိန်ညိုထွန်း၊ ဦးတင်၊ ဦးတင်ထွန်း၊ ဦးတင်ထွဋ်၊ ဦးရွှေဘော်၊ ဦးလှရှိန်၊ ဦးသောင်းစိန် (John Me Neil)နှင့် ဦးဦးကျော်ခိုင်တို့ဖြစ်သည်။ စာမေးပွဲအောင်၍ အိုင်စီအက်စ်ဖြစ်လာသူတို့မှာ ဦးကျော်မင်း၊ ဦးကျော်ခိုင်၊ ဦးကျော်သိန်း၊ ဦးချမ်းသာ၊ ဦးစောလွင်၊ ဦးစောဟန်၊ ဦးစိုးညွန့်၊ ဦးစိုးတင့်၊ ဦးညွန့်၊ ဦးထွန်းမင်း၊ ဦးပိုင်၊ ဦးဘတင့်၊ ဦးဘဌေး၊ ဦးရွှေမြ၊ ဦးလှမောင်၊ ဦးသာကျော်၊ ဦးအောင်စိုး၊ ဦးအုန်း၊ ဦးအုန်းမောင်နှင့် Mr. James Barington တို့ ဖြစ်ကြသည်။

မြန်မာများထဲမှ ဘီစီအက်စ်အချို့မှာ ဦးကိုကြီး၊ ဦးခင်မောင်ကြီး၊ ဦးချိုထွန်း၊ ဦးစံဖေ၊ ဦးစိုး၊ ဦးစိုးရ၊ ဦးထွန်းရှိန်၊ ဦးပအောင်၊ ဦးဘကျော်၊ ဦးဘစန်း၊ ဦးဘညိမ်း၊ ဦးလှ၊ ဦးဝင်းဖေနှင့် ဦးအုန်းမောင်တို့ ဖြစ်ကြသည်။ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများကို အိုင်စီအက်စ်နှင့် ဘီစီအက်စ်ဟုခေါ်သကဲ့သို့ ဆေးဘက်ဆိုင်ရာ အဆင့်မြင့်ဝန်ထမ်းများကို အိုင်အမ်အက်စ် (Indian Medical Service) ဟုလည်းကောင်း၊ ပညာရေးဆိုင်ရာ အဆင့်မြင့်ဝန်ထမ်းများကို အိုင်အီးအက်စ် (Indian Education Service) ဟုလည်းကောင်း ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# မိုးကြိုး၊ ဗိုလ်

မြန်မာတို့က ဗိုလ်မိုးကြိုးဟု ခေါ်ကြ သိကြသော ဗိုလ်မှူးကြီး စူဇူကီး ကေအိကျိ (Suzuki Keiji) သည် ဂျပန်စစ်ဦးစီးဌာနချုပ်မှ အရှေ့တောင်အာရှ အခြေအနေများကို လေ့လာရန် တာဝန်ပေးခံရသူဖြစ်သည်။ ထိုသို့ တာဝန်ပေး ချက်အရ ဂျပန်မြန်မာအသင်း၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ယောမိ အုရီသတင်းစာတိုက်၏ သတင်းထောက်အဖြစ်လည်းကောင်း မြန်မာပြည်တွင်းသို့ ဝင်ရောက်ခဲ့ပြီး တရုတ်-မြန်မာလမ်းမကြီးသတင်းအပါအဝင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စုံစမ်းထောက်လှမ်းခဲ့သည်။ ထို့နောက် ဂျပန်ကို လိုလားသော ဒေါက်တာဘမော်နှင့်လည်းကောင်း၊ သခင်ကိုယ်တော်မှိုင်းနှင့် သခင်မြတို့ အုပ်စုမှ သခင်လူငယ်များနှင့်လည်းကောင်း အဆက်အသွယ်ရသည်။ မြန်မာ့ လွတ်လပ်ရေးအတွက် လိုအပ်သော စစ်လက်နက်ပစ္စည်းအကူအညီနှင့် စစ်ပညာ သင်ကြားပေးမည်ဟု စူဇူကီးက ကတိပေးသည်။ ထိုအခြေအနေမှာပင် သခင် အောင်ဆန်းနှင့် သခင်လှမြိုင်တို့ကလည်း နိုင်ငံခြားအကူအညီရှာရန် တရုတ်နိုင်ငံသို့ ထွက်ခဲ့ကြသည်။ သခင်အောင်ဆန်းတို့ အမွိုင်တွင် သောင်တင်နေသည့် သတင်း ကို ဒေါက်တာဘမော်က စူဇူကီးထံ ပို့ပေးရာမှ သခင်အောင်ဆန်းနှင့် စူဇူကီး တို့ ဆက်သွယ်မိကြသည်။ အဖွဲ့၏ အကြီးအကဲမှာလည်း စူဇူကီးပင်ဖြစ်သည်။ စူဇူကီးသည် မြန်မာပြည်အကြောင်း လေ့လာထားသူဖြစ်၍ မီနာမီအဖွဲ့၏ အကြီး အကဲရာထူး ပေးခံရခြင်းဖြစ်သည်။

စူဇူကီးနှင့် အမွိုင်ရောက် သခင်အောင်ဆန်းတို့ ဆက်သွယ်မိရာမှ ရဲဘော် သုံးကျိပ်တို့ ဂျပန်တွင် စစ်ပညာသင်ကြားရေးနှင့် ဘီအိုင်အေဖွဲ့စည်းသည့် လုပ်ငန်း များ အကောင်အထည်ပေါ်လာရသည်။ စူဇူကီးကို ဗိုလ်မိုးကြိုးဟု အမည်ပေးသည် မှာလည်း ရဲဘော်သုံးကျိပ်တို့က ဘီအိုင်အေဖွဲ့စဉ်က ပေးသည့် အမည်ဖြစ်သည်။ 'ထီးရိုးကို မိုးကြိုးပစ်မည်'ဆိုသည့် တဘောင်အရ ပေးသည်ဟု ဆိုကြသည်။ ထီးရိုးဆိုသည်မှာ နယ်ချဲ့အင်္ဂလိပ်ကို ဆိုလိုသည်။ ရဲဘော်သုံးကျိပ်တို့ ဂျပန်တွင် စစ်ပညာသင်ယူရေးလုပ်ငန်းနှင့် ဘီအိုင်အေတည်ထောင်ရာတွင် ဦးဆောင်ပါဝင် ခဲ့သည့် ဗိုလ်မိုးကြိုး၏ ကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်အစိုးရ က ဗိုလ်မိုးကြိုးအား နိုင်ငံတော်၏ အမြင့်ဆုံးဘွဲ့ဖြစ်သည့် 'အောင်ဆန်းတံခွန် ဘွဲ့'ချီးမြှင့်ခဲ့သည်။ သို့သော် ထိုဘွဲ့ပေးသည့် အချိန်တွင် ဗိုလ်မိုးကြိုးမှာ ကွယ်လွန်



ဗိုလ်မိုးကြိုး

www.burmeseclassic.com

www.burmeseclassic.com



သွားပြီဖြစ်သည်။ ထို့ကြောင့် ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ ဗိုလ်မှူးကြီးကိုယ်စား သူ့ဇနီးမစ္စစ်မီဆိုင်ယိုရူဇူကီးက "အောင်ဆန်းတံခွန်ဘွဲ့"ကို လက်ခံခဲ့သည်။

## မင်းတိုင်ပင်အမတ်

ဗြိတိသျှတို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူပြီးနောက် ဒုတိယဘုရင်ခံဖြင့် အုပ်ချုပ်သည့် ၁၈၉၇ ခုမှ စ၍ ဒုတိယဘုရင်ခံ၏ လက်အောက်တွင် ဥပဒေပြုကောင်စီ ထားရှိခဲ့သည်။ သို့သော် ယင်းဥပဒေပြုကောင်စီတွင် ပါဝင်သော အဖွဲ့ဝင်များတွင် အာဏာမရှိဘဲ ဒုတိယဘုရင်ခံ၏ အတိုင်ပင်ခံမျှသာ ဖြစ်သောကြောင့် မြန်မာတို့က ဥပဒေပြုကောင်စီဝင်များကို မင်းတိုင်ပင်အမတ်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဥပဒေပြုကောင်စီကိုလည်း မင်းတိုင်ပင်အဖွဲ့ဟု ခေါ်ခဲ့ကြသည်။ ဒုတိယဘုရင်ခံအုပ်ချုပ်သည့် ကာလတွင် မင်းတိုင်ပင်အမတ်များကို ဒုတိယဘုရင်ခံက ရွေး၍ခန့်သည်။ ဒိုင်အာခီခေတ်မှ စ၍ မင်းတိုင်ပင်အမတ်များကို ပြည်သူလူထုက ရွေးပေးရသည်။ ဒိုင်အာခီခေတ်ဥပဒေပြုကောင်စီဝင်များမှာလည်း အာဏာအပြည့်အဝရသူများမဟုတ်ဘဲ ဘုရင်ခံ၏ အတိုင်ပင်ခံသဘောပင် ဖြစ်သောကြောင့် မင်းတိုင်ပင်အမတ်ဟု ဆက်လက်ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ထို့အတူ ၉၁ ဌာနအုပ်ချုပ်ရေးခေတ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း မင်းတိုင်ပင်အမတ်ဟု အသုံးများခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲများကိုလည်း မင်းတိုင်ပင်အမတ်ရွေးပွဲဟု ခေါ်ဝေါ်ခဲ့ကြသည်။

## မင်းကွန်းဘိုးဘွားရိပ်သာ (၁၉၁၅)

ကိုလိုနီခေတ်အတွင်းက ပထမဆုံးပေါ်လာသော ဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာဖြစ်သည်။ တီပီအက်စ်ခေါ် တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ (၁၉၂၆ တွင်ရ) ရသော ဘွားဦးဖွန်းက ဦးဆောင်၍ ၁၉၁၅ ခုတွင် တည်ထောင်ခဲ့သည်။ စတင်တည်ထောင်စဉ်က မင်းကွန်းလူအိုရုံဟု ခေါ်ပြီး နောက်မှ ဘိုးဘွားရိပ်သာဟု ခေါ်လာကြခြင်းဖြစ်သည်။ မူလက မင်းကွန်းပုထိုးတော်ကြီး အရှေ့မြောက်ဘက်



ရှိ ခြံသေ့ကြီးအနီးတွင် ထန်းလက်မိုး ထန်းလက်ကာ တဲသုံးလုံးဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ ထိုရိပ်သာကို ၉၅ နှစ်အရွယ် အဘိုးဆင့်၊ ၉၈ နှစ်အရွယ်ရှိ အဘွားစိုးနှင့် ၈၅ နှစ်အရွယ်ရှိ အဘွားမယ်တို့ သုံးဦးဖြင့် စတင်တည်ထောင်ခဲ့သည်။ နောက်မှ ယခုလက်ရှိနေရာဖြစ်သော မင်းကွန်းခေါင်းလောင်းကြီးအနီးသို့ ပြောင်းရွှေ့လာသည်။

မင်းကွန်းရိပ်သာကို နာယကဒေါ်ဦးဖွန်းက ဦးဆောင်၍ မန္တလေးမြို့ အိန်အန်တောင်ကျားဘမ်း ပရုတ်ဆီဆေးတိုက် ကိုယ်စားလှယ် ဦးဘိုးလွင်၊ ဘီအိုင်အေဦးမောင်ကြီး၊ ဦးလှထွန်း(ဘဏ္ဍာရေးမှူး)နှင့် ဦးလှကျော်(အထွေထွေအတွင်းရေးမှူး)တို့က တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။

## မင်းကွန်းဗုဒ္ဓဘာသာ လူအိုရုံအသင်း (၁၉၁၈)

မြန်မာနိုင်ငံ၌ ၁၉၁၈ ခုနှစ်က မင်းကွန်းဗုဒ္ဓဘာသာလူအိုရုံအသင်း ပေါ်ခဲ့ဖူးသည်။ ထိုအသင်းကို မင်းကွန်းလူအိုရုံ (၁၉၁၅)၊ သထုံလူအိုရုံ (၁၉၂၇)၊ ပေါင်းတည်လူအိုရုံ (၁၉၃၀)၊ နှင်းဆီကုန်းလူအိုရုံ (၁၉၃၃)နှင့် ပခုက္ကူလူအိုရုံ (၁၉၃၇) တို့ကို တည်ထောင်ခဲ့သော ဒေါ်ဦးဖွန်းကပင် ဦးစီး၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုအသင်းကို Buddhist Infirmary Association ဟုခေါ်သောကြောင့် အတိုကောက်အားဖြင့် ဘီအိုင်အေဟုလည်း ခေါ်သည်။ အဖွဲ့ဝင်ငါးဦးပါသော ထိုအသင်းကို မန္တလေးကျောက်သွေးတန်းရပ်ရှိ ဒေါ်ဦးဖွန်း၏ အိမ်၌ ဖွဲ့စည်းသည်။ ဒေါ်ဦးဖွန်းနှင့် ဘီအိုင်အေဦးမောင်ကြီးတို့ကပင် ဦးဆောင်၍ မင်းကွန်းလူအိုရုံကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ထိုအဖွဲ့၏ နာယကမှာ ဒေါ်ဦးဖွန်းဖြစ်ပြီး အဖွဲ့ဝင်များမှာ-

၁။ ဦးဘိုးလွင် (ကျားဆေးတိုက်ကိုယ်စားလှယ်)
၂။ ဘီအိုင်အေ ဦးမောင်ကြီး — စာရင်းစစ်
၃။ ဦးလှထွန်း — ငွေထိန်း
၄။ ဦးလှကျော် — အတွင်းရေးမှူး
၅။ ဦးဘိုးရင်တို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မိုင်းကိုင်အစည်းအဝေး (၁၉၄၆)

စစ်ပြီးခေတ် ရှမ်းစော်ဘွားများ၏ ပထမဆုံးအစည်းအဝေးကို ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း အလယ်ဗဟို၌ ရှိသည့် မိုင်းကိုင်နယ်၊ မိုင်းကိုင်မြို့တွင် ကျင်းပသည်။ အစည်းအဝေးတွင် တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က သဘာပတိအဖြစ်နှင့် သီပေါနယ်ချုပ်ကြီး စဝ်ခွန်မိုင်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ဤအစည်းအဝေး၏ ဆောင်ရွက်ချက်မှာ ရှမ်းပြည်နယ် စဝ်ဖများကောင်စီ (Council of Shan State Saophas)ခေါ် စော်ဘွားများအသင်းဖွဲ့ရန် ကိစ္စကို စဝ်ဖများကောင်စီ အလုပ်အမှုဆောင်ကော်မတီသို့ အာဏာအပ်နှင်းရန် ဆုံးဖြတ်ခြင်းဖြစ်သည်။ ပင်လုံတွင် စော်ဘွားများထပ်မံစည်းဝေးကာ စဝ်ဖများကောင်စီဖွဲ့ရန်လည်း ဆုံးဖြတ်ကြသည်။

## မိတ္ထီလာတိုက်ပွဲ (၁၉၄၅)

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည် စစ်မြေပြင်၌ ဖြစ်ပွားသော တိုက်ပွဲများအနက် ထင်ရှားသော တိုက်ပွဲတစ်ပွဲဖြစ်သည်။ ၁၉၄၅ ခု၊ ဖေဖော်ဝါရီလကုန်ပိုင်းနှင့် မတ်လဆန်းတွင် မိတ္ထီလာ၌ ဖြစ်ပွားသော တိုက်ပွဲဖြစ်သည်။ ထိုစဉ်က မိတ္ထီလာသည် မြန်မာပြည်အလယ်ပိုင်းနှင့် မြောက်ပိုင်းရှိ ဂျပန်တပ်များ၏ ရှေ့တန်းရိက္ခာစခန်းဖြစ်သည်။ မိတ္ထီလာမှ မန္တလေးသို့ ကားလမ်းနှင့် ရထားလမ်းရှိသည်။ မိတ္ထီလာမှ ရန်ကုန်သို့လည်း ကားလမ်းရှိသည်။ မိတ္ထီလာ၌ လေယာဉ်ကွင်းလည်း ရှိသည်။ ထို့ကြောင့် မိတ္ထီလာသည် စစ်မဟာဗျူဟာအရ အရေးပါသည့် ဒေသဖြစ်သည်။

မြန်မာပြည်အလယ်ပိုင်းရှိ ဂျပန်တပ်များ၏ အဓိကဒေသတစ်ခုဖြစ်သော မိတ္ထီလာကို ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ စ၍ မဟာမိတ်တပ်များက ထိုးစစ်ဆင် တိုက်ခိုက်သည်။ သုံးရက်ခန့် ရင်ဆိုင်တိုက်ပွဲများဖြစ်ပွားပြီးနောက် မတ်လ ၄ ရက်နေ့တွင် မိတ္ထီလာလေယာဉ်ကွင်းနှင့် မီးရထားဘူတာရုံကို မဟာမိတ်တပ်များက သိမ်းနိုင်သည်။

ဗမာ့တပ်မတော်မှ ဗိုလ်ကြီးသောင်းကြည် ဦးစီးသော တပ်ရင်း ၅ ကလည်း ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်မှာပင် တပ်ဖျောက်ပြီး ဖက်ဆစ်



တော်လှန်ရေး စတင်ခဲ့သည်။ ထို့နောက် မဟာမိတ်တပ်များနှင့် ပေါင်း၍ မိတ္ထီလာတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်။ မဟာမိတ်တပ်များနှင့် ဗမာ့တပ်မတော်တို့က မိတ္ထီလာတစ်မြို့လုံးကို သိမ်းပိုက်နိုင်သဖြင့် ဂျပန်တပ်များ အရှုံးနှင့် မိတ္ထီလာမှ ဆုတ်ခွာခဲ့ကြရသည်။ မိတ္ထီလာတိုက်ပွဲသည် မြန်မာပြည် စစ်ပွဲအရှုံးအနိုင်ကို အဆုံးအဖြတ်ပေးသည့် စစ်ပွဲဟုပင် စစ်မှတ်တမ်းများတွင် ဖော်ပြကြသည်။

## မေတ္တာနှင့် သူရာ (၁၉၂၀)

မြန်မာ့ပထမဆုံး ရုပ်ရှင်ဇာတ်ကားကြီး၏ အမည်ဖြစ်သည်။ ယခု ဗိုလ်ချုပ်ဈေးနေရာတွင် ရှိခဲ့သော "စီနီမာဒီပဲရစ်" ရုံတွင် ၁၉၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ပြသခဲ့သည်။ ဒါရိုက်တာက ဦးပုခေါ် ဦးတုတ်ကြီးဖြစ်သည်။ ဇာတ်ဆောင်များမှာ မင်းသားဦးညိုပုနှင့် မင်းသမီးမရီ ခေါ် မအေးကြည်တို့ဖြစ်သည်။ ဇာတ်ရံများမှာ ဦးမောင်မောင်ချစ်၊ ဦးပု၊ ဦးပါကြီး၊ ဦးငြိမ်း၊ ဦးမောင်မောင်ကလေးနှင့် မောင်တင်ဖေ (မောင်မောင်စိုး)တို့ ဖြစ်သည်။

ဇာတ်ကား၏ အမည်မှာ ဆရာကြီးပီမိုးနင်းရေးသည့် ဝတ္ထုအမည်ဖြစ်သည်။ အရက်ကြောင့် လူငယ်များ ပျက်စီးရပုံ၊ ဒုက္ခရောက်ရပုံကို ဇာတ်လမ်းဆင်၍ လူငယ်များ သင်ခန်းစာယူနိုင်ရန်၊ သံဝေဂရရန်နှင့် ဆင်ခြင်တုံတရားလက်ကိုင်ထားနိုင်ရန် ရိုက်ထားသည့် ပညာပေးကားဖြစ်သည်။ ထိုကားရိုက်သည့်အတွက် ဓာတ်ပုံဆရာ လန်ဒန်အတ် ဦးအုန်းမောင်ကို ပြည်မြို့ ဂျီစီဘီအေအသင်းက ရွှေတံဆိပ်နှင့် ဂုဏ်ပြုခဲ့သကဲ့သို့ ရန်ကုန်မြို့ရှိ "သုစရိတယုဝ" ခေါ် အရက်ရှောင်ကြဉ်ရေးအသင်းကလည်း ဦးအုန်းမောင်ကို ရွှေတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ဤဇာတ်ကားမှာ လူကြိုက်များ၍ အောင်မြင်သည့်ဇာတ်ကားဖြစ်သည်။

## မန်းဘခိုင် (၁၉၀၃–၁၉၄၇)

ကရင်အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်သည် ဟင်္သာတမြို့နယ် ယုန်တလင်းရွာဇာတိ ဖြစ်သည်။ အဖ ယုန်တလင်းရွာသူကြီး ဖန်းပေကုန်းနှင့် အမိ ဒေါ်ပုဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်ဖြစ်သည်။ ဟင်္သာတမြို့ အေဘီအမ်ကျောင်းတွင် ပညာသင်ယူခဲ့ရာ ၁၉၂၀ ပြည့်နှစ်တွင် သတ္တမတန်းအောင်သည်။ ကရင်ဘာသာသင်ကျောင်း

www.burmeseclassic.com



တစ်ကျောင်းကို ဦးစီးဖွင့်လှစ်ခဲ့သည့်အပြင် ကရင်လူငယ်များအစည်းအရုံးကိုလည်း စတင်ဖွဲ့စည်းခဲ့သူတစ်ဦးဖြစ်သည်။ ၁၉၃၇ ခုတွင် ပုသိမ်မြောက်ပိုင်းမှ အမတ်အဖြစ် အရွေးခံရသည်။ ၁၉၃၈ ခုတွင် ပဲခူးသူ ဒေါ်ခင်နီနှင့် လက်ထပ်သည်။ ၁၉၄၁ ခုတွင် တရားရေးဌာနအတွင်းဝန် ဖြစ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့ရုံမက ကရင်-ဗမာချစ်ကြည်ရေးကို အထူးဆောင်ရွက်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။ စစ်ပြီးခေတ်တွင် ဖဆပလဗဟိုအမှုဆောင် လူကြီးတစ်ဦးဖြစ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးလည်း ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လုပ်ကြံခံရ၍ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

## မန္တလေးကျောက်ကုန်သည်များ ဒိုင်းဆုရ ဘောလုံးအသင်းများ

မန္တလေးမြို့၌ ကျင်းပသော ကျောက်ကုန်သည်များ ဒိုင်းဆုဘောလုံးပြိုင်ပွဲမှာ တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသည့် ရှုံးထွက်ပွဲမျိုးဖြစ်သည်။ ပြိုင်ပွဲများကို ၁၉၀၃ ခုနှစ်မှ စတင်ကျင်းပသည်။ ၁၉၀၃ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ ဒိုင်းဆုရဘောလုံးအသင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

| ခုနှစ် | ဆုရဘောလုံးအသင်း | ခုနှစ် | ဆုရဘောလုံးအသင်း |
|---|---|---|---|
| ၁၉၀၃ | အမှတ် (၂) နယ်ခြားစောင့်တပ် စီတပ်ခွဲ | ၁၉၀၉ | ရွှေဘိုဝေလဖြူစီလီယာတပ် |
| ၁၉၀၄ | အမှတ် (၁) အရှေ့ယော့ရဲကျီးမင့် အေတပ်ခွဲ | ၁၉၁၀ | အိုင်ယာလန်ရိုင်ဖယ်တပ်အေတပ်ခွဲ |
| ၁၉၀၅ | မြန်မာအရပ်သားကလပ် | ၁၉၁၁ | အိုင်ယာလန်ရိုင်ဖယ်တပ်အေတပ်ခွဲ |
| ၁၉၀၆ | ဘုရင့်စစ်တီးဝိုင်းတပ် | ၁၉၁၂ | နယ်ခြားစောင့်တပ် အိပ်ချ်တပ်ခွဲ |
| ၁၉၀၇ | အရှေ့ယော့ရဲကျီးမင့်ဒီတပ်ခွဲ | ၁၉၁၃ | နယ်ခြားစောင့်တပ် အယ်လ်တပ်ခွဲ |
| ၁၉၀၈ | မြန်မာ့အရပ်သားကလပ် | ၁၉၁၄ | နယ်ခြားစောင့်တပ် အိပ်ချ်တပ်ခွဲ |



| ခုနှစ် | ဆုရဘောလုံးအသင်း | ခုနှစ် | ဆုရဘောလုံးအသင်း |
|---|---|---|---|
| ၁၉၁၅ | ကျောက်ဆည်ခရိုင်ကလပ် | ၁၉၂၇ | ယူနိုက်တက်စပို့တင်းကလပ် |
| ၁၉၁၆ | နယ်ခြားစောင့်တပ်ဒီတပ်ခွဲ | ၁၉၂၈ | ယူနိုက်တက်စပို့တင်းကလပ် |
| ၁၉၁၇ | အောဘီအမ်ကလပ် (မန္တလေး) | ၁၉၂၉ | စိန့်ပီတာကျောင်းသားဟောင်းကလပ် |
| ၁၉၁၈ | ပြိုင်ပွဲမရှိ | ၁၉၃၀ | ပုလိပ်အတတ်သင်ကျောင်း |
| ၁၉၁၉ | ပြိုင်ပွဲမရှိ | ၁၉၃၁ | ပုလိပ်အတတ်သင်ကျောင်း |
| ၁၉၂၀ | ဘုရင့်တပ် | ၁၉၃၂ | အရပ်သားအသင်း |
| ၁၉၂၁ | ဘုရင့်တပ် | ၁၉၃၃ | တောင်ကြီးအသင်း |
| ၁၉၂၂ | တောင်ပိုင်းစတပ်ဖို့ဒ်တပ် | ၁၉၃၄ | စက်သေနတ်တပ် |
| ၁၉၂၃ | တောင်ပိုင်းစတပ်ဖို့ဒ်တပ် | ၁၉၃၅ | မန္တလေးခရိုင်ပုလိပ်အသင်း |
| ၁၉၂၄ | တောင်ပိုင်းစတပ်ဖို့ဒ်တပ် | ၁၉၃၆ | တောင်ကြီးအသင်း |
| ၁၉၂၅ | ယူနိုက်တက်စပို့တင်းကလပ် | ၁၉၃၇ | မန္တလေးခရိုင်ပုလိပ်အသင်း |
| ၁၉၂၆ | အမှတ် (၁) ကင်မရွန်းစီတပ်ခွဲ | ၁၉၃၈ | မန္တလေးခရိုင်ပုလိပ်အသင်း |

## မြ၊ သခင် (၁၈၉၇–၁၉၄၇)

ကွယ်လွန်သူ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး သခင်မြသည် ပြည်မြို့နယ် ထုံးဘိုရွာဇာတိဖြစ်သည်။ အဖ ဦးဘိုးချန်နှင့် အမိ ဒေါ်သက်လယ်တို့မှ ၁၈၉၇ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဖွားမြင်သည်။ ငယ်နာမည် မောင်ဘရွှေဖြစ်သည်။ သာယာဝတီ အောဘီအမ်ကျောင်းမှ သတ္တမတန်း အောင်ပြီး ဆယ်တန်းကို ရန်ကုန် ဘက်ပတစ်အထက်တန်းကျောင်းမှ အောင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်နှင့် ကာလကတ္တားတက္ကသိုလ်တို့မှ အိုင်အက်စီတန်းကို မာတုဗေဒဂုဏ်ထူးဖြင့် အောင်သည်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်မှောက်ကောင်စီတွင် ဒုတိယဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ယင်းသပိတ် နောက် ပေါ်လာသော အမျိုးသားပညာရေးကောင်စီတွင်လည်း အဖွဲ့ဝင်တစ်ဦး ဖြစ်ရုံမက ကြည့်မြင်တိုင်အမျိုးသား အထက်တန်းကျောင်းအုပ်လည်း လုပ်ခဲ့ဖူး သည်။ ၁၉၂၄ ခုနှစ်တွင် ဘီအက်စီတန်းကို မာတုဗေဒဂုဏ်ထူးဖြင့် အမျိုးသား ကောလိပ်မှပင် အောင်သည်။ ၁၉၂၆ ခုနှစ်တွင် ဒေါ်ခင်ညွန့်နှင့် လက်ထပ်သည်။ ၁၉၂၇ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ အောင်ပြီးသောအခါ သာယာဝတီသို့ ပြန်၍ ရှေ့နေအလုပ်ဖြင့် အသက်မွေးသည်။ ၁၉၃၀ ပြည့်နှစ် တောင်သူလယ်သမား အရေးတော်ပုံတွင် အရေးတော်ပုံသားများဘက်မှ ရှေ့နေလိုက်ရာမှ ထင်ရှားလာ သည်။ ၁၉၃၆ ခုနှစ်ရောက်သော် တို့ဗမာအစည်းအရုံးဝင်ရာမှ သခင်ဖြစ်လာပြီး သခင်မြဟု ထင်ရှားလာခဲ့သည်။ ထို့နောက် တို့ဗမာအစည်းအရုံး၏ ကိုယ်ပွား ဖြစ်သော ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာသည်။ ကိုယ့်မင်းကိုယ့်ချင်း အဖွဲ့၏ တာဝန်ပေးချက်အရ သာယာဝတီတောင်ပိုင်းမှ အမတ်အဖြစ် ဝင်ရောက် ယှဉ်ပြိုင်ရာ အရွေးခံရ၍ ၉၁ ဌာနခေတ် ဥပဒေပြုလွှတ်တော်အမတ် ဖြစ်လာ သည်။ ထို့ကြောင့် ဥပဒေပြုလွှတ်တော်အတွက် ပထမဆုံး အရွေးခံရသော သခင်အမတ်သုံးဦးအနက် တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ ထိုသို့ အမတ်အဖြစ် အရွေးခံရသော်လည်း အင်္ဂလိပ်နယ်ချဲ့အုပ်စိုးမှုကို ဆန့်ကျင်သည့်အနေဖြင့် အမတ် လစာမယူသည့် သခင်အမတ်တစ်ဦးလည်း ဖြစ်သည်။ ပြည်သူ့အရေးတော်ပုံ ပါတီဖွဲ့သောအခါတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြည်ပဆက်သွယ်ရေးတာဝန်ယူ ပြီး သခင်မြက ပြည်တွင်းခေါင်းဆောင် တာဝန်ယူခဲ့ရသည်။ ၁၉၄၁ ခုတွင်မူ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။ ရဲဘော်သုံးကျိပ် ဂျပန် နိုင်ငံသို့ စစ်ပညာသင်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ရသူတစ်ဦး လည်း ဖြစ်သည်။ ဒေါက်တာဘမော် ဦးဆောင်သော ဂျပန်ခေတ်လွတ်လပ်ရေး အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ် ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် ဖတပလကို ဖွဲ့သောအခါ ပြည်သူ့အရေးတော်ပုံပါတီကို ကိုယ်စားပြု၍ သခင်မြ လည်း ပါဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ပြည်သူ့အရေးတော်ပုံပါတီကို မြန်မာ ဆိုရှယ်လစ်ပါတီဟု ပြင်ဆင်ဖွဲ့စည်းသောအခါ သခင်မြပင် ဥက္ကဋ္ဌဖြစ်လာသည်။ စစ်ပြီးစ ဖဆပလအဖွဲ့၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦးလည်း ဖြစ်ခဲ့သည်။



စစ်ပြီးခေတ် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ကြားဖြတ်အစိုးရအဖွဲ့တွင် ဘဏ္ဍာ ရေးနှင့် အခွန်တော်ဌာနဝန်ကြီး တာဝန်များ ယူခဲ့ရသူလည်း ဖြစ်သည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌနှင့် တိုင်းပြုပြည်ပြုလွှတ်တော် ယာယီသဘာပတိတာဝန်များ အပေးခံရသည်။ အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုရန် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် လန်ဒန်သွား မြန်မာကိုယ်စား လှယ်အဖွဲ့တွင်လည်း ပါဝင်ခဲ့သည်။ **လယ်သီးစား ဥပဒေ၌ီကာ**ကိုလည်း ရေးသားခဲ့သေးသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျဆုံးခဲ့ရသည်။

## မြူနီစီပယ်အဖွဲ့များ ပေါ်လာခြင်း

မြူနီစီပယ်အဖွဲ့များသည် ကိုလိုနီခေတ်အတွင်းက ပေါ်လာသော အဖွဲ့ များဖြစ်သည်။ အောက်မြန်မာနိုင်ငံခေါ် ဗြိတိသျှမြန်မာနိုင်ငံတွင် ၁၈၇၄ ခုနှစ် က ပြဋ္ဌာန်းသော မြူနီစီပယ်အက်ဥပဒေအရ ပေါ်လာသည့် အဖွဲ့များဖြစ်သည်။ ထိုဥပဒေအရ ၁.၈.၁၈၇၄ နေ့တွင် ရန်ကုန်မြို့၌ မြူနီစီပယ်အဖွဲ့ စဖွဲ့သည်။ ထို့ပြင် မော်လမြိုင်၊ စစ်တွေ၊ ပုသိမ်၊ ဟင်္သာတ၊ ပြည်နှင့် တောင်ငူမြို့များ၌ မြူနီစီပယ်အဖွဲ့များ ပေါ်လာသည်။ ၁၈၈၆ ခု ရောက်သောအခါ ပဲခူး၊ ပေါင်းတည်၊ သောင်တုန်း၊ ကျောက်ဖြူနှင့် သံတွဲမြို့များ၌ မြူနီစီပယ်အဖွဲ့များ ပေါ်လာသည်။ ၁၈၈၇ တွင် ဇလွန်၊ မြောင်းမြ၊ မြန်အောင်၊ ရမ်းဗြဲနှင့် ကြံခင်း မြို့များတွင်လည်းကောင်း၊ ၁၈၈၈ တွင် ထားဝယ်၊ မြိတ်၊ သရက်၊ သထုံနှင့် သိုင်းချောင်း၊ တောင်ကြီးမြို့များတွင်လည်းကောင်း၊ ၁၈၈၉ တွင် ရွှေကျင်၊ ကျိုက်ထိုနှင့် မအူပင်မြို့များ၌လည်းကောင်း မြူနီစီပယ်အဖွဲ့များ အသီးသီးပေါ် လာသည်။

မြူနီစီပယ်အဖွဲ့များ စဖွဲ့စဉ်က အဖွဲ့ဝင်လူကြီးများကို အစိုးရက ခန့်ပြီး နောက်ပိုင်းတွင် လူထုက ရွေးချယ်တင်မြှောက်ကြသည်။ အဖွဲ့၏ လုပ်ငန်းမှာ သက်ဆိုင်ရာ မြို့နယ်နှင့် ကျေးလက်ဒေသရှိ ပြည်သူတို့၏ စားဝတ်နေရေးအဆင် ပြေစေရန်အတွက် လူထု၏ ပါဝင်ကူညီမှုဖြင့် မြို့ရွာသန့်ရှင်းလှပရေး၊ ခရီးလမ်း ပန်း လုံခြုံချောမွေ့စေရေး၊ ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်း စနစ် တကျအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး၊ စိတ်လက်အေးချမ်းစွာ အပန်းဖြေအနား

www.burmeseclassic.com

www.burmeseclassic.com



ယူရေး စသည့် အများပြည်သူအတွက် အကျိုးပြုလုပ်ငန်းများ လုပ်ပေးရန်ဖြစ်သည်။ အချုပ်သဘောမှာ ယနေ့ခေတ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းမျိုးပင်ဖြစ်သည်။ ကိုလိုနီခေတ်အတွင်းက ပေါ်ပေါက်ခဲ့သည့် မြူနီစီပယ်ကျောင်း၊ မြူနီစီပယ်ဈေး၊ မြူနီစီပယ်ပန်းခြံနှင့် မြူနီစီပယ်စာကြည့်တိုက် စသည်တို့မှာ မြူနီစီပယ်အဖွဲ့များ၏ ဆောင်ရွက်ချက်များပင်ဖြစ်သည်။

မြူနီစီပယ်အဖွဲ့၏ လုပ်ငန်းများမှာ တဖြည်းဖြည်း ကျယ်ပြန့်လာသည့်အလျောက် ၁၈၈၄ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၈၉၈ ခုနှစ်တွင်တစ်ကြိမ် မြူနီစီပယ်အက်ဥပဒေအသစ်များ ပြဋ္ဌာန်းခဲ့သည်။ မြူနီစီပယ်အဖွဲ့များသည် အမှိုက်သိမ်းဆည်းခ၊ မိလ္လာသိမ်းဆည်းခ၊ ရေပေးရေးလုပ်ငန်းနှင့် မီးပေးရေးလုပ်ငန်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရသည့်ဝင်ငွေ၊ အဆောက်အအုံခွန်၊ မြေခွန်၊ ရေခွန်၊ မီးခွန်၊ မိလ္လာခွန်၊ မြေနှင့် အဆောက်အအုံငှားရမ်းခ၊ ဈေးဆိုင်ငှားရမ်းခ၊ သားသတ်ရုံခ၊ အပေါင်ဆိုင်လိုင်စင်၊ စားသောက်ဆိုင်လိုင်စင်၊ သားသတ်လိုင်စင်၊ မြူနီစီပယ်အက်ဥပဒေအရ ကောက်ခံရရှိသည့် ဒဏ်ကြေး စသည့် လုပ်ငန်းများမှ ရသည့် ဝင်ငွေဖြင့် ရပ်တည်ရသော အဖွဲ့ဖြစ်သည်။ ထို့ကြောင့် ဝန်ထမ်းများမှာ ပင်စင်လစာခံစားခွင့် မရှိပေ။ မြို့များတွင်သာမက ကျေးလက်ဒေသများတွင်ပါ စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ၁၉၂၁ ခုနှစ်တွင် မြန်မာနိုင်ငံကျေးလက် ကိုယ်ပိုင်အုပ်ချုပ်ရေးအက်ဥပဒေပြဋ္ဌာန်း၍လည်းကောင်း ဒီစတြိတ်ကောင်စီနှင့် ခရိုင်ဝန်အုပ်ချုပ်သော ဒေသန္တရရန်ပုံငွေအဖွဲ့များ ဖွဲ့၍လည်းကောင်း ဆောင်ရွက်စေခဲ့သည်။

## မြို့အုပ်မင်းအိပ်မက် (၁၉၁၅)

မြို့အုပ်မင်းလုပ်ဖို့ စိတ်ကူးနှင့် ရူးခန်းကို ဖော်ပြထားသော ဦးဘကလေး၏ ပထမဆုံးကာတွန်းလက်ရာ၏ အမည်ဖြစ်သည်။ ၁၉၁၅ ခုနှစ်၊ မတ်လထုတ် **ရန်ကုန်ကောလိပ်မဂ္ဂဇင်း**၌ ရေးသော ကာတွန်းဖြစ်သည်။ ရန်ကုန်ကောလိပ်မဂ္ဂဇင်းသည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်သည့် မဂ္ဂဇင်းဖြစ်၍ ကာတွန်းအကြောင်းကို အင်္ဂလိပ်စာဖြင့် ဖော်ပြခဲ့သည်။

ထိုကာတွန်းတွင် -

၁။ ကောလိပ်ကျောင်းထွက် ဘီအေအောင်သူတစ်ယောက် မြို့အုပ်ခန့်စာရပုံ



၂။ မြို့အုပ်ဖြစ်လာသောအခါ ကုလားမင်းစေ(ချာပရာစီ)က မြို့အုပ်မင်းကိုနောက်မှ ထီးတော်မိုးပေးရပုံ

၃။ အမျိုးသမီးများ ဝိုင်းနေပုံ

၄။ တောရွာသူကြီးနှင့် ရွာသားများက ဝိုင်းရှိခိုးနေကြပုံ

၅။ အင်္ဂလိပ်လူမျိုးအရေးပိုင်က မြို့အုပ်မင်းပခုံးကို ပုတ်၍ 'မောင်မင်းသိပ်တော်တယ်၊ မောင်မင်းကို ရာထူးတိုးပေးမယ်'ဟု ပြောနေပုံ

၆။ သို့သော် အဆိုပါအခန်းများမှာ ကောလိပ်ကျောင်းသားတစ်ယောက် စာသင်ခန်း၌ အိပ်ပျော်နေရင်း အိပ်မက်မက်နေပုံဖြစ်ရာ နောက်ဆုံးပုံ၌ မြို့အုပ်မင်း၏ ပခုံးကို ပုတ်နေသူမှာ အင်္ဂလိပ်အရေးပိုင်မဟုတ်ဘဲ အတန်းပြပါမောက္ခကြီးဖြစ်နေပုံ

တို့ဖြစ်သည်။ ဤကာတွန်းဖြင့် ထိုစဉ်အခါက မြို့အုပ်မင်းအလုပ်ကို ပညာတတ်လူငယ်များ မက်မောကြပုံကို ပြောင်လှောင်ရေးဆွဲထားခြင်းဖြစ်သည်။ ခေတ်သရုပ်ကို ပေါ်လွင်အောင် ဖော်ပြနိုင်သည့် ကာတွန်းဖြစ်သကဲ့သို့ ဦးဘကလေး၏ ပထမဆုံးကာတွန်းလက်ရာဖြစ်၍ မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။ ထိုစဉ်က ဦးဘကလေးသည် 'ရွှေတလေး'အမည်မသုံးသေးဘဲ ဘကလေးဟု အင်္ဂလိပ်ဘာသာဖြင့် လက်မှတ်ထိုးထားသည် ဆိုပါသည်။[၁]

## မြင်းခြံစစ်တမ်း

မြင်းခြံထောင်အတွင်း ရောက်နေသော သခင်စိုးရေးသည့် စာတမ်းကို ခေါ်ခြင်းဖြစ်သည်။ အရင်းရှင်နယ်ချဲ့အုပ်စုနှင့် ဖက်ဆစ်အုပ်စုတို့ ဖြစ်ပွားသော ဒုတိယကမ္ဘာစစ်တွင် မည်သည့်အုပ်စုဘက် လိုက်ရမည်ကို တင်ပြထားသည့် စာတမ်းဖြစ်သည်။ မြင်းခြံထောင်အတွင်း ရေးသောကြောင့် မြင်းခြံစစ်တမ်းဟု ခေါ်သည်။ ဒီမိုကရေစီအင်အားစုများဖြစ်သော အင်္ဂလိပ်၊ အမေရိကန်နှင့် ကွန်မြူနစ်ရုရှားတို့ပေါင်း၍ မဟာမိတ်ဖွဲ့ကာ ဖက်ဆစ်နာဇီ ဂျာမနီကို တိုက်သကဲ့သို့ မြန်မာတို့ကလည်း ဖက်ဆစ်ဂျပန်ကို နံပါတ်တစ်ရန်သူအဖြစ်သတ်မှတ်ပြီး အင်္ဂလိပ် အမေရိကန်တို့နှင့် ပေါင်း၍ တိုက်ရမည်ဆိုသော အယူအဆဖြစ်သည်။ သခင်စိုး၏ မြင်းခြံစစ်တမ်းကို ထောင်ကျနေသော သခင်တော်များများနှင့် ကွန်မြူနစ်များက လက်ခံကြသည်ဟု ဆို၏။

---

၁။ ကာတွန်းဦးဖေသိန်း၊ စာနယ်ဇင်းကာတွန်းသမိုင်း၊ ရန်ကုန်။ စိတ်ကူးချိုချို၊ ၂၀၀၉ ဇွန်၊ စာ ၅-၆၊ ၁၁

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာမင်းလွှတ်တော်က ထုတ်ပြန်သည့် စစ်သည်တို့ကို စည်းရုံးဆင့်ဆိုသည့် အမိန့်တော်

တတိယ အင်္ဂလိပ်-မြန်မာစစ်ဖြစ်ခါနီး မြန်မာမင်းလွှတ်တော်က ထုတ်ပြန်ခဲ့သည့် အမိန့်စာမှာလည်း မြန်မာ့သမိုင်းကို စိတ်ဝင်စားသူများ ဖတ်ရှုလေ့လာသင့်သည်ဟု ယူဆသောကြောင့် မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။ သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က ဤအမိန့်စာသည် သီပေါမင်းက အင်္ဂလိပ်တို့အား စစ်ကြေညာသည့် အမိန့်စာဟု ခေါ်လိုက ခေါ်ဆိုနိုင်ကြောင်း ၎င်းရေးသားသည့် **စစ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာစာတမ်းများ** (၁၉၆၈)စာအုပ်တွင် ရေးသားဖော်ပြထားပါသည်။ ၎င်းအမိန့်စာကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး မြန်မာဘာသာရေးအမိန့်စာ၏ အလယ်တွင် ဒေါင်းရုပ်ပါသော မြန်မာနိုင်ငံတော် တံဆိပ်ပါရှိသည်။ ထိုအမိန့်စာများကို အောက်တွင် ဖော်ပြလိုက်ပါသည်။

နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာသူကြီး၊ မြင်းခေါင်း၊ မြင်းစီး၊ ဒိုင်းခေါင်း၊ အဝန်း၊ ရွှေခွန်မှူး၊ ငွေခွန်မှူး၊ မြေတိုင်း၊ တောကဲတို့နှင့် မြို့ရွာနေပြည်သူ ကျွန်တော်မျိုးအပေါင်းတို့။

မိစ္ဆာအယူရှိသော အင်္ဂလိပ်ကုလားလူမျိုးတို့သည် သာသနာတော်မြတ် အစီးအပွား ပျက်ပြားဆုတ်ယုတ်ရန်အကြောင်း၊ နိုင်ငံတော်အစဉ်အလာ မလေ့ထုံးစံများကို လွှမ်းကျူးရန်အကြောင်း၊ မြန်မာအမျိုးသားတို့ ဂုဏ်အသရေ ယုတ်ညံ့ရန်အကြောင်းများနှင့် စပ်သည့် စကားများကို တင်းမာစွာ ပြောဆို၍ နိုင်ငံတော်ကို ရန်စစ်ပြုမည်ကဲ့သို့ ဟိတ်ဟန်ပြသ အကြံအစည်ပြုလုပ်ရှိသည်ကို တိုင်းကြီးပြည်ကြီး ဓလေ့ထုံးစံနှင့်အညီ တရားသဖြင့် လမ်းဖြောင့်လမ်းမှန်ကျသည့် စကားရပ်များနှင့် ပြန်ကြားပြောဆိုရှိသည်။

သို့တရားနှင့်အညီ ပြန်ကြားပြောဆိုသည်ဖြစ်လျက် မိစ္ဆာကုလားတို့ နိုင်ငံတော်ကို တစ်စုံတစ်ရာ စတင်ထိပါးလုပ်ချောက်လာလျှင် သာသနာတော်အကျိုး၊ တိုင်းကျိုးပြည်ကျိုး မဆုတ်ယုတ်စေရန် စောင့်ရှောက်တော်မူသည့်အတိုင်း ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲ၊ စစ်ကြပ်တို့နှင့်တကွ များစွာသော ခြေသည်တပ်၊ အမြောက်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ကြည်းဘက်၊ ရေဘက် ရဲမက်စစ်သည်တော် အပေါင်းတို့ဖြင့် စစ်ဆင်ကျင်းပတော်မူလျက် ကိုယ်တော်တိုင် ရွှေစက်တော်ဖြန့်ချီ



တော်မူ၍ မိစ္ဆာအင်္ဂလိပ် ကုလားလူမျိုးတို့ကို သုတ်သင်ရှင်းလင်း နှိမ်နင်းတော်မူမည်ဖြစ်သည်။

ပြည်သူကျွန်တော်မျိုးအပေါင်းတို့မှာ မိစ္ဆာကုလားတို့ရန်ကို စွဲ၍ စိုးရိမ်ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်မရှိ။ နိုင်ငံတော်မှအပ ထွက်သွားရှောင်ရှားခြင်းကို မပြုမလုပ်။ ငြိမ်ဝပ်စွာ လုပ်ကိုင်ရောင်းဝယ်စားသောက်နေထိုင်မြဲ နေထိုင်ကြရမည်။ မြို့ရွာရှင် အကြီးအအုပ်တို့ကလည်း ကိုယ့်မြို့ကိုယ့်ရွာတွင် သူခိုး၊ ဓားပြ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် အသီးသီးအုပ်ထိန်းစည်းကြပ်စောင့်ရှောက်ကြရမည်။

တပ်မတော်အများ ချီတက်မည်မှာလည်း ရှေးအခါကာလ စည်းကြပ်ချီတက်သကဲ့သို့ ရရာ ရမိလူတို့ကို လက်နှိုင်သိမ်းခေါ် စုရုံးစည်းကြပ် ချီတက်မည်မဟုတ်။ နေပြည်တော်တွင် အသင့်ဖွဲ့စည်းရှိသည့် စစ်သည်ရဲမက်တော်တို့နှင့် ချီတက်သိမ်းယူတော်မူမည်ဖြစ်၍ မြို့ရွာနယ်ရှင်အကြီးအအုပ်ပြုလုပ်သူတို့က မလိုက်မထမ်းလိုသူတို့ကို အကျပ်အတည်း ဆင့်ဆိုသိမ်းခေါ် မရှိစေနှင့်။

သာသနာတော်မြတ်ကို စောင့်ရှောက်ရခြင်း၊ အမျိုးသားတို့၏ ဂုဏ်အသရေကို စောင့်ရှောက်ရခြင်း၊ ပြည်သူတို့၏ အလုပ်အဆောင် အစီးအပွားကို စောင့်ရှောက်ရခြင်းများသည် သာသနာတော်အကျိုး၊ အသျှင်ကျိုး၊ ကိုယ်ကျိုး၊ သုံးပါးစုံ ပြီးစီး၍ နတ်ရွာနိဗ္ဗာန်လမ်းကြောင်း ကောင်းမြတ်သော အကျိုးထူးကို ရရာသည်နှင့်အညီ မည်သူမဆို အမှုတော်ကို ညီညာကြိုးပမ်း ထမ်းရွက်လိုသူဖြစ်လျှင် ဆုတော်ငွေတော် အထိုက်အလျောက် သနားချီးမြှင့်တော်မူ၍ ထမ်းသင့်ရရာ လိုက်ပါထမ်းရွက်စေမည် ဖြစ်သည်။ မြို့ရွာသူကြီး၊ နယ်ရှင်အကြီးအကဲပြုလုပ်သူတို့က အပျော်ထမ်း၊ သူကောင်းထမ်း လိုက်ပါထမ်းရွက်လိုသူတို့ကို မေးမြန်းစိစစ်၍ ဆိုင်ရာ မြို့ရုံး၊ ခရိုင်ရုံးများမှာ အသီးသီးစာရင်းတင်ပေးကြရမည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ နံနက်ညီလာခံတွင် ဝန်ရှင်တော်သေနတ်ဝန် လယ်ကိုင်းမြို့စားမင်းကြီး၊ ဝန်ရှင်တော် တောင်ခွင်မြို့စားမင်းကြီး၊ ဝန်ရှင်တော် တိုင်တားမြို့စားမင်းကြီး၊ အတွင်းဝန် လှေသင်းဝန် စလေမြို့စား၊ အတွင်းဝန် သမီးတော်ဝန် ပင်းမြို့စားမင်း၊ အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စားမင်း၊ အတွင်းဝန်မြို့သစ်မြို့စားမင်း၊ အတွင်းဝန် ကျောက်မြောင်းမြို့စားမင်း၊ အတွင်းဝန် အသျှင်နန်းမတော်မိဖုရားခေါင်ကြီးဘုရားဝန်၊ မိုင်းခိုင်မြို့စားမင်းတို့ အစုံအညီ ဘုရားအမိန့်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း ၎င်းနေ့လွှတ်တော်တွင် ဝန်ရှင်တော်မင်းကြီး ၃ပါး

www.burmeseclassic.com

www.burmeseclassic.com



မိန့်ချက်အရ ဝန်ထောက်ဝက်မဇွတ်မြို့စားမင်း မှတ်၍ စာရေးကြီး မဟာမင်းလှ မင်းထင်စည်သူ ဆင့်သည့် စာ။

**TRANSLATION**

To all Civil and Military Officers, and Citizen, a proclamation:

Since English heretics have violently proclaimed that they are about to degrade the honour of the Burmese nation, destroy customs of my kingdom, and the prosperity of our excellent religion; and since they have made threatening demonstratins of war upon my country. I here by lawfully and righteously make proclamation as follows:-

That if these foreign heretics come to threaten the Royal Kingdom; in accordance with my custom of guarding against any decrease in the prosperity of our religion, of the welfare of my country, I myself having arranged the army, will come forth, and by means of my generals and subordinate officers, my numerous infantry, artillery, and cavalry, will, by land and water, capture, crush down, and wipe out these English hereticc.

Among all loyal citizens let these be no anxiety or fear concerning the enmity of these foreigners. Let no one flee from the kingdom; but let all continue buying and selling, eating and drinking, according to their customs.

Let each officer protect his own city against thieves and robbers.

In raising troops, I shall not follow the ancient custom of pressing men into the service, since I shall comquer by means of the troops, now in readiness on my kingdom.

District and city officers must not force men into the service.

Whoever, according to his advance of in the way of Nigban and the Nat country, desires to aid the king in guarding the honour of the country, its business prosperity and our excellent religion, must be allowed to perform that service for which he is best fitted, and must be suitably rewarded, and promoted.



Officers of districts and cities must examine those who desire to serve and entroll their names in their respective district or city courts.

(Signed) By KING THEEBAW
And His MINISTERS

Mandalay,
Year 1247, the first day of the waxing moon of Tasoungmon. (7th of November, 1885.

## မြန်မာမင်းလွှတ်တော်ကို ဖျက်သိမ်းပုံ

အမျိုးသားမြန်မာနိုင်ငံဟုခေါ်သော အထက်မြန်မာနိုင်ငံ၏ နေပြည်တော် မန္တလေးကို ဗြိတိသျှတို့ သိမ်းယူသည့် ၁၈၈၅ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အထက်မြန်မာနိုင်ငံသည် ဗြိတိသျှတို့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ မန္တလေးကိုသိမ်းယူ၍ သီပေါမင်းကို နန်းချကာ ကာလကတ္တားသို့ ခေါ်ဆောင်သွားပြီး ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ ခရစ်နှစ် နှစ်ဆန်းတစ်ရက်နေ့တွင် သီပေါမင်း၏ နိုင်ငံတော်ကို ဝိတိုရိယဘုရင်မကြီးပိုင်သော ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က တရားဝင်ကြေညာခဲ့သည်။ သို့သော်လည်း အထက်မြန်မာနိုင်ငံကို မည်သို့ မည်ပုံအုပ်ချုပ်ရမည်ကို ဗြိတိသျှတို့ ယတိပြတ်ဆုံးဖြတ်ချက် မချနိုင်ကြပေ။ မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံအတွင်း သွတ်သွင်းလိုက်ကြောင်း ကြေညာခဲ့သော်လည်း အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မဆုံးဖြတ်နိုင်သေးမီအတွင်း မြန်မာမင်းလွှတ်တော်အား ယာယီထားရှိပြီး ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများကို လုပ်ဆောင်စေသည်။ ကာနယ်စလေဒင်ဦးဆောင်သော လွှတ်တော်သည် အစဉ်အလာအတိုင်း နေ့စဉ် လွှတ်တက်သည့်လုပ်ငန်းကို လုပ်ဆောင်စေသည်။ ကာနယ်စလေဒင်ဦးဆောင်သော လွှတ်တော်သည် အစဉ်အလာအတိုင်း နေ့စဉ် လွှတ်တက်သည့် လုပ်ငန်းကို လုပ်မြဲလုပ်ကြသည်။ ဗြိတိသျှတို့၏ အုပ်ချုပ်မှုကို အသာတကြည့် လက်ခံရန် ၁၈၈၅ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် အမိန့်ထုတ်ပြန်သည်။ ထိုအမိန့်ကြောင့် အဝေးမြို့ဝန်၊ မြင်းစီးမြင်းခေါင်း၊ ကြီးရိုးစိုးရိုး စသည့် မင်းမှု

www.burmeseclassic.com



ထမ်းအချို့ လက်နက်ချကာ ဗြိတိသျှတို့အုပ်ချုပ်မှုကို လက်ခံခဲ့ကြသည်။ လွှတ်တော်ကို ထိုသို့ ပိုနေမြဲ၊ ကျားနေမြဲ ထားရှိခြင်းကြောင့် အချို့သော တိုင်းသူပြည်သား ရဟန်းရှင်လူများသည် မင်းပြောင်းမင်းလွဲဖြစ်သည့် အခြေအနေကို ရုတ်ခြည်းမသိမမြင်နိုင်သည့် အကျိုးဆက်လည်း ရှိသည်။

ဗြိတိသျှတို့သည် မိမိတို့အကျိုးအတွက် လွှတ်တော်ကို ယာယီထားရှိရာတွင် ဗြိတိသျှဆန့်ကျင်ရေးသမားဟု နာမည်ကြီးသော တိုင်တားမင်းကြီးကိုပင်လျှင် ယာယီလွှတ်တော်တွင် အမှုထမ်းစေရာမှ ၁၈၈၆ ခု၊ မတ်လ ၃၁ ရက်နေ့တွင် လွှတ်တော်ကို အပြီးအပိုင်ဖျက်သိမ်းလိုက်သည်။ သီပေါမင်းကို နန်းမှချ၍ မန္တလေးကို သိမ်းပိုက်လိုက်စဉ်က လွှတ်တော်တွင် ဝန်ကြီးသုံးပါး၊ အတွင်းဝန်ခြောက်ယောက်၊ အသည်ဝန်တစ်ယောက်၊ မြို့ဝန်သုံးယောက်၊ ဝန်ထောက်လေးယောက်အပါအဝင် အရာရှိကြီး ၂၁ ယောက်နှင့် အမှာရေးမှ စ၍ လက်အောက်အမှုထမ်း ၁၅၃ ယောက် ရှိသည်။ ဤသို့ဖြင့် ပဒေသရာဇ်ခေတ်၏ အုပ်ချုပ်ရေးယန္တရား၏ ဗဟိုဌာနဖြစ်သော လွှတ်တော်သည် မင်း၏ အချုပ်အခြာအာဏာ ကွယ်ပျောက်သွားသည်နှင့်အတူ ပျက်သုဉ်းသွားခဲ့ရသည်။

လွှတ်တော်ကို ဖျက်သိမ်းလိုက်သော်လည်း ဝန်ကြီးမှူးကြီးဟောင်းများ၏ အကူအညီကို ရယူလိုသောကြောင့် အုပ်ချုပ်ရေး၌ ကျွမ်းကျင်ပြီး အတွေ့အကြုံနှင့် ဗဟုသုတရှိ၍ သြဇာလည်း ရှိသော ဝန်ကြီးမှူးကြီးများပါဝင်သော အတိုင်ပင်ခံအဖွဲ့ကို ၁၈၈၆ ခု၊ ဧပြီလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ထိုအတိုင်ပင်ခံအဖွဲ့တွင် ကင်းဝန်မင်းကြီး (လစာ ၁၀၀၀ ကျပ်)၊ တောင်ခွင်မင်းကြီး (လစာ ၇၅၀ ကျပ်)၊ ပင်းအတွင်းဝန်၊ ရွှေတိုက်အတွင်းဝန်နှင့် တပယင်းဝန်ထောက် (လစာ ၅၀၀ ကျပ်စီ)တို့ ပါဝင်သည်။ အတိုင်ပင်ခံအဖွဲ့၏ ရုံးအဖွဲ့တွင် လစာကျပ် ၁၀၀ ရသော စာရေးတစ်ယောက်၊ လစာ ၇၅ ကျပ်ရသော စာရေးတစ်ယောက်၊ လစာကျပ် ၅၀ ရသော စာရေးတစ်ယောက်နှင့် လစာငွေ ၁၂ ကျပ်ရသော မင်းစေတစ်ယောက်ကိုလည်း ခန့်ထားသည်။ စာရေးသုံးယောက်မှာ ဦးတင်၊ ဦးနှစ်နှင့် ဦးနေဒွန်းတို့ ဖြစ်သည်။ အတိုင်ပင်ခံအဖွဲ့တွင် အုပ်ချုပ်ရေးအာဏာ မရှိပေ။ မဟာဝန်ရှင်တော်မင်းကြီးက သိလိုသမျှကို ဖြေကြားရသည့် အလုပ်သာ ရှိသည်။

မဟာဝန်ရှင်တော်မင်းကြီး သိလိုသမျှကို ဖြေကြားရသော ကင်းဝန်မင်းကြီး ဦးဆောင်သည့် အတိုင်ပင်ခံအဖွဲ့မှာလည်း သက်တမ်းသုံးနှစ်မျှသာ ရှိသည်။



အကြောင်းမှာမူ ၁၈၈၉ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ထိုအတိုင်ပင်ခံအဖွဲ့ကို ဖျက်သိမ်းလိုက်သောကြောင့် ဖြစ်သည်။ အတိုင်ပင်ခံအဖွဲ့ကို ဖျက်သိမ်းလိုက်သောအခါ ကင်းဝန်မင်းကြီး ပင်စင်လစာ ၇၅၀ ကျပ်၊ တောင်ခွင်မင်းကြီးက ၄၅၀ ကျပ်၊ ပင်းအတွင်းဝန်၊ ရွှေတိုက်အတွင်းဝန်နှင့် တပယင်းဝန်ထောက်တို့က အခြားပင်စင်စားများနည်းတူ တစ်လလျှင် ၂၀၀ ကျပ်စီ ရကြသည်။

## မြန်မာနှင့် ဂေါက်သီးအားကစား (၁၈၈၇)

မြန်မာနိုင်ငံ၌ အစောဆုံး ဂေါက်သီးအားကစားကွင်း သရက်မြို့၌ ၁၈၈၇ ခုနှစ်တွင် ပေါ်သည်ဟုဆိုသည်။ ရန်ကုန်မြို့ ပြည်လမ်း ယခုပြည်သူ့ဥယျာဉ်လုပ်ထားသည့် နေရာ၌ ၁၈၉၃ ခုနှစ်က ကိုးကျင်းဂေါက်ကွင်းတစ်ခု ရှိခဲ့သည်။ ၎င်းကွင်းကို မြေနီကုန်းဂေါက်ကွင်းဟုလည်းကောင်း၊ ပြည်လမ်းဂေါက်ကွင်းဟုလည်းကောင်း၊ နှစ်မိုင်ဂေါက်ကွင်းဟုလည်းကောင်း ခေါ်ကြသည်ဟု ဆိုသည်။ ထို့ကြောင့် အပျော်တမ်းဝါသနာရှင်များပါသည့် ဂေါက်သီးအားကစားအသင်း ပေါ်နေပြီဖြစ်သည်။ ထိုအသင်း၏ ကက်ပတိန်နှင့် ဂုဏ်ထူးဆောင်အတွင်းရေးမှူးမှာ မစ္စတာ ခရောလေ (G.B Crawely) ဖြစ်သည်။ အသင်းဝင်ကြေး ၁၀ ရူပီဖြစ်ပြီး ၁၉၀၄ ခုနှစ်ခန့်တွင် အသင်းသား ၂၅၀ ခန့်ရှိသည်။ ထို့နောက်ပါ ၇၄ ရှိ တည်းကုန်းဂေါက်ကွင်း ၁၉၀၅ ခုနှစ်တွင် ပေါ်လာသည်။ သို့သော် ၁၉၀၉ ခုနှစ်ရောက်မှ ရန်ကုန်ဂေါက်အသင်းကို တရားဝင်ဖွဲ့စည်း တည်ထောင်နိုင်ခဲ့သည်။ ပထမဆုံး ကက်ပတိန်မှာ မစ္စတာ ဘဲလင့်စ် (G. Ballance) ဖြစ်သည်။

ဂေါက်သီးအားကစားအသင်းများပေါ်စက မြန်မာများအသင်းဝင်ခွင့် မရှိပေ။ အင်္ဂလိပ်နှင့် ဥရောပသားများသာ ဝင်ခွင့်ရှိသည်။ ဥပမာဆိုလျှင် ဒီဆူဇာညီအစ်ကိုနှစ်ယောက်တို့သည် ဖခင်က ပေါ်တူဂီဖြစ်ပြီး မိခင်က မြန်မာဖြစ်သောကြောင့် ရန်ကုန်ဂေါက်အသင်းသို့ ဝင်ခွင့်မရခဲ့ပေ။ ထို့ကြောင့် ဒီဆူဇာညီအစ်ကိုနှစ်ယောက်က ပြည်လမ်း ၁၁ မိုင်၌ ဂေါက်ကွင်းအသစ်တစ်ခု ဖွင့်လှစ်ခဲ့သည်။ ထိုဂေါက်ကွင်းမှာလည်း ရန်ကုန်လေဆိပ်တိုးချဲ့ရာတွင် အသိမ်းခံခဲ့ရသည်။ သို့သော်လည်း ဂေါက်သီးအားကစားသမားများ အရေအတွက်ရော အရည်အချင်း

www.burmeseclassic.com

www.burmeseclassic.com



ပါ တိုးတက်များပြားလာသည့်အလျောက် ၁၉၁၆ ခုနှစ်တွင် မြန်မာအပျော်တမ်း အိုးပင်းတံခွန်စိုက်ပြိုင်ပွဲ စတင်ကျင်းပနိုင်ခဲ့သည်။

၁၉၁၆ ခုနှစ်မှ စတင်ကျင်းပသော ဂေါက်သီးတံခွန်စိုက်ပြိုင်ပွဲများတွင် အင်္ဂလိပ်များသာ ဗိုလ်စွဲနေရာမှ ၁၉၃၉ ခုနှစ်တွင် အမေရိကန်ပြန် မြန်မာဂေါက်သီးသမား ဒေးဗစ်တင်လှက ချန်ပီယံဘွဲ့ရလိုက်သည်။ ထို့ကြောင့် ဒေးဗစ်တင်လှကို အသင်းဝင်ခွင့်ပြုခဲ့ကြရသည်။ ဤသို့ဖြင့် ဒေးဗစ်တင်လှသည် ရန်ကုန်ဂေါက်အသင်းတွင် ပထမဆုံးဝင်ခွင့်ရသည့် မြန်မာဂေါက်သီးသမား ဖြစ်လာသည်။ ဒုတိယမြောက်ဝင်ခွင့်ရသူမှာ ပညာမင်းကြီးဦးချိုဖြစ်သည်ဟု ဆိုသည်။ ၂၀၀၉ ခုနှစ်သည် ရန်ကုန်ဂေါက်အသင်းနှစ် ၁၀၀ ပြည့်သည့် နှစ်ဖြစ်သည်။

## မြန်မာနှင့်ဘောလုံးအားကစား

ဘောလုံးအားကစားနည်းသည် အင်္ဂလိပ်စစ်တပ်နှင့် အတူပါလာသည့် အားကစားနည်းဟု ယူဆရသည်။ ဘောလုံးအားကစားနှင့်ပတ်သက်၍ ယခုအထိ အစောဆုံးတွေ့ရသည့် မှတ်တမ်းမှာ မြန်မာအမည် ရွှေရိုး၊ အင်္ဂလိပ်အမည် စကော့ (J.G. Scott) အကြောင်း ရေးထားသည့် *The Scott of the Shan Hills* စာအုပ်ဖြစ်သည်။ လန်ဒန်၌ ၁၉၃၆ ခုနှစ်က ပုံနှိပ်သည့် စာအုပ်ဖြစ်သည်။ စာအုပ်ရေးသူက စကော့၏ ဇနီး မစ်တန် (G.E Mitton) ဖြစ်သည်။ မစ်တန်က စကော့၏ ပေးစာများကိုသုံး၍ ရေးထားခြင်းဖြစ်သည်။ စကော့၏ ပေးစာများအရ စိန့်ဂျွန်းကောလိပ်ကျောင်းသားများအသင်းနှင့် မော်လမြိုင်မှ ဥရောပသားများအသင်းတို့ပွဲသည် ဗြိတိသျှမြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသည့် ဘောလုံးပွဲဖြစ်ပုံ၊ ၁၈၇၈ ခုနှစ် ဆောင်းတွင်းက မြန်မာလူငယ်များအသင်းနှင့် ဥရောပတိုက်သားများအသင်းတို့ ဘောလုံးပွဲသုံးပွဲ ယှဉ်ပြိုင်ကစားကြပုံ၊ စိန့်ဂျွန်းကောလိပ် ကျောင်းသားများ ဘောလုံးအားကစားနှစ်ခြိုက်ကြပုံ၊ စိန့်ဂျွန်းကောလိပ်အသင်း တိုက်စစ်မှူးမှာ မောင်လူကလေးဖြစ်ပြီး ဟယ်ရီဖိုးမင်းမှာ ဂိုးသမားကောင်းတစ်ယောက်ဖြစ်ကြောင်းများ ရေးထားသည်။

မြန်မာနိုင်ငံ၌ ၁၉ ရာစုနှောင်းပိုင်းမှ စ၍ ဘောလုံးပွဲများ ကြိုးကြား ကြိုးကြား ကျင်းပလာရာမှ ၁၈၉၄ ခုနှစ်ရောက်သောအခါ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဗြိတိသျှအိန္ဒိယဟိုတယ်တွင် ဘောလုံးလောကမှ ပုဂ္ဂိုလ်များ တွေ့ဆုံ



ဆွေးနွေးကြပြီး ဘောလုံးကလပ်အသင်းများ စနစ်တကျ ပြိုင်ပွဲများကျင်းပနိုင်ရေးအတွက် ဦးဆောင်အဖွဲ့ ဖွဲ့စည်းရန် သဘောတူကြသည့်အလျောက် ၁၈၉၅ တွင် 'ဘောလုံးပြိုင်ပွဲများ ဦးဆောင်ရေးအဖွဲ့'ကို ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ထိုနှစ်မှာပင် ပထမဆုံး ဘောလုံးရှုံးထွက် (ဝါလ်တာလော့ဒိုင်း)ပြိုင်ပွဲကို ကျင်းပခဲ့သည်။ ဝါလ်တာလော့ဒိုင်းပြိုင်ပွဲများတွင် အင်္ဂလိပ်စစ်တပ်အသင်းများပင် ဗိုလ်စွဲသည်က များသည်။

၁၈၉၅ က ဖွဲ့သော 'ဘောလုံးပြိုင်ပွဲ'ဦးဆောင်အဖွဲ့ကို ၁၈၉၈ တွင် မြန်မာပြည် အားကစားအသင်း [The Burma (Myanmar) Atheltics Association]ဟုအမည်ပြောင်းကာ ဘောလုံးအပါအဝင် အခြားအားကစားပွဲများကိုလည်း ဦးဆောင်၍ ကျင်းပပေးခဲ့သည်။ မြို့မကျောင်း (ယခု အ·ထ·က (၂) ဒဂုံ)ရှေ့ရှိ မိုင်ဒါကွင်းမှာ ထင်ရှားသည့်အားကစားကွင်းဖြစ်သည်။ မြန်မာပြည်အားကစားအသင်းဖွဲ့ပြီးနောက် နှစ်နှစ်အကြာ ၁၉၀၀ ပြည့်နှစ်တွင် စီနီယာပထမတန်း အမှတ်ပေးပွဲများ စတင်ကျင်းပနိုင်လာသည်။ ထိုပွဲအတွက် ဒိုင်းဆုကို Peak Frean ဘီစကစ်ကုမ္ပဏီက ပေးသည့်အတွက် Peak Frean Shield ပြိုင်ပွဲဟုလည်း ခေါ်ကြသည်။ ၁၉၁၀ ပြည့်နှစ်ရောက်သောအခါ ယခု အောင်ဆန်းကွင်းနေရာ၌ မြန်မာပြည်အားကစားအသင်းက အားကစားကွင်းအသစ်တည်ဆောက်ပြီး ဘောလုံးအပါအဝင် အားကစားပြိုင်ပွဲများ ကျင်းပပေးခဲ့သည်။

မြန်မာပြည် အားကစားအသင်းပေါ်လာပြီးနောက် ဘောလုံးပွဲများကို စနစ်တကျ ကျင်းပလာနိုင်သည်နှင့်အမျှ ဘောလုံးပွဲအမျိုးအစားမှာလည်း ဝါလ်တာလော့ဒိုင်းပြိုင်ပွဲ၊ စီနီယာပထမတန်းအမှတ်ပေးပွဲ၊ စီနီယာဒုတိယတန်းအမှတ်ပေးပွဲ၊ ဂျူနီယာရှုံးထွက်ပွဲ၊ ကျောက်ကုန်သည်များဒိုင်း(မန္တလေး)ပွဲ၊ အထက်နှင့်အောက်မြန်မာပြည်(ဝီလီယံယန်းဂါးဖလားပွဲ) ဘောလုံးပွဲ၊ ချန်ပီယံလိဂ်ရှုံးထွက်ပွဲ (ပိဖရင်းဒိုင်း)၊ ခရိုင်အလိုက်ပြိုင်ပွဲ(ဘီးဟိုက်ဖလား)၊ မြန်မာဥရောပ၊ ကပြားသုံးမွင့်ဆိုင် မဏ္ဍာသီဒိုင်းပြိုင်ပွဲနှင့် မန္တလေးချိန်ပီယံပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားများ တိုးပွားလာသည်။

ဘောလုံးပွဲအမျိုးအစား တိုးပွားလာသည်နှင့်အမျှ ဘောလုံးအသင်းဦးရေလည်း များပြားလာသည်။ ကိုလိုနီခေတ်အတွင်း ပေါ်ပေါက်ခဲ့သော ဘောလုံးအသင်းများကို စာရင်းလုပ်ကြည့်သောအခါ ၁၈၉၅ မှ ၁၉၄၁ ခုနှစ်အတွင်း ဘောလုံးအသင်းပေါင်း ၁၀၀ ကျော်ရှိကြောင်း လေ့လာသိရှိရသည်။ ၎င်းတို့

www.burmeseclassic.com

www.burmeseclassic.com



အနက်မှ အချို့ကို ဖော်ပြရမည်ဆိုလျှင် ဝါဆက်စတာရှိုင်းယားတပ်အသင်း၊ ရှိုင်ရယ်စကော့တပ်အသင်း၊ ဒါဟမ်ခြေမြန်တပ်အသင်း၊ တောင်ပိုင်းစတက်ဖို့ရှိုင်းယားတပ်အသင်း၊ ရန်ကုန်ဂျင်မခါနာကလပ်အသင်း၊ ရန်ကုန်ကောလိပ်အသင်း၊ စိန့်ဂျွန်းကောလိပ်အသင်း၊ အစိုးရဟိုက်စကူးကျောင်းအသင်း၊ ဘက်ပတစ်ကောလိပ်အသင်း၊ ဝိုင်အမ်ဘီအေလူငယ်အသင်း၊ အကောက်ခွန်ကလပ်အသင်း၊ ဒိုင်အိုစီဇင်ကလပ်အသင်း၊ ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်းအသင်း၊ မြန်မာအရပ်သားကလပ်အသင်း၊ မြန်မာပြည်မီးရထားအသင်း၊ ပုလိပ်ကြီးအသင်း၊ စိန့်ပေါကျောင်းသားကလပ်အသင်း၊ ဆေးကျောင်းအသင်း၊ မြူနီစီပယ်အသင်း၊ ရန်ကုန်ပုလိပ်ကလပ်အသင်း၊ အာရ်အီးတီ ရန်ကုန်လျှပ်စစ်အသင်း၊ ဖရင်းယူနီယံကလပ်အသင်း၊ မက်သဒစ်ယောကျ်ားလေးကျောင်းအသင်း၊ မလွှကုန်း အားကစားကလပ်အသင်း၊ စာတိုက်ကလပ်အသင်း၊ ယူနီဗာစတီကောလိပ်အသင်း၊ တောင်ကြီးကလပ်အသင်း၊ အတွင်းဝန်များရုံးကလပ်အသင်း၊ ရန်ကုန်ခရိုင်အသင်း၊ အင်းစိန်ခရိုင်အသင်း၊ ပုသိမ်ခရိုင်အသင်း၊ ကျိုက္ကမီခရိုင်အသင်း၊ ဖျာပုံခရိုင်အသင်း၊ သာယာဝတီခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်းများ ဖြစ်သည်။

ဘောလုံးအားကစားသမိုင်းကို အကျဉ်းချုပ်ကြည့်မည်ဆိုလျှင် ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို မသိမ်းပိုက်မီ ၁၈၇၈ မှ စ၍ အောက်မြန်မာနိုင်ငံ၌ ဘောလုံးကစားနည်း ပေါ်ပေါက်နေရာမှ ၁၈၉၅ ခုရောက်သောအခါ ဝါလ်တာလော့ဒိုင်း စတင်ကျင်းပခြင်းအားဖြင့် ဘောလုံးပွဲများကို စနစ်တကျ ကျင်းပလာနိုင်ကြောင်း သိရှိရသည်။ ထို့နောက် ၁၉၀၀ ပြည့်နှစ်မှ စ၍ စီနီယာပထမတန်း အမှတ်ပေးပွဲနှင့် ဂျူနီယာရှုံးထွက်ပွဲ၊ ၁၉၀၃ ခုနှစ်မှ စ၍ ကျောက်ကုန်သည်များဒိုင်း(မန္တလေး)၊ ၁၉၀၈ ခုနှစ်မှ စ၍ စီနီယာဒုတိယတန်းအလိုက် ပြိုင်ပွဲများ၊ ၁၉၂၀ ပြည့်မှ စ၍ မန္တလေးချန်ပီယံပွဲနှင့် ၁၉၂၄ ခုတွင် မြန်မာ၊ ဥရောပကပြားသုံးပွင့်ဆိုင် မက္ကာသီဒိုင်းပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရှိရသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၄၁ ခုနှစ်အထိ ဘောလုံးအသင်းပေါင်း ၁၀၀ ကျော်ရှိခဲ့၍ ဘောလုံးအားကစားနည်းကို မည်မျှလူကြိုက်များလာကြောင်း ခန့်မှန်းသိရှိနိုင်ပေသည်။



## မြန်မာနှင့် ဂျာမနီကုန်စည်ပြပွဲ (၁၈၉၀)

အနောက်ဂျာမနီနိုင်ငံ ဗရီမင်း (Bremen) မြို့၌ ၁၈၉၀ ပြည့်နှစ်က ပြုလုပ်သော နိုင်ငံတကာမှ ထွက်ကုန်ပစ္စည်းများ ပြပွဲတွင် မြန်မာတို့က ပါဝင်ပြသခဲ့သည်။ မြန်မာပြခန်းကို ဦးဆောင်ပြသခဲ့သူတို့မှာ မြန်မာနိုင်ငံမှ ဆန်စပါးဝယ်ယူတင်သွင်းကြသည့် ဂျာမန်စီးပွားရေးသမားဖြစ်သည်။ ထိုပြပွဲအတွက် မြန်မာလေးယောက်နှင့် ဆင်တစ်ကောင်ခေါ်ယူသွားရာ ဆင်က သေဆုံးသွား၍* ပြပွဲတွင် မပြသလိုက်ရပေ။ ထို့ကြောင့် မြန်မာနိုင်ငံမှ ခေါ်ယူသွားသော လူလေးယောက်က မြန်မာလယ်ကွင်းများအတွင်း ဆောက်လုပ်ထားသော လယ်တဲတစ်ခု၌ နေထိုင်သွားလာလှုပ်ရှားပုံ လက်တွေ့ပြသသည့် ပြကွက်နှင့် သပိတ်ပိုက်ထားသော ရဟန်းပုံတူရုပ်တုတစ်ခုတို့ကို ပြသခဲ့သည်။

ပြပွဲစီစဉ်သူတို့၏ ရည်ရွယ်ချက်မှာ မြန်မာ့ထွက်ကုန် ဆန်စပါးအကြောင်း ဂျာမန်ပြည်သူများအား မိတ်ဆက်ပေးလိုရင်းဖြစ်သည်။ ဆန်စပါးချည်းသက်သက်ပြသသည်ထက် လယ်သမားများ စပါးစိုက်ပျိုးပုံ၊ လယ်တဲ၌ နေထိုင်ပုံကိုပါ လက်တွေ့ပြသခြင်းအားဖြင့် ပြပွဲလာပရိသတ်များကို ပိုမိုဆွဲဆောင်နိုင်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ထိုသို့ သရုပ်ဖော်ပြသခြင်းဖြစ်သည်။


ဤပြပွဲနှင့် ပတ်သက်၍ မြန်မာမှတ်တမ်းနှင့် အင်္ဂလိပ်မှတ်တမ်းများ မတွေ့ဖူးသေးပါ။ ဂျာမနီနိုင်ငံ ဟမ်းဘတ်တက္ကသိုလ်မှ ဂျာမန်လူမျိုးကထိက ဟင်းစ်-ဘာ့-ဖိုလနာ၏ ဆောင်းပါးအရ သိရခြင်းဖြစ်ပါသည်။ ဤပြပွဲသည် မြန်မာကို ကမ္ဘာက သိစေရန် ပထမဆုံးပြသခွင့်ရသည့် နိုင်ငံတကာကုန်စည်ပြပွဲအဖြစ် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

## မြန်မာ့လူဦးရေ

ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို ၁၈၇၂ ခုနှစ်မှ စ၍ ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့ရာ ၁၉၄၁ ခုနှစ်အထိ စုစုပေါင်း ရှစ်ကြိမ်ကိုလိုနီခေတ်အတွင်းက သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ ၁၈၇၂ ခုနှစ်တွင် ပထမအကြိမ် ကောက်ယူစဉ်က ဗြိတိသျှမြန်မာနိုင်ငံဟုခေါ်သော ရခိုင်၊ တနင်္သာရီနှင့် ပဲခူးနယ်များအတွက်သာဖြစ်သည်။ ၁၈၇၂ ခုနှစ် သန်းခေါင်စာရင်း

* မြန်မာပြည်ကယူသွားသောဆင်သည် မည်သည့်နေရာ၌ ဘာကြောင့်သေသွားသည်ကိုမူ မသိရပေ။

www.burmeseclassic.com



မျက်မှောက်ခေတ် ပရိမင်းမြို့ဆိပ်ကမ်း



အရ ဗြိတိသျှမြန်မာနိုင်ငံခေါ် အောက်မြန်မာပြည်တွင် လူဦးရေ ၂၅၉၀၃၂၂ ရှိပြီး ဒုတိယအကြိမ် ကောက်ယူသည့် ၁၈၈၁ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၃၅၆၇၂၁၁ ရှိသည်။ တတိယအကြိမ် သန်းခေါင်စာရင်း ကောက်ယူသည့် နှစ်သည် ၁၈၉၁ ခုနှစ် ဖြစ်သည်။ ထိုအချိန်တွင် အထက်မြန်မာနိုင်ငံကိုပါ ဗြိတိသျှတို့ သိမ်းယူပြီးဖြစ်၍ ၁၈၉၁ ခုနှစ် သန်းခေါင်စာရင်းတွင် အထက်မြန်မာနိုင်ငံ၏ လူဦးရေစာရင်းလည်း ပါဝင်လာသည်။ ၁၈၉၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ကောက်ယူခဲ့သည့် မြန်မာ့လူဦးရေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်း |
|---|---|---|---|
| ၁၈၇၂ | ၂,၅၉၀,၃၂၂ | - | |
| ၁၈၈၁ | ၃,၅၆၇,၂၁၁ | - | |
| ၁၈၉၁ | ၄,၄၀၈,၄၆၆ | ၃,၃၁၃,၅၈၇ | ၇,၇၂၂,၀၅၃ |
| ၁၉၀၁ | ၅,၄၀၅,၉၆၇ | ၅,၀၈၄,၆၅၇ | ၁၀,၄၉၀,၆၂၄ |
| ၁၉၁၁ | ၆,၂၁၂,၄၁၂ | ၅,၉၀၂,၈၀၅ | ၁၂,၁၁၅,၂၁၇ |
| ၁၉၂၁ | ၆,၈၆၂,၁၀၆ | ၆,၃၅၀,၀၈၆ | ၁၃,၂၁၂,၁၉၂ |
| ၁၉၃၁ | ၇,၇၆၅,၈၇၃ | ၆,၈၈၁,၈၈၃ | ၁၄,၆၄၇,၇၅၆ |
| ၁၉၄၁ | ၈,၉၁၇,၅၃၃ | ၇,၉၀၆,၂၆၅ | ၁၆,၈၂၃,၇၉၈ |

ကိုလိုနီခေတ်အတွင်းက သန်းခေါင်စာရင်း ကောက်ယူရာတွင် အသွားအလာခက်ခဲသည့် ဒေသ၊ နယ်စပ်ဒေသများနှင့် လူဦးရေအထူးနည်းသည့် ဒေသများ၌ စာရင်းကောက်ယူနိုင်ခြင်း မရှိခဲ့ပေ။ ၁၈၉၁ ခုနှစ်တွင် အထက်မြန်မာနိုင်ငံသို့ တိုးချဲ့၍ သန်းခေါင်စာရင်းကောက်ယူရာတွင်ပင် ရှမ်းပြည်နယ်၊ ချင်းတောင်ဒေသ၊ ဗန်းမော်၊ မြစ်ကြီးနား၊ ကသာနှင့် အထက်ချင်းတွင်းဒေသများ မပါသေးဘဲ ၁၉၀၁ ခုနှစ် သန်းခေါင်စာရင်းတွင်မှ ရှမ်းပြည်နယ်၊ ချင်းတောင်ဒေသအချို့နှင့် ပခုက္ကူတောင်တန်းဒေသများ ပါဝင်လာသည်။

သန်းခေါင်စာရင်းကောက်ယူသည့် နယ်မြေဒေသများကို တဖြည်းဖြည်း ·ိုးချဲ့ကောက်ယူခဲ့သည့်တိုင် ကိုလိုနီခေတ်အတွင်းက နောက်ဆုံးကောက်ယူသည့်

၁။ ဤစာရင်းကို J Russell Andrus **Burmese Economic Life** စာအုပ်မှ ကူးယူဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၁ ခုနှစ် သန်းခေါင်စာရင်းတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး လူနေကျဲသည့် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်ရှိ နယ်စပ်အဖျားဒေသများ မပါဝင်ပေ။ တစ်နည်းအားဖြင့်ဆိုလျှင် စတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ ကျော်ရှိသည့်အနက် ၁၉၄၁ ခုနှစ် သန်းခေါင်စာရင်းအတွက် စတုရန်းမိုင်ပေါင်း ၂၃၃,၄၉၂ မိုင်အတွင်းသာ သန်းခေါင်စာရင်း ကောက်ယူနိုင်ပြီး သန်းခေါင်စာရင်း မကောက်ယူနိုင်သည့် စတုရန်းမိုင်ပေါင်း ၂၈,၁၁၈ ရှိသည်။

## မြန်မာ့ဆန်စက်စာရင်း

မြန်မာနိုင်ငံသည် စပါးကို အဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်သည့်အလျောက် ကိုလိုနီခေတ်အတွင်း စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ဆန်စက်များ တိုးပွားလာပုံကို အောက်ပါစာရင်းဇယားများအရ သိနိုင်ပါသည်။ တွေ့ရှိရသည့် မှတ်တမ်းများအရ ၁၈၉၂ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ ဆန်စက် ၅၂ စက်သာ ရှိရာမှ ၁၉၄၀ ပြည့်နှစ်ရောက်သောအခါ ၆၇၃ စက်အထိ တိုးပွားလာကြောင်း လေ့လာတွေ့ရှိရသည်။[1]

| ခုနှစ် | ဆန်စက်ပေါင်း |
|---|---|
| ၁၈၉၂ | ၅၂ |
| ၁၈၉၃ | ၅၃ |
| ၁၈၉၄ | ၅၄ |
| ၁၈၉၇ | ၇၀ |
| ၁၈၉၈ | ၇၄ |
| ၁၉၀၀ | ၈၃ |
| ၁၉၀၁ | ၉၇ |
| ၁၉၀၂ | ၉၆ |
| ၁၉၀၃ | ၁၀၈ |
| ၁၉၀၄ | ၁၁၇ |
| ၁၉၀၅ | ၁၂၈ |
| ၁၉၀၆ | ၁၃၇ |

| ခုနှစ် | ဆန်စက်ပေါင်း |
|---|---|
| ၁၉၀၈ | ၁၆၁ |
| ၁၉၀၉ | ၁၆၄ |
| ၁၉၁၀ | ၁၆၅ |
| ၁၉၁၁ | ၁၆၅ |
| ၁၉၁၂ | ၂၄၅ |
| ၁၉၁၃ | ၂၄၀ |
| ၁၉၁၄ | ၂၅၈ |
| ၁၉၁၅ | ၂၈၁ |
| ၁၉၁၆ | ၃၁၁ |
| ၁၉၁၇ | ၃၂၉ |
| ၁၉၁၈ | ၃၃၂ |
| ၁၉၁၉ | ၃၃၆ |

၁။ ဤစာရင်းကို G.W. Grant, *The Rice Crop in Burma* (Myanmar) စာအုပ်မှ ကူးယူဖော်ပြပါသည်။



| ခုနှစ် | ဆန်စက်ပေါင်း |
|---|---|
| ၁၉၂၀ | ၃၅၃ |
| ၁၉၂၁ | ၄၂၉ |
| ၁၉၂၂ | ၄၈၂ |
| ၁၉၂၃ | ၅၂၉ |
| ၁၉၂၄ | ၅၁၈ |
| ၁၉၂၅ | ၅၄၃ |
| ၁၉၂၆ | ၅၆၇ |
| ၁၉၂၇ | ၅၇၂ |

| ခုနှစ် | ဆန်စက်ပေါင်း |
|---|---|
| ၁၉၂၈ | ၆၀၆ |
| ၁၉၂၉ | ၆၀၈ |
| ၁၉၃၀ | ၆၀၃ |
| ၁၉၃၄ | ၆၃၇ |
| ၁၉၃၇ | ၆၅၀ |
| ၁၉၃၈ | ၆၈၃ |
| ၁၉၃၉ | ၆၉၂ |
| ၁၉၄၀ | ၆၇၃ |

## မြန်မာ့စပါးစိုက်ဧရိယာ

မြန်မာနိုင်ငံသည် စပါးကို အဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်သည့်အလျောက် ကိုလိုနီခေတ်အတွင်းက စပါးစိုက်ဧက တစ်နှစ်ထက် တစ်နှစ်တိုးတက်များပြားလာပုံကို အောက်ပါအတိုင်း တွေ့ရှိရသည်။

| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၈၃၀ | ၆၆,၀၀၀ | - | ၆၆,၀၀၀ |
| ၁၈၃၅ | ၂၃၅,၀၀၀ | - | ၂၃၅,၀၀၀ |
| ၁၈၄၅ | ၃၅၄,၀၀၀ | - | ၃၅၄,၀၀၀ |
| ၁၈၅၅ | ၉၉၃,၀၀၀ | - | ၉၉၃,၀၀၀ |
| ၁၈၆၀ | ၁,၃၃၃,၀၀၀ | - | ၁,၃၃၃,၀၀၀ |
| ၁၈၆၅ | ၁,၄၃၇,၀၀၀ | - | ၁,၄၃၇,၀၀၀ |
| ၁၈၇၀ | ၁,၇၃၅,၀၀၀ | - | ၁,၇၃၅,၀၀၀ |
| ၁၈၇၅ | ၂,၃၇၉,၀၀၀ | - | ၂,၃၇၉,၀၀၀ |
| ၁၈၈၀ | ၃,၁၀၂,၀၀၀ | - | ၃,၁၀၂,၀၀၀ |
| ၁၈၈၅ | ၃,၇၀၀,၀၀၀ | - | ၃,၇၀၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၈၉၀ | ၄,၃၉၈,၀၀၀ | ၁,၃၅၇,၀၀၀ | ၅,၇၅၅,၀၀၀၀ |
| ၁၈၉၅ | ၅,၀၀၇,၀၀၀ | ၁,၅၀၀,၀၀၀ | ၆,၅၀၇,၀၀၀ |
| ၁၉၀၀ | ၆,၅၇၈,၀၀၀ | ၁,၉၇၂,၀၀၀ | ၈,၅၅၀,၀၀၀ |
| ၁၉၀၁ | ၆,၇၀၅,၀၀၀ | ၁,၅၅၂,၀၀၀ | ၈,၂၅၇,၀၀၀ |
| ၁၉၀၂ | ၆,၇၁၃,၀၀၀ | ၁,၅၈၂,၀၀၀ | ၈,၂၉၅,၀၀၀ |
| ၁၉၀၃ | ၆,၉၈၂,၀၀၀ | ၂,၃၂၄,၀၀၀ | ၉,၃၀၆,၀၀၀ |
| ၁၉၀၄ | ၇,၁၈၀,၀၀၀ | ၂,၀၈၅,၀၀၀ | ၉,၂၆၅,၀၀၀ |
| ၁၉၀၅ | ၇,၂၂၂,၀၀၀ | ၂,၀၅၇,၀၀၀ | ၉,၂၈၁,၀၀၀ |
| ၁၉၀၆ | ၇,၃၄၄,၀၀၀ | ၁,၉၅၁,၀၀၀ | ၉,၁၉၅,၀၀၀ |
| ၁၉၀၇ | ၇,၅၀၅,၀၀၀ | ၁,၈၂၅,၀၀၀ | ၉,၃၃၀,၀၀၀ |
| ၁၉၀၈ | ၇,၇၅၁,၀၀၀ | ၁,၉၄၁,၀၀၀ | ၉,၇၂၂,၀၀၀ |
| ၁၉၀၉ | ၇,၈၃၆,၀၀၀ | ၂,၁၆၅,၀၀၀ | ၁၀,၀၀၁,၀၀၀ |
| ၁၉၁၀ | ၇,၈၀၈,၀၀၀ | ၂,၁၄၂,၀၀၀ | ၉,၉၅၀,၀၀၀ |
| ၁၉၁၁ | ၇,၈၃၈,၀၀၀ | ၁,၉၈၆,၀၀၀ | ၉,၈၂၄,၀၀၀ |
| ၁၉၁၂ | ၈,၀၈၂,၀၀၀ | ၂,၁၃၇,၀၀၀ | ၁၀,၂၁၉,၀၀၀ |
| ၁၉၁၃ | ၈,၁၀၃,၀၀၀ | ၂,၂၂၈,၀၀၀ | ၁၀,၃၃၁,၀၀၀ |
| ၁၉၁၄ | ၈,၂၉၁,၀၀၀ | ၂,၂၃၂,၀၀၀ | ၁၀,၅၂၃,၀၀၀ |
| ၁၉၁၅ | ၈,၂၈၅,၀၀၀ | ၂,၁၁၉,၁၀၀ | ၁၀,၄၀၄,၀၀၀ |
| ၁၉၁၆ | ၈,၃၅၁,၀၀၀ | ၂,၂၁၉,၀၀၀ | ၁၀,၅၇၀,၀၀၀ |
| ၁၉၁၇ | ၈,၄၆၄,၀၀၀ | ၂,၂၂၃,၀၀၀ | ၁၀,၇၀၇,၀၀၀ |
| ၁၉၁၈ | ၈,၃၃၂,၀၀၀ | ၂,၀၅၂,၀၀၀ | ၁၀,၃၈၄,၀၀၀ |
| ၁၉၁၉ | ၈,၃၇၇,၀၀၀ | ၂,၁၀၃,၀၀၀ | ၁၀,၄၈၀,၀၀၀ |
| ၁၉၂၀ | ၈,၅၈၈,၀၀၀ | ၁,၇၅၁,၀၀၀ | ၁၀,၃၀၉,၀၀၀ |
| ၁၉၂၁ | ၈,၇၃၂,၀၀၀ | ၁,၉၇၀,၀၀၀ | ၁၀,၇၀၂,၀၀၀ |
| ၁၉၂၂ | ၈,၉၅၄,၀၀၀ | ၂,၀၁၁,၀၀၀ | ၁၀,၉၆၅,၀၀၀ |
| ၁၉၂၃ | ၉,၀၄၆,၀၀၀ | ၂,၁၉၃,၀၀၀ | ၁၁,၂၃၉,၀၀၀ |
| ၁၉၂၄ | ၉,၂၃၈,၀၀၀ | ၂,၁၉၆,၀၀၀ | ၁၁,၄၃၄,၀၀၀ |
| ၁၉၂၅ | ၉,၃၁၈,၀၀၀ | ၂,၂၄၀,၀၀၀ | ၁၁,၅၅၈,၀၀၀ |



| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၉၂၆ | ၉,၅၅၃,၀၀၀ | ၂,၂၂၄,၀၀၀ | ၁၁,၇၉၇,၀၀၀ |
| ၁၉၂၇ | ၉,၆၂၂,၀၀၀ | ၂,၀၇၈,၀၀၀ | ၁၁,၇၀၀,၀၀၀ |
| ၁၉၂၈ | ၉,၅၉၈,၀၀၀ | ၂,၄၅၈,၀၀၀ | ၁၂,၀၅၆,၀၀၀ |
| ၁၉၂၉ | ၉,၈၂၀,၀၀၀ | ၂,၃၈၉,၀၀၀ | ၁၂,၂၀၉,၀၀၀ |
| ၁၉၃၀ | ၉,၉၁၁,၀၀၀ | ၂,၄၅၉,၀၀၀ | ၁၂,၃၇၀,၀၀၀ |
| ၁၉၃၁ | ၉,၉၂၀,၅၀၀ | ၂,၄၅၈,၅၀၀ | ၁၂,၃၇၉,၀၀၀ |
| ၁၉၃၂ | ၉,၅၆၉,၂၀၀ | ၂,၂၉၅,၈၀၀ | ၁၁,၈၆၅,၀၀၀ |
| ၁၉၃၃ | ၉,၆၂၁,၄၀၀ | ၂,၄၂၈,၁၀၀ | ၁၂,၀၄၉,၅၀၀ |
| ၁၉၃၄ | ၉,၇၀၈,၇၀၀ | ၂,၅၃၃,၃၀၀ | ၁၂,၂၄၂,၀၀၀ |
| ၁၉၃၅ | ၉,၇၀၂,၄၀၀ | ၂,၃၀၇,၆၀၀ | ၁၂,၀၁၀,၀၀၀ |
| ၁၉၃၆ | ၉,၆၉၆,၇၅၀ | ၂,၁၇၇,၇၅၀ | ၁၁,၈၇၄,၅၀၀ |
| ၁၉၃၇ | ၉,၈၅၅,၃၀၀ | ၂,၃၁၈,၇၀၀ | ၁၂,၁၇၄,၀၀၀ |
| ၁၉၃၈ | ၉,၉၄၉,၇၅၀ | ၂,၅၃၄,၇၅၀ | ၁၂,၄၀၄,၅၀၀ |
| ၁၉၃၉ | ၉,၉၃၄,၅၀၀ | ၂,၄၄၇,၀၀၀ | ၁၂,၃၈၁,၅၀၀ |
| ၁၉၄၀ | ၉,၈၉၂,၆၉၀ | ၂,၅၃၈,၈၃၀ | ၁၂,၄၃၁,၅၀၀ |
| ၁၉၄၁ | ၉,၉၃၂,၂၅၀ | ၂,၅၈၆,၀၀၀ | ၁၂,၅၁၈,၅၀၀[၁] |

၁။ ဤစာရင်းကို J. Russell Andrus **Burmese Economic Life** စာအုပ်မှ ကူးယူဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ဆန်တင်ပို့မှု

မြန်မာနိုင်ငံ၏ အဓိက နိုင်ငံခြားပို့ကုန်သည် ဆန်ဖြစ်သည့်အလျောက် အောက်ပါဆန်တင်ပို့မှုဇယားကို ကြည့်ခြင်းအားဖြင့် ကိုလိုနီခေတ်အတွင်းက ဆန်တင်ပို့နိုင်မှု တစ်နှစ်ထက် တစ်နှစ်တိုးတက်လာပုံကို သိနိုင်ပါသည်။[၁]

| ခုနှစ် | တင်ပို့သည့် ဆန်တန်ချိန် |
|---|---|
| ၁၈၄၀ | ၇၄,၅၀၀ |
| ၁၈၅၅ | ၁၆၂,၀၀၀ |
| ၁၈၆၀ | ၁၂၄,၀၀၀ |
| ၁၈၆၆ | ၃၄၅,၀၀၀ |
| ၁၈၇၀ | ၃၇၄,၀၀၀ |
| ၁၈၇၁ | ၄၀၀,၀၀၀ |
| ၁၈၈၀ | ၈၅၀,၀၀၀ |
| ၁၈၈၁ | ၅၂၀,၀၀၀ |
| ၁၈၉၀ | ၁,၁၈၇,၀၀၀ |
| ၁၈၉၁ | ၈၁၇,၀၀၀ |
| ၁၉၀၁ | ၁,၄၁၆,၀၀၀ |
| ၁၉၁၁ | ၁,၇၇၅,၀၀၀ |
| ၁၉၂၁ | ၂,၄၅၀,၀၀၀ |
| ၁၉၃၁ | ၃,၀၀၀,၀၀၀ |
| ၁၉၄၁ | ၃,၅၀၀,၀၀၀ |

၁။ ဤစာရင်းကို G.W Grant *The Rice Crop in Burma* (Myanmar) စာအုပ်နှင့် *Burma Myanmar Rice* စာအုပ်များမှ ကူးယူဖော်ပြပါသည်။



## မြန်မာနိုင်ငံနှင့် ဘဏ်လုပ်ငန်း

စီးပွားရေးလောက၌ အရေးပါသည့် အဖွဲ့အစည်းတစ်ခုမှာ ဘဏ်များပင်ဖြစ်သည်။ ဘဏ်၏ အဓိကလုပ်ငန်းမှာ ငွေစုဆောင်းခြင်းနှင့် ငွေချေးခြင်းဖြစ်သော်လည်း တဖြည်းဖြည်း ကျယ်ပြန့်လာပြီး ငွေအရင်းအနှီးမြှုပ်နှံမှု၊ ပြည်တွင်းပြည်ပ ကုန်သွယ်မှုအတွက် ငွေပေးငွေယူလုပ်ငန်းများ၊ ချွေတာစုဆောင်းငွေများကို ကုန်ပစ္စည်းထုတ်လုပ်မှုအတွက် ထုတ်ချေးခြင်း စသည့် လုပ်ငန်းများကိုပါ လုပ်ကိုင်ခြင်းအားဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အဖွဲ့အစည်းဖြစ်လာသည်။ ထိုသို့ စီးပွားရေး၌ အရေးပါသည့် ဘဏ်လုပ်ငန်းသည် ကုန်သွယ်ရေးလုပ်ငန်းများ ထွန်းကားလာသည့် ၁၆ ရာစုနှစ်အတွင်းက အနောက်နိုင်ငံများ၌ စတင်ပေါ်ပေါက်လာသည့် စီးပွားရေးအဖွဲ့အစည်းဖြစ်သည်။ ဘဏ်လုပ်ငန်းသည် စီးပွားကုန်သွယ်ရေး၌ အရေးပါလာသည်နှင့်အမျှ ၁၉ ရာစုနှစ်အတွင်း အနောက်နိုင်ငံများ၌ စက်မှုလက်မှုလုပ်ငန်းများ အထူးတိုးတက်လာသောအခါ ဘဏ်လုပ်ငန်းမှာလည်း အထူးတိုးပွားလာခဲ့သည်။

ဘဏ်လုပ်ငန်းသည် အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးနှင့် အတူပါလာသည့် စနစ်ဖြစ်သည်။ အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် ရန်ကုန်မြို့၌ ပထမဆုံးဖွင့်သည့် ဘဏ်မှာ ၁၈၆၁ ခုနှစ်၌ ဖွင့်သည့် Bank of Bengal ဘဏ်ခွဲဖြစ်သည်။ ဒုတိယမြောက်ဖွင့်သည့် ဘဏ်မှာ ၁၈၆၂ ခုနှစ်တွင် ရန်ကုန်၌ ဖွင့်သည့် Chartered Bank ဖြစ်သည်။ ထို့နောက် Bank of Bengal သည် ၎င်း၏ ဘဏ်ခွဲများကို ၁၈၆၅ ခုနှစ်တွင် မော်လမြိုင်၌လည်းကောင်း၊ ၁၈၆၆ ခုနှစ်တွင် စစ်တွေ၌လည်းကောင်း တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ အထက်မြန်မာနိုင်ငံကိုပါ အင်္ဂလိပ်တို့ သိမ်းယူပြီးနောက် စီးပွားကုန်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ ဘဏ်များ တိုးချဲ့ဖွင့်လှစ်ခဲ့သည်ကို အောက်ဖော်ပြပါ ဘဏ်စာရင်းအရ သိသာပါသည်။


၁။ အိန္ဒိယရီဇာ့ဘဏ်ခွဲ Reserve Bank of India
၂။ အင်ပီးရီးရယ်ဘဏ် Imperial Bank of India
၃။ အိန္ဒိယနေရှင်နယ်ဘဏ် National Bank of India
၄။ ကာလကတ္တားကုန်သွယ်ရေးဘဏ် Calcutta Commercial Bank
၅။ ချာတာဘဏ် Chartered Bank

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့
ပန်းဆိုးတန်းလမ်း၌ရှိခဲ့သည့်
အိန္ဒိယဘဏ်ခွဲရုံး



ရန်ကုန်မြို့
ကုန်သည်လမ်း၌ရှိခဲ့သည့်
ဟောင်ကောင်နှင့်
ရှန်ဟိုင်းဘဏ်ခွဲရုံး



ရန်ကုန်မြို့၌ရှိခဲ့သည့်
ချာတာဘဏ်ခွဲရုံး



၆။ စင်ထရယ်အိန္ဒိယဘဏ် Central Bank of India
၇။ ဆက်သွယ်ရေးဘဏ် Bank of Communication
၈။ တရုတ်ပြည်သူ့ဘဏ် Bank of China
၉။ နယူးယောက်နေရှင်နယ်ဘဏ် National City Bank of New York
၁၀။ မာကင်တိုင်းဘဏ် Mercamtile Bank
၁၁။ နယ်သာလင်ထရေဒင်ဘဏ် Nertherland Trading Society Bank
၁၂။ အိန္ဒိယအမျိုးသားဘဏ် Indian Bank
၁၃။ ကူးသန်းရောင်းဝယ်ရေးဘဏ် Bank of Commerce
၁၄။ ပင်လယ်ရပ်ခြား တရုတ်ဘဏ်လုပ်ငန်းကော်ပိုရေးရှင်း Oversea Chinese Banking Corporation
၁၅။ ဘာလ်သဇာအင်ဆန်းဘဏ် Balthazar and Sons Bank
၁၆။ မိုဟာလ်စမီးဘဏ် Mohaluxmi Bank
၁၇။ သောမတ်စ်ကွတ်အင်ဆန်း Thomas Cook and Sons Bankers
၁၈။ ယိုကိုဟားမားစပီးရှီးဘဏ် Yokohama Specie Bank
၁၉။ လွိုက်ဘဏ် Lloyds Bank
၂၀။ ပင်လယ်ရပ်ခြား အိန္ဒိယဘဏ် Indian Overseas Bank
၂၁။ ဟောင်ကောင်အင်ရှန်ဟိုင်းဘဏ် Hongkong and Shanghai Banking Corporation
၂၂။ ဦးရဲကျော်သူအင်ကုမ္ပဏီဘဏ် U Rai Kyaw Thoo and Co Bank
၂၃။ အထက်မြန်မာနိုင်ငံဘဏ် Bank of Upper Burma (Myanmar)
၂၄။ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ မိဘမဲ့ကလေးများစောင့်ရှောက်ရေးအသင်းဘဏ် Burma (Myanmar)
၂၅။ ဒေါ်ဆင်ဘဏ်လီမိတက် Dawson Bank Ltd
၂၆။ မြန်မာနိုင်ငံသမဝါယမဗဟိုဘဏ်

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာပြည်နှင့် ငလျင်

ငလျင်လှုပ်ခြင်းသည် နိုင်ငံအသီးသီး၌ နှစ်စဉ်ကြုံနေရသော သဘာဝဖြစ်စဉ်တစ်ခုဖြစ်သည်။ ကမ္ဘာပေါ်၌ ငလျင်လုံးဝ မလှုပ်ဖူးသော နေရာမျိုးမှာ အလွန်ရှားသည်ဟု ဆိုပါသည်။ မြန်မာပြည်မှာလည်း ကမ္ဘာပေါ်ရှိ ငလျင်ရပ်ဝန်းကြီးနှစ်ခုအနက် တစ်ခုဖြစ်သော အယ်လပိုက် (Alpide) မြေငလျင်ရပ်ဝန်းတွင် ကျရောက်နေသောကြောင့် မကြာခဏငလျင်လှုပ်လေ့ရှိသည်။ မှတ်တမ်းများအရ ၁၉ ရာစုဦးပိုင်းမှ စ၍ ယနေ့အချိန်အထိ မြန်မာပြည်၌ ငလျင်ကြီးငယ်ပေါင်း ၄၀၀ ကျော်လှုပ်ခဲ့ပြီးပြီဟု သိရသည်။ ငလျင်လှုပ်ရာတွင် အားပြင်းသော ငလျင်၊ အားအသင့်အတင့်ရှိသော ငလျင်နှင့် အားပျော့သော ငလျင်ဟူ၍ရှိရာ အားပျော့သော ငလျင်ဆိုက သိရန်ခက်ခဲ၍ မှတ်တမ်းမရှိနိုင်ဟု သိရသည်။ ရစ်ချ်တာစကေးခုနစ်ထက်ကြီးသော ငလျင်ကို အားပြင်းသော ငလျင်ဟု သတ်မှတ်သည်။ မြန်မာပြည်၌ လှုပ်ခဲ့သော ငလျင်အကြိမ် ၄၀၀ ကျော်အနက် ၁၅ ကြိမ်မှာ ရစ်ချ်တာစကေး ခုနစ်ထက်ကြီးသော ငလျင်များဖြစ်သည်။ တင့်လွင်ဆွေရေးပြီး စာပေဗိမာန်က ၂၀၀၂ ခုနှစ်တွင် ထုတ်သော **ငလျင်နှင့် ဘေးအန္တရာယ် လျှော့ချရေး**စာအုပ်တွင်မူ မြန်မာနိုင်ငံငလျင်သမိုင်းတွင် အစောဆုံးမှတ်တမ်းတင်ခဲ့သော ငလျင်မှာ ၁၄၂၉ တွင် လှုပ်သော အင်းဝငလျင်ဖြစ်ပြီး မှတ်တမ်းအရ မီးတားနံရံများ ပျက်စီးခဲ့သည်ဟု ဆိုပါသည်။

အထက်ပါ အထောက်အထားများအပြင် ဒေါက်တာသိန်းမောင်ရေးသည့် ဆောင်းပါး[၁] နှင့် ရန်ကုန်တက္ကသိုလ်နှင့် ပုသိမ်တက္ကသိုလ် ဘူမိဗေဒဌာနနှစ်ခုပူးပေါင်းပြုစုပြီး ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလက ထုတ်ဝေခဲ့သည့် စာအုပ်[၂] များကို ကိုးကား၍ ၁၉ ရာစုမှ စ၍ မြန်မာပြည်၌ လှုပ်ခဲ့သော ငလျင်များကို ရက်စွဲအလိုက် အောက်တွင် ဖော်ပြထားပါသည်။

၂၇.၁၀.၁၈၁၂ - အမရပူရငလျင်

၂၆.၄.၁၈၃၀ - အင်းဝငလျင်

၂၁-၂၃ မတ်လ ၁၈၃၉- အင်းဝ၊ အမရပူရ၊ စစ်ကိုင်းမြို့များ ငလျင်၊ အပျက်အစီးများသည်။ လူပေါင်း ၃၀၀ မှ ၄၀၀ ခန့်သေ၊ တစ်ရက်ခြားလှုပ်သောကြောင့် နန်းတော်ဟောင်းနှင့် ရတနာစေတီ၊ ကမ်းနားတောရစေတီနှင့် ဆင်များရှင်စေတီများ၊ မြို့ရိုးပြာသာဒ်နှင့် ထောင့်လေးထောင့်ရှိ စေတီများ ပြိုကျ၊ မင်းကွန်းပုထိုးတော်ကြီး ပျက်စီး၊ နောက်ဆက်တွဲငလျင်များ ခြောက်လခန့်ကြာသည်အထိ လှုပ်။

၂၈.၃.၁၈၃၉ - အမရပူရငလျင် - အပျက်အစီးရှိ၊ ပုဂံအာနန္ဒာဘုရားအပေါ်ပိုင်း ပြုတ်ကျ။

၁၈၄၃ - အမရပူရငလျင်

၁၅.၁၀.၁၈၄၆ - အမရပူရငလျင်

၁.၂.၁၈၅၆ - အမရပူရငလျင်

ဩဂုတ် ၁၈၅၈ - မန္တလေးငလျင်

၇.၁၀.၁၈၇၀ - မန္တလေးငလျင်

၁၆.၂.၁၈၇၁ - မန္တလေးငလျင်

ဒီဇင်ဘာ ၁၈၈၁ - မန္တလေးငလျင်၊ အပျက်အစီးများ။

၈.၁၀.၁၈၈၈ - ပဲခူးငလျင်၊ မဟာစေတီထီးတော်မြေခ။

၉.၁၀.၁၈၈၈ - ရန်ကုန်ငလျင်၊ ရွှေတိဂုံစေတီ ထီးတော်ဆပ်သွားဖူး၊ အထက်ပိန္နဲတိုင်ကျိုးပြီး ငှက်မြတ်နား (ည ၁ နာရီခန့်)နှင့် စိန်ဖူးတော် မြေသို့ ခသည်။

၃၁.၈.၁၉၀၆ - ပူတာအိုငလျင်

၂၃.၅.၁၉၁၂ - ပြင်ဦးလွင်(မေမြို့)ငလျင်၊ ပြင်းအားရစ်ချ်တာ ၅ှစ်ရှိ၍ အလွန်ပြင်းထန်သည့် ငလျင်ကြီးဖြစ် (နံနက် ၃ နာရီခန့်)သည်။ မြန်မာပြည်၌ လှုပ်ခဲ့သော ငလျင်များအနက် အပြင်းထန်ဆုံးဖြစ်သည်။ ပြင်ဦးလွင်ငလျင်ဟု ဆိုသော်လည်း ဗဟိုချက်မှာ တောင်ကြီးအနီးတွင် ဖြစ်သည်။ မြောက်ပိုင်းရှမ်းပြည်နယ်များအပြင် မန္တလေး၊ စစ်ကိုင်း၊ မိုးကုတ်နှင့် ထိုင်းနိုင်ငံမြောက်ပိုင်းအထိ လှုပ်သည်။ စတုရန်းမိုင် ၃၇၅၀၀၀ နယ်အတွင်းဒေသများ ငလျင်ဒဏ်ခံရသည်။ သို့သော်လည်း မြို့နှင့်လူနေထူထပ်ရာ မဟုတ်၍ လူအသေအပျောက်နည်းသည်။ ပြင်ဦးလွင်၌ အပျက်အစီးများသည်မှာ အဆောက်အအုံများ၏ အရည်အသွေးနိမ့်ကျမှုလည်း ပါသည်ဟု ဆိုသည်။

၆.၃.၁၉၁၃ - ပဲခူးငလျင်၊ ရွှေမောဓောစေတီအပျက်အစီးရှိ။

၅.၇.၁၉၁၇ - ပဲခူးငလျင်၊ ရွှေမောဓောစေတီ အပျက်အစီးရှိ။

၁။ ဒေါက်တာမောင်သိန်း၊ 'မြန်မာပြည်နှင့် ငလျင်' တက္ကသိုလ်ပညာပဒေသာစာစောင်၊ ၁၉၇၀၊ ဧပြီ၊ စာ ၅၈-၆၁

၂။ သဘာဝဘေးအန္တရာယ်ရေလှိုင်းကြီးများ ဆူနာမီ၊ ရန်ကုန်တက္ကသိုလ်များပုံနှိပ်တိုက်၊ ၂၀၀၆၊ နိုဝင်ဘာ



www.burmeseclassic.com

www.burmeseclassic.com



၁၉.၈.၁၉၁၉ - ရန်ကုန်လျှော်၊ ရွှေတိဂုံစေတီ၊ ပိန္နဲတိုင်အနောက်မြောက်သို့ ယိုင်သည်။ (နံနက် ၁၀း၂၀ နာရီ)

၅.၅.၁၉၂၀ - ပဲခူးလျှော်၊ ရွှေမောဓောစေတီ အပျက်အစီးရှိ။

၁၇.၁၂.၁၉၂၇ - ရန်ကုန်လျှော်၊ ဟံသာဝတီ၊ အင်းစိန်၊ သာယာဝတီ၊ မအူပင်တို့အပါအဝင် စတုရန်းမိုင် ၅၀၀၀ ကျယ်သောနယ်အတွင်းဒေသများ လျှော်ဒဏ်ခံရသည်။

ဇန်နဝါရီ ၁၉၂၉ - ပဲခူးဒေသမအတွင်း လျှော်ငယ်များ လှုပ်သည်။

၈.၈.၁၉၂၉ - ဆွာလျှော်

၅.၅.၁၉၃၀ - ပဲခူးလျှော်၊ အပျက်အစီးများသည်။ ရွှေမောဓောစေတီ အပေါ်ပိုင်း ပြိုကျသည်။ လူ ၅၀၀ ခန့် သေသည်။ စတုရန်းမိုင် ၂၂၀,၀၀၀ ကျယ်သော နယ်အတွင်းဒေသများ လျှော်ဒဏ်ခံရသည်။ ရန်ကုန်၌လည်း တိုက်သုံးလုံးပြိုကျပြီး ရွှေတိဂုံစေတီထီးတော် မြေခသည်။ လူ ၅၀ ခန့် သေသည်။

၃.၁၁.၁၉၃၀ - ဖြူးလျှော်၊ အပျက်အစီးများသည်။ မြန်မာအဆွေနှင့် ဗြိတိသျှဘားမားတို့က ရုပ်ရှင်ရိုက်၍ သတင်းကား ပြသခဲ့သည်။

၃.၄. ဒီဇင်ဘာ ၁၉၃၀ - ဖြူးနှင့် ဆွာလျှော်

၂၇.၁.၁၉၃၁ - မြစ်ကြီးနားလျှော်

၃၁.၁.၁၉၃၁ - ကချင်ပြည်နယ် ကပိုင်ကလျှော်

၁၀.၈.၁၉၃၁ - ပျဉ်းမနားလျှော်

၁၉.၈.၁၉၃၁ - ကျောက်ဆည်လျှော်

၁၉၄၅ - ပုဂံလျှော်

ဩဂုတ် ၁၉၄၆ - မန္တလေး၊ ကသာ၊ မိုးကုတ်လျှော်၊ ဘုရားပုထိုးစေတီများ ပျက်စီးသည်။

၁၂.၉.၁၉၄၆ - ဝန်းသိုလျှော်



# မြန်မာပြည်နှင့် ရေဘေးအန္တရာယ်

သဘာဝဘေးအန္တရာယ်များတွင် ရေဘေးအန္တရာယ်မှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးခြင်း၊ မြစ်ရေလျှံ၍ ရေကြီးခြင်းများဖြစ်တတ်ရာ မှတ်တမ်းများအရ ၁၉၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကသာခရိုင်၊ ပင်လယ်ဘူးမြို့နယ်ရှိ မိုးမခချောင်းရေလျှံ၍ ချောင်းဘေးဝဲယာရှိ ကျေးရွာများ ရေလွှမ်းမိုးခံရသည်။ အချို့အိမ်များ ရေထဲမျောပါသွားသည်။ လူ ၄၀ ကျော် သေပြီး အပျက်အစီးနှင့် ဆုံးရှုံးမှုများသည့် ရေဘေးတစ်ခုဖြစ်သည်။ ထို့အတူ ၁၉၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ မတ္တရာမြို့နယ်၌ ရေတစ်ရှိန်ထိုးကြီးကာ ကျေးရွာအများအပြား ရေလွှမ်းမိုးခံရသည်။ အိမ်များ၊ စပါးများ ရေထဲ မျောပါပြီး လူအများသစ်ပင်ပေါ်တက်နေကြရသည်။ ကျွဲနွားတိရစ္ဆာန်များလည်း သေသည်။ မတ္တရာနယ်သားများ ကြုံရသည့် အကြီးဆုံးရေဘေးဟု ဆိုသည်။ ထိုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင်လည်း ကသာခရိုင် ကောလင်းမြို့တစ်ဝိုက်၌ မိုးကြီးလေထန်၍ မိုးသီးကြီးများ အကြီးအကျယ်ကျသောကြောင့် လယ်ယာသီးနှံအများအပြား ပျက်စီးသည်။ မိုးသီးများမှာ သုံးရက်ခန့် အရည်မပျော်ဘဲရှိသည်ဟု ဆိုသည်။

ရေဘေးကြောင့် မီးရထားတိမ်းမှောက်မှုလည်း ဖြစ်ဖူးသည်။ ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဖြစ်ပွားသည်။ ထိုနေ့က ရန်ကုန်-မန္တလေးရထားလမ်းတွင် ရေကြီးရာ သဲတောဘူတာနှင့် စမုံဘူတာအကြား မိုင်တိုင်အမှတ် ၃၂၅/၁၉ တွင် တစ်ဟုန်ထိုးစီးဆင်းလာသည့် ရေလုံးကြီးကြောင့် မန္တလေးအမြန်စာပို့ရထားစက်ခေါင်းနှင့် တွဲသုံးတွဲ လမ်းချော်တိမ်းမှောက်မှု ဖြစ်သည်။ လူအသေအပျောက်မရှိသော်လည်း အမြောက်အမြား ထိခိုက်ဒဏ်ရာရကြသည်။ ၁၉၂၄ ခုနှစ်တွင်မူ သေိုင်းချောင်းအနီးရှိ ငဝန်ရေကာတာကျိုး၍ ထိုဒေသမှ လူများ ရေဘေးဒဏ်ခံကြရပြန်သည်။ ၁၉၃၇ ခုနှစ်၊ ဩဂုတ်လအတွင်းကလည်း မိုးအကြီးအကျယ်ရွာ၍ ဒေသအချို့ ရေဘေးဒဏ်ခံခဲ့ကြရသည်။ အထူးသဖြင့် ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်၌ လေကြီးမိုးကြီးကျ၍ ဆန်စပါးများ အပျက်အစီးရှိခဲ့သည်။ လူသုံးယောက် သေသည်။ ချင်းတွင်းမြစ်ရေ အဆမတန်ကြီး၍ မုံရွာမြို့ ရေလွှမ်းခံရသည်။ ပေါင်းတည်မြို့နယ်တွင်လည်း ရေကြီး၍ ကျေးရွာအများ ရေလွှမ်းခံရသကဲ့သို့ မင်းဘူးနယ်တွင်လည်း ရေကြီး၍ လူအများ ဒုက္ခရောက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာပြည်ရောက် မဟတ္တမဂန္ဓီ

အိန္ဒိယနိုင်ငံရေးလောက၌ ထင်ရှားသည့် မဟတ္တမဂန္ဓီသည် မြန်မာနိုင်ငံသို့ သုံးကြိမ်လာသွားဖူးသည်။ ပထမအကြိမ်က ၁၉၀၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းဖြစ်သည်။ ရက်သိပ်မကြာဟု ဆိုသည်။ ဒုတိယအကြိမ်က ၁၉၁၅ ခုနှစ်တွင် ဖြစ်သည်။ မတ်လ ၁၇ ရက်နေ့မှ ၂၆ ရက်နေ့အထိ နေသွားသည်။ တတိယအကြိမ်လာရောက်သည့် နှစ်မှာ ၁၉၂၉ ခုနှစ်တွင် ဖြစ်သည်။ ယခုတတိယအကြိမ်လာရောက်ခြင်းမှာ အိန္ဒိယတွင် အငတ်ဘေးကြုံနေရသော ပြည်သူများအတွက် မြန်မာပြည်ရှိ အိန္ဒိယသားများထံမှ အလှူခံရန် ဖြစ်သည်။ ရန်ကုန်မြို့သို့ ၁၉၂၉ ခု၊ မတ်လ ၈ ရက်နေ့တွင် ရောက်သည်။ ဦးချစ်လှိုင်၊ ဦးပေါ်ထွန်းနှင့် အိန္ဒိယသားများအပါအဝင် မြို့မျက်နှာဖုံးပုဂ္ဂိုလ်ကြီးများက ရန်ကုန်သင်္ဘောဆိပ်မှ ကြိုဆိုကြသည်။ သင်္ဘောဆိပ် ဧည့်ခံမဏ္ဍပ်၌ ဂန္ဓီကြီးကို ပန်းကုံးစွပ်၍ ကြိုဆိုကြသည်။ ဂန္ဓီနှင့်အတူ သူ့ဇနီးလည်း ပါသည်။

ဂန္ဓီကြီး ရန်ကုန်သို့ ရောက်သည့် နေ့မှာပင် ရန်ကုန်မြူနီစီပယ်အဖွဲ့ကကြီးမှူး၍ ဗန္ဓုလပန်းခြံ၌ ဂုဏ်ပြုပွဲလုပ်သကဲ့သို့ ဘုန်းတော်ကြီးများကလည်း ရွှေတိဂုံဘုရား၌ ဂုဏ်ပြုဧည့်ခံပွဲလုပ်သည်။ ထို့နောက် ဗားကရာကျောင်းတိုက်၌လည်း ဘုန်းတော်ကြီးများက ဂန္ဓီကြီးအား ဂုဏ်ပြုဧည့်ခံပွဲလုပ်သည်။ ထိုဂုဏ်ပြုဧည့်ခံပွဲများသို့ အိန္ဒိယသားနှင့် မြန်မာအများ တက်ရောက်ကြသည်။ ဂန္ဓီကြီးမြန်မာနိုင်ငံ၌ နှစ်ပတ်ခန့်နေသွားစဉ် ပျော်ဘွယ်၊ ပျဉ်းမနား၊ တောင်ငူ၊ မန္တလေး၊ ပြည်နှင့် မော်လမြိုင် စသည့် မြို့ကြီးများသို့ သွားရောက်ခဲ့သည်။ ရောက်လေရာအရပ်၌ 'အဟိံသ'ခေါ် အကြမ်းမဖက်ရေး၊ တိုင်းရင်းဖြစ်ပစ္စည်းသုံးစွဲရေး၊ အရက်နှင့် ဆေးလိပ်ရှောင်ကြဉ်ရေးတရား အဓိကထားဟောသည်။

## မြန်မာနိုင်ငံသုတေသနအသင်း (၁၉၁၀)

မြန်မာနိုင်ငံသုတေသနအသင်းကို ၁၉၁၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်အင်္ဂါနေ့တွင် ရန်ကုန်မြို့ ကော်မရှင်နာလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း) ဘားနတ်အခမဲ့စာကြည့်တိုက်၌ စတင်တည်ထောင်သည်။ အိန္ဒိယပညာဉာဉ်ခံ အရာရှိမစ္စတာဂျေအက်စ်ဖာနီဗယ်က နိုင်ငံတကာရှိ သုတေသနအသင်းအဖွဲ့များ၊ ပုဂ္ဂိုလ်



မဟတ္တမဂန္ဓီ
(၁၈၆၉-၁၉၄၈)

www.burmeseclassic.com

www.burmeseclassic.com




များ၊ အထူးသဖြင့် 'ယိုးဒယားအသင်း'ကို အားကျကာ မြန်မာပြည်တွင်လည်း ဤအသင်းမျိုး ရှိသင့်သည်ဟု ယုံကြည်၍ ဗြိတိသျှလူကြီးလူကောင်းများ၊ မြန်မာပညာရှိကြီးများကို ချဉ်းကပ်လှုံ့ဆော်တိုက်တွန်းစည်းရုံးမှုကြောင့် ပေါ်လာသည့် အသင်းကြီးဖြစ်သည်။ တည်ထောင်စက အဖွဲ့ဝင် ၂၁၃ ဦး ရှိသည်။

အသင်းကို စတင်ပြုစုပျိုးထောင်ပေးခဲ့ကြသည့် မြန်မာပညာရှင်အချို့မှာ ဦးမေအောင်၊ M.A, LLB၊ ဦးရွှေဇံအောင် B.A၊ ဦးဘတူ (KSM, CIE)၊ ဦးနေဒွန်း (FRCI)၊ ဦးခင် (Bar-at-Law)၊ မော်ပီဆရာသိန်း၊ တော်စိန်ခို၊ ဦးထွန်းငြိမ်းနှင့် အိန္ဒိယဆေးဘက်ဝန်ထမ်း (IMS) ကပ္ပတိန်ဘခက်တို့ဖြစ်ကြသည်။

အသင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ယဉ်ကျေးမှုအနုပညာ၊ သိပ္ပံပညာ၊ စာပေပညာများကို စူးစမ်းလေ့လာရှာဖွေသည့် သုတေသနလုပ်ငန်းများကို အားပေးရန် ဖြစ်သည်။ အသင်း၏ အဓိကလုပ်ငန်းဖြစ်သော သုတေသနတွေ့ရှိချက်များကို လူအများသိရှိနိုင်ရန် စာတမ်းဖတ်ခြင်းနှင့် စာတမ်းကို အသင်းပိုင်ဂျာနယ်၌ ဖော်ပြရန်လည်း ရည်ရွယ်ရင်းရှိသည်နှင့်အညီ **မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်** အမှတ်တစ်ကို ၁၉၁၁ ခုနှစ်၊ ဇွန်လတွင် စတင်ထုတ်ဝေသည်။ ဂျာနယ်၏ ပထမဆုံးစာတည်းမှာ ကျောက်စာဝန် မစ္စတာ ဒူရွိုင်ဇယ် (C.Duroiselle) ဖြစ်သည်။ သုတေနသနအသင်းပိုင်ဂျာနယ်တွင် စာပေ၊ ဘာသာစကား၊ သမိုင်းပုဂ္ဂိုလ်ထူးအတ္ထုပ္ပတ္တိ၊ မလေ့ထုံးစံ၊ ဘောဂဗေဒ၊ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ ပါဏဗေဒ၊ မနုဿဗေဒ စသည့် ပညာရပ်အသီးသီးနှင့်ဆိုင်သော ပညာရပ်ဆိုင်ရာဆောင်းပါးများ ပါဝင်သည်။ ထို့ပြင် ရာဇဝင်၊ သမိုင်း၊ သမိုင်းဝတ္ထု၊ တရားစာ၊ မေတ္တာစာ၊ ဖြတ်ထုံး၊ စာတမ်း၊ လျှောက်ထုံး၊ ပြဇာတ်သီချင်း၊ ဂီတ၊ ပျို့၊ လင်္ကာ၊ ရတု၊ ရကန်၊ လူးတား၊ ချေင်း၊ မော်ကွန်း စသည့် ရှေးဟောင်းစာပေများကို တည်းဖြတ်ထုတ်ဝေသည့် လုပ်ငန်းများကိုလည်း လုပ်သည်။

မြန်မာနိုင်ငံသုတေသနအသင်းက တည်းဖြတ်ထုတ်ဝေခဲ့သော စာအုပ်အချို့မှာ ဥတိန္နပျို့၊ မဟာသီလဝပျို့၊ မင်္ဂလာသုတ်ပျို့၊ ရာဇာဝါဒကျမ်း၊ အင်းဝမြို့ဘွဲ့ ၁၂ ရာသီလူးတား၊ ဂဝံပတိ၊ ရေစကြိုခုံတော်ဖြတ်ထုံး၊ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ ဦးကုလား မဟာရာဇဝင်ကြီး၊ လောကသာရပျို့၊ ကန်တော်မင်ကျောင်းမေတ္တာစာ၊ မဟာပညာကျော်လျှောက်ထုံး၊ ကျပင်းတရားစာ၊ ဒေဝ



BURMA RESEARCH SOCIETY
(FOUNDED 1910)

*For the Study and Encouragement of Arts, Science, History and Literature in relation to Burma*

*Patron*

The Hon'ble Thakin Nu, Prime Minister of the Union of Burma

**Council**

*President*

Khan Sahib A. Cassim, B.A.

*Vice-Presidents*

U Pe Maung Tin, M.A. B.Litt. (Oxon.)

G. H. Luce Esqr., M.A.

*Honorary Secretary and Librarian*

U Thein Han, M.A., Dip. Lib. Trn.

*Honorary Treasurer*

Professor U Hla Aung, B.A.

*Honorary Editor*

U Wun, M.A., B.Litt. (Oxon.)

*Executive Committee*

| | |
|---|---|
| Rev. G. Appleton, M.A. | U Khin Maung, B.A. |
| Dr. Htin Aung, B.A., Ph.D., B.Litt., *Bar-at-Law* | C. J. Richards, Esqr. |
| | Daw Mya Sein, M.B.E., M.A., B.Litt. |
| Prof. W. S. Desai, M.A. | H. N. C. Stevenson Esqr., O.B.E. |
| Dr. G. E. Gates, M.A. Ph.D. | U Thein Tin, M.B.I. |
| U Kaung, M.A. | U Chit Thoung, M.Sc., D.I.C., A.R.C.S., F.C.S. |
| Prof. U E Maung, M.A. | U Khin Zaw, B.A., F.L.A. |

*General Committee*

| | |
|---|---|
| Prof. U Hla, B.A., B.Ed. | R. R. Langham-Carter, Esqr. |
| U Hla Baw, M.Sc., F.G.S., M.Inst.Met., F.R.A.S. | J. L. Leyden, Esqr., O.B.E. |
| | L. R. Ogden, Esqr., O.B.E. |
| Dr. Hla Bu, M.A., Ph.D. | U Ohn Pe, B.A. |
| Sir Mya Bu, *Bar-at-Law* | D. R. Patch, Esqr., M.A. |
| U Maung Gale, K.S.M., B.A. | Dr. B. J. Stewart, M.A., Ph.D. |
| U Maung Maung Gyi, O.B.E., K.S.M. | Meer Sulaiman, Esqr., M.A., B.L. |
| Prof. U Aung Hla, M.A., *Bar-at-Law* | Prof. U Po Tha, M.Sc. |

U Lu Pe Win, M.A.

မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ဘုန်ပြဇာတ်၊ ပါပဟိန်ပြဇာတ်၊ ပဒေသာသီချင်းများ၊ ရွှေပြည်စိုးဝတ္ထု၊ စပယ်ပင်ဝတ္ထု၊ ဉမ္မာဒန္တီပျို့၊ သုတသောမပျို့၊ ဂါမဏိစန္ဒပျို့၊ ကင်းဝန်မင်းကြီးသမိုင်း၊ ကျည်းကန်ရှင်ကြီးမေတ္တာစာ၊ နတ်ရှင်နောင်ဆိုရတု၊ တရုတ်သံရောက်မော်ကွန်း၊ ရဲတင်းမော်ကွန်း၊ အာသံနိုင်မော်ကွန်း၊ ဦးပုညမေတ္တာစာ၊ ဦးပုည သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်း၊ အထူးကောက်နုတ်ချက်ဇာတ်ဝတ္ထု၊ ပြည်ဘွဲ့မြို့ဘွဲ့လင်္ကာညွန့်ပေါင်း၊ မာတောဝါဒဆုံးမစာ၊ စတုဓမ္မသာရ ကိုးခန်းပျို့၊ သြဝါဒထူးပျို့၊ စိန္တကျော်သူဆိုရတုများ၊ ဘိုးတော်ရှင်ဧချင်းနှင့် မင်္ဂလာလူးတား၊ မွေ့နှမ်းရကန်၊ ရတနာကြေးမုံဝတ္ထု၊ ပဥ္စပါပီရကန်၊ ရာဇဝင်ကျော်၊ ဟန်လင်းမြို့သမိုင်းလင်္ကာ၊ ရာမကန်၊ အသျှင်ဥတ္တမသမာလာ မေတ္တာစာ၊ ရာဇာဓိရာဇ်အရေးတော်ပုံ၊ မှန်အနုစာပေ ညွန့်ပေါင်း၊ စမ္ဘူဒီပဥဆောင်းကျမ်း၊ ပိဋကတ်ကျမ်း၊ မဟာရာမဝတ္ထုတို့ ဖြစ်သည်။ ပါမောက္ခဦးဖေမောင်တင်နှင့် ပါမောက္ခဂျီအိပ်(ချ်)လုစ်(စ်)တို့ပေါင်း၍ အင်္ဂလိပ်ဘာသာပြန်ဆိုသော မှန်နန်းရာဇဝင်ကြီးကိုလည်း သုတေသနအသင်းကပင် ထုတ်ဝေခဲ့သည်။ ယခုအခါလန်ဒန်တက္ကသိုလ်က ဆောင်ရွက်ဆဲဖြစ်သော မြန်မာ-အင်္ဂလိပ်အဘိဓာန်သည် မူလက မြန်မာနိုင်ငံသုတေသနအသင်းက ၁၉၂၅ ခုနှစ်က စတင်ဆော်သြ၍ စာလုံးများ တာဝန်ယူစုဆောင်းပေးခဲ့သည့် လုပ်ငန်း၏ အဆက်ပင်ဖြစ်သည်။ ၁၉၁၆ ခုနှစ်မှ စ၍ ကဗျာဆုပေးသည့် အလုပ်ကိုလည်း လုပ်ခဲ့သည်။

သုတေသနအသင်း၏ မှတ်သားဖွယ်ဆောင်ရွက်ချက်တစ်ခုမှာ စစ်မဖြစ်မီက အသက် ၈၈ နှစ်ရှိ ရွှေဘိုမြို့ အဝေးရောက်မင်း ဦးအောင်ကြီးကို ရန်ကုန်သို့ ဖိတ်ခေါ်၍ ဒေါ်စောမြဇကြည်၊ ဒေါ်ဒေလီညွန့်၊ ဒီးဒုတ်ဦးဘချို၊ ဦးခင်ဇော်၊ သီပေါစော်ဘွား၏ နရည်းဝိုင်းတော်သားများ၊ ပညာရှင်များ၏ အကူအညီဖြင့် ရတု၊ ရကန်၊ အဲ၊ အန်၊ ပျို့၊ သီချင်းကြီး သီချင်းခံ၊ ပတ်ပျိုး၊ ကြိုး၊ ယိုးဒယား၊ နရည်း၊ မြောက်စည် စသည်တို့ကို ဓာတ်ပြားသွင်းပြီး မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းပညာတစ်ရပ်ကို မပျောက်မပျက် မတိမ်ကောရလေအောင် မှတ်တမ်းမော်ကွန်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

အသင်းစတင်တည်ထောင်သည့် နေ့က အစည်းအဝေးသဘာပတိက မိန့်ခွန်းပြောရာတွင် မြန်မာနိုင်ငံသုတေသနအသင်းကို တည်ထောင်လိုက်ခြင်းသည် မြန်မာနိုင်ငံသမိုင်းတွင် အရေးပါသော ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပါပြီဆိုသည့် စကားဖြင့် ပေါ်ပေါက်လာသော အသင်းကြီးသည် ၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် သက်တမ်းကုန်သွားတော့သည်။



## မြန်မာ့မဂ္ဂဇိန်မဂ္ဂဇင်း

ကျောင်းဆရာကြီး ဦးမောင်မောင်က အင်္ဂလိပ်စကားမဂ္ဂဇင်းကို မြန်မာဘာသာဖြင့် မဂ္ဂဇိန်ဟု တီထွင်ကာ ထုတ်ဝေခဲ့သည့် စာစောင်၏ အမည်ဖြစ်သည်။ ထိုဆရာကြီးက မဂ္ဂဇင်းဟူသော စကားကို အင်္ဂလိပ်ဘာသာမှ တိုက်ရိုက်မပြန်ဘဲ မဂ္ဂဇညဟု ပါဠိဘာသာဖြင့်ယူ၍ မဂ္ဂ-လမ်းခရီး၊ ဇည-လမ်းစဉ်ကို ပြသော စာစောင်ဆိုသည့် အဓိပ္ပာယ်ဖြင့် ၎င်း၏ မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ထိုမှတစ်ဖန် မဂ္ဂဇညကိုပင် မြန်မာမှုပြု၍ မဂ္ဂဇိန်ဟု ခေါ်အပ်သည်ဆိုကာ ၎င်းမဂ္ဂဇင်းကို **မြန်မာ့မဂ္ဂဇိန်**အမည်ဖြင့် ထုတ်ဝေခဲ့သည်။ မည်သည့်နှစ်က စတင်ထုတ်ဝေ၍ မည်သည့်အရွယ်အစားရှိသည်တို့ကို မသိရပေ။ သို့သော် ၁၉၁၀ ပြည့်နှစ်နှင့် ၁၉၁၃ ခုနှစ်အကြားလောက်တွင် ဖြစ်မည်ဟု ဆရာကြီးဇေယျက သူ၏ "မဂ္ဂဇိန်မှ မဂ္ဂဇင်းသို့" ဆောင်းပါးတွင် ခန့်မှန်းထားသည်။*

## မြန်မာပြည်ပန်းချီအသင်းကြီး

"ဘားမားအာ့ကလပ်" [Burma (Myanmar) Art Club] ခေါ် "မြန်မာပြည်ပန်းချီအသင်းကြီး"ကို ၁၉၁၃ ခုနှစ်လောက်တွင် ပန်းချီဝါသနာရှင် အင်္ဂလိပ်အရာရှိတစ်စုက ဦးဆောင်၍ တည်ထောင်သည်။ ခေတ်မီပန်းချီပညာပြန့်ပွားရေးနှင့် ပန်းချီဆရာကောင်းများ ပေါ်ထွန်းလာရေးအတွက် အလားအလာရှိသော မြန်မာလူငယ် ပန်းချီဝါသနာရှင်များအား မြေတောင်မြှောက်ပေးရန် ရည်ရွယ်ချက်ဖြင့် ထောင်သည်။ စဖွဲ့စဉ်က အမှုဆောင်အဖွဲ့ပင် မရှိပေ။ ၁၉၁၈ ခုနှစ်ရောက်မှ စနစ်တကျဖြစ်လာသည်။ အသင်းကို ဘုရားလမ်းရှိ ဗုဒ္ဓဘာသာ ယောကျ်ားလေးကျောင်းတွင် နေရာပေးသူမှာ စစ်ကဲဦးထော်လေး၏ သမီး၊ ဦးလှအောင်၏ ဇနီး၊ မင်းကြီးကတော် ဒေါ်မြမေဖြစ်သည်။ ထို့ကြောင့် ဒေါ်မြမေသည် ခေတ်မီပန်းချီဆရာများပေါ်ထွန်းလာရေးအတွက် အားပေးခဲ့သူတစ်ဦးဟု ဆိုရပါမည်။

အသင်းကို စတင်ပြုစုပျိုးထောင်ခဲ့သူတို့မှာ ရူပဗေဒပါမောက္ခ ဝါ့ဒ် (K.M. Ward)၊ မီးရထားမင်းကြီး မာတင်ဂျုံး (Mr. Martin Jones)နှင့် **မြန်မာပြည်သားမဂ္ဂဇင်း** အယ်ဒီတာ ကင့်ချ် (E. G. N. Knich)တို့ဖြစ်သည်။

* ဇေယျ၊ ဇေယျစာစုများ၊ (၁)၊ စာ ၂၆၃-၂၆၆

www.burmeseclassic.com

www.burmeseclassic.com



အသင်းက ကြီးမှူး၍ ပန်းချီသင်တန်းပေးသည်။ ပါမောက္ခဝါ့ဒ်က ဆီဆေးရေးနည်း၊ မာတင်ဂျုံးက လူခန္ဓာအချိုးအစားရေးနည်းနှင့် ဦးဘညွှန့်က ဒီဇိုင်းရေးနည်း အခြေခံတို့ကို သင်ကြားပေးသည်။ သီတင်းကျွတ်၊ ဒီဇင်ဘာနှင့် နွေရာသီကျောင်း ပိတ်ရက်များတွင် မြန်မာပြည်အနှံ့ ခရီးထွက်၍ ရှေးဟောင်းအနုပညာ၊ အဆောက် အအုံ၊ နံရံဆေးရေးနှင့် မြန်မာ့သဘာဝ တောတောင်ရေမြေအလှအပတို့ကို လက်တွေ့ကွင်းဆင်းလေ့ကျင့်ရေးဆွဲကြသည်။ နောက်ပိုင်းရောက်သောအခါ စီးပွားရေးပန်းချီနှင့် ရုပ်ပြောင်ရေးဆွဲနည်းကိုပါ သင်ပေးသည်။ အသင်း၏ မှတ်သားဖွယ် ဆောင်ရွက်ချက်တစ်ရပ်မှာ ပါမောက္ခဝါ့ဒ်၊ ကင့်ချ်နှင့် မာတင်ဂျုံး တို့က ပညာမင်းကြီးနှင့် တိုင်ပင်ညှိနှိုင်း၍ ဦးဘညွှန့်နှင့် ဦးဘဇော်တို့ကို အင်္ဂလန်သို့ ပန်းချီပညာတော်သင် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

အသင်း၏ လုပ်ငန်းများ အရှိန်ရလာသည်နှင့်အမျှ အသင်းဝင်များလည်း တိုးလာသည်။ အသင်းဝင်များတွင် ပါမောက္ခလုစ် (G.H. Luce)၊ ပဲခူးတိုင်း မင်းကြီး ဆွီသင်းဗင့် (B.W Swinthinbank)၊ မောရစ်ကောလစ် (Maurice Coltis)၊ မစ္စတာပိုက်ကင်း၊ မစ္စတာမဂ္ဂဖွန်၊ အရေးပိုင်မစ္စတာ ရစ်ချတ်၊ ရေဝန် မစ္စတာဗျူး၊ အနုပညာအရာရှိ မစ္စတာဟားပါးတို့ ပါဝင်လာသကဲ့သို့ မြန်မာများ ထဲမှ ဦးစံလွင်၊ ဦးစံဝင်း၊ ဆရာဆောင်၊ ဦးသုခ၊ ဦးဘညွှန့်၊ ဦးဘဇော်၊ ဦးဘမောင်၊ ဦးဘအုံး၊ ဦးဗဂျမ်း၊ ဦးလှတင်၊ ဦးမောင်ကြီး၊ ဦးထွန်းလှ၊ ဦးသာထွန်း၊ ဦးရွှေစိုး၊ ဦးသက်ဝင်း၊ ဦးဘကြည်၊ ဦးသန့်၊ ဦးသန်း၊ အေလှမောင်၊ ဦးထွန်းညို၊ ဦးဆန်နီ၊ ဦးဟိန်စွန်း၊ စစ်ကဲဦးထွန်းဖြူ၏ သမီး ဒေါ်ခင်ခင်အေး၊ ဒေါ်မမခင်၊ ဒေါ်မြကြွယ်၊ ဂီတဦးစိန်းမောင်နှင့် ရန်ကုန်မြို့ပေါ်ရှိ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းမှ ပုံဆွဲဆရာများ ပါဝင်လာကြသည်။

အသင်းတွင် မြန်မာအသင်းဝင်များ တိုးပွားလာပြီးနောက် ဦးဘထွန်း၊ ဦးဗဂျမ်း၊ ဦးသန်းနှင့် ဦးသက်ဝင်းတို့၏ ကြိုးပမ်းမှုကြောင့် ၁၉၂၇-၂၈ လောက် တွင် ဥက္ကဋ္ဌမာတင်ဂျုံးမှအပ အမှုဆောင်အဖွဲ့တွင် မြန်မာများ နေရာရလာသည်။ အသင်းကိုလည်း 'မြန်မာပြည်ပန်းချီအသင်းကြီး' ဟု အမည်ပြောင်းသည်။ ထို့နောက် ဗိသုကာပညာရှင် ဦးသာထွန်း အသင်း၏ ပထမဆုံးမြန်မာအမျိုးသား ဥက္ကဋ္ဌ ဖြစ်လာသည်။ မြန်မာများထဲမှ အသင်း၏ အတွင်းရေးမှူးရာထူးရခဲ့သူ အချို့မှာ ဦးသာထွန်း၊ ဦးရွှေစိုး၊ ဦးသက်ဝင်း၊ ဦးသန့်နှင့် ဦးဗဂျမ်းတို့ဖြစ်ကြ သည်။



ဘီအေစီသည် မှတ်ပုံတင်ထားသည့် အသင်းဖြစ်၍ အုပ်ချုပ်ရေးပိုင်း ကရော ပညာရေးလောကကပါ လေးစားခံရသည့် အသင်းဖြစ်သောကြောင့် ၎င်းအသင်းမှ ပုံဆွဲဆရာလက်မှတ်ရရှိသူများကိုသာ အစိုးရကျောင်းများ၌ ပုံဆွဲဆရာ ခန့်သည်အထိ အရှိန်အဝါကြီးမားခဲ့သည်။ အသင်းက ဦးဆောင်၍ ပန်းချီကျောင်း ဖွင့်ပေးရန် အစိုးရသို့ အကြိမ်ကြိမ်တင်ပြတောင်းဆိုသဖြင့် ၁၉၃၉ ခု၊ ဇွန်လတွင် 'ပန်းချီအနုပညာနှင့် တူရိယာကျောင်း' ပေါ်လာရသောကြောင့် ၎င်းကိစ္စတွင် လည်း အသင်း၏ ကျေးဇူးမကင်းဟု ဆိုရပေမည်။


## မြန်မာပြည်ရောက် တဂိုး

ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ် မြန်မာပြည်သို့ လာဖူးသကဲ့သို့ နာမည်ကျော် ဘင်္ဂါလီစာဆိုကြီး ရာဘင်ဒြာနတ်တဂိုး (Rabindranath Tagore) လည်း မြန်မာနိုင်ငံသို့ နှစ်ကြိမ်လာဖူးသည်။ ပထမ အကြိမ်က ၁၉၁၆ ခုနှစ်တွင် ဖြစ်သည်။ ဂျပန်မှတစ်ဆင့် အမေရိကအသွား ဝင်လာခြင်းဖြစ်သည်။ ၇.၅.၁၉၁၆ နေ့တွင် ရန်ကုန်သို့ ရောက်သည်။ မြန်မာနှင့် အိန္ဒိယသားများက ရန်ကုန်ဆိပ်ကမ်းမှ ကြိုဆိုကြပြီး ဂျူဗလီဟောသို့ ခေါ်ဆောင် သွားကာ ဂုဏ်ပြုပွဲကျင်းပသည်။ မေလ ၈ ရက်နေ့သည် စာဆိုကြီးတဂိုး၏ ၅၅ နှစ်ပြည့်မွေးနေ့ကျ၍ ဂျူဗလီဟော၌ မွေးနေ့ပွဲကျင်းပသည်။ မွေးနေ့အထိမ်း အမှတ် ဩဘာစာနှစ်စောင် ဖတ်သည်။ မြန်မာများကိုယ်စား ဝတ်လုံဦးဘသင်း က ဩဘာစာဖတ်ပြီး ဘင်္ဂါလီအမျိုးသားများက တစ်စောင်ဖတ်သည်။ မြန်မာနိုင်ငံ ၌ သုံးရက်နေသွားသည်။ ရွှေတိဂုံစေတီတော်ကြီး၏ သပ္ပာယ်ပုံနှင့် ကြည်ညိုစရာ ကောင်းပုံကို ဥဒါန်းကျူးသွားပြီး မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးတင့်တယ်ပုံ ကိုလည်း ချီးမွမ်းသွားသည်ဟု ဆိုသည်။

ဒုတိယအကြိမ် တဂိုး ရန်ကုန်သို့လာသွားသည်မှာ ၁၉၂၄ ခုနှစ်၊ မတ်လ အတွင်း ဖြစ်သည်။ မတ်လ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ ရန်ကုန်၌ နေသွား သည်။ ယခုတစ်ကြိမ်မှာမူ တရုတ်နိုင်ငံသို့အသွား ဝင်လာခြင်းဖြစ်သည်။ ပထမ အကြိမ်လာစဉ်က ဂျူဗလီဟော၌ ဂုဏ်ပြုပွဲလုပ်သကဲ့သို့ ဒုတိယအကြိမ်တွင်လည်း ဂျူဗလီဟော၌ပင် ဂုဏ်ပြုပွဲလုပ်သည်။ အိန္ဒိယအောက်လွှတ်တော်အမတ်လည်း ဖြစ်၊ သရာဇပေါ်တီဥက္ကဋ္ဌလည်း ဖြစ်သော ဦးတုတ်ကြီးက ဂုဏ်ပြုပွဲ၏ သဘာပတိ

www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂလီစာဆိုကြီး ရာဘင်ဒြာနတ်တဂိုး
(၁၈၆၁-၁၉၄၁)



လုပ်သည်။ ၂၆-၃-၁၉၂၄ နေ့တွင် ရန်ကုန်ရှိ တရုတ်အမျိုးသားများက ဂုဏ်ပြုဧည့်ခံပွဲ ကျင်းပသည်။ ဘုရင်ခံဆာဟာကုတ်ဘတ္တလာကလည်း အစိုးရအိမ်တော်၌ နေ့လယ်စာဖြင့် ဂုဏ်ပြုဧည့်ခံသည်။

စာဆိုကြီးတဂိုး ဒုတိယအကြိမ် မြန်မာပြည်သို့ လာရောက်စဉ်က ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၃၉၂၊ ၃၉၆ ရှိ အိန္ဒိယအမျိုးသားပိုင်အိမ် (ယခု ဂါဒီးယန်းသတင်းစာတိုက်အဆောက်အအုံ)၌ တည်းသွားသည်။ ထိုအဆောက်အအုံ၌ တဂိုးတည်းသွားသည့် အကြောင်း ရေးထားသည့် ကျောက်စာလည်း ရှိသည်။ မြန်မာဘာသာဖြင့် ရေးထားသည့် ကျောက်စာအပြည့်အစုံမှာ ၂၄-၃-၁၉၂၄ ခုဝယ် ရန်ကုန်သို့ ရောက်စဉ်က ဤ၌တွင် တည်းခိုသည့် စာဆိုတော် မဟာကဝိရဗင်ဒြနတ်တဂိုး၏ အထိမ်းအမှတ်'ဟူ၍ ဖြစ်သည်။ အင်္ဂလိပ်ဘာသာ ရေးကျောက်စာလည်း ရှိသည်။ စာဆိုကြီးတဂိုး ရန်ကုန်ရောက်နေစဉ် ၂၅-၃-၁၉၂၄ နေ့တွင် ကျင်းပသော ဘင်္ဂါလီစာပေညီလာခံသို့လည်း တက်ရောက်ဖောပေးသည်။

## မြန်မာ့ဗျူဟာဂျာနယ် (၁၉၁၉)

မြန်မာစာပေလောကတွင် ပထမဆုံးဂျာနယ်ဟုဆိုသည့် **မြန်မာ့ဗျူဟာဂျာနယ်**ကို ၁၉၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့၊ စနေနေ့တွင် ရန်ကုန်၌ စတင်ထုတ်ဝေသည်။ ဂျာနယ်ဟူသော ဝေါဟာရကို မြန်မာဝေါဟာရအဖြစ် စတင်အသုံးပြုသော စာစောင်ဖြစ်သည်။ ခုနစ်ရက် တစ်ကြိမ်ထုတ် ဖြစ်သည်။ ဒီမိုင်းလေးချိုးအရွယ် ရှိသည်။ 'မြန်မာ့ဗျူဟာ'ဆိုသည့် ခေါင်းစီးသည် ရွှေတလေး(ဦးဘကလေး)၏ လက်ရာဖြစ်သည်။ ကြော်ငြာလေးမျက်နှာအပါအဝင် စာမျက်နှာ ၂၀ ရှိသည်။ ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ တိုက်အမှတ် ၁၁ အေမှ ထုတ်ဝေသည်။ တန်ဖိုး လေးပဲဖြစ်သည်။

တာဝန်ခံအယ်ဒီတာမှာ ဆရာကြီးရွှေဥဒေါင်းဖြစ်ပြီး အခြားအယ်ဒီတာအဖွဲ့ဝင်များမှာ ဦးဘသန်း(အင်ဒီပင်းဒင့်ဒေါ်စန်း၏ ခင်ပွန်း)၊ မစ္စတာမောင်မှိုင်း၊ ရွှေတလေးနှင့် ကလောင်အမည် ဗြူဟာခင်အမည်ခံ ဦးခင်မောင်တို့ဖြစ်သည်။ အင်္ဂလန်နိုင်ငံမှထုတ်သော *The Tibits* ဂျာနယ်၏ အဆင်အပြင်ကို အတုယူ၍ မြန်မာ့ဗျူဟာဂျာနယ်ကို ပြင်ဆင်ကာ ထုတ်သည်ဟု အဆိုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာကုမ္မာရီအသင်း(၁၉၁၉)

မြန်မာကုမ္မာရီအသင်း (Burmese Women's Union) ကို ၁၉၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အောက်ပါအမှုဆောင်များဖြင့် ဖွဲ့စည်းခဲ့သည်။

| | | |
|---|---|---|
| ၁။ | ဒေါ်စု (အရေးပိုင်ဦးဘိုးသောင်း၏ ဇနီး) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ဖွားသစ် (သစ်ကုန်သည်) | အကျိုးဆောင် |
| ၃။ | ဒေါ်ခင်စော (ဦးကြူး၏ ဇနီး) | တွဲဖက်အကျိုးဆောင် |
| ၄။ | ဒေါ်လှမေ (ဒီးဒုတ်ဦးဘချို၏ ဇနီး) | တွဲဖက်အကျိုးဆောင် |
| ၅။ | ဒေါ်စောတင် (ဝတ်လုံဦးသိန်းမောင်၏ ဇနီး) | အမှုဆောင် |
| ၆။ | ဒေါ်တင် (ဦးသင်းမောင်၏ ဇနီး) | အမှုဆောင် |
| ၇။ | ဒေါ်ရွှေ (ဦးဘသိန်း၏ ဇနီး) | အမှုဆောင် |
| ၈။ | ဒေါ်ငွေရင် (ကုန်သည်) | အမှုဆောင် |
| ၉။ | ဒေါ်ငွေရှင် (ကုန်သည်) | အမှုဆောင် |
| ၁၀။ | ဒေါ်မြမေ (ကုန်သည်) | အမှုဆောင် |

အဖွဲ့၏ ရည်ရွယ်ချက်မှာ ဝံသာနုလုပ်ငန်းများတွင် အမျိုးသမီးများ တစ်တပ်တစ်အားပါဝင်ရေးအတွက် ဖြစ်သည်။ ထိုအသင်းကို မြန်မာအမျိုးသမီးသမဂ္ဂဟူ၍လည်းကောင်း၊ ဝံသာနုကုမ္မာရီအသင်းဟုလည်းကောင်း ခေါ်ကြသည်။

## မြန်မာ့သတင်းမှတ်တမ်းရုပ်ရှင်ကား (၁၉၂၀)

မြန်မာ့ရုပ်ရှင်လောကတွင် ဦးထွန်းရှိန်၏ ဈာပနသတင်းကားသည် ပထမဆုံးသတင်းမှတ်တမ်းရုပ်ရှင်ကား ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်နေ့တွင်ကျင်းပသည့် ဦးထွန်းရှိန်၏ ဈာပနအခမ်းအနားကို ဦးအုန်းမောင်နှင့် မြန်မာအမွေကုမ္ပဏီပိုင်ရှင် ဦးဘညွန့်၏ သားအကြီး ဦးတင်နွယ်တို့က မော်တော်ဆိုင်ကယ်ဘေးတွဲ ပေါ်မှလည်းကောင်း၊ ဦးမောင်မောင်နှင့် ဦးညီပုတို့က မော်တော်ကားခေါင်မိုး ပေါ်မှလည်းကောင်း ကင်မရာတစ်လုံးစီဖြင့် အပြေးအလွှား ပင်ပန်းကြီးစွာ ကြိုးစား ရိုက်ကူး၍ မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုဈာပနရုပ်ရှင် သတင်းကားကို ယခု ဗိုလ်ချုပ်ဈေးနေရာရှိ 'စီနီမာဒီပဲရစ်'ရုပ်ရှင်ရုံတွင် အမေရိကန် ဇာတ်လမ်းရုပ်ရှင် ကားတစ်ကားနှင့် ပူးတွဲ၍ ၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ အတွင်း ပြသခဲ့သည်။



ဦးထွန်းရှိန်မှာ မြန်မာ့အရေးအတွက် အင်္ဂလန်သို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့သည့် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သောကြောင့် ထိုသို့မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးပြသခဲ့ရခြင်းဖြစ်သည်။

## မြန်မာပြည်နယ်ခြားဝန်ထမ်းအဖွဲ့ (၁၉၂၂)

နယ်ခြားဒေသများကို အုပ်ချုပ်ရေးအတွက် 'မြန်မာပြည်နယ်ခြားဝန်ထမ်း အဖွဲ့' [The Burma (Myanmar) Frontier Service] ကို ၂၀.၁၂.၁၉၂၂ နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယခင်က အုပ်ချုပ်ရေးအရာရှိများကို တောင်တန်းဒေသများသို့ ခေတ္တသဘောဖြင့် စေလွှတ်ခဲ့ရာမှ အမြဲတမ်းဝန်ထမ်းခန့်ထားသောကြောင့် အုပ်ချုပ်ရေး၌ ပိုမိုထိရောက်မှု ရှိလာသည်။ သို့သော်လည်း မြေပြန့်နှင့် တောင်တန်း ဒေသကို ပိုမိုခြားနားသွားစေသည့် အကျိုးဆက်လည်း ရှိသည်။

## မြန်မာပြည်စာအုပ်အသင်း (၁၉၂၄)

မြန်မာပြည်စာအုပ်အသင်း (Myanmar Book Club) ကို မစ္စတာဖာနီဗယ်၊ ဒေါက်တာဦးဆက်နှင့် ဦးဖေမောင်တင်တို့က ဦးဆောင်၍ ၁၉၂၄ ခုနှစ်က တည်ထောင်သည်။ အသင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့အရပ်ရပ်မှ နိုင်ငံရေး စာအုပ်များကို မှာယူရောင်းချခြင်းဖြင့် မြန်မာလူငယ်များ နိုင်ငံအရပ်ရပ်မှ တိုးတက်သော နိုင်ငံရေးအခြေအနေများ လေ့လာ၍ နိုင်ငံရေးသဘောတရားများကို သိရှိနားလည်စေရန် ဖြစ်သည်။ အသင်းတွင် နိုင်ငံရေးအတွေးအခေါ်နှင့်ပတ်သက်သော ပလေတို၏ သမ္မတနိုင်ငံ *(The Republic)*၊ အရစ္စတိုတယ်၏ နိုင်ငံရေး အတွေးအခေါ်များ *(The Politics of Aristotle)*၊ သောမတ်စ်မိုး၏ ယူတိုးပီးယား (Utopia) စာအုပ်အပါအဝင် စာအုပ်ပေါင်း ၆၆ အုပ်ရှိသည်။ ဤအသင်းကပင် *The World of Books* မဂ္ဂဇင်းကို ၁၉၂၅ ခု၊ ဖေဖော်ဝါရီလတွင် စတင်ထုတ်ဝေခဲ့သည်။ ထို့နောက် မြန်မာပြည်ပညာပြန့်ပွားရေးအသင်းက **ဂန္ထလောက**အမည်ဖြင့် ဆက်လက်ထုတ်ဝေခဲ့သည်။ (**ဂန္ထလောက**မဂ္ဂဇင်းလည်း ကြည့်ပါ။)

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနှင့် ဝင်ဘလီပြခန်း (၁၉၂၄)

လန်ဒန်မြို့ ဝင်ဘလီကွင်းကြီး၌ ၁၉၂၄ ခုက ဗြိတိသျှအင်ပါယာပြပွဲကြီး လုပ်သည်။ ဗြိတိသျှအင်ပါယာ၏ ကြီးကျယ်ပုံနှင့် စီးပွားရေးတောင့်တင်းပုံပြသသည့် ပွဲဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ လက်အောက်ခံပြည်နယ်တစ်ခုဖြစ်သော မြန်မာကလည်း ပြခန်းတစ်ခုပြသခွင့်ရသည်။ ၁၉၂၄ ခု၊ ဧပြီလမှ အောက်တိုဘာလအထိ ခုနစ်လကြာပြသသည့် ပွဲဖြစ်သည်။ မြန်မာကို ကမ္ဘာက သိစေရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာပြည် မင်းတိုင်ပင်ကောင်စီက ငွေကျပ် ၁၁ သိန်း အကုန်အကျခံ၍ ပြသရန် ဆုံးဖြတ်ပြီး ပြသသည့် ပွဲဖြစ်သည်။

ဧက ၁၃၀ ခန့် ကျယ်ဝန်းသော ပြပွဲကြီးတွင် မြန်မာတို့က နှစ်ဧကခန့်ကျယ်သော ကမူကလေးပေါ်တွင် ပြသရသည်။ အိန္ဒိယပြခန်းနှင့် အရှေ့အာဖရိကပြခန်းများကြားတွင် ဖြစ်သည်။ ပြခန်း၏ ရှေ့မျက်နှာစာအဝင်ဝကို မှန်စီရွှေချထားသော ခုံးပေါက်အဝိုင်းများဖြင့် တန်ဆာဆင်ထားသည်။ ပြခန်းအဝင်ကျုံးကို ဖြတ်ကျော်ရန် ဆောက်လုပ်ထားသည့် ပေါင်းကူးတံတားမုခ်ဝကို မန္တလေးမဟာမြတ်မုနိဘုရားကြီးတန်ဆောင်းမုခ်ဝနှင့် ပုံတူဆောက်ထားသည်။ မုခ်ဝကို မြန်မာ့အစဉ်အလာကို ထိန်းသိမ်းသည့်အနေဖြင့် ခြသေ့်ကြီးနှစ်ကောင်က စောင့်ကြပ်ထားသည်။ ပြခန်းအဝင်တစ်ဖက်တစ်ချက်တွင် နီရဲ၍ ပြောင်လက်သော ဟင်္သာပဒါးသုတ်ထားသည့် ကျွန်းတိုင်ကြီးတစ်လုံးစီ ရှိသည်။ ပြခန်းဗဟိုနှင့် ထောင့်များတွင် ပေ ၁၀၀ ခန့်မြင့်သော ပြာသာဒ်များ ပါသည်။ ပြာသာဒ်ဘုံအဆင့်ဆင့်ကို စုလစ်မွမ်းချွန်းနှင့်တကွ ရွှေခြူနှင့် ရွှေညောင်ရွက်များလည်း ချိတ်ဆွဲထားသည်။ ထို့ကြောင့် လေပြည်လေညှင်းတိုက်ခတ်လျှင် ချိုလွင်သည့် ဆည်းလည်းသံသာကို ကြားနိုင်သည်။

မြန်မာပြခန်းသည် မြန်မာမှုပန်းပုလက်ရာများဖြင့် ကြွားကြွားဝင့်ဝင့်ရှိပြီး အဆင့်ဆင့်အသွယ်သွယ် ဆန်းကြယ်သော ပြာသာဒ်အဆောင်ဆောင်တို့မှာ အကွန့်အညွန့် အတွန့်အတက် ခြူးခက်ခြူးနွယ်များဖြင့် တင့်တယ်လှရုံမျှမက မြန်မာ့ပန်းပုပညာရှင်တို့၏ လက်စွမ်းပြပန်းပုလက်ရာတို့ဖြင့် ဝေဆာမြိုင်ဆိုင်လှသော ပြခန်းဖြစ်၍ လာရောက်ကြည့်ရှုသူများကို အထူးဆွဲဆောင်သော ပြခန်းဖြစ်သည်။ ဗြိတိသျှစာနယ်ဇင်းများက မြန်မာပြခန်းသည် အင်ပါယာပြပွဲကြီး၏ 'မျက်ရှုရတနာပြခန်း' ဖြစ်သည်ဟု တင်စား၍ ချီးကျူးရေးသားကြသည်။



ပြခန်းအတွင်း၌ ဆင်စွယ်ဝန်းယုက် ခြူးနွယ်ခက်များပါသော သစ်သားပန်းပုလက်ရာဖြင့် တန်ဆာဆင်ထားသည့် ကျောင်းဆောင်နှင့်တကွ မှန်စီရွှေချပလ္လင်ထက်ဝယ် တင့်တယ်သပ္ပာယ်လှသည့် ကျောက်သလင်းဆင်းတုတော်ကိုလည်း ဖူးတွေ့နိုင်သည်။ ပန်းပုရုပ်စုံ၊ ခေါင်းလောင်းတိုင်နှင့် ခေါင်းလောင်းကြီးများ၊ မြင့်မားလှသည့် တံခွန်တိုင်နှင့် ပန်းပုရုပ်လုံးရုပ်ကြွများ၊ မှန်စီရွှေချဆိုင်းဝိုင်းကြီး၊ ထီးသုံးနန်းသုံးဖြစ်ပြီး အမြင်ဆန်းသည့် သလွန်ညောင်စောင်းတို့ဖြင့် ရှုမငြီးဖွယ် ပြင်ဆင်ပြသထားသည်။ နတ်ပြည်၊ ငရဲပြည်နှင့် ၃၁ ဘုံကို ဆေးရောင်စုံဖြင့် ရေးဆွဲထားသော ဘုံစဉ်ပုရပိုက်လည်း ပြသထားသည်။

မြန်မာ့ပြခန်းအတွင်း ပြသထားသည့် ပြကွက်များမှာလည်း သစ်တောပြခန်း၊ ဘီအိုစီပြခန်း၊ ရှုဘီမိုင်းပြခန်း၊ ဆန်စပါး၊ သစ်၊ ဝါဂွမ်း၊ ဆေးနှင့် အခြားထွက်ကုန်များပြခန်း၊ နမ္မတူသတ္တုတွင်းပုံစံပြကွက်၊ ယွန်းထည်များ၊ ပုသိမ်ထီး၊ မန္တလေးထီး၊ အမရပူရထွက် လက်ရက်ပိုးထည်များ၊ ဆင်စွယ်၊ ငွေနှင့် ကြေးရုပ်တု၊ မောင်း၊ ကျောက်စိမ်းနီလာ ပတ္တမြားပြကွက်၊ ဥယျာဉ်ပြကွက်တွင် ထန်းပင်၊ အုန်းပင်၊ ပေပင် စသည်တို့သာမက ဆင်၊ ဒေါင်း စသည့် တိရစ္ဆာန်ပြကွက်များ စသည်ဖြင့် အမျိုးစုံလှသည်။ ထို့ကြောင့်လည်း မြန်မာ့ပြခန်းသို့ ရောက်သူသည် မြန်မာပြည်ကို ရောက်သွားသကဲ့သို့လည်းကောင်း၊ မန္တလေးမြေကို နင်းလိုက်ရသကဲ့သို့လည်းကောင်း ခံစားကြရသည်ဟု ဆိုသည်။

ဗြိတိသျှအင်ပါယာပြပွဲကြီးတွင် မြန်မာ့ဇာတ်သဘင်အဖွဲ့တစ်ဖွဲ့ကလည်း သွားရောက်ဖျော်ဖြေခဲ့ကြသည်။ ၎င်းဇာတ်အဖွဲ့မှာ မင်းသမီးကြီး မညွန့်ရီ ဦးစီးသည့် နာမည်ကျော်မင်းသား မောင်ဘလှဇာတ်သဘင်အဖွဲ့ဖြစ်ပြီး ဝတ်လုံတော်ရ မစ္စတာဆွင်ဟိုးက ကြီးကြပ်အုပ်ချုပ်သည်။ ဇာတ်အဖွဲ့တွင် ပါဝင်သူများမှာ ခေါင်းဆောင်မင်းသား မောင်ဘလှ၊ မင်းသမီး ဗလခင် ယိမ်းသမများဖြစ်ကြသော မအုန်းမြိုင်၊ မသန်းစိန်၊ မစောမြိုင်၊ မအုန်းမှင်နှင့် မချစ်တို့ဖြစ်ကြသည်။ မရီက မိန်းမအုပ်အဖြစ် လိုက်ပါရသည်။ ဆိုင်းအဖွဲ့တွင် ဆိုင်းဆရာ ကိုညိုသင်း၊ ကြေးဝိုင်းတီး ကိုဘိုးရွှေ၊ စည်းနှင့်ဝါး ကိုဘိုးခ၊ ပတ်မတီးမောင်သန်း၊ လင်းကွင်းတီး မောင်ဘချိန်၊ လက်ထောက်မင်းသား မောင်လှထွန်း(မောင်ရွှေမျက်မှန်)၊ နဲ့ဆရာဦးချစ်ဖေ၊ ခြင်းရွှဲဆရာ ကိုလော်ပေါ်နှင့် တပည့်မောင်ရွှေနှင့် မောင်ကျော်စိန်တို့ ဖြစ်ကြသည်။ မြန်မာ့ဇာတ်သဘင်အဖွဲ့က မြန်မာ့ပြခန်းအနီး ဖေယာပြင် ဇာတ်ခုံပေါ်တွင် ကပြဖျော်ဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့၏ အကနှင့် ခြင်းဝိဇ္ဇာဦးလော်ပေါ်တို့၏ မဟာဒူး၊ နောက်ပေါက်၊ အယိုင်ခတ် အလှခတ်အပါအဝင် ခြင်းခတ်ပုံအမျိုးမျိုးကို ဘိလပ်ပရိသတ်က ရင်သပ်ရှုမော တအံ့တသြနှင့် အထူးသဘောကျကြသည်။ ဦးလော်ပေါ်၏ ခဲရာခဲဆစ်ခြင်းခတ်ဟန်များကို ဓာတ်ပုံနှင့်တကွ စာနယ်ဇင်းများတွင် ဖော်ပြကြသည်။ အားပေးသူပရိသတ်များလွန်း၍ မြန်မာမဏ္ဍပ်အခင်းအကျင်းနှင့် မြက်ခင်းများပင် ပျက်စီးခဲ့ရသည်ဟု ဆိုသည်။ ထိုသို့ လူကြိုက်များသောကြောင့် ဝင်ဘလီကွင်းတွင်သာမက လန်ဒန်မြို့ရှိ ဓာတ်ရုံများ၌ပင် လှည့်လည်ကပြကြရသည်။

ဗြိတိသျှအင်ပါယာပြပွဲကြီးတွင် မြန်မာ့ပြခန်းမှာ ပြပွဲ၏ ‘မျက်ရှုရတနာ’ ဟု တင်စား၍ ပြောရလောက်အောင် နာမည်ကျော်ခဲ့သည့်အလျောက် မေရီမိဖုရားကြီးနှင့် သားတော်ဝေလမင်းသားတို့က နှစ်ခေါက်၊ ဒိန်းမတ်ဘုရင်နှင့် မိဖုရားတို့က နောက်တော်ပါများနှင့်အတူ နှစ်ခေါက်၊ စပိန်ဘုရင်မကြီးနှင့် သမီးတော်နှစ်ပါးနှင့် ရူမေးနီးယားမိဖုရား မာရီတို့က မြန်မာ့ပြခန်းသို့ လာရောက်အားပေးကြသည်။ ၎င်းအထူးဧည့်သည်တော်များအား မြန်မာ့အကဖြင့်သာမက ခြင်းအယဉ်အလှခတ်နည်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။ မေရီမိဖုရားကြီးအား မြန်မာအဖွဲ့က ရွှေထီးတစ်လက်လည်း ဆက်ကြသည်။

မြန်မာကို ကမ္ဘာက သိစေရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပြသခဲ့သော မြန်မာ့ပြခန်းသည် မြန်မာပြည်သူတို့၏ ချွေးနဲ့စာအခွန်ဘဏ္ဍာထဲမှ ကျပ် ၁၁ သိန်းအကုန်အကျခံ၍ ပြသခဲ့သော်လည်း နိုင်ငံခြားအရင်းရှင်ကြီးများအတွက်သာ အကျိုးရှိသည့် ပြခန်းဖြစ်၍ မြန်မာ့ပြခန်းပြသခြင်းကို ကန့်ကွက်ကြောင်း ၃၀-၈-၁၉၂၄ နေ့ ကျင်းပသော မင်းတိုင်ပင်အစည်းအဝေးတွင် အမတ်အချို့က အဆိုတင်သွင်းကြသည်။ အဆိုကို မဲခွဲဆုံးဖြတ်ရာ ၃၁ မဲဖြင့် အဆိုဘက်က ရှုံးသွားသည်။ (ဤပြပွဲအကြောင်းကို မကြန်၏ **သမိုင်းရှာပုံတော်ခရီးနှင့် အခြား စာတမ်းများ၊** ၂၀၀၂ စက်တင်ဘာလနှင့် **သမိုင်းဟူသည်နှင့် အခြားစာတမ်းများ၊** ၂၀၀၈ နိုဝင်ဘာတို့တွင် လေ့လာနိုင်ပါသည်။)



# မြန်မာ့ကာတွန်းဓာတ်လမ်းရုပ်ရှင်များ

မြန်မာ့ရုပ်ရှင်လောက၌ ကာတွန်းဓာတ်လမ်းရုပ်ရှင်ကားများလည်း ရှိခဲ့ဖူးသည်။ မြန်မာ့ကာတွန်းရုပ်ရှင်သည် ကြော်ငြာဖြင့် စတင်တာထွက်ခဲ့သည်ဟု ဆိုနိုင်သည်။ အကြောင်းမှာ ဦးရွှေရိုးအမည်ခံ ကာတွန်းဆရာကြီး ဦးဘကလေးက အိန်အန်တောင်ဗလရှင်ဆေးပြားကြော်ငြာကို ကာတွန်းရုပ်ရှင်ဖြင့် ၁၉၂၇ ခုနှစ်တွင် စတင်ရိုက်ကူးပြသခဲ့သောကြောင့် ဖြစ်သည်။ သို့သော်လည်း ပထမဆုံး ကာတွန်းဓာတ်လမ်းရုပ်ရှင်ကားမှာ ၁၉၂၉ ခုနှစ်တွင် ကာတွန်းဆရာကြီး ဦးဟိန်စွန်းနှင့် စာရေးဆရာ ဦးသိန်း(ဇဝန)တို့ ရေးဆွဲသော ‘ဦးကလိန်’ တေးသရုပ်ဖော်ကာတွန်းကားဖြစ်သည်။ ဗန္ဓုလရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ်သည်။ ဓာတ်လမ်းမဟုတ်ဘဲ ‘ဦးကလိန်’ ခေါ် ရည်းစားမျှော်သီချင်းကို လိုက်ဆိုတေး (ယခု ကာရာအိုကေကဲ့သို့)အဖြစ် ရေးဆွဲရိုက်ကူးထားသည့် ကာတွန်းတိုကလေးမျှသာဖြစ်သည်။

မြန်မာ့ပထမဆုံး ကာတွန်းဓာတ်လမ်းရုပ်ရှင်ဟု ခေါ်ဆိုနိုင်သည့် ‘ခင်ခင်တွန့်’ ခေါ် ‘မိုက်ခဲဟော့’ အမည်ရှိ ကားကို ဗြိတိသျှဘားမားကုမ္ပဏီမှ ၁၉၃၄ ခုနှစ်ဦးပိုင်းတွင် ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ထိုဓာတ်ကားပါ ကာတွန်းပုံများကို ဆရာကြီး ပျဉ်းမနားဦးလှက ရေးဆွဲသည်။ ကာတွန်းဓာတ်ကားမှ မင်းသားအမည်မှာ မိုက်ခဲဖြစ်ပြီး မင်းသမီးအမည်မှာ ခင်ခင်တွန့်ဖြစ်သည်။ ထိုနှစ် အောက်တိုဘာလအတွင်း ရုံတင်ပြသည့် ‘ဣတ္ထိယ’ အသံထွက်ဓာတ်ကားနှင့် ‘နောက်ပိုးရှူး’ ဓာတ်လမ်းနှစ်ခုပေါင်းပြသည့် စတားရုံ၌ ပူးတွဲပြသခဲ့သည့် ကာတွန်းကားဖြစ်သည်။ ၁၉၃၄ ခုနှစ်အတွင်းမှာပင် ပဲရော့ရုပ်ရှင်မှ ‘ကြက်တောင်ကွ’ ကာတွန်းဓာတ်လမ်းကားတစ်ကား ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ထိုကားအတွက် ကာတွန်းရုပ်ရေးဆွဲသူတို့မှာ ယခင် ဦးကလိန်ကာတွန်းကားရေးဆွဲသူ ဦးဟိန်စွန်းနှင့် နာမည်ကျော်ကာတွန်းဆရာကြီး ဦးဘဂျမ်းတို့ဖြစ်သည်။ ယခုခေတ် စူပါမင်းဓာတ်ကားမျိုးကဲ့သို့ မိုးပျံမြေလျှိုးသည့် လူစွမ်းကောင်းဓာတ်ကားမျိုးဖြစ်၍ ရုပ်ရှင်ဝါသနာအိုးများ အကြိုက်တွေ့သည့် ကားတစ်ကားဖြစ်သည်။ ထိုကားကို ၁၉၃၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ပလာဇာရုံ (နောင် ရာဇ်ရုံ၊ ယခု ဆကုရ)တွင် ‘သတင်းထောက်’ ဓာတ်ကားနှင့်အတူ ပြသခဲ့သည်။

နောက်ကာတွန်းကားတစ်ကားမှာ ပဲရော့ရုပ်ရှင်မှ ရိုက်သည့် ‘အသူရာ’ အမည်ရှိ ကားဖြစ်သည်။ ဦးဟိန်စွန်းနှင့် ဦးဘဂျမ်းတို့ကပင် ရေးဆွဲ၍ ၁၉၃၅

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်တွင် ရိုက်ကူးထုတ်လုပ်ပြသသည့် ကားဖြစ်သည်။ 'ကြက်တောင်ကွ' နှင့် 'အသူရာ' ဇာတ်ကားနှစ်ကားစလုံးမှာ ဖလင်ပေနှစ်ထောင်ခန့်ရှိ၍ ၁၅ မိနစ်ကျော် မိနစ် ၂၀ ခန့်သာ ပြသသည့် ကားများဖြစ်သည်။

## မြန်မာ့အလေးမပြိုင်ပွဲ (၁၉၂၈)

မြို့မယောက်ျားလေးကျောင်း၌ ၁၉၂၈ တွင် ကျင်းပသော အလေးမပြိုင်ပွဲဖြစ်သည်။ မြန်မာ့အားကစားသမိုင်း၌ ပထမဆုံး ကျင်းပသည့် ပွဲဖြစ်သည်။ ကာယဗလ ဦးရှိန်က ဦးဆောင်၍ မြို့မကျောင်းဆရာကြီး ဦးဘလွင်၊ မြို့မယောက်ျားလေးကျောင်း ကျောင်းအုပ်ကြီး ဝတ်လုံတော်ရ ဦးကျော်မြင့်နှင့် မြို့မဆရာဟိန်တို့၏ အားပေးကူညီမှုဖြင့် ကျင်းပသည်။ အလေးမကာယဗလအကြောင်း ဟောပြောပွဲလည်း ပါပြီး ဟောပြောသူမှာ ဦးရှိန်ပင်ဖြစ်သည်။

အလေးမပြိုင်ပွဲ ရှစ်စတုန်တန်းတွင် ကူရှင်ကျောင်းသား မောင်လှမောင်က ၁၅၅ ပေါင် မ,နိုင်သည်အထိ အစွမ်းပြခဲ့သည်။ ကိုးစတုန်တန်းတွင် ကိုစံရွှေနှင့် ၁၀ စတုန်တန်းတွင် ကိုညွှန့်တို့ အသီးသီးအနိုင်ရကြသည်။ အလေးမပြိုင်ပွဲအပြီးတွင် လူငယ်များ စိတ်ဓာတ်တက်ကြွလာစေရန် ရည်ရွယ်၍ ကြွက်သားစိုင်ကြွက်သားခဲများ၊ အဖုအထစ်များ ထုတ်ပြသည့် ကိုယ်ကာယအလှပြပွဲလည်း ပါသည်။ အနိုင်ရသူများကို ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က ငွေတံဆိပ်များ ချီးမြှင့်သည်။

## မြန်မာပြည် ကာယဗလအဖွဲ့ (၁၉၂၈)

ဦးရှိန်(ကာယဗလ)၏ ကြိုးပမ်းမှုကြောင့် မြန်မာပြည် ကာယဗလအဖွဲ့ {Burma(Myanmar) Physical Culture League] ကို ၁၉၂၈ ခုနှစ်တွင် ဖွဲ့နိုင်ခဲ့သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းရေးဖြစ်သည်။ အဖွဲ့ ၏ဆောင်ပုဒ်မှာ 'အာရောဂျ ပရမံလာဘံ' ဖြစ်သည်။ အဖွဲ့၏ စည်းရုံးမှုကြောင့် ကာယဗလလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။



## မြန်မာပြည်ပညာပြန့်ပွားရေးအသင်း (၁၉၂၈)

မြန်မာပြည်ပညာပြန့်ပွားရေးအသင်း (Myanmar Education Extension Association)ကို ၁၉၂၈ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်တည်ထောင်သည်။ ဦးဆောင်စည်းရုံးသူတို့မှာ မစ္စတာဖာနီဗယ် (J.S. Furnivall) နှင့် ဦးဖေမောင်တင်တို့ဖြစ်သည်။ ပထမဆုံးဥက္ကဋ္ဌမှာ ဆရာဝန်ကြီးကာနယ်ဘခက် ဖြစ်သည်။ အသင်းကို အားပေးကူညီခဲ့သူတို့မှာ မင်းကြီးဦးဆက်၊ ဝတ်လုံဦးဘဒွန်း၊ မီးရထားငွေစာရင်းဝန် ဦးဘစိန်၊ ပညာဝန် ဦးစိန်ရွက်နှင့် ဦးဖိုးစိန်၊ ဝတ်လုံဦးကျော်မြင့်၊ ဖျာပုံဝတ်လုံဒေါ်ဆင်၊ ဦးစောတင်၊ ဦးသိန်း၊ သူကြီးဂေဇက်ဦးခင်မောင်၊ ဦးထွန်းညို၊ မြို့မဦးဘလွင်နှင့် စီဒဗလျူးဒန်း စသူတို့ဖြစ်သည်။

ပညာပြန့်ပွားရေးအသင်းဆိုသည့် အမည်နှင့်အညီ အသိပညာတိုးပွားရေးအတွက် **ဂန္ထလောကမဂ္ဂဇင်း**ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ စာကြည့်တိုက်များ တိုးပွားလာရေးအတွက်လည်း စည်းရုံးလှုံ့ဆော်အားပေးသည်။ 'မြေအုတ်များပြိုလေရာ ကျောက်အုပ်ဖြင့် တည်ဆောက်အံ့' ဆိုသည့် ကြွေးကြော်သံဖြင့် ပေါ်လာသော ဤအသင်း၏ ဆောင်ရွက်ချက်ကြောင့် မြန်မာစာပေလောကတွင် ဘာသာပြန်စာပေအရေးတော်ပုံနှင့် ခေတ်စမ်းစာပေအရေးတော်ပုံများ ပေါ်ပေါက်ခဲ့ရသည်။

(**ဂန္ထလောကမဂ္ဂဇင်း**လည်း ကြည့်ပါ။)

## မြန်မာပြည်အမျိုးသားအပျော်တမ်းရဲတပ် (၁၉၂၉)

အမျိုးသားရဲတပ်ဟု ခေါ်သော မြန်မာပြည်အမျိုးသားအပျော်တမ်းရဲတပ်ကို ဆာမောင်ကြီးက ဦးဆောင်၍ ၁၉၂၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာလူငယ်များ ကိုယ်လက်ကျန်းမာရေး၊ စည်းကမ်းရှိရေး၊ စာရိတ္တကောင်းမွန်ရေးနှင့် ကိုယ့်နိုင်ငံကိုယ် ကာကွယ်ရေးတို့အတွက် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဗိုလ်ချုပ်မှာ ဦးမောင်ကြီးပင်ဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရက သတ်မှတ်ထားသော စည်းကမ်းဘောင်အတွင်းမှ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ သိုင်း၊ ခြင်းလုံးနှင့် ဘောလုံး စသည့် အားကစားနည်းနှင့် မီးသတ်ပညာများကို လေ့ကျင့်ကြသည်။ လက်နက်မဲ့ အခြေခံ

www.burmeseclassic.com



စစ်ပညာများကိုလည်း သင်ပေးခဲ့သည်။ လူငယ်များကို စစ်စိတ်စစ်သွေးသွင်းပေးခြင်း ဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့ လှည့်လည်ပွဲမျိုးတွင် ရဲတပ်ဘင်ခရာအဖွဲ့က ရဲစိတ်ရဲမာန် ဇာတိမာန်တက်ကြွစေသည့် ရဲဇာနည်သီချင်းကို သီဆိုတီးမှုတ်၍ ရှေ့ဆုံးမှ ချီတက်လေ့ရှိသည်။ မျိုးချစ်စိတ်နှင့် ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေရန် လှုံ့ဆော်ပေးခြင်းပင်ဖြစ်သည်။ အမျိုးသားရဲတပ်ဖွဲ့၏ ဆောင်ပုဒ်မှာ 'ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန်ပြော၊ ရဲရဲလုပ်' ဖြစ်သည်။ အမျိုးသားရဲတပ်ဖွဲ့များကို ကျေးလက်ရပ်ကွက်များတွင်သာမက အမျိုးသားကျောင်းများတွင်ပါ ဖွဲ့စည်းကြသည်။ အစိမ်းရောင် တူညီဝတ်စုံဝတ်သောကြောင့် အစိမ်းရောင်တပ် (Green Army) ဟုလည်း ခေါ်ကြသေးသည်။ ကိုလိုနီခေတ်တွင် ပထမဆုံးပေါ်ပေါက်ခဲ့သော အပျော်တမ်းတပ်ဟု ဆိုကြသည်။

## မြန်မာအမျိုးသမီးနေရှင်နယ်ကောင်စီ (၁၉၃၀)

မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီ (National Council of Burmese Women)ကို ၁၉၃၀ ပြည့်နှစ်တွင် အောက်ပါအမှုဆောင်များဖြင့် ဖွဲ့စည်းခဲ့သည်။

| | |
|---|---|
| ၁။ ဒေါ်မြမေ(မင်းကြီးကတော်) | ဥက္ကဋ္ဌ |
| ၂။ ဒေါ်မြရွှေ (ပညာအုပ်) | အကျိုးဆောင် |
| ၃။ ဒေါ်သန်းတင် (ဆာပေါ်ထွန်း၏ ဇနီး) | အမှုဆောင် |
| ၄။ ဒေါ်မမခင် (ဦးထွန်းညို၏ ဇနီး) | အမှုဆောင် |
| ၅။ ဒေါ်မြစိန် (ဦးမေအောင်၏ သမီး) | အမှုဆောင် |
| ၆။ ဒေါ်စန်း (အင်ဒီပင်းဒင့်ဂျာနယ်အယ်ဒီတာ) | အမှုဆောင် |
| ၇။ ဒေါ်ရွှေ | အမှုဆောင် |

ဤအဖွဲ့၏ ရည်ရွယ်ချက်မှာလည်း ဝံသာနုလှုပ်ရှားမှုတွင် အမျိုးသမီးများ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ရေးအတွက်ပင် ဖြစ်သည်။



## မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း (၁၉၃၀)

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်းကို ၁၉၃၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဖွဲ့သည်။ အသင်း၏ ရည်ရွယ်ချက်မှာ လူငယ်များ အမျိုးသားရေးစိတ်ဓာတ်တိုးပွားလာစေရေးအပါအဝင် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်သည်။ အသင်းကြီးသည် နိုင်ငံခြားစီးကရက်မသောက်ရေးအပါအဝင် နိုင်ငံခြားကုန်ပစ္စည်းများ သပိတ်မှောက်ရေးနှင့် ပြည်တွင်းဖြစ်ပစ္စည်းများ အားပေးရေးလုပ်ငန်းများကို ဦးစားပေး စည်းရုံးဆောင်ရွက်ခဲ့သည်။ အသင်း၏ ပထမဆုံးအမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| ၁။ ဆရာတင့်(မြို့မကျောင်း) | ဥက္ကဋ္ဌ |
| ၂။ ကိုနု (တက္ကသိုလ်ကျောင်း) | အတွင်းရေးမှူး |
| ၃။ ကိုခန့် (ပန်းတနော်) | တွဲဖက်အတွင်းရေးမှူး |
| ၄။ ကိုစံသိမ်း (တက္ကသိုလ်ကျောင်း) | ငွေထိန်း |
| ၅။ ဆရာဟိန် (မြို့မကျောင်း) | ပြန်ကြားရေးမှူး |
| ၆။ သခင်ဘသောင်း | အမှုဆောင်အဖွဲ့ဝင် |
| ၇။ သခင်လေးမောင် | အမှုဆောင်အဖွဲ့ဝင် |
| ၈။ သခင်ဗစိန် | အမှုဆောင်အဖွဲ့ဝင် |
| ၉။ ကိုဘတင် | အမှုဆောင်အဖွဲ့ဝင် |
| ၁၀။ ကိုလှထွန်း | အမှုဆောင်အဖွဲ့ဝင် |
| ၁၁။ ကိုအုံး | အမှုဆောင်အဖွဲ့ဝင် |

၁၉၃၂-၃၃ ခုနှစ်အတွက် အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ၁။ ဆရာတင့် | ဥက္ကဋ္ဌ |
| ၂။ သခင်လေးမောင် | အကျိုးဆောင် |
| ၃။ ကိုသီဟန် | ငွေထိန်း |
| ၄။ ကိုကျော်စိန် (ဂျပန်ပြန်) | အမှုဆောင်အဖွဲ့ဝင် |
| ၅။ သခင်ဗစိန်(ကျောင်းသား) | အမှုဆောင်အဖွဲ့ဝင် |
| ၆။ ကိုလှဖေ (ပင်ဖြူ) | အမှုဆောင်အဖွဲ့ဝင် |
| ၇။ ကိုလှမောင် (ကျောင်းဆရာ၊ ရဲတပ်) | အမှုဆောင်အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com




မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း၏တံဆိပ်



| | | |
|---|---|---|
| ၈။ | ကိုဘသွင် (သိုင်း) | အမှုဆောင်အဖွဲ့ဝင် |
| ၉။ | ကိုဘဆိုင် (ကျောင်းသား) | အမှုဆောင်အဖွဲ့ဝင် |

အသင်း၏ ၁၉၃၃-၃၄ ခုနှစ်အတွက် အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | ကိုခန့် (ပန်းတနော်) | ဥက္ကဋ္ဌ |
| ၂။ | သခင်လေးမောင် | အကျိုးဆောင် |
| ၃။ | ကိုသီဟန် (တက္ကသိုလ်ကျောင်း) | ငွေထိန်း |
| ၄။ | သခင်ဗစိန် (ယုဒသန်ကောလိပ်) | အမှုဆောင်အဖွဲ့ဝင် |
| ၅။ | ကိုလှဖေ (၅၁ လမ်း) | အမှုဆောင်အဖွဲ့ဝင် |
| ၆။ | ကိုလှမောင် (ကြည့်မြင်တိုင်) | အမှုဆောင်အဖွဲ့ဝင် |
| ၇။ | ကိုထွန်းတင် (တက္ကသိုလ်ကျောင်း) | အမှုဆောင်အဖွဲ့ဝင် |
| ၈။ | ကိုဘသွင် (စမ်းချောင်း) | အမှုဆောင်အဖွဲ့ဝင် |

၁၉၃၃ ခုနှစ်တွင် အသင်း၏ တည်နေရာမှာ အမှတ် ၁၇၂၊ ဆူပါပင် (၄၀)လမ်း၊ အလုံမြို့နယ်ဖြစ်သည်။ ဤလူငယ်အသင်းသည် ရန်ကုန်မြို့တွင်သာမက မြို့နယ်အများအပြား၌ အသင်းခွဲများ ရှိခဲ့သည်။ ကိုလိုနီခေတ်အတွင်းက လူငယ်များ အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာစေရန်နှင့် လူမှုရေးလုပ်ငန်းများ လုပ်ကိုင်တတ်စေရန်အတွက် ပေါ်ပေါက်ခဲ့သည့် လူငယ်အဖွဲ့အစည်းတစ်ခုဖြစ်၍ "မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်း"အကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

## မြန်မာပြည်ဆိုင်ရာမျက်နှာစုံညီအစည်းအဝေး (၁၉၃၁)
## Burma (Myanmar) Round Table Conference

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရကိုယ်စားလှယ်များနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ လန်ဒန်မြို့၌ ဆွေးနွေးကြသည့် မျက်နှာစုံညီအစည်းအဝေးဖြစ်သည်။ အစည်းအဝေးကို ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှ ၁၂.၁.၁၉၃၂ အထိ ကျင်းပသည်။ ထိုမျက်နှာစုံညီအစည်းအဝေးသို့ အောက်ပါမြန်မာကိုယ်စားလှယ်အဖွဲ့ ဟက်ရောက်ကြသည်။

၁။ သီပေါစော်ဘွား
၂။ ညောင်ရွှေစော်ဘွား

www.burmeseclassic.com



၃။ ဦးချစ်လှိုင် (လှိုင်ပုကျော်ဂျီစီဘီအေ)
၄။ သာယာဝတီဦးပု (လှိုင်ပုကျော်ဂျီစီဘီအေ)
၅။ ဦးထွန်းအောင်ကျော် (လှိုင်ပုကျော်ဂျီစီဘီအေ)
၆။ ဦးဘဘေ (၂၁ ဦးဂျီစီဘီအေ)
၇။ ဦးမောင်ကြီး (၂၁ ဦးဂျီစီဘီအေ)
၈။ ဒေါက်တာသိန်းမောင် (၂၁ ဦးဂျီစီဘီအေ)
၉။ ဦးဘစီ (၂၁ ဦးဂျီစီဘီအေ)
၁၀။ ဦးမောင်မောင်အုန်းခိုင် (၂၁ ဦးဂျီစီဘီအေ)
၁၁။ ဦးသာသာဝတီမောင်မောင် (ဦးစိုးသိမ်းဂျီစီဘီအေ)
၁၂။ ဦးစု (ဦးစုဂျီစီဘီအေ)
၁၃။ ဦးအောင်သင်း (ရွှေတောင်ကြားအဖွဲ့)
၁၄။ ဆာဒီဂလင်ဗီ (ရွှေတောင်ကြားအဖွဲ့) Sir Oscar DE Glanville
၁၅။ ဟိုကင်စိန် (ဦးကျင်သိန်း) Mr. Hoe Kim Seing
၁၆။ သရာရွှေဘ (ကရင်အမျိုးသား)
၁၇။ ဆစ်ဒနီလူနီ (ကရင်အမျိုးသား)
၁၈။ ဦးနီ (မြန်မာအမျိုးသားပါလီမန်အဖွဲ့)
၁၉။ ဒေါ်မြစိန် (မြန်မာအမျိုးသမီးအဖွဲ့)
၂၀။ မစ္စတာကာဝဲဂျီ (အိန္ဒိယအမျိုးသား) Mr. N.M. Cowasjee
၂၁။ မစ္စတာဟာဂျီ (အိန္ဒိယအမျိုးသား) Mr. Sanabhai Nemchand Haji
၂၂။ မစ္စတာဟားပါး (အင်္ဂလိပ်အမျိုးသား) Mr. Kenneth Brand Harper
၂၃။ မစ္စတာကင်းပနက် (အင်္ဂလိပ်အမျိုးသား) Mr. Charles Haswell Compagnac
၂၄။ မစ္စတာဟိုဝီဆန်း (အင်္ဂလိပ်အမျိုးသား) Mr. Robert Black Howison

ကိုလိုနီခေတ်အတွင်းက မြန်မာ့အရေးဆွေးနွေးရန် လန်ဒန်သို့ သွားခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့များအနက် အဖွဲ့ဝင်အများဆုံး ကိုယ်စားလှယ်အဖွဲ့ ဖြစ်သည်။ ဤစည်းဝေးပွဲကို ဝင်ဆာမြို့စား ဝေလမင်းသားကိုယ်တိုင် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားပြီး ဗြိတိသျှအစိုးရဘက်မှ ကိုယ်စားလှယ်ကိုးဦး တက်ရောက်ကြသည်။ ဤစည်းဝေးပွဲ၏ ရလဒ်မှာ မြန်မာတို့က အိန္ဒိယနှင့် ခွဲနေမည် သို့မဟုတ် တွဲနေမည်ကို ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သော အမတ်များပါသည့် ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ရန် သဘောတူကြခြင်းဖြစ်သည်။



## မြန်မာပြည်ခြေလျင်အဖွဲ့ကြီး (၁၉၃၂)

မြန်မာပြည် ခြေလျင်အဖွဲ့ကြီးကို ကာယဗလဦးရှိန်၊ ဦးဇော်ဝိတ်နှင့် မိုးကြိုး ဦးအုန်းခင်တို့က ဦးဆောင်၍ ဖွဲ့စည်းသည်။ ဤအဖွဲ့က ဦးဆောင်၍ ကျန်းမာရေးအတွက် လမ်းလျှောက်ပွဲများ ကျင်းပပေးသည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများပုံကို **သူရိယနှင့် မြန်မာ့အလင်း**သတင်းစာများတွင် ရေးကြ သည်။ ခြေလျင်အကြောင်း ဆောင်းပါးများရေးသော ဦးအုန်းခင်လည်း ခြေလျင် ဦးအုန်းခင်ဟု ထင်ရှားလာသည်။

မြန်မာပြည် ခြေလျင်အဖွဲ့ကြီးကို အားပေးကူညီခဲ့သူများတွင် တက္ကသိုလ်ကျောင်းသားများဖြစ်ကြသည့် ကိုအုန်း၊ ကိုသိန်းဖေ (ဦးသိန်းဖေမြင့်)၊ ကိုနု (ဝန်ကြီးချုပ်ဟောင်း ဦးနု)၊ မြန်မာ့အလင်း ဦးတင်၊ လူထုဦးလှ၊ သူရိယသတင်းစာအယ်ဒီတာ ဦးပုကလေး၊ ဦးမောင်မောင်နှင့် ဦးကျင် စသူတို့ ပါဝင်ကြသည်။

## မြန်မာနှင့်အိုလံပစ်အားကစားပွဲ (၁၉၃၆)

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ၁၉၃၆ ခုနှစ်တွင် ကျင်းပသော ၁၁ ကြိမ်မြောက် အိုလံပစ်အားကစားပွဲတော်သို့ မြန်မာနိုင်ငံမှ ကာယဗလဦးရှိန်နှင့် ဦးဇော်ဝိတ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ၁၉၃၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဦးရှိန်နှင့် ဦးဇော်ဝိတ်တို့ ရန်ကုန်မှ ကာလကတ္တားသို့ မီးသင်္ဘောဖြင့်သွားသည်။ ကာလကတ္တားမှတစ်ဆင့် အီတလီနိုင်ငံ ဗင်းနစ်မြို့၊ ထိုမှတစ်ဆင့် မြူးနစ်မြို့နှင့် ဘာလင်သို့ သွားရောက်ခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံမှာ အိန္ဒိယနိုင်ငံ၏ ပြည်နယ်အဆင့်သာဖြစ်၍ ဦးရှိန်တို့မှာ အိန္ဒိယနိုင်ငံ၏ အားကစားအဖွဲ့ဝင်များအဖြစ်ဖြင့် လိုက်ပါကြရသည်။ ထိုအခြေအနေကြောင့် အိန္ဒိယအားကစားသမားများ၏ဝတ်စုံဖြစ်သည့် ပန်ချာပီခေါင်းပေါင်းနှင့် ဝေ့စကုတ်ကို ဝတ်၍ ပါဝင်ယှဉ်ပြိုင်ခဲ့ရသည်။

ဦးဇော်ဝိတ် ပါဝင်ရသည့် မစ်ဒယ်ဝိတ်တန်း အလေးမပြိုင်ပွဲနေ့မှာ ၁၉၃၆ ခု၊ ဩဂုတ်လ ၂ ရက်နေ့ ဖြစ်သည်။ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အလေးမသမား ၁၄ ယောက် ပါဝင်ယှဉ်ပြိုင်ကြသည်။ ဦးဇော်ဝိတ်က အချိန် ၆၈၂

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ဖြင့် အဆင့် ၁၄ ရသည်။ ပြိုင်ပွဲတွင် အီဂျစ်နိုင်ငံမှ တိုနီက ကမ္ဘာ့စံချိန်ချိုး၍ ပထမရသွားသည်။ ဂျာမနီမှ ချန်ပီယံ အစ္စမေယာနှင့် ဝါတနာတို့က ဒုတိယနှင့် တတိယ အသီးသီးရကြသည်။ ထိုပွဲသို့ ဂျာမနီအာဏာရှင် ဟစ်တလာနှင့် ပရိသတ်နှစ်သောင်းကျော် လာရောက်အားပေးကြသည်။

## မြန်မာပြည်ရောက် နေရူး (၁၉၃၇)

ကိုလိုနီခေတ်အတွင်းက အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး အိန္ဒိယပြည်ကွန်ဂရက်ပါတီဥက္ကဋ္ဌ ပဏ္ဍစ်ဂျဝါဟာလာနေရူး မြန်မာနိုင်ငံသို့ တစ်ကြိမ် ချစ်ကြည်ရေးခရီး လာသွားဖူးသည်။ နေရူးသည် အသက် ၂၀ အရွယ်ရှိ သ္မီးသမီး အင်ဒီရာနှင့်အတူ ၇-၅-၁၉၃၇ နေ့တွင် ရန်ကုန်သို့ ရောက်လာသည်။ ရန်ကုန်သင်္ဘောဆိပ်၌ အိန္ဒိယသားများက ပန်းကုံးစွပ်၍ ကြိုဆိုကြသည်။ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး နေရူး မြန်မာပြည်သို့ လာရောက်သည့် အကြောင်းမှာ ဤသို့ဖြစ်သည်။၁၉၃၇ ခုနှစ်အတွင်းက ဖာရာဏာသီမြို့၌ အိန္ဒိယပြည်လုံးဆိုင်ရာ ကွန်ဂရက်ညီလာခံကျင်းပသောအခါ မြန်မာပြည်ကွန်ဂရက်အဖွဲ့ခွဲမှ ဥက္ကဋ္ဌဒါဒါကျန်ဂျီနှင့် အတွင်းရေးမှူး ရှရီရာမေရှဂေါက်တမ်တို့ဖျက် တက်ရောက်ခဲ့ပြီး ၎င်းတို့က နေရူးအား မြန်မာပြည်လာရန် ဖိတ်ကြားခဲ့သောကြောင့် ဖြစ်သည်။

နေရူးနှင့်အဖွဲ့ ရန်ကုန်ရောက်သောအခါ မြူနီစီပယ်အဖွဲ့က မြို့တော်ခန်းမ၌ ဂုဏ်ပြုညေ့ခံပွဲ ပြုလုပ်သည်။ ထို့နောက် ဗန္ဓုလပန်းခြံ၌ အိန္ဒိယ၏လွတ်လပ်ရေးကြိုးပမ်းမှုအကြောင်း ဟောပြောသည်။ နေရူးနှင့်အဖွဲ့ ရန်ကုန်တွင်ရှိနေစဉ် တို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်များနှင့် တို့ဗမာအစည်းအရုံးဌာနချုပ်၌ တွေ့ဆုံဆွေးနွေးသည်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသိမ်းမောင်နှင့် ဝတ်လုံတော်ရ ဦးဘဒွန်းတို့ကလည်း နေရူးအား ၎င်းတို့အိမ်သို့ ဖိတ်၍ ညေ့ခံပွဲပြုလုပ်ကြသည်။ ရွှေတိဂုံဘုရားကိုလည်း သွားရောက်ကြည်ညိုသည်။ ထို့နောက် မော်တော်ယာဉ်ဖြင့် မန္တလေးသို့သွားသည်။ ထိုခရီးစဉ်အတွင်း ပဲခူး၊ ဇေယျာဝတီ၊ ဖြူးနှင့် တောင်ငူမြို့များ၌ ကြိုဆိုနှုတ်ဆက်သူများအား တရားဟောသည်။

နေရူး မန္တလေးသို့ ရောက်သွားချိန်သည် မန္တလေး ဗဟိုအမျိုးသားကျောင်းဝင်းအတွင်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် ကြုံသည်။ ထိုညီလာခံ၌ ပဏ္ဍစ်နေရူး



စစ်တွေမြို့သို့ ရောက်ရှိလာသော အိန္ဒိယအမျိုးသားကွန်ဂရက်ဥက္ကဋ္ဌခေါင်းဆောင်ကြီး
ပဏ္ဍစ်ဂျဝါနေရူးနှင့် သမီး မစ်အင်ဒီရာဓေဝီ
(နောင်အခါတွင် အိန္ဒိယနိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာသူ အင်ဒီရာဂန္ဒီ)

www.burmeseclassic.com

www.burmeseclassic.com



အဖွင့်မိန့်ခွန်းပြောကြားရန် စီစဉ်ထားသည်။ ထို့ကြောင့် နေရှူးနှင့် သမီး အင်ဒီရာတို့ စင်မြင့်ပေါ်ရောက်ပြီးနောက် ဧည့်ခံကော်မတီဥက္ကဋ္ဌ ကိုဗဟိန်းက မိတ်ဆက်စကားပြောသည်။ ထို့နောက် ပဏ္ဍစ်နေရှူးက တစ်နာရီကြာ မိန့်ခွန်းပြောသည်။ နေရှူး ပြောပြီးနောက် သခင်အောင်ဆန်းက မိန့်ခွန်းဆက်ပြောသည်။ ဤသို့ဖြင့် နေရှူးနှင့် သခင်အောင်ဆန်းတို့ ခင်မင်ရင်းနှီးမှု ရရှိသွားကြသည်။

နေရှူးနှင့် သမီး အင်ဒီရာတို့သည် မန္တလေးမှတစ်ဆင့် ပြင်ဦးလွင်သို့ တက်သည်။ ထို့နောက် မန္တလေးမှ ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် ပုသိမ်၊ စစ်တွေ၊ မအူပင်၊ ဝါးခယ်မ၊ မော်လမြိုင်၊ သာယာဝတီ၊ လက်ပံတန်းနှင့် ရေနံချောင်းမြို့ များသို့ သွားရောက်လေ့လာသည်။ ရေနံချောင်း၌ ရေနံတွင်းများကို လှည့်လည် လေ့လာသည်။ အိန္ဒိယသို့ မပြန်မီ ရန်ကုန်၌ ရှိနေစဉ် အိန္ဒိယကုန်သည်ကြီးများ အသင်း၊ ဟိန္ဒူမဟာဘာအသင်း စသည်ကဲ့သို့ အသင်းများက ပြုလုပ်သည့် ဧည့်ခံပွဲများသို့လည်း တက်သည်။ ဥက္ကဋ္ဌဦးဘချို ခေါင်းဆောင်သော ဖေဘီယန်အဖွဲ့နှင့် တွေ့ဆုံ၍ ဆွေးနွေးပွဲလုပ်သည်။ တို့ဗမာအစည်းအရုံးက ကြီးမှူး၍ စမ်းချောင်း၌ ပြုလုပ်သော တရားပွဲ၌လည်း မိန့်ခွန်းပြောသည်။ ဆရာတော်ဦးဥတ္တမနှင့်လည်း တွေ့ဆုံသည့်အပြင် ဂဠုန်ဦးစောက ဖိတ်သော ဧည့်ခံပွဲလည်း တက်သည်။ တိုးတက်သော နိုင်ငံရေးအင်အားစုများက နေရှူးကို လှိုက်လှဲစွာကြိုဆိုကြသော်လည်း ညွန့်ပေါင်းအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့နှင့် ဦးချစ်လှိုင်တို့အဖွဲ့က ကြိုဆိုဧည့်ခံခြင်း မပြုလုပ်ကြပေ။ နေရှူးနှင့် သူ့သမီး အင်ဒီရာတို့ ရန်ကုန်မှပြန်လည်မထွက် ခွာမီ မေလ ၂၀ ရက်နေ့တွင် ဂျူဗလီဟော၌ နှုတ်ဆက်ပွဲကျင်းပသည်။ ထို အခမ်းအနား၌ နေရှူးက ဆိုရှယ်လစ်ဝါဒအကြောင်း အသေးစိတ်ဟောသွားသည်။မြန်မာပြည်ရှိ ချစ်တီးများအား မြန်မာတိုင်းရင်းသားများ အပေါ် ထောက်ထားစာနာ ကြရန် နယ်တရားပွဲများ၌ ထည့်သွင်းဟောပြောခဲ့သည် ဟုလည်း ဆိုသည်။

## မြန်မာပြည်လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ (၁၉၃၉)

မြန်မာပြည် လွတ်လပ်ရေးအမျိုးသမီးအဖွဲ့ကို ၁၉၃၉ ခု၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွဲ့သည်။ ဒီးဒုတ်ဦးဘချို၏ ဇနီး ဒေါ်လှမေက ဥက္ကဋ္ဌဖြစ်ပြီး ဒေါ်ခင်မြ(ဒေါ်ခင်မျိုးချစ်)က အတွင်းရေးမှူးဖြစ်သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ မြန်မာ့လွတ်လပ်ရေးနှင့် အမျိုးဘာသာ၊ သာသနာရေးများကို အမျိုးသမီးများ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး ဖြစ်သည်။



ဒုတိယကမ္ဘာစစ်ပြီးသောအခါ အဖွဲ့အမည်ကို "ဗမာပြည်လွတ်လပ်ရေးအမျိုးသမီးအစည်းအရုံး" (ဗလမစ)ဟု ပြောင်းလဲပြီး ဥက္ကဋ္ဌ ဒေါ်ခင်လှ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သဲညွန့်၊ အတွင်းရေးမှူး ဒေါ်မြတင်တို့ပါသော အမှုဆောင်အဖွဲ့သစ်ဖြင့် ဖွဲ့စည်းခဲ့သည်။

## မြန်မာပြည်ရုပ်ရှင်အသင်းကြီး(၁၉၄၂)

မြန်မာပြည်ရုပ်ရှင်အသင်းကြီးကို ၁၉၄၂ ခု၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ အေဝမ်းရုပ်ရှင်ကုမ္ပဏီရုံး၌ တည်ထောင်သည်။ ထိုအခမ်းအနားသို့ နိပ္ပွန်စစ်ဘက်ဆိုင်ရာ ဝါဒဖြန့်ချိရေးဌာနမှ မစ္စတာတီဆူဘိုအူချိ၊ မစ္စတာအင်ဒိုး၊ မစ္စတာအက်စကီနှင့် မြန်မာရုပ်ရှင်ကုမ္ပဏီ ၁၆ ကုမ္ပဏီမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးပထမပိုင်းတွင် အသင်းကြီး၏ ရည်ရွယ်ချက်များကို အေဝမ်းဦးလှဘူးက ရှင်းပြသည်။ ထို့နောက် အသင်းတည်ထောင်ရန် အများသဘောတူ ဆုံးဖြတ်ပြီး အမှုဆောင် ၂၁ ဦးကို ရွေးကောက်တင်မြှောက်ကြသည်။

အသင်း၏ ရည်ရွယ်ချက်များမှာ မြန်မာရုပ်ရှင်ဇာတ်ကားများ၊ သတင်းကားများ၊ ပညာရေးနှင့်ဆိုင်သော ကားများ ရိုက်ကူးရန်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းကို သန့်စင်ကောင်းမြတ်သော လုပ်ငန်းဖြစ်လာစေရန်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း အဆင့်အတန်းမြင့်လာစေရန်၊ မြန်မာပြည်သူပြည်သားများ၏ အကျင့်စာရိတ္တနှင့် ပေါင်းသင်းဆက်ဆံရေး စသည့် လုပ်ငန်းများ တိုးတက်လာစေမည့် အနှစ်သာရနှင့် ပြည့်ဝသော ဇာတ်ကားကောင်းများ ရိုက်ကူးနိုင်ရန်၊ ရန်ကုန်နှင့် နယ်များ၌ အသင်းပိုင်ရုံရှင်များတည်ထောင်ရန်၊ ရုပ်ရှင်ဇာတ်ကားများ တည်းဖြတ်ရေးနှင့် အခွန်ကောက်ခံရေးတို့အတွက် အစိုးရနှင့် စေ့စပ်ပြောဆိုနိုင်ရေးအတွက် ရုပ်ရှင်အသင်းကြီးတွင် အစိုးရကိုယ်စားလှယ်အဖွဲ့ ပါဝင်လာရေးဆောင်ရွက်ရန် ဇာတ်ကားကောင်းများထုတ်လုပ်သူနှင့် ထူးချွန်ရုပ်ရှင်ပညာသည်များအား ထိုက်သင့်သည့် ဆုတံဆိပ်များပေးရန်တို့ ဖြစ်သည်။

အမှုဆောင် ၂၁ ဦးအနက်မှ အလုပ်အမှုဆောင်အဖွဲ့ဝင် ခုနစ်ဦးကို ထပ်မံရွေးချယ်ရာတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ကြသည်။

၁။ မစ္စတာ ဝါတာနာဘီ(နိပ္ပွန်အသံဖမ်းစက်ဆရာကြီး) နာယက

၂။ ဦးညွန့် (နိပ္ပွန်ဘားမား) ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com




၃။ ဦးတင်နွယ် (အေဝမ်း) ဒုတိယဥက္ကဋ္ဌ
၄။ ဦးဆံနီ (ပဲရော့) ငွေထိန်း
၅။ ဦးစံသိန်း (ရုပ်ရှင်ဖြန့်ချိရေး) အတွင်းရေးမှူး
၆။ ဦးကြည် (သက်နှင်းဘရားသား) ဒုတိယအတွင်းရေးမှူး
၇။ ဦးမြင့် (နိပွန်ဘားမား) စာရင်းစစ်

## မြန်မာစာရေးဆရာများနှင့်အိပ်ချ်ဂျီဝဲလ်

ကမ္ဘာကျော်စာရေးဆရာကြီး (H.G. Wells) အိပ်ချ်ဂျီဝဲလ် ၁၉၃၉ ခုနှစ်တွင် မြန်မာပြည် လာလည်သည်။ သူ မြန်မာပြည်ရောက်နေစဉ် ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာစာရေးဆရာ ၄၆ ယောက်တို့က ဆရာကြီးအား ရန်ကုန်တက္ကသိုလ် လေ့လော့်အသင်း၌ လက်ဖက်ရည်ပွဲနှင့် ဂုဏ်ပြုညှိနှိုင်းခံပွဲကျင်းပကြသည်။ ထိုဂုဏ်ပြုညှိခံပွဲသို့ သခင်အောင်ဆန်းအပါအဝင် ဒေါက်တာထင်အောင်၊ ဆရာကြီး ဂျီအိပ်ချ်လုစ်၊ ဒဂုန်ဦးစန်းငွေ၊ ရွှေညာမောင်၊ မိုးကြိုးဦးအုန်းခင်၊ ဦးစောဦး၊ သခ်ီ၊ ရဲထွဋ်၊ ရဲသမိန်၊ ဦးစံထွား၊ ဆရာဇမ္ဗူနှသံ၊ ဦးဖိုးကျား၊ နယူးဘားမား ဦးတင်မောင်၊ သူရိယဦးသိမ်းမောင်၊ သူကြီးဂေဇက်၊ ဦးခင်မောင်၊ မဟာဆွေ၊ ဒဂုန်နတ်ရှင်၊ လူထုဦးလှ၊ မြဒေါင်းညို၊ ဆရာတက်တိုး၊ မောင်အာယု၊ ဦးညိုမြ၊ ဒဂုန်တာရာ၊ သိပ္ပံစိုးလှ၊ ခင်လေးမောင်၊ ထင်ကြီး၊ သိန်းဖေမြင့်၊ ကိုတင်ညွန့်၊ ကိုတင်အေး၊ သုခ၊ တက္ကသိုလ်ဆုမြိုင်၊ ဒဂုန်ဦးလှဘူး၊ ဦးသန်းဖေ၊ ဦးမောင်မောင်ကျော်ဝင်း၊ ပန်းဝတ်ရွှေ၊ ဦးရန်အောင်၊ ဇဝန၊ ဦးချစ်မောင်၊ မြမျိုးလွင်၊ သော်တာစန်း၊ ခင်မျိုးချစ်၊ ဒဂုန်ခင်ခင်လေး၊ သိပ္ပံကျော်ထင်၊ ဦးမောင်မောင်ပြေနှင့် ဓာနည်ဆွေတို့ တက်ရောက်ကြသည်။

ညှိခံပွဲတွင် ဆရာကြီးဝဲလ်က မြန်မာစာရေးဆရာများကို ရင်းရင်းနှီးနှီး တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်သည်။ ဆရာကြီးက မေး၍ ဆရာမြမျိုးလွင်က သူဝတ္ထုစာအုပ်ပေါင်း ၇၅ အုပ်ရေးပြီးကြောင်း ပြောသောအခါ ဆရာကြီးက တအံ့တသြကြီးနှင့် 'ခင်ဗျားက ကျုပ်ထက်သာတယ်၊ ကျုပ်က အုပ် ၅၀ လောက်ပဲ ရေးပြီးသေးတယ်'ဟု ပြန်ပြောသည်။ ဆရာကြီးဝဲလ် မြန်မာပြည်ရောက်လာချိန်သည် ရန်ကုန်မြို့ ကျောင်းသားများ ဆန္ဒပြပွဲတွင် ဗိုလ်အောင်ကျော်ကျဆုံးပြီးစအချိန်ဖြစ်သည်။ ထို့ကြောင့် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်အပါ



၁၃၀၀ ပြည့်နှစ်က ရန်ကုန်တက္ကသိုလ် လေ့လော့်သင်းတွင် စာရေးဆရာကြီး(အိတ်ဂျီဝဲ) ဂုဏ်ပြုပွဲတွင် တက်ရောက်ကြသော မြန်မာကလောင်ရှင်များ

နောက်ဆုံးတန်း (၁) သုခ (၂) တက္ကသိုလ်ဆုမြိုင် (၃) ဒဂုန်ဦးလှဘူး
ဒုတိယတန်း (၁) ဦးသန်းဖေ (၂) ဦးမောင်မောင်ကျော်ဝင်း (၃) ပန်းဝတ်ရွှေ (၄) ဦးရန်အောင် (၅) ဇဝန (၆) ဦးချစ်မောင် (၇) မြမျိုးလွင် (၈) သော်တာစန်း (၉) ဒဂုန်ဦးစန်းငွေ (၁၀) ရွှေညာမောင် (၁၁) မိုးကြိုးဦးအုန်းခင် (၁၂) ဦးစောဦး (၁၃) သခ်ီ (၁၄) ရဲထွဋ် (၁၅) ရဲသမိန် (၁၆) ဦးစံထွား (၁၇) ဆရာဇမ္ဗူနှသံ
ထိုင်နေသူများ (၁) ပါမောက္ခလုစ် (၂) ခင်မျိုးချစ် (၃) ဒဂုန်ခင်ခင်လေး (၄) သိပ္ပံကျော်ထင် (၅) ဦးမောင်မောင်ပြေ (၆) ဓာနည်ဆွေ (၇) ဒေါက်တာထင်အောင် (၈) ဆရာကြီးအိတ်ဂျီဝဲလ် (၉) ဦးဖိုးကျား (၁၀) နယူးဘားမားဦးတင်မောင် (၁၁) သူရိယဦးသိမ်းမောင် (၁၂) သူကြီးဂေဇက် ဦးခင်မောင် (၁၃) မဟာဆွေ (၁၄) ဒဂုန်နတ်ရှင် (၁၅) လူထုဦးလှ (၁၆) မြဒေါင်းညို
ရှေ့ဆုံးတန်း (၁) ကိုတင်ညွန့် (၂) တက်တိုး (၃) ကိုဘအေး (၄) မောင်အာယု (၅) ညိုမြ (၆) ဒဂုန်တာရာ (၇) သိပ္ပံစိုးလှ (၈) ခင်လေးမောင် (၉) ထင်ကြီး (၁၀) တက်ဘုန်းကြီးသိန်းဖေမြင့်

www.burmeseclassic.com

www.burmeseclassic.com



အဝင် မြန်မာစာရေးဆရာများက အင်္ဂလိပ်အစိုးရ၏ ဆိုးသွမ်းရက်စက်ပုံနှင့် ဗိုလ်အောင်ကျော်ကို ပုလိပ်များရိုက်၍ သေရပုံကို ပြောပြကြသည်။ ဆရာကြီးဝဲလ်က သူ အင်္ဂလန်ပြန်ရောက်သောအခါ ဗိုလ်အောင်ကျော် ကျဆုံးရသည့် အရေးအခင်းအကြောင်းကို "Trouble in Burma (Myanmar)" ခေါင်းစဉ်ဖြင့် News Chronicle သတင်းစာ၌ ကျောင်းသားများကို ပုလိပ်များက ရိုက်နှက်နေသည့်ပုံပါသည့် ဓာတ်ပုံနှင့်တကွ ဖော်ပြပေးခဲ့သည်။

ထိုဧည့်ခံပွဲအတွက် ဖိတ်ကြားရေးတာဝန်ခံ ဦးညိုမြက သခင်အောင်ဆန်းကို နိုင်ငံရေးသမားဟု သတ်မှတ်ပြီး ဧည့်ခံပွဲသို့ မဖိတ်ကြားခဲ့ပေ။ သို့သော် သခင်အောင်ဆန်းက သူအိုးဝေအယ်ဒီတာလုပ်ဖူးတာ မေ့သွားပြီလားဟု ပြောမှ ဦးညိုမြက "ဆောရီး"ဟု တောင်းပန်ပြီး ဖိတ်လိုက်သည်။ ထို့ကြောင့် ဧည့်ခံပွဲသို့ သခင်အောင်ဆန်း တက်ရောက်လာသော်လည်း ဖိတ်စာမရ၍ ဓာတ်ပုံရိုက်ရာတွင် မပါချင်ဟုဆိုကာ စားသောက်ပြီး ပြန်သွားသည်ဟု ဆိုသည်။ ဤတွင် သခင်အောင်ဆန်းသည် စာရေးဆရာဘဝကို ခုံမင်နှစ်သက်သည့် ပုံရိပ်ကလေးကို တွေ့မြင်ရသည်။ ဖိတ်စာရသော်လည်း ဧည့်ခံပွဲသို့ မတက်ရောက်နိုင်သူမှာ ဆရာကြီးပီမိုးနင်း ဖြစ်သည်။

စာရေးဆရာကြီးဝဲအား မြန်မာစာရေးဆရာများ၏ ဂုဏ်ပြုဧည့်ခံပွဲသည် ကမ္ဘာကျော်စာရေးဆရာကြီး မြန်မာပြည်သို့ လာသွားဖူးသည်၊ ဆရာကြီးဝဲလိုပုဂ္ဂိုလ်က ချီးကျူးရသည့် ဆရာကြီးမြမျိုးလွင်ကဲ့သို့ မြန်မာစာရေးဆရာမျိုးလည်း ရှိခဲ့ဖူးသည်ဆိုသည့် အသိအမြင်နှင့်တကွ မြန်မာ့သမိုင်း၌ စာရေးဆရာများ ပထမဆုံးအကြိမ် အများဆုံးစုဝေးမိသည့် ပွဲဖြစ်ပြီးနောက် တစ်ဖန် ၆-၁-၁၉၄၀ နေ့တွင် ဆရာကြီးပီမိုးနင်း ကွယ်လွန် ချိန်တွင် စာရေးဆရာများ ထပ်မံဆုံစည်းမိကြရာမှ မြန်မာပြည်စာရေးဆရာများအသင်း ပေါ်လာခြင်းဖြစ်၍ ဆရာကြီးဝဲအား ဂုဏ်ပြုဧည့်ခံပွဲသည် မြန်မာစာရေး ဆရာများအသင်း ပေါ်လာစေရန် ရေစေ့ခဲ့ပေးသည့် ဧည့်ခံပွဲဖြစ်၍ စာပေလောကအတွက် သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုနိုင်ပါသည်။



# မြန်မာပြည်စာရေးဆရာများအသင်း

မြန်မာပြည် စာရေးဆရာများအသင်းအကြောင်း သိလို၍ လေ့လာကြည့်သောအခါ စာရေးဆရာအသင်း စတင်ဖွဲ့စည်းသည့် ရက်စွဲနှင့်ပတ်သက်၍ အမှတ်အသားမတူကြကြောင်း တွေ့ရှိရသည်။ မလိခ၏ **မြန်မာဝတ္ထုအညွှန်း**စာအုပ်တွင် စာရေးဆရာအသင်းကို ၁၉၃၇ တွင် စတင်တည်ထောင်သည်ဟု ဆိုထားသော်လည်း **မြန်မာ့စွယ်စုံကျမ်း** အတွဲ ၃ တွင်မူ ၁၉၃၉ မတိုင်မီက စာရေးဆရာအသင်းဟူ၍ မရှိသေးဘဲ စာရေးဆရာအချို့က ဖွဲ့စည်းထားသော ကလောင်အဖွဲ့သာရှိပြီး ၁၉၄၀ တွင်မှ စာရေးဆရာအသင်း ပေါ်လာသည်ဟု ဆိုပါသည်။

လူထုဦးလှ၏ အဆိုအရ မြန်မာပြည်စာရေးဆရာအသင်းကို ၁၉၃၇-၃၈ လောက်က စဖွဲ့သည်ဟု သိရသည်။ ရန်ကုန်အရှေ့ပိုင်း ကရိလမ်း(ဗိုလ်မြတ်ထွန်းလမ်း)ရှိ မက်သဒစ်ယောက်ျားလေးကျောင်း၌ ပြုလုပ်သော စာရေးဆရာများအစည်းအဝေးမှ ဒီးဒုတ်ဦးဘချိုကို ဥက္ကဋ္ဌတင်မြှောက်၍ စာရေးဆရာအသင်းကို ဖွဲ့စည်းခဲ့သည်။ ထိုအစည်းအဝေးသို့ မဟာဆွေ၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ သန်္ဒါ၊ သိပ္ပံကျော်ထင်၊ သိရိမောင်နှင့် ဦးသိန်းဖေမြင့်တို့ အပါအဝင် စာပေနယ်မှ လူ ၃၀ ခန့် တက်ရောက်ကြသည်။ မန္တလေး၌ အာဇာနည် ၁၇ ဦး ကျဆုံးသည့် အရေးအခင်းဖြစ်သောအခါ ဦးဘခိုင်က သတင်းစာဆရာများ ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ လူထုဦးလှက စာရေးဆရာအသင်းကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ရန်ကုန်မှ ပန်းခွေ ၁၇ ခွေကို ယူဆောင်ကာ မန္တလေး အာဇာနည် ၁၇ ဦးတို့၏ အသုဘသို့ တက်ရောက်ခဲ့ကြသည်။

ဆရာဦးရန်အောင်၏ အဆိုအရမူ အင်္ဂလိပ်စာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ် ၁၉၃၉ တွင် ရန်ကုန်လာသောအခါ မြန်မာစာရေးဆရာ ၅၀ ခန့်က အိပ်ချ်ဂျီဝဲလ်အား ရန်ကုန်တက္ကသိုလ်လေ့လော့အသင်းအနီး အင်းယားကန်စပ်၌ ဧည့်ခံပွဲလုပ်ရာမှ စာရေးဆရာများ စုစည်းမိကြပြီးနောက် ၆-၁-၁၉၄၀ ပြည့်တွင် စာရေးဆရာကြီး ပီမိုးနင်း ကွယ်လွန်သောအခါ စာရေးဆရာများ ထပ်မံဆုံစည်းမိကြရာမှ စာရေးဆရာအသင်း ပေါ်လာသည်ဟု ဆိုပါသည်။ စာရေးဆရာအသင်း စဖွဲ့သည့်နေရာမှာ လူထုဦးလှပြောသည့်နေရာပင် ဖြစ်သည်။ စာရေးဆရာအသင်း တည်ထောင်စက သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ ပန်းဝတ်ရွှေ (ဆရာကိုထွန်းရွှေ)တို့လည်း ပါဝင်ကြပြီး ဒီးဒုတ်ဦးဘချိုက ဥက္ကဋ္ဌနှင့် အမှုဆောင်များမှာ မဟာဆွေ၊ မြို့မမောင်၊ သန်္ဒါ၊ ရဲထွတ်၊ ရဲသမိန်နှင့် ရန်အောင်တို့ဖြစ်သည်ဟု ဆရာကြီး ဦးရန်အောင်က ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ‌ဌေးဥဒေါင်းကလည်း ၁၉၄၀ ပြည့်နှစ်တွင် ဆရာကြီးပီမိုးနင်း ကွယ်လွန်သည်ကို အကြောင်းပြု၍ စာရေးဆရာများ စုစည်းမိပြီးနောက် ဒီးဒုတ် ဦးဘချို၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ မဟာဆွေနှင့် ဇဝနတို့ ဦးဆောင်မှုဖြင့် စာရေးဆရာအသင်း ပေါ်လာသည်ဟု ဆိုပါသည်။ စဖွဲ့စဉ်က သခင်စိုးနှင့် သခင်သန်းထွန်းတို့ပါကြောင်းလည်း ဆရာဌေးဥဒေါင်းက ဆိုပါသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက ဖွဲ့စည်းခဲ့သော စာရေးဆရာအသင်းကို ဂျပန်ခေတ်ရောက်သောအခါ သူရိယဦးသိမ်းမောင်၊ လူထုဦးလှ၊ ဂျာနယ်ကျော်ဦးချစ်မောင်နှင့် ဆရာဇဝနတို့က ဦးဆောင်၍ စာရေးဆရာနှင့် စာပေထုတ်ဝေသူများပါသည့် စာရေးဆရာအသင်းအဖြစ် ပြင်ဆင်တိုးချဲ့၍ ဖွဲ့စည်းခဲ့ကြသည်။ ဂျပန်ခေတ်အတွင်း ၁၉၄၂ ခု၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ထိုစဉ်က ရန်ကုန်ဈေးခေါ် ဗိုလ်ချုပ်အောင်ဆန်းဈေး ကျန်းမာရေးပြတိုက်အခန်း၌ စာရေးဆရာ ၇၀ ကျော် တက်ရောက်သော အစည်းအဝေးမှ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သူကြီးဂေဇက်ဦးခင်မောင်နှင့် မြန်မာ့အလင်း ဦးစိန်းတို့အား အသင်း၏ နာယကများအဖြစ် တင်မြှောက်၍ မြန်မာပြည်စာရေးဆရာအသင်းကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြသည်။ အသင်း၏ အမှုဆောင်အဖွဲ့ဝင်များမှာ သူရိယဦးသိမ်းမောင်က ဥက္ကဋ္ဌ၊ ဒဂုန်နတ်ရှင်က ဒုတိယဥက္ကဋ္ဌ၊ ဇဝနက အကျိုးဆောင်၊ မြို့မဆရာဟိန်က ငွေထိန်း၊ မြန်မာ့ရုပ်ရှင် ဦးမောင်မောင်က စာရင်းစစ်နှင့် ဂျာနယ်ကျော်ဦးချစ်မောင်၊ တောကသာဒွန်း၊ ဆရာကျော်၊ မြို့မမောင်၊ သခ်ါ၊ ဒဂုန်ဆရာတင်၊ ဒေါ်ခင်မျိုးချစ်နှင့် ဒဂုန်ခင်ခင်လေးတို့ ဖြစ်ကြသည်။ လူထုဦးလှအား အထက်မြန်မာပြည်အတွက် အဝေးရောက်အမှုဆောင်တာဝန်ပေးကြသည်။

ဂျပန်ခေတ်အတွင်းက ဖွဲ့စည်းခဲ့သော စာရေးဆရာအသင်း၏ ရည်ရွယ်ချက်သုံးရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မြန်မာပြည်သူပြည်သားများ အကျိုးဖြစ်ထွန်းစေမည့် ကမ္ဘာ့စာပေများကို အသင်းက စီစဉ်ပြန်ဆိုခြင်းဖြင့် မြန်မာစာပေနယ်ကို ချဲ့ထွင်ခြင်းနှင့် တိုင်းပြည်သစ်ထူထောင်မှုကို ကူညီအားပေးခြင်းပြုရန်။

၂။ ကမ္ဘာ့စာရေးဆရာများနှင့် နီးနှောဆက်ဆံခွင့်ရရှိမှုအတွက် နည်းလမ်းရှိသမျှ ဆောင်ရွက်ရန်နှင့် မြန်မာစာရေးဆရာများ၏ အဆင့်အတန်းကို တိုးတက်မြင့်မားစေရန်။

၃။ မြန်မာစာရေးဆရာများ၏ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိမှုကို ဖြစ်စေသော စာပေကြီးပွားမှုနှင့် ပတ်သက်သည့် အသင်းပိုင်စီးပွားရေးလုပ်ငန်း ထူထောင်ရန်တို့ ဖြစ်သည်။



အထက်ပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် စာကြည့်တိုက်များဖွင့်လှစ်ခြင်း၊ စာပေဟောပြောပွဲနှင့် စကားရည်လုပွဲများ ကျင်းပခြင်း၊ ပညာပြန့်ပွားရေးအတွက် စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေခြင်း၊ ဂျာနယ်မဂ္ဂဇင်းများထုတ်ဝေခြင်း၊ ကမ္ဘာ့စာရေးဆရာအသင်းနှင့် ဆက်သွယ်ခြင်း အပါအဝင်နိုင်ငံခြားတိုင်းပြည်များသို့ ကိုယ်စားလှယ်များစေလွှတ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ခဲ့သည်။ ဖော်ပြပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့်အနေဖြင့် အသင်း၏ မဂ္ဂဇင်းဖြစ်သည့် **စာရေးဆရာမဂ္ဂဇင်း** အမှတ်(၁)ကို အာရှစစ်နှစ်ပတ်လည်နေ့ဖြစ်သည့် ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့သည်။ **စာရေးဆရာမဂ္ဂဇင်း**ကို အတွဲ (၂)၊ အမှတ် ၇ အထိ ထုတ်ဝေနိုင်ရုံမက စိန်မင်းသား၏ **ရွှေတူ**စာအုပ်၊ **ကွန်မြူနစ်မ**၊ **သူပုန် အနွယ်**၊ **အမတ်လောင်းရဲမေ**နှင့် ဖေယျ၏ **နီမွန်စိတ်ဓာတ်** စသည့် စာအုပ်များကိုလည်း စာရေးဆရာအသင်းက တာဝန်ယူထုတ်ဝေခဲ့သည်။ စာပေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရေးဆရာအသင်းစာပေဆုကိုလည်း ဂျပန်ခေတ်အတွင်းက တီထွင်ခဲ့သေးသည်။ ဂျပန်ခေတ်စာရေးဆရာအသင်း ဝတ္ထုဆုကို မင်းဆွေ၏ **မားဝတ္ထု**က ရရှိပြီး သမိုင်းဘာသာရပ်အတွက် မြဒေါင်းညို၏ **ရဲဘော်သုံးကျိပ်**က ရသည်။ မော်လမြိုင်မှ ရွှေကျွန်းမောင်၊ ရန်ကုန်မှ မောင်သိန်း၊ ဦးမောင်မောင်ခင်၊ ညိုထွန်းနှင့် မောင်ကျော်ဇောတို့က စာစီစာကုံးဆုရကြသည်။

ဂျပန်ခေတ် စာရေးဆရာအသင်းဝင်ကြေးမှာ ၁၀/-သာဖြစ်ပြီး လစဉ်ကြေးနှင့် နှစ်စဉ်ကြေး မပေးရပေ။ အသင်းစဖွဲ့စဉ်က အသင်းရုံးမှာ ယောက်လမ်း (ဦးဘိုးလှိုင်လမ်း)တွင် ရှိရာမှ ကုက္ကိုင်းရှိ သူရိယသတင်းစာတိုက်သို့လည်းကောင်း၊ ထို့နောက် တိရစ္ဆာန်ရုံမြောက်ဘက် ကန်တော်ကြီးစောင်းရှိ မြိုင်ဇာတ်ရုံအနီး မြေကွက်သို့လည်းကောင်း အဆင့်ဆင့်ပြောင်းရွှေ့ခဲ့သည်။

ဂျပန်ခေတ်အတွင်း ၁၉၄၅ ခုနှစ်တွင် စာရေးဆရာအသင်း အမှုဆောင်အသစ်ကို အများဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ကြသောအခါ ဂျာနယ်ကျော်ဦးချစ်မောင်က ဥက္ကဋ္ဌ၊ မဟာဆွေက ဒုတိယဥက္ကဋ္ဌ၊ သခ်ါက အတွင်းရေးမှူး၊ ရွှေပိန်သောင်းက တွဲဖက်အတွင်းရေးမှူး၊ ဦးသိမ်းမောင်က မဂ္ဂဇင်းနှင့် စီးပွားရေးတာဝန်ခံ၊ သုခက သဘင်အခမ်းအနားတာဝန်ခံ၊ ဦးဖုန်းခင်က ဟောပြောပွဲတာဝန်ခံ၊ ဒဂုန်နတ်ရှင်က တည်းဖြတ်စစ်ဆေးရေးတာဝန်ခံ၊ ဦးအုန်းခင်က အဆောက်အအုံတာဝန်ခံ၊ မြန်မာ့ရုပ်ရှင် ဦးမောင်မောင်က စာရင်းစစ်၊ ဒဂုန်ခင်ခင်

www.burmeseclassic.com



လေးက ငွေထိန်း၊ ဝတ်လုံတော်ရ ဦးကျော်မြင့်က ဥပဒေအတိုင်ပင်ခံ၊ ဇဝန၊ မြဒေါင်းညိုနှင့် ဦးမောင်မောင်ပြေတို့က အမှုဆောင်အဖွဲ့ဝင်နှင့် လူထုဦးလှက အဝေးရောက်အမှုဆောင်တို့ ဖြစ်လာကြသည်။

ဂျပန်ခေတ်သည် စစ်ကာလအတွင်းဖြစ်၍ မှုလရည်ရွယ်ချက်များကို အပြည့်အဝ အကောင်အထည်မဖော်နိုင်ခဲ့သော်လည်း စာပေထုတ်ဝေရေးလုပ်ငန်း၌ စာရေးဆရာအသင်းသည် အောင်မြင်မှုများရခဲ့သည်ဟု ဆိုနိုင်ပါသည်။ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့ကျင်းပသည့် အစဉ်အလာကောင်းကို ချမှတ်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် စာဆိုတော်နေ့အစ ဂျပန်ခေတ်ကဟု ဆိုနိုင်သကဲ့သို့ စာရေးဆရာအသင်း စာပေဆုအစမှာလည်း ဂျပန်ခေတ်ကဟုပင် ဆိုရပါမည်။ စစ်အတွင်း စာရေးဆရာအသင်း၏ အခြားအောင်မြင်မှုတစ်ခုမှာ ဂျပန်ခေတ်အတွင်း ပထမဆုံးကျင်းပသည့် စာဆိုတော်နေ့အခမ်းအနားတွင် စလေဦးပုည၏ ဝိဇယပြဇာတ်ကို ရန်ကုန်နေပြည်တော် မြို့င်ရုံကြီး၌ စာရေးဆရာများကိုယ်တိုင် ပါဝင်ကပြခဲ့ကြသည့် ဆောင်ရွက်ချက်ဖြစ်သည်။ တိုင်းပြည်အုပ်ချုပ်သူများ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ရန်နှင့် ဝံသာနုရက္ခိတတရား မစောင့်သူ၊ အမျိုးကို သစ္စာဖောက်သူဟာ နောက်ဆုံးမှာ ကျဆုံးရမည်ဟု သင်ခန်းစာပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ဝိဇယပြဇာတ်ကို တင်ဆက်ကပြခဲ့ကြသည်ဟု ဆိုပါသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီက ရှိခဲ့သော မြန်မာပြည်စာရေးဆရာအသင်းသည် ဂျပန်ခေတ်ရောက်သောအခါ စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျ တိုးတက်ဖွဲ့စည်းနိုင်ခဲ့ပြီး စည်းလုံးညီညွတ်စွာဖြင့် စာပေအကျိုးနှင့် နိုင်ငံအကျိုးအတွက် တတ်စွမ်းသမျှ သယ်ပိုးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

## မြန်မာတိုင်းလုံးဆိုင်ရာအမျိုးသမီးအဖွဲ့ (၁၉၄၅)

အတိုအားဖြင့် 'အမျိုးသမီးလွတ်လပ်ရေးအဖွဲ့'ဟုခေါ်သော 'မြန်မာတိုင်းလုံးဆိုင်ရာ အမျိုးသမီးလွတ်လပ်ရေးအဖွဲ့'ကို ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘတ်ဒ်လမ်း(ပဒုမ္မာလမ်း)၊ အိမ်အမှတ် ၈၊ အိုင်စီအက်စ် ဦးရွှေဘော်နှင့်ဇနီး ဒေါ်ခင်ခင်ကြီးတို့နေအိမ်၌ ဖွဲ့သည်။ ထိုအဖွဲ့၏ အမှုဆောင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။



| | | |
|---|---|---|
| ၁။ | ဒေါ်ခင်ခင်ကြီး | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ခင်ကြည် | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဒေါ်ခင်ခင်ကြည် | အတွင်းရေးမှူး |
| ၄။ | ဒေါ်ခင်မျိုးချစ် | |
| ၅။ | ဒေါ်လှိုင် | |
| ၆။ | ဒေါ်နှင်းဆီ | |
| ၇။ | ဒေါ်လှခင် | |
| ၈။ | ဒေါ်ကြည်ညွန့် | |
| ၉။ | မစ္စစ်မေအောင် | |
| ၁၀။ | မစ္စစ်ကလာရာညွန့် (မြင့်)* | |
| ၁၁။ | မစ္စစ်ကဗင်နှာ (ကဗနှာ)* | |
| ၁၂။ | မစ္စစ်ရာရှစ် | |
| ၁၃။ | မစ္စစ်ညိုမှိန် (ညွန့်မိန်း)* | |
| ၁၄။ | မစ္စစ်စောဦး | |
| ၁၅။ | မစ္စစ်စောအောင် | |
| ၁၆။ | မစ္စစ်စံကျော့ခိုင် (ကျော်ခိုင်)* | |
| ၁၇။ | မစ္စစ်ဘဝင်း | |
| ၁၈။ | ပဂ္ဂီခင်လင်း | |
| ၁၉။ | မစ္စစ်စုလေမန် (ရာမန်)* | |
| ၂၀။ | မစ္စစ်မီချင်ချိန် | |
| ၂၁။ | ဒေါ်စောချစ် | |
| ၂၂။ | ဒေါ်စောမြင့် | |
| ၂၃။ | ဒေါ်မြညွန့် | |

* အမည်မှကွဲများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ–တရုတ်ယဉ်ကျေးမှုအသင်း(၁၉၄၅)

စစ်ပြီးစ မြန်မာနိုင်ငံ၌ပေါ်ပေါက်လာသော အသင်းအဖွဲ့များတွင် 'မြန်မာ တရုတ်ယဉ်ကျေးမှုအသင်းလည်း' ပါဝင်သည်။ ထိုအသင်းကို ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၈ ၌ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဖွဲ့စည်းသည်။ အသင်း၏ နာယကကြီးများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဆရာကြီးဦးဘလွင်၊ ဦးဘဘော၊ ဦးဘသန်း(သူရိယ)၊ သခင်သန်းထွန်း၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ ဦးဘဝင်း၊ ဦးဘကလေး(သူရိယ)၊ ဦးတင်(မြန်မာ့အလင်း)၊ သခင်နု၊ သခင်မြ၊ ဦးမြ(ဟသ်ာတ)၊ ဦးအေး၊ ဒေါက်တာအက်စ်ပီလျူး၊ စီလီယွတ်၊ မစ္စတာအွန်ကင်မိုန်၊ ဦးကျင်မိုန်နှင့် မစ္စတာကေဘကြီးတို့ ဖြစ်သည်။

အသင်း၏ အမှုဆောင်အဖွဲ့ဝင်များမှာ ဦးမျိုးခင်၊ ဦးမြင့်ထူး၊ ဦးထွန်းဖေ (ဗမာ့ခေတ်)၊ သခင်လေးမောင်၊ ဦးဘဆွေ၊ ဦးစိန်(သူရိယ)၊ ဦးစိန်(ရန်ကုန်တိုင်း)၊ ဦးဗဂျမ်း၊ ဦးပုကလေး၊ ဦးအောင်လှ၊ တန်ချိန်လျောင်း၊ မစ္စတာအွန်ကွဲ၊ မစ္စတာချီစုဘင်၊ မစ္စတာတန်အိမ်ချမ်း၊ မစ္စတာလင်ချင်စံ၊ မစ္စတာခူးအိခွက်၊ မစ္စတာအော်မျိုးရှူး၊ မစ္စတာဝမ်ပိုး၊ မစ္စတာအွန်ကေအွန်း၊ မစ္စတာပင် ယူချင်နှင့် မစ္စတာတန်ခိုင်တန်းတို့ ဖြစ်ကြသည်။

## မြန်မာပြည်အိုလံပစ်အသင်း (၁၉၄၆)

ထိုအသင်းကို ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဖွဲ့သည်။ ရည်ရွယ်ချက်မှာ အားကစားလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ရန် ဖြစ်သည်။ အသင်းကြီးပေါ်လာရေးအတွက် ဦးဆောင်စည်းရုံးလှုပ်ရှားခဲ့သူတို့မှာ မြန်မာ့ကာယဗလဖခင်ကြီး ဦးရှိန်၊ ဦးဇော်ဝိတ်၊ ဦးသော်ဇင်နှင့် မစ္စတာဖရင့်ဟတ်စကင်းတို့ ဖြစ်သည်။

အသင်း၏ နာယကနှစ်ဦးမှာ ဘုရင်ခံဟူးဗတ်ရန့်စ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ဖြစ်သည်။ အမ်အေဦးမောင်ကြီးက ဥက္ကဋ္ဌဖြစ်ပြီး မစ္စတာဖရင့်ဟတ်စကင်းက အတွင်းရေးမှူးဖြစ်သည်။ အသင်းကို တက်ကြွသော လူငယ်အားကစားသမားများနှင့် စိတ်ပါဝင်စားသော အစိုးရအရာရှိကြီးများကလည်း ပါဝင်အားပေးကြသည်။



မြန်မာပြည်အိုလံပစ်အသင်းကို ကမ္ဘာ့အိုလံပစ်အသင်းကြီးက အသိအမှတ်ပြုခံရသောကြောင့် ဂုဏ်ပြုပွဲကို ရန်ကုန်မြို့၊ မြို့တော်ခန်းမ၌ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကျင်းပသည်။ ထိုအခမ်းအနားသို့ ဘုရင်ခံဟူးဗတ်ရန့်စ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တက်ရောက်အားပေးချီးမြှင့်သည်။ ဂုဏ်ပြုမိန့်ခွန်းပြောရာတွင် နာယကနှစ်ဦးစလုံးက 'ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်၊ စိတ်ချမ်းသာမှ တိုင်းပြည်ကို အကျိုးပြုနိုင်မည့် ပြည်သူပြည်သားကောင်းများ ဖြစ်မည်'ဟု ကျန်းမာရေးအရေးကြီးပုံကို ထည့်သွင်းပြောကြားခဲ့သည်။

## မြန်မာနိုင်ငံတော်ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးကြီး (၁၉၄၆)

ဤအစည်းအရုံးကြီးကို ဗဟန်းမြို့နယ်ရှိ မြိုင်ရုံအနီး မြိုင်ရိပ်သာ၌ ၁၉၄၆ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ဖွဲ့စည်းသည်။ ဖွဲ့စည်းရေးအခမ်းအနားသို့ ရုပ်ရှင်နှင့် ပြဇာတ်ကုမ္ပဏီပိုင်ရှင်များနှင့် ပညာရှင်များ တက်ရောက်ကြသည်။ မဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် အမှုဆောင်များတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | | |
|---|---|---|
| ၁။ | ဦးတင်နွယ် | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုးအောင် | အတွင်းရေးမှူး |
| ၃။ | ဆရာခန့် | အဖွဲ့ဝင် |
| ၄။ | ဦးဘဇင် | အဖွဲ့ဝင် |
| ၅။ | ဦးတင်မောင် | အဖွဲ့ဝင် |
| ၆။ | ဦးလွန်းဖေ | အဖွဲ့ဝင် |
| ၇။ | ဦးမောင်ကြီး | အဖွဲ့ဝင် |
| ၈။ | ဦးအောင်မြတ် | အဖွဲ့ဝင် |
| ၉။ | ဦးမောင်မောင် (လန်ဒန်အတ်) | အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာ့ရုပ်ရှင်ငွေရတုပွဲ (၁၉၄၇)

မြန်မာ့ရုပ်ရှင်လုပ်ငန်းသက်တမ်း ၂၅ နှစ်ပြည့် ငွေရတုအခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားအနောက်မုခ်ကွင်း၌ ၁၉၄၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ မတ်လ ၁ ရက်နေ့ ဖွင့်ပွဲအခမ်းအနားသို့ ဘုရင်ခံ ဟူးဗတ်ရန့်စ်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့က တက်ရောက်၍ အခမ်းအနားကို ဖွင့်ပေးသည်။ ရုပ်ရှင်ငွေရတုပွဲနှင့်အတူ စက်မှုလက်မှုပြပွဲကိုပါ ပူးတွဲပြသသည့် ပွဲလည်း ဖြစ်သည်။ ဤပွဲမှာ စစ်ပြီးခေတ် ပထမဆုံး ပြသည့် စက်မှုလက်မှုပြပွဲလည်း ဖြစ်သည်။ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးတို့က ကြီးမှူး၍ ပြဇာတ်နှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည့် သမိုင်းဝင်ပြပွဲဖြစ်သည်။

မြန်မာ့ရုပ်ရှင်လောက၌ ပထမဆုံးပြသည့် ဇာတ်ကားမှာ ၁၉၂၀ ပြည့်နှစ်တွင် စပြသော 'မေတ္တာနှင့် သူရာ' ဇာတ်ကားဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရုပ်ရှင်သက်တမ်း ၂၅ နှစ်ပြည့်သည့် နှစ်မှာ ၁၉၄၅ ခုနှစ် ဖြစ်သည်။ ၁၉၄၅ ခုနှစ်သည် စစ်အတွင်းကာလဖြစ်၍ မြန်မာ့ရုပ်ရှင်ငွေရတုပွဲကို ထိုနှစ်တွင် မကျင်းပဘဲ စစ်ပြီးစ ၁၉၄၇ ခုနှစ်တွင်မှ ကျင်းပနိုင်ခြင်းဖြစ်သည်။

## မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (၁၉၄၇)

'စာပေဗိမာန်'ဟု လူသိများသော 'မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း'ကို ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် တည်ထောင်သည်။ အသင်း၏ဆောင်ပုဒ်မှာ 'အမှောင်ခွင်း၍ အလင်းဆောင်အံ့'ဟူ၍ဖြစ်သည်။ အသင်း၏ ရည်ရွယ်ချက်များမှာ ပြည်ထောင်စုတိုင်းရင်းသားတိုင်း အသိပညာ တိုးပွားစေမည့် ဘာသာခြားဖြင့် ရေးထားသော စာအုပ်စာတမ်းများကို မြန်မာဘာသာပြန်ဆိုရန်၊ တိုင်းရင်းသားဘာသာဖြင့် ရေးထားသော စာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာပြန်ဆိုရန်၊ မြန်မာမှုဆိုင်ရာများကို စူးစမ်းလေ့လာ၍ စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေရန်တို့ ဖြစ်သည်။ အသင်းကို အုပ်ချုပ်ရန် ဦးနု ဥက္ကဋ္ဌအဖြစ် ပါဝင်သော အုပ်ချုပ်မှုကောင်စီ ရှိသည်။

ပထမတွင် ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းရှိ အိမ်တစ်အိမ်၌ အသင်းတိုက်အဖြစ် ယာယီဖွင့်လှစ်ခဲ့သည်။ ၁၉၄၈ ခု၊ မေလတွင် ပြည်လမ်းရှိ 'ဆိုရန်တို



မြန်မာ့ရုပ်ရှင်ငွေရတုပွဲသို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဆာဟူးဗတ်ရန့်စ်၊ မီးရထားဦးဘချိုနှင့် ဗြိတိသျှဘာ၊မား ဦးညွန့်တို့ တက်ရောက်စဉ်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း အုပ်ချုပ်ရေးကောင်စီဝင်များ

ရပ်နေသူများ။ ဦးစံထွား (အုပ်ချုပ်ရေးအတွင်းရေးမှူး)၊ ဦးဘ၊ ဦးခင်ဇော်၊ ဦးမျိုးမင်း၊ ဦးသိန်းဟန်၊ ဦးကောင်း၊ ဦးဝန်၊ ဦးသန့်
ထိုင်နေသူများ။ ဒေါက်တာထင်အောင်၊ ပညာရေးဝန်ကြီးဦးသန်းအောင်၊ အငြိမ်းစားတရားဝန်ကြီးချုပ် ဆာမြဘူး(ဒုတိယဥက္ကဋ္ဌ)၊ ဝန်ကြီးချုပ်ဦးနု(ဥက္ကဋ္ဌ)၊ ဘဏ္ဍာရေးဝန်ကြီးဦးတင်၊ လွှတ်တော်ချုပ်တရားဝန်ကြီး ဦးအေးမောင်၊ ဦးချို
မကြွရောက်နိုင်သူများ။ ဦးချန်ထွန်း၊ ဦးသက်စု။



ဗီလာ' အဆောက်အအုံသို့ ပြောင်းရွှေ့သည်။ 'ဆိုရန့်တိုဗီလာ'ကိုလည်း 'စာပေဗိမာန်'ဟု မှည့်ခေါ်ခဲ့သည်။

အသင်း၏ ဆောင်ပုဒ်ဖြစ်သော 'အမှောင်ခွင်း၍ အလင်းဆောင်အံ့' ဆိုသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် လူထုအလင်းစာစဉ်လုပ်ငန်း၊ လူထုအိမ်ဆောင်စာစဉ်လုပ်ငန်း၊ လူထုတက္ကသိုလ်စာစဉ်လုပ်ငန်း၊ သိပ္ပံစာစဉ်လုပ်ငန်းဟူ၍ လုပ်ငန်းစဉ်များချမှတ်၍ လူထုအသိပညာတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်သည်။

လွတ်လပ်ရေးခေတ်ရောက်သောအခါ ပြည်ထောင်စုသားတို့၏ ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တ၊ မိတ္တတည်းဟူသော ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် **စာပေဗိမာန်မဂ္ဂဇင်း**ကို ထုတ်ဝေခဲ့သည်။ ထို့ပြင် ကျောင်းသုံးစာအုပ်များ ပြုစုပုံနှိပ်ထုတ်ဝေခြင်း၊ ပြည်သူ့လက်စွဲစာစဉ် ထုတ်ဝေခြင်း၊ ဝေါဟာရဘာဏ်လုပ်ငန်း၊ စွယ်စုံကျမ်းပြုစုထုတ်ဝေခြင်းလုပ်ငန်း၊ စာပေဗိမာန်စာပေဆုနှင့် စာမူဆုပေးခြင်းနှင့် စာအုပ်စာတမ်းများ ရောင်းချခြင်းနှင့် အခါအားလျော်စွာ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်သည့်နည်းများဖြင့် ပြည်သူလူထု အသိပညာတိုးပွားရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

## မွန်တဂူ–ချမ်းစဖို့စီမံကိန်း (၁၉၁၈)

အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေး မွေးပေးသည့် စီမံကိန်းဖြစ်သည်။ ထိုအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုစီမံကိန်းကို ရေးဆွဲသူတို့မှာ အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှအတွင်းဝန် အက်ဒွင်အက်စ်မွန်တဂူ (Edwin S. Montagu) နှင့် အိန္ဒိယဘုရင်ခံချုပ် လော့ချမ်းစဖို့ (Lord Chelmsford) တို့ဖြစ်၍ မွန်တဂူ ချမ်းစဖို့စီမံကိန်းဟု ခေါ်ခြင်းဖြစ်သည်။ ထိုစီမံကိန်းရေးဆွဲရန်အတွက် အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှအတွင်းဝန် မွန်တေဂူ အိန္ဒိယသို့ လာသောအခါ မြန်မာနိုင်ငံမှလည်း ကိုယ်စားလှယ်များလွှတ်၍ မြန်မာနိုင်ငံကိုပါ အုပ်ချုပ်ရေးတိုးမြှင့်ပေးရန် အရေးဆိုခဲ့ကြသည်။ ယင်းကိုယ်စားလှယ်အဖွဲ့တွင် ဝိုင်အမ်ဘီအေအသင်း ဥက္ကဋ္ဌ ဦးဖေ၊ ဝတ်လုံတော်ရ ဦးစု(မန္တလေး)၊ ဦးဘဘေ(သူရိယ)နှင့် ဝတ်လုံတော်ရ ဦးမေအောင်တို့ ပါဝင်ကြသည်။ ထိုသို့ မြန်မာ့ကိုယ်စားလှယ်အဖွဲ့လွှတ်၍ ဖရေးဆိုခဲ့သော်လည်း ၁၉၁၈ ခု၊ ဧပြီ ၂၂ ရက်နေ့တွင် မွန်တေဂူ–ချမ်းစဖို့

www.burmeseclassic.com

www.burmeseclassic.com



အစီရင်ခံစာ ထွက်လာသောအခါ မြန်မာနိုင်ငံအတွက် သီးခြားစဉ်းစားမည်ဟု အကြောင်းပြကာ ချန်ထားခဲ့သည်။ ထိုအစီရင်ခံစာအရ ၁၉၁၉ ခု၊ အိန္ဒိယအက်ဥပဒေထုတ်ပြန်၍ ၁၉၂၁ ခုတွင် အိန္ဒိယကို ဒိုင်အာခီအုပ်ချုပ်ရေးပေးသောအခါ မြန်မာကို ချန်ထားပြီး ၁၉၂၃ ခုရောက်မှ မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေး ပေးခဲ့သည်။

## ယူတီစီ (၁၉၂၂)

ယူတီစီဆိုသည်မှာ ရန်ကုန်တက္ကသိုလ် အရန်တပ်ရင်း၏ အတိုကောက်အခေါ်ဖြစ်သည်။ ၎င်းတပ်ရင်းအား အင်္ဂလိပ်ဘာသာဖြင့် (University Training Corps)ဟုခေါ်သည်ကို အတိုချုပ် ယူတီစီဟုခေါ်ခြင်းဖြစ်သည်။ ၁၉၂၂ ခုနှစ်၊ ဖွန်လတွင် စဖွဲ့စဉ်က အရာရှိကိုးဦးနှင့် အခြားအဆင့် ၄၁၀ ဦး ရှိသည်။ ကျောင်းသားများ စစ်ပညာတတ်မြောက်စေရန်နှင့် ကိုယ်လက်ကြံ့ခိုင်ရေးအတွက် ရည်ရွယ်၍ ဖွဲ့ခြင်းဖြစ်သောကြောင့် စစ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးသည်။ တက္ကသိုလ်မှထွက်ပြီးနောက် အိန္ဒိယနယ်မြေတပ်ဖွဲ့သို့ ဝင်လိုက ဝင်နိုင်ရန် လေ့ကျင့်ပေးထားသည့် သဘောလည်း ပါသည်။ တက္ကသိုလ်အရန်တပ်ရင်းသို့ အသက် ၁၆ နှစ်ပြည့်ပြီးသူနှင့် ၃၀ နှစ်ထက်မကျော်သူဆိုလျှင် ကျောင်းသားများသာမက ဆရာများနှင့် အမှုထမ်းများပါ တပ်ဖွဲ့ဝင်ဖြစ်နိုင်သည်။

ယူတီစီသင်တန်းကာလမှာ လေးနှစ်ဖြစ်သည်။ ပထမနှစ်နှစ်တွင် အခြေခံစစ်သင်တန်းတက်ရပြီး ဒုတိယနှစ်နှစ်တွင် အကြပ်သင်တန်းတက်ရသည်။ အခြေခံအဆင့်တွင် စစ်ရေးပြ၊ လက်နက်သင်ခန်းစာ၊ စစ်မြေပြင်ကျွမ်းကျင်မှု၊ အုပ်ချုပ်မှု၊ ခေါင်းဆောင်မှု၊ ပညာရေး၊ လုံ့လွပ်ထိုးနှင့် အထွေထွေတို့ကို သင်ရပြီး အကြပ်သင်တန်းတွင် စစ်ဗျူဟာများ၊ မြေပုံဖတ်နည်း၊ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားပညာရပ်များ သင်ကြားကြရသည်။ နွေရာသီကျောင်းပိတ်သည့်အခါ စစ်စခန်းထွက်၍ စစ်တပ်ပုံစံအတိုင်း အပြင်းအထန်လေ့ကျင့်ရသည်။



## ယိုးဒယား–မြန်မာမီးရထားလမ်း (၁၉၄၂)

ဂျပန်တို့ စစ်အောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့သော လမ်းဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ရထားလမ်းအရှည်မှာ ယိုးဒယားနိုင်ငံ ဘန်ပေါင် (Bang Pong) မှ မြန်မာနိုင်ငံ သံဖြူဇရပ်အထိ ၁၇၅ မိုင်ရှိသည်။ သံဖြူဇရပ်မှ ဘုရားသုံးဆူအထိကို မြန်မာဘက်မှ တာဝန်ယူဖောက်လုပ်သည်။ ဘုရားသုံးဆူမှ ဘန်ပေါင်အထိကို ယိုးဒယားဘက်မှ တာဝန်ယူရသည်။ သံဖြူဇရပ် ချွေးတပ်စခန်းနှင့် ဘုရားသုံးဆူချွေးတပ်စခန်းများ၌ မြန်မာချွေးတပ်သားများ နေကြရသည်။

မီးရထားလမ်းဖောက်ရာတွင် မြန်မာနိုင်ငံမှ ချွေးတပ်သားများသာမက ဟောင်ကောင်၊ စင်ကာပူ၊ ပုလဲဆိပ်ကမ်းနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် ဂျပန်စစ်တပ်က ဖမ်းဆီးမိသော မဟာမိတ်တပ်မှ စစ်သုံ့ပန်းများလည်း ပါဝင်သည်။ မြန်မာအပါအဝင် ချွေးတပ်သား တစ်သိန်းခြောက်သောင်းခန့်ရှိမည်ဟု ခန့်မှန်းကြသည်။ ထိုသူများအနက် သေဆုံးသူပေါင်း သုံးသောင်းမှ ရှစ်သောင်းခန့်ရှိမည်ဟု ခန့်မှန်းကြသည်။ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ ဝမ်းရောဂါနှင့် ကျောက်ရောဂါများဖြစ်ပွားခြင်း၊ ပင်ပန်းကြီးစွာ လုပ်ကိုင်ရခြင်းတို့ကြောင့် သေဆုံးကြရခြင်းဖြစ်သည်။ ထို့ကြောင့် အရှေ့တောင်အာရှ၏ 'သေမင်းတမန်လမ်း' Railway of Death ဟု အမည်ဆိုးဖြင့် ထင်ရှားသည်။

ထိုလမ်းဖောက်လုပ်ရာတွင် ချွေးတပ်သားများနှင့် စစ်သုံ့ပန်းများကို သေသည်အထိ ရက်စက်စွာ ခိုင်းစေခဲ့ကြသည့် ပြစ်ဒဏ်ဖြင့် ဗိုလ်ချုပ်အီရှိဒါးအား ထောင်ဒဏ် ၁၀ နှစ်၊ ကာနယ်နာကမူရနှင့် ကာနယ်အီရှိတို့အား သေဒဏ်၊ လက်ဖတင်နင်ကာနယ်ရာနဂီတအား ထောင်ဒဏ်အနှစ် ၂၀၊ မေဂျာချိုဒါအား ထောင်ဒဏ် ၁၀ နှစ် အသီးသီး ပြစ်ဒဏ်ကျခံစေရမည်ဟု စင်ကာပူရှိ မဟာမိတ်စစ်ခုံရုံးက ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရတနာပုံနေပြည်တော်သတင်းစာ (၁၈၇၄)

**(Mandalay Gazette)**

မန္တလေးမြို့မှ ပထမဆုံးထုတ်သည့် သတင်းစာဖြစ်သည်။ ၁၈၇၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် စတင်ထုတ်ဝေသည်။ အယ်ဒီတာများမှာ ဦးအဟီး နှင့် ဘိုးဝဇီရတို့ဖြစ်သည်။ တစ်လ လေးကြိမ်ထုတ် သတင်းစာဖြစ်သည်။ သတင်းစာ၏ အရွယ်အစားမှာ ၁၁" × ၉" ဖြစ်သည်။ ၁၈၈၅ ခုနှစ်တွင် ရပ်စဲသည်။ သတင်းစာကို ရတနာပုံရွှေနန်းတော်စာပုံနှိပ်စက်တွင် ရိုက်သည်။

## ရခိုင်ပြည်နယ်နှင့် လေမုန်တိုင်း

မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသတွင် တည်ရှိသော ရခိုင်ပြည်နယ်သည် လေမုန်တိုင်းဒဏ်အခံရဆုံး ဒေသတစ်ခုဖြစ်သည်။ လေမုန်တိုင်းတွင်လည်း အားကြီးသော လေမုန်တိုင်း၊ အားသေးသော လေမုန်တိုင်းနှင့် သာမန်လေမုန်တိုင်း ဟူ၍ရှိရာ ရခိုင်ဒေသသည် လေမုန်တိုင်းအမျိုးမျိုးဒဏ်ကို အောက်ဖော်ပြပါနှစ်များ အတွင်းက ခံစားခဲ့ရကြောင်း သိရသည်။

၁၈၈၄ ခုနှစ်၊ မေလ ၁၄-၁၇။ (စစ်တွေလေမုန်တိုင်း)
၁၈၉၅ ခုနှစ်
၁၈၉၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ မှ ၂၄။
၁၉၀၈ ခုနှစ်၊ နိုဝင်ဘာလ
၁၉၁၀ ခုနှစ်၊ ဧပြီလ ၁၃-၁၆ နှင့် နိုဝင်ဘာ ၁၃-၁၄
၁၉၁၄ ခုနှစ်၊ ဇွန် ၂-၃ နှင့် ဒီဇင်ဘာ ၁၉-၂၁
၁၉၁၆ ခုနှစ်၊ မေ ၄-၆။
၁၉၂၂ ခုနှစ်၊ နိုဝင်ဘာ ၈-၁၀။
၁၉၂၆ ခုနှစ်၊ မေလ၊ အောက်တိုဘာ ၁၈။
၁၉၂၉ ခုနှစ်၊ နိုဝင်ဘာ ၁၂။
၁၉၃၀ ခုနှစ်၊ မေ။
၁၉၃၆ ခုနှစ်၊ ဧပြီ ၂၆။ (ကျောက်ဖြူလေမုန်တိုင်း)
၁၉၃၇ ခုနှစ်၊ မေ ၁၈။
၁၉၄၅ ခုနှစ်၊ ဧပြီ ၂၈ မှ မေ ၃ ရက်။



၁၉၄၈ ခုနှစ်၊ အောက်တိုဘာ ၈။ (စစ်တွေလေမုန်တိုင်း)

အထက်ပါလေမုန်တိုင်းများအနက် ၁၉၁၄ ခုနှစ်တွင် တိုက်သော မုန်တိုင်းကြောင့် စစ်တွေ၊ ကျောက်ဖြူနှင့် တောရွာအချို့၌ အပျက်အစီးများပြီး လူအသေအပျောက်ရှိသည်။ ၁၉၃၆ ခုနှစ်တွင် တိုက်သော လေမုန်တိုင်းကြောင့် လည်း သံတွဲခရိုင်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းတွင် ပင်လယ်ရေအတောင် ၂၀ ခန့်အထိ တက်သည်။ ၁၉၄၅ ခုနှစ်တွင် တိုက်သော လေမုန်တိုင်းကြောင့်လည်း အပျက်အစီးနှင့် ဆုံးရှုံးမှုများ ရှိခဲ့သည်။ စစ်ပြီးစ ကာလဖြစ်၍ ရေဘေးဒုက္ခသည်များ ထိရောက်သည့် အကူအညီ မရခဲ့ကြပေ။ ၁၉၄၈ ခုနှစ်တွင် တိုက်သော လေမုန်တိုင်းမှာ စစ်တွေ၌ လူအသေအပျောက် ရှိပြီး ပျက်စီးဆုံးရှုံးမှု သိန်း ၁၀၀ ကျပ်ရှိသည်ဟု ဆိုသည်။

## ရပလ (၁၉၄၆)

ရပလဆိုသည်မှာ ရှမ်းပြည်နယ်လွတ်လပ်ရေးအဖွဲ့၏ အတိုကောက် အခေါ်ဖြစ်သည်။ ရပလကို ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဖွဲ့သည်။ အဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ မြန်မာပြည်မနှင့်ပူးပေါင်းပြီး လွတ်လပ် ရေးအရယူရန်နှင့် ပဒေသရာဇ်စနစ် တိုက်ဖျက်ရေးဖြစ်သည်။ ထိုရည်ရွယ်ချက် များအတွက် ပြည်မရှိ ဖဆပလနှင့်ဆက်သွယ်၍ စည်းရုံးလှုပ်ရှားခဲ့သည်။ ရပလ ၏ ပထမဆုံးအမှုဆောင်အဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| ၁။ | ဒေါက်တာခွန်သာအေး | ဥက္ကဋ္ဌ |
| ၂။ | ဦးထွန်းမြင့် (တောင်ကြီး) | အထွေထွေအတွင်းရေးမှူး |
| ၃။ | ဦးဘအေး | ဘဏ္ဍာရေးမှူး |
| ၄။ | ဦးစံဖေ (ပန်းချီပန်းပုဆရာ) | ပြန်ကြားရေး |
| ၅။ | ဦးထွန်းဖေ | စည်းရုံးရေး |
| ၆။ | ဦးအုန်းဖေ (လွယ်လင်) | အမှုဆောင်အဖွဲ့ဝင် |
| ၇။ | ဗိုလ်ဘရီ | အမှုဆောင်အဖွဲ့ဝင် |
| ၈။ | ဦးစံတင့် (စာရေးဆရာ) | အမှုဆောင်အဖွဲ့ဝင် |
| ၉။ | ဦးလှမင်း (မိုးနဲ) | အမှုဆောင်အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဦးအေးမောင် (မိုးမိတ်) အမှုဆောင်အဖွဲ့ဝင်
၁၁။ ဦးသန်းဖေ (မိုးမိတ်) အမှုဆောင်အဖွဲ့ဝင်
၁၂။ ဦးထွန်းဦး (သီပေါ) အမှုဆောင်အဖွဲ့ဝင်

ရပလဖွဲ့ပြီး နှစ်လခန့်အကြာတွင် ရပလကို "ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့" ဟု အောက်ပါအမှုဆောင်များဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၁။ ဦးခွန်စော (ပင်းတယ) ဥက္ကဋ္ဌ
၂။ ဦးဘစံ ဒုတိယဥက္ကဋ္ဌ
၃။ ဦးထွန်းမြင့် (တောင်ကြီး) အထွေထွေအတွင်းရေးမှူး
၄။ ဦးထွန်းအုံ (ညောင်ရွှေ) တွဲဖက်အထွေထွေအတွင်းရေးမှူး
၅။ ဦးတင်အေး ပညာရေးမှူး
၆။ ဦးထွန်းဖေ ပြန်ကြားရေးမှူး
၇။ ဦးရွှေအုန်း ဘဏ္ဍာရေးမှူး
၈။ ဦးခွန်ထီး(ပင်လုံ) စည်းရုံးရေးမှူး

## ရာဇတ်၊ ဦး (၁၈၉၈–၁၉၄၇)

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်သည် အငြိမ်းစားတိုက်ပိုင်အင်စပက်တော် မစ္စတာအေရာမန်နှင့် ဒေါ်ညိမ်းလှတို့၏ သားဖြစ်သည်။ ဆရာကြီးကို မိတ္ထီလာ၌ ၁၈၉၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဖွားမြင်သည်။ မန္တလေး ဝက်စလီယောကျ်ားကလေးကျောင်းမှ ဆယ်တန်းကို ပါဠိ၊ အင်္ဂလိပ်စာဂုဏ်ထူးတို့ဖြင့် အောင်မြင်ခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်နေစဉ် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်သပိတ်တွင် ပါဝင်ခဲ့သည်။ ၁၉၂၁ ခုတွင် မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းကြီးကို ဦးစီးဖွင့်လှစ်ခဲ့ပြီး ထိုကျောင်း၌ အထက်တန်းပြဆရာ လုပ်သည်။ ၁၉၂၂ ခုတွင် အမျိုးသားကောလိပ်မှ ဘီအေဘွဲ့ရသည်။ ထို့နောက် မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းအုပ်အဖြစ် တာဝန်ယူခဲ့သည်မှာ ၁၉၄၁ ခုနှစ်အထိ ဖြစ်သည်။ ဗဟိုအမျိုးသားအထက်တန်းကျောင်းအုပ်အဖြစ် ဆောင်ရွက်စဉ် ရဲညွန့်တပ်ဖွဲ့စည်းပြီး ကျောင်းသားလူငယ်များကို စစ်ပညာသင်ပေးရုံမက မျိုးချစ်စိတ်လည်း သွင်းပေးသည်။ ၁၉၃၈ ခုတွင် ရွှေဘိုသူ ဒေါ်ခင်ခင်နှင့် လက်ထပ်သည်။ စစ်ပြီးသောအခါ အမျိုးသား



ကျောင်းတွင် ဆရာပြန်လုပ်သည်။ အထက်မြန်မာနိုင်ငံလုံးဆိုင်ရာ ဖဆပလအဖွဲ့ ဥက္ကဋ္ဌလည်း ဖြစ်လာသည်။ မြန်မာ–မွတ်စလင်အသင်းဥက္ကဋ္ဌလည်း ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီဝင်တစ်ဦးလည်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီးအဖြစ် တာဝန်ယူနေစဉ် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် အတူ လုပ်ကြံခံခဲ့ရသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

## ရီးစ်ဝီလျံကော်မရှင် (၁၉၄၇)

ပင်လုံစာချုပ်တွင် တိုင်းရင်းသားတို့ စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးကို အတူတကွအရယူမည်ဟု သဘောတူခဲ့ကြသည်ကို ဗြိတိသျှအစိုးရက မယုံချင်ပေ။ ထို့ကြောင့် တောင်တန်းနှင့်ပြည်မ ပူးပေါင်း၍ လွတ်လပ်ရေးရလိုသည်မှာ တိုင်းရင်းသားတို့၏ ဆန္ဒအမှန် ဟုတ်၊ မဟုတ် စုံစမ်းရန် ဗြိတိသျှအစိုးရက ကော်မရှင်တစ်ခုဖွဲ့၍ စုံစမ်းစစ်ဆေးစေသည်။ ထိုကော်မရှင်၏ ဥက္ကဋ္ဌမှာ အင်္ဂလိပ်လွှတ်တော် လေဘာပါတီအမတ် ဒုတိယဗိုလ်မှူးကြီး ဒေးဗစ်ရီးစ်ဝီလျံ (Lieutenant-Colonel David Rees-Williams) ဖြစ်သောကြောင့် ရီးစ်ဝီလျံကော်မရှင်ဟု ခေါ်ကြသည်။ ရီးစ်ဝီလျံသည် မြန်မာနိုင်ငံသို့ ၁၉၄၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ရောက်လာသည်။ ကော်မရှင်တွင် တောင်တန်းဒေသဆိုင်ရာ အင်္ဂလိပ်အရာရှိများအပြင် မြန်မာတို့ဘက်မှ ဗိုလ်ခင်မောင်ကလေး၊ ဦးတင်ထွဋ်နှင့် သခင်နုတို့ ပါဝင်ကြပြီး တောင်တန်းဒေသ ကိုယ်စားလှယ်အဖြစ် စောစံကေး၊ စောမြင့်သိန်း၊ စဝ်စံထွန်း(မိုင်းပွန်စော်ဘွား)၊ ဆမားဒူဝါဆင်ဝါးနောင်နှင့် ဦးဝမ်ကိုဟောတို့ ပါဝင်ကြသည်။ အဖွဲ့၏ တရားဝင်အမည်မှာ "တောင်တန်းဒေသစုံစမ်းရေးအဖွဲ့" (Frantier Areas Committee of Enquiry) ဖြစ်သည်။

ကော်မရှင်သည် ရန်ကုန်နှင့် မေမြို့တွင် ရုံးဖွင့်၍လည်းကောင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်များသို့ မိုင်ပေါင်း ၂၀၀၀ ခန့် လှည့်လည်သွားရောက်၍လည်းကောင်း၊ တိုင်းရင်းသားပေါင်းစုံ အဖွဲ့အစည်းအမျိုးမျိုးနှင့် လူပုဂ္ဂိုလ်အများအပြားကို ၁၉၄၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှ ဧပြီလ ၂၃ ရက်နေ့အတွင်း တွေ့ဆုံစစ်ဆေးခဲ့သည်။ ကော်မရှင်၏ အစီရင်ခံစာ ထွက်လာသောအခါ တောင်တန်းနှင့် ပြည်မ ပူးပေါင်း၍ လွတ်လပ်ရေးရလိုသည်မှာ တိုင်းရင်းသားတို့၏ ဆန္ဒအမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုအစီရင်

www.burmeseclassic.com

www.burmeseclassic.com



ရိုစ်ဝီလျံအဖွဲ့ဝင်များ



တောင်တန်းဒေသ တိုင်းရင်းသားလူမျိုးများ၏သဘောဆန္ဒကို မစ္စတာရိုစ်ဝီလျံ(ထိုင်နေသူ) ခေါင်းဆောင်သော စုံစမ်းရေးကော်မရှင်အဖွဲ့က စုံစမ်းမေးမြန်းအစီရင်ခံခဲ့သည်။



ခံစာကို ဗြိတိသျှအစိုးရက ၁၉၄၇ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် လက်ခံအတည်ပြုခဲ့သည်။ ထို့ကြောင့် တောင်တန်းနှင့် ပြည်မ အတူတကွလွတ်လပ်ရေးရလိုသည်မှာ တိုင်းရင်းသားတို့၏ ဆန္ဒအမှန်ဖြစ်ကြောင်း ထင်ရှားသွားတော့သည်။

## ရေနံကုမ္ပဏီများ

ကိုလိုနီခေတ်အတွင်းက ရေနံလုပ်ငန်း လုပ်ကိုင်ကြသည့် ကုမ္ပဏီများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကိုလိုနီရယ်ရေနံကုမ္ပဏီ
၂။ စလင်းရေနံကုမ္ပဏီ
၃။ စံလုရေနံကုမ္ပဏီ
၄။ တွင်းစားရေနံကုမ္ပဏီ
၅။ နတ်ဆင်းရေနံကုမ္ပဏီ (Nathsingh Oil Co)
၆။ ပျဉ်းမဖွံ့ဖြိုးရေးကုမ္ပဏီ (Pyinma Development Co)
၇။ ပျော်ဘွယ်ရေနံဆင်ဒီကိတ်
၈။ ဖိုးဆောက်ရေနံကုမ္ပဏီ (Four South Oil Co)
၉။ ဗြိတိသျှဘားမားရေနံကုမ္ပဏီ (British Burma (Myanmar) Petroleum Co)
၁၀။ ဗြိတိသျှဘားမားတွင်းတူးကုမ္ပဏီ
၁၁။ မကွေးရေနံကုမ္ပဏီ
၁၂။ မူလာရေနံကုမ္ပဏီ
၁၃။ မင်းလတောင်ရင်းနီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်
၁၄။ မောင်ခင်ရေနံကုမ္ပဏီလီမိတက်
၁၅။ မြန်မာ့ရေနံကုမ္ပဏီ (Burma (Myanmar) Oil Co)
၁၆။ မြန်မာ့ရေနံဆင်ဒီကိတ် (Burma (Myanmar) Oil Syndicate
၁၇။ မြန်မာနိုင်ငံယူနီယံကုမ္ပဏီလီမိတက်
၁၈။ မြန်မာနိုင်ငံ ရေနံနှင့် သတ္တုတွင်းတူးကုမ္ပဏီလီမိတက်
၁၉။ မြန်မာလူမျိုး ရေနံသတ္တုတွင်းတူး(ရောင်းဝယ်ရေး)ကုမ္ပဏီလီမိတက်
၂၀။ မြစ်သာရေနံကုမ္ပဏီ
၂၁။ ယူနိုက်တက်တွင်းရိုးကုမ္ပဏီ
၂၂။ ရေနံမိုင်းကုမ္ပဏီ

www.burmeseclassic.com

www.burmeseclassic.com



၂၃။ ရန်ကုန်ရေနံကုမ္ပဏီ
၂၄။ ရန်ကုန်ရေနံချက်စက်ကုမ္ပဏီ
၂၅။ ရေနံချောင်းရေနံကုမ္ပဏီ
၂၆။ ရေနံချောင်း ရေနံမြေတောင်ပိုင်း တိုးချဲ့ရေးလီမိတက်
၂၇။ ရိုးမရေနံကုမ္ပဏီ
၂၈။ ဟက်စ်ဖို့ဖွံ့ဖြိုးရေးဆင်ဒီကိတ်
(Hasford Development Syndicate)
၂၉။ အရှေ့ပိုင်းတွင်းတူးဆင်ဒီကိတ် (Eastern Drilling Syndicate)
၃၀။ ဧရာဝတီရေနံဆင်ဒီကိတ်
၃၁။ အင်္ဂလို-ဘားမားရေနံကုမ္ပဏီ
၃၂။ အင်ဒို-ဘားမားရေနံမြေလီမိတက်
၃၃။ အင်ဒို-ဘားမားရေနံကုမ္ပဏီ
၃၄။ အောင်ဘန်းရေနံကုမ္ပဏီ
၃၅။ အောင်ရှင်ရေနံကုမ္ပဏီလီမိတက်
၃၆။ အက်တော့ရေနံကုမ္ပဏီ (Attock Oil Co)

## ရေနံထွက်ပမာဏ

ကိုလိုနီခေတ်အတွင်းက မြန်မာရေနံတွင်းများမှ နှစ်အလိုက်ထွက်ရှိသည့် ရေနံအထွက်ပမာဏမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

| ခုနှစ် | အမေရိကန်စည်ပေါင်း | | အမေရိကန်စည်ပေါင်း |
|---|---|---|---|
| ၁၈၈၈ | ၇၇၀၉၂ | ၁၉၁၆ | ၈၆၁၈၄၀၄ |
| ၁၈၈၉ | ၈၅၃၅၆ | ၁၉၁၇ | ၈၀၅၇၉၅၆ |
| ၁၈၉၀ | ၁၂၉၉၃၈ | ၁၉၁၈ | ၈၁၂၁၁၉၀ |
| ၁၈၉၁ | ၁၇၀၂၅၀ | ၁၉၁၉ | ၈၁၅၀၁၈၅ |

၁။ ဤစာရင်းကို ဒေါက်တာညီညီ၏ မြန်မာနိုင်ငံအမျိုးသားမော်ကွန်းစာအုပ်မှ ကူးယူဖော်ပြပါသည်။



| ခုနှစ် | အမေရိကန်စည်ပေါင်း | | အမေရိကန်စည်ပေါင်း |
|---|---|---|---|
| ၁၈၉၂ | ၂၄၈၇၅၅ | ၁၉၂၀ | ၇၈၂၇၃၀၂ |
| ၁၈၉၃ | ၂၈၆၈၇၀ | ၁၉၂၁ | ၈၃၂၂၉၆၉ |
| ၁၈၉၄ | ၃၁၈၀၈၃ | ၁၉၂၂ | ၇၉၈၅၀၈၀ |
| ၁၈၉၅ | ၃၈၆၃၈၈ | ၁၉၂၃ | ၈၀၁၆၉၁၄ |
| ၁၈၉၆ | ၄၄၄၅၄၀ | ၁၉၂၄ | ၇၉၀၇၁၅၈ |
| ၁၈၉၇ | ၅၁၈၉၆၈ | ၁၉၂၅ | ၇၆၉၁၆၇၄ |
| ၁၈၉၈ | ၆၀၅၆၅၂ | ၁၉၂၆ | ၇၃၁၅၄၇၆ |
| ၁၈၉၉ | ၈၆၈၀၄၇ | ၁၉၂၇ | ၇၂၀၁၅၁၃ |
| ၁၉၀၀ | ၁၁၁၅၈၀၅ | ၁၉၂၈ | ၇၆၉၁၃၄၃ |
| ၁၉၀၁ | ၁၄၄၁၆၅၁ | ၁၉၂၉ | ၇၄၄၄၁၃၂ |
| ၁၉၀၂ | ၁၆၃၆၀၇၀ | ၁၉၃၀ | ၇၆၃၄၃၈၁ |
| ၁၉၀၃ | ၂၅၂၀၅၆၃ | ၁၉၃၁ | ၇၂၉၆၂၈၄ |
| ၁၉၀၄ | ၃၄၂၂၆၂၁ | ၁၉၃၂ | ၇၅၃၇၅၂၈ |
| ၁၉၀၅ | ၄၁၉၄၁၅၈ | ၁၉၃၃ | ၇၅၈၄၄၆၈ |
| ၁၉၀၆ | ၄၀၆၅၁၇၈ | ၁၉၃၅ | ၇၇၄၅၆၂၀ |
| ၁၉၀၇ | ၄၃၉၇၉၂၁ | ၁၉၃၅ | ၇၆၀၅၅၅၅ |
| ၁၉၀၈ | ၅၁၂၀၄၃၃ | ၁၉၃၆ | ၈၀၇၄၀၄၅ |
| ၁၉၀၉ | ၆၉၂၅၅၆၃ | ၁၉၃၇ | ၈၃၈၈၀၄၂ |
| ၁၉၁၀ | ၆၂၄၇၆၁၉ | ၁၉၃၈ | ၈၀၆၀၂၅၂ |
| ၁၉၁၁ | ၆၅၆၄၃၉၆ | ၁၉၃၉ | ၈၄၄၅၃၈၉ |
| ၁၉၁၂ | ၇၂၅၆၈၂၅ | ၁၉၄၀ | ၈၂၅၄၆၆၄ |
| ၁၉၁၃ | ၈၀၆၀၀၂၂ | ၁၉၄၁ | ၈၃၂၅၅၃၅ |
| ၁၉၁၄ | ၇၅၂၂၀၅၃ | ၁၉၄၂ | ၉၁၁၀၃၂ |
| ၁၉၁၅ | ၈၃၃၈၄၆၈ | | |

www.burmeseclassic.com

www.burmeseclassic.com



## ရေနံတွင်းတူး အလုပ်သမားများသပိတ် (၁၉၁၅)

မြန်မာနိုင်ငံရှိ ဘီအိုစီ [Burma (Myanmar) Oil Co.] မြန်မာ့ရေနံကုမ္ပဏီသည် ရေနံချောင်း၊ ရေနံမြေရှိ ရေနံတွင်းများကို ခေတ်မီနည်းစနစ်ဖြင့် တူးဖော်ရာတွင် အမေရိကန်တွင်းတူးသမားများကို ငှားရမ်းအသုံးပြုခဲ့သည်။ အဆိုပါ အမေရိကန်တွင်းတူးသမားများက လုပ်ခတိုးပေးရန် တောင်းဆိုသည့်အနေဖြင့် ၁၉၁၅ ခုနှစ် တွင် အလုပ်မလုပ်ဘဲ သပိတ်မှောက်ဆန္ဒပြကြသည်။ နောက်ဆုံး ဘီအိုစီကုမ္ပဏီ လိုက်လျောလိုက်သဖြင့် အမေရိကန် တွင်းတူးသမားများ၏ သပိတ်တိုက်ပွဲသည် အောင်မြင်မှုရခဲ့သည်။ ဤသပိတ်သည် ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် ပထမ ဆုံးပေါ်ပေါက်သည့် အလုပ်သမားသပိတ်ဖြစ်သည်။

## ရေနံချောင်း ဘီအိုစီစာရေးများသပိတ် (၁၉၁၇)

ရေနံချောင်းရှိ ဘီအိုစီ (BOC) ကုမ္ပဏီစာရေးများက လစာတိုးပေးရန် လုပ်သက်ခွင့်နှင့် ရှောင်တခင်ခွင့်ပေးရန် တောင်းဆိုချက်များဖြင့် ၁၉၁၇ ခုနှစ်တွင် ဆင်နွှဲသော သပိတ်ဖြစ်သည်။ မြန်မာတိုင်းရင်းသား စာရေးစာချီများက ဦးဆောင်ဆင်နွှဲသော သပိတ်ဖြစ်သည်။ တောင်းဆိုချက်များကို ဘီအိုစီကုမ္ပဏီက လိုက်လျောရသဖြင့် အောင်မြင်သော သပိတ်ဖြစ်သည်။

## ရဲဘော်သုံးကျိပ်

သခင်အောင်ဆန်း ဦးဆောင်၍ မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်နိုင်ငံ၌ ပထမဦးဆုံး စစ်ပညာသင်ယူခဲ့ကြသည့် ရဲဘော်သုံးဆယ်ကို ခေါ်ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ "အင်္ဂလိပ်အခက်၊ ဗမာ့အချက်" ဟူသော ကြွေးကြော်သံနှင့်အတူ သခင်အောင်ဆန်းတို့သည် လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီရှာရန် ကြိုးစားရာမှ ဂျပန်တို့နှင့် အဆက်အသွယ်ရခဲ့သည်။ ဂျပန်တို့က စစ်လက်နက်အကူအညီနှင့် စစ်ပညာသင်ပေးမည်ဆို၍ သခင်အောင်ဆန်းအပါအဝင် သခင်လူငယ်နှင့် ကျောင်းသားလူငယ်သုံးဆယ်တို့သည် ၁၉၄၁ ခုနှစ်အတွင်း အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ကာ လျှို့ဝှက်၍ လေးသုတ်ခွဲ



ရဲဘော်သုံးကျိပ်ဝင်အချို့


နောက်ဆုံးတန်း - ဗိုလ်တာရာ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်လင်းယုန်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်ဇလ၊ ဗိုလ်ရဲထွဋ်
အလယ်တန်း - ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်စောနောင်၊ ဗိုလ်ကျော်ဇော
ရှေ့တန်း - ဗိုလ်ဝေယျ၊ ဗိုလ်အောင်၊ နဂါးမီး၊ ဗိုလ်တေဇ၊ ဗိုလ်မိုးကြိုး၊ ဗိုလ်နေဝင်း၊ ဗိုလ်လရောင်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအသုတ် ရဲဘော်သုံးကျိပ်ဝင် ၁၁ ဦးအား ဟာကိုနီစခန်းတွင် တွေ့ရစဉ်
(၁၉၄၁ ဇူလိုင်)




(၁) ဟေါ်ကော (၂) ဗိုလ်ဇင်ယော် (၃) ဗိုလ်မြင့်ဆွေ (၄) ဗိုလ်စောနောင်
(၅) ဗိုလ်ညာဏ (၆) ဗိုလ်မင်းရောင် (၇) ဗိုလ်မိုးညို (၈) ဗိုလ်ဗလ
(၉) ဗိုလ်အောင် (၁၀) မိဂုတာနီ (၁၁) သခင်ထွန်းအုပ် (၁၂) ကိုဒါမ
(၁၃) ဗိုလ်စောအောင် (၁၄) ဗိုလ်နေဝင်း



ရဲဘော်သုံးကျိပ်တပ်စု (၃)အဖွဲ့ဝင်များနှင့် ဂျပန်သင်တန်း နည်းပြဆရာများ

နောက်တန်း - ကာဝတို၊ ဗိုလ်ဧယျ(ကိုလှမောင်)၊ ဗိုလ်နေဝင်း(သခင်ရှုမောင်)၊
ဗိုလ်မြင့်ဆွေ(သခင်ထွန်းတင်)၊ တပ်ကြပ်အီဝို
ရှေ့တန်း - ဒိုးအီ၊ ဗိုလ်လက်ျာ(သခင်လှဖေ)၊ ဗိုလ်ကြီးကာဝါရှိမ၊ သခင်ထွန်းအုပ်၊
ဗိုလ်တေဇ(သခင်အောင်ဆန်း)၊ နိုဟာရာ

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်နန်ကျွန်းတွင် သခင်အောင်ဆန်း(ဗိုလ်တေဇ)၊ သခင်ရှမောင်(ဗိုလ်နေဝင်း)တို့
စစ်ရေးစစ်ရာများ ဆွေးနွေးညှိနှိုင်း ခဲ့ကြစဉ်...



ကာ ဂျပန်နိုင်ငံသို့ သွားခဲ့ကြသည်။ ထိုလူငယ် ၃၀ တို့သည် ဟိုင်နန်ကျွန်းနှင့် ဖော်မိုဆာကျွန်းများတွင် ခေတ်မီစစ်ပညာများ သင်ယူပြီးသော် ထိုင်းနိုင်ငံ၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းကြသည်။ ထိုသို့ ဖွဲ့စည်းရာတွင် မြန်မာ့လွတ်လပ်ရေးကို အရယူမည်ဟု သစ္စာပြုသည့်အနေဖြင့် ရဲဘော်သုံးကျိပ်တို့သည် လက်မောင်းသွေးဖောက်၍ သောက်ခဲ့ကြ၏။ ထိုသို့ သွေးသောက်ရဲဘော်များအဖြစ် ခံယူပြီးသော် မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်တပ်မတော်နှင့်အတူ မြန်မာနိုင်ငံမှ အင်္ဂလိပ်တပ်များကို တိုက်ခိုက်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ အင်္ဂလိပ်တပ်များ ဆုတ်ခွာသွားသောအခါ လွတ်လပ်ရေးကြေညာနိုင်တော့မည့် အခြေအနေမျိုး ရှိလာသော်လည်း လက်တွေ့တွင် ဂျပန်တပ်များက မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူပြီး ဖက်ဆစ်စနစ်ဖြင့် အုပ်ချုပ်လိုက်သည်။ ထိုအခါ ရဲဘော်သုံးကျိပ်တို့ကပင် ဦးဆောင်၍ ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာဆင်နွှဲခဲ့ပြန်သည်။ စစ်ပြီးခေတ် လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း ရဲဘော်သုံးကျိပ်တို့ ရှေ့တန်းမှ ပါဝင်ခဲ့ကြသည်။ ရဲဘော်သုံးကျိပ်သည် မြန်မာ့လွတ်လပ်ရေးနှင့် နိုင်ငံအတွက် အနစ်နာခံရာတွင် စံနမူနာပြများဖြစ်ခြင်း၊ ရဲဘော်သုံးကျိပ်ထဲမှပင် စစ်ရေးနှင့် နိုင်ငံရေး ထိပ်တန်းခေါင်းဆောင်များ ထွက်ပေါ်လာခြင်း၊ နှစ်ဆယ်ရာစုခေတ် ဗမာ့တပ်မတော်ကို ပြုစုပျိုးထောင်ပေးသူများဖြစ်ခြင်း၊ လွတ်လပ်ရေးတိုက်ပွဲတွင် ရှေ့တန်းမှပါဝင်ခြင်းတို့ကြောင့် မြန်မာ့သမိုင်းတွင် ထင်ရှားသည်။ ယင်းရဲဘော်သုံးကျိပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ အမည်များကို အမှတ်စဉ်တစ်နှင့် နှစ်မှ လွဲ၍ အက္ခရာစဉ်အလိုက် ဖော်ပြထားသည်။

| | | |
|---|---|---|
| ၁။ | ဗိုလ်တေဇ | - သခင်အောင်ဆန်း |
| ၂။ | ဗိုလ်နေဝင်း | - သခင်ရှမောင် |
| ၃။ | ဗိုလ်ကျော်ဇော | - ကိုရွှေ |
| ၄။ | ဗိုလ်ဇောနော်င် | - သခင်သစ် |
| ၅။ | ဗိုလ်ဇောအောင် | - သခင်ငွေ |
| ၆။ | ဗိုလ်စကြာ | - သခင်အောင်သန်း |
| ၇။ | ဗိုလ်ဇေယျ | - ကိုလှမောင် |
| ၈။ | ဗိုလ်ဇင်ယော် | - သခင်သန်းညွန့် |
| ၉။ | ဗိုလ်ဉာဏ | - သခင်မောင်မောင် |
| ၁၀။ | ဗိုလ်တာရာ | - သခင်ခင်မောင်ဦး |

www.burmeseclassic.com



၁၁။ ဗိုလ်တောက်ထိန် - သခင်စံမြ
၁၂။ ဗိုလ်ထိန်ဝင်း - ကိုဆောင်း
၁၃။ သခင်ထွန်းအုပ် - -
၁၄။ ဗိုလ်ဗလ - သခင်ထွန်းလွင်
၁၅။ ဗိုလ်ဘုန်းမြင့် - သခင်တင်အေး
၁၆။ ဗိုလ်မင်းခေါင် - သခင်စောလွင်
၁၇။ ဗိုလ်မင်းရောင် - သခင်လှ
၁၈။ ဗိုလ်မိုး - သခင်အေးမောင်
၁၉။ ဗိုလ်မိုးညို - သခင်ကျော်စိန်
၂၀။ ဗိုလ်မြဒင် - သခင်သန်းတင် (အုတ်ဖို)
၂၁။ ဗိုလ်မြင့်ဆွေ - သခင်ထွန်းခင်
၂၂။ ဗိုလ်မြင့်အောင် - သခင်စိုး
၂၃။ ဗိုလ်ရဲထွဋ် - ကိုအောင်သိန်း
၂၄။ ဗိုလ်ရန်နိုင် - ကိုထွန်းရှိန်
၂၅။ ဗိုလ်ရန်အောင် - သခင်လှမြိုင်
၂၆။ ဗိုလ်လရောင် - သခင်ဇဂျမ်း
၂၇။ ဗိုလ်လင်းယုန် - သခင်ထွန်းရွှေ
၂၈။ ဗိုလ်လကျာ် - သခင်လှဖေ
၂၉။ ဗိုလ်သန်းတင် - သခင်သန်းတင် (ကမာရွတ်)
၃၀။ ဗိုလ်အောင် - သခင်စံလှိုင်

တို့ ဖြစ်ကြသည်။

## ရန်ကုန်မြူနီစီပယ်အဖွဲ့ (၁၈၇၄)

ပထမဆုံး ရန်ကုန်မြူနီစီပယ်အဖွဲ့ကို ၁၈၇၄ ခုနှစ်တွင် ဖွဲ့သည်။ အင်္ဂလိပ်တို့ ရန်ကုန်ကို သိမ်းယူပြီးနောက် ရန်ကုန်မြို့ အုပ်ချုပ်ရေးကို မြို့ဝန် (Town Magistrate) က တာဝန်ယူအုပ်ချုပ်ရာမှ မြူနီစီပယ်အဖွဲ့ ပေါ်လာသောအခါ ထိုအဖွဲ့က စည်ပင်သာယာရေးလုပ်ငန်းများကို မြို့ဝန်ထံမှ လွှဲယူသည်။ ပထမဆုံးဖွဲ့သည့် မြူနီစီပယ်အဖွဲ့တွင် အဖွဲ့ဝင် ၃၂ ဦး ရှိသည်။ ထိုအဖွဲ့တွင်



ပဲခူးကော်မရှင်နာမင်းကြီး၊ ကျန်းမာရေးအရာရှိ၊ လက်ထောက်မြို့ဝန် ဆရာဝန်ကြီး၊ အင်ဂျင်နီယာအလုပ်ဝန်နှင့် မြို့ဝန်တို့က ရာထူးအလျောက် အဖွဲ့ဝင်အဖြစ်ပါဝင်ရပြီး ကျန် ၂၆ ဦးကို မဟာဝန်ရှင်တော်မင်းကြီးက ခန့်သည်။ ထို ၂၆ ဦးတွင် အစိုးရအရာရှိ ၁၁ ဦးနှင့် မြို့သူမြို့သား ၁၅ ဦး ပါဝင်သည်။ ထိုအဖွဲ့တွင် မြို့ဝန်က ဥက္ကဋ္ဌဖြစ်သည်။

## ရန်ကုန်အစိုးရကောလိပ်

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ဟူ၍ မပေါ်ပေါက်လာမီ မြန်မာနိုင်ငံ၏ ပထမဆုံးကောလိပ်ပညာရေးကို သင်ကြားပေးမည့် ရန်ကုန်အစိုးရကောလိပ်သည် ရန်ကုန်အစိုးရအထက်တန်းကျောင်းမှ တိုးမြှင့်ပေါက်ပွားလာသည့် ကောလိပ်ဖြစ်သည်။ ၁၈၇၄ ခု၊ မတ်လ ၂ ရက်နေ့တွင် ပညာရေးဌာနက ရန်ကုန်အစိုးရအထက်တန်းကျောင်းကို ယခုဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မဟာဝန်ရှင်တော်မင်းကြီး ဖယ်ယာနေထိုင်ခဲ့သော အဆောက်အအုံ (လသာ အ.ထ.က ၁ ဝင်း)၌ ဖွင့်လှစ်ခဲ့သည်။ ၁၈၇၈ ခုနှစ်ရောက်သောအခါ ရန်ကုန်အစိုးရတန်းမြင့်ကျောင်းတွင် ကာလကတ္တားတက္ကသိုလ် ဥပစာတန်းအတွက် သင်ကြားပေးရာမှ ကောလိပ်ဌာနဟူ၍ ရှိလာပြီး ကောလိပ်ပညာရေး စတင်ပေါ်ပေါက်လာသည်။

၁၈၇၉ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့ရောက်သောအခါ ရန်ကုန်အစိုးရအထက်တန်းကျောင်းရှိ ကောလိပ်ဌာနကို ကာလကတ္တားတက္ကသိုလ်နှင့် ဆက်သွယ်ထားသည့် ဥပစာကောလိပ်အဖြစ် တရားဝင်အသိအမှတ်ပြုခံရသည်။ ၁၈၈၃ ခုနှစ်ရောက်သောအခါ ကောလိပ်ဌာနက ဝိဇ္ဇာတန်းများ တိုးချဲ့သင်ကြားပေးသည်။ ၁၈၈၅ ခု ရောက်သောအခါ ရန်ကုန်အစိုးရအထက်တန်းကျောင်းဝင်းအတွင်း၌ပင် သီးသန့်အဆောက်အအုံဆောက်လုပ်၍ ရန်ကုန်ကောလိပ်ဌာနကို ဖွင့်လှစ်ခဲ့သည်။ ၁၈၈၅ ခု၊ မတ်လ ၃ ရက်နေ့မှ စ၍ ရန်ကုန်အစိုးရ အထက်တန်းကျောင်း၏ ကျောင်းအုပ်ကြီး ဂျေအိပ်ချ်ဂီးလ်ဘတ် (J.H. Gilbert) ကိုပင် ရန်ကုန်ကောလိပ်၏ ပထမဆုံးကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ၁၈၈၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်အစိုးရ တန်းမြင့်ကျောင်းနှင့် ရန်ကုန်ကောလိပ်ကို ပညာရေးဆင်ဒီကိတ်အဖွဲ့က အစိုးရထံမှ လွှဲယူသည်။ ထိုအချိန်မှ စ၍ ရန်ကုန်ကောလိပ်သည် ကာလကတ္တားတက္ကသိုလ်နှင့် ဆက်သွယ်ထားသော ဒီဂရီကောလိပ် ဖြစ်လာသည်။ ၁၉၀၄ ခုနှစ်ရောက်သောအခါ ရန်ကုန်ကောလိပ်

www.burmeseclassic.com

www.burmeseclassic.com



သည် ပညာရေးဆင်ဒီကိတ်လက်အောက်မှ အစိုးရလက်အောက်သို့ ပြန်လည်ရောက်ရှိသွားပြီး အစိုးရကောလိပ်ဖြစ်သွားပြန်သည်။ ရန်ကုန်အစိုးရကောလိပ်သည် ဘီအေနှင့် ဂုဏ်ထူးတန်းများ၊ ဘီအယ်လ်တွဲသင်တန်းများနှင့် ဓာတုဗေဒ၊ ရူပဗေဒ စသည့် သိပ္ပံတွဲဒီဂရီများတွဲအထိ သင်ကြားပေးခဲ့သည့် ကောလိပ်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ပေါ်လာသောအခါ ရန်ကုန်အစိုးရကောလိပ်သည် ရန်ကုန်တက္ကသိုလ်၏ အပေါင်းအပါကောလိပ်ဖြစ်သွားသည်။

ရန်ကုန်အစိုးရကောလိပ်သည် ကောလိပ်ပညာရေးခေါ် အဆင့်မြင့်ပညာသင်ကြားရေးအတွက် ပထမဆုံးပေါ်ပေါက်ခဲ့သည့် ကောလိပ်ဖြစ်၍ ပညာရေးသမိုင်းတွင် အရေးပါသည့် မှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ ရန်ကုန်အစိုးရကောလိပ်မှ ပထမဆုံး ဘီအေအောင်သူမှာ မောင်တူဖြစ်သည်။

## ရန်ကုန်မြို့လူဦးရေ

ကိုလိုနီခေတ်အတွင်းက ၁၈၇၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်တစ်ကြိမ်ကျဖြင့် သန်းခေါင်စာရင်း ရှစ်ကြိမ်ကောက်ယူခဲ့သည့် စာရင်းများအရ ရန်ကုန်မြို့ လူဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

| ခုနှစ် | လူဦးရေ |
|---|---|
| ၁၈၇၂ | ၉၈,၇၄၅ |
| ၁၈၈၁ | ၁၃၄,၁၇၆ |
| ၁၈၉၁ | ၁၈၂,၀၈၀ |
| ၁၉၀၁ | ၂၄၅,၄၃၀ |
| ၁၉၁၁ | ၂၉၃,၃၁၆ |
| ၁၉၂၁ | ၃၄၁,၉၆၂ |
| ၁၉၃၁ | ၄၀၀,၄၁၅ |
| ၁၉၄၁ | ၅၀၀,၀၀၀ |

၁။ ဤစာရင်းကို Census Reports များမှ ကူးယူဖော်ပြပါသည်။



## ရန်ကုန်မြို့ရှိ မြန်မာနှင့် ကုလားဦးရေ

ကိုလိုနီခေတ်အတွင်းက မြန်မာနိုင်ငံသို့ လာရောက်နေထိုင်ကြသည့် နိုင်ငံခြားသားများတွင် ကုလားလူမျိုးများမှာ အများဆုံးဖြစ်သည်။ ထိုသို့ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ကုလားအများစုမှာလည်း ရန်ကုန်မြို့တွင်ပင် နေထိုင်ကြသဖြင့် ကိုလိုနီခေတ်အတွင်းက ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ ကုလားမြို့ဟု ခေါ်ရလောက်အောင် ကုလားလူမျိုးများ တစ်နေ့တခြား တိုးပွားလာပုံကို အောက်ပါစာရင်းဇယားအရ သိနိုင်ပါသည်။[၁]

| ခုနှစ် | မြန်မာ | ကုလား |
|---|---|---|
| ၁၈၇၂ | ၇၀၀၀၀ | ၁၆၀၀၀ |
| ၁၈၈၁ | ၆၇၀၀၀ | ၆၆၀၀၀ |
| ၁၈၉၁ | ၇၃၀၀၀ | ၈၇၀၀၀ |
| ၁၉၀၁ | ၈၁၀၀၀ | ၁၁၉၀၀၀ |
| ၁၉၁၁ | ၉၀၀၀၀ | ၁၆၅၀၀၀ |
| ၁၉၂၁ | ၁၀၅၀၀၀ | ၁၈၇၀၀၀ |
| ၁၉၃၁ | ၁၂၈၀၀၀ | ၂၁၂၀၀၀ |
| ၁၉၄၁ | ၁၆၀၀၀၀ | ၂၈၀၀၀၀ |

၁။ ဤစာရင်းကို တို့ဗမာအစည်းအရုံးသမိုင်း၊ ပထမတွဲနှင့် Burma (Myanmar) Facts and Figures စာအုပ်များမှ ကူးယူဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com




# ရန်ကုန်–ပြည် မီးရထားလမ်း (၁၈၇၇)

အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် ပထမဆုံးဖောက်သော မီးရထားလမ်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးမီးရထားလမ်းဖြစ်သည်။ ထိုရထားလမ်းဖောက်လုပ်ရန် အိန္ဒိယဗဟိုအစိုးရက ၁၈၇၄ ခုနှစ်တွင် ခွင့်ပြုခဲ့သည်။ ခွင့်ပြုမိန့်ရပြီးနောက် မြေတိုင်းခြင်း၊ လျော်ကြေးပေးခြင်း၊ မြေဖို့ခြင်း၊ ချိုင့်ဝှမ်းများပြုပြင်ခြင်း၊ ကြေးနန်းတိုင်များစိုက်ခြင်း၊ တံတားများတည်ဆောက်ခြင်းစသည့် လိုအပ်သော ပြင်ဆင်မှုလုပ်ငန်းများကို သုံးနှစ်မျှ အချိန်များစွာယူ၍ ဖောက်လုပ်ခဲ့သည်။ ပြည်မြို့အနီး ရထားလမ်းဖောက်လုပ်ရာ၌ ပြည်မြို့တောင်ဘက် သရေခေတ္တရာမြို့ဟောင်း၏ ရွှေတံခါးခေါ် မြို့ဝင်ပေါက်အနီးနှင့် မထောရွာအနီး နတ်စင်ကုန်း (ယခုတံတားအမှတ် ၄၆၁ နေရာ)နှစ်နေရာတို့တွင် မြို့ရိုးဟောင်းကို ဖြိုချ၍ ဖောက်လုပ်ခဲ့သည်။ သုံးနှစ်ကြာမျှ ဖောက်လုပ်ပြီးနောက် ၁၈၇၇ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ရန်ကုန်မှ ပြည်သို့ မီးရထားလမ်း စတင်ခုတ်မောင်းသည်။ ၎င်းမီးရထားလမ်းကို ရန်ကုန်မှ အနောက်မြောက်ဘက် ၁၆၁ မိုင်အကွာတွင် ရှိသော ဧရာဝတီမြစ်ကမ်းပေါ်ရှိ ပြည်မြို့သို့ ဖောက်လုပ်ထားခြင်းဖြစ်၍ 'ရန်ကုန်ဧရာဝတီမြစ်ဝှမ်းအစိုးရမီးရထားလမ်း' ဟု ခေါ်တွင်ခဲ့သည်။

ထိုရထားလမ်းဖောက်လုပ်ရာတွင် တစ်မိုင်လျှင် ၇၃၀၀၀ ကျပ် (ခုနစ်သောင်းသုံးထောင်ကျပ်) ကုန်ကျ၍ ၁၆၁ မိုင်အတွက် စုစုပေါင်းကုန်ကျငွေမှာ ၁၁,၇၅၃၀၀၀ ကျပ် (တစ်ကုဋေတစ်သန်းခုနစ်သိန်းငါးသောင်းသုံးထောင်ကျပ်) ဖြစ်သည်။ လမ်းဖောက်လုပ်ရာတွင် အိန္ဒိယမှ အလုပ်သမားများကို ခေါ်ယူအသုံးပြုခဲ့သည်။ ရထားလမ်း၏ သံလမ်းနှစ်ခုကြားအကျယ်မှာ တစ်မီတာ (၁၀၀ စင်တီမီတာ)ရှိ၍ သံလမ်းအမျိုးအစားမှာ မီတာဂိတ်ချ်ဟုခေါ်သည့် အမျိုးအစားဖြစ်သည်။

ရန်ကုန်မှ ပြည်သို့ စတင်ပြေးဆွဲသည့်နေ့က နံနက် ၆ နာရီတွင် ရန်ကုန်ဘူတာကြီးမှ စထွက်ပြီး ကြည့်မြင်တိုင်နှင့် သမိုင်းဘူတာတို့၌ ခေတ္တရပ်နားပြီးနောက် အင်းစိန်သို့ ဆက်လက်ခုတ်မောင်းသည်။ အင်းစိန်တွင် စက်ခေါင်းပြင်အလုပ်ရုံတွင် စစ်ဆေးကြည့်ရှုပြီးနောက် ပြည်သို့ တောက်လျှောက်ခုတ်မောင်းသည်။ ထိုရထားတွင် ပထမတန်းတွဲ၊ ဒုတိယတန်းတွဲ၊ တတိယတန်းတွဲနှင့် ကုန်တွဲများအပါအဝင် 'ဘရိတ်ဗင်'တွဲပါ စုစုပေါင်း ၁၂ တွဲပါဝင်သည်။ ပထမ



ရန်ကုန်နှင့် ပြည် ပထမဆုံးပြေးဆွဲသော မီးရထားစက်ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တန်းတွဲတွင် မင်းကြီးမစ္စတာရီဖာသွန်မဆင်နှင့် အထူးဖိတ်ကြားထားသူများနှင့် ဧည့်သည်တော်များ စီးနင်းလိုက်ပါကြသည်။ အပြန်ခရီးတွင် ရပ်နားခြင်းမရှိဘဲ တောက်လျှောက်ခုတ်မောင်း၍ ည ၈ နာရီအချိန်၌ ရန်ကုန်ဘူတာကြီးသို့ ချောမော စွာ ပြန်လည်ရောက်ရှိသည်။

ရန်ကုန်-ပြည် မီးရထားလမ်း စတင်ပြေးဆွဲစဉ်က ရထားခများမှာ ပထမ တန်းအတွက် ရူပီးငွေကိုးကျပ်၊ ဒုတိယတန်းအတွက် ရူပီးငွေ လေးကျပ်ရှစ်ပဲ၊ တတိယတန်းအတွက် ရူပီးငွေ နှစ်ကျပ်လေးပဲဖြစ်ပြီး ကုန်တင်ခမှာ စပါးတစ်တင်း လျှင် ရူပီးငွေငါးကျပ် ဖြစ်သည်။

ရန်ကုန်-ပြည် မီးရထားလမ်းတွင် ပထမဆုံးအသုံးပြုခဲ့သည့် မီးရထား စက်ခေါင်းအမှတ်သည် အေအိုဝမ်း (A-O. 1) ဖြစ်၍ အလေးချိန်သည် (၁၇.၆၅) တန်ရှိကာ ဆွဲအားမှာ ၃၈၅၇ ပေါင်ရှိပြီး အလျား ၂၂'-၁"၊ အမြင့် ၁၀'-၃" ရှိသည်။ ၎င်းစက်ခေါင်းကို ဒုတိယကမ္ဘာစစ်မဖြစ်မီက ရန်ကုန်ဘူတာကြီး စကြံ ပလက်ဖောင်းအမှတ် (၁)တွင် ထားရှိခဲ့သည်။ ထို့နောက် အင်းစိန်မီးရထားစက်ရုံ ဝင်းသို့လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မီးရထားရုံးဝင်းအတွင်းသို့ လည်းကောင်း ပြောင်းရွှေ့ခဲ့သည်။ ယခုအခါ ပြည်လမ်း ပြည်သူ့ဥယျာဉ်ဝင်း အတွင်း ထိုစက်ခေါင်းကို တွေ့မြင်နိုင်သည်။ 'ရန်ကုန်-ပြည် မီးရထားလမ်း' သည် မြန်မာနိုင်ငံတွင် ပထမဆုံးဖောက်လုပ်သည့် မီးရထားလမ်းဖြစ်၍ မှတ်တမ်း တင်ဖော်ပြအပ်ပါသည်။



# ရန်ကုန်စပါးဈေး

ကိုလိုနီခေတ်အတွင်းက ရန်ကုန်၌ အရောင်းအဝယ်ဖြစ်သည့် စပါးတင်း ၁၀၀ ဈေးမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

| ခုနှစ် | ကျပ် | ခုနှစ် | ကျပ် |
|---|---|---|---|
| ၁၈၄၅ | ၈ | ၁၉၀၉ | ၁၁၀ |
| ၁၈၅၅ | ၄၅ | ၁၉၁၁ | ၁၃၀ |
| ၁၈၆၀ | ၄၅ | ၁၉၁၂ | ၁၆၀ |
| ၁၈၆၅ | ၅၀ | ၁၉၁၃ | ၁၃၀ |
| ၁၈၇၀ | ၇၀ | ၁၉၁၄ | ၁၂၀ |
| ၁၈၇၅ | ၆၅ | ၁၉၁၅ | ၁၂၅ |
| ၁၈၇၇ | ၁၉၅ | ၁၉၁၆ | ၁၁၀ |
| ၁၈၈၀ | ၁၀၀ | ၁၉၁၇ | ၁၀၅ |
| ၁၈၈၅ | ၉၅ | ၁၉၁၈ | ၂၄၀ |
| ၁၈၉၀ | ၉၅ | ၁၉၁၉ | ၁၄၀ |
| ၁၈၉၅ | ၉၅ | ၁၉၂၀ | ၁၈၀ |
| ၁၉၀၀ | ၉၅ | ၁၉၂၁ | ၁၉၀ |
| ၁၉၀၁ | ၉၅ | ၁၉၂၂ | ၁၉၅ |
| ၁၉၀၂ | ၁၀၀ | ၁၉၂၃ | ၁၈၀ |
| ၁၉၀၃ | ၁၁၀ | ၁၉၂၄ | ၁၉၅ |
| ၁၉၀၄ | ၉၅ | ၁၉၂၅ | ၁၉၅ |
| ၁၉၀၅ | ၁၀၅ | ၁၉၂၆ | ၁၉၀ |
| ၁၉၀၆ | ၁၂၀ | ၁၉၂၇ | ၁၈၀ |
| ၁၉၀၇ | ၁၃၀ | ၁၉၂၈ | ၁၆၅ |
| ၁၉၀၈ | ၁၃၅ | ၁၉၂၉ | ၁၆၀ |

၁။ ဤစာရင်းကို မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ (၁)မှ ကူးယူဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း (၁၉၀၆)

'ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်း' (Yangon College Buddhist Association) ကို ၁၉၀၆ ခုနှစ်တွင် တည်ထောင်သည်။ ကောလိပ်ကျောင်းသူကျောင်းသားများ မြတ်ဗုဒ္ဓ၏တရားတော်နှင့် ရတနာသုံးပါးတို့ကို မမေ့မလျော့စေရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်သည်။ အသင်း၏ ဆောင်ပုဒ်မှာ 'အပ္ပမာဒေန သမ္ပာဒေထ' ဟူ၍ဖြစ်သည်။ မှတ်တမ်းများအရ နောင်အခါ အဂ္ဂမဟာသရေစည်သူနှင့် သတိုးသီရိသုမ္မဘွဲ့ရနှင့် တရားဝန်ကြီးချုပ်ဖြစ်လာသည့် ဦးသိမ်းမောင် ရန်ကုန်ကောလိပ်သို့ ၁၉၀၈ ခုနှစ်တွင် ရောက်လာပြီး အသင်း၏ စည်းမျဉ်းဥပဒေ ရေးဆွဲသည်။

မှတ်တမ်းများအရ အစောဆုံးသိရသည့် အမှုဆောင်အဖွဲ့မှာ ၁၉၁၈–၁၉ ခုအတွက် ဖြစ်သည်။ ထိုနှစ်က ဘိက္ခုသီလာစာရ အမှူးပြုသော နာယကရှစ်ဦးရှိသည်။ ဥက္ကဋ္ဌ ဦးမေအောင်၊ အကျိုးဆောင်အတွင်းရေးမှူး မောင်ဘစိန်နှင့် အတန်းကိုယ်စားလှယ်များပါသော အမှုဆောင်အဖွဲ့ဝင် ၁၈ ဦးဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ပေါ်လာပြီးနောက် ၁၉၂၉ ခုနှစ်တွင် အသင်း၏ အမည်ကို 'ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်း' ဟု အမည်ပြောင်းသည်။

လွတ်လပ်ရေးမရမီက အသင်းကို ဦးဆောင်ခဲ့ကြသည့် နာယကနှင့် ဥက္ကဋ္ဌအချို့မှာ ဘိက္ခုသီလာစာရ၊ ဒုတိယစာရင်းစစ်မင်းကြီး ဦးဆက်၊ ဦးမေအောင်၊ ဆရာကြီးဦးပွား၊ ဆရာဝန်ကြီး ဆာမြဘူး၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ ဦးမောင်ကြီး၊ ဆာဦးသွင်၊ စည်ပင်သာယာမင်းကြီး ဦးချစ်မောင်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၊ ဆရာကြီး ဦးဘ၊ ကိုးထပ်ကြီးဘုရားဒါယကာ ဦးကျော်၊ ဦးနေဒွန်း၊ ယစ်မျိုးမင်းကြီး ဦးရွှေဇံအောင်နှင့် မီးရထားဌာန ငွေစာရင်းဝန် ဦးဘစိန်တို့ ဖြစ်ကြသည်။

အမှုဆောင်အဖွဲ့ဝင်အချို့မှာ တက္ကသိုလ်ဆရာများဖြစ်ကြသော ဦးဝန်၊ ဦးဘလေး၊ ဦးကွန်း၊ ဦးစံထား၊ ဦးသိန်းဟန် စသူတို့နှင့် ကျောင်းသားကျောင်းသူများမှာ ဝိဇ္ဇာဂုဏ်ထူးတန်းကျောင်းသား မောင်စိုး၊ ဝိဇ္ဇာအနိမ့်တန်းမှ မောင်စိန်တင်နှင့် မောင်စိန်ဟန်၊ မောင်သက်တင်၊ ကိုအိန်၊ ကိုဝန်၊ ကိုစိန်း၊ ကိုအုန်း၊ ကိုအောင်တင်၊



ကိုစိန်နှင့် ကိုမြစိန် စသူတို့ဖြစ်သည်။ ထူးခြားမှုတစ်ခုမှာ ၁၉၂၄–၂၅ ပညာသင်နှစ်မှ စ၍ ပထမအကြိမ် ကျောင်းသူကိုယ်စားလှယ်နှစ်ဦး ပါဝင်လာခြင်းဖြစ်သည်။ ၎င်းတို့မှာ မခင်သန်းနှင့် မခင်မိမိတို့ဖြစ်သည်။ ထို့နောက် အမှုဆောင်စာရင်းတွင် မမကြီး ခင်စောမူနှင့် ဒေါ်မြသိန်း စသူတို့လည်း ပါဝင်ခဲ့ကြသည်။

တက္ကသိုလ်တွင် ကျောင်းသားကျောင်းသူဦးရေ များပြားလာသည့်အပြင် သင်ကြားရေးဌာနများလည်း တိုးပွားလာရုံမက အဆောင်များလည်း ရှိလာသဖြင့် ဘာသာရပ်အလိုက် ကိုယ်စားလှယ်များနှင့် အဆောင်ကိုယ်စားလှယ်များ ပါဝင်လာ၍ ၁၉၄၀ ပြည့်နှစ်တွင် အသင်း၏ နာယက ၁၃ ယောက်အပါအဝင် အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင် ၆၀ အထိ ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ မကူးစက်မီ အမှုဆောင်အများဆုံးရှိသည့် နှစ်ဖြစ်သည်။ စစ်ပြီးခေတ် ၁၉၄၅–၄၆ ခုနှစ် ပထမဆုံးဖွဲ့သော အမှုဆောင်အဖွဲ့တွင်မူ နာယက ၁၅ ယောက်နှင့် အမှုဆောင်အဖွဲ့ဝင် ၁၉ ယောက်သာ ရှိသည်။

## ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း၏ ဟောပြောပွဲများ

ရန်ကုန်ကောလိပ်ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပသော ဟောပြောပွဲများတွင် ၁၉၁၃ ခု၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပညာဝန်ဦးမွန်က 'လူငယ်များကို အကြံပေးစကား' ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် အမျိုးဘာသာသာသနာနှင့် ပတ်သက်၍ လူငယ်များ မထီမဲ့မြင်မပြုသင့်ကြောင်း အကြံပေးစကားပြောကြားသည်။ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ရူပဗေဒပါမောက္ခ ကေအမ်ဝါ့ဒ်က 'ကောင်းသော အမှုအကျင့်' ခေါင်းစဉ်ဖြင့် လူငယ်များ အမြင်မှန်ရရှိရေးအတွက် ဟောပြောသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင်မူ ဦးဖေက 'ကံကံ၏အကျိုး' ခေါင်းစဉ်ဖြင့် ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် ကံတရားအကြောင်း ဟောပြောသည်။ ဒီဇင်ဘာလ ၁၄ ရက်နေ့က တစ်ဖန် ဥပစာတန်းအောက်တန်းကျောင်းသူ မထားက 'မြန်မာနိုင်ငံ အမျိုးသမီးတို့ ပညာရေး' ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံခေတ်မီစေရန်၊ မြန်မာအမျိုးသမီးများ ပညာတတ်ရန် လိုအပ်ပုံဟောပြောသည်။ အမျိုးသမီးတစ်ဦးက ယခုကဲ့သို့ ခေါင်းဆောင်၍ ဟောပြောခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်၍ မှတ်တမ်းတင်ထားရမည့် ကိစ္စဖြစ်သည်ဟု သဘာပတိဦးမေအောင်

www.burmeseclassic.com

www.burmeseclassic.com



က ထည့်သွင်းပြောကြားသည်။ နိုင်ငံအပေါ် ပညာတတ်လူငယ်များ ထားရှိရမည့် သဘောထားနှင့် တာဝန်များအကြောင်းကို အစိုးရရှေ့နေ ဦးထွန်းဝင်းက "ကျောင်းသားလူငယ်တို့အကြောင်း" ခေါင်းစဉ်ဖြင့် ၁၉၁၄ ခု၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဟောပြောသည်။ ပရိသတ်ထဲမှ ကျောင်းသားများကလည်း ပါဝင်ဆွေးနွေးကြသည်။ ဥပစာအထက်တန်းကျောင်းသား မောင်ဘရီကလည်း ၁၉၁၄ ခု၊ မတ်လ ၁ ရက်နေ့တွင် "မြန်မာဇာတ်သဘင်အကြောင်း" မြန်မာဘာသာဖြင့် ဟောပြောသည်။

## ရန်ကုန်တိရစ္ဆာန်ဥယျာဉ် (၁၉၀၆)

ကိုလိုနီခေတ်အတွင်းက ယခု ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးနေရာတွင် ဖယ်ယာပြတိုက်ခေါ် မြူစီယမ် (Muscum) ပြတိုက်နှင့် တိရစ္ဆာန်ရုံရှိခဲ့ဖူးသည်။ ကမ္ဘာပေါ်ရှိ အထူးအဆန်းမျိုးစုံများကို ပြသထားသောကြောင့် မြန်မာတို့က ထိုမြူစီယမ်ကို အသေရုံဟု ခေါ်ကြသည်။ ထို့နောက် ရန်ကုန်မြို့ လူဦးရေတိုးပွားလာ၍ မြို့ချဲ့ထွင်ရန် လိုအပ်လာသည်ကတစ်ကြောင်း၊ ၁၉၀၁ ခုနှစ်တွင် ဝိတိုရိယဘုရင်မကြီး ကံကုန်သည်ကို အကြောင်းပြု၍ ဝိတိုရိယဘုရင်မကြီးအထိမ်းအမှတ်တစ်ခု ပြုလုပ်လိုသည်က တစ်ကြောင်းတို့ကြောင့် ယခုလက်ရှိနေရာ၌ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်သည်။

ယခု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နေရာသည် မူလက ဒိုဘီကုလားများ အဝတ်လျှော်သည့် ရေအိုင်များဖြင့် ပြည့်နေသော နေရာဖြစ်သည်။ ထို့ကြောင့် ကာလတ္တားမှ တိရစ္ဆာန်ရုံအရာရှိတစ်ဦးခေါ်ယူ၍ တိရစ္ဆာန်ရုံဆောက်လုပ်ရန် တာဝန်ပေးသည်။ ၎င်း၏ကြီးကြပ်မှုဖြင့် ဧက ၄၀ ကျော်ရှိ မြေနေရာကို ခြံကာ၊ မြေဖို့၊ ပန်းစိုက်၊ လှောင်ချိုင့်ထည့် စသည်ဖြင့် ပြုပြင်လိုက်သောအခါ လှပသော တိရစ္ဆာန်ရုံဖြစ်လာသည်။ ပြုပြင်တည်ဆောက်မှုများပြီးသောအခါ ရန်ကုန်ဆေးရုံကြီးနေရာရှိ တိရစ္ဆာန်ရုံဟောင်းကို နေရာသစ်သို့ ပြောင်းရွှေ့ပြီး "ဝိတိုရိယဘုရင်မပန်းခြံနှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်"ဟု အမည်ပေးသည်။ အင်္ဂလိပ်အိမ်ရှေ့စံမင်းသား ဝေလမင်းသားနှင့် ကြင်ရာတော်တို့ ရန်ကုန်မြို့သို့ ရောက်နေစဉ် ၁၃.၁.၁၉၀၆ နေ့တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို အခမ်းအနားဖြင့် ဖွင့်ပေးသည်။



ထိုအခမ်းအနားဖွင့်ပွဲနေ့က ပြသထားသည့် တိရစ္ဆာန်များတွင် ၁၈၈၇ ခုနှစ်က ရန်ကုန်ယူလာသော သီပေါမင်း၏ ဆင်ဖြူတော်လည်း ပါသည်။ ထိုစဉ်က လူတစ်ယောက်လျှင် နှစ်ပဲကျ ဝင်ကြေးပေးရသည်။ ၁၉၀၈ ခုနှစ်တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဟု အမည်ပြောင်းသည်။


## ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် (ပထမအကြိမ်) (၁၉၂၁)

ကိုလိုနီခေတ် မြန်မာ့သမိုင်းတွင် ပထမဆုံးအကြိမ်ကျင်းပသည့် ရန်ကုန်တက္ကသိုလ်၏ ဘွဲ့နှင်းသဘင်အခမ်းအနားမှာလည်း သမိုင်းဝင်ဖြစ်ရပ်တစ်ခုဟု ဆိုနိုင်သောကြောင့် မှတ်တမ်းတင်ဖော်ပြလိုက်ပါသည်။


ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီဟော၌ ၁၉၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ထိုအခမ်းအနားသို့ ရန်ကုန်တက္ကသိုလ် အဓိပတိ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက်အမှူးပြုသော အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တရားလွှတ်တော်ဝန်ကြီးများ(တရားသူကြီးများ)၊ ရန်ကုန်မြူနီစီပယ်အဖွဲ့ဝင်များ၊ ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သုတေသနအသင်း အမှုဆောင်များ၊ ကုန်သည်ကြီးများအသင်းမှ အမှုဆောင်များ၊ ကျောင်းအုပ်ဆရာကြီးများ၊ ဘွဲ့ရမှတ်ပုံတင်ပြီးသူများ၊ ဒုတိယဘုရင်ခံ၏ ဇနီး၊ လူကြီးများ၏ ဇနီးများနှင့် ကျောင်းသူကျောင်းသားဧည့်သည်များ အစုံအညီတက်ရောက်ကြသည်။

အခမ်းအနားတွင် ဘီအေရိုးရိုးဘွဲ့ရသူ ၂၃ ဦး၊ ဘီအေဂုဏ်ထူးဘွဲ့ရသူ ကိုးဦး၊ ဘီအက်စ်စီရိုးရိုးဘွဲ့ရသူ ခြောက်ဦး၊ ဘီအက်စ်စီဂုဏ်ထူးရသူ တစ်ဦးနှင့် ဘီအယ်ဘွဲ့ရသူ ၁၄ ဦးကို ရန်ကုန်တက္ကသိုလ်၏ အဓိပတိ ဆာရယ်ဂျီနယ် ကရက်ဒေါက်က လက်မှတ်ပေးအပ်သည်။ ဘီအေဘွဲ့ကို အင်္ဂလိပ်စာပထမတန်းဂုဏ်ထူးဖြင့် အောင်သူမှာ အက်ဂျူဗုနသန်ဖြစ်ပြီး မောင်ဘကျားက ဘီအေဘွဲ့ကို ပါဠိပထမတန်းဂုဏ်ထူးဖြင့် အောင်မြင်ကာ မောင်ဘိုးသုန်က ဘီအေဘွဲ့ကို သင်္ချာပထမတန်းဂုဏ်ထူးဖြင့် အောင်သည်။ အခြားထူးခြားချက်တစ်ခုမှာ ဂုဏ်ထူးဆောင်ဒီလစ်(စာပေပါရဂူ)ဘွဲ့နှင့် ဂုဏ်ထူးဆောင်အမ်အေဘွဲ့တစ်ခု ပေးခြင်းတို့ဖြစ်သည်။ **ပါရမီဒီပနီ၊ ပရမတ္ထဒီပနီ၊ နိရုတ္တိဒီပနီ၊ နိဗ္ဗာနဒီပနီ** စသော ကျမ်းကြီး ကျမ်းခိုင်များကို ရေးသားသည့် လယ်တီဆရာတော်ဘုရားကြီး

www.burmeseclassic.com



တည်ဆောက်ပြီးကာစ
ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်အဆောက်အအုံ



နာဂစ်ကိုပင် ခံတုအနိုင်ယူခဲ့သော
ရန်ကုန်တက္ကသိုလ်၏အထင်ကရသစ်ပုတ်ပင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးညဏအား ဒီလစ်ဘွဲ့ ဆက်ကပ်တော်မူပြီး အမ်အေဘွဲ့ကို ကမ္ဘည်းကျောက်စာဝန်လည်း ဖြစ်၊ အရှေ့တိုင်းစာပေပါမောက္ခလည်းဖြစ်သော ဒူရွိုင်ဇယ် (Charles Duroiselle) အား ပေးအပ်သည်။ ဒူရွိုင်ဇယ်သည် ပါဠိသက္ကတ မွန်နှင့် မြန်မာ ကျောက်စာများကို ကျွမ်းကျွမ်းကျင်ကျင် ဘာသာပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဆောင် အမ်အေဘွဲ့ရရှိခြင်း ဖြစ်သည်။

နောက်ထူးခြားမှုတစ်ခုမှာ လယ်တီဆရာတော်ဘုရားကြီးအား ဒီလစ်ဘွဲ့ ဆက်ကပ်သည့် ကိစ္စဖြစ်သည်။ ဂျူဗလီဟော၌ ဆရာတော်ဘုရားကြီးအား ဒီလစ်ဘွဲ့ဆက်ကပ်သည်မှာ စတိသဘောမျှသာဖြစ်ပြီး အမှန်တကယ် ဘွဲ့ဆက်ကပ်သည်မှာ ဆရာတော်ကြီး သီတင်းသုံးရာ စစ်ကိုင်းတောင်ရိုး ဇေတဝန်မဟာလယ်တီစကြံတိုက်ကျောင်း၌ ဖြစ်သည်။ ဒီလစ်ဘွဲ့ကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ဆက်ကပ်သည့်နေ့မှာ ၁၉၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်ဖြစ်သည်။

## ရန်ကုန်တက္ကသိုလ်နှင့် မြန်မာစာသင်ကြားရေး

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ဟု ပေါ်လာသောအခါ အင်္ဂလိပ်စာ၊ သချ်ာ၊ ဓါတုဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ပထဝီဝင်၊ သမိုင်းနှင့် (Oriental Studies) ခေါ် ပါဠိဌာနဟူ၍ သင်ကြားရေးဌာနများရှိသော်လည်း မြန်မာစာသင်ကြားပေးခြင်း မရှိ၍ မြန်မာစာဌာနဟူ၍ မရှိပေ။ မြန်မာစာစီစာကုံးဘာသာရပ်ကိုသာ သင်ယူနိုင်သည့် အခြေအနေမျိုးဖြစ်သည်။ ထိုသို့ တက္ကသိုလ်၌ မြန်မာစာပေသင်ကြားရေးအခြေအနေ နိမ့်ကျနေသည်ကို အဆင့်မြင့်လာစေရန် ကြိုးစားခဲ့သူမှာ တက္ကသိုလ်၌ မြန်မာများထဲမှ ပထမဆုံး ပါမောက္ခနှင့် ပထမဆုံး တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်သူ၊ ခေတ်စမ်းစာပေ၏ ဖခင်ကြီးဟု ထင်ရှားသူ ဆရာကြီးဦးဖေမောင်တင် ဖြစ်သည်။

တက္ကသိုလ်၌ မြန်မာစာသင်ကြားရေးနှင့် ပတ်သက်၍ အဓိကလိုအပ်ချက်သုံးရပ်ရှိသည်။ ပထမအချက်က သင်ကြားခွင့်ရရှိရေး၊ ဒုတိယအချက်က သင်ကြားပေးမည့်ဆရာ ရရှိရေးနှင့် သင်ကြားရေးအတွက် လိုအပ်မည့် စာအုပ်စာတမ်းများ ပြုစုထုတ်ဝေရေးတို့ဖြစ်သည်။ ထို့ကြောင့် ဆရာကြီးဦးဖေမောင်တင်သည် ပထမအဆင့်ဖြစ်သော တက္ကသိုလ်အာဏာပိုင်များထံမှ မြန်မာစာပေသင်ကြားခွင့်ရရှိရေး ကြိုးစားသည်။ ထို့နောက် သင်ကြားရေးအတွက် လိုအပ်သော ဆရာရရှိရေး



အတွက် မြန်မာပညာရှိကြီးများဖြစ်သော ဆရာကြီးဦးပွား၊ ဆရာကြီးဦးလင်း၊ ပုဂ်ဝန်ထောက်ဦးတင်၊ ဦးကာစင်၊ ဦးထွန်းဖေ၊ ဦးလူဖေဝင်း၊ ဦးညွန့်၊ သခင်ဘသောင်း စသူတို့ကို စည်းရုံး၍ ဆရာများရရှိအောင် ဆောင်ရွက်ခဲ့သည်။ သင်ကြားရေးအတွက် လိုအပ်သည့် စာအုပ်စာတမ်းများအတွက်လည်း မြန်မာနိုင်ငံ သုတေသနအသင်းနှင့် ပူးပေါင်း၍ တိမ်မြုပ်နေသော မြန်မာရှေးဟောင်းစာပေများ၊ ပျို့၊ ရတု၊ ရကန်၊ ရာဇဝင်၊ မော်ကွန်း၊ ပြဇာတ်၊ ဝတ္ထုများကို တည်းဖြတ်ထုတ်ဝေခဲ့သည်။ ဦးမေအောင်အပါအဝင် မြန်မာနိုင်ငံသုတေသနအသင်း၏ အားပေးကူညီမှုဖြင့် ၁၉၂၄ မှ ၁၉၃၆ ခုနှစ်အတွင်း စာအုပ်အမျိုးပေါင်း ၄၆ မျိုးကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။


ဆရာကြီးဦးဖေမောင်တင်၏ ဦးဆောင်ကြိုးပမ်းမှုကြောင့် တက္ကသိုလ် မြန်မာစာပေသင်ကြားရေး၌ စာစီစာကုံးသာ သင်ယူရသည့် အဆင့်မှ အိုင်အေတန်း၊ ဝိဇ္ဇာတန်း၊ ဂုဏ်ထူးတန်းနှင့် မဟာဝိဇ္ဇာတန်းအထိ မြန်မာစာပေသင်ကြားရေး တစ်ဆင့်ပြီး တစ်ဆင့် မြင့်လာခဲ့ရသည်။ ဤသို့ဖြင့် ၁၉၂၇ ခုနှစ်ရောက်သောအခါ မောင်စိန်တင်(သိပ္ပံမောင်ဝ)သည် ဝိဇ္ဇာတန်းကို မြန်မာစာဖြင့် ပထမဆုံးဂုဏ်ထူးတန်းအောင်သူအဖြစ် ပေါ်ထွက်လာသည်။ မြန်မာစာဂုဏ်ထူးတန်းအောင်သော မောင်စိန်တင်ကို ဘုရင်ခံက ထိုခေတ်က ရနိုင်ခဲသော အိုင်စီအက်စ်ခေါ် မိုးကျရွှေကိုယ်ရာထူးတွင် တိုက်ရိုက်ခန့်အပ်လိုက်သောအခါ မြန်မာစာ၏ ဂုဏ်လည်း တက်သွားတော့သည်။ ထို့နောက် ဆရာကြီး၏ တပည့်ရင်းများဖြစ်ကြသော ဦးစိန်တင်၊ ဦးသိန်းဟန်၊ ဦးဝန်၊ ဦးအေးမောင်နှင့် ဦးချမ်းမြ စသူတို့၏ ကြိုးပမ်းမှုကြောင့် ဆရာကြီးဦးဖေမောင်တင် စိုက်ပျိုးခဲ့သော မြန်မာစာပေပင်စည်ကြီး ဆက်လက်ရှင်သန်ဖွံ့ဖြိုးဝေစည်ခဲ့ရသည်။

## ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် (၁၉၂၇)


တက္ကသိုလ်ရှိလျှင် စာကြည့်တိုက်သည် မလွဲမသွေရှိရမည်ဖြစ်၍ ရန်ကုန်တက္ကသိုလ်တည်ထောင်သည့် ၁၉၂၀ ပြည့်နှစ်တွင်ပင် စာကြည့်တိုက်ကော်မတီဖွဲ့၍ အလှူရှင်များက လှူဒါန်းသော စာအုပ်များကို လက်ခံသည်။ ၁၉၂၇ ခုရောက်သောအခါ အဆောက်အအုံဆောက်ရန်အတွက် ရောင်းဗဟာဒူးအက်စ်ရာမာနာသာရက်ဒီးယား (Rao Bahadur S Ramanatha Reddiar) က ငွေကျပ်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်




ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အုတ်မြစ်ချမှတ်တမ်းကျောက်စာ



၂၀၀၀၀၀/- လှူဒါန်းသည်။ ၁၉၂၇ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ (Sir Spencer Harcourt Butler) က စာကြည့်တိုက် အဆောက်အအုံကို အုတ်မြစ်ချပေးသည်။ ၁၉၃၁ ခုနှစ်တွင် ဆောက်ပြီးသည်။

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ဟူ၍ မပေါ်ပေါက်မီက ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ရှိခဲ့ရာ ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာသောအခါ ထိုကောလိပ်နှစ်ခုသည် ရန်ကုန်တက္ကသိုလ်၏ အပေါင်းပါ ကောလိပ်များဖြစ်လာသောကြောင့် ထိုကောလိပ်နှစ်ခုမှ စာကြည့်တိုက်များသည် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ပြောင်းရွှေ့လာသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံ မပြီးမီကာလအတွင်း ထိုစာကြည့်တိုက်နှစ်ခုကို တက္ကသိုလ်ကျောင်းသားများ အသုံးပြုရသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အသစ်ဆောက်ပြီးသောအခါ ပါမောက္ခများအဖွဲ့က ပထမ အုပ်ချုပ်သည်။ ထို့နောက် အင်္ဂလန်မှ စာကြည့်တိုက် ပညာသင်ယူပြီး ပြန်ရောက်လာသော ဆရာကြီးဦးခင်ဇော် (ကလောင်အမည် K)က ၁၉၃၃ ခုနှစ်မှ စ၍ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၏ စာကြည့်တိုက်မှူး ဖြစ်လာသည်။ ထိုအချိန်မှ စ၍ စာကြည့်တိုက်လုပ်ငန်းများကို စနစ်တကျ လုပ်နိုင်လာသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၏ ထူးခြားချက်မှာ တက္ကသိုလ်သုံး စာအုပ်များသာမက မြန်မာနိုင်ငံ၏ ကမ္ပည်းကျောက်စာများ၊ သမိုင်း၊ ယဉ်ကျေးမှု၊ ရှေးဟောင်းစာပေ၊ အနုပညာဆိုင်ရာ စာအုပ်များ၊ မြန်မာအိမ်နီးချင်းနိုင်ငံများနှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများကိုပါ ဝယ်ယူစုဆောင်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ရှားပါးပြီး အဖိုးတန်သော စာအုပ်များ၊ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် လွှတ်တော်မှတ်တမ်းများ၊ ပုရပိုက်များ၊ ရှေးဟောင်းတရုတ်ဘာသာစာအုပ်များနှင့် တိဗက်ဘာသာစာအုပ်များကိုလည်း ဝယ်ယူစုဆောင်းခဲ့သည်။ စာကြည့်တိုက် မျက်နှာစာတွင် ပုဂံခေတ်ကျောက်စာနှစ်ချပ်၊ သရေခေတ္တရာနှင့် သထုံဒေသမှရသော ရှေးဟောင်းကျောက်ရုပ်နှင့် ပစ္စည်းများကိုလည်း ပြသထားသည်။ ၁၉၄၀ ပြည့်တွင် စာအုပ်ပေါင်း ၂၃၄၃၃ ခန့်ကို စုဆောင်းထိန်းသိမ်းထားနိုင်ခဲ့သည်။

သမိုင်းအထောက်အထားဆိုင်ရာ ရှားပါးစာအုပ်စာတမ်းနှင့် မှတ်တမ်းများအပြားရှိသောကြောင့် အရှေ့တောင်အာရှတွင် အကောင်းဆုံးစာကြည့်တိုက်

www.burmeseclassic.com



ဟု နာမည်ရသော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် ဒုတိယကမ္ဘာစစ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ စစ်အတွင်းက ဂျပန်စစ်တပ်က တက္ကသိုလ်နယ်မြေကို သိမ်းယူထားသည်။ ဂျပန်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာရသောအခါ စာကြည့်တိုက်အဆောက်အအုံကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့၍ ပျက်စီးဆုံးရှုံးမှု များရခြင်းဖြစ်သည်။


စစ်ကြီးပြီးသွားသောအခါ ဆရာကြီးဦးခင်ဇော်က အသံလွှင့်ဌာန၏ ညွှန်ကြားရေးဝန်ဖြစ်သွား၍ ဦးသိန်းဟန်(ဆရာဇော်ဂျီ)၊ ဦးသန်းထွတ်(ဆရာတိုက်စိုး)နှင့် ဆရာဦးသော်ကောင်းတို့က လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည်။

## ရန်ကုန်တက္ကသိုလ်ဆေးရုံ (၁၉၂၈)

ရန်ကုန်တက္ကသိုလ်တည်ထောင်ပြီး ရှစ်နှစ်ခန့်အကြာတွင် ရန်ကုန်တက္ကသိုလ်ဆေးရုံကို 'ဆင်နီတိုရီရမ်' (Santorium) အဖြစ် ၁၉၂၈ ခုနှစ်၊ ဇွန်လတွင် စတင်ဖွင့်လှစ်သည်။ ပထမဆုံးဆေးမှူးက ဗိုလ်မှူးမက်ရောဘတ် (Maj.G.R.Mc Robert) ဖြစ်ပြီး လက်ထောက်ဆေးမှူးက ဒေါက်တာရောဘတ် (Dr. TV. Robert) ဖြစ်သည်။ ဆေးရုံအုပ်များမှာ နိုင်ငံခြားသားများသာ ဖြစ်သည်။ ၁၉၄၆ ခုနှစ်မှ စ၍ ဆရာဝန်ကြီး ဒေါက်တာဦးအေး ဆေးရုံအုပ် ဖြစ်လာသည်။

## ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ (၁၉၃၇)


ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းသည် အသင်းပိုင်အဆောက်အအုံမရှိသဖြင့် အသင်း၏ စည်းဝေးပွဲများနှင့် တရားပွဲများကို သင့်လျော်ရာ အဆောက်အအုံ၌ ပြုလုပ်ကြရသည်။ ထို့ကြောင့် ဥက္ကဋ္ဌဆာဦးသွင်နှင့် အတွင်းရေးမှူး ဦးသိမ်းမောင်တို့ ဦးဆောင်သော အမှုဆောင်အဖွဲ့က အသင်းပိုင်ဓမ္မာရုံတည်ဆောက်ရန် ကြိုးစားကြသဖြင့် လက်ရှိဓမ္မာရုံတည်ဆောက်ထားသည့် မြေနေရာကို ရရှိကြသည်။ မြေနေရာ ရရှိပြီးနောက် ၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်၊ တနင်္ဂနွေနေ့တွင် ဓမ္မာရုံအုတ်မြစ်ချအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ




ရန်ကုန်တက္ကသိုလ်ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ



ရန်ကုန်တက္ကသိုလ်ဓမ္မာရုံအုတ်မြစ်ချမှတ်တမ်းကျောက်စာ



ကျင်းပသည်။ အခမ်းအနားသို့ ရန်ကုန်မြို့အလယ်တောရဆရာတော် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံဆရာတော် ကောသလာဘိဓဇအရှင်မြတ် ကြွရောက်၍ အုတ်မြစ်ချပေးသည်။ အခမ်းအနားအစီအစဉ်များတွင် အဂ္ဂမဟာပဏ္ဍိတဆရာလင်းက ဓမ္မာရုံအုတ်မြစ်ချစာတမ်းဖတ်ကြားခြင်း၊ အလယ်တောရဆရာတော်ဘုရားကြီးက ဩဝါဒစကားမြွက်ကြားခြင်း၊ ဆရာတော်ကိုးပါးတို့က မေတ္တာသုတ်ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် ဆရာကြီးဦးပွားက နှုတ်ခွန်းဆက်စကားပြောကြားခြင်းတို့ ပါဝင်သည်။ ဓမ္မာရုံအဆောက်အအုံ အုတ်မြစ်ချပြီးနောက် သုံးနှစ်နှင့်ကိုးလအကြာ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဓမ္မာရုံဖွင့်ပွဲအခမ်းအနားကျင်းပသည်။ ကုန်ကျငွေ ၅၇၂၅၀ ကျပ်ဖြစ်သည်။ အင်ဂျင်နီယာဦးတင်က ကြီးကြပ်၍ ကန်ထရိုက်တာဦးဘသင်နှင့် ဦးသက်တင်တို့က တာဝန်ယူတည်ဆောက်ကြသည်။

တက္ကသိုလ်ဓမ္မာရုံတည်ဆောက်ရန်အတွက် လိုငွေကို အလှူငွေ ကောက်ခံခြင်း၊ တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ ပါသောကပွဲများကျင်းပခြင်း စသည့် နည်းများဖြင့် ရန်ပုံငွေကို ရှာကြသည်။ ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်နေ့တွင် ဂျူဗလီဟော၌ ကျင်းပသောတက္ကသိုလ်ကျောင်းသူ ကျောင်းသားများ၏ ကပွဲမှ ကျပ် ၃၀၀၀ ကျော် ရသည်။ ဓမ္မာရုံအတွက် အလှူငွေထည့်ဝင်ကြသည့် အလှူရှင်အချို့မှာ ဝတ်လုံတော်ရ ဦးဘဝင်းနှင့် ဇနီး၊ တရားဝန်ကြီး ဦးမြဘူး၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ မြန်မာ့စီးပွားရေးကြီး ဦးဆက်၊ ရွှေတိဂုံဘဏ္ဍာတော်ထိန်းလူကြီး ဦးသွင်၊ ဦးစန်းမောင်၊ ဦးဘညွန့်(ပဲခူး)၊ ဦးဘိုးကျော်(ပဲခူး)၊ သစ်တောရေးဝန်ကြီးချုပ်ဟောင်း ဦးဘဘော၊ နန်းရင်းဝန်ဒေါက်တာဘမော်နှင့် ရန်ကုန်တက္ကသိုလ် သမဂ္ဂအဆောက်အအုံ အလှူရှင်ဒေါက်တာဦးညိုတို့ဖြစ်သည်။

ဓမ္မာရုံမဆောက်မီက ဗုဒ္ဓဘာသာအသင်း၏ တရားပွဲများကို သင့်လျော်ရာ စာသင်ခန်းများ၌ ကျင်းပရာမှ ဓမ္မာရုံတည်ဆောက်ပြီးသောအခါ ဓမ္မာရုံ၌ တရားပွဲများ ကျင်းပရုံသာမက ဟောပြောပွဲများနှင့် စာတမ်းဖတ်ပွဲများကိုပါ တိုးချဲ့ကျင်းပသည်။ ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပသော တရားပွဲများတွင် လယ်တီဆရာတော်ဘုရားကြီးအပါအဝင် ဆရာတော်ဦးဝါယမ၊ ပသီဘုန်းတော်ကြီးဟု ထင်ရှားသော ဘိက္ခုသီလာစာရ၊ အင်္ဂလိပ်ဘုန်းတော်ကြီး အာနန္ဒမေတ္တေယျ၊ ပဟန်းအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဦးကေတုမာလာတို့ ပါဝင်ဟော

www.burmeseclassic.com



ပြောခဲ့ကြသည်။ ဝတ်လုံတော်ရ ဦးအေးမောင်က "Functions of College Societies" ခေါင်းစဉ်ဖြင့် ဟောပြောသကဲ့သို့ ပါဠိကထိက မစ္စတာအေကာဆင်းက "Asoka and His Times" အကြောင်း ဟောပြောသည်။ ကျောင်းသူကျောင်းသားများထဲမှ ဝိဇ္ဇာအမြင့်တန်းမှ မောင်စိန်လွင်၊ ဥပစာအနိမ့်တန်းမှ မမကြီး၊ ဥပစာအမြင့်တန်းမှ မောင်စိန်တင်၊ ဝိဇ္ဇာအနိမ့်တန်းမှ မောင်သောင်းညွန့် စသူတို့က ဗဟုသုတဖြစ်ဖွယ်ရာ စာတမ်းများ ဖတ်ကြားကြသည်။

ထူးခြားချက်တစ်ခုမှာ တက္ကသိုလ်မွှာရုံတွင် ပထမဆုံးတရားဟောသူမှာ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းဖြစ်သည်။ ဆရာကြီးဦးလင်းက ပဋ္ဌိစ္စသမုပ္ပာဒ်အကြောင်းကို ဓမ္မာရုံဖွင့်ပွဲမကျင်းပမီ ၁၉၃၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ဟောကြားသည်။ ဓမ္မာရုံဖွင့်ပွဲကျင်းပသော နေ့မှာ ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဖြစ်သည်။

## ရန်ကုန်မြို့တော်ခန်းမကြီး (၁၉၃၆)

တောင်းဟောခေါ် ရန်ကုန်မြို့တော်ခန်းမကြီးကို ၁၉၃၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်တည်ဆောက်သည်။ ၁၉၃၆ ခုနှစ်၊ မေလတွင် ဆောက်ပြီး၍ ဇွန်လ ၁၅ ရက်နေ့တွင် ဖွင့်ပွဲကျင်းပသည်။ ဘုရင်ခံဆာအာချီဘောလ်ကော့ကရိန်းက အခမ်းအနားဖြင့် ဖွင့်ပေးသည်။ မြူနီစီပယ်ရုံးဟုလည်း ခေါ်သော ရန်ကုန်မြို့တော်ခန်းမကြီးကို မြန်မာအင်ဂျင်နီယာ ဦးတင် (F.A.J.A., F.I.A., A.M) က ပုံစံရေးဆွဲရုံမက ကိုယ်တိုင်ကြီးကြပ်၍ ဆောက်လုပ်ခဲ့သည်။ ကျပ်ခုနစ်သိန်းကျော် ကုန်ကျသည်။

## ရုပ်ရှင်ဆင်ဆာအဖွဲ့ (၁၉၂၂)

ရုပ်ရှင်လုပ်ငန်း ပေါ်လာသောအခါ ရုပ်ရှင်ဇာတ်ကားများကို စစ်ဆေးရန် ဆင်ဆာအဖွဲ့လည်း ပေါ်လာရပြန်သည်။ ပထမဆုံး ရုပ်ရှင်ဆင်ဆာအဖွဲ့ကို ၁၉၂၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် ရန်ကုန်ပုလိပ် (ရဲ)မင်းကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင် ၁၀ ဦးရှိသည်။ ထိုအဖွဲ့တွင် မြန်မာတစ်ဦးမျှမပါဘဲ စစ်ဘက်နယ်မှ မျက်နှာဖြူအရာရှိများသာ ပါသည်။ ၁၉၂၆ ခုနှစ်တွင်



ဖွဲ့သည့် ဆင်ဆာအဖွဲ့တွင်မူ မြန်မာအမျိုးသားကိုယ်စားလှယ်များအဖြစ် အခွန်ဝန် ဦးဖိုးစီ၊ မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် ဦးစိန်း၊ ဝတ်လုံတော်ရ ဦးသင်းမောင်နှင့် မြန်မာအမျိုးသမီးအသင်းဝင်များဖြစ်ကြသော ဒေါ်မမနှင့် ဒေါ်စိန်မြတို့ ပါဝင်ကြသည်။

## ရုပ်ရှင်ဆင်ဆာအဖွဲ့ (၁၉၄၇)

၁၉၄၇ ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းသော ရုပ်ရှင်ဆင်ဆာအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်။

| | | |
|---|---|---|
| ၁။ | ရဲမင်းကြီးဦးအောင်ချိန် | ဥက္ကဋ္ဌ |
| ၂။ | ဒုရဲမင်းကြီးဦးဘအေး | အတွင်းရေးမှူး |
| ၃။ | ဦးကျော်ငြိမ်း | အဖွဲ့ဝင် |
| ၄။ | ဦးတင့်ဆွေ | အဖွဲ့ဝင် |
| ၅။ | ဦးညွန့် | အဖွဲ့ဝင် |
| ၆။ | ဦးဘကန် | အဖွဲ့ဝင် |
| ၇။ | ဦးလှသိန်း | အဖွဲ့ဝင် |
| ၈။ | ဦးအုန်းမောင် | အဖွဲ့ဝင် |
| ၉။ | ဒေါ်မမ | အဖွဲ့ဝင် |
| ၁၀။ | ဒဂုန်ခင်ခင်လေး | အဖွဲ့ဝင် |
| ၁၁။ | မစ္စတာအမ်အက်ဖ်ဒဗလယူတင်တန် ပြည်သူ့ဆက်ဆံရေးဌာန | အဖွဲ့ဝင် |
| ၁၂။ | အင်္ဂလိပ်စစ်ဘက်အရာရှိတစ်ဦး | |

မေလတွင် ဦးကျော်ငြိမ်းနှင့် ဦးတင့်ဆွေတို့ နုတ်ထွက်သွားသောအခါ ဦးလှအောင်နှင့် ဒေါ်မြစိန်တို့အားလည်းကောင်း၊ ဇူလိုင်လတွင် မစ္စတာတင်တန် နုတ်ထွက်သွား၍ စာရေးဆရာကြီး ဦးဉာဏအားလည်းကောင်း ဖြည့်စွက်ခန့်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရွှေတောင်ကြားပါတီ

ဆာဂျေအေမောင်ကြီးဦးဆောင်သည့် အင်္ဂလိပ်အလိုတော်ရိပါတီဖြစ်သည်။ ယင်းပါတီတွင် အင်္ဂလိပ်၊ တရုတ်နှင့် အိန္ဒိယကုန်သည်များ၊ အစိုးရအရာရှိဟောင်းများ၊ ပင်စင်စားများနှင့် ဝတ်လုံရှေ့နေ စသည့် အထက်တန်းလွှာများသာ ပါဝင်ကြသည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ အလိုကျ ဆောင်ရွက်ပေး၍ ဆာဘွဲ့ရသူများလည်း ပါဝင်သည်။ ပါတီဝင်အများစုမှာ ရွှေတောင်ကြားရပ်ကွက် (Golden Valley) တွင် နေထိုင်ကြ၍ ၎င်းတို့နေထိုင်သော အရပ်ကို အစွဲပြု၍ ရွှေတောင်ကြားပါတီဟု ခေါ်ကြခြင်းဖြစ်သည်။ ယင်းပါတီတွင် ခရိုင်၊ မြို့နယ်အသင်းဟူ၍ စနစ်တကျမရှိဘဲ ရွေးကောက်ပွဲဝင်၍ အမတ်လုပ်ခြင်း၊ နယ်ချဲ့အစိုးရ ပေးသမျှ ရာထူးယူခြင်း စသည့် လွှတ်တော်တွင်းလုပ်ငန်းလောက်သာ ရှိသည်။ ထို့ကြောင့် နယ်ချဲ့အစိုးရ အလိုတော်ရိပါတီအဖြစ် လူသိများသည်။ ရွှေတောင်ကြားပါတီကို တိုးတက်ရေးပါတီဟူ၍လည်းကောင်း၊ အင်ဒီပင်းဒင့်ပါတီဟူ၍လည်းကောင်း ခေါ်သေးသည်။

## ရွှေတောင်တိုက်ပွဲ (၁၉၄၂)

ဒုတိယကမ္ဘာစစ်ဦးကာလ မြန်မာပြည်စစ်မြေပြင်တွင် ဖြစ်ပွားသောတိုက်ပွဲတစ်ပွဲဖြစ်သည်။ အမှတ် ၃၃၊ ဂျပန်တပ်မတော်နှင့် ဗိုလ်ရန်နိုင် ဦးစီးသောဗမာ့လွတ်လပ်ရေးတပ်မတော် ရေကြောင်းချီတပ်ဖွဲ့တို့က တစ်ဖက်နှင့် ရန်ကုန်မှ ဆုတ်ခွာထွက်ပြေးကြသော အင်္ဂလိပ်တပ်များက တစ်ဖက်၊ ရွှေတောင်တွင် တိုက်ကြသည့် တိုက်ပွဲဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ မတ် ၂၉ ရက်မှ ၃၀ ရက်နေ့အထိ တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန်တိုက်ခိုက်ကြသည်။

မြို့တွင်း ရင်ဆိုင်တိုက်ပွဲ၊ စက်ယန္တရားတိုက်ပွဲ၊ လမ်းကျဉ်းတိုက်ပွဲ၊ ကမ်းစပ်တိုက်ပွဲ၊ လေကြောင်းတိုက်ပွဲ စသည့် နည်းဗျူဟာမျိုးစုံဖြင့် တိုက်ကြသည့်တိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲတွင် အောင်မြင်မှုရသဖြင့် ဘီအိုင်အေ၏ သူရဲကောင်းတံဆိပ် (ဒုတိယအဆင့်) ချီးမြှင့်ခံရသူမှာ ဗိုလ်ရန်နိုင်ဖြစ်သည်။



## ရွှေပြည်အေးအဖွဲ့ (၁၉၄၈)

ပြည်တွင်းသောင်းကျန်းမှုများကို အေးချမ်းစွာ ကြားဝင်ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် ဖဆပလအစိုးရက ၁၉၄၈ ခုနှစ်တွင် ဖွဲ့ပေးသည့် အဖွဲ့ဖြစ်၏။ အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ကြသည်။

၁။ ဆာဦးသွင်
၂။ ဦးမြ (ဟင်္သာတ)
၃။ ဦးဘသီ (မန္တလေး)
၄။ ဦးသိမ်းမောင် (သံတော်ဆင့်)
၅။ ဦးစိန် (တိုးတက်ရေး)
၆။ ဗိုလ်ဖိုးကွန်း (ရဲဘော်ဖြူဥက္ကဋ္ဌ)
၇။ ဗိုလ်လရောင် (ရဲဘော်ဖြူ)
၈။ ဦးလှဖေ (ရဲဘော်ဖြူ)
၉။ ဦးအုန်းခင် (ဗမာ့ခေတ်)

ရွှေပြည်အေးအဖွဲ့ဝင်များသည် မြန်မာနိုင်ငံအနှံ့ မြို့ကြီးများသို့ သွားရောက်၍ ရဲဘော်ဖြူခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်သည်။ ထို့ကြောင့် ရွှေပြည်အေးငြိမ်းချမ်းရေးအဖွဲ့ဟုလည်း ခေါ်ကြသည်။ ဆာဦးသွင်က ခေါင်းဆောင်သောကြောင့် ဆာဦးသွင်၏ ငြိမ်းချမ်းရေးအဖွဲ့ဟုလည်း ခေါ်ကြသည်။

ရွှေပြည်အေးအဖွဲ့ဝင်များနှင့် ရဲဘော်ဖြူကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကြရာမှ ရွှေပြည်အေးအဖွဲ့ဝင်များနှင့် ရဲဘော်ဖြူခေါင်းဆောင်သုံးဦးတို့ လက်မှတ်ရေးထိုးသည့် ကြေညာချက်တစ်စောင်ကို ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ရွှေပြည်အေးအဖွဲ့ဝင်တို့သည် ရဲဘော်ဖြူများနှင့် လုံးဝနားလည်မှုရရှိပြီးဖြစ်၍ ပြည်ထောင်စုအကျိုးကို ထောက်ထားသောအားဖြင့် ရဲဘော်ဖြူများက အစိုးရထံ ခြွင်းချက်မရှိ လက်နက်ချမည်ဟု ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## လီဒိုလမ်းမကြီး (Ledo Road)

ဒုတိယကမ္ဘာစစ်အတွင်းက စစ်ရေးအတွက် ဖောက်လုပ်ခဲ့သော မြေလမ်းမကြီးဖြစ်သည်။ ယင်းလမ်းမကြီးကို အိန္ဒိယနိုင်ငံ အာသံနယ်ရှိ လီဒိုအရပ်မှ စတင်၍ ဖောက်လုပ်ထားသောကြောင့် လီဒိုလမ်းမကြီးဟု ခေါ်ခြင်းဖြစ်သည်။ လမ်းမကြီးဖောက်ရန် စတင်အကြံပြုခဲ့သည့် အမေရိကန် စစ်ဗိုလ်ချုပ်ကြီး ဂျိုးဇက် စတီးဝဲ Joseph Stiwell ကို အစွဲပြု၍ စတီးဝဲလမ်းမကြီးဟုလည်း ခေါ်ကြသေးသည်။ လီဒိုအရပ်မှ စတင်ခဲ့သော ထိုလမ်းမကြီးသည် မြန်မာနိုင်ငံမြောက်ပိုင်း ပတ်ကွိုင်တောင်တန်းကို ဖြတ်ကာ မိုးကောင်း မြစ်ကြီးနားမှတစ်ဆင့် လားရှိုးအထိဖြစ်သည်။ တရုတ်-မြန်မာ လမ်းမကြီးနှင့် နမ်းခမ်းတွင် လာဆက်သည်။ တောတောင်အထပ်ထပ်နှင့် မြစ်ချောင်းအသွယ်သွယ်ကို ဖြတ်၍ တံတားပေါင်း ၇၀၀ ကျော်ဖြင့် ဖောက်လုပ်ထားသည်။ လမ်းမကြီးသည် ပေသုံးဆယ်ကျယ်၍ မိုင် ၁၀၃၀ ရှည်သည်။ လမ်းမကြီးကို ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း စတင်ဖောက်လုပ်ခဲ့ရာ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလတွင် ပြီးသည်။ အမေရိကန်အမျိုးသား အင်ဂျင်နီယာများက ဦးစီး၍ အင်္ဂလိပ်၊ အမေရိကန်၊ တရုတ်၊ နီဂရိုးတပ်သားများအပါအဝင် လီဒိုလမ်းတစ်လျှောက် ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားပေါင်းစုံတို့၏ လုပ်အားဖြင့် လမ်းမကြီးကို ဖောက်လုပ်ခဲ့သည်။ အမေရိကန်ဒေါ်လာ ၃၇ သန်း ကုန်ကျသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ယင်းလမ်းမကြီးကို သုံး၍ မဟာမိတ်တို့က စစ်လက်နက်ပစ္စည်းများကို အိန္ဒိယနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် မဟာမိတ်တပ်များက မြန်မာနိုင်ငံကို ပြန်လည်တိုက်ခိုက်ရာတွင်လည်း ယင်းလမ်းမကြီးကို အသုံးပြုခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်ပြီးသွားပြီးနောက်ပိုင်းတွင် ယင်းလမ်းမကြီးကို အသုံးနည်းလာရာ ယခုဆိုလျှင် တိမ်ကောနေပြီဖြစ်သည်။



လီဒိုလမ်းမကြီးတစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



## လူငယ်များကြီးပွားရေးအသင်း

ကိုလိုနီခေတ်အတွင်းက လူမှုအကျိုးပြုလုပ်ငန်းနှင့်ပတ်သက်၍ ထင်ရှားသော အသင်းတစ်သင်းဖြစ်သည်။ ဦးသိန်းအမှူးပြုသော လူငယ်များစုပေါင်း၍ ၁၉၂၅ ဇွန်လ ၁၅ ရက်နေ့တွင် စာပေးစာယူမိတ်ဆက်အသင်း (Friendly Corresponding Club) တစ်ခုကို တည်ထောင်ကြပြီး ၁၉၂၆ ခု၊ မေလ ၂ ရက်နေ့တွင် ထိုကလပ်ကို တိုးချဲ့ကာ လူငယ်များကြီးပွားရေးအသင်းဟု အမည်ပြောင်းခဲ့သည်။ အသင်းကြီးကို စတင်ပြုစုပျိုးထောင်ပေးခဲ့သူများမှာ ကိုသိန်း၊ ကိုမျိုးမင်း၊ ကိုတင်မောင်၊ ကိုဘစိန်၊ ကိုထွန်းလှ၊ ကိုဘလွင်၊ ကိုကျော်ဝင်း၊ ကိုတင့်ဆွေ၊ ကိုကျော်ခိုင်၊ ကိုကျော်ဝင်း၊ ဝတ်လုံ ကိုထွန်းတင်၊ ဝတ်လုံ ကိုသိန်းအောင်၊ ဘီအက်စ်စီ ကိုကျော်ထွန်း၊ ဘီအက်စ်စီ ကိုထွန်းအောင်ကျော်နှင့် ဘီအေ ကိုချစ်တီးတို့ဖြစ်ကြသည်။

အသင်း၏ ရည်ရွယ်ချက်များမှာ လူငယ်များ ပညာဗဟုသုတတိုးပွားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ကျန်းမာရေးအသိပညာတိုးပွားရေး၊ ပေါင်းသင်းဆက်ဆံတတ်ရေးနှင့် ဟောပြောမှုအတတ်ပညာကျွမ်းကျင်ရေးတို့ဖြစ်သည်။ အသင်း၏ ဆောင်ပုဒ်မှာ "အလုပ်ကိုဆောင် အဟုတ်ကိုအောင်" "Work and thou shalt havc" နှင့် အကျင့်ဆောက်တည်မှ အမြင့်ရောက်မည်မှတ်" (Through character to power) ဟူ၍ ဖြစ်သည်။

လူငယ်များကြီးပွားရေးအသင်းက သုံးလတစ်ကြိမ်ထုတ် လူငယ့်အကျိုးဆောင်စာစောင်ကို ထုတ်ဝေခဲ့သည့်အပြင် အသင်းပိုင်စာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် စကော့ဈေးအတွင်း၌ အခမဲ့စာကြည့်ခန်းနှင့် အခမဲ့ညကျောင်း ဖွင့်ပေးသည်။ ၁၉၃၁ ခုတွင် နယ်များ၌ လူငယ်များ ကြီးပွားရေးအသင်းခွဲများ တိုးချဲ့ဖွဲ့စည်းလာနိုင်သည့်အပြင် ၁၉၃၄ တွင် ကျေးလက်တောရွာပြုပြင်ရေးအဖွဲ့များဖွဲ့ကာ ကျေးလက်တောရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးခဲ့သည်။ ဟံသာဝတီနှင့် အင်းစိန်မြို့နယ်များ၌ ကျေးလက်ပြုပြင်ရေး စံပြရွာများ ဖွင့်နိုင်သည်အထိ အောင်မြင်ခဲ့သည်။ လူငယ်များကြီးပွားရေးအသင်းက ဦးဆောင်၍ ဖွင့်ပေးခဲ့သည့် ကျေးလက်ပြုပြင်ရေးအသင်းပေါင်း ၂၀၀ အထိ ရှိခဲ့သည်။ စစ်အတွင်း လုပ်ငန်းများရပ်စဲသွားသော်လည်း ၁၉၄၆ ခုတွင် အသင်း၏ လုပ်ငန်းများကို ပြန်လည်လုပ်ဆောင်ခဲ့သည်။ အသင်း၏ လုပ်ငန်းများမှာ လူငယ်များအတွင်း လူမှုဝန်ထမ်းစိတ်ဓာတ်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ အစိုးရကျောင်းများ၌ လူမှုဝန်ထမ်းလက်တွေ့လုပ်ငန်းပြိုင်ပွဲများ ကျင်းပပေးသည်။ စာဖတ်သင်းများ ဖွင့်လှစ်ပေးခြင်း၊ ဟောပြောပွဲများနှင့် စကားရည်လုပွဲများ ကျင်းပပေးခြင်း၊ စာအုပ်စာတမ်းများ ဝေငှပေးခြင်းဖြင့် လူငယ်များ ပညာဗဟုသုတတိုးပွားရေးလုပ်ငန်းများကို ကျေးလက်ဒေသအထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် လူမှုရေးအသင်းဖြစ်သည်။



## လော့ဒ်ဒပ်ဖရင်နှင့် အထက်မြန်မာနိုင်ငံ၏ ကံကြမ္မာ (၁၈၈၆)

ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းယူပြီးနောက် သီပေါမင်းကို နန်းချကာ အိန္ဒိယသို့ ခေါ်ဆောင်သွားပြီး သီပေါမင်းပိုင် အထက်မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းလိုက်ကြောင်း ကြေညာနိုင်ခဲ့သော်လည်း အထက်မြန်မာနိုင်ငံကို မည်သို့မည်ပုံအုပ်ချုပ်ရမည်ကို ယတိပြတ်ဆုံးဖြတ်ချက် မချနိုင်ကြပေ။ ထို့ကြောင့် ကာနယ်စလေဒင် ဦးစီးသော မြန်မာ့လွှတ်တော်ကို ယာယီအုပ်ချုပ်စေသည်။ ထိုကာလအတွင်းမှာပင် အထက်မြန်မာနိုင်ငံကို အောက်ပါနည်းလမ်းလေးသွယ်အနက်မှ တစ်နည်းနည်းဖြင့် အုပ်ချုပ်ရန် စဉ်းစားကြသည်။

၁။ တိုင်းကျပ် (Buffer State) တစ်ခုအဖြစ်ထားရန်
၂။ အစောင့်အရှောက်ခံပြည်နယ် (Protected State) အဖြစ်ထားရန်
၃။ ရင်ခွင်ပိုက်ဘုရင်ထား၍ အုပ်ချုပ်ရန်
၄။ လာမာကဲ့သို့ သာသနာပိုင်ထား၍ အုပ်ချုပ်ရန်

အထက်ပါ နည်းလမ်းလေးသွယ်အနက်မှ မည်သည့်နည်းလမ်း ရွေးရမည်ကို ဆုံးဖြတ်နိုင်ရန်အတွက် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်သည် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်ကို ကိုယ်တိုင်လေ့လာသုံးသပ်နိုင်ရန် ၁၈၈၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့ လာသည်။ ဘုရင်ခံချုပ်သည် လေဒီဒပ်ဖရင်၊ စစ်သေနာပတိချုပ် ဆာဖရက်ဒရစ်ရောဘတ်နှင့် နောက်ပါအရာရှိကြီးများ ခြံရံလျက် ၆-၂-၁၈၈၆ နေ့တွင် ရန်ကုန်ရောက်သည်။ ပြည်မြို့မှတစ်ဆင့် ဧရာဝတီဖလိုတီလာကုမ္ပဏီပိုင် မင်းတုန်းသင်္ဘောဖြင့် ၁၂-၂-၁၈၈၆ နေ့တွင် မန္တလေးသို့ ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံချုပ်နှင့်အဖွဲ့ မန္တလေးတွင် ခုနစ်ရက်ကြာ နေထိုင်သည်။ ထိုရက်များအတွင်း မန္တလေး ရွှေကျောင်း၊ အဲတုမရှိနှင့် မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဘုရားများကို သွားရောက်လေ့လာသည်။ မင်းကွန်းဘက်သို့ ကူး၍ မင်းကွန်းဘုရားကြီးနှင့် ခေါင်းလောင်းတို့ကို လေ့လာသည်။ တွေ့ဆုံသင့်သူများကို တွေ့ဆုံရာတွင် သာသနာပိုင်ဆရာတော်ကြီးနှင့်တကွ မြို့ပေါ်ရှိ တံဆိပ်ရဆရာတော်ကြီးများလည်း ပါသည်။ ဆရာတော်ကြီးများနှင့် တွေ့ဆုံရာတွင် သာသနာတော်ကို တစ်စုံတစ်ရာ ထိပါးနှောင့်ယှက်ခြင်းပြုမည်မဟုတ်ကြောင်း လျှောက်ထားသည်။ ထိုအချက်ကို ထင်ရှားစေရန် ဆရာတော်ကြီးများ၏ တောင်းဆိုချက်အတိုင်း နန်းတော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော် ၁၇ ဆူကို ဆရာတော်ကြီးများလက်သို့ ပေးအပ်သည်။

မန္တလေးသို့ လာရင်းကိစ္စမှာ အထက်မြန်မာနိုင်ငံ အုပ်ချုပ်ရေးနှင့် ပတ်သက်သောကြောင့် မြန်မာဝန်ကြီးမှူးကြီးများနှင့် တွေ့ဆုံရုံသာမက ကင်းဝန်မင်းကြီးနှင့် အခြားဝန်ကြီးတစ်ဦးကိုလည်းကောင်း၊ တပယင်းဝန်ထောက်ဦးမြကိုလည်းကောင်း သီးခြားထပ်မံတွေ့ဆုံသည်။ ထိုသို့ အခြေအနေအရပ်ရပ်ကို လေ့လာပြီးနောက် မန္တလေးရောက်ပြီး နောက်တစ်နေ့မှာပင် မူလက စဉ်းစားထားသည့် အုပ်ချုပ်ရေးလမ်းစဉ်များသည် မဖြစ်နိုင်ဘဲ တိုက်ရိုက်အုပ်ချုပ်သည့် နည်းသာ အကောင်းဆုံးဖြစ်ကြောင်း သက်ဆိုင်ရာသို့ အစီရင်ခံတင်ပြသည်။ ထို့ကြောင့် ဗြိတိသျှအာဏာပိုင်တို့က အထက်မြန်မာနိုင်ငံအား တိုက်ရိုက်အုပ်ချုပ်ရေးလမ်းစဉ်ကို ၁၇.၂.၁၈၈၆ နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်သည်။ ဤသို့ဖြင့် မြန်မာ့ထီးဆက်နန်းဆက်ကို အပြီးတိုင် ပယ်ဖျက်လိုက်သဖြင့် မြန်မာမင်းသားတစ်ပါးပါး နန်းတက်လာမည်လားဟု အားခဲစောင့်စည်းနေသည့် ရဟန်းရှင်လူများ၏ မျှော်လင့်ချက် ကုန်ဆုံးခဲ့ရသည်။ အထက်မြန်မာနိုင်ငံသည် အောက်မြန်မာနိုင်ငံကဲ့သို့ ဗြိတိသျှတို့၏ အုပ်စိုးမှုအောက်သို့ လုံးဝကျရောက်သွားသည်။ ဤသို့ဖြင့် အထက်မြန်မာနိုင်ငံသည် ၂၆.၂.၁၈၈၆ နေ့တွင် အိန္ဒိယအင်ပါယာဝင်နယ်တစ်ခုအဖြစ် တရားဝင်ရောက်ရှိသွားခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ်ကို ချန်လှပ်၍ အထက်မြန်မာနိုင်ငံကို ဇယားဝင်စီရင်စုအဖြစ် သတ်မှတ်ကာ မဟာဝန်ရှင်တော်မင်းကြီးတစ်ဦးကို အုပ်ချုပ်စေခဲ့သည်။

ဘုရင်ခံချုပ်၏ မြန်မာပြည်ခရီးစဉ်သည် အထက်မြန်မာနိုင်ငံ၏ ကံကြမ္မာကို အလှည့်အပြောင်းဖြစ်စေကာ အဆုံးအဖြတ်ပေးသည့် ခရီးစဉ်တစ်ခုဖြစ်ပေသည်။ (ဇယားဝင်စီရင်စုလည်း ကြည့်ပါ။)



## လော့ဒ်ကာဇုန်နှင့် မန္တလေးနန်းတော်

ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းယူပြီး ၁၆ နှစ်အကြာ ၁၉၀၁ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ကာဇုန် (Lord Curzon) မြန်မာပြည်လာသည်။ ပုဂံနှင့် မန္တလေးသွားရောက် လေ့လာသည်။ မန္တလေးရောက်သောအခါ မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် နန်းတွင်းအဆောက်အအုံများ၏ ဗိသုကာအနုလက်ရာများကို တအံ့တသြတွေ့ရသကဲ့သို့ ထိန်းသိမ်းမှုမရှိ၍ ပျက်စီးယိုယွင်းမှုများကြောင့်လည်း စိတ်မကောင်းဖြစ်ရသည်ဟု ဆိုသည်။ သူကိုယ်တိုင်က အရှေ့တိုင်းအနုပညာနှင့် ဗိသုကာလက်ရာများကို စိတ်ဝင်စားသူဖြစ်သည့်အလျောက် ဤခရီးစဉ်အပြီးတွင် မန္တလေးနန်းတွင်းရှိ နန်းတော်ကြီးအပါအဝင် ရှေးဟောင်းအဆောက်အအုံများနှင့် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အရေးတယူလုပ်ကိုင်ကြရန် ၁၉၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့စွဲပါ ညွှန်ကြားလွှာဖြင့် မြန်မာပြည်အစိုးရသို့ ညွှန်ကြားခဲ့သည်။

အိန္ဒိယဘုရင်ခံချုပ်၏ ညွှန်ကြားလွှာကို အကြောင်းပြု၍ မန္တလေးနန်းတွင်းရှိ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးသာမက အခြားသော သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများကိုပါ ပြုပြင်ထိန်းသိမ်းရေး၊ မြို့ဟောင်းများ တူးဖော်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ကိုင်သည့် ရှေးဟောင်းသုတေသနဌာန [Archaeological Survey of Burma (Myanmar)] သည် ၁၉၀၂ ခုနှစ်တွင် ပေါ်ပေါက်လာသည်။ ၎င်းဌာန၏ ယနေ့အခေါ်မှာ ရှေးဟောင်းသုတေသနဦးစီးဌာနဖြစ်သည်။

## လက်တင်–မြန်မာအဘိဓာန် (၁၉၂၅)

ကိုလိုနီခေတ်အတွင်း ၁၉၂၅ ခုနှစ်က လက်တင်–မြန်မာအဘိဓာန်စာအုပ်တစ်အုပ် ထွက်ခဲ့ဖူးသည်။ အမည်အပြည့်အစုံမှာ "ကျောင်းသားသုံး လက်တင်–မြန်မာအဘိဓာန်" ဖြစ်သည်။ ဤအဘိဓာန်ကို ပြုစုသူများမှာ ကက်သလစ်ခေါ်ကာသိုလိတ်သာသနာပြုဆရာကြီးများ ဖြစ်သည်။ ရန်ကုန်မြို့၊ ဗြိတိသျှဘားလမ်းပုံနှိပ်တိုက်တွင် ရိုက်သည်။ ပုံနှိပ်တိုက်အခေါ် ဒီမိုင်းဆိုက်အရွယ်ဖြစ်သည်။ ၁၄၁၂ထူချော ဖြင့် ရိုက်ထားသည်။ အဝတ်နီဖုံး၍ ၎င်းအပေါ်တွင် ငွေနက်ဖြင့် စာအုပ်အမည်ရေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိဓာန်တွင် စာမျက်နှာ ၂၈၉ မျက်နှာရှိသည်။ တစ်မျက်နှာလျှင် ဝေါဟာရပေါင်း ၂၅ မှ ၄၀ အထိ ရှိသည်။ စာမျက်နှာတစ်မျက်နှာလျှင် ပျမ်းမျှဝေါဟာရ ၃၃ လုံးရှိသည်။ ထို့ကြောင့် စုစုပေါင်းဝေါဟာရ ၉၀၀၀ ကျော် ရှိသည်။ ဝေါဟာရများကို မြန်မာအနက်ပေးရာတွင် မြန်မာစကားအသုံး အနှုန်း ပီသသည်။ အင်္ဂလိပ်အသံထွက်မလိုက်ဘဲ မူလလက်တင်အသံထွက်ကို သာ သုံးသည်။ လူအများခေါ်နေသည့် 'ရောမ'အစား 'ရောမား'ဟုလည်းကောင်း၊ 'ကက်သလစ်'အစား 'ကာသိုလိတ်'ဟုလည်းကောင်း ပြန်ဆိုပုံမျိုး ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များအတွက် ပါဠိဘာသာ အရေးကြီးသကဲ့သို့ ခရစ်ယာန် ဘာသာဝင်များအတွက်လည်း လက်တင်ဘာသာသည် အရေးကြီးသည့်အတွက် ၎င်းတို့၏ သာသနာပြုလုပ်ငန်းအတွက် ကက်သလစ်သာသနာပြုဆရာကြီးများ က ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။*

## လက်မှုအနုပညာပြပွဲများ

ကိုလိုနီခေတ်အတွင်းက လက်မှုအနုပညာပြပွဲများကို နှစ်စဉ်လို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီဟောဖြ ကျင်းပသည်။ ပြည်နယ်လက်မှုပညာအရာရှိ (Provinicial Art Officer) အုပ်ချုပ်သော လက်မှုပညာဌာန (Art Department) က ကြီးမှူးကျင်းပသော ပွဲဖြစ်သည်။ ဆောင်းအကုန် နွေအကူးရာသီ တွင် ကျင်းပလေ့ရှိသည်။ သစ်၊ ဝါး၊ ဆင်စွယ်၊ ပန်းပု၊ ပန်းချီလုပ်ငန်းများကို အားပေးသည့် သဘောဖြင့် ပြုလုပ်လိုက်ခြင်းဖြစ်သည်။ လက်ရာကောင်းများကို ရွေးချယ်၍ ငွေကြေးဆုနှင့် ဆုလက်မှတ်များ ချီးမြှင့်လေ့ရှိသည်။ ထိုလက်မှု အနုပညာပြပွဲများတွင် ပန်းချီဆရာကြီး ဦးဘဉာဏ်၊ ဦးဘဇော်နှင့် ဂျီလှမောင် စသူတို့ ငယ်စဉ်က ဝင်ပြိုင်ဖူးကြသည်။

လက်မှုအနုပညာပြပွဲများကို ၁၈၈၅ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ အစိုးရ က တာဝန်ယူပြသပြီး ၁၉၃၄ ခုနှစ်မှ စ၍ ကော်မတီဖွဲ့၍ ပြသသည်။ ကော်မတီ ၏ ဥက္ကဋ္ဌမှာ ဝတ်လုံဦးဘဒွန်းဖြစ်သည်။ ရန်ကုန်၌ နှစ်စဉ်လို ပြသကဲ့သို့ တစ်ခါတစ်ရံ မန္တလေးနှင့် မော်လမြိုင်တို့၌ ပြသသည်။ လက်မှုပညာပြပွဲတွင်

* ဓေယျ၊ ဓေယျစာစုများ၊ (၁)၊ စာ ၂၆၃-၂၆၆



ပြပွဲလာပြည်သူများ ဗဟုသုတရစေရန်အတွက် တစ်ခါတစ်ရံ ဟောပြောပွဲများ လည်း ပါတတ်သည်။ ဥပမာဆိုလျှင် မြန်မာပညာရှိ မော်ပီဆရာသိန်းလိုပုဂ္ဂိုလ် မျိုးက 'ရာဇဝင်တို့မှ နှိုင်းရှည့်ရန် ထုတ်နုတ်ဖော်ပြချက်' ခေါင်းစဉ်ဖြင့် ရှင်စောပု နှင့် ဓမ္မစေတီတို့အကြောင်း ဟောပြောခြင်းမျိုး ဖြစ်သည်။

## လက်ျာ-ဖရီးမင်းစာချုပ် (၁၉၄၇)

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ ကာကွယ်ရေးကိစ္စနှင့်ပတ်သက် ၍ မြန်မာနိုင်ငံအစိုးရနှင့် ဗြိတိသျှအစိုးရတို့၏ သဘောတူချက်များပါသော စာချုပ် ဖြစ်သည်။ အောင်ဆန်း-အက်တလီစာချုပ်ပါ မြန်မာနိုင်ငံ ကာကွယ်ရေးနှင့် ပတ်သက်သည့်အချက်ကို လက်တွေ့အကောင်အထည်ဖော်ရန် အသေးစိတ် အစီအစဉ်များ ပါသောကြောင့် အောင်ဆန်း-အက်တလီစာချုပ်နှင့် ဆက်နွှယ်နေ သည့် စာချုပ်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသော စာချုပ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအစိုးရကိုယ်စား ထိုစဉ်က ဒုတိယဝန်ကြီးချုပ် နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဗိုလ်လက်ျာနှင့် ဗြိတိသျှနိုင်ငံအစိုးရကိုယ်စား ဗြိတိသျှစစ်မစ်ရှင်အဖွဲ့ ခေါင်းဆောင် ဂျွန်ဒဗလျူဖရီးမင်း (John W. Freeman) တို့ လက်မှတ်ရေးထိုးကြသဖြင့် လက်ျာ-ဖရီးမင်းစာချုပ်ဟု ခေါ်သည်။ ဗြိတိသျှ မြန်မာကာကွယ်ရေး သဘောတူညီချက်ဟုလည်း ခေါ်သည်။ စာချုပ် ကို ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုး ကြသည်။ စာချုပ်တွင် အချက်ပေါင်း ၁၀ ချက်ပါဝင်သည်။

စာချုပ်ပါ အရေးကြီးသည့် အကြောင်းအရာများမှာ ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ ထွက်ခွာရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေး ပြီးနောက် ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ အမြန်ဆုံးထွက်ခွာရန် သဘောတူကြ သည်။ စစ်မစ်ရှင်ထားရှိရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရ၏ ဆန္ဒနှင့်အညီ ဗြိတိသျှ ကြည်း၊ ရေ၊ လေဆိုင်ရာ မစ်ရှင်အဖွဲ့တစ်ခု မြန်မာနိုင်ငံ၌ ထားရန် သဘောတူကြသည်။ လွတ်လပ်ရေးပေးသည့် နေ့တွင် မြန်မာနိုင်ငံ၌ ကျန်ရှိမည့် ဗြိတိသျှ ကြည်း၊ ရေ၊ လေဆိုင်ရာ မပြောင်းမရွှေ့နိုင်သော ပစ္စည်းများကို မြန်မာ နိုင်ငံအစိုးရသို့ အခမဲ့လွှဲပေးရန်လည်း ပါသည်။ မြန်မာနိုင်ငံ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များမှ အရာထမ်း အမှုထမ်းများ ဗြိတိန်နိုင်ငံတွင် စစ်ပညာသင်ယူ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သော အခွင့်အရေးများပေးရန်လည်း သဘောတူကြသည်။ ဤသဘောတူညီချက်များသည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပြီးနောက် သုံးနှစ်ခန့် အတည်ဖြစ်နေရမည်။ သုံးနှစ်ကုန်လွန်ပြီးသောအခါ တစ်ဦးဦးက တစ်ဆယ့်နှစ်လ ကြိုတင်အကြောင်းမကြားမချင်းလည်း အတည်ဖြစ်နေရမည်ဟု သဘောတူကြသည်။

## လက်ဝဲညီညွတ်ရေးကောင်စီ (၁၉၄၈)

ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်နှင့် ဆိုရှယ်လစ်များ ညီညွတ်ရေးအတွက် လက်ဝဲညီညွတ်ရေးကောင်စီကို တပ်မတော်၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့၊ ဆိုရှယ်လစ်ပါတီနှင့် ကွန်မြူနစ်ပါတီတို့မှ ကိုယ်စားလှယ်များဖြင့် ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဖွဲ့သည်။ လက်ဝဲညီညွတ်ရေးကောင်စီဝင်များမှာ-

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်နေဝင်း | ဥက္ကဋ္ဌ | တပ်မတော် |
| ၂။ | ဗိုလ်ဇစိန် | အဖွဲ့ဝင် | တပ်မတော် |
| ၃။ | ဗိုလ်ရဲထွဋ် | အဖွဲ့ဝင် | တပ်မတော် |
| ၄။ | ဗိုလ်စောထွန်းစိန် | အဖွဲ့ဝင် | တပ်မတော် |
| ၅။ | ဗိုလ်ဇေယျ | အဖွဲ့ဝင် | တပ်မတော် |
| ၆။ | ဗိုလ်မှူးအောင် | အဖွဲ့ဝင် | ပြည်သူ့ရဲဘော် |
| ၇။ | ဗိုလ်စိန်မှန် | အဖွဲ့ဝင် | ပြည်သူ့ရဲဘော် |
| ၈။ | ဗိုလ်မင်းခေါင် | အဖွဲ့ဝင် | ပြည်သူ့ရဲဘော် |
| ၉။ | ဗိုလ်လရောင် | အဖွဲ့ဝင် | ပြည်သူ့ရဲဘော် |
| ၁၀။ | ဗိုလ်ညွန့်မောင် | အဖွဲ့ဝင် | ပြည်သူ့ရဲဘော် |
| ၁၁။ | ဗိုလ်အောင်ညွန့် | အဖွဲ့ဝင် | ပြည်သူ့ရဲဘော် |
| ၁၂။ | ဗိုလ်ဘုန်းအောင် | အဖွဲ့ဝင် | ပြည်သူ့ရဲဘော် |
| ၁၃။ | ဦးလှမောင် | အဖွဲ့ဝင် | ဆိုရှယ်လစ်ပါတီ |
| ၁၄။ | ဦးဗဆွေ | အဖွဲ့ဝင် | ဆိုရှယ်လစ်ပါတီ |
| ၁၅။ | ဦးကျော်ငြိမ်း | အဖွဲ့ဝင် | ဆိုရှယ်လစ်ပါတီ |
| ၁၆။ | သခင်တင် | အဖွဲ့ဝင် | ဆိုရှယ်လစ်ပါတီ |
| ၁၇။ | ဗိုလ်အောင်ကြီး | အဖွဲ့ဝင် | ဆိုရှယ်လစ်ပါတီ |
| ၁၈။ | ဗိုလ်သိန်းတန် | အဖွဲ့ဝင် | ကွန်မြူနစ်ပါတီ |



| | | | |
|---|---|---|---|
| ၁၉။ | ဗိုလ်အောင်မင်း | အဖွဲ့ဝင် | ကွန်မြူနစ်ပါတီ |
| ၂၀။ | ဗိုလ်ရန်အောင် | အဖွဲ့ဝင် | ကွန်မြူနစ်ပါတီ |
| ၂၁။ | ကိုသိန်းဖေ (ဦးသိန်းဖေမြင့်) | အတွင်းရေးမှူး | |

တို့ ဖြစ်ကြသည်။

## လက်ဝဲညီညွတ်ရေးမူ (၁၉၄၈)

ကွန်မြူနစ်များ တောခိုသွားပြီးနောက် ပြည်တွင်းစစ်ရပ်စဲရေးနှင့် လက်ဝဲညီညွတ်ရေးအတွက် အချက် ၁၀ ချက်ပါ လက်ဝဲညီညွတ်ရေးမူကို ဝန်ကြီးချုပ်သခင်နုက ၁၉၄၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ လက်ဝဲညီညွတ်ရေးမူကို တစ်မျိုးသားလုံး၏ ညီညွတ်ရေးမဏ္ဍိုင်အဖြစ် ရည်ရွယ်၍ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

လက်ဝဲညီညွတ်ရေးမူကို သခင်နု၊ ဗိုလ်လက်ျာ၊ ဦးအုန်း၊ ဗကပမှ နုတ်ထွက်ပြီးသူ ဦးသိန်းဖေမြင့်၊ ဆိုရှယ်လစ်ပါတီ အမှုဆောင်အဖွဲ့နှင့် ပြည်သူ့ရဲဘော်အလုပ်အမှုဆောင်တို့ ပူးပေါင်း၍ ညှိနှိုင်းရေးဆွဲကြသည်။ လက်ဝဲညီညွတ်ရေးမူကို မူအားဖြင့် အားလုံးသဘောတူပြီးမှ ကြေညာချက်ထုတ်ပြန်ရန် ပြင်ဆင်သောအခါ ပြည်သူ့ရဲဘော်အချို့က သဘောမတူနိုင်ဟု လက်မှတ်မထိုးကြတော့ပေ။ ထို့ကြောင့် သခင်နုတစ်ယောက်တည်း၏ မူဝါဒအဖြစ် ကြေညာချက်ကို ထုတ်ပြန်ခဲ့ရာ နုမူဟု သတင်းစာများက ရေးကြသဖြင့် လက်ဝဲညီညွတ်ရေးမူကို နုမူအဖြစ် လူသိများသည်။ ဦးနု၏ ငြိမ်းချမ်းရေးမူဟုလည်း ရေးကြသည်။

လက်ဝဲညီညွတ်ရေးမူနှင့်ပတ်သက်၍ သခင်နုမူနှင့် ရဲဘော်မူဟူ၍ မူနှစ်မူကွဲသောအခါ သခင်နုမူကို ထောက်ခံသော ရဲဘော်ဝါနှင့် သခင်နုမူကို လက်မခံသော ရဲဘော်ဖြူဟူ၍ ကွဲသွားသည်။ ထို့နောက် ဗိုလ်ဖိုးကွန်းအပါအဝင် ရဲဘော်ဖြူများ တောခိုသွားသည်။

လက်ဝဲညီညွတ်ရေးမူတွင် လက်ဝဲလက်ျာနိုင်ငံအသီးသီးနှင့် နိုင်ငံရေးနှင့် စီးပွားရေးအရ တန်းတူရည်တူဆက်ဆံရေး၊ လက်ဝါးကြီးအုပ် နေရှင်ကြီးများပိုင် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းရေး၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများကို အစိုးရက လုပ်ကိုင်ရေး၊ မြေယာများကို ပြည်သူပိုင်သိမ်း၍ မြေယာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သားများအား ဝေငှပေးရေး၊ လူတိုင်း မသင်မနေရ ပညာရေးအပါအဝင် အစိုးရအမှုထမ်းများနှင့် အလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့်ပတ်သက်သည့် အစီအစဉ်များ ပါဝင်သည်။

## လန်ဒန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၄၇)

ဒုတိယကမ္ဘာစစ်ပြီးကာလ မြန်မာ့လွတ်လပ်ရေးကိစ္စ ဆွေးနွေးရန် ၁၉၄၇ ခုနှစ်က လန်ဒန်သို့ သွားကြသည့် မြန်မာ့ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘော၊ သခင်မြ၊ ဦးတင်ထွဋ်၊ သခင်ဗစိန်နှင့် ဦးစောတို့ ဖြစ်ကြသည်။ အဖွဲ့၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် လိုက်ပါသွားသူများမှာ ဦးကျော်ငြိမ်း၊ ဗိုလ်စကြာ၊ သခင်ချစ်နှင့် မိတ္တီလာဦးဘရင်တို့ ဖြစ်သည်။ ဦးရွှေဘော်၊ ဦးတင်အုန်းနှင့် ဗိုလ်ထွန်းလှတို့က အဖွဲ့၏ အတွင်းဝန်များအဖြစ် လိုက်ပါခဲ့ကြသည်။

မြန်မာ့ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မှ အိန္ဒိယသို့ ထွက်ခွာသွားခဲ့သည်။ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်သို့ရောက်သည်။ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၇ ရက်နေ့အတွင်း ဆွေးနွေးပွဲ ၁၀ ကြိမ်ကျင်းပပြီး အောင်ဆန်းအက်တလီသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်ပြန်ရောက်သည်။

## လန်ဒန်သွား မြန်မာချစ်ကြည်ရေးမစ်ရှင် (၁၉၄၇)
**(Goodwill Mission)**

အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုပြီးနောက် ဗြိတိန်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အာဏာလွှဲပြောင်းရေးကိစ္စများ အဆင်ပြေချောမွေ့စေရန်အတွက် သခင်နု၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်လေး၊ ဦးတင်ထွဋ်၊ ဦးကိုကိုကြီးနှင့် ဗိုလ်ထွန်းလင်းတို့ ပါဝင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ Goodwill Mission သည် ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၁၂ ရက်နေ့အထိ လန်ဒန်သို့ သွားကြသည်။ လန်ဒန်တွင် နန်းရင်းဝန်အက်တလီခေါင်းဆောင်သော ဗြိတိသျှအစိုးရအဖွဲ့ဝင်များနှင့် လေးကြိမ်တွေ့ဆုံကာ မြန်မာနိုင်ငံအား အာဏာလွှဲပြောင်းပေးရေးအစီအစဉ်များ၊ မြန်မာနိုင်ငံနှင့် ဗြိတိန် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် လက်ရှိ ကြားဖြတ်အစိုးရအား မြန်မာနိုင်ငံ၏ ယာယီအစိုးရအဖြစ် အာဏာလွှဲပြောင်းပေးသည့် အချိန်အထိ အသိအမှတ်ပြုရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



## လွတ်လပ်ရေးကြေညာစာတမ်း (၁၉၄၈)

မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်သည့် လွတ်လပ်ရေးကြေညာစာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်။

### လွတ်လပ်ရေးကြေညာစာတမ်း

**အောင်စေသတည်း**

၁။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက် (အင်္ဂလိပ်သက္ကရာဇ် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်) တနင်္ဂနွေနေ့ ကောင်းမြတ်သန့်စင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအခါ၌ ဤငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ပြီ။

၂။ ဤငါတို့ မြန်မာနိုင်ငံတော်ကြီးသည် လိုရာမတ ပြည့်စုံလှ၍ ဘူမိနက်သန်မှန်သော မြေထူးမြေလတ်လည်း ဖြစ်၏။ မွန်မြတ်သန့်စင်သော တရားထူး တရားမြတ်တို့ တည်ရာ မြေကောင်းမြေမွန်လည်း မှန်၏။ မြေတွင်းမြေပြင် အထူးထူးသော ရတနာအပေါင်းတို့နှင့် ပြည့်စုံသဖြင့် သတ္တဝါအပေါင်းတို့ ဆွတ်ယူစားသုံး ကမ္ဘာဆုံးသော်လည်း မသုဉ်းမကုန်နိုင်သော ပဒေသာစစ် အနှစ်သာရကြွယ်ဝပြည့်စုံသော မြေလည်း ဖြစ်၏။ ဘူမိနက်သန်မှန်လှထူးချွန် ဤမြေမွန်မြေမြတ်၌ ရှမ်း၊ ကချင်၊ ချင်း၊ မွန်၊ မြန်မာ စသည်ဖြင့် တစ်သွေးတစ်သား တစ်မိဖွားဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သချၤာပွားတက် ရေတွက်ခြင်းငှာ မတတ်နိုင်ရာသော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှစ၍

www.burmeseclassic.com



တညီတညွတ် တစုတရုံး လွတ်လပ်သော လူမျိုးအဖြစ် တည်ခဲ့ကြ၏။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ထို့နောက် မန္တလေးအထိ ငါတို့၏ လွတ်လပ်ရေးသည် နေရောင်လဝါပမာကဲ့သို့ တဖြာဖြာတဝင်းဝင်း ကမ္ဘာချဉ်းအောင် ထွန်းလင်းခဲ့ပေ၏။ သို့ရာတွင် ကမ္ဘာ့တန်ဆာ ကာလအသချေတည်နေအပ်သော နေမင်းသူရိယ လစန္ဒာတို့ပင် ဆီးနှင်း မြူတိမ် ဖုံးအုပ်၍ ခဏခေတ္တ အရှိန်အဝါ ညှိုးလျော်နွမ်းလျ မထွန်းမပဖြစ်ဘိသကဲ့သို့ ငါတို့၏ လွတ်လပ်သော မြန်မာနိုင်ငံတော်သည်လည်း လွန်ခဲ့သည့်နှစ်ပေါင်း လေးရာခန့်က ဥရောပတိုက်မှ ထွက်ပေါ်လာ၍ တစ်ကမ္ဘာလုံးကို ရစ်ပတ်အုပ်ဖုံးခဲ့သော နယ်ချဲ့ဝါဒနှင့် မရောင်မကွင်းသာ ကြုံကြိုက်ဆုံတွေ့မိ၍ ပထမအင်္ဂလိပ်-မြန်မာစစ်၌ ရခိုင်၊ တနင်္သာရီ၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်၌ ဟံသာဝတီ၊ ပဲခူး၊ တတိယအင်္ဂလိပ်-မြန်မာစစ်၌ မန္တလေးရတနာပုံ သုံးကြိမ်သုံးတန် ချအပ်ရခြင်းဖြင့် ဤမြေထူးမြေမြတ်၌ နှစ်ပေါင်းထောင်ရာ စောင့်ထိန်း၍လာခဲ့ကြသော ငါတို့၏ လွတ်လပ်ရေးသည် ငါတို့လက်မှလွတ်၍ လက်အောက်ခံဘဝသို့ လုံးဝကျရောက်ခဲ့ကြရသည်။ သို့သော် နေမင်းသူရိယ လစန္ဒာတို့ကို ဆီးနှင်းမြူတိမ်တို့သည် မည်သို့ပင်ဖုံးလွှမ်းစေကာမူ နေလတို့၏ အရှိန်အတောက်ကို မခံနိုင်ရကား ခြောက်ဆယ့်တစ်နှစ် တစ်လနှင့် တစ်ရက်သော အခိုက်အတန့်ကလေးမှာပင် အလိုအလျောက် ကွယ်ပျောက်သွားရသဖြင့် ဤနေ့ ဤအခါမှစ၍ ငါတို့သည် အသူရိန်ခံတွင်းမှ ရှင်းရှင်းကြီး လွတ်မြောက်အပ်သော လပြည့်စန်းပမာ သန့်ရှင်းစင်ကြယ် ချမ်းမြေ့သာယာစွာဖြင့် လုံးဝလွတ်လပ်သော ဘဝထူးဘဝမြတ်ကို လက်ဆုပ်လက်ကိုင် အပိုင်ရရှိကြပြီ။

၃။ ယခု ငါတို့ရရှိအပ်သော လွတ်လပ်ရေးသည် ရေတွင် ရုပ်ရေး မြသွေးကောင်းကင် တိမ်ရိပ်ထင်သကဲ့သို့သော လွတ်လပ်ရေးမဟုတ်၊ ငါတို့အား လွတ်လပ်ရေးလမ်းစဉ်သို့ ညွှန်လည်း ညွှန်ပြ၊ လမ်းစရှာကြံ အမြန်ရောက်အောင် ပို့ဆောင်ခဲ့ကြပေသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအဝဝသော ကူးတို့မှူးခေါင်းဆောင်ကြီးတို့၏ မဆုတ်မနစ်သော လုံ့လ၊ မလျော့သော ဝီရိယ ဆီမီးတန်ဆောင်ကဲ့သို့ ထွန်းပအပ်သော ဉာဏ်



မျက်စိ ဝဇီရ စိန်သွားကဲ့သို့ စူးရှသော သတ္တိတို့ကြောင့် အဟံမမ သံပကြုံးဝါး အခြားအခြား လွတ်လပ်သောနိုင်ငံကြီးတို့နှင့် တန်းတူမြူတစ်ခြမ်းမျှ မလျော့မလို ထိုထိုသို့သော တန်ခိုးရှိန်ဝါတေဇောအပေါင်းတို့နှင့် ပြည့်စုံသော အချုပ်အခြာတည်းဟူသော အာဏာအထူးအမြတ်ကို ငါတို့ လက်ကိုင်အပိုင်ရရှိကြပြီ။

၄။ ငါတို့သည် တစ်မျိုး တစ်ဘာသာ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား ကျောသားရင်သား သူကား ငါကား ခွဲခြားခြင်းကို အလိုမရှိ မြစ်ချောင်းသီတာ သမုဒ္ဒရာတောင်တန်းတို့ဖြင့် ကမ္ဘာ့မြေတာသဘာဝအပိုင်းအခြား ထင်ရှားစွာ သတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရေးပဝေသဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟုသမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင် မြန်မာနိုင်ငံတော်တစ်ဝှမ်းကို တစ်သွေးတစ်သားတည်းဟူသော ကြိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်းဟူသော ကြိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာလျှင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့ အပိုင်ရလေပြီ။

၅။ ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ အမွေအနှစ်မဟုတ်၊ မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ ပုဂ္ဂလိကအပိုင်ပစ္စည်း မဟုတ်၊ မည်သူတစ်ဦးတစ်ဖွဲ့တစ်သင်းက ချုပ်ကိုင် အနိုင်သိမ်းယူ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်၊ အတိတ်ကာလကလည်းကောင်း၊ ယခုမျက်မှောက်ကလည်းကောင်း၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌လည်းကောင်း၊ ငါတို့ ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြသော ကြီးငယ် ဝေးနီး ကျားမ မခြားသစ္စာတော်ခံ နိုင်ငံသားဟူသရွေ့ တို့၏ အမွေအနှစ်အပိုင်ပစ္စည်း အကျိုးခံစားရာဖြစ်သည်ဟူသော လူ့ဘာသာ လူ့တရားနှင့်အညီ ကမ္ဘာဦးကာလလူတို့၏ စည်းရုံးမှု၌ လူအပေါင်းတို့၏ သဘောဆန္ဒအရ လူအဝှမ်း၏အကျိုးကို ကောင်းစွာဆောင်ရွက်နိုင်အံ့သော ပုဂ္ဂိုလ်ကိုရွေးကောက်၍ သမ္မုတတင်မြှောက်ကြသော မဖောက်မပြန် မစွန်းမငြိပကတိသန့်ရှင်းဖြူစင်သော မူလ လူ့ဝါဒနှင့်လျော်စွာ စည်းကမ်းဥပဒေသချာထင်ရှားစွာ ပိုင်းခြားသတ်မှတ် တူညီသောတရား၊ တူညီသော

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေး၊ တူညီသော အဆင့်အတန်းအားဖြင့် ကမ္ဘာ့အရှည် တည်စိမ့်သောငှာ လူအပေါင်းတို့၏ ဆန္ဒသာလျှင် အဓိကဖြစ်သော သမ္မတနိုင်ငံတော်တည်းဟူသော မြတ်သော အဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့ အပိုင်ရပြီ။

၆။ သိကြကုန်လော့၊ ယနေ့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဤအချိန်မှ စ၍ ငါတို့၏ မူလအပိုင်ဖြစ်သော လုံး၀လွတ်လပ်ရေးကို ငါတို့ ပြန်၍ ယူပြီ။ တိုင်းရင်းသားအပေါင်းတို့ သွေးစည်းညီညွတ်လျက် အခွင့်အရေး အဆင့်အတန်းတူညီသည့် ပြည်ထောင်စုသမ္မတနိုင်ငံကြီးကို တည်ထောင်ပြီ။ ငါတို့ လွတ်လပ်ရေးနှင့် ငါတို့ နိုင်ငံတော်ကြီး၏သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်မည်၊ ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သောနိုင်ငံအပေါင်းတို့ တရားသဖြင့် ကျင့်ဆောင်အပ်သော ကျင့်၀တ်ကို စောင့်ရှောက်ကျင့်ဆောင်မည်၊ ငါတို့၏ လွတ်လပ်ရေးကို ငါတို့ ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏ လွတ်လပ်ရေးကိုလည်း ငါတို့ လေးစားစောင့်စည်းမည်၊ ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့် အတူ လက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။

**ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံးက တစ်ယောက်မကျန် ကြားသိစေသတည်း။**

## လွတ်လပ်စမြန်မာနိုင်ငံ၏ သံအမတ်ကြီးများ (၁၉၄၇–၄၈)

လွတ်လပ်လာမည့် မြန်မာနိုင်ငံ၏ သံအမတ်ကြီးများကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်အစိုးရလက်ထက် ၁၉၄၇ ခုနှစ်မှ စ၍ ခန့်ထားသည်။ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ် (High Commissioner) အဖြစ် ပထမဆုံးခန့်ထားခံရသူမှာ အိုင်စီအက်စ် ဦးတင်ထွဋ်ဖြစ်သည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ခန့်ထားခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ လုပ်ကြံခံရ၍ ၁၉၄၇၊ ဩဂုတ်လတွင် ပြင်ဆင်ဖွဲ့စည်းသော ဦးနုအစိုးရအဖွဲ့တွင် ဦးတင်ထွဋ်သည် ဘဏ္ဍာရေးဌာနဝန်ကြီး တာဝန်ယူလိုက်ရသောကြောင့် ဦးတင်ထွဋ်အစား ဆာမောင်ကြီး(အမ်အေ)အား ဗြိတိန်နိုင်ငံဆိုင်ရာ



မြန်မာသံအမတ်အဖြစ် စက်တင်ဘာလတွင် အစားထိုးခန့်ထားခဲ့သည်။ ထို့အတူ ဦးဝင်း(ဖဆပလ)အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်အဖြစ် စက်တင်ဘာလတွင်လည်းကောင်း၊ ဦးစိုးညွန့်အား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်အဖြစ် စက်တင်ဘာလတွင်လည်းကောင်း၊ ဦးဖေခင်အား ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်အဖြစ် ၁၉၄၇ ခုနှစ်တွင်လည်းကောင်း၊ ဦးတင်ထွဋ်၏ ညီ ဥပဒေပညာရှင် ဦးမြင့်သိန်းအား တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်၊ ဦးမြစိန်အား ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်နှင့် ဦးလှမောင်အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်အဖြစ် ၁၉၄၈ ခုနှစ်အတွင်း အသီးသီးခန့်ထားခဲ့သည်။

လွတ်လပ်ရေးရစ မြန်မာနိုင်ငံသည် ဗြိတိန်၊ အမေရိက၊ အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်၊ ထိုင်းနှင့် ပြင်သစ်နိုင်ငံများသို့ သံအမတ်ကြီးများ ခန့်ထားစေလွှတ်ခဲ့သည်။ ယခုဖော်ပြထားသည်မှာ လေ့လာမိသမျှ အထောက်အထားများအရ ၁၉၄၇ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်တွင် ခန့်ထားသည့် သံအမတ်ကြီးများသာဖြစ်သည်။ မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်သည့် **အင်္ဂလိပ်–မြန်မာအဘိဓာန်**တွင် (High Commissioner) ကို သံအမတ်ကြီးဟုပင် တွေ့ရသည်။

## လွှတ်တော်ချုပ်တရားဝန်ကြီးများ (၁၉၄၈)

လွတ်လပ်ရေးရစ မြန်မာနိုင်ငံ၏ လွှတ်တော်ချုပ်တရားဝန်ကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| (၁) ဆာဘဦး | တရားဝန်ကြီးချုပ် |
| (၂) ဦးအေးမောင် | တရားဝန်ကြီး |
| (၃) ဦးကျော်မြင့် | တရားဝန်ကြီး |
| (၄) ဦးသိမ်းမောင် | တရားဝန်ကြီး |

www.burmeseclassic.com

www.burmeseclassic.com



## လွှတ်တော်တရားဝန်ကြီးများ (၁၉၄၈)

လွတ်လပ်ရေးရစ မြန်မာနိုင်ငံ၏ လွှတ်တော်တရားဝန်ကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဦးထွန်းဖြူ — တရားဝန်ကြီး
၂။ ဦးအုန်းခင် — တရားဝန်ကြီး
၃။ ဦးစံမောင် — တရားဝန်ကြီး
၄။ ဦးအောင်သာကျော် — တရားဝန်ကြီး
၅။ ဦးသောင်းစိန် — တရားဝန်ကြီး
၆။ ဦးဘိုကြီး — တရားဝန်ကြီး

## ဝါစိုက်ဧရိယာ

ကိုလိုနီခေတ်အတွင်းက ဝါစိုက်ဧကမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

| ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်းဧက |
|---|---|---|---|
| ၁၉၀၀ | - | ၁၆၂,၈၀၀ | ၁၆၂,၈၀၀ |
| ၁၉၁၀ | ၂,၇၃၂ | ၁၉၉,၁၄၂ | ၂၀၁,၈၇၄ |
| ၁၉၂၀ | ၂,၈၄၄ | ၄၂၆,၇၃၆ | ၄၂၉,၅၈၀ |
| ၁၉၃၀ | ၄,၀၃၆ | ၃၁၅,၉၄၁ | ၃၁၉,၉၇၇ |
| ၁၉၄၀ | ၃,၄၆၅ | ၃၄၃,၉၇၇ | ၃၄၇,၄၄၂ |
| ၁၉၄၁ | ၃,၅၁၆ | ၄၁၄,၇၃၈ | ၄၁၈,၂၅၄ |

၁။ ဤစာရင်းကို မြန်မာ့လယ်ယာမြေသမိုင်း၊ အတွဲ (၁)မှ ကူးယူဖော်ပြပါသည်။



## ဝါတာလော့ဒိုင်းဆုရဘောလုံးအသင်းများ

မြန်မာ့ဘောလုံးအားကစားသမိုင်းတွင် ၁၈၉၅ ခုနှစ်မှ စ၍ စနစ်တကျ ပြိုင်ပွဲများကျင်းပသော ဒိုင်းဆုပေးပွဲမှာ ဝါတာလော့ဒိုင်းဆုဗိုလ်လုပွဲဖြစ်သည်။ စိန်နီယာတန်းအသင်းများသာ ပါဝင်ယှဉ်ပြိုင်ရသော ဝါတာလော့ဒိုင်းဆု ရှုံးထွက်ဗိုလ်လုပွဲဆိုသည်မှာ ဒိုင်းဆုအလှူရှင် အင်္ဂလိပ်ကုမ္ပဏီကြီးတစ်ခုဖြစ်သော WALTER LOCKE ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ ဝါတာလော့ဒိုင်းဆုပေးပွဲ စတင်ကျင်းပသော ၁၈၉၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နှစ်အလိုက် ဝါတာလော့ဒိုင်းဆုရအသင်းများစာရင်းကို ကြည့်ခြင်းအားဖြင့် မြန်မာ့ခေတ်ဦးဘောလုံးလောကကို အင်္ဂလိပ်စစ်တပ်များအသင်းက လွှမ်းမိုးထားကြောင်း တွေ့ရသည်။

| ခုနှစ် | ဒိုင်းဆုရအသင်း | ခုနှစ် | ဒိုင်းဆုရအသင်း |
|---|---|---|---|
| ၁၈၉၅ | အမှတ် (၁)၊ ဝါဆက်စတာ ရှိုင်းယားတပ်ဘီအသင်း | ၁၉၀၃ | အမှတ်(၁)၊ ရှိုင်ရယ်ဖြူစီလီယာတပ်အသင်း |
| ၁၈၉၆ | အမှတ်(၂) ရှိုင်ရယ်စကော့တပ်အသင်း | ၁၉၀၄ | အမှတ်(၂) နယ်ခြားစောင့်တပ်အသင်း |
| ၁၈၉၇ | အမှတ်(၂) ရှိုင်ရယ်စကော့တပ်အသင်း | ၁၉၀၅ | အမှတ်(၁) ဘုရင့်ရဲဂျိ... တပ်အသင်း |
| ၁၈၉၈ | အမှတ်(၂) တောင်ပိုင်း အက်စတက်ဖို့ရှိုင်းယားတပ်အသင်း | ၁၉၀၆ | ဝိုင်အမ်စီအေလူငယ်အသင်း |
| ၁၈၉၉ | ရန်ကုန်ဂျင်မခါနာကလပ်အသင်း | ၁၉၀၇ | အမှတ်(၇၀) မြို့စောင့်တပ်အသင်း |
| ၁၉၀၀ | အမှတ်(၂) ဒါဟာမ်ခြေမြန်တပ်အသင်း | ၁၉၀၈ | အမှတ်(၂) ရှိုင်ရယ်ဝေလဖြူစီလီယာတပ်အသင်း |
| ၁၉၀၁ | ရန်ကုန်ဂျင်မခါနာကလပ်အသင်း | ၁၉၀၉ | အမှတ်(၂) ရှိုင်ရယ်စကော့ဖြူစီလီယာတပ်အသင်း |
| ၁၉၀၂ | အမှတ်(၁) ဘတ်ဖ်စစ်တပ်အသင်း | ၁၉၁၀ | အမှတ်(၁) ရှိုင်ရယ်စကော့ဖြူစီလီယာတပ်အသင်း |

www.burmeseclassic.com

www.burmeseclassic.com



| ခုနှစ် | ဒိုင်းဆုရအသင်း | ခုနှစ် | ဒိုင်းဆုရအသင်း |
|---|---|---|---|
| ၁၉၁၁ | အကောက်ခွန်ကလပ်အသင်း | ၁၉၂၈ | အကောက်ခွန်ကလပ်အသင်း |
| ၁၉၁၂ | အမှတ်(၁)၊ နယ်ခြားစောင့်တပ်အသင်း | ၁၉၂၉ | အမှတ်(၁)၊ ဘုရင်မကင်မရွန်းတပ်အသင်း |
| ၁၉၁၃ | အမှတ်(၁)၊ ရှိုင်ရယ်မန်ချက်စတာဖြူစီလီယာတပ်အသင်း | ၁၉၃၀ | အမှတ်(၅၂)၊ ခြေမြန်တပ် (အောက်စဖို့နှင့် ဘတ်စ်) တပ်အသင်း |
| ၁၉၁၄ | အမှတ်(၁)၊ ရှိုင်ရယ်မန်ချက်စတာဖြူစီလီယာတပ်အသင်း | ၁၉၃၁ | မြန်မာပြည်မီးရထားအသင်း |
| ၁၉၁၅ | ရန်ကုန်ကောလိပ်အသင်း | ၁၉၃၁ | အမှတ်(၅၂)၊ ခြေမြန်တပ် (အောက်စဖို့နှင့် ဘတ်ဖ်) တပ်အသင်း |
| ၁၉၁၆ | အစိုးရဟိုက်စကူးကျောင်းအသင်း | | |
| ၁၉၁၇ | ဝိုင်အမ်စီအေအသင်း | ၁၉၃၂ | အမှတ်(၁) ဘတ်ဖ် ရဲဂျီးမင့်အသင်း |
| ၁၉၁၈ | ရန်ကုန်ကောလိပ်အသင်း | ၁၉၃၃ | အမှတ်(၁) ဘတ်ဖ် ရဲဂျီးမင့်အသင်း |
| ၁၉၁၉ | ဝိုင်အမ်စီအေအသင်း | ၁၉၃၄ | ယူနီဗာစီတီကောလိပ်အသင်း |
| ၂၀ | အမှတ်(၂) လုံတံကိုင်ဘုရင့်မြင်းတပ်အသင်း | ၁၉၃၅ | ယူနီဗာစီတီကောလိပ်အသင်း |
| | | ၁၉၃၆ | မြန်မာပြည်ပုလိပ်အသင်း |
| ၁၉၂၁ | အမှတ်(၂) လုံတံကိုင်ဘုရင့်မြင်းတပ်အသင်း | ၁၉၃၇ | ဘုရင်သေနတ်ကိုင်တပ်အသင်း |
| ၁၉၂၂ | အမှတ်(၂) လုံတံကိုင်ဘုရင့်မြင်းတပ်အသင်း | ၁၉၃၈ | ဧရာဝတီသင်္ဘောကုမ္ပဏီအသင်း |
| ၁၉၂၃ | ဖရင်းယူနီယံကလပ်အသင်း | ၁၉၃၉ | ယူနီဗာစီတီကောလိပ်အသင်း |
| ၁၉၂၄ | အမှတ်(၂) လုံတံကိုင်ဘုရင့်မြင်းတပ်အသင်း | ၁၉၄၀ | ယူနီဗာစီတီကောလိပ်အသင်း |
| ၁၉၂၅ | အကောက်ခွန်ကလပ်အသင်း | ၁၉၄၁ | အကောက်ခွန်ကလပ်အသင်း |
| ၁၉၂၆ | အမှတ်(၁)၊ ဘုရင်မကင်မရွန်းတပ်အသင်း | ၁၉၄၂ | ပြိုင်ပွဲမရှိ |
| ၁၉၂၇ | အမှတ်(၂)၊ မန်ချက်စတာရဲဂျီးမင့်တပ်အသင်း | ၁၉၄၃ | ပြိုင်ပွဲမရှိ |



| ခုနှစ် | ဒိုင်းဆုရအသင်း | ခုနှစ် | ဒိုင်းဆုရအသင်း |
|---|---|---|---|
| ၁၉၄၄ | ပြိုင်ပွဲမရှိ | ၁၉၄၇ | မြန်မာပြည်ပုလိပ်အသင်း |
| ၁၉၄၅ | ပြိုင်ပွဲမရှိ | ၁၉၄၈ | မြန်မာ့တပ်မတော်(ကြည်း) တပ်အသင်း |
| ၁၉၄၆ | အကောက်ခွန်ကလပ်(က) အသင်း | | |

## ဝီလျံယန်းဂါးဖလားပွဲ ဆုရအသင်းများ

မြန်မာ့ဘောလုံးပွဲသမိုင်း၌ ထင်ရှားသည့် ဖလားပွဲတစ်ခုမှာ ဝီလျံယန်းဂါးဖလားဗိုလ်လုပွဲ ဖြစ်သည်။ ထိုပွဲမှာ အထက်မြန်မာပြည်ညွှန့်ပေါင်းအသင်းနှင့် အောက်မြန်မာပြည်ညွှန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကြသည့် ပွဲဖြစ်သည်။ ပြိုင်ပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ တစ်လှည့်စီကျင်းပသည်။ ပြိုင်ပွဲအတွက် ဆုများကို ဝီလျံယန်းဂါးဘီယာကုမ္ပဏီက ပေးသည့်အတွက် ထိုအမည်တွင်ခြင်းဖြစ်သည်။ ပြိုင်ပွဲများကို ၁၉၀၄ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ကျင်းပခဲ့သည်။ နှစ်အလိုက် ဗိုလ်စွဲသည့် အသင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

| ခုနှစ် | ကစားသည့် ကွင်း | ဗိုလ်စွဲသည့် အသင်း |
|---|---|---|
| ၁၉၀၄ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၀၅ | ပြိုင်ပွဲမရှိ | - |
| ၁၉၀၆ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၀၇ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၀၈ | ရန်ကုန် | အထက်မြန်မာပြည် |
| ၁၉၀၉ | မန္တလေး | သရေပွဲ |
| ၁၉၁၀ | မန္တလေး | အထက်မြန်မာပြည် |
| ၁၉၁၁ | မန္တလေး | အထက်မြန်မာပြည် |
| ၁၉၁၂ | မန္တလေး | အထက်မြန်မာပြည် |
| ၁၉၁၃ | မန္တလေး | အထက်မြန်မာပြည် |
| ၁၉၁၄ | ပြိုင်ပွဲမရှိ | - |

www.burmeseclassic.com

www.burmeseclassic.com



| ခုနှစ် | ကစားသည့်ကွင်း | ဗိုလ်စွဲသည့်အသင်း |
|---|---|---|
| ၁၉၁၅ | မန္တလေး | သရေပွဲ |
| ၁၉၁၆ | မန္တလေး | အောက်မြန်မာပြည် |
| ၁၉၁၇ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၁၈ | ပြိုင်ပွဲမရှိ | - |
| ၁၉၁၉ | ပြိုင်ပွဲမရှိ | - |
| ၁၉၂၀ | ပြိုင်ပွဲမရှိ | - |
| ၁၉၂၁ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၂၂ | ပြိုင်ပွဲမရှိ | - |
| ၁၉၂၃ | ပြိုင်ပွဲမရှိ | - |
| ၁၉၂၄ | ပြိုင်ပွဲမရှိ | - |
| ၁၉၂၅ | ပြိုင်ပွဲမရှိ | - |
| ၁၉၂၆ | ရန်ကုန် | သရေပွဲ |
| ၁၉၂၇ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၂၈ | မန္တလေး | သရေပွဲ |
| ၁၉၂၉ | မန္တလေး | အထက်မြန်မာပြည် |
| ၁၉၃၀ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၃၁ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၃၂ | မန္တလေး | အောက်မြန်မာပြည် |
| ၁၉၃၃ | မန္တလေး | အောက်မြန်မာပြည် |
| ၁၉၃၄ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၃၅ | မန္တလေး | အောက်မြန်မာပြည် |
| ၁၉၃၆ | ရန်ကုန် | အောက်မြန်မာပြည် |
| ၁၉၃၇ | ပြိုင်ပွဲမရှိ | - |
| ၁၉၃၈ | ပြိုင်ပွဲမရှိ | - |
| ၁၉၃၉ | မန္တလေး | အောက်မြန်မာပြည် |

ဝီလျံယန်းဂါးဖလားဗိုလ်လုပွဲ ၂၅ ကြိမ်ကျင်းပခဲ့ရာတွင် အောက်မြန်မာပြည်အသင်းက ၁၅ ကြိမ်ဗိုလ်စွဲခဲ့ပြီး အထက်မြန်မာပြည်အသင်းက ၆ ကြိမ်ဗိုလ်စွဲကာ လေးပွဲသရေကျသည်။



## ဝေလမင်းသားလာရောက်စဉ်က (၁၉၂၂)

မြန်မာပြည်အား အင်္ဂလိပ်တို့က ၁၉၂၃ ခုနှစ်တွင် ဒိုင်အာခီအုပ်ချုပ်ရေးပေးရန် စီစဉ်နေစဉ် ၁၉၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် အိမ်ရှေ့စံဝေလမင်းသားအကဲ့ခတ်ဖို့ မြန်မာပြည်သို့ လာသည်။ ထိုစဉ်က ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံလိုသူရှိသကဲ့သို့ လက်မခံလိုသူများလည်း ရှိသည်။ ဝေလမင်းသားလာလျှင်သပိတ်မှောက်မည်ဟု ဝံသာနုအဖွဲ့များက စည်းရုံးလှုံ့ဆော်ကြသည်။ ထိုအခြေအနေကြောင့် ဝေလမင်းသား၏ လုံခြုံရေးအတွက် ဝေလမင်းသား မြန်မာပြည်ရောက်မလာမီ အောက်ပါဝံသာနုခေါင်းဆောင်အချို့နှင့် သတင်းစာဆရာကြီးတို့အား နယ်နှင်ဒဏ်ပေးခဲ့သည်။

ဦးချစ်လှိုင်(ဂျီစီဘီအေ)အား တောင်ကြီးသို့လည်းကောင်း၊ ဦးစိန်(မြန်မာ့အလင်းသတင်းစာတိုက်)အား ဟုမ်းမလင်းသို့လည်းကောင်း၊ ဦးဘလှိုင်(နယူးဘားမားသတင်းစာတိုက်)အား မော်လိုက်သို့လည်းကောင်း၊ ဦးဘစီ(ဂျီစီဘီအေ)အား ကျော့သောင်းသို့လည်းကောင်း၊ ဦးဘဦး(မန္တလေးဗဟိုစည်သတင်းစာ)အား သံတွဲသို့လည်းကောင်း၊ စီပီဦးခင်မောင်(ဂျီစီဘီအေ)အား မြစ်ကြီးနားသို့လည်းကောင်း၊ ရမ်းဗြဲဦးမောင်မောင်၊ ဦးကွန်း(ဂျီစီဘီအေ)နှင့် မစ္စတာတာရပ်ဂျီ(အိန္ဒိယကွန်ဂရက်ဗမာနိုင်ငံ)တို့အား လားရှိုးသို့လည်းကောင်း ပို့ထားခဲ့သည်။

## ဝံသာနုရက္ခိတတရား

ကိုလိုနီခေတ်အတွင်းက နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးအတွက်ကြိုးပမ်းရာတွင် နိုင်ငံနှင့် လူမျိုး၏ အကျိုးကို အဓိကထားခံ၍ ဆောင်ရွက်လိုသည့် စိတ်ဓာတ်သည် မရှိမဖြစ် လိုအပ်လာသည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေတို့က ကြိုးမှုး၍ မျိုးချစ်စိတ်နှင့် ဓာတိသွေးဓာတိမာန်ကို ပြန်လည်နိုးဆွပေးရာမှ ဝံသာနုရက္ခိတတရားများ ထွန်းကားခဲ့သည်။ ဝံသာနုရက္ခိတတရားဆိုသည်မှာ အမျိုးကို စောင့်ရှောက်အပ်သော တရားဟု အဓိပ္ပာယ်ရသည်။ အမျိုး ဘာသာ သာသနာကို ချစ်မြတ်နိုးပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်၊ အမျိုး၏ အကျိုးကို ဆောင်ရွက်လိုသည့် စိတ်ဓာတ်ဟုလည်းဆိုနိုင်သည်။ ဝံသာနုရက္ခိတတရား၏ အဓိပ္ပာယ်မှာ အမျိုး၏ အကျိုးကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ရန်ဖြစ်သည့်အလျောက် ကိုလိုနီဘဝကျရောက်နေသော မြန်မာနိုင်ငံအဖို့ ကိုလိုနီဘဝမှ လွတ်မြောက်ရေးသည် ပဓာနလုပ်ငန်းဖြစ်သောကြောင့် ဝံသာနုရက္ခိတတရားနှင့် ဝံသာနုလုပ်ငန်းဆိုသည်မှာ အင်္ဂလိပ်နယ်ချဲ့အား အနုနည်းဖြင့် ဆန့်ကျင်ရေးဟူသည့် အဓိပ္ပာယ်ကိုလည်း ဆောင်လာတော့သည်။ ဝံသာနုရက္ခိတတရားနှင့် ဝံသာနုလုပ်ငန်းများလည်း ဂျီစီဘီအေခေတ်တွင် ပို၍ ခေတ်စားခဲ့သည်။

ဝံသာနုလုပ်ငန်းဆိုသည်မှာ အမျိုး ဘာသာ သာသနာအကျိုးပြုလုပ်ငန်းများကိုပင် ခေါ်ခြင်းဖြစ်သည်။ ဝံသာနုလုပ်ငန်းဆိုသည်ကို ဝံသာနုလှုပ်ရှားမှုဟုလည်း ခေါ်သည်။ ဝံသာနုလုပ်ငန်းလုပ်သည့် အသင်းများကို ဝံသာနုအသင်းဟုလည်း ခေါ်ပြီး အသင်းဝင်များကို ဝံသာနုဟု ခေါ်ကြသည်။ ဝံသာနုလှုပ်ရှားမှုတွင် နိုင်ငံခြားဖြစ်ပစ္စည်းများကို သပိတ်မှောက်ပြီး ပြည်တွင်းဖြစ်အားပေးရေးလည်း ပါဝင်သည်။ ထို့ကြောင့် အမျိုးသမီးများက ပင်နီချောနှင့် ယောထဘီကို ဝတ်ဆင်ကြသကဲ့သို့ အမျိုးသားများကလည်း ယောပုဆိုးနှင့် ပင်နီ၊ ပင်ဖြူအင်္ကျီများကို ဝတ်ကြသည်။ မြန်မာတို့ ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်စွာ နေခဲ့ရသည်ကို အမှတ်ရစေရန် ခေါင်းရပ်ပါသော ပဝါ၊ လုံချည်နှင့် အလံများကိုလည်း အသုံးပြုခဲ့ကြသည်။ ပင်နီချော၊ ယောထဘီ၊ ယောလုံချည်နှင့် ခေါင်းတံဆိပ်များမှာ အမျိုးသားရေးလက္ခဏာနှင့် မျိုးချစ်စိတ်၏ ပြယုဂ်များ ဖြစ်ခဲ့သည်။ ဓာတိသွေး ဓာတိမာန်ကိုလည်း တက်ကြွစေခဲ့သည်။ အင်္ဂလိပ်ဆံတောက်ထိပ်ပေါ်တင်ထားလျှင် အင်္ဂလိပ်တို့၏ အုပ်စိုးမှု သက်ဆိုးရှည်မည်စိုး၍ အမျိုးသားများက အင်္ဂလိပ်ဆံတောက်ကို ရိတ်ပစ်ကြသည်။ လိပ်ခွံဘီး ထိပ်ပေါ်တင်လျှင် အင်္ဂလိပ်များ ကံဓာတာထွန်းနေမည်ဟု ဝံသာနုအသင်းများက ပြောဟောလှုံ့ဆော်သောကြောင့် အမျိုးသမီးများကလည်း လိပ်ခွံဘီးများကို ချိုးပစ်ကြသည်။ ဝံသာနုလှုပ်ရှားမှုတွင် မြန်မာအမျိုးသားပိုင် ဈေးဆိုင်များဖွင့်၍ မြန်မာပိုင်ဆိုင်များတွင်သာ ဝယ်ယူစားသုံးရန်လည်း လှုံ့ဆော်ခဲ့ကြသည်။ အမျိုးသားအချင်းချင်း ရိုင်းပင်းကူညီရေးကိုလည်း အားပေးသည်။ ကျောင်းကန်ဘုရားများအတွင်း နိုင်ငံခြားသားများ ဖိနပ်စီးဝင်သည့် ကိစ္စကိုလည်း ဝံသာနုများက ဦးဆောင်၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ အင်္ဂလိပ်အစိုးရနှင့် မဆက်ဆံရေးနှင့် အခွန်မပေးရေး တိုက်ပွဲများတွင်လည်း ဝံသာနုများ ပါဝင်ခဲ့ကြသည်။

ဝံသာနုလှုပ်ရှားမှုကြောင့် ဓာတိသွေး ဓာတိမာန်များ တက်ကြွလာသည့်အလျောက် ဝံသာနုအသင်းဝင်ဖြစ်ရသည်ကို ဂုဏ်ယူလာကြသည်။ ဝံသာနုစာတန်းများကို ချိတ်ဆွဲခဲ့ကြသည်။ ထိုသို့ ဝံသာနုရက္ခိတတရားနှင့် ဝံသာနုလှုပ်ရှားမှုများကြောင့် ကိုလိုနီခေတ်အတွင်းက နိုင်ငံနှင့် လူမျိုးလွတ်လပ်ရေးအတွက် အနစ်နာခံတိုက်ပွဲဝင်သည့် လူငယ်နိုင်ငံ့ခေါင်းဆောင်များ ပေါ်ထွန်းခဲ့သည်။ ထိုလူငယ်နိုင်ငံ့ခေါင်းဆောင်များက ဦးဆောင်၍ လွတ်လပ်ရေးတိုက်ပွဲဝင်လုပ်ငန်းများကို လက်ဆင့်ကမ်းသယ်ဆောင်လာခြင်းအားဖြင့် နောက်ဆုံးလွတ်လပ်ရေးရသည်အထိ အကျိုးရှိခဲ့သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် ဝံသာနုရက္ခိတတရားသည် အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် အဓိကထွန်းအားတစ်ရပ် ဖြစ်တော့သည်။ ရေရှည်၌ လွတ်လပ်ရေးရရာ ရကြောင်းအတွက် ကြီးစွာ အထောက်အပံ့ပေးနိုင်သော လက်နက်ကောင်းတစ်ခု ဖြစ်ခဲ့သည်။



## ဝိုင်အမ်ဘီအေ(YMBA) (၁၉၀၆)

ဝိုင်အမ်ဘီအေဆိုသည်မှာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို ခေါ်ခြင်းဖြစ်သည်။ ၎င်းအသင်းကို အင်္ဂလိပ်လို (Young Men's Buddhist Association) ဟု ခေါ်သည်။ ထိုအင်္ဂလိပ်စကားလုံး လေးလုံးမှ ထိပ်ဆုံးအက္ခရာများဖြစ်သော YMBAမှာ ခေါ်ရလွယ်သောကြောင့် ထိုအမည်တွင်နေခြင်းဖြစ်သည်။ အသင်းကို ရန်ကုန်မြို့ ဦးမောင်ကြီးနေအိမ် အမှတ် ၈၆၊ ၂၈ လမ်း၌ ၁၉၀၆ ခု၊ မေလ ၁၀ ရက်နေ့တွင် ဖွဲ့သည်။ အသင်းဖွဲ့ရန် စတင်စည်းရုံးဆော်ဩသူတို့မှာ ဦးဘဘော၊ ဒေါက်တာဘရင်နှင့် ဦးမောင်ကြီးတို့ဖြစ်ကြသည်။ ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ဦးစံဘ၊ ဦးစံလွင်၊ ဦးစိန်လှအောင်၊ ဦးပါ၊ ဦးဘဒွန်း၊ ဦးလှဖေ၊ ဦးသိမ်းမောင် စသူတို့ ပါဝင်လာသည်။ ထို့နောက် ကောလိပ်ကျောင်းသားများ၊ ပင်စင်စားများနှင့် လူငယ်များ ပါဝင်လာသည်။ အသင်းကို စတင်ပြုစုပျိုးထောင်ပေးသူတို့မှာ ရန်ကုန်ကောလိပ်ကျောင်းသား မျိုးချစ်လူငယ်များဖြစ်ကြသည်။ အသင်းဟုဆိုသော်လည်း စဖွဲ့စဉ်က ဥက္ကဋ္ဌမရှိ၊ အမှုဆောင်အဖွဲ့ဟူ၍လည်း စနစ်တကျမရှိ။ အကျိုးဆောင်အတွင်းရေးမှူးသာ ရှိသည်။ အသင်းသားဦးရေမှာလည်း ခင်မင်ရာ ပုဂ္ဂိုလ်နှစ်ဆယ်ခန့်သာ ရှိပြီး အသင်းစည်းမျဉ်းဥပဒေဟူ၍လည်း မရှိပေ။ ၁၉၀၈ ခုနှစ် ရောက်သောအခါ ရန်ကုန်မြို့ပေါ်ဆိုင်ရာ ဝိုင်အမ်ဘီအေအသင်းအစည်းအဝေးကျင်းပနိုင်ပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်

www.burmeseclassic.com


ပိုင်၊ အမ်၊ ဘီ၊ အေအသင်း စတင်တည်ထောင်သူ သုံးဦး



ဆာမောင်ကြီး



ဘကြီးဘအေ



ဒေါက်တာဘရင်

# ပိုင်၊ အမ်၊ ဘီ၊ အေနှင့် ကြေးတံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



အမှုဆောင်လူကြီးများ ရှိလာသည်။ ဝိုင်အမ်ဘီအေအသင်း၏ ရည်ရွယ်ချက်စာအုပ်ကိုလည်း ထုတ်ဝေနိုင်ခဲ့သည်။

ရန်ကုန်၌ ဝိုင်အမ်ဘီအေအသင်းများကို စနစ်တကျဖွဲ့စည်းပြီးသောအခါ နယ်များတွင် ဝိုင်အမ်ဘီအေအသင်းများကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ညောင်လေးပင်၊ ပဲခူး၊ ပုသိမ်၊ ပျဉ်းမနား၊ မန္တလေး၊ မော်လမြိုင်၊ ဟင်္သာတ စသည့် မြို့ကြီးများတွင် ဝိုင်အမ်ဘီအေအသင်းခွဲများ ပေါ်လာသည်။ ဝိုင်အမ်ဘီအေက စတင်စည်းရုံးသော နယ်ပယ်မှာ ကျောင်းသားလူငယ်များဖြစ်သော်လည်း တဖြည်းဖြည်းနှင့် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အစိုးရအမှုထမ်းများနှင့် ခေတ်ပညာတတ်လူငယ်များအပါအဝင် လုပ်သားပြည်သူတစ်ရပ်လုံး စည်းရုံးနိုင်ခဲ့သည်။ ထို့ကြောင့်လည်း ၁၉၁၀ ပြည့်နှစ်ရောက်သော် ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများ၏ အသင်းချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့သည်။ အလားတူအသင်းများဆိုသည်မှာ ဝိုင်အမ်ဘီအေမပေါ်မီကပင် မော်လမြိုင်၌ ရှေ့နေဦးရွှေသွင်ဦးစီးသည့် သာသနာရေးအသင်း၊ မန္တလေး၌ လက်ထောက်ဆရာဝန် ဦးကျော်ရန် ဦးစီးသော ဗုဒ္ဓကလျာဏမိတ္တအသင်း၊ ပုသိမ်မြို့တွင် အသောကအသင်း၊ ရန်ကုန်တွင် ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း၊ မုံရွာတွင် လယ်တီဆရာတော်ဘုရားကြီး၏ အဘိဓမ္မာသံခိပ်အသင်းဟူ၍ သာသနာရေးဆိုင်ရာ အသင်းများ ရှိနေသဖြင့် ထိုကဲ့သို့သော အသင်းများနှင့် ဝိုင်အမ်ဘီအေအသင်းများကို ပေါင်းစည်းလိုက်ဖြ-ဖြစ်သည်။ အသင်း၏အမည်ကိုလည်း ဝိုင်အမ်ဘီအေနှင့်အလားတူအသင်းများ၏ အသင်းချုပ်ကြီးဟု ပြောင်းလဲလိုက်သည်။ နှစ်ပတ်လည် ကွန်ဖရင့်ကိုလည်း ၁၉၁၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ရန်ကုန်၌ ကျင်းပနိုင်ခဲ့သည်။ ထိုသို့ နိုင်ငံလုံးဆိုင်ရာ အသင်းချုပ်ကြီးဖွဲ့စည်းနိုင်ခြင်းအားဖြင့် ဗဟိုမှ ဦးစီးချုပ်ကိုင်မှု ရှိလာသည်။ ဝိုင်အမ်ဘီအေအသင်းများ စည်းစည်းလုံးလုံးနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းလည်း ရှိလာသည်။ ၁၉၂၀ ပြည့်ရောက်သော် မြန်မာတစ်နိုင်ငံလုံး၌ ဝိုင်အမ်ဘီအေအသင်းပေါင်း လေးရာကျော်မျှ ရှိလာသည်။

ဝိုင်အမ်ဘီအေ၏ မူလရည်ရွယ်ချက်မှာ အမျိုး ဘာသာ သာသနာနှင့် ပညာရေး၊ မြန်မာ့အနုပညာ၊ စာပေနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးတို့ ဖြစ်သည်။ ဝိုင်အမ်ဘီအေ၏ ကြွေးကြော်သံများမှာ 'အမျိုးကို ချစ်ပါ'၊ 'ဘာသာကို လေးစားပါ'၊ 'သာသနာကို ချီးမြှင့်ပါ'၊ 'ပညာရေးကို အားပေးပါ'ဟူ၍ ဖြစ်သည်။ ထိုရည်ရွယ်ချက်များနှင့်အညီ ဝိုင်အမ်ဘီအေအသင်းများက ဦးစီး၍ ဘာသာရေး



ဟောပြောပွဲများနှင့် ဆွေးနွေးပွဲများ ကျင်းပပေးသည်။ သာသနာရေးစာမေးပွဲများလည်း ပြုလုပ်ပေးသည်။ ဘုရားကျောင်းများနှင့် မြို့ရွာသန့်ရှင်းရေးလုပ်ငန်းစသည့် လူမှုရေးလုပ်ငန်းများကိုလည်း လုပ်သည်။ အစိုးရကျောင်းများ၌ မြန်မာကျောင်းဆရာများ ခန့်ထားရေးအပါအဝင် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရန်တို့ကို တောင်းဆိုခဲ့သည်။

ဝိုင်အမ်ဘီအေ၏ လုပ်ငန်းများသည် အစပိုင်း၌ သာသနာရေး၊ ပညာရေးနှင့် လူမှုရေးသာဖြစ်သော်လည်း နောက်ပိုင်းရောက်သော် တဖြည်းဖြည်းနှင့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် ဖြစ်လာသည်။ ပြည်သူကို ကိုယ်စားပြု၍ ဗြိတိသျှနယ်ချဲ့အစိုးရ၏ လုပ်ငန်းများကို ကန့်ကွက်ခဲ့သည်။ အုပ်ချုပ်ရေး၌ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။

ဝိုင်အမ်ဘီအေ၏ ပထမဆုံး နိုင်ငံရေးဆောင်ရွက်ချက်မှာ အိန္ဒိယသို့ ကိုယ်စားလှယ်အဖွဲ့လွှတ်၍ အုပ်ချုပ်ရေးတိုးမြှင့်ပေးရန် တောင်းဆိုမှုပင်ဖြစ်သည်။ ၁၉၁၇ ခုတွင် အိန္ဒိယကို အုပ်ချုပ်ရေးတိုးမြှင့်ပေးရန် ဗြိတိသျှအစိုးရက စီစဉ်လာသောအခါ မြန်မာနိုင်ငံကိုပါ အုပ်ချုပ်ရေးတိုးမြှင့်ပေးရန်၊ ဝိုင်အမ်ဘီအေမှ ဦးစု၊ ဦးဖေ၊ ဦးဘဘေနှင့် ဦးမေအောင်တို့ကို အိန္ဒိယသို့ လွှတ်၍ အရေးဆိုတင်ပြခဲ့သည်။ ထို့နောက် အိန္ဒိယကို အုပ်ချုပ်ရေးတိုးမြှင့်ပေးသည့် မွန်တဂူ-ချမ်းစဖို့စီမံကိန်း ထွက်လာသောအခါ မြန်မာကိုချန်ထား၍ ဝိုင်အမ်ဘီအေမှ ဦးဘဘေ၊ ဦးပုနှင့် ဦးထွန်းရှိန်တို့ပါသော ဘေပုရှိန်ကိုယ်စားလှယ်အဖွဲ့ကို ၁၉၁၉ ခကင် အင်္ဂလန်အထိလွှတ်၍ အရေးဆိုခဲ့သည်။ မွန်တေဂု-ချမ်းစဖို့ စီမံကိန်းအရ အိန္ဒိယကို ဒိုင်အာခီအုပ်ချုပ်ရေးပေးသောအခါ မြန်မာနိုင်ငံကို ချန်ထားပြီး ကရက်ဒေါက်စီမံကိန်းဖြင့် နှစ်သိမ့်ရန် လှည့်စားခဲ့သည်။ ပြည်သူတို့ မလိုလားသော ကရက်ဒေါက်စီမံကိန်းကိုလည်း ဝိုင်အမ်ဘီအေမှပင် ဦးစီး၍ ကန့်ကွက်ခဲ့သည်။ ထို့နောက် ၁၉၂၀ ပြည့်နှစ်တွင် ဦးပု၊ ဦးဘဘေနှင့် ဦးသိမ်းမောင်တို့ ပါဝင်သော ဝိုင်အမ်ဘီအေကိုယ်စားလှယ်အဖွဲ့ကို ဒုတိယအကြိမ် အင်္ဂလန်သို့ စေလွှတ်၍ အုပ်ချုပ်ရေးတိုးမြှင့်ပေးရန် ဆောင်ရွက်စေခဲ့သည်။ သာသနာ့မြေနှင့် ဘုရားပုထိုးစေတီရင်ပြင်တော်များတွင် နိုင်ငံခြားသားများ ဖိနပ်စီးသည့် ကိစ္စနှင့်ပတ်သက်၍ ၁၉၁၇ ခုတွင် ဖိနပ်ပြဿနာပေါ်ပေါက်လာသောအခါတွင်လည်း ဝိုင်အမ်ဘီအေမှပင် ဦးဆောင်၍ ပြည်သူ့ကိုယ်စား တိုက်ပွဲဝင်ခဲ့သည်။ ၁၉၂၀ ပြည့် တက္ကသိုလ်ဥပဒေသည် နယ်ချဲ့ဗြိတိသျှအလိုကျဖြစ်ပြီး မြန်မာများ အထက်တန်းပညာသင်ယူရေးတွင် အဟန့်အတားဖြစ်စေသည့် ပျော့ကွက်ဟာကွက်များ ပါဝင်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ယင်းဥပဒေ မပြဋ္ဌာန်းမီကပင် တက္ကသိုလ်ဥပဒေကြမ်းကို ဝိုင်အမ်ဘီအေမှ ဦးစီး၍ ကန့်ကွက်ခဲ့သေးသည်။ စီးပွားရေးအနေနှင့် တိုင်းရင်းသားလုပ်ငန်းများအား ဝိုင်ဆိုင်ခွင့်ပေးရန်နှင့် ဆန်စပါးမှ ရသည့် အမြတ်ကို ပြည်တွင်းအတွက်သာ အသုံးပြုရန်တို့ကို တောင်းဆိုခဲ့သည်။ ပထမကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံမှ ဆန်များရောင်းရသည့် အမြတ်ငွေကို အိန္ဒိယအစိုးရက ယူထားလိုက်သည်ကို စစ်ပြီးသောအခါ ပြန်လည်ပေးရန်လည်း တောင်းဆိုခဲ့သည်။

ဝိုင်အမ်ဘီအေသည် ၁၉၁၀ မှ ၁၉၂၀ ပြည့်နှစ်အတွင်း အကြီးမားဆုံးပြည်သူ့အစည်းအရုံးကြီးဖြစ်ခဲ့သည်နှင့်အမျှ ပြည်သူ့အကျိုးပြု နိုင်ငံအရေးမှန်သမျှကို ဆောင်ရွက်ခဲ့သည့် အဖွဲ့ကြီးလည်း ဖြစ်သည်။ အနုနည်းဖြင့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို စပေးခဲ့သဖြင့် မီးခဲပြာဖုံးဖြစ်နေသော မြန်မာတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်တို့ကို ပြန်လည်တွန်းတောက်စေခဲ့သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် အမျိုးသားစိတ်ဓာတ်များ ပြန်လည်နိုးကြားလာစေရန် ပထမဆုံးဆောင်ရွက်သည့် အဖွဲ့အစည်းအဖြစ် ထင်ရှားသည်။ ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလရောက်သော် ဝိုင်အမ်ဘီအေကို ဂျီစီဘီအေဟု ပြောင်းလဲဖွဲ့စည်းလိုက်သဖြင့် ဂျီစီဘီအေအဖြစ် ဆက်လက်ထင်ရှားသွားသည်။

## ဝိုင်အမ်ဘီအေကွန်ဖရင့်များ

ဝိုင်အမ်ဘီအေကွန်ဖရင့်များကို အောက်ပါအတိုင်း ကျင်းပခဲ့သည်။

| အကြိမ် | နေရာ | ခုနှစ် |
|---|---|---|
| ၁ | ရန်ကုန် | ၇ မေ ၁၉၁၁ |
| ၂ | ရန်ကုန် | ၁၀ မေ ၁၉၁၄ |
| ၃ | မန္တလေး | ၂၆-၂၈ အောက်တိုဘာလ ၁၉၁၅ |
| ၄ | ဟင်္သာတ | ၁၄-၁၆ အောက်တိုဘာလ ၁၉၁၆ |
| ၅ | ပျဉ်းမနား | ၂-၄ အောက်တိုဘာ ၁၉၁၇ |
| ၆ | မော်လမြိုင် | ၂၂-၂၃ အောက်တိုဘာ ၁၉၁၈ |
| ၇ | ပုသိမ် | ၁၁-၁၃ အောက်တိုဘာ ၁၉၁၉ |
| ၈ | ပြည် | ၂၉-၃၁ အောက်တိုဘာ ၁၉၂၀ |



## ဝှိုက်ကော်မတီ (Whyte Committee) (၁၉၂၁)

မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေး တိုးမြှင့်ပေးသင့်၊ မပေးသင့် စုံစမ်းစစ်ဆေး၊ အစီရင်ခံရန် ဗြိတိသျှပါလီမန်မှ ဖွဲ့ပေးသည့် ကော်မတီဖြစ်သည်။ ကော်မတီ၏ ဥက္ကဋ္ဌမှာ အိန္ဒိယနိုင်ငံ ဥပဒေပြုကောင်စီ ဥက္ကဋ္ဌဖြစ်သူ ဆာအေဖရက်ဒရစ်ဝှိုက် (Sir A. Frederick Whyte) ဖြစ်သောကြောင့် ဝှိုက်ကော်မတီဟု ခေါ်ခြင်းဖြစ်သည်။ ကော်မတီကို ၁၉၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဖွဲ့သည်။ အဖွဲ့ဝင်များမှာ မြန်မာနိုင်ငံမှ ဥပဒေပြုကောင်စီဝင်များဖြစ်ကြသော ဒေါက်တာစံစီဖိုးနှင့် ဦးမြင့်၊ ဘုရင်ခံ၏ ပြည်နယ်ကောင်စီဝင် မြန်မာလူမျိုး ဦးဘိုးဖြေ၊ အိန္ဒိယဥပဒေပြုလွှတ်တော်မှ ဂင်ဝါလာ (P.P Ginwala)၊ ဗြိတိသျှအရာရှိကြီးတစ်ဦးဖြစ်သော အာဘုနော့ (R.E.V Arbuthnot)၊ **ရန်ကုန်ဂေဇက်** အင်္ဂလိပ်သတင်းစာ အယ်ဒီတာ ဖရင့်မက်ကာသီ (Mr. Frank Macarthy) တို့ ဖြစ်ကြသည်။ ကော်မတီ၏ အတွင်းရေးမှူးမှာ အိုင်စီအက် ဟိုဒေး (J.E Houldey) ဖြစ်သည်။

ကော်မတီ၏ တာဝန်မှာ မြန်မာနိုင်ငံတွင် ဒုတိယဘုရင်ခံက မိမိကြိုက်ရာ လူကြီးများကို ရွေး၍ ဖွဲ့ထားသော အမှုဆောင်အဖွဲ့ဖြင့် အုပ်ချုပ်နေသည့်စနစ်ကို ဖျက်သိမ်းပြီး လူထုဆန္ဒဖြင့် ရွေးကောက်သော ပြည်သူ့ကိုယ်စားလှယ်များပါသည့် ဥပဒေပြုကောင်စီဖြင့် အုပ်ချုပ်သည့် စနစ်မျိုးပေးလျှင် ပြည်သူလူထုက လက်ခံမည်ဆိုလျှင် ဥပဒေပြုကောင်စီတွင် ပါဝင်ရမည့် ပြည်သူ့ကိုယ်စားလှယ်ဦးရေ၊ လူမျိုးအလိုက် ကိုယ်စားလှယ်အမျိုးအစားနှင့် ဦးရေ၊ ဥပဒေပြုကောင်စီက အုပ်ချုပ်ရမည့် ဌာနနှင့် တန်ခိုးအာဏာ၊ အုပ်ချုပ်ရေးသစ်မှ ခြွင်းချန်ထားရမည့် ဒေသ၊ မဲဆန္ဒပေးမည့်သူများ၏ အရည်အချင်းနှင့် မဲဆန္ဒနယ်များ သတ်မှတ်ရေး၊ ဥပဒေပြုကောင်စီတွင် ပါဝင်ရမည့် အစိုးရကိုယ်စားလှယ်ဦးရေစသည်တို့ကို စုံစမ်း၍ ဗြိတိသျှပါလီမန်သို့ အစီရင်ခံရန် ဖြစ်သည်။

ကော်မတီသည် ၁၉၂၁ ခု၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် ပုသိမ်မြို့ကြီးလေးမြို့၌ စုံစမ်းစစ်ဆေးမှုပြုလုပ်သည်။ ဝှိုက်ကော်မတီ မြန်မာနိုင်ငံသို့ လာရောက်ချိန်တွင် မြန်မာအများစုသည် ဒိုင်အာခီအုပ်ချုပ်ရေးမျိုးကို မလိုလားဘဲ ထိုထက်အဆင့်မြင့်သော ဟုမ်းရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးမျိုးကို လိုလားနေချိန်ဖြစ်သည်။ ထို့ကြောင့် မြန်မာလူမျိုး

www.burmeseclassic.com

www.burmeseclassic.com



၉၀ ရာခိုင်နှုန်းက ဝှိုက်ကော်မတီကို သပိတ်မှောက်ပြီး အစစ်ဆေးမခံကြပေ။ အင်္ဂလိပ်များ၊ အိန္ဒိယသားများ၊ တရုတ်များ၊ အင်္ဂလိပ်ကပြားများနှင့် အစိုးရအလိုတော်ရိ လူနည်းစုကသာ အစစ်ခံကြသည်။ ထို့ကြောင့် အလိုတော်ရိတစ်စု၏ ဆန္ဒကို ပြည်သူ့ဆန္ဒအဖြစ်ယူ၍ ပြန်သွားသည်။ ၁၉၂၂ ခု၊ ဧပြီလ ၁၀ ရက်နေ့တွင် ကော်မတီ၏ အစီရင်ခံစာထွက်လာသောအခါ မြန်မာတို့ကို ဒိုင်အာခီအုပ်ချုပ်ရေးတိုးပေးရန် ထောက်ခံထားသည်။ ထိုကော်မတီ၏ ထောက်ခံချက်အရ ၁၉၂၃ ခုတွင် ဒိုင်အာခီအုပ်ချုပ်ရေး ပေးခဲ့သည်။ သို့ဖြစ်၍ ဝှိုက်ကော်မတီမှာ မြန်မာနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးကို မွေးပေးသော ကော်မတီဖြစ်သည်။

## သခင်ကိုယ်တော်မှိုင်း (၁၈၇၆–၁၉၆၄)

မြန်မာ့သမိုင်းတွင် မျိုးချစ်စာဆိုနှင့် ငြိမ်းချမ်းရေးဖခင်ကြီးအဖြစ် ပြည်သူလူထု၏ ကြည်ညိုလေးစားခြင်းခံရသော ဦးလွန်းခေါ် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ပြည်ခရိုင် ရွှေတောင်မြို့နယ် ဝါးလည်ရွာမှ ဦးစံဒွန်း-ဒေါ်အုန်းတို့၏ သားဖြစ်သည်။ ဆရာကြီး၏ မွေးသက္ကရာဇ်မှာ ၁၈၇၆ ခုနှစ်၊ မတ်လ ၂၃ ရက် ကြာသပတေးနေ့ဖြစ်သည်။ ငယ်စဉ်က ကျီးသဲလေးထပ်ဆရာတော်ထံတွင် ကိုရင်ဝတ်ဖြင့် ပညာသင်ယူသည်။ သီပေါမင်း ပါတော်မူစဉ်ကမူ ဆရာကြီးမန္တလေးမြတောင်ကျောင်း၌ စာပေသင်ယူနေချိန်ဖြစ်သည်။ သီပေါမင်း ပါတော်မူပြီးနောက် ကိုရင်ဝတ်ဖြင့်ပင် ချောင်းဦး၊ အလုံ၊ မုံရွာ၊ ကြေးမုံ၊ ဘုတလင်စသည့် အရပ်များ၌ လှည့်လည်၍ ပညာသင်ယူသည်။ ဆရာကြီး အသက် ၂၂ နှစ်အရွယ် ၁၈၉၇ ခုနှစ်တွင် ခုနစ်တန်းအောင်သည်။

ဖခင်ဦးစံဒွန်းကွယ်လွန်သောအခါ လူဝတ်လဲပြီးနောက် ရန်ကုန်သို့ဆင်းလာကာ ဆူးလေဘုရားအနီး ဇမ္ဗူ့ကျက်သရေပုံနှိပ်တိုက်၌ စာစီသမားအလုပ်ဝင်လုပ်သည်။ ထိုသို့ စာစီသမားအလုပ်လုပ်နေစဉ် ကြည့်မြင်တိုင်သူ ဒေါ်ရှင်နှင့်အကြောင်းပါသည်။ ဇမ္ဗူ့ကျက်သရေတိုက် ပိတ်လိုက်သောအခါ **ရန်ကုန်တိုင်းသတင်းစာ**၌ မြန်မာစာအယ်ဒီတာ ဝင်လုပ်သည်။ ထို့နောက် မော်လမြိုင်သို့ပြောင်းရွှေ့၍ **မြန်မာတိုင်းသတင်းစာ**တွင် အယ်ဒီတာဝင်လုပ်သည်။ မော်လမြိုင်တွင် နေစဉ် မောင်သမာဓိအမည်ဖြင့် ဆောင်းပါးများ၊ ကဗျာများ စရေးသည်။ မော်လမြိုင်၌ နေစဉ်ပင် ရွှေတောင်မောင်လွမ်းကလောင်အမည်ဖြင့် **မော်လမြိုင်**



အမျိုးသားစာဆိုကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း
(၁၈၇၆-၁၉၆၄)

www.burmeseclassic.com

www.burmeseclassic.com



**ရာဇဝင်ဝတ္ထု**အပြင် **ကဗျာသာရမဉ္ဇူကျမ်း**နှင့် **မော်လမြိုင်နတ်လမ်းညွှန်**တို့ကို ရေးသားထုတ်ဝေခဲ့သည်။

ရန်ကုန်မြို့၌ **သူရိယသတင်းစာ**စထုတ်သော အချိန်တွင် ဆရာကြီး ရွှေတောင်သို့ ပြန်ရောက်နေသော အချိန်ဖြစ်သည်။ သူရိယသတင်းစာတိုက်ကို စတင်တည်ထောင်သူတစ်ဦးဖြစ်သော ဦးလှဖေက ဖိတ်ခေါ်၍ ဆရာကြီးသည် သူရိယသတင်းစာတိုက်၌ အယ်ဒီတာအဖြစ် ၁၉၂၁ ခုနှစ်အထိ လုပ်ကိုင်သည်။ ဆရာကြီး အသက် ၃၇ နှစ်အရွယ်တွင် ဇနီးသည် ဒေါ်ရှင် ကွယ်လွန်သည်။ ဇနီးသည် ကွယ်လွန်ချိန်တွင် ဆရာကြီးနှင့်အတူ သားသမီးငါးယောက် ကျန်ခဲ့သည်။ ဆရာကြီးက 'ငါတစ်ခါသာ မိုက်မယ်၊ နှစ်ခါမမိုက်ဘူး' ဟုပြောကာ နောက်အိမ်ထောင်မပြုဘဲ သေသည်အထိ မုဆိုးဖိုဘဝနှင့် နေသွားသည်။

ဆရာကြီး သူရိယသတင်းစာအယ်ဒီတာလုပ်နေချိန်တွင် မြန်မာနိုင်ငံ၌ ဝံသာနုလှုပ်ရှားမှုစတင်ချိန်ဖြစ်သည်နှင့်အညီ ဆရာကြီးသည်လည်း ဝံသာနုလှုပ်ရှားမှုကို အားပေးသည့်အနေဖြင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကို ဦးတည်သည့် စာပေများ ရေးသားလာသည်။ သူရိယသတင်းစာအယ်ဒီတာ လုပ်နေစဉ် ၁၉၁၃ ခုနှစ်၌ ရေးသားသည့် ဗိုလ်ဋီကာဆောင်းပါးများတွင် ကလောင်အမည် မစ္စတာမောင်မှိုင်းဟု စတင်သုံးစွဲခဲ့သည်။ တစ်ချိန်တည်းမှာပင် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားများသပိတ် ဖြစ်ပွားပြီးနောက် ပေါ်လာသော အမျိုးသားကောလိပ်၌ မြန်မာစာပါမောက္ခအဖြစ် ထမ်းဆောင်ရင်း မြန်မာစာပေ ပြန်လည်ရှင်သန်ထွန်းကားရေးနှင့် ဇာတိမာန်တက်ကြွစေရေးတို့အတွက် ဆောင်ရွက်ခဲ့ပြန်သည်။ အမျိုးသားကောလိပ်ပျက်သွားသောအခါ **ဒဂုံမဂ္ဂဇင်းအယ်ဒီတာ** ဝင်လုပ်သည်။

၁၉၃၅ ခုနှစ် ရေနံချောင်း၌ ကျင်းပသော တို့ဗမာအစည်းအရုံး၏ ပထမအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံတွင် သခင်အမည်ခံယူရာမှ သခင်ကိုယ်တော်မှိုင်းဟု ထင်ရှားလာသည်။ တို့ဗမာအစည်းအရုံး၏ နာယကကြီးတစ်ဦးလည်း ဖြစ်လာသည်။ တို့ဗမာအစည်းအရုံးကြီး နှစ်ဂိုဏ်းကွဲသောအခါ တစ်ဂိုဏ်းကို သခင်ကိုယ်တော်မှိုင်းက ဦးဆောင်ပြီး ကျန်တစ်ဂိုဏ်းကို သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့က ဦးဆောင်သည်။ တို့ဗမာအစည်းအရုံး၏ နာယကဖြစ်လာပြီးနောက် ဆရာကြီး၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုမှာ ထင်ရှားကျော်ကြားလာသည့်အလျောက် နယ်ချဲ့ဗြိတိသျှအစိုးရ၏ ရန်သူတော်နံပါတ်တစ်အဖြစ် ကြေညာခြင်းခံခဲ့ရသည်။



ဆရာကြီးသည် ဇမ္ဗူကျက်သရေစာပုံနှိပ်တိုက်၌ အလုပ်လုပ်စဉ်ကပင် **သီရိမဇ္ဈာသောကဇာတ်၊ မဟောသဓာဇာတ်၊ ဥပကဆာဝါဇာတ်နှင့် ရွှေတိဂုံဘုရား အမှုကို ကျားတက်ဖူးသော ဇာတ်ဆန်း** စသည့် ပြဇာတ်များ စတင်ရေးသားခဲ့ သည်။

ဆရာကြီးသည် စာနယ်ဇင်းအများအပြားတွင် ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါး၊ မှာတော်ပုံ၊ ဋီကာကျမ်း၊ ဂဏ္ဌိကျမ်း၊ လေးချိုးရှည်ကဗျာ စသည့် စာပေပုံစံအမျိုးမျိုး ရေး၍ နိုင်ငံအကျိုး သယ်ပိုးခဲ့သည်။ ထို့ကြောင့်လည်း မျိုးချစ်စာဆိုနှင့် မြန်မာစာပေပညာရှိအဖြစ် ထင်ရှားသည်။ ဆရာကြီး ရေးသားပြုစုခဲ့သည့် စာပေကျမ်းဂန်အမြောက်အမြားထဲက အချို့မှာ **ခွေးဋီကာ၊ ဂျူဗလီပွဲဒီပနီဋီကာ၊ ဒေါင်းဋီကာသစ်၊ မျောက်ဋီကာ၊ မြင်းဋီကာ၊ သခင်ဋီကာ၊ ဘွိုင်းကောက်ဋီကာ၊ မှန်နန်းရာဇဝင်တော်သစ်၊ ရာဇဝင်နီတိ၊ အိန္ဒြောင်နန်းတွင်းဇာတ်တော်ကြီး၊ စစ်ကိုင်းပြန်မှာတော်ပုံနှင့် မှန်နန်းရာဇဝင်ချုပ်**တို့ ဖြစ်သည်။ သခင်ကိုယ်တော်မှိုင်းအမည်အပြင် မစ္စတာမောင်မှိုင်း၊ ဆရာလွန်း၊ မောင်သမာဓိ၊ ရွှေတောင်မောင်လွမ်း ဟူသည့် ကလောင်အမည်များလည်း ရှိသေးသည်။ ဆရာကြီးသည် မြန်မာ့ဆေးပညာနှင့် အင်္ဂရတ်ကိုလည်း ဝါသနာပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းသောင်းကျန်းမှုများနှင့် ကြုံရသောအခါ 'နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့' ဖွဲ့၍ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆရာကြီး ကြိုးပမ်းပြန်သည်။ မြန်မာ့လွတ်လပ်ရေးနှင့် ပြည်[illegible] ငြိမ်းချမ်းရေးအတွက် ဆရာကြီး၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကျေးဇူးတင့်ပြန် ဂုဏ်ပြုသောအနေဖြင့် နိုင်ငံတော်အစိုးရက ၁၉၅၀ ပြည့်နှစ်တွင် အလင်္ကာကျော်စွာဘွဲ့နှင့် လစဉ် ထောက်ပံ့ကြေး ၅၀၀ ကျပ် ချီးမြှင့်သည်။ 'ဆရာ မသေခင် ငြိမ်းချမ်းရေး မြင်သွားချင်တယ်' ဟု ကြုံသည့်လူတိုင်းကို ဆရာကြီးပြောခဲ့သည်ကို ကြည့်လျှင် ပြည်တွင်းငြိမ်းချမ်းရေး ရစေချင်လွန်းသည့် ဆရာကြီး၏ စေတနာကို ခန့်မှန်းသိရှိနိုင်ပါသည်။

ဆရာကြီးသည် 'ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (ဗမာနိုင်ငံ)' ၏ ဥက္ကဋ္ဌအဖြစ်ဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း ကြိုးပမ်းခဲ့သူဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် တရုတ်နိုင်ငံ ပီကင်းမြို့၌ ကျင်းပသော အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညီလာခံ၊ ၁၉၅၃ ခုနှစ်တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့၌ ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ၊ ၁၉၅၇ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပသည့် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံအပါအဝင် တရုတ်နိုင်ငံသို့ သုံးခေါက်နှင့် ဆိုဗီယက်ရုရှားနှင့် အရှေ့ဥရောပသို့ နှစ်ခေါက်သွားရောက်ခဲ့သည်။ ထို့ကြောင့်လည်း ၁၉၅၅ ခုနှစ်တွင် နိုင်ငံတကာငြိမ်းချမ်းရေးစတာလင်ဆုနှင့် မြန်မာကျပ်ငွေ တစ်သိန်းကျော် ဂုဏ်ပြုချီးမြှင့်ခံရသည်။ ၁၉၆၀ ပြည့်နှစ်တွင် အရှေ့ဂျာမနီ ဟမ်းဘတ်တက္ကသိုလ်က ဂုဏ်ပြုပေးအပ်သည့် 'ဒေါက်တာဘွဲ့'ရသူလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၌သာ ထင်ရှားကျော်ကြားရုံမက ကမ္ဘာကပါ သိသည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ၁၉၆၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက်နေ့ အသက် ၉၀ အရွယ်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ချမ်းသာလမ်းနေအိမ်၌ ကွယ်လွန်ခဲ့သည်။ ဆရာကြီး၏ ရျာပနကို တစ်မျိုးသားလုံးနှင့်ဆိုင်သည့် ပြည်သူ့ရျာပနအဖြစ် သတ်မှတ်ကာ ရျာပနဗဟိုကော်မတီဖွဲ့၍ ၁၇ ရက်ထားပြီး ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ရွှေတိဂုံစေတီတောင်ဘက်မုခ်အနီး စုဖုရားလတ်မိဖုရားကြီးဂူအနီး၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

ဆရာကြီး၏ ရုပ်ကလာပ်ကို ဂူသွင်းသင်္ဂြိုဟ်ထားသည့် နေရာ၌ ဆရာကြီး၏ ဂုဏ်သိက္ခာနှင့် ဆောင်ရွက်ချက်များကို ဖော်ညွှန်းသည့် ဂူဗိမာန်ကို ပြည်သူ့အလှူငွေဖြင့် တည်ဆောက်ထားသည်။ ထိုဂူဗိမာန်အတွင်း၌ ဆရာကြီး၏ ကိုယ်တစ်ပိုင်းကြေးရုပ်ပုံနှင့် စာအုပ်၊ ဒေါင်းရုပ်၊ ချိုးရုပ်နှင့် တူတံစဉ်ပုံများ [illegible]ထားသည်။ စာအုပ်က ဆရာကြီး စာပေယဉ်ကျေးမှုတော်လှန်ရေးဆင်နွှဲခဲ့သည်ကို ရည်ညွှန်းပြီး ဒေါင်းရုပ်မှာမူ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဝင်ခဲ့သည်ကို ဖော်ညွှန်းထားပြီး ချိုးငှက်က ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ခဲ့သည်ကို ရည်ညွှန်းကာ တူတံစဉ်ကတော့ တောင်သူလယ်သမားနှင့် အလုပ်သမားအပါအဝင် အဖိနှိပ်ခံပြည်သူများဘက်မှ ရပ်တည်ခဲ့သည်ကို ဖော်ညွှန်းထားခြင်းဖြစ်သည်။ ဆရာကြီး၏ ဂူဗိမာန်မှ တံဆိပ်လေးခုက ဆရာကြီး၏ စွမ်းဆောင်ချက်နှင့် ဂုဏ်သိက္ခာကို ပီပီပြင်ပြင်ဖော်ပြနေပေသည်။



## သရာဇပါတီ

ကိုလိုနီခေတ်အတွင်းက ညွန့်ပေါင်းအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့၊ ဦးချစ်လှိုင်အဖွဲ့၊ ရွှေတောင်ကြားပါတီ၊ မျိုးချစ်ပါတီ၊ ဖေဘီယန်ပါတီ၊ အမျိုးသားပါလီမန်အဖွဲ့၊ ဆင်းရဲသားဝံသာနုအဖွဲ့၊ မဲးမပါတီ၊ ၂၁ ဦးခေါ် ပြည်သူပြည်သားပါတီ၊ ဟုမ်းရူးပါတီ စသည်ဖြင့် ပါတီအဖွဲ့အစည်းများရှိခဲ့ရာ ဥက္ကဋ္ဌ ဦးတုတ်ကြီး ဦးဆောင်သော သရာဇပါတီမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၂၅ တွင် ဦးတုတ်ကြီး ကွယ်လွန်သောအခါ ဆာပေါ်ထွန်း ဥက္ကဋ္ဌဖြစ်လာသည်။ အိန္ဒိယမှ 'ဆွရာဂျ်'ကို အတုယူ၍ ဖွဲ့သည့် ပါတီဖြစ်သည်။ ပါတီ၏ မူဝါဒမှာ ဥပဒေပြုကောင်စီအတွင်းဝင်၍ လွတ်လပ်ရေးတောင်းဆိုရန်နှင့် ဒိုင်အာခီအုပ်ချုပ်ရေးကို တိုက်ဖျက်ရန် ဖြစ်သည်။

## သထုံမြို့ ဘိုးဘွားရိပ်သာ (၁၉၂၃)

ကိုလိုနီခေတ်အတွင်းက ဘွားဦးဖွန်း၏ ဦးဆောင်ပံ့ပိုးမှုဖြင့် တည်ထောင်ခဲ့သော ဒုတိယမြောက် ဗုဒ္ဓဘာသာလူအိုရုံဖြစ်သည်။ မူလက စစ်ကဲကြီး ဦးဘိုးသီး၏ အိမ်အနောက်ဘက်ခြံတွင် ရိပ်သာတည်ဆောက်ခဲ့ပြီးမှ စေတနာရှင် အငြိမ်းစားရာဇဝတ်ဝန်ကြီး ဦးအောင်ဗန်း လှူဒါန်းသော ယခုလက်ရှိ[illegible] ပြောင်းရွှေ့ခဲ့သည်။ အဘိုး ၁၀ ဦး၊ အဘွား ၁၀ ဦးဖြင့် ၁၉၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရိပ်သာကို ဦးစီးတည်ထောင်သူများတွင် မြသပိတ်တောင်ပိုင် ဆရာတော် ဦးမာလာ၊ သထုံမြို့ အရေးပိုင်ဦးရွှေခံအောင်၊ အစိုးရရှိက္ခာတော်ရ အရေးပိုင်ဦးကျော်ထွန်း၊ စစ်ကဲကြီး ဦးထွန်းဖြူနှင့် ဘီလပ်ပြန်ဝတ်လုံတော်ရ ဦးကိုကိုကြီး စသူတို့ ပါဝင်ကြသည်။ ၁၉၃၈ ခုနှစ်တွင် အစိုးရမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သရက်ဘီလပ်မြေစက်ရုံ (၁၉၃၅)

သရက်ဘီလပ်မြေစက်ရုံကို ၁၉၃၅ ခုနှစ်တွင် တည်ဆောက်သည်။ မြန်မာပြည်၌ ဆန်စပါးရောင်းဝယ်ရေးလုပ်သော စတီးဘရားသားကုမ္ပဏီက တည်ဆောက်ခြင်းဖြစ်သည်။ ငွေကျပ် ၃၅,၀၀၀၀၀ ကုန်ကျသည်။

## သီပေါမင်းတရား နတ်ရွာစံကံတော်ကုန်ခြင်း

ရတနာဂီရိရောက် သီပေါမင်းတရားကြီးသည် ၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် စံအိမ်တော်၌ ဆီးချိုရောဂါဖြင့် ကံကုန်တော်မူသည်။ သက်တော် ၅၇ နှစ်ဖြစ်သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များမရှိ၍ သရဏဂုံမတင်ရဘဲ ၁၉၁၉ ခု၊ မတ်လ ၂၁ ရက်နေ့တွင် အလောင်းတော်ကို ဂူသွင်းသင်္ဂြိုဟ်သည်။

## သီချင်းကာတွန်းရုပ်ရှင်ကား (၁၉၂၉)

မြန်မာ့ရုပ်ရှင်သမိုင်းတွင် 'ဦးကလိန်' သီချင်းကာတွန်းရုပ်ရှင်လည်း ပေါ်ခဲ့ဖူးသည်။ ထိုကားကို ၁၉၂၉ ခုနှစ်တွင် အော်လံပီယာရုံ (ယခု ရွှေဂုန်၊ မြိ၊မ)တွင် ပြသသည်။ ဗန္ဓုလရုပ်ရှင်မှ ရိုက်ကူးသော 'မော်ဝိဇ္ဇာ'အသံတိတ် ဇာတ်ကားနှင့် ပူးတွဲပြသခဲ့သည်။ ထို 'ဦးကလိန်'ကားမှာ ကာတွန်းဆရာကြီး ဦးဟိန်စွန်းနှင့် ဦးသိန်း(ဇဝန)တို့၏ ကာတွန်းလက်ရာများဖြစ်သည်။ သီချင်းကို ကာတွန်းဖြင့် သရုပ်ဖော်သည့် ကားဖြစ်သည်။

## သူရိယသတင်းစာ (၁၉၁၁)

ကိုလိုနီခေတ်အမျိုးသားလှုပ်ရှားမှု ခေတ်ဦးတွင် သတင်းစာပညာဖြင့် တစ်တပ်တစ်အား ရှေ့တန်းမှ ပါဝင်ခဲ့သော **သူရိယသတင်းစာ**ကို ၁၉၁၁ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှ စတင်ထုတ်ဝေခဲ့သည်။ စထုတ်စဉ်က နေ့စဉ်ထုတ်မဟုတ်ဘဲ တစ်ပတ်လျှင် အင်္ဂါနှင့် ကြာသပတေးနေ့သာ ထွက်သည်။ ၁၉၁၅ ခု၊ မတ်လ ၂ ရက်နေ့မှ စ၍ နေ့စဉ်ထုတ်သတင်းစာဖြစ်လာသည်မှာ သတင်း



သီပေါမင်းတရားကြီး
(၁၈၅၉-၁၉၁၆)

www.burmeseclassic.com

www.burmeseclassic.com



စာရပ်စဲသည့် ၁၉၅၄ ခု၊ အောက်တိုဘာလ ၁၄ ရက်နေ့အထိ ဖြစ်သည်။ သတင်းစာအမည်ကို **သူရိယ**ဟု ယူထားခြင်းမှာ သမိုင်းအဓိပ္ပာယ်နှင့် ဖြစ်သည်။ သီပေါဘုရင်အား ဖမ်းဆီးတင်ဆောင်သွားသည့် သူရိယသင်္ဘောအမည်ကို မြန်မာတိုင်းရင်းသားများ အမြဲသတိရနေစေရန်နှင့် ထိုသို့သတိရနေသည်နှင့်အမျှ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များပေါ်ပေါက်နေစေရန် ရည်ရွယ်၍ တစ်ကြောင်း၊ သူရိယဆိုသော နေမင်းသည် လူသားတို့အား အလင်းရောင်နှင့် ရဲရင့်မှုကို ပေးသောကြောင့် တိုးတက်ကြီးပွားမည့် အဓိပ္ပာယ်ကို ဆောင်သည်က တစ်ကြောင်းတို့ကြောင့် ထိုအမည်ကို ယူထားခြင်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးအား အမှောင်ခွင်း၍ အလင်းရောင်ပေးမည်၊ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးအတွက် မကြောက်မရွံ့ ရဲဝံ့စွာ ရေးမည်ဆိုသော အဓိပ္ပာယ်လည်း ပါသည်။ သတင်းစာကို ဦးစီးတည်ထောင်သူမှာ ဝိုင်အမ်ဘီအေအသင်းသားတစ်ဦးဖြစ်သော ဦးဘဘေပင် ဖြစ်သည်။

**သူရိယသတင်းစာ**၏ ရည်ရွယ်ချက်မှာ နယ်ချဲ့အင်္ဂလိပ်တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကို ဖော်ပြခုခံရန်နှင့် အမျိုးသားတို့ နိုးကြားကြစေရန် ဖြစ်သည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေ၏ ရည်ရွယ်ချက်နှင့် ထပ်တူလိုပင် ဖြစ်ခဲ့သည်။ သို့ဖြစ်၍လည်း သူရိယသည် ဝိုင်အမ်ဘီအေ၏ လုပ်ဆောင်ချက်များ၊ သဘောထားများကို ဖော်ပြပေးသည့် သတင်းစာဖြစ်ခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းများဖွဲ့စည်းထိုက်ကြောင်းကိုလည်း နှိုးဆော်ပေးခဲ့သည်။ သူရိယ၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ဝိုင်အမ်ဘီအေကို လူသိများလာသည်နှင့်အမျှ ကူညီထောက်ခံသူများလည်း တိုးပွားလာသည်။ ဖိနပ်ပြဿနာပေါ်သောအခါတွင်လည်း သူရိယသည် ဝိုင်အမ်ဘီအေနှင့် ပြည်သူ့ကိုယ်စား အပြင်းအထန် ကန့်ကွက်ရေးသားခဲ့သည်။ ကာတွန်းဖြင့်လည်း သရော်ခဲ့သည်။ အိန္ဒိယကို ဒိုင်အာခီအုပ်ချုပ်ရေးပေးပြီး မြန်မာကို ချန်ထားသောအခါ မြန်မာတို့က ဆူပူကန့်ကွက်ကြသည်။ ထိုကိစ္စတွင်လည်း သူရိယသည် ပြည်သူကို ကိုယ်စားပြု၍ ကရက်ဒေါက်စီမံကိန်းတိုက်ဖျက်ရေးကို လှုံ့ဆော်ရေးသားခဲ့သည်။ ကရက်ဒေါက်စီမံကိန်း၏ အသုံးမကျပုံကို အပြင်းအထန် ဝေဖန်ကန့်ကွက်ရေးသားခဲ့သည်။

သူရိယသည် ဝိုင်အမ်ဘီအေ၏ ဝါဒကို ဖြန့်ဖြူးပေးသည့် သတင်းစာဖြစ်၍ ဝိုင်အမ်ဘီအေနှင့် သူရိယသည် ခွဲခြား၍ မရဖြစ်ခဲ့သည်။ သူရိယသည် ဝိုင်အမ်ဘီအေ၏ အသံဖြစ်ခဲ့သည်။ တစ်ဖန် ဝိုင်အမ်ဘီအေသည် ထိုစဉ်က ပြည်သူနှင့် အနီးစပ်ဆုံးအဖွဲ့၊ ပြည်သူတို့ အားကိုးရသော အဖွဲ့ကြီးဖြစ်သည့်အလျောက် သူရိယသည် ပြည်သူ့အသံ ဖြစ်ခဲ့ရသည်။ သူရိယသည် ပြည်သူ့ဘဝနှင့် ဆန္ဒကို ထင်ဟပ်သော၊ ပြည်သူ့အကျိုးကို သယ်ပိုးသော၊ ပြည်သူတို့ကို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်နှိုးဆွပေးသော အမျိုးသားသတင်းစာဖြစ်ခဲ့သည်။ ပြည်သူ့အကျိုးသယ်ပိုးသည်နှင့်အမျှ ပြည်သူတို့၏ ယုံကြည်မှု၊ အားကိုးမှု၊ ချီးမြှောက်မှုခံရသည့် သတင်းစာလည်း ဖြစ်သည်။ သို့သော် နယ်ချဲ့အင်္ဂလိပ်က မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးပေးသောအခါ သူရိယက ဒိုင်အာခီကို လက်ခံသည့်ဘက်မှ ထောက်ခံရေးသားခဲ့သည်။ ထို့နောက် ဒိုင်အာခီကို လက်ခံသော ၂၁ ဦး ဂျီစီဘီအေ၏ အသံဖြစ်သွားတော့သည်။ ဂျီစီဘီအေအများစုနှင့် ပြည်သူတို့က ဒိုင်အာခီအုပ်ချုပ်ရေးကို မလိုလားဘဲ ဟုမ်းရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုနေချိန်တွင် **သူရိယ**က ဒိုင်အာခီကို ထောက်ခံအားပေးခဲ့သောကြောင့် **သူရိယ**သည် ပြည်သူနှင့် ကင်းကွာသွားသည်။ ထို့နောက် ပြည်သူ့အကျိုး မသယ်ပိုးနိုင်ရုံမက လူတစ်စု၏ အာဏာရရေး၊ ရာထူးရရေးအတွက် ခုတုံးလုပ်ခံခဲ့ရသည်နှင့်အမျှ သတင်းစာစောင်ရေ ကျဆင်းသွားပြီး မထင်မရှားဖြစ်သွားတော့သည်။ သို့သော် အမျိုးသားလှုပ်ရှားမှုခေတ်ဦးကမူ မူလရည်ရွယ်ချက်များဖြစ်သည့် နယ်ချဲ့အင်္ဂလိပ်တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကို ခုခံဖော်ပြသည့် လုပ်ငန်းနှင့် အမျိုးသားစိတ်ဓာတ်နိုးကြားရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အလျောက် သမိုင်းဝင်နေမည်သာ ဖြစ်ပေသည်။



## သံဃသာမဂ္ဂီ (၁၉၁၉)

အမျိုး ဘာသာ သာသနာအတွက် ရဟန်းတော်များလည်း တစ်တပ်တစ်အားပါဝင်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် သံဃသာမဂ္ဂီအဖွဲ့များကို ရန်ကုန်မြို့၌ ၁၉၁၉ ခုတွင် စတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံလွတ်လပ်မှသာလျှင် ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားမည်။ နိုင်ငံလွတ်လပ်ရေးနှင့် သာသနာတော် တည်တံ့ပြန့်ပွားရေးတို့ ဒွန်တွဲနေသည်။ ထိုသဘောအရ ရဟန်းတော်များလည်း အမျိုးသားရေးလုပ်ငန်းတွင် စည်းလုံးညီညွတ်စွာဖြင့် ပါဝင်နိုင်ရန် သံဃသာမဂ္ဂီများကို ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ဆရာတော်ဦးဥတ္တမ၏ ဟောပြောလှုံ့ဆော်မှုကြောင့် ရဟန်းတော်များသည် နိုင်ငံ့အရေး၌ ပို၍ စိတ်ဝင်စားလာသည်နှင့်အမျှ သံဃသာမဂ္ဂီများ

www.burmeseclassic.com

www.burmeseclassic.com



တိုးပွားလာသည်။ အထူးသဖြင့် ဆရာတော်ဦးဥတ္တမ အဖမ်းခံရသောအခါ ပိုများလာသည်။ ထိုအခါ အောက်မြန်မာနိုင်ငံတွင် ရန်ကုန်ကို ဗဟိုထားသည့် သံဃာသာမဂ္ဂီအဖွဲ့ချုပ်နှင့် အထက်မြန်မာနိုင်ငံတွင် မန္တလေးကို ဗဟိုပြုသည့် သံဃာသာမဂ္ဂီအဖွဲ့ချုပ်တို့ ပေါ်လာသည်။ ထို့နောက် ထိုအဖွဲ့နှစ်ခုတို့ ပေါင်းစည်းမိပြီး နိုင်ငံလုံးဆိုင်ရာ မဟာသံဃာသာမဂ္ဂီအဖွဲ့ချုပ်ကြီး ဖွဲ့နိုင်သည်အထိ တိုးတက်ခဲ့သည်။

သံဃာသာမဂ္ဂီများသည် ဂျီစီဘီအေနှင့် ဆက်သွယ်၍ ဝံသာနုလုပ်ငန်းများကို အားပေးခဲ့ကြသည်။ အမျိုးသားပညာရေးကို အားပေးသည့်အပြင် ပြည်တွင်းဖြစ်သုံးစွဲရေးကိုလည်း ထောက်ခံခဲ့ကြသည်။ ရဟန်းတော်များကိုယ်တိုင်က ပြည်တွင်းဖြစ် ဖျင်သင်္ကန်းကို ဝတ်ရုံခဲ့ကြသည်။ သာသနိကအဆောက်အအုံများအတွင်း နိုင်ငံခြားသားများ ဖိနပ်စီးသည့် ကိစ္စ ကန့်ကွက်ရေးလုပ်ငန်းများတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြသည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံသင့်၊ မသင့် ပြဿနာပေါ်သောအခါ သံဃာသာမဂ္ဂီအများစုက လက်မခံရေးဘက်မှ ဟောပြောစည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ဤသည်မှာ ကိုလိုနီခေတ် အမျိုးသားရေးလှုပ်ရှားမှုတွင် ရဟန်းတော်များက တစ်တပ်တစ်အားပါဝင်ခဲ့ကြသည့် သာဓကဖြစ်သည်။

## သန်လျင်ဘီအိုစီရေနံချက်စက်ရုံအလုပ်သမားများသပိတ် (၁၉၂၀)

အလုပ်သမားများ၏ လစာတိုးပေးရေးကိစ္စနှင့်ပတ်သက်၍ သန်လျင်ရှိ ဘီအိုစီ (BOC) ရေနံချက်စက်ရုံ အလုပ်သမားများက ၁၉၂၀ ပြည့်နှစ်တွင် ဆင်နွှဲသော သပိတ်ဖြစ်သည်။ အလုပ်သမားများ၏ တောင်းဆိုချက်များကို ဘီအိုစီကုမ္ပဏီက လိုက်လျောရသဖြင့် အလုပ်သမားများဘက်မှ အောင်ပွဲခံရသော သပိတ်ဖြစ်သည်။

## သံမဏိတပ် (၁၉၃၈)

ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံရေးအခြေအနေမှာ လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရန် တာစူစပြုသည့် အချိန်ဖြစ်သည်။ ထို့ကြောင့် ပါတီအဖွဲ့အစည်းအသီးသီးတို့က ကိုယ်ပိုင်အပျော်တမ်းတပ်ဖွဲ့များ ဖွဲ့ကြသည်။ တို့ဗမာအစည်းအရုံးက လက်ရုံးတပ်ဖွဲ့များ ဖွဲ့သကဲ့သို့ ဒေါက်တာဘမော်၏ ဆင်းရဲသားအဖွဲ့က ဓားမတပ်ကို ဖွဲ့သည်။ ဂဠုန်ဦးစောကလည်း ဂဠုန်တပ်ဖွဲ့သည်။ ယင်းတပ်ဖွဲ့များနှင့်အပြိုင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကလည်း ကျောင်းသားသံမဏိတပ်ကို ဖွဲ့ခဲ့သည်။



ကိုအောင်ဆန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများကွန်ဖရင့်ကို ၁၉၃၈ ခုနှစ်၊ ဧပြီလ ၂၅-၂၆ တွင် ပုသိမ်၌ ကျင်းပသည်။ ထိုကွန်ဖရင့်က ကျောင်းသားသံမဏိတပ်များဖွဲ့ရန် ဆုံးဖြတ်ခဲ့ပြီးနောက် မြန်မာနိုင်ငံအနှံ့ ကျောင်းသားသံမဏိတပ်များ ပေါ်လာသည်။ ရည်ရွယ်ချက်မှာ ကျောင်းသားလူငယ်များကို စစ်ပညာသင်ပေးပြီး စစ်စိတ်စစ်သွေးသွင်းပေးရန် ဖြစ်သည်။ ထို့ကြောင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ ဦးဆောင်မှုဖြင့် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသားသမဂ္ဂများက ကျောင်းသားသံမဏိများဖွဲ့ပြီး စစ်ပညာများ သင်ပေးခဲ့သည်။ ကိုလိုနီခေတ်အတွင်းက ပေါ်ပေါက်ခဲ့သော အပျော်တမ်းတပ်ဖွဲ့များတွင် ကျောင်းသားသံမဏိတပ်သည် ဖွဲ့စည်းပုံအရလည်းကောင်း၊ စစ်ပညာအရလည်းကောင်း အတိုးတက်ဆုံးဖြစ်ကြောင်း သိရသည်။ အချုပ်သဘောမှာမူ နိုင်ငံလွတ်လပ်ရေးနှင့် ကာကွယ်ရေးအတွက် အသင့်ပြင်ဆင်ထားသည့် စီမံချက်ဖြစ်သည်။ ထို့ကြောင့်လည်း နောင်ပေါ်ပေါက်လာသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် ကျောင်းသားသံမဏိတပ်သားများ ဆက်လက်ပါဝင်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်သည့်လုပ်ငန်းဖြင့် တာထွက်ခဲ့သော ကျောင်းသားလှုပ်ရှားမှုသည် ၉၁ ဌာနခေတ်ရောက်သော် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုအထိ ဦးတည်လာသည့် သာဓကလည်း ဖြစ်သည်။

## သံဖြူဇရပ်ချွေးတပ်စခန်း

ဒုတိယကမ္ဘာစစ်အတွင်းက ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတွင် မြန်မာတို့ဘက်က သံဖြူဇရပ်မှ ဘုရားသုံးဆူအထိ တာဝန်ယူဖောက်လုပ်ရာတွင် မြန်မာချွေးတပ်သားများကို သံဖြူဇရပ်တွင် ထားရာမှ သံဖြူဇရပ်ချွေးတပ်စခန်းဟု ထင်ရှားလာသည်။ နောက်ပိုင်းတွင်မူ ဂျပန်တို့ဖမ်းမိသော မဟာမိတ်တပ်သားစစ်သုံ့ပန်းများကိုလည်း သံဖြူဇရပ် ချွေးတပ်စခန်းတွင် ထား၍ မီးရထား ဖောက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်စေသည်။ ထို့ကြောင့် ယိုးဒယား

www.burmeseclassic.com

www.burmeseclassic.com



မြန်မာမီးရထားလမ်းဖောက်လုပ်သည့် လုပ်ငန်းတွင် သံဖြူဇရပ်ချွေးတပ်စခန်းသည် အရေးပါဆုံးနှင့် အကြီးမားဆုံးသော ချွေးတပ်စခန်းဖြစ်ခဲ့သည်။ မြန်မာချွေးတပ်သားများအပါအဝင် မဟာမိတ်စစ်တပ်မှ စစ်သုံ့ပန်းအများအပြား သေဆုံးခဲ့ကြပြီး မြှုပ်နှံခဲ့ရာ ဌာနဖြစ်လာသဖြင့် ကမ္ဘာ့စစ်သင်္ချိုင်းစာရင်းဝင် ဖြစ်လာပြန်သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးစ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် သံဖြူဇရပ်စစ်သင်္ချိုင်းဖွင့်ပွဲအခမ်းအနားကျင်းပရာသို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဘုရင်ခံ ဟူးဗတ်ရန့်(စ်)၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တနင်္သာရီတိုင်းမင်းကြီး၊ ဦးခင်မောင်ရင်နှင့် ခရစ်ယာန်ဂိုဏ်းအုပ်ဘုန်းတော်ကြီးတို့ တက်ရောက်ကြသည်။ ထိုအခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောရာတွင် မြန်မာချွေးတပ်သားများနှင့် စစ်သုံ့ပန်း ၃၀၀၀၀ မှ ၈၀၀၀၀ ခန့် အသေဆိုးဖြင့် သေခဲ့ကြရသည်၊ ဤစစ်သင်္ချိုင်းသည် ဖက်ဆစ်ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုများ၏ ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ သေဆုံးသူများအတွက် များစွာ စိတ်မကောင်းရပါကြောင်း၊ ဖက်ဆစ်ဂျပန်တို့လည်း ၎င်း၏ မိုက်ပြစ်ဒဏ်ကို ခံသွားရပြီဖြစ်ကြောင်း၊ သေဆုံးသွားရသူအတွက် ဆုတောင်းပေးရုံ၊ လျှာဒါန်းပေးရုံနှင့် မပြီးသေးကြောင်း၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး ဖက်ဆစ်စနစ်ဆိုးမှ လွတ်မြောက်အောင် ဆောင်ရွက်ရမည့် တာဝန်ရှိသေးကြောင်းများ ထည့်သွင်းပြောကြားခဲ့သည်။

(ယိုးဒယား-မြန်မာ မီးရထားလမ်းလည်း ကြည့်ပါ။)

## သွေးခွဲမြေခွဲအုပ်ချုပ်ရေး (Divide and Rule)

အင်္ဂလိပ်ဘာသာအားဖြင့် (Divide and Rule) ဟုခေါ်သော သွေးခွဲမြေခွဲအုပ်ချုပ်ရေးဆိုသည်မှာ မြန်မာနိုင်ငံ၌ ဗြိတိသျှတို့ ကျင့်သုံးသွားသော ကိုလိုနီအုပ်ချုပ်ရေး၏ အင်္ဂါရပ်တစ်ခုဖြစ်သည်။ ဗြိတိသျှတို့က မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူပြီးနောက် သည့်အချိန်မှစ၍ တောင်တန်းဒေသများနှင့် မြေပြန့်ဒေသများကို ခွဲခြား၍ အုပ်ချုပ်ခဲ့ခြင်းကို သွေးခွဲမြေခွဲအုပ်ချုပ်ရေးဟု ခေါ်ခြင်းဖြစ်သည်။ တောင်တန်းသားများနှင့် မြေပြန့်သားတို့မှာ တစ်ပြည်တည်းနေ၍ တစ်ရေတည်းသောက်ကာ အတူနေထိုင်လာကြသည့် တိုင်းရင်းသားများချည်း ဖြစ်ကြသော်လည်း ဗြိတိသျှတို့ကမူ လူမျိုးရေးအရ ခွဲခြားသည့်အပြင် နယ်မြေအားဖြင့်လည်း ခွဲခြား၍ အုပ်ချုပ်သည်။ မြေပြန့်ကို အုပ်ချုပ်ရေးအခွင့်အာဏာများကို တိုးပေးခဲ့သော်လည်း တောင်တန်းဒေသများကို ချန်ထားခဲ့သည်။ မြေပြန့်အတွက် ဒိုင်အာခီ



အုပ်ချုပ်ရေးနှင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေးချိန်တွင် တောင်တန်းဒေသများကိုမူ 'သီးသန့်ဒေသ'၊ 'ခြွင်းချန်ဒေသ'၊ 'သီးခြားဒေသ'ဟု အမည်အမျိုးမျိုးပေးကာ အုပ်ချုပ်ရေးပြုပြင်မှုများမှ ချန်ထားခဲ့ပြီး ဘုရင်ခံတစ်ဦးတည်း၏ လက်အောက်တွင် ထား၍ အုပ်ချုပ်ခဲ့သည်။ မြေပြန့်သားနှင့် တောင်တန်းသားများ ကူးလူးဆက်ဆံခွင့်မရအောင်လည်း အတတ်နိုင်ဆုံး ဟန့်တားပိတ်ပင်ခဲ့သည်။ ဤနည်းဖြင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲအောင် သွေးခွဲအုပ်ချုပ်ခြင်းကို သွေးခွဲမြေခွဲအုပ်ချုပ်ရေးဟု ခေါ်ခြင်းဖြစ်သည်။ တိုင်းရင်းသားတို့ သွေးကွဲကာ စည်းလုံးမှုမရှိလျှင် ဗြိတိသျှတို့၏ အုပ်ချုပ်ရေး ပို၍ အောင်မြင်နိုင်စရာရှိသည်။ ထိုရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုကို ဖြိုခွဲသည့် နည်းတစ်နည်းသာ ဖြစ်တော့သည်။

## ဟေးဟိုးအလုပ်သမားတပ်

'ဟေးဟိုး'တပ်ခေါ် အလုပ်သမားတပ်မှာ ဂျပန်ခေတ်အတွင်းက ပေါ်လာသော စကားဖြစ်သည်။ ဖက်ဆစ်ဂျပန်တို့၏ စစ်အောင်နိုင်ရေးအတွက် လိုအပ်သော အလုပ်သမားများ စုဆောင်းရာတွင် ဗမာအစိုးရ၏ အကူအညီဖြင့် စုဆောင်းရသည့် ချွေးတပ်သားများဖြင့် မလုံလောက်သောကြောင့် ဂျပန်တပ်မတော်က ဦးစီး၍ ဖွဲ့သည့် အလုပ်သမားတပ်ကို ခေါ်ခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် (Heho Labour Corps) ဟု ခေါ်သည်။ စစ်တပ်ကို အထောက်အကူပြုသည့် တပ်ဖွဲ့ဟု အဓိပ္ပာယ်ရသည်။ ဂျပန်ဩဇာခံ 'ဟေးဟိုး'တပ်ဖွဲ့များကို ဂျပန်စစ်တပ်ပုံစံအတိုင်း ဖွဲ့စည်းထားသောကြောင့် ဂျပန်ခါးပိုက်ဆောင်တပ်ဟုလည်း ခေါ်ကြသည်။

## ဟုမ်းရူး (Home Rule)

ဟုမ်းရူးဆိုသည်မှာ အင်္ဂလိပ်စကားဖြစ်သည်။ မြန်မာလို ကိုယ်ပိုင်အုပ်ချုပ်ရေးဟု အဓိပ္ပာယ်ရသည်။ မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့ သိမ်းယူပြီးသောအခါ မြန်မာနိုင်ငံကို အိန္ဒိယနှင့် ပေါင်း၍ အိန္ဒိယပြည်နယ်တစ်ခုအဖြစ်ဖြင့် အင်္ဂလိပ်တို့က အုပ်ချုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကိစ္စများ ဆောင်ရွက်ရာတွင် အိန္ဒိယအစိုးရမှတစ်ဆင့် လန်ဒန်ရှိ အင်္ဂလိပ်အစိုးရသို့ တင်ပြရသည်။

www.burmeseclassic.com




ယင်းသို့ အင်္ဂလိပ်တို့၏ လက်အောက်တွင် အိန္ဒိယနှင့် တွဲထားပြီး အုပ်ချုပ်သည်ကို မြန်မာတို့က မကျေနပ်ပေ။ ထို့ကြောင့် မြန်မာတို့က ဟုမ်းရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ အင်္ဂလိပ်လက်အောက်တွင်ပင် နေပြီး မြန်မာကို အိန္ဒိယမှ ခွဲ၍ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်မှာ လုံးဝလွတ်လပ်ရေးနှင့် မတူပေ။ လုံးဝလွတ်လပ်ရေးမှာ အင်္ဂလိပ်တို့ လက်အောက်မှ လုံးဝလွတ်မြောက်ရေးဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးမှာမူ အင်္ဂလိပ်လက်အောက်တွင်ပင် ရှိနေပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးရရုံမျှသာ ဖြစ်သည်။

## အတွင်းဝန်များရုံး ပေါ်လာခြင်း

ဗြိတိသျှတို့ သိမ်းယူထားသော ရခိုင်၊ တနင်္သာရီနှင့် ပဲခူးနယ်များပါသော အောက်မြန်မာနိုင်ငံကို ၁၈၆၂ ခုနှစ်တွင် ဗြိတိသျှဘားမားဟု စုပေါင်း၍ ပြင်ဆင်ဖွဲ့စည်းလိုက်သောအခါ များပြားလာသည့် အုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ရန် အတွင်းဝန်များရုံးဟု ပေါ်လာသည်။ အတွင်းဝန်ရုံးများ၏ တာဝန်မှာ အစိုးရဌာနများ၏ လုပ်ငန်းများကို ဆက်စပ်ညှိနှိုင်းပေါင်းစပ်ပေးရန်နှင့် အစိုးရဌာနများနှင့် အစိုးရအဖွဲ့တို့ကို ဆက်စပ်ပေးရန် ဖြစ်သည်။ အတွင်းဝန်များရုံးအဖွဲ့ကို စဖွဲ့စဉ်က အတွင်းဝန်၊ ဒုတိယအတွင်းဝန်နှင့် လက်ထောက် အတွင်းဝန်များပါသည်။ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးမှ ၁၈၉၇ ခုနှစ်တွင် ဒုတိယဘုရင်ခံအုပ်ချုပ်သည့် ခေတ်သို့ ရောက်လာသောအခါ အတွင်းဝန်ချုပ်နှင့် အတွင်းဝန်နှစ်ဦး ရှိလာသည်။

ဒုတိယဘုရင်ခံအုပ်ချုပ်သည့် ခေတ်ရောက်သောအခါ မူလက ရှိနေသည့် အုပ်ချုပ်ရေးလုပ်ငန်းများအပြင် အကျဉ်းထောင်ဌာန၊ မြေစာရင်းဌာန၊ တရားရေးဌာန၊ ကျန်းမာရေးဌာန၊ သစ်တောဌာန၊ လယ်ယာစိုက်ပျိုးရေးဌာန စသည့် တိုးပွားလာသော ဌာနများ၏ လုပ်ငန်းများကို အတွင်းဝန်များရုံးကပင် ကြီးကြပ်ညှိနှိုင်း ပေါင်းစပ်ပေးရသည်။ အထက်မြန်မာနိုင်ငံကို ၁၈၈၆ ခုနှစ်တွင် သိမ်းယူလိုက်သောအခါ သီပေါမင်း၏ ပိုင်နက်အပြင် ရှမ်းပြည်နယ်၊ ကချင်တောင်တန်း၊ ချင်းတောင်တန်းနှင့် ရခိုင်တောင်တန်း စသည့် နယ်ခြားဒေသအုပ်ချုပ်ရေးများကိုပါ အတွင်းဝန်များရုံးက လုပ်ကိုင်လာရသည်။

တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးကို တာဝန်ယူရသည့် တိုင်းမင်းကြီး အရေးပိုင်၊ နယ်ပိုင်၊ ဝန်ထောက်၊ မြို့အုပ်နှင့် သူကြီး အစရှိသည့်



အတွင်းဝန်များရုံး(ယခု ဝန်ကြီးများရုံး)

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့်သော ဝန်ထမ်းများသည်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများသည်လည်းကောင်း အတွင်းဝန်များရုံးကိုယ်စား အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရသူများဖြစ်သောကြောင့် အတွင်းဝန်များရုံးသည် ကိုလိုနီအုပ်ချုပ်ရေးယန္တရား၏ အာဏာပိုင်အဖွဲ့အစည်း ဖြစ်လာသည်။

အတွင်းဝန်များရုံးဆိုသည်မှာ ဒုတိယဘုရင်ခံ၏ ကိုယ်စား အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရသည့် အဖွဲ့ဖြစ်သည်။ ဒုတိယဘုရင်ခံမှာလည်း အိန္ဒိယဘုရင်ခံချုပ်အတွက် တာဝန်ခံအုပ်ချုပ်ရသူဖြစ်သည်။ အိန္ဒိယဘုရင်ခံချုပ်မှာလည်း လန်ဒန်ရှိ ဗြိတိသျှအစိုးရကို တာဝန်ခံ၍ အုပ်ချုပ်ရသူဖြစ်၍ တစ်နည်းအားဖြင့်ဆိုလျှင် အတွင်းဝန်များရုံးဆိုသည်မှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၏ ဗဟိုဌာနဖြစ်လာတော့သည်။

အတွင်းဝန်များရုံးသည် ကိုလိုနီခေတ်အုပ်ချုပ်ရေးယန္တရား၏ အာဏာပိုင်အဖွဲ့အစည်းဖြစ်သောကြောင့် ထိုဌာနမှ အတွင်းဝန်ချုပ်နှင့် အတွင်းဝန်များမှာလည်း အာဏာရှိသော ပုဂ္ဂိုလ်များ ဖြစ်သည်။ ထိုသို့ အရေးပါသော အတွင်းဝန်ချုပ်နှင့် အတွင်းဝန်ရာထူးများတွင် အင်္ဂလိပ်လူမျိုးများကိုသာ ခန့်ထားသည်။ အထူးသဖြင့် အိုင်စီအက်စ် (Indian Civil Service) ခေါ် ဗြိတိသျှသစ္စာတော်ခံ အိန္ဒိယပြည်သူ့ဘဏ္ဍာ်ခံဝန်ထမ်းများကို ခန့်ထားလေ့ရှိသည်။ ၁၉၇၄ ခုနှစ်တွင် အတွင်းဝန်များရုံးကို ဝန်ကြီးများရုံးဟု အမည်ပြောင်းသည်။

## အထက်မြန်မာနိုင်ငံပတ္တမြားစည်းမျဉ်းနှင့်နည်းဥပဒေများ(၁၈၈၇)

အထက်မြန်မာနိုင်ငံ ပတ္တမြားစည်းမျဉ်းဥပဒေကို ၁၈၈၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပြီး နည်းဥပဒေများကို ၁၈၉၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ အထက်မြန်မာနိုင်ငံ ပတ္တမြားစည်းမျဉ်းဟုဆိုသော်လည်း ပတ္တမြားတစ်မျိုးတည်းသာမက ဘဲ အဖိုးတန်ကျောက်မျက်ရတနာများဖြစ်သော နီလာ (sapphire) နှင့် အမာ (corundum) တို့နှင့်ပါ အကျုံးဝင်သည်။ အထက်ပါစည်းမျဉ်းတွင် ဝေါဟာရ-အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဥပဒေပကျောက်တူးဖော်ရောင်းဝယ်ခြင်း၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့် အာဏာ၊ ပြစ်မှုကျူးလွန်ခြင်းနှင့် အရေးယူခြင်းများ၊ သိမ်းယူခြင်းနှင့် ရှာဖွေခြင်း၊ ဖမ်းဆီးသိမ်းယူရသည့် ကျောက်များ ရောင်းချခြင်း၊



အစိုးရ၏ ပတ္တမြားတွင်းများ အငှားချထားနိုင်ခွင့်အာဏာ၊ အခွန်အခကြေးများ တောင်းခံခြင်း စသည်တို့နှင့် ပတ်သက်သော စည်းကမ်းချက်များ ပါသည်။ နည်းဥပဒေများတွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကျောက်တွင်းဒေသအတွင်း နေထိုင်ခြင်း၊ ကျောက်တူးဖော်ခွဲညှပ်ရောင်းဝယ်ခြင်းတို့နှင့်ပတ်သက်၍ အသေးစိတ် စည်းကမ်းချက်များနှင့် နည်းဥပဒေများ ပါဝင်သည်။

ဤစည်းမျဉ်းဥပဒေများအရ မိုးကုတ်ပတ္တမြားမြေကို အမြဲထာဝရ အစိုးရ၏ ချုပ်ကိုင်မှုအောက်တွင် ထားလိုက်ခြင်းဖြစ်သည်။ အခြားဒေသမှ လူများ မိုးကုတ်ပတ္တမြားမြေသို့ လာရောက်လုပ်ကိုင်ခွင့်ကို ပိတ်ပင်ထားပြီး ပတ္တမြားတွင်းများကို အစိုးရထံမှ စာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီအား ပတ္တမြားမြေမှ ထွက်သမျှ ကျောက်မျက်အားလုံးအား လက်ဝါးကြီးအုပ်ရောင်းဝယ်ခွင့် ပေးထားသည့် စည်းမျဉ်းဥပဒေများ ဖြစ်သည်။ အချုပ်အားဖြင့်ဆိုလျှင် အထက်မြန်မာနိုင်ငံ ပတ္တမြားစည်းမျဉ်းနှင့် နည်းဥပဒေများသည် ဗြိတိသျှအစိုးရ၏ အကျိုးစီးပွားနှင့် ပတ္တမြားတွင်းများကို ငှားရမ်းလုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီ၏ အခွင့်အရေးများကိုသာ အများဆုံးအကာအကွယ်ပေးထားသည့် စည်းမျဉ်းဥပဒေများ ဖြစ်သည်။

## အထက်မြန်မာပြည်နှင့် ရခိုင်တောင်တန်းနယ်စပ်ဖြတ်ကျော်ရေးနှင့် ဆူပူလှုပ်ရှားသော ခရိုင်များဆိုင်ရာ စည်းမျဉ်းဥပဒေ (၁၉၀၇)

အင်္ဂလိပ်အစိုးရက ၁၉၀၇ ခုနှစ်တွင် ပြဋ္ဌာန်းသော စည်းမျဉ်းဥပဒေ ဖြစ်သည်။ အင်္ဂလိပ်ဘာသာအားဖြင့် [The Upper Burma (Myanmar) and Arakan (Rakhine) Hills Frontier Crossing and Disturbed District Regulation] ဖြစ်သည်။ မြေပြန့်မှ နိုင်ငံရေးနိုးကြားမှုကို တောင်တန်းဒေသသို့ မပျံ့နှံ့စေရန် ပြဋ္ဌာန်းသည့် နည်းဥပဒေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# အမိမြန်မာပြည်

ကိုလိုနီခေတ်အတွင်းက ပေါ်လာသည့် ဝေါဟာရဖြစ်သည်။ မြန်မာ့နိုင်ငံရေးနှင့် ပတ်သက်သည်။ အမိမြန်မာပြည်ဆိုသော စကားနှင့် ရုပ်ပုံကို အင်္ဂလိပ်စာတတ် ဝံသာနုများက တီထွင်ခဲ့ခြင်းဖြစ်သည်။ ဤဝေါဟာရနှင့် ရုပ်ပုံပေါ်လာရသည့် နောက်ခံသမိုင်းမှာ အင်္ဂလိပ်လက်အောက်ခံဖြစ်သော အိန္ဒိယနှင့် မြန်မာတို့က အုပ်ချုပ်ရေးတိုးမြှင့်ပေးရန် ၁၉၁၇ ခုနှစ်တွင် ကြိုးပမ်းလာသည်ကို အကြောင်းပြု၍ ၁၉၁၇ ခုနှစ်၊ ဒီဇင်ဘာလထုတ် **သူရိယမဂ္ဂဇင်း**တွင် ရွှေတာလေးက ကာတွန်းရုပ်ပုံတစ်ခု ရေးဆွဲထည့်သွင်းခဲ့ရာမှ စတင်ခဲ့သည်။ ထိုကာတွန်းပုံမှာ အင်္ဂလိပ်အမျိုးသားထံမှ အိန္ဒိယအမျိုးသမီးနှင့် မြန်မာအမျိုးသမီးတို့က အုပ်ချုပ်ရေးအာဏာတိုးပေးရန် တောင်းခံနေပုံဖြစ်သည်။ ကာတွန်းပုံအောက်တွင်လည်း အိန္ဒိယ၊ ဗြိတိန်နီးယားနှင့် မြန်မာဟူ၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာပါသည်။ မြန်မာအမျိုးသမီးပုံမှာ မကိုဋ်မှစည်းပုံဆောင်း၍ ထဘီနှင့် ထိုင်မသိမ်းအင်္ကျီဝတ်ဆင်ကာ ဒူးတုပ်တောင်းပန်နေဟန် ဖြစ်သည်။ ဤသည်မှာ မြန်မာပြည်ကို မြန်မာအမျိုးသမီးရုပ်ပုံဖြင့် ပထမဆုံးဖော်ပြခဲ့သည့် သာဓကပင် ဖြစ်သည်။ ထို့နောက် တစ်ဖန် ၁၉၁၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ **ဒေါင်းဋီကာသစ်**တွင် မြန်မာပြည်ကို ရည်ညွှန်းသည့် 'အမိမြန်မာပြည်'ဆိုသည့်စကား ပါလာပြန်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက 'အမိမြန်မာပြည်'ဆိုသည့် စကားသုံးလာပြီး နောက်ပိုင်းတွင် သတင်းစာဂျာနယ်များတွင်လည်းကောင်း၊ ဂျီစီဘီအေအစည်းအဝေးများတွင်လည်းကောင်း၊ အမျိုးသားနေ့ အောင်ပွဲနေ့အခမ်းအနားများတွင်လည်းကောင်း၊ 'အမိမြန်မာပြည်'ဆိုသည့် စကားနှင့် ရုပ်ပုံကို မြန်မာနိုင်ငံကို ရည်ညွှန်းသော၊ ကိုယ်စားပြုသော စကားနှင့် ရုပ်ပုံအဖြစ် ပို၍ အသုံးပြုလာကြသည်။ အထူးသဖြင့် ရန်ကုန်မြို့မ အမျိုးသားကျောင်းက ဦးစီး၍ ၁၉၂၆ ခုနှစ်တွင် ကျင်းပသည့် အမျိုးသားနေ့ စီတန်းလှည့်လည်ပွဲတွင် 'အမိမြန်မာပြည်' ကိုယ်စားပြုအဖြစ် ကျောင်းသူတစ်ဦးက မကိုဋ်မှစည်းပုံဆောင်း၍ ထဘီနှင့် ထိုင်မသိမ်းအင်္ကျီဝတ်ဆင်သည့် ပုံသည် ကိုလိုနီခေတ်အတွင်းက ထင်ရှားခဲ့သည်။ ဤသည်မှာ ခေတ်အလိုက် သမိုင်းဝေါဟာရများ ပေါ်ထွန်းလာခဲ့သည့် သာဓကတစ်ခုအဖြစ် ဖော်ပြလိုက်ပါသည်။




အမိမြန်မာပြည်ပုံ

www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားကျောင်းများ

ရန်ကုန်တက္ကသိုလ်ဥပဒေ ၁၉၂၀ ပြည့်နှစ်ကို သပိတ်မှောက်သော ကျောင်းသားများက ဦးဆောင်၍ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမျိုးသားအထက်တန်းကျောင်းကိုလည်းကောင်း၊ ၁၉၂၁ ခု၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် အမျိုးသားကောလိပ်ကိုလည်းကောင်း ရန်ကုန်မြို့ ဗဟန်းရပ်၌ စတင်ဖွင့်လှစ်ခဲ့ရာမှ အမျိုးသားကျောင်းများ ပေါ်ထွန်းခဲ့သည်။ ထိုကျောင်းများကို မြန်မာတိုင်းရင်းသားတို့ကိုယ်တိုင် ဦးစီး၍ တည်ထောင်ခဲ့သောကြောင့် အမျိုးသားကျောင်းများဟု ခေါ်ခြင်းဖြစ်သည်။ အမျိုးသားကျောင်းများ၏ ငွေရေးကြေးရေး၊ အုပ်ချုပ်ရေး၊ သင်ကြားရေးတို့ကို သက်ဆိုင်ရာ ကျောင်းအလိုက်ဖွဲ့ထားသော အမျိုးသားကျောင်း အုပ်ချုပ်ရေးအဖွဲ့များက ကြီးကြပ်ပေးသည်။ အမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများကို ဗဟိုမှ လမ်းညွှန်ကွပ်ကဲပေးရန် အဖွဲ့ဝင် ၅၀ ပါဝင်သော အမျိုးသားပညာရေးကောင်စီခေါ် (Council of National Education) အမျိုးသား ပညာရေးအဖွဲ့ချုပ်လည်း ရှိခဲ့သည်။

မြန်မာတစ်နိုင်ငံလုံး၌ အမျိုးသားအထက်တန်းကျောင်းပေါင်း ၁၄၅ ကျောင်းအထိ ရှိခဲ့ဖူးသည်။ ထို့ကြောင့် အရည်အချင်းပြည့်မီသော အမျိုးသားကျောင်းများကို အစိုးရက အသိအမှတ်ပြု၍ ငွေကြေးထောက်ပံ့ပေးရန်ပင် နောက်ပိုင်း၌ စီစဉ်လာရသည်။ ထိုအခါ အစိုးရပေးသော ထောက်ပံ့ငွေကို ယူသင့်၊ မယူသင့် ပြဿနာပေါ်လာသည်။ ထိုပြဿနာပေါ်ပြီးနောက် အစိုးရအထောက်အပံ့ယူသော အမျိုးသားကျောင်းများနှင့် အစိုးရအထောက်အပံ့မယူသော အမျိုးသားကျောင်းများဟု ကွဲပြားလာသည်။ အများစုမှာ အစိုးရအထောက်အပံ့ယူသော ကျောင်းများဖြစ်ပြီး အမျိုးသားပညာရေးကောင်စီအောက်တွင် ဆက်လက်ရှိနေခဲ့ကြသည်။ အစိုးရအထောက်အပံ့မယူသော ကျောင်းများမှာမူ ငွေရေးကြေးရေး မလုံလောက်မှုကြောင့် ရေရှည်မခံနိုင်ဘဲ တဖြည်းဖြည်း အားနည်းသွားသည်။ ၁၉၂၄ ခုတွင် အမျိုးသားကောလိပ်ကို ဖျက်သိမ်းခဲ့ရသည်။ အမျိုးသားအထက်တန်းကျောင်းအချို့မှာမူ ဆက်လက်တည်တံ့နေခဲ့သေးသည်။ ယင်းအမျိုးသားကျောင်းများသည် မျိုးချစ်စိတ်ထက်သန်ပြီး လွတ်လပ်ရေးတိုက်ပွဲဝင် အာဇာနည်များကို မွေးထုတ်ပေးခဲ့သောကြောင့် မြန်မာ့သမိုင်းတွင် ထင်ရှားကြသည်။ ထိုအမျိုးသားကျောင်းများတွင် သင်ပေးသော ပညာရေးကို အမျိုးသားပညာရေးဟု ခေါ်သည်။ (အမျိုးသားပညာရေးကိုလည်း ကြည့်ပါ။)



အမျိုးသားကောလိပ်ကျောင်း (၁၉၂၄ ခုနှစ်) နောက်ဆုံးကျန်ရှိသော
အချို့ဆရာများနှင့် ကျောင်းသားများ

နောက်ဆုံးတန်း။ လေးမောင်၊ စံသွင်၊ ဘသွယ်၊ ဘိုးဦး၊ အကျော်၊ ဦးသာထွန်း၊ ဘဘ၊ မြသိန်း။
ဒုတိယတန်း။ စံညွှန့်၊ ထွန်းလှ၊ စံဝင်း၊ ခင်မောင်ကြီး၊ သက်တင်၊ သာဆိုင်၊ မောင်၊ လှမိုး၊
လှအောင်၊ စံညွှန့်၊ ကေစိန်ပြောင်၊ ဘသန်း၊ ဘကျော်။
တတိယတန်း။ ဘသိန်း၊ မောင်တင်၊ မောင်တင်၊ ထွန်းဦး၊ မောင်ဆင့်၊ အုန်းကြည်၊ အောင်ညွှန့်၊
အက်စ်တီဟာဖ်၊ မောင်လှ၊ အောင်သော်၊ စိန်ညွှန့်။
စတုတ္ထတန်း။ လှမောင်၊ စိန်မောင်၊ ကိုကိုလေး၊ ဘသန်း၊ ဆရာဦးဘချို၊
မစ္စတာမောင်မှိုင်း(ခေါ်) ဆရာလွန်း၊ မစ္စတာချာကရဗာတီ၊ မစ္စတာဂိုရှ်မောင်တင်၊
အုန်းမောင်၊ ကောင်းရှာင်။
ရှေ့ဆုံးမှထိုင်နေသူများ။ ဖိုးတင်၊ မောင်တင်၊ ဘကြူ၊ လှဘော်၊ မောင်အေး၊ မောင်သန်း၊ ကိုကိုကြီး၊
ဘသိန်း၊ ထွန်းအုံ။

www.burmeseclassic.com

www.burmeseclassic.com




## အမျိုးသားကျောင်းများစာရင်း

၁၉၂၀ ပြည့်နှစ်က အစိုးရကျောင်းများကို သပိတ်မှောက်ပြီးသောအခါ အမျိုးသား၊ အမျိုးသမီးကျောင်းများကို တည်ထောင်ကြရာ ကျောင်းပေါင်း ၁၄၅ ကျောင်း ရှိခဲ့ပါသည်။

အစိုးရထံမှ အထောက်အပံ့ယူ၊ မယူ သဘောကွဲလွဲပြီးနောက် အမျိုးသားပညာရေးကောင်စီ (စီ၊ အင်၊ အီး)လက်အောက်တွင် ကျောင်းပေါင်း (၉၃) ကျောင်းရှိခဲ့ရာ ၄င်းကျောင်းများ၏ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။


၁။ မြို့မ(ကျား) ၂။ မြို့မ(မ) ၃။ ပုဇွန်တောင် ၄။ ကြည့်မြင်တိုင် ၅။ ဗိုလ်တထောင် ၆။ တံတားဦး ၇။ ညောင်တုံး ၈။ ကာမ ၉။ ပန်းတောင်း ၁၀။ ကျိုက်ပီ ၁၁။ ကျုံမငေး ၁၂။ အုန်းပင်စု ၁၃။ အထောင် ၁၄။ လှည်းကူး ၁၅။ စဥ့်ကူ ၁၆။ မုံရွေး ၁၇။ ညောင်ဦး ၁၈။ ဝါးခယ်မ ၁၉။ ကျောင်းကုန်း ၂၀။ မကွေး ၂၁။ သာစည် ၂၂။ မော်လမြိုင် (မ) ၂၃။ မော်လမြိုင် (ကျား) ၂၄။ မော်လမြိုင်(ဒိုင်းဝန်ကွင်း) ၂၅။ ရေတာရှည် ၂၆။ မြစ်သား ၂၇။ ထူးကြီး ၂၈။ အိမ်မဲ ၂၉။ ကြို့ပင်ကောက် ၃၀။ ကောလင်း ၃၁။ အာလံ ၃၂။ ရွှေဘို ၃၃။ မြိတ် ၃၄။ သထုံ ၃၅။ အုတ်ဖို ၃၆။ မြန်အောင် ၃၇။ ကြံခင်း ၃၈။ ဘိုကလေး ၃၉။ ဖျာပုံ(ကျား) ၄၀။ ဖျာပုံ(မ) ၄၁။ မယ်ဇလီကုန်း ၄၂။ အင်္ဂပူ ၄၃။ တောင်ငူ ၄၄။ ဖြူး ၄၅။ သန်လျင် ၄၆။ စစ်ကွင်း ၄၇။ ထားဝယ်(မ) ၄၈။ ထားဝယ်(ကျား) ၄၉။ ဇီးကုန်း ၅၀။ ညောင်လေးပင် ၅၁။ ပခုက္ကူ ၅၂။ ပဲခူး ၅၃။ ပုသိမ် ၅၄။ ဟင်္သာတ ၅၅။ ငါးသိုင်းချောင်း ၅၆။ မြင်းခြံ ၅၇။ ပျဉ်းမနား ၅၈။ ပျော်ဘွယ် ၅၉။ မန္တလေး(ကျား) ၆၀။ မန္တလေး(မ) ၆၁။ မန္တလေး(ညောင်ပင်ဈေး) ၆၂။ ပြည် ၆၃။ ဒလ ၆၄။ မုံရွာ ၆၅။ လက်ပံတန်း ၆၆။ စစ်တွေ ၆၇။ ရေနံချောင်း ၆၈။ ကျုံပျော် ၆၉။ မိတ္ထီလာ ၇၀။ ဆင်ဖြူကျွန်း ၇၁။ ရွှေကျင် ၇၂။ မအူပင် ၇၃။ ရွှေတောင် ၇၄။ ရေကြည် ၇၅။ ကန်ကြီးထောင့် ၇၆။ ဒေးဒရဲ ၇၇။ ကျိုက်လပ်(ကျား) ၇၈။ ကျိုက်လပ်(မ) ၇၉။ လေးမျက်နှာ ၈၀။ ပန်းတနော် ၈၁။ ကျောက်ဆည် ၈၂။ ကျောင်းကုန်း ၈၃။ အမရပူရ ၈၄။ ဇလွန် ၈၅။ ဝါးခယ်မ ၈၆။ မြောင်းမြ ၈၇။ စစ်ကိုင်း ၈၈။ ကျော်ဇံ ၈၉။ လှည်းဆိပ် ၉၀။ မော်လမြိုင်ကျွန်း ၉၁။ ပျဉ်းမနား ၉၂။ အင်းစိန် ၉၃။ ပုတီးကုန်း။



ရန်ကုန်မြို့မအထက်တန်းကျောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



မြို့မအမျိုးသားအထက်တန်းကျောင်းဆရာများ

နောက်တန်း။ ကိုသော်၊ ကိုအောင်မင်း၊ ကိုစိန်တင့်၊ ကိုဘသန်း၊ ကိုဘရှင်၊ ကိုဘယု၊ ကိုရွှေမဲ၊
ပိုင်စစ်ရွှေ၊ ကိုမြသန်း၊ ကိုအုန်းဖေ၊ ကိုလေးမြို့။
အလယ်တန်း။ အိမ်ချုံကြင်ဆိတ်၊ ကိုတင်၊ ကိုကျော်ညွန့်၊ ကိုစောလွင်(ကျောင်းအုပ်)၊ ကိုလှဖေ
(လက်ထောက်ကျောင်းအုပ်)၊ ကိုအေးသွယ်၊ ကိုဘဟန်၊ အက်စ်ဗွီကာလီဇတ်စ်။
ရှေ့တန်း။ ကိုစံထွား၊ ကိုခင်မောင်၊ ကိုဘစန်း၊ ကိုမောင်နီ၊ ကိုဘို၊ ကိုဘညွန့်၊ ကိုလှ။
(ဆရာကြီးဦးစံထွားထံမှ ကျေးဇူးပြုသည်။)




မြို့မအမျိုးသမီး အထက်တန်းကျောင်းဆရာမများ ၁၉၂၁ ခုနှစ်


နောက်တန်း။ ဒေါ်စီး၊ ဒေါ်ချစ်၊ ဒေါ်လှရီ။
ရှေ့တန်း။ ဒေါ်ငွေယု၊ ဒေါ်နု၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်နှင်းရီ။

www.burmeseclassic.com

www.burmeseclassic.com




ပျဉ်းမနားမြို့ အမျိုးသားကျောင်း



မန္တလေးမြို့မ ဗဟိုအမျိုးသားအထက်တန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သပိတ်မှောက်ကျောင်းသားခေါင်းဆောင်
ဦးဘဦးတည်ထောင်သော ပြည်မြို့အမျိုးသားအထက်တန်းကျောင်း
(ပွဲစားလမ်းနှင့် ကုန်သည်လမ်းထောင့်)



## အမျိုးသားပညာရေး

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေ သပိတ်မှောက်ကျောင်းသားကြီးများက ဦးဆောင်၍ အမျိုးသားကောလိပ်နှင့် အမျိုးသားအထက်တန်းကျောင်းများ ဖွင့်လှစ်ခဲ့သည်။ ထိုအမျိုးသားကောလိပ်နှင့် အမျိုးသားကျောင်းများ၌ သင်ကြားပေးသော ပညာရေးစနစ်ကို အမျိုးသားပညာရေးဟု ခေါ်ခြင်းဖြစ်သည်။ အမျိုးသားပညာရေးစနစ်တွင် မြန်မာဘာသာကို သင်ကြားရေးမဏ္ဍိုင်ထား၍ နိုင်ငံတိုးတက်ရာ တိုးတက်ကြောင်းအတွက် အထောက်အကူပြုမည့် အသက်မွေးဝမ်းကျောင်းပညာများကို အားပေးရန် ရည်ရွယ်ခဲ့သည်။ မြန်မာ့စာပေအနုပညာနှင့် ယဉ်ကျေးမှုမြန်မာ့သမိုင်း စသည့် ပညာရပ်များကိုလည်း သင်ပေးသည်။ တစ်နည်းပြောမည်ဆိုလျှင် အမျိုးသားပညာရေးဆိုသည်မှာ ကိုလိုနီပညာရေးကို ဆန့်ကျင်တော်လှန်သည့် ပညာရေးပင်ဖြစ်သည်။ ကိုလိုနီပညာရေးက မြန်မာစာပေနှင့် မြန်မာ့သမိုင်းသင်ကြားရေးကို အားမပေးချေ။ ယင်းကို ဆန့်ကျင်၍ အမျိုးသားကျောင်းများက မြန်မာစာပေနှင့် မြန်မာစာကို အထူးဦးစားပေး၍ သင်ကြားပေးခဲ့သည်။ ကိုလိုနီပညာရေးတွင် အထက်တန်းလွှာများနှင့် ပစ္စည်းဥစ္စာချမ်းသာသူများ၏ သားသမီးများသာ အထက်တန်းပညာသင်ယူနိုင်ရန် စီစဉ်ခဲ့သော်လည်း အမျိုးသားပညာရေးတွင်မူ စရိတ်အသက်သာဆုံးဖြင့် လူများစု ပညာသင်နိုင်ရန် စီစဉ်ခဲ့သည်။ ကိုလိုနီပညာရေး၏ ရည်မှန်းချက်တစ်ခုမှာ မြန်မာများ ကျွန်သက်ရှည်ရေးဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်ဘုရင်နှင့် အင်ပါယာအပေါ် သစ္စာရှိစေသည့် အတွေးအခေါ်များ သင်ကြားပေးသည်။ အင်္ဂလိပ်လက်အောက် နေရသည်မှာ ကောင်းသည်၊ အကျိုးရှိသည်ဟု အထင်ရောက်စေသည့် အတွေးအခေါ်များ သွတ်သွင်းပေးသည်။ အမျိုးသားပညာရေးကမူ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာရှိရန်၊ နိုင်ငံနှင့် လူမျိုးအတွက် အနစ်နာခံရန်၊ ဇာတိသွေး ဇာတိမာန်တက်ကြွစေရန်နှင့် မျိုးချစ်စိတ်ရှိရန် သင်ကြားပေးခဲ့သည်။ အမျိုးသားပညာရေး၏ ရည်ရွယ်ချက်မှာ ကိုလိုနီဘဝမှ လွတ်မြောက်ရေးအထိ မြင့်မားခဲ့သည်။ ထို့ကြောင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် အာဇာနည်ခေါင်းဆောင်များနှင့် တပ်သားကောင်းများ မွေးထုတ်ပေးရန်၊ အမျိုးသားပညာရေးကို တူထောင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ နယ်ချဲ့အင်္ဂလိပ်က မြန်မာတို့ကို ကျွန်ပြုရာတွင် ကျွန်သက်ရှည်ရေးအတွက် ပညာရေးကို လက်နက်တစ်ခုအဖြစ် အသုံးချသကဲ့သို့ မြန်မာ

www.burmeseclassic.com




တို့ကလည်း ပညာရေးကိုပင် လက်နက်တစ်ခုအဖြစ် အသုံးပြု၍ စနစ်တကျ နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်တော်လှန်ခဲ့သည့် သာဓကလည်း ဖြစ်ပေသည်။ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များမှာ အမျိုးသားကောလိပ်နှင့် အမျိုးသား ကျောင်းများမှ ဆရာများနှင့် ကျောင်းသားများဖြစ်ခြင်းကိုကြည့်၍ အမျိုးသားပညာရေးက နိုင်ငံရေးနိုးကြားမှုနှင့် လွတ်လပ်ရေးအတွက် အထောက်အကူပြုပုံမှာ သိသာလှပေသည်။

## အမျိုးသားပညာရေးကောင်စီ
## (Council of National Education)

ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ ပထမသပိတ်ဖြစ်ပွားပြီးနောက် ပေါ်ပေါက်လာသော အမျိုးသားကျောင်းများကို စနစ်တကျ လမ်းညွှန်ကြီးကြပ်သွားရန် ဖွဲ့သည့် အဖွဲ့ဖြစ်သည်။ ယင်းကို အမျိုးသားပညာရေးအဖွဲ့ချုပ်ဟု ခေါ်သည်။ အဖွဲ့ဝင်လူကြီး ၅၀ ပါသည်။ အဖွဲ့ဝင်လူကြီး ၅၀ ထဲမှ ဥက္ကဋ္ဌ အမ်အေဦးမောင်ကြီးနှင့် အတွင်းရေးမှူး ဦးမောင်မောင်အုန်းခိုင်တို့ပါဝင်သော အလုပ်အမှုဆောင် အဖွဲ့ဝင် ၃၂ ဦး ရွေးချယ်၍ မြန်မာတစ်နိုင်ငံလုံးရှိ အမျိုးသား ကျောင်းများကို ကြီးကြပ်ကွပ်ကဲခဲ့သည်။

## အမျိုးသားနေ့

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သည် အမျိုးသားနေ့ ဖြစ်သည်။ အမျိုးသားနေ့သည် ကိုလိုနီခေတ်အတွင်းက အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုနှင့် ဆက်စပ်ပြီး ပေါ်ပေါက်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် မျိုးချစ်စိတ် ရှင်သန်ကြီးထွားရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်သည်။ ထို့ကြောင့် ဝံသာနုလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော ဂျီစီဘီအေက ကြီးမှူး၍ ဝံသာနုလှုပ်ရှားမှုအမှနှင့် အမျိုးသားနေ့သတ်မှတ်ရန် စတင်ကြိုးစားရာမှ အမျိုးသားနေ့ ပေါ်လာရသည်။ ၁၉၂၁ ခု၊ မန္တလေး၌ ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေကွန်ဖရင့်က အမျိုးသား


SUPPLEMENT

မြန်မာ့အလင်းသတင်းစာချုပ်

မြန်မာအသင်းချုပ်အစည်းအဝေးကြီးကျင်းပခြင်း၊
ဝတ်လုံတော်ရဦးဘစိန်နာယက
ပြုလုပ်သည်။
ကိုယ်စားလှယ် ၂၀၀၀ မျှလာရောက်သည်။

၁၉၂၂ ခုနှစ်၊ ဇွန်လတွင် ရန်ကုန်မြို့၌ကျင်းပသော ဂျီစီဘီအေအစည်းအဝေးကြီးက တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်လိုက်သည့်သတင်းကိုဖော်ပြသော မြန်မာ့အလင်းသတင်းစာ အချပ်ပို

www.burmeseclassic.com

www.burmeseclassic.com



နေ့သတ်မှတ်ရေးကို စတင်ဆွေးနွေးခဲ့သည်။ ထိုသို့ ဆွေးနွေးကြရာတွင် အင်္ဂလိပ်နယ်ချဲ့အစိုးရကို ဆန့်ကျင်တော်လှန်မှုဖြင့် ဦးဥတ္တမကိုယ်တော်ကြီး အဖမ်းခံရသည့်နေ့၊ သီပေါဘုရင် ပါတော်မူသည့်နေ့၊ ၁၉၂၀ ပြည့် ရန်ကုန်တက္ကသိုလ် ဥပဒေကို သပိတ်မှောက်သည့် နေ့ တစ်နေ့နေ့ကို သတ်မှတ်ရန် အကြံပြုသဘောတူကြသည်။ ထို့နောက် ၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇-၁၈ တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေအထူးကွန်ဖရင့်က ၁၉၂၀ ပြည့် ရန်ကုန်တက္ကသိုလ်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့ဟု သတ်မှတ်ကြောင်း ဆုံးဖြတ်၍ အတည်ပြုပေးခဲ့သည်။ ထိုနေ့သည် အုပ်ချုပ်သူနယ်ချဲ့အင်္ဂလိပ်အစိုးရကို ထိထိရောက်ရောက် တော်လှန်သော နေ့၊ ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်သည့် အနေဖြင့် ကျောင်းသားများ သပိတ်မှောက်သည့် နေ့၊ အမျိုးသားတော်လှန်ရေး စတင်သည့် နေ့ဖြစ်ခြင်းတို့ကြောင့် အမျိုးသားနေ့အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုခဲ့ကြခြင်းဖြစ်သည်။ ထိုနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရအပေါ် အောင်ပွဲခံသော နေ့ဖြစ်၍ အမျိုးသားအောင်ပွဲနေ့ဟုလည်း ခေါ်ကြသေးသည်။ ရက်သတ်မှတ်ရာတွင်ပင် အမျိုးသားနေ့၏ အဓိပ္ပာယ်ပြည့်စုံပေါ်လွင်ပီပြင်စေရန် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သော အင်္ဂလိပ်ရက်ဖြစ်သည့် ဒီဇင်ဘာ ၅ ရက်ဟု မသတ်မှတ်ဘဲ မြန်မာရက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဟု တမင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် အမျိုးသားရေးလက္ခဏာသည် ပို၍ ပေါ်လွင်ထင်ရှားစေခဲ့သည်။

အမျိုးသားနေ့ ပေါ်လာ၍ ၁၉၂၂ ခုနှစ်မှ စ၍ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ရောက်တိုင်း အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများ ကျင်းပခဲ့သည်။ အမျိုးသားနေ့ကို အဖွဲ့အစည်းအားလုံးနှင့် တိုင်းရင်းသားတိုင်းက အမြတ်တနိုးထား၍ လေးစားကြပြီး အညီအညွတ်ကျင်းပခဲ့ကြသည်။ အမျိုးသားနေ့ကို ၁၉၃၄ ခုနှစ်မှ စ၍ ကျောင်းပိတ်ရက်အဖြစ်လည်းကောင်း၊ ၁၉၃၈ ခုနှစ်မှစ၍ ရုံးပိတ်ရက်အဖြစ်လည်းကောင်း ပြဋ္ဌာန်းခဲ့သည်။ ထိုသို့ အမျိုးသားနေ့များ ကျင်းပရာတွင် မျိုးချစ်စိတ်ထက်သန်ရေးနှင့် နယ်ချဲ့အင်္ဂလိပ်အစိုးရဆန့်ကျင်ရေးလုပ်ငန်းများအတွက် စည်းရုံးလှုံ့ဆော် အဓိဋ္ဌာန်ပြုခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်များ တက်ကြွလာစေပြီး နယ်ချဲ့အစိုးရဆန့်ကျင်ရေးလုပ်ငန်းများ အရှိန်မြင့်လာသည်။ ထိုစိတ်ဓာတ်ကပင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကို လွတ်လပ်ရေးရသည်အထိ ဦးဆောင်သွားခဲ့သည်။



## အဖွဲ့ဝင် (၁၂)ယောက်ပါ အင်္ဂလန်သွား မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၉၃၃)

ကိုလိုနီခေတ်အတွင်းက မြန်မာ့အရေး ဆွေးနွေးရန် မြန်မာကိုယ်စားလှယ်အဖွဲ့များ အင်္ဂလန်သို့ အကြိမ်ကြိမ်သွားရောက်ခဲ့ကြရာတွင် အဖွဲ့ဝင် ၁၂ ယောက်ပါသော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လည်း ၁၉၃၃ ခုနှစ်အတွင်းက သွားရောက်ခဲ့ကြသည်။ ထိုအဖွဲ့တွင် ပါဝင်ခဲ့ကြသူများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဦးချစ်လှိုင်
၂။ ဒေါက်တာဘမော်
၃။ ဦးဘဘေ
၄။ ဦးရွှေသား
၅။ ဦးကျော်ဒင်
၆။ ဦးသိမ်းမောင်(ဝတ်လုံ)
၇။ ဒေါက်တာဒေါ်စောစ
၈။ သရာရွှေဘ
၉။ မစ္စတာကင်းပနက်
၁၀။ မစ္စတာဟားပါး
၁၁။ မစ္စတာကာဝပ်ဂျီ
၁၂။ မစ္စတာတရပ်ဂျီ

ဤဆွေးနွေးပွဲကို ဒုတိယအကြိမ်မြောက် မြန်မာပြည်ဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးဟုလည်း ခေါ်သည်။ ဤအစည်းအဝေးမှ မြန်မာနိုင်ငံအား ၉၁ ဌာနအုပ်ချုပ်ရေးအသစ်ပေးရန် သဘောတူကြသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဤအစည်းအဝေးပွဲ၏ ရလဒ်ကြောင့် မြန်မာနိုင်ငံ၌ ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေးစနစ်သစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ (ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေးလည်း ကြည့်ပါ။)


www.burmeseclassic.com

www.burmeseclassic.com



## အရှေ့အာရှတိုက် လူငယ်များအစည်းအရုံး (ဗမာနိုင်ငံ) (၁၉၄၂)

အာရှလူငယ်အစည်းအရုံးဟု လူသိများသော အရှေ့အာရှတိုက် လူငယ်များအစည်းအရုံး (East Asia Youth League) ကို ဂျပန်ခေတ်အတွင်း ၁၉၄၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင် ဖွဲ့စည်းခဲ့သည်။ အစည်းအရုံး၏ ဥက္ကဋ္ဌမှာ ပုဂံဦးဘဂျမ်းဖြစ်သည်။ အစည်းအရုံး၏ ရည်ရွယ်ချက်များမှာ တိုင်းရင်းသားလူငယ်မောင်မယ်များ ဗလငါးတန်ပြည့်ဝရေးအတွက် လေ့ကျင့်ပြုစုပေးရန်၊ လူငယ်တို့၏ စွမ်းရည်နှင့် အားကို ပြည်သူ့အကျိုးပြု စေတနာ့ဝန်ထမ်း လူမှုရေးလုပ်ငန်းများတွင် အသုံးချရန်နှင့် အရှေ့တောင်အာရှနိုင်ငံများ၏ အကျိုးတူလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးကို ထောက်ခံအားပေးရန်တို့ ဖြစ်သည်။ ထို့ကြောင့် အစည်းအရုံးမှ ကြီးမှူး၍ စာသင်ကျောင်းနှင့် စာဖတ်ခန်းများဖွင့်လှစ်ခြင်း၊ ဟောပြောပွဲနှင့် စကားရည်လုပွဲများ ကျင်းပခြင်းတို့ ပြုလုပ်ခဲ့သည်။ ကာယဗလအတွက်လည်း သိုင်း၊ ဗန်တို၊ ဗန်ရှည်၊ ဘားကျွမ်း၊ ကာယလေ့ကျင့်ခန်းအပါအဝင် ကစားခုန်စားအမျိုးမျိုးနှင့် စစ်ပညာများလည်း သင်ပေးသည်။ စေတနာ့ဝန်ထမ်း လူမှုရေးလုပ်ငန်းများဖြစ်သော သက်ကြီးရွယ်အိုနှင့် မကျန်းမာသူများအား ကူညီခြင်း၊ ကျေးရွာရပ်ကွက်များအတွင်း ရေတွင်းရေကန်တူးဖော်သန့်ရှင်းပြုပြင်ခြင်း၊ စစ်အတွင်း ဒုက္ခရောက်သူများအား ကူညီစောင့်ရှောက်ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို တတ်နိုင်သ၍ ဆောင်ရွက်ခဲ့ကြသည်။ စစ်သားစုဆောင်းရေးလုပ်ငန်းနှင့် မီးသတ်လုပ်ငန်း၊ သူနာပြုလုပ်ငန်းများတွင်လည်း ပါဝင်ကူညီခဲ့ကြသည်။ အာရှလူငယ်အစည်းအရုံးကို ဒေါက်တာဘမော်အစိုးရက အားပေးသကဲ့သို့ ဂျပန်တပ်မတော်ကလည်း ၎င်းတို့ စစ်အောင်နိုင်ရေးတွင် အသုံးချရမည်ထင်၍ အားပေးခဲ့သည်။ ထို့ကြောင့် စစ်အတွင်းမှာပင် အစည်းအရုံးခွဲပေါင်း ၆၀၀ ကျော်နှင့် အသင်းသားလူငယ်မောင်မယ် ခုနစ်သောင်းကျော်ကို စည်းရုံးနိုင်ခဲ့သည်။ အသင်းဝင်များမှာ အသက် ၁၆ နှစ်မှ ၃၀ နှစ်အတွင်းရှိ လူငယ်မောင်မယ်များ ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေး ပေါ်ပေါက်လာသောအခါ အစည်းအရုံးဝင်များမှာ ဖက်ဆစ်တော်လှန်ရေးတွင် တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်။ အချို့မှာ တော်လှန်ရေးဆက်သားများအဖြစ်လည်းကောင်း၊ စည်းရုံးရေးမှူးများအဖြစ်လည်းကောင်း ပါဝင်ခဲ့ပြီး အချို့မှ ဖက်ဆစ်တော်လှန်



အာရှလူငယ်ဌာနချုပ် အမှုဆောင်များပုံ

www.burmeseclassic.com




အာရှလူငယ်တံဆိပ်



ရေးတွင် ကိုယ်တိုင်ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ အချုပ်သဘောမှာ အာရှလူငယ် အစည်းအရုံးဖြင့် တတ်နိုင်သရွေ့ လူငယ်ထုကို စည်းရုံးထားပြီး ထိုလူငယ်ထု၏ အားကို ဖက်ဆစ်တော်လှန်ရေးတွင် အသုံးချခဲ့ခြင်းပင် ဖြစ်သည်။

## အမျိုးသားညီညွတ်ရေးပန်ကြားချက် (၁၉၄၅)

ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဗမာ့တပ်မတော်တပ်မှူးများ အစည်းအဝေးအပြီး ထုတ်ပြန်ခဲ့သည့် အမျိုးသားညီညွတ်ရေးပန်ကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

အောက်ပါကြေညာစာတမ်းကို ဗမာ့တပ်မတော်ခေါင်းဆောင်အရာရှိကြီးများ၏ အစည်းအဝေးက ထုတ်ပြန်ကြေညာလိုက်ကြောင်း။ (နေ့စွဲ ၁၂-၈-၄၅) နံနက် ၁၁ နာရီ

ယခုအခါ ဂျပန်ဖက်ဆစ်များသည် ကျွန်ုပ်တို့ တပ်မတော်နှင့် နိုင်ငံပေါင်းစုံမဟာမိတ်တပ်မတော်များ ဝိုင်းဝန်းတိုက်ခိုက်သည်ကို ဖက်ပြိုင်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ လက်နက်ချရန် စကားများပင် ကမ်းလှမ်းပြီးလေပြီ။


ကမ္ဘာစစ်ကြီးကား ပြီးတော့မည်။ သို့ရာတွင် ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားများ၏ အရေးကား မပြီးသေးပေ။ ကျွန်ုပ်တို့နိုင်ငံ၏ အရေးတစ်ခုလုံးသည် ကျွန်ုပ်တို့ တပ်မတော်နှင့် လွတ်လပ်ရေးလိုချင်သူအားလုံး သက်စွန့်ကြိုးပမ်း ထမ်းဆောင်လာခဲ့ရသည်နှင့်အမျှ ထိရောက်စွာ အောင်မြင်ရန်အတွက် ဗမာနိုင်ငံရှိ ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းတို့သည် လူမျိုးမရွေး ဘာသာမရွေး တညီတညွတ်တည်း ဆက်လက်ဆောင်ရွက်ရန် အထူးလိုပေသည်။

ကျွန်ုပ်တို့ တပ်မတော်သားအားလုံးသည်လည်းကောင်း၊ ဗမာနိုင်ငံလွတ်လပ်ရေးအတွက် စွန့်စွန့်စားစား ဆောင်ရွက်ခဲ့သူအပေါင်းတို့သည်လည်းကောင်း ဤမျှအပင်ပန်း၊ အဆင်းရဲ၊ အနစ်နာ၊ အသေအကျေခံကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ လက်တစ်ဆုပ်မျှရှိသော လူတစ်စု၏ ကောင်းစားမှုကိုသာလည်းကောင်း၊ ကျွန်ုပ်တို့၏ ကိုယ်ရေးကိုယ်တာတိုးတက်မှုကိုသာလည်းကောင်း ရည်မှန်းလျက် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည် မဟုတ်ဘဲ ဗမာနိုင်ငံလူထုအပေါင်း လွတ်လပ်ရေးအတွက် ရည်စူးလျက် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည့်အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားညီညွတ်ရေးပန်ကြားချက်





ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် နိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား အထူးလေးနက်စွာ ဖော်ပြလိုကြောင်း။

ထို့ကြောင့် ကျွန်ုပ်တို့တပ်မတော်ခေါင်းဆောင် အရာရှိကြီးများအစည်းအဝေးက ဗမာနိုင်ငံအတွင်း ခေါင်းဆောင်မည့် ပုဂ္ဂိုလ်များနှင့် တိုင်းသူပြည်သားအပေါင်းက စိတ်ဝမ်းကွဲပြားခြင်း အလျှင်းမရှိဘဲ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးအတွင်းသို့ ထိရောက်စွာ ဝင်ရောက်လုပ်ကိုင်ကာ ဗမာ့လွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအရပ်ရပ်ကို တညီတညွတ်တည်း နှောင့်နှေးဆိုင်းငံ့ခြင်း အလျှင်းမရှိဘဲ ဆောင်ရွက်ကြရန် ပြင်းထန်စွာတိုက်တွန်းလိုက်ပါကြောင်း။

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်အောင်ဆန်း | စစ်သေနာပတိ |
| ၂။ | ဗိုလ်မှူးကြီးလက်ျာ | ဒုတိယစစ်သေနာပတိ |
| ၃။ | ဗိုလ်မှူးကြီးဇေယျ | စစ်ဦးစီးမှူး |
| ၄။ | ဗိုလ်မှူးကြီးနေဝင်း | ရှေ့တန်းစစ်ဌာနချုပ်မှူး |
| ၅။ | ဗိုလ်မှူးမောင်မောင် | တိုင်းအမှတ် (၁)မှူး |
| ၆။ | ဗိုလ်မှူးအောင်ကြီး | မြစ်ဝကျွန်းပေါ်တိုင်းမှူး |
| ၇။ | ဗိုလ်မှူးကျော်ဇော | တိုင်းအမှတ် (၄)မှူး |
| ၈။ | ဗိုလ်မှူးရဲထွဋ် | တိုင်းအမှတ် (၆)မှူး |
| ၉။ | ဗိုလ်မှူးအောင် | တိုင်းအမှတ် (၇)မှူး |
| ၁၀။ | ဗိုလ်ကြီးအာဇာဒဝက | အထက်ဗမာပြည်တိုင်းမှူး |

## အမှုထမ်းပေါင်းစုံသပိတ် (၁၉၄၆)

ဒုတိယကမ္ဘာစစ်အပြီး စက္ကူဖြူအုပ်ချုပ်ရေးခေတ်တွင် ပေါ်ပေါက်ခဲ့သော အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးသပိတ်ကြီး ဖြစ်သည်။ ကိုလိုနီခေတ်တစ်လျှောက် နယ်ချဲ့အစိုးရ၏ လက်ကိုင်တုတ်ဖြစ်သော ပုလိပ်အမှုထမ်းများက စ၍ ၁၉၄၆ ခု၊ စက်တင်ဘာလ ၅ ရက်နေ့တွင် နယ်ချဲ့အစိုးရကို သပိတ်မှောက်ခဲ့သည်။ ထို့နောက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်ဝန်ထမ်းများ၊ မီးရထားအလုပ်သမားများ၊ အစိုးရဗဟိုပုံနှိပ်တိုက်မှ ဝန်ထမ်းများ၊ ရေနံအလုပ်သမားများ၊ ဆိပ်ကမ်းအုပ်ချုပ်ရေး အလုပ်သမားများ၊ ဌာနပေါင်းစုံမှ စာရေးဝန်ထမ်းများ၊ စက်ရုံ

www.burmeseclassic.com




အလုပ်ရုံအသီးသီးမှ အလုပ်သမားများ၊ ဝန်ထမ်းများပါသည့် အမှုထမ်းပေါင်းစုံ သပိတ်ကြီးအဖြစ် ကျယ်ပြန့်သွားသည်။ ဤသပိတ်ကြီးကို ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဖဆပလမှ ဝင်ရောက်ဦးဆောင်မှုပေးခဲ့သည်။ သပိတ်ကြီး၏ တောင်းဆိုချက်များမှာ စက္ကူဖြူအုပ်ချုပ်ရေး ရုပ်သိမ်းပြီး လုံးဝလွတ်လပ်ရေးအမြန်ဆုံးပေးရန်နှင့် အငွေထွေထွေကုန်ဈေးနှုန်းများချပေးရန်တို့ ဖြစ်သည်။ ဤသပိတ်ကြောင့် နယ်ချဲ့တို့၏ အုပ်ချုပ်ရေးယန္တရားကြီး ရပ်စဲလုနီးပါးဖြစ်သွားသည်။ အကျိုးကျေးဇူးမှာ ဘုရင်ခံဆာဟူးဘတ်ရန့်စ်က ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ကို ဗိုလ်ချုပ်အောင်ဆန်းအလိုကျ ဖွဲ့ခွင့်ပြုမည်ဟု စကားကမ်းလှမ်းလာရသည်။ ဤသို့ဖြင့် ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သော ဘုရင်ခံ၏ အမှုဆောင်ကောင်စီ ပေါ်လာသည်။ သပိတ်ကြီးလည်း ၁၉၄၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ရပ်စဲသွားသည်။

## အာဇာနည်နေ့

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)၌ အစည်းအဝေး လုပ်နေစဉ် ဂဠုန်ဦးစောနှင့် အပေါင်းအပါများ၏ လုပ်ကြံမှုကြောင့် ၁၉၄၇၊ ဇူလိုင် လ ၁၉ ရက်နေ့တွင် ကျဆုံးခဲ့ကြပါသည်။ ထိုနေ့ကို အာဇာနည်နေ့ဟု နိုင်ငံတော်အစိုးရက သတ်မှတ်ပြီး နှစ်စဉ် ဇူလိုင်လ ၁၉ ရက်ရောက်တိုင်း အာဇာနည်နေ့အခမ်းအနား ကျင်းပသည်။

လူမသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည့် ဝန်ကြီးများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဆရာကြီးဦးရာဇတ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးဘဝင်း၊ မန်းဘခိုင်နှင့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းတို့ ဖြစ်ကြသည်။ ထိုနေ့က ကျဆုံးခဲ့ကြသည့် အာဇာနည်ကြီးများအနက် ဒီးဒုတ်ဦးဘချိုသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရောက်သည်အထိ အသက်ပါသော်လည်း သတိမရဘဲ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ကွယ်လွန်သွားခဲ့သည်။ ထို့အတူ မိုင်းပွန်စော်ဘွားကြီးမှာလည်း ရန်ကုန်ဆေးရုံကြီးရောက်သည်အထိ အသက်ရှိသေးသော်လည်း သတိမရဘဲ နောက်တစ်နေ့ ဇူလိုင်လ ၂၀ ရက်နေ့ နေ့လယ် ၁၂ နာရီတွင် ကွယ်လွန်ခဲ့သည်။ ကျန်အာဇာနည်ကြီးများမှာ အစည်းအဝေးခန်းမအတွင်း၌ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။ အာဇာနည်ကြီးများ လုပ်ကြံခံရ



အာဇာနည်ကြီးများ၏ ရုပ်ကလာပ်များကို ဂျူဗလီဟောခွဲထားရှိပုံ

www.burmeseclassic.com

www.burmeseclassic.com



သည့် အချိန်သည် နံနက် ၁၀း၀၀ နာရီ ၃၇ မိနစ်ဟု နိုင်ငံတော်အစိုးရက သတ်မှတ်သည်။

ဝန်ကြီးများအစည်းအဝေးလုပ်နေစဉ် လူသတ်သမားများက သေနတ်ဖြင့်ပစ်ခတ်ကြရာတွင် ဗိုလ်ချုပ်အောင်ဆန်းက သေနတ်ဒဏ်ရာ ၁၃ ချက်၊ သခင်မြက နှစ်ချက်၊ ဒီးဒုတ်ဦးဘချိုက ငါးချက်၊ ဆရာကြီးဦးရာဇတ်က ခြောက်ချက်၊ ဦးဘဝင်းက ရှစ်ချက်၊ မန်းဘခိုင်က ၁၅ ချက်၊ စော်ဘွားကြီးစဝ်စံထွန်းက နှစ်ချက် အသီးသီးရရှိပြီး ကျဆုံးခဲ့ရခြင်းဖြစ်သည်။

အာဇာနည်ကြီးများ ကျဆုံးသည့် နေ့က အစည်းအဝေး တက်ရောက်သော်လည်း အသက်မသေဘဲ လွတ်မြောက်ခဲ့သည့် ဝန်ကြီးသုံးဦးမှာ ပျော်ဘွယ်ဦးမြ၊ ဦးဗဂျမ်းနှင့် ဦးအောင်ဇံဝေတို့ ဖြစ်သည်။ ပြည်ပခရီးလွန်နေသော ဦးကျော်ငြိမ်းနှင့် ပုသိမ်ရောက်နေသော စောစံဖိုးသင်တို့ အစည်းအဝေးမတက်ဖြစ်၍ သေဘေးမှ လွတ်မြောက်ခဲ့သည်။ ဝန်ကြီးအဖွဲ့ဝန် ခုနစ်ဦးကျဆုံး၍ ငါးဦးသာ ကျန်ရစ်ခဲ့သည်။

အာဇာနည်ကြီးများနှင့်အတူ သေဆုံးခဲ့ရသူနှစ်ဦးမှာ ဒုတိယအတွင်းဝန် ဦးအုန်းမောင်နှင့် ရန်ကုန်ဆေးရုံကြီးရောက်ပြီးမှ ကွယ်လွန်သွားခဲ့သည့် ဦးရာဇတ်၏ သက်တော်စောင့် ကိုထွေးတို့ဖြစ်သည်။ အစည်းအဝေးတက်ရောက်ခဲ့သော်လည်း အသက်မသေဘဲ လွတ်မြောက်ခဲ့သူတစ်ဦးမှာ ဦးရွှေဘော်ဖြစ်သည်။

(ဦးစောနှင့် ပြည်ထောင်စုလည်း ကြည့်ပါ။)

## အင်ပါယာစွဲကော်မတီ (၁၉၁၆)

ဗြိတိသျှအင်ပါယာအတွင်း ပါဝင်ရသည်မှာ မြန်မာနိုင်ငံသားတို့အဖို့ အကျိုးရှိသောကြောင့် ဗြိတိသျှအင်ပါယာမပြိုကွဲရေးအတွက် ဆောင်ရွက်ရမည်ဆိုသည့် အင်ပါယာအပေါ် သစ္စာခံလိုသည့် စိတ်ဓာတ်များ သွင်းပေးရန် ရည်ရွယ်ချက်ဖြင့် စစ်ကိုင်းတိုင်းမင်းကြီး ဘီအက်စ်ကာရီ (B.S. Carey) ဥက္ကဋ္ဌအဖြစ် ပါဝင်သော အင်ပါယာစွဲကော်မတီ (The Imperial Idea Committee) ကို ၁၉၁၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ဖွဲ့သည်။ ကော်မတီ၏ တာဝန်များတွင်-

၁။ စာသင်ကျောင်းများ၌ အင်ပါယာသစ္စာတော်ခံစိတ်ဓာတ် သွင်းပေးသည့် အခါ အခက်အခဲရှိလျှင် ကူညီရန်။



၂။ ဘွိုင်းစကောက် (Boys Scout) ခေတ်စားလာအောင် လုပ်ပေးရန်။

၃။ ပြည်သူလူထုနှင့် စာသင်ကျောင်းများ ဆက်သွယ်ရေးပိုကောင်းလာအောင် ပညာရေးဌာနကို ကူညီရန်။

၄။ စာသင်ကျောင်းများနှင့် ကောလိပ်ကျောင်းများတွင် အင်ပါယာသစ္စာတော်ခံ စိတ်ဓာတ်သွင်းပေးရာတွင် မည်သည့်နည်းသည် အထက်မြက်ဆုံးဖြစ်သည်ဟု စစ်ဆေးဖော်ထုတ်ရန်။

၅။ စာသင်ကျောင်းများနှင့် ကောလိပ်ကျောင်းများအတွက် အင်ပါယာသစ္စာတော်ခံ စိတ်ဓာတ်ရှင်သန်ပွားများစေသည့် ကျောင်းသုံးစာအုပ်များ ပြုစုရာတွင် ကူညီရန်တို့ ဖြစ်သည်။

၄င်းကော်မတီ၏ အကြံပေးချက်များအပေါ် အခြေခံ၍ အင်ပါယာ သစ္စာတော်ခံ အတွေးအခေါ် ရှင်သန်ပွားများစေရန်အတွက် ပညာရေးဌာနသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၁။ စာသင်ကျောင်းများ၌ ယူနီယံဂျက်အလံလွှင့်ထူစေခြင်း။

၂။ ယူနီယံဂျက် အလံလွှင့်ထူရာတွင် ဗြိတိသျှနိုင်ငံတော်သီချင်းကို သီဆိုစေခြင်း။

၃။ စာသင်ကျောင်းများ၌ ကျင်းပသည့် အခမ်းအနားများတွင် ဗြိတိသျှနိုင်ငံတော်သီချင်းကို သီဆိုစေခြင်း။

၄။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင်ကျောင်းများနှင့် တိုင်းရင်းသားဘာသာကျောင်းများတွင် ဗြိတိသျှနိုင်ငံတော်သီချင်းအစား ဗြိတိသျှဘုရင်မအတွက် ဆုတောင်းပတ္ထနာသီဆိုစေခြင်း။

၅။ စာသင်ကျောင်းများ၌ ဗြိတိသျှဘုရင်မ၏ ပုံများ ချိတ်ဆွဲထားစေခြင်း။

၆။ ဒီဇင်ဘာ ၁၂ ရက်နေ့ကို ဗြိတိသျှအင်ပါယာနေ့အဖြစ် သတ်မှတ်၍ အင်ပါယာနေ့အခမ်းအနား ကျင်းပစေခြင်း။

၇။ စာသင်ကျောင်းများ၌ အင်ပါယာသစ္စာတော်ခံအတွေးအခေါ် ပြန့်ပွားရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်စေခြင်း။

၈။ ကျောင်းသုံးစာအုပ်များ၌ အင်ပါယာသစ္စာတော်ခံ အတွေးအခေါ်ပြန့်ပွားစေသည့် အချက်များ ထည့်သွင်းစေခဲ့ခြင်းတို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂလိပ်အခက် ဗမာ့အချက် (၁၉၃၉)

အင်္ဂလိပ်အခက်-ဗမာ့အချက်ဆိုသည်မှာ ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ ကြွေးကြော်သံဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်တို့ ပါဝင်တိုက်ခိုက်နေရသဖြင့် အကျပ်အတည်းတွေ့နေရသည်ကို အခွင့်ကောင်းယူ၍ မြန်မာတို့က လွတ်လပ်ရေးအရယူမည်ဟု ဆိုလိုရင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြောင့် အင်္ဂလိပ်တို့က ဥရောပစစ်မျက်နှာကို အာရုံစိုက်နေရစဉ် ဗမာ့ထွက်ရပ်ဂိုဏ်းက ဦးဆောင်၍ လွတ်လပ်ရေးကို အရယူမည်။ ထိုသို့ လွတ်လပ်ရေးအရယူရာတွင် တိုင်းရင်းသားလုပ်သားပြည်သူတစ်ရပ်လုံး ပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်သည့် ကြွေးကြော်သံဖြစ်သည်။

## အင်္ဂလန်ရောက် မြန်မာ့နန်းတွင်းပစ္စည်းများ

ဗြိတိသျှတို့ မန္တလေးကို သိမ်းယူပြီးနောက် သိမ်းရပစ္စည်းအချို့ကို လေလံတင်ထုခွဲရောင်းချသကဲ့သို့ မင်းခမ်းတော်ပစ္စည်းများအပါအဝင် အဖိုးတန်ကျောက်မျက်ရတနာများနှင့် နန်းတွင်းပစ္စည်းများကို အင်္ဂလန်နိုင်ငံသို့ ပေးပို့ခဲ့သည်။ ထိုသို့ ပို့သည့် ပစ္စည်းများမှာ သေတ္တာသုံးလုံးအပြည့်ဟုသာ သိရသော်လည်း မည်သည့်ပစ္စည်းများ မည်မျှလောက်ပါသည်ကို အတိအကျမသိရပေ။ ထိုပစ္စည်းများကိုလည်း အင်္ဂလန်ရောက်ပြီးသောအခါ အချို့ကို လေလံတင်ရောင်းချပြီး အချို့ကို "တောင်ကင်စင်တန်ပြတိုက်"၌ ထိန်းသိမ်းထားခဲ့ရာမှ ပစ္စည်းအမျိုးပေါင်း ၁၆၀ ခန့်ကို ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ဗြိတိသျှအစိုးရက ပြန်လည်ပေးအပ်ခဲ့သည်။ အင်္ဂလန်မှ ပြန်လည်ရရှိသည့် မင်းခမ်းတော်ပစ္စည်းများကို ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ပြသထားသည်။ သို့သော်လည်း မြန်မာအထောက်အထားများအရ ဗြိတိသျှတို့ သိမ်းပိုက်စဉ်က ရတနာပုံရွှေတိုက်တော်တွင် ရှိနေခဲ့သော ရတီ ၉၀ ကျော်ရှိ ငမောက်ပတ္တမြားကြီး၊ ပဒုံမင်းလက်ထက်ကပင် ရှိနေခဲ့သော ရတီချိန်နှစ်ဆယ်ခန့်ရှိ လော်ကားတင်ကလေးခေါ် ပတ္တမြား၊ ရွှေဘိုမင်းလက်ထက်ကပင် ရှိခဲ့သော ရတီချိန် ၄၀ ကျော်ရှိ လော်ကားတင်ကြီး ခေါ် ပတ္တမြား၊ စံထားအသုံးပြုရသော ခြောက်ရတီရှိ စံကျောက်တော်ခေါ် ပတ္တမြားနှင့် နဂါးဗိုလ်စသော အဖိုးများစွာ ထိုက်တန်သော ရတနာကျောက်များ ဘယ်ရောက်သွားသည်ကိုမူ ယခုတိုင် မသိရပေ။



အင်္ဂလန်သို့ ပါသွားသည့် ပစ္စည်းများတွင် ထူးဆန်းသည့် ပစ္စည်းတစ်မျိုးမှာ မြန်မာ့ဒေါင်းက ဗြိတိသျှအစိုးရတို့၏ တံဆိပ်ကို ခြေဖြင့်နင်းထားသည့် ရုပ်ပုံပါ စိတ်ဝင်စားဖွယ်ရာ မှိအုံးနှစ်ခုပါသည့်အပြင် ရတနာခုနစ်ပါး အပြည့်စီခြယ်ထားသော ဝတ်လုံတစ်ခု၊ ရတနာခုနစ်ပါးစီ ရွှေကွမ်းအစ်တစ်ခု၊ ပတ္တမြားနှင့် စိန်အပါအဝင် ကျောက်မျက်ရတနာများစီခြယ်ထားသည့် ရွှေထည်များ၊ တံဆိပ်နာခံတော်ရွှေပြားများ၊ ရွှေယပ်များ၊ နရားခံ ရွှေကွမ်းအစ်နှင့် ရွှေနန်းဆွဲအုပ်များ ပါဝင်ကြောင်း သဘောမျှလောက်သာ သိရှိရသည်။

အင်္ဂလန်က ပြန်ရပြီး ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်တွင် ပြသထားသည့် မင်းခမ်းတော်ပစ္စည်းများအပါအဝင် နန်းတွင်းသုံးပစ္စည်းအချို့မှာ ရွှေသားအစစ်ဖြင့် ပြုလုပ်ထားပြီး ပတ္တမြားကျောက်စီထားသည့် ကွမ်းလောင်းကြီး၊ ရွှေသားဖောင်းကြွကနုတ်ပန်းနှင့် ပတ္တမြားစီထားသော ရုစ်ထောင့်ကွမ်းခွက်၊ ရွှေသားဖြင့် ပြုလုပ်ထားပြီး ပတ္တမြားကျောက်စီထားသော ရတနာပန်းတောင်း၊ ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသော ရွှေဖလား၊ ရွှေရေတကောင်းနှင့် ကျောက်မျက်ရတနာများစီထားသော ရေတကောင်းဗိတ်၊ ရွှေဖြင့် ပြုလုပ်ထားသော မကန်းရုပ်သဏ္ဍာန်ကရား၊ ပတ္တမြား၊ မြနှင့် ပုလဲတို့ စီခြယ်ထားသည့် နန်းဆွဲအုပ်၊ ရွှေသားဖြင့် ပြုလုပ်ထားပြီး ပတ္တမြားစီခြယ်ထားသော ကွမ်းလောင်းငယ်၊ လက်ဝဲသလပ်ခေါ် ဆယ့်နှစ်ရာသီ ကွမ်းခွက်၊ ရွှေဖြင့် ပြုလုပ်ထားပြီး ပတ္တမြားစီထားသော သလင်းမြောင်၊ ရွှေဖြင့် ပြုလုပ်ထားပြီး ပတ္တမြားစီထားသော ကျပ်လျားခေါ် ကျပ်လှ၊ ရွှေဖြင့် ပြုလုပ်ထားပြီး ပတ္တမြားစီထားသော ရတနာဖိနပ်တော်၊ ပတ္တမြားနှင့် ကျောက်မျက်ရတနာများ စီခြယ်ထားသော ခြေနင်းတော်၊ ရတနာသားမြီးယပ်၊ ရတနာသန်လျက်တော်၊ ရွှေကရား၊ ရွှေမှနော့လင်ပန်း၊ ဟင်္သာရုပ်ကွမ်းအစ်၊ ရွှေကလပ်၊ ဆယ့်နှစ်မြောင့်ကွမ်းခွက်၊ နရားခံရတနာရွှေကွမ်းအစ်၊ ရွှေကွမ်းအစ်ငယ်များ၊ ရွှေထုံးဘူး၊ ရွှေဖလားငယ်များနှင့် ရွှေခွန်းများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အင်းဝတံတားကြီး (၁၉၃၄)

ကိုလိုနီခေတ်အတွင်းက ဖောက်လုပ်ခဲ့သည့် တံတားများအနက် ထင်ရှားသော တံတားကြီးဖြစ်သည်။ ဧရာဝတီမြစ်ကူးတံတားကြီးဖြစ်သည်။ တံတားကြီးကို မီးရထားလမ်းအဖြစ်သာ ဖောက်လုပ်ရန် ၁၈၉၈ ခုနှစ်က စတင်ကြံစည်ခဲ့သော်လည်း ထိုစဉ်က မဆောက်ဖြစ်ခဲ့ပေ။ ၁၉၂၄ ခုနှစ်ရောက်သောအခါ မီးရထားလမ်းချည်းသာ မဟုတ်တော့ဘဲ တစ်ဖက်တစ်ချက်တွင် ၁၂ ပေကျယ်သည့် ကားလမ်းပါသော တံတားအဖြစ်ဆောက်၍ စတင်ဆောင်ရွက်သည်။ စစ်ကိုင်းတံတားဟုလည်း ခေါ်ကြသည်။

တံတားကြီးအောက်ခြေနှင့် သံထည်ပိုင်းအတွက် ပုံစံများရေးဆွဲရန် 'ရန်ဒဲလ်ပါးမားနှင့် ထရစ်တန်ကုမ္ပဏီ (Rendel Palmer & Tritton Co.) အား တာဝန်ပေး ရေးဆွဲစေခဲ့သည်။ တံတားအတွက် လိုအပ်သော သံရက်မကြီးများ၊ သံဘောင်၊ သံထည်အစိတ်အပိုင်းများ၊ ပေါင်းကူးကြီးများအတွက် အိန္ဒိယရှိ 'ဘရိတ်ဝိတ်ကုမ္ပဏီ' (Braithwaite Co.)သို့ ကန်ထရိုက်ပေး၍ လုပ်ကိုင်စေခဲ့သည်။ တံတားတွင် ပေါင်းကူးကြီး ၁၀ ခုရှိရာ ကိုးခုမှာ ၃၅၀ ပေရှည်၍ ကျန်တစ်ခုမှာ ၂၅၀ ပေ ရှည်သည်။ ၆၀ ပေစီရှည်သော ပေါင်းကူးမဟုတ်သည့် သံရက်မအခန်း ခြောက်ခန်းပါသည်။ ရေလယ်တွင် မြေစိုက်အုတ်တိုင် ၁၅ တိုင်ပါသည့်အနက် အရှည်ဆုံးတိုင်မှာ ရေအောက်မြေကြီးမှ မီးရထားသံလမ်းအထိ ၁၈၂ ပေရှိသည်။ တံတားပေါ်တွင် ခင်းထားသည့် သံလမ်းများမှာ ပေါင် ၆၀ အလေးချိန်ရှိသော သံလမ်းအမျိုးအစားဖြစ်သည်။ ရထားများ အရှိန်ဖြင့် ဖြတ်ကျော်ခုတ်မောင်းသည့်အခါ စိတ်ချရစေရန် အတွင်းသံလမ်းထိန်းများလည်း တပ်ဆင်ထားသည်။ တံတား၏ ကမ်းတစ်ဖက်တစ်ချက်ထိပ်များတွင်ရှိသော အုတ်သံပေါင်နှစ်ခုအကြား အကွာအဝေးမှာ ၃၉၄၈ ပေရှိသောကြောင့် ခြောက်ဖာလုံ ပြည့်ရန် ၁၂ ပေသာ လိုတော့သည်။ တံတားကြီးကို အိန္ဒိယရှိ ဘရိတ်ဝိတ် ကုမ္ပဏီက တာဝန်ခံတည်ဆောက်ပေးပြီး စုစုပေါင်း ရူပီးငွေကျပ် ၁၄၃ သိန်း ကုန်ကျသည်။ ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဘုရင်ခံ စတီဗင်ဆင် (Sir Hugh Lansdown Stephenson)က အခမ်းအနားဖြင့် ဖွင့်ပေးသည်။

ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံသို့ ကူးစက်လာ၍ ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာရစဉ် ၁၉၄၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ညပိုင်းတွင်



တံတားကြီးအား ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်သောကြောင့် ပေ ၃၅၀ အရှည်ရှိသော အမှတ်ခုနစ်နှင့် ရှစ် တံတားဘောင်ကြီးနှစ်ခု မြစ်ထဲ ထိုးကျပျက်စီးခဲ့ရသည်။ စစ်ကြီးပြီးသွားသော်လည်း ချက်ချင်းမပြင်နိုင်သေးဘဲ ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလတွင် ပြန်လည်ပြင်ဆင်တည်ဆောက်နိုင်ခဲ့သည်။ ပြင်ဆင်စရိတ် ၅၇၈၉၇၂၇ ကျပ် ကုန်ကျသည်။

## အောင်မြတ်၊ ဦး (ဝန်းသိုစော်ဘွား) (၁၈၆၂–၁၉၆၅)

မြန်မာ့သမိုင်းတွင် မျိုးချစ်တော်လှန်ရေးသမားတစ်ဦးအဖြစ် ထင်ရှားသော 'မဟာဝံသသီရိဇယသိုဟုံဘွား' ဘွဲ့ခံ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်မှာ 'မင်းလှသမန္တရန်အောင်ဘွဲ့' နှင့် 'မဟာဝံသသီရိဇယသိုဟုံဘွား' ဘွဲ့ခံ ဝန်းသိုစော်ဘွား ဦးရွှေသားနှင့် ဒေါ်ဒွန်းဖြူခေါ် သုဝဏ္ဏကာယဒေဝီတို့၏ သားဖြစ်သည်။ ဦးအောင်မြတ်ကို ၁၈၆၂ ခုနှစ်တွင် ဝန်းသိုမြို့၌ ဖွားမြင်သည်။ ငယ်စဉ်က ဝန်းသိုဆရာတော် ဦးဂုဏထံ၌ ပညာသင်ယူသည်။ ထို့နောက် ဝန်းသိုစော်ဘွား ဦးရွှေသားက သားဖြစ်သူ မောင်အောင်မြတ်ကို ကင်းဝန်မင်းကြီးထံ အပ်နှံ၍ နန်းမလှေအပါအဝင် အုပ်ချုပ်ရေးနှင့် တရားဥပဒေရေးရာတို့ကို လေ့လာသင်ယူစေသည်။ သီပေါမင်းလက်ထက်တွင်လည်း ကွမ်းရေတော်ကိုင်အဖြစ် အမှုထမ်းစေသည်။ ထို့ကြောင့် ဦးအောင်မြတ်သည် ရှေးဟောင်းစာပေကျမ်းဂန်၊ ကဗျာလင်္ကာ၊ ဗေဒင်၊ သမိုင်းနှင့် အုပ်ချုပ်ရေးရာတို့၌ ကျွမ်းကျင်သည်။ ဝန်းသိုစော်ဘွား ဦးရွှေသားက မိုးကောင်းမြို့ဝန်ဖြစ်သွားသဖြင့် ဦးအောင်မြတ်သည် ၂၁ နှစ်အရွယ်တွင် ဝန်းသိုစော်ဘွားအရိုက်အရာကို ဆက်ခံရသည်။

ဦးအောင်မြတ် ဝန်းသိုစော်ဘွားဖြစ်ပြီး နောက်တစ်နှစ်တွင် မိုးညှင်းဒေသ၌ ဗိုလ်ဝခေါင်းဆောင်သောသူပုန်များကို အောင်မြင်စွာ နှိမ်နင်းနိုင်သဖြင့် သီပေါမင်းက ဦးအောင်မြတ်အား 'မောရိယမဟာဝံသသီရိသုဓမ္မရာဇာ' ဘွဲ့ ထပ်မံချီးမြှင့်သည်။ ၁၈၈၃ ခုနှစ်တွင် စကားစော်ဘွားသမီး စောရွှေကြည်နှင့် လက်ထပ်ထိမ်းမြားသည်။ ဦးအောင်မြတ်နှင့် စောရွှေကြည်တို့မှာ သက်တူရွယ်တူများဖြစ်သည်။

ဦးအောင်မြတ် ဝန်းသိုစော်ဘွားဘဝတွင် အင်္ဂလိပ်တို့က အထက်မြန်မာနိုင်ငံကို သိမ်းယူလိုက်သည့် အဖြစ်နှင့် ကြုံရသည်။ ထိုသို့ အင်္ဂလိပ်တို့ မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်
(၁၈၆၂-၁၉၅၅)



ကို သိမ်းယူသည့် သတင်းကြားရပြီးနောက် အခြေအနေကိုစောင့်ကြည့်ရင်း လူသူလက်နက်စုရုံးထားပြီး အင်္ဂလိပ်တို့ကို ခုခံတွန်းလှန်ရန် ဦးအောင်မြတ်က ကြိုတင်စီစဉ်ခဲ့သည်။ ထိုအခြေအနေတွင် ကင်းဝန်မင်းကြီးဦးကောင်းက ဦးအောင်မြတ် အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးကို အသာတကြည်လက်ခံလျှင် ဝန်းသိုစော်ဘွားအဖြစ် ဆက်လက်ထမ်းဆောင်ခွင့်ရမည်ဟု စကားကမ်းလှမ်းသည်။ ဦးအောင်မြတ်၏ ငယ်ဆရာ ဝန်းသိုဆရာတော်ဦးဂုဏကလည်း အင်္ဂလိပ်တို့အုပ်ချုပ်ရေးကို လက်ခံလျှင် ဦးအောင်မြတ်အတွက် အကျိုးရှိမည်ဟု ဦးအောင်မြတ်ကို နားချသည်။ သို့သော်လည်း ဦးအောင်မြတ်က အင်္ဂလိပ်၏ အုပ်ချုပ်ရေးကို လက်မခံဘဲ အင်္ဂလိပ်တပ် ဝန်းသိုဘက်ချီတက်လာလျှင် ခုခံတွန်းလှန်ရန်သာ စီစဉ်ခဲ့သည်။

၁၈၉၀ ပြည့်နှစ်ရောက်သောအခါ ဗြိတိသျှအာဏာပိုင်တို့က ဦးအောင်မြတ်နှင့် တွေ့ဆုံဆွေးနွေးရန် ချုန်းတောင်းမြို့အုပ်နှင့် အခွန်ဝန် ဦးစံတို့ကို စေလွှတ်မည့်အကြောင်းနှင့် ထိုသို့တွေ့ဆုံရာတွင် နှစ်ဦးနှစ်ဖက် လက်နက်ကိုင်ဆောင်ခြင်း မပြုရန် ကမ်းလှမ်းလာသဖြင့် မှန်ကင်းတောင်၌ တွေ့ဆုံဆွေးနွေးရန် ဦးအောင်မြတ်က သဘောတူလိုက်သည်။ သို့သော် လက်တွေ့တွင်မူ ချုန်းတောင်းမြို့အုပ်နှင့် အင်္ဂလိပ်စစ်တပ်ပါလာကြောင်း တွေ့မြင်ရသောအခါ ဦးအောင်မြတ်၏ တပ်များက လက်ဦးမှုရယူ၍ တိုက်ခိုက်ရာမှ မှန်ကင်းတောင်စခန်း၌ တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တပ်များ အရေးနိမ့်ပြီး ကောလင်းမှ တစ်ဆင့် ဆုတ်ခွာသွားကြသည်။ မှန်ကင်းတောင်တိုက်ပွဲ၌ အောင်မြင်မှုရလိုက်သည်မှ စ၍ ဦးအောင်မြတ်၏ အကြောင်း လူသိများလာသည်။

မှန်ကင်းတောင်တိုက်ပွဲ၌ အရေးနိမ့်သွားသော အင်္ဂလိပ်တို့သည် ၁၈၉၁ ခုနှစ်ရောက်သောအခါ မိမိတို့၏တပ်ကို အင်အားဖြည့်၍ ဝန်းသိုနယ်သို့ ထပ်မံထိုးစစ်ဆင်လာသည်။ ထိုထိုးစစ်အတွင်း ကောလင်း၊ ကျိုင်းခွင်တောင်ကုန်း၊ ပင်လယ်ဘူးနှင့် ဝန်းသိုနယ်မြေများအတွင်း အင်္ဂလိပ်တပ်နှင့် ဦးအောင်မြတ်၏ တပ်များ တိုက်ပွဲများဖြစ်ပွားသည်။ မန်စီအနီး၌ အင်္ဂလိပ်စစ်တပ်နှင့် တွေ့၍ အပိုင်းခံနေရသောအခါ အင်္ဂလိပ်စစ်တပ်နှင့်အတူပါလာသော မြတောင်မြို့စားက စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းလာသော်လည်း ဦးအောင်မြတ်က လက်မခံခဲ့ပေ။ သို့သော်လည်း ဗြိတိသျှတို့က ဦးအောင်မြတ်၏ နောက်လိုက်များကို ငွေကြေးနှင့်သာ[illegible]ရာထူးနှင့်ပါ ဖြားယောင်းသိမ်းသွင်းခဲ့သဖြင့် စိတ်မခိုင်သူအချို့ သစ္စာ[illegible]က်၍ အင်္ဂလိပ်ဘက်သို့ ပင်သွားကြသည်က တစ်ကြောင်း၊ ၎က်ဖျား[illegible]ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သေသူနှင့် စိတ်ဓာတ်ကျသူများလည်း ရှိလာသောကြောင့် ဦးအောင်မြတ်က အဝိုက်အခိုက်ရပ်ရန် ဆုံးဖြတ်လိုက်ပြီး အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးအောက်တွင် မနေလိုသဖြင့် တရုတ်ပြည်၊ ယူနန်နယ်သို့ ခိုဝင်သွားခဲ့သည်။

ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် ယူနန်နယ်၊ မိုင်းလမြို့၌ ၁၉ နှစ်၊ စန်းတာမြို့၌ ၁၃ နှစ်နေပြီးနောက် စော်ဘွားကြီး၏ မဟာဒေဝီ စောရွှေကြည်၏ ဦးရီးတော် သောင်ရွှေစော်ဘွားကြီး ဆာစောမောင်က မြန်မာပြည်ပြန်လာရန် တောင်းပန်သဖြင့် ၁၉၂၄ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်လာခဲ့သည်။ အင်္ဂလိပ် အစိုးရက ဝန်းသိုစော်ဘွားဦးအောင်မြတ်ကို တစ်လလျှင် ထောက်ပံ့ငွေ ၁၀၀ ကျပ်ပေးသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ပြည့်နှစ်၊ အောက်တိုဘာလမှ စ၍ စော်ဘွားကြီးဦးအောင်မြတ်ကို ဆရာကြီးသခင်ကိုယ်တော် မှိုင်းနှင့်အတူ အစိုးရက ထောက်ပံ့ကြေး တစ်လလျှင် ၅၀၀ ကျပ်စီ ချီးမြှင့်ခဲ့ သည်။ စော်ဘွားကြီးဦးအောင်မြတ်သည် အသက် ၁၀၃ နှစ်အရွယ်၊ ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် တောင်ကြီးမြို့၌ ကွယ်လွန်သည်။ စော်ဘွား ကြီး၏ မဟာဒေဝီ စောရွှေကြည်သည် အသက် ၇၁ နှစ်အရွယ်တွင် ကွယ်လွန် ခဲ့သည်။ စော်ဘွားကြီးတွင် စောခွန်ဆက်၊ စောစံမြ၊ ခွန်လုံး၊ ခွန်ဖုံးနှင့် ခွန်ချို ဟူသော သားငါးယောက်နှင့် နန်းဆိုင်မယ်နှင့် မစောဖြူဟူသော သမီးနှစ်ယောက် ရှိခဲ့သည်။

## အောင်ဆန်း၊ ဗိုလ်ချုပ် (၁၉၁၅-၁၉၄၇)

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီးနှင့် အမျိုးသားအာဇာနည်ခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မကွေးတိုင်း နတ်မောက်မြို့ဇာတိဖြစ်သည်။ ၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဖွား စနေသားဖြစ်သည်။ အမိန့်တော်ရ ရှေ့နေ ဦးဖာနှင့် ဒေါ်စုတို့၏ သားဖြစ်သည်။ ဇာတာအမည်မှာ ထိန်လင်းဖြစ်သော် လည်း ငယ်စဉ်ကပင် မောင်အောင်ဆန်းဟု တွင်သည်။ ငယ်စဉ်က နတ်မောက် မြို့ ဆရာတော် ဦးသောဘိတကျောင်း၌ နေခဲ့သည်။ ၁၉၂၈ ခုတွင် ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူခဲ့ရာ ၁၉၃၂ ခုတွင် ယင်းကျောင်းမှ ဆယ်တန်းကို မြန်မာစာနှင့် ပါဠိဘာသာတို့တွင် ဂုဏ်ထူးဖြင့် အောင်သည်။ ထိုစဉ်ကပင် ဉာဏ်ပညာထူးချွန်သဖြစ်၍ အထက်တန်း စကောလား



ဗိုလ်ချုပ်အောင်ဆန်း
(၁၉၁၅-၁၉၄၇)

www.burmeseclassic.com

www.burmeseclassic.com



ရှစ်နှင့် ဦးရွှေခိုဆု ရခဲ့ဖူးသည်။ ဆယ်တန်းအောင်ပြီးနောက် ရန်ကုန်တက္ကသိုလ်သို့ ဆက်တက်ရာ ၁၉၃၅-၃၆ ပညာသင်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂတွင် အမှုဆောင်အဖွဲ့ဝင်ဖြစ်လာရုံမက အိုးဝေမဂ္ဂဇင်း အယ်ဒီတာလည်း ဖြစ်လာသည်။ ၁၉၃၆ တက္ကသိုလ်သပိတ်၏ သပိတ်မှောက်ကောင်စီတွင် အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ၁၉၃၇ ခုတွင် ဝိဇ္ဇာတန်းအောင်မြင်ပြီးသော် ဥပဒေဝိဇ္ဇာတန်းသို့ ဆက်တက်သည်။ ၁၉၃၆-၃၇ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၃၆ တက္ကသိုလ်သပိတ်အပြီး ပေါ်လာသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကြီးကို ဦးစီးတည်ထောင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် ၁၉၃၇-၃၈ ပညာသင်နှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်ခဲ့သည်။ တက္ကသိုလ်အက်ဥပဒေပြင်ဆင်ရေးကော်မတီတွင် အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ခဲ့ဖူးသည်။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင် ပထမဆုံးကျောင်းသားကိုယ်စားလှယ်လည်း ဖြစ်ခဲ့သေးသည်။ ထို့နောက် ၁၉၃၈ ခုနှစ်၊ အောက်တိုဘာလတွင် တက္ကသိုလ်မှ ထွက်၍ တို့ဗမာအစည်းအရုံးဝင်ရာမှ သခင်အောင်ဆန်းဖြစ်လာသည်။ ၁၉၃၉ တွင်မူ တို့ဗမာအစည်းအရုံး၏ အတွင်းရေးမှူးရာထူးကိုပင် ရရှိခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဒုတိယကမ္ဘာစစ်ဖြစ်လာ၍ မြန်မာ့လွတ်လပ်ရေးအတွက် စည်းစည်းလုံးလုံး ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သော ဗမာ့ထွက်ရပ်ဂိုဏ်း၏ အတွင်းရေးမှူးလည်း ဖြစ်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် ပေါ်ပေါက်ခဲ့သော ပြည်သူ့အရေးတော်ပုံပါတီ၏ပြည်ပဆက်သွယ်ရေးခေါင်းဆောင်တာဝန်ကို ယူခဲ့ရသူလည်း ဖြစ်သည်။ ၁၉၄၀ ပြည့်၊ မတ်လအတွင်း အိန္ဒိယနိုင်ငံ ရမ်းဂါးမြို့၌ ကျင်းပသော အိန္ဒိယအမျိုးသားကွန်ဂရက်ညီလာခံသို့ တက်ရောက်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်ရောက်သော် မြန်မာနိုင်ငံကာကွယ်ရေးဥပဒေဖြင့် သခင်နှင့် ကျောင်းသားလူငယ်များကို အင်္ဂလိပ်နယ်ချဲ့အစိုးရက တရကြမ်း ဖမ်းဆီးထောင်ချနေချိန် ဖြစ်သည်။ သခင်အောင်ဆန်းကိုလည်း အင်္ဂလိပ်နယ်ချဲ့အစိုးရကို ဆန့်ကျင်ဟောပြောမှုဖြင့် ဟင်္သာတခရိုင် ရာဇဝတ်ဝန်က ဖမ်းဝရမ်းထုတ်သည်။ ထို့ကြောင့် နယ်ချဲ့အစိုးရက ဖမ်းဆီးမည့် ဘေးမှ ရှောင်ရန်နှင့် လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီရှာရန် သခင်အောင်ဆန်းသည် သခင်လှမြိုင်နှင့်အတူ ၁၉၄၀ ပြည့်၊ ဩဂုတ်လ



အတွင်း တရုတ်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။ တရုတ်ပြည် အမွိုင်သို့ ရောက်နေစဉ် မြန်မာနိုင်ငံမှ ရဲဘော်များ၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ဂျပန်အရာရှိ ဗိုလ်မှူးကြီးဆူဇူကီးကေအိဂျိနှင့် အဆက်အသွယ်ရကာ ဂျပန်နိုင်ငံသို့ ရောက်သွားသည်။ ထိုသို့ ဂျပန်နိုင်ငံရောက်သွားသည့်အတွက် မြန်မာလူငယ် ရဲဘော်သုံးကျိပ်ကို ဂျပန်နိုင်ငံ၌ စစ်ပညာသင်ယူရန် ဆက်လက်စီစဉ်နိုင်ခဲ့သည်။ ထိုရဲဘော်သုံးကျိပ်ကပင် ဦးဆောင်၍ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအချိန်မှ စ၍ သခင်အောင်ဆန်းသည် ဗိုလ်တေဇအဖြစ်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအဖြစ်လည်းကောင်း ထင်ရှားလာသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ဂျပန်တပ်မတော်က မြန်မာနိုင်ငံကို သိမ်းမိပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဟု ပြင်ဆင်ဖွဲ့စည်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် ဘီဒီအေ၏ စစ်သေနာပတိဖြစ်လာသည်။ ၁၉၄၂ ခု၊ စက်တင်ဘာလတွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်သည်။

မြန်မာနိုင်ငံကို ဂျပန်က လွတ်လပ်ရေးပေးသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝန်ကြီးနှင့် စစ်သေနာပတိဖြစ်လာသည်။ သို့သော် ဂျပန်ပေးသော လွတ်လပ်ရေးမှာ အတုအယောင်မျှသာ ဖြစ်သောအခါ ဗိုလ်ချုပ်အောင်ဆန်းကပင် ဦးဆောင်၍ (ဖတပလ)ကို ဖွဲ့ကာ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ စစ်ပြီး၍ ဖတပလကို ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး(ဖဆပလ)ဟု အတိအလင်းကြေညာ၍ ပြင်ဆင်ဖွဲ့စည်းသောအခါ ဖဆပလ၏ ဥက္ကဋ္ဌဖြစ်လာသည်။ စစ်ပြီး၍ ကန်ဒီစာချုပ်အရ ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်မှ ထွက်ပြီး နိုင်ငံရေးခေါင်းဆောင်အနေဖြင့် ဖဆပလကို ဦးဆောင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ဖဆပလခေါင်းဆောင်များအား ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ရာထူးလက်ခံရန် စကားကမ်းလှမ်းရာ ချမှတ်ထားသော စည်းကမ်းချက်များအတိုင်း မရ၍ ဗိုလ်ချုပ်အောင်ဆန်းတို့က လက်မခံခဲ့ပေ။ ယင်း(?)နောက် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထင်ရှားသည့် အထွေထွေအမှုထမ်းပေါင်းစုံ သပိတ်ကြီး ပေါ်ပေါက်ခဲ့သဖြင့် နယ်ချဲ့အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးယန္တရားကြီး

www.burmeseclassic.com

www.burmeseclassic.com




ရုတ်ခြည်းရပ်တန့်သွားတော့မည့် အခြေမျိုးဖြစ်သွား၍ ဘုရင်ခံသစ် ဆာဟူးဘတ်ရန့်စ်က ဗိုလ်ချုပ်အောင်ဆန်းအလိုကျ အစိုးရဖွဲ့စည်းရန် စကားကမ်းလှမ်းလာရတော့သည်။ ထိုကမ်းလှမ်းချက်များကို စဉ်းစားဆွေးနွေးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ဝင်အချို့သည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင်ရာထူးကို ယူလိုက်ကြသည်။ ထို့ကြောင့် ၁၉၄၆ ခု၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ စ၍ ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ ထို့နောက် မြန်မာ့လွတ်လပ်ရေးကိစ္စဆွေးနွေးရန် ဗြိတိသျှအစိုးရ၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် လန်ဒန်သို့ သွားရောက်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည့် အောင်ဆန်း-အက်တလီ သဘောတူညီချက်ကို ရရှိခဲ့သည်။ သို့သော် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရာတွင် ဗြိတိသျှနယ်ချဲ့အစိုးရက တောင်တန်းဒေသများကို ချန်ထားလိုသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းဒေသများကိုပါ တလုံးတစည်းတည်းပေးရန် တောင်းဆိုခဲ့သည်။ ထို့နောက် တိုင်းရင်းသားအားလုံးကို တပေါင်းတစည်းတည်း လွတ်လပ်ရေးပေးရေးအတွက် အရေးပါသည့် ပင်လုံညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရန်လည်း စည်းရုံးဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းများပြီး၍ လွတ်လပ်ရေးရရန် သေချာလာသောအခါ လွတ်လပ်သော မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကြမည့် တိုင်းပြုပြည်ပြုလွှတ်တော်အတွက် လူထုဆန္ဒခံယူပွဲကြီးကိုလည်း ၁၉၄၇ ခု၊ ဧပြီလတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ယင်းသို့ လွတ်လပ်လာမည့် မြန်မာနိုင်ငံအတွက် အခြေခံဥပဒေကိစ္စများ ဆက်လက်ဆောင်ရွက်ဆဲမှာပင် လူမသမာတို့၏ လက်ချက်ကြောင့် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် လုပ်ကြံခံခဲ့ရသည်။

(အာဇာနည်နေ့လည်း ကြည့်ပါ။)

## အောင်ဆန်း-အက်တလီစာချုပ် (၁၉၄၇)

တစ်နှစ်အတွင်း မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် မြန်မာအမျိုးသားခေါင်းဆောင်များနှင့် ဗြိတိသျှအစိုးရ၏ သဘောတူညီချက်များပါသည့် စာချုပ်ဖြစ်သည်။ ဗြိတိသျှအစိုးရနှင့် မြန်မာခေါင်းဆောင်များ မြန်မာ့လွတ်လပ်ရေးအတွက် ပထမဆုံးချုပ်ဆိုသည့် စာချုပ်ဟု ဆိုနိုင်သည်။ စာချုပ်ကို ၁၉၄၇



အင်္ဂလန်သို့ လွတ်လပ်ရေးအတွက် အရေးဆိုရန်မသွားမီ ရှမ်းပြည်နယ်မှခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်း တွေ့ဆုံစဉ်။ (၁၉၄၆ ဒီဇင်ဘာ)

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလန်သို့အသွား
အိန္ဒိယနိုင်ငံသို့ရောက်စဉ် ဝန်ကြီးချုပ်နေရူးနှင့်အတူတွေ့ရစဉ်



လန်ဒန်ရောက်ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်း–အက်တလီစာချုပ် ဆွေးနွေးပွဲမှ။
(ဝဲမှယာ) ဦးတင်ထွဋ်၊ သခင်မြ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဆာပက်သစ် လောရင့်(စ်) သခင်ဗစိန်



လန်ဒန်ရောက် မြန်မာကိုယ်စားလှယ်အဖွဲ့



လန်ဒန်ရောက် မြန်မာကိုယ်စားလှယ်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့ ဒေါ်ချက်စတာဟိုတယ်၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ညစာတည်ခင်းဧည့်ခံပွဲ၌
ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် ဆာပက်သစ်လောရင့်(စ်)တို့ တွေ့ကြစဉ် (၂၈ · ၁ · ၁၉၄၇)



အင်္ဂလန်မှပြန်လာသော ဗိုလ်ချုပ်အောင်ဆန်းကို မင်္ဂလာဒုံလေဆိပ်၌
သံတမန်များ၊ မိတ်ဆွေများက ကြိုဆိုကြစဉ်။
(၂·၂·၄၇)

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ် ၁၀ ၌ လက်မှတ်ရေးထိုးကြသည်။ စာချုပ်ကို မြန်မာတို့ဘက်မှ ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်၍လည်းကောင်း၊ ဗြိတိသျှအစိုးရဘက်မှ ဗြိတိသျှဝန်ကြီးချုပ် ကလီးမင့်ရစ်ချတ်အက်တလီက ခေါင်းဆောင်၍လည်းကောင်း ဆွေးနွေးပြီး သဘောတူ လက်မှတ်ရေးထိုးကြသောကြောင့် အောင်ဆန်း-အက်တလီစာချုပ်ဟု ခေါ်သည်။ စာချုပ်တွင် အချက် ၁၀ ချက်ပါဝင်သည်။ စာချုပ်ပါ အဓိကအချက်များ၏ အချုပ်သဘောမှာ-

၁။ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မြန်မာပြည်ဘုရင်ခံ၏ အလုပ်အမှုဆောင်ကောင်စီသည် ကြားဖြတ်အစိုးရအဖြစ် အသိအမှတ်ပြုခံရသည်။ ထို့ကြောင့် ကြားဖြတ်အစိုးရအာဏာများ ရှိလာသည်။

၂။ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနများကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကြားဖြတ်အစိုးရက အုပ်ချုပ်ခွင့်ရသည်။

၃။ ဗြိတိသျှလက်နက်ကိုင်တပ်များမှအပ မြန်မာနိုင်ငံကာကွယ်ရေးဆိုင်ရာ လက်နက်ကိုင်တပ်များကို ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကြားဖြတ်အစိုးရက အုပ်ချုပ်ခွင့်ရသည်။

၄။ ကိုယ်ပိုင်ဘဏ္ဍာရေး အုပ်ချုပ်ခွင့်ရသည်။

၅။ မြန်မာအစိုးရကိုယ်စားလှယ် မဟာမင်းကြီးတစ်ဦး လန်ဒန်မြို့၌ ထားခွင့်ရသည်။

၆။ မြန်မာပြည်မနှင့် တောင်တန်းဒေသများကို တပေါင်းတည်းလွတ်လပ်ရေးပေးရန်အတွက် တောင်တန်းဒေသများ၏ ဆန္ဒယူရန် သဘောတူကြသည်။

၇။ အရွယ်ရောက်သူတိုင်း မဲပေးနိုင်သော စနစ်ဖြင့် ရွေးကောက်သော တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ရမည်။

၈။ တိုင်းပြုပြည်ပြုလွှတ်တော်က လွတ်လပ်လာမည့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် အခြေခံဥပဒေ ပုံသဏ္ဌာန်ကို ဆုံးဖြတ်ရမည်။

၉။ ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်ရေးအတွက် ဗြိတိသျှအစိုးရက ထောက်ခံကူညီမည်။

ဤစာချုပ် ချုပ်ဆိုနိုင်ခြင်းအားဖြင့် ဗြိတိသျှအစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ စက္ကူဖြူစီမံကိန်းခေါ် စက္ကူဖြူအုပ်ချုပ်ရေးသည် လုံးဝချုပ်ငြိမ်းသွားသည်။ ဤစာချုပ်အရပင် တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်နိုင်၍ အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံထူထောင်ခွင့်ရခဲ့သည်။ ဥပဒေသဘောအရ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့တွင်မှ လွတ်လပ်ရေးရခဲ့သော်လည်း လက်တွေ့သဘောအရ ကြည့်လျှင် ဤစာချုပ်ချုပ်သည့် နေ့မှာပင် လွတ်လပ်ရေးရသည်ဟု ဆိုနိုင်ရာသည်။



## အောင်သပြေသီချင်း

ဂျပန်ခေတ်အတွင်းက လွတ်လပ်ရေးကြေညာသောအခါ လွတ်လပ်ရေးရ၍ ဝမ်းမြောက်ဂုဏ်ယူကြိုဆိုသည့်အနေဖြင့် ဆရာရွှေတိုင်ညွန့်က 'အောင်သပြေသီချင်း'ကို ရေးစပ်ခဲ့သည်။ ဤသီချင်းမှာလည်း လွတ်လပ်ရေးဂုဏ်ပြုတေးသီချင်းတစ်ပုဒ်ဖြစ်၍ သမိုင်းဝင်သီချင်းတစ်ပုဒ်ဖြစ်သောကြောင့် မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်။

၁။ (သပြေထွန်းတဲ့ တောင်ကျွန်းဒီပါ၊ မင်္ဂလာအခါရောက်ပြီ အောင်အတိတ်နဲ့ အောင်နိမိတ်တွေဟာ ထင်ပေါ်လာပါသည်)[၂]။ လွတ်လပ်ရေးကို ရပြီ ငါတို့စံဌာနီ ဗမာ့အောင်ပွဲကို နွှဲပြီး အလွန်ပဲ သာယာစည် အောင်ပန်းဆွတ်ကာ အောင်ဖေယျတုန့်င် သုတိမင်္ဂလာတည် (အောင်သပြေပွဲ)[၂] အောင်မြေထဲမှာ လွတ်လပ်ကြပါပြီ

(သံပြိုင်) (လွတ်လပ်ပြီ)[၂] တို့ပြည်လွတ်လပ်ပြီ အောင်သပြေကို ဆွတ်ခါတည် ငါတို့ကိုင်ဆောင်မည်။ (လွတ်လပ်ပြီ)[၂] တို့ပြည်လွတ်လပ်ပြီ ဗမာပီပီတို့ဌာနီ ငါတို့ကာကွယ်မည် ခေတ်သစ်ထူထောင်သည် သွေးနဲ့သာတည် ကမ္ဘာ့အထက် တန်းလက်စွမ်းပြနိုင်ပြီ။

၂။ တို့ဗမာများရဲ့ ရာဇဝင်သည် စဉ်းစားကြည့်တော့ ပေါ်လိမ့်မည် နှစ်တွေလတွေ အလွန်ကြာရှည် ညှဉ်းပန်းနှိပ်စက်ခံရသည်။ တို့အာဏာရှင် ကမ္ဘာတွင်ပြီ တစ်မျိုးလုံးအတွက်ကို ဆောင်ရွက်သည် တို့ကျွန်တွင်းမှ ကယ်တင်သည်။ လွတ်လပ်ရေးလည်း ခုပေးပြီ (လွတ်လပ်ရေးလက်ထဲရောက်ပြီ တို့အာရှတိုက်သားချင်းညီ စောင့်ရှောက်ပါမည်)[၂] ခါးတောင်းကျိုက် မဖြုတ်တမ်းအားစွမ်းညီ ထားထမ်းပြီးတော့ ငါတို့ ငါတို့ ကာကွယ်မည်။

(သံပြိုင်) (လွတ်လပ်ပြီ)[၂] တို့ပြည်လွတ်လပ်ပြီ······· ကမ္ဘာ့အထက်တန်းလက်စွမ်းပြနိုင်ပြီ

www.burmeseclassic.com



၃။ (ဗမာပြည်ရာဇဝင် ထင်ရှားတုန်းက ပြခဲ့တဲ့သွေးတွေ၊ ကျခဲ့တဲ့ချွေးတွေ အဲဒီသွေးနဲ့ ချွေးကိုတည် ခုလိုအရေးမှာ ရှေ့ဆောင်ပြုပါမည်)၂ (ကမ္ဘာတည် လွတ်လပ်တဲ့ ဗမာပြည် လွတ်လပ်တဲ့အလုပ်တွေ လုပ်ပြရမည် တို့တိုင်းတို့ပြည် ကာကွယ်မည်)၂

(သံပြိုင်) (လွတ်လပ်ပြီ)၂ တို့ပြည်လွတ်လပ်ပြီ······· ကမ္ဘာ့အထက်တန်း လက်စွမ်းပြနိုင်ပြီ

(ဂျပန်ခေတ်တေးသီချင်းများလည်း ကြည့်ပါ။)

## အုန်းမောင်၊ ဦး (၁၉၁၃–၁၉၄၇)

အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က မသမာသူများ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသူ ဦးအုန်းမောင်သည် မင်းဘူးဇာတိဖြစ်သည်။ မစ္စတာ အိပ်ချ်ဒဗလျူတာရပ်(တဲ)ကိန်းနှင့် ဒေါ်ရွှေမြင့်တို့၏ ဒုတိယသားဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၁၃ ခု၊ ဖေဖော်ဝါရီ ၂ ရက် တနင်္ဂနွေနေ့ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ် တပ်ရင်းတွင် တပ်ခွဲတပ်ထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်သည်။

၁၉၃၇ တွင် ဘီစီအက်(စ်) (BCS) စာမေးပွဲဖြေဆိုသူ သုံးဦးအနက် ဦးအုန်းမောင်က ပထမရသည်။ ၁၉၃၉ တွင် မန္တလေးမြို့ အရေးနယ်ပိုင်ဝန်ထောက်အဖြစ် ဆောင်ရွက်ပြီး ၁၉၄၇ ခုနှစ်တွင် မြစ်ကြီးနားအရေးပိုင်အဖြစ် တာဝန်ပေးခံရသည်။ ထို့နောက် လမ်းပန်းဆက်သွယ်ရေးဌာန ဒုတိယအတွင်းဝန်အဖြစ် အစည်းအဝေး တက်ရောက်စဉ် အာဇာနည်ကြီးများနှင့်အတူ လုပ်ကြံခံရခြင်းဖြစ်သည်။ ဇနီးဒေါ်သိန်းကြွယ်နှင့် သားကိုတင်မောင်သိန်း၊ ကိုကိုလှနှင့် ကိုမောင်မင်းမြင့်တို့ ကျန်ရစ်သည်။ (အာဇာနည်နေ့လည်း ကြည့်ပါ။)



## အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ပုံ

ဗြိတိသျှခေတ် အုပ်ချုပ်ရေးတွင် နယ်မြေခွဲခြားသတ်မှတ်ပုံမှာ ခရိုင် (division)၊ စီရင်စုခေါ် ဒီစတြိတ် (district)၊ ဆပ်ဒီဗီဇံ (sub-division)၊ မြို့နယ် (township) နှင့် ကျေးရွာ (village) တို့ဖြစ်သည်။ ခရိုင်သည် အုပ်ချုပ်ရေးနယ်မြေတွင် အကြီးဆုံးဖြစ်ပြီး ခရိုင်တစ်ခုလျှင် စီရင်စုခေါ် ဒီစတြိတ်သုံးခုမှ ခြောက်ခုအထိ ပါဝင်သည်။ စီရင်စုအောက်ငယ်သော နယ်မြေသည် မြို့နယ်ဖြစ်သည်။ မြို့နယ်အချို့ကို ပေါင်း၍ ဆပ်ဒီဗီဇံဟု ဖွဲ့စည်းသည်လည်း ရှိသည်။ မြို့နယ်အောက် အသေးဆုံးနယ်မြေသည် ကျေးရွာဖြစ်သည်။

အထက်ဖော်ပြပါ အုပ်ချုပ်ရေးစနစ်အရ အောက်မြန်မာနိုင်ငံခေါ် ဗြိတိသျှမြန်မာနိုင်ငံကို ရခိုင်ခရိုင်၊ တနင်္သာရီခရိုင်၊ ပဲခူးခရိုင်၊ ဧရာဝတီခရိုင်ဟူ၍ လေးခရိုင် ဖွဲ့စည်းခဲ့သည်။ ရခိုင်ခရိုင်တွင် စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲနှင့် ရခိုင်တောင်တန်းဒေသတို့ ပါဝင်ပြီး စစ်တွေသည် ခရိုင်ရုံးစိုက်ရာမြို့ ဖြစ်သည်။ တနင်္သာရီခရိုင်တွင် တောင်ငူ၊ သထုံ၊ သံလွင်၊ ကျိုက္ကမီ၊ ထားဝယ်၊ မြိတ်စီရင်စုတို့ ပါဝင်ပြီး မော်လမြိုင်သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည်။ ပဲခူးခရိုင်တွင် ရန်ကုန်၊ ဟံသာဝတီ၊ ပဲခူး၊ သာယာဝတီနှင့် ပြည်တို့ပါဝင်ပြီး ရန်ကုန်သည် ခရိုင်ရုံးစိုက်ရာမြို့ ဖြစ်သည်။ ဧရာဝတီခရိုင်တွင် ပုသိမ်၊ သုံးခွ၊ ဟင်္သာတနှင့် မြောင်းမြစီရင်စုတို့ ပါဝင်ပြီး ပုသိမ်သည် ခရိုင်ရုံးစိုက်ရာမြို့ ဖြစ်သည်။

အထက်မြန်မာနိုင်ငံကို သိမ်းယူပြီးသောအခါ ရှမ်းပြည်နယ်ကို ချန်လှပ်၍ မြောက်ပိုင်းခရိုင်၊ အလယ်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်ဟူ၍ ခရိုင်လေးခု ခွဲလိုက်သည်။ မြောက်ပိုင်းခရိုင်တွင် ဗန်းမော်၊ ကသာ၊ ရွှေဘို၊ ပထွမြားမြေနှင့် မန္တလေးစီရင်စုတို့ ပါဝင်ပြီး မန္တလေးသည် ခရိုင်ရုံးစိုက်သည့်မြို့ ဖြစ်သည်။ အလယ်ပိုင်းခရိုင်တွင် စစ်ကိုင်း၊ အဝ၊ ကျောက်ဆည်၊ ရေဦးနှင့် ချင်းတွင်းစီရင်စုတို့ ပါဝင်ပြီး ခရိုင်ရုံးစိုက်ရာမြို့မှာ စစ်ကိုင်းဖြစ်သည်။ တောင်ပိုင်းခရိုင်တွင် မြင်းခြံ၊ ပုဂံ၊ မင်းဘူးနှင့် တောင်တွင်းကြီးစီရင်စုများပါပြီး ခရိုင်ရုံးစိုက်ရာမြို့မှာ မင်းဘူးဖြစ်သည်။ အရှေ့ပိုင်းခရိုင်တွင် မိတ္ထီလာ၊ ရမည်းသင်းနှင့် နင်းကျန်း(ပျဉ်းမနား)စီရင်စုများ ပါဝင်ပြီး မိတ္ထီလာသည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည်။ ၁၈၉၇ ခုနှစ်ရောက်သောအခါ မြောက်ပိုင်းခရိုင်ကို မန္တလေးခရိုင်ဟုလည်းကောင်း၊ အလယ်ပိုင်းခရိုင်ကို စစ်ကိုင်းခရိုင်ဟုလည်းကောင်း၊ တောင်ပိုင်းခရိုင်ကို မင်းဘူးခရိုင်ဟုလည်းကောင်း၊ အရှေ့ပိုင်းခရိုင်ကို မိတ္ထီလာခရိုင်ဟုလည်းကောင်း အမည်များပြောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးနယ်မြေများကို ၁၈၈၆ မှ ၁၉၃၇ ခုနှစ်များအတွင်း လိုအပ်သလို အသစ်ဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်း၊ ခရိုင်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ခြင်းများလည်း ရှိသည်။ ဥပမာဆိုလျှင် မြောက်ပိုင်းခရိုင်မှ ဖန်းမော်စီရင်စုကို ၁၈၉၅ ခုနှစ်တွင် ဖန်းမော်နှင့် မြစ်ကြီးနားဟု စီရင်စုနှစ်ခု ခွဲလိုက်သကဲ့သို့ မြောက်ပိုင်းခရိုင်မှ ရွှေဘိုစီရင်စုနှင့် အလယ်ပိုင်းခရိုင်မှ ရေဦးစီရင်စုနှစ်ခုတို့ကိုပေါင်း၍ ရွှေဘိုစီရင်စုအမည်ဖြင့် အလယ်ပိုင်းခရိုင်သို့ ပြောင်းရွှေ့လိုက်သည်။ ထို့ကြောင့် မန္တလေးခရိုင်ဟု အမည်ပြောင်းလိုက်သည့် အချိန်တွင် မန္တလေးခရိုင်၌ မန္တလေး၊ ဖန်းမော်၊ မြစ်ကြီးနား၊ ကသာနှင့် ပတ္တမြားမြေစီရင်စုများ ပါဝင်သည်။

အလယ်ပိုင်းခရိုင်မှ စစ်ကိုင်းစီရင်စုနှင့် အဝစီရင်စုတို့ကို ၁၈၈၇ ခုနှစ်၊ စက်တင်ဘာလတွင် ပူးပေါင်းလိုက်ကာ စစ်ကိုင်းစီရင်စုဟု ပြင်ဆင်ဖွဲ့စည်းလိုက်သည့်အပြင် ချင်းတွင်းစီရင်စုကို အထက်ချင်းတွင်းနှင့် အောက်ချင်းတွင်းဟူ၍ စီရင်စုနှစ်စု ခွဲလိုက်သည်။ ကျောက်ဆည်စီရင်စုကိုလည်း ၁၈၉၀ ပြည့်၊ မတ်လတွင် အရှေ့ပိုင်းခရိုင်သို့ ပြောင်းရွှေ့လိုက်သည်။ ထို့ကြောင့် စစ်ကိုင်းခရိုင်ဟု အမည်ပြောင်းလိုက်သည့်အချိန်တွင် စစ်ကိုင်းခရိုင်တွင် စစ်ကိုင်း၊ ရွှေဘို၊ အထက်ချင်းတွင်းနှင့် အောက်ချင်းတွင်းစီရင်စုလေးစု ပါဝင်သည်။

တောင်ပိုင်းခရိုင်တွင်လည်း ၁၈၈၈ ခုနှစ်တွင် ပုဂံစီရင်စုကို ဖျက်သိမ်းလိုက်ပြီး ပုဂံနှင့် မြင်းခြံအနောက်ဘက်နယ်မြေများကို ပခုက္ကူစီရင်စုဟု အသစ်ဖွဲ့စည်းလိုက်သည်။ ထို့ပြင် တောင်တွင်းကြီးစီရင်စုကို နယ်မြေတိုးချဲ့ကာ မကွေးစီရင်စုဟု ပြောင်းလဲခေါ်တွင်စေသည်။ သရက်မြို့စီရင်စုကို ၁၈၉၃ ခုနှစ်တွင် တောင်ပိုင်းခရိုင်အတွင်း ထည့်သွင်းလိုက်ပြီး မြင်းခြံစီရင်စုကို အရှေ့ပိုင်းခရိုင်အတွင်းသို့ ပြောင်းလိုက်သည်။ ထို့ကြောင့် မင်းဘူးခရိုင်ဟု အမည်ပြောင်းလိုက်သည့်အချိန်တွင် မင်းဘူးခရိုင် ၌ မင်းဘူး၊ ပခုက္ကူ၊ မကွေးနှင့် သရက်စီရင်စုများ ပါဝင်သည်။

အလယ်ပိုင်းခရိုင်မှ ကျောက်ဆည်စီရင်စုကို ၁၈၉၀ ပြည့်၊ မတ်လတွင် အရှေ့ပိုင်းခရိုင်သို့ ပြောင်းရွှေ့ပြီး ၁၈၉၂ ခုနှစ်၊ အောက်တိုဘာလတွင် ပျဉ်းမနားစီရင်စုနှင့် ရမည်းသင်းစီရင်ဟု အသစ်ဖွဲ့စည်းသည်။ တောင်ပိုင်းခရိုင်မှ မြင်းခြံစီရင်စုကို ၁၈၉၃ ခုနှစ်တွင် အရှေ့ပိုင်းခရိုင်အတွင်းသို့ ထည့်သွင်းလိုက်သည်။ ထို့ကြောင့် မိတ္ထီလာခရိုင်ဟု အမည်ပြောင်းလိုက်သည့် အချိန်တွင် မိတ္ထီလာခရိုင်တွင် မိတ္ထီလာ၊ ကျောက်ဆည်၊ ရမည်းသင်းနှင့် မြင်းခြံစီရင်စု လေးခုပါဝင်သည်။

မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးကာလ ကုန်ဆုံးပြီးနောက် ဒုတိယဘုရင်ခံအုပ်ချုပ်သည့် ကာလအတွင်း ၁၉၀၇ တွင်မူ မင်းဘူးခရိုင်ရုံးကို မကွေးသို့ပြောင်းရွှေ့ပြီး ခရိုင်အမည်ကိုလည်း မကွေးခရိုင်ဟု ပြောင်းလိုက်သည်။ ၁၉၂၅ ခုနှစ်ရောက်သောအခါ မိတ္ထီလာခရိုင်မှ မိတ္ထီလာ၊ ကျောက်ဆည်၊ ရမည်းသင်းနှင့် မြင်းခြံစီရင်စုများကို မန္တလေးခရိုင်အတွင်း ထည့်သွင်းလိုက်ပြီး မိတ္ထီလာခရိုင်ကို ဖျက်သိမ်းလိုက်သည်။ ထို့နောက် မန္တလေးခရိုင်အတွင်းရှိ မြစ်ကြီးနား၊ ဖန်းမော်နှင့် ပူတာအိုတို့ကို ရှမ်းပြည်နယ်များနှင့်ပေါင်း၍ အရှေ့မြောက်နယ်ခြားခရိုင်ဟု ဖွဲ့စည်းသည်။ ၁၉၂၂ ခုနှစ် ရောက်သောအခါ ရှမ်းပြည်နယ်များပေါင်း၍ 'ပဒေသရာဇ်ရှမ်းပြည်နယ် (Federated Shan States)ကို ဖွဲ့စည်းသောအခါ ဖန်းမော်၊ မြစ်ကြီးနား၊ ကသာနှင့် နာဂတောင်တန်းများသည် စစ်ကိုင်းခရိုင်အတွင်း ပါဝင်သွားသည်။ ဤသို့ အောက်မြန်မာနိုင်ငံ၌ ခရိုင်လေးခုနှင့် အထက်မြန်မာနိုင်ငံ၌ ခရိုင်သုံးခု စုစုပေါင်း ခရိုင်ခုနစ်ခုနှင့် 'ပဒေသရာဇ် ရှမ်းပြည်နယ်'ဟူ၍ ခွဲခြားသတ်မှတ်၍ အုပ်ချုပ်သည့် စနစ်သည် မြန်မာတို့ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်အထိ တည်ရှိခဲ့သည်။



ဗြိတိသျှတို့၏ ကိုလိုနီအုပ်ချုပ်ရေးသည် အုပ်ချုပ်ရေးနယ်မြေအလိုက် အာဏာခွဲဝေပေးထားသော အရာရှိအဆင့်ဆင့်ဖြင့် အုပ်ချုပ်သည့် စနစ်ဖြစ်သည်။ ထိုစနစ်အရ ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ မြန်မာတစ်နိုင်ငံလုံးကို တာဝန်ခံအုပ်ချုပ်ရသူမှာ မဟာဝန်ရှင်တော်မင်းကြီး (Chief Commissioner)ဖြစ်သည်။ မဟာဝန်ရှင်တော်မင်းကြီးတွင် ဥပဒေပြဋ္ဌာန်းနိုင်သည့်အာဏာ မရှိပေ။ ၁၈၉၇ ခုနှစ်မှ ၁၉၂၂ ခုနှစ်အထိ အုပ်ချုပ်ရေးတာဝန်ခံမှာ ဒုတိယဘုရင်ခံ (Lientenant-Governor) ဖြစ်ပြီး ၁၉၂၃ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ အုပ်ချုပ်ရေးတာဝန်ခံမှာ ဘုရင်ခံမင်းကြီး (Governor) ဖြစ်သည်။ မဟာဝန်ရှင်တော်မင်းကြီးလက်အောက်တွင် ခရိုင်ကို အုပ်ချုပ်ရသော ခရိုင်ဝန်ရှင်တော်မင်းကြီးများ (Commissioner)၊ စီရင်စုများကို အုပ်ချုပ်ရသော အရေးပိုင် (Deputy Commissioner)၊ ဆပ်ဒီဗီဇံနယ်များကို အုပ်ချုပ်ရသော နယ်ပိုင်ဝန်ထောက်နှင့် စစ်ကဲကြီးများ (Assistant Commissioner)နှင့် မြို့နယ်များကို အုပ်ချုပ်ရသော မြို့အုပ် (Subdivisional Officer or Myook) နှင့် ကျေးရွာများကို အုပ်ချုပ်ရသော ကျေးရွာသူကြီးများ (Village headman) ရှိသည်။ မြို့နယ်သည် အရာရှိအဆင့်အုပ်ချုပ်သည့် အငယ်ဆုံးအုပ်ချုပ်ရေးနယ်မြေဖြစ်သည်။

## အိန္ဒိယသွား သဘင်ပညာသည်များ (၁၉၃၆)

ကိုလိုနီခေတ်အတွင်း ၁၉၃၆ ခုနှစ်က ဆန်းလိုက်ဦးမောင်ကြီး ခေါင်းဆောင်သော မြန်မာသဘင်ပညာသည်အဖွဲ့တစ်ဖွဲ့ အိန္ဒိယသို့ သွားရောက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအဖွဲ့တွင် ဓာတ်မင်းသားရတနာသိန်းအောင်၊ အငြိမ့်မင်းသမီးများဖြစ်ကြသော ယုနီဗာစီတီ မြသန်းကြည်၊ ကြိုးကြာမယ်ခင်သန်း၊ တပြည်သူမြစိန်၊ အညာသူမိချဲတို့ ပါဝင်ကြသည်။ တီးဝိုင်းမှာ ယုနီဗာစီတီတီးဝိုင်းဖြစ်သည်။

## အိန္ဒိယသွား မြန်မာအလေးမသမားများအဖွဲ့ (၁၉၃၆)

အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲခေါ် အိန္ဒိယအင်ပိုင်ယာ အလေးမပြိုင်ပွဲကို ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပသည်။ ထိုပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင် ဝတ်လုံတော်ရ ဦးချန်ထွန်း၊ အတွင်းရေးမှူး ခြေလျင်ဦးအုန်းခင်၊ အဖွဲ့ဝင်များအဖြစ် ဦးရှိန်၊ ဦးဇော်ဝိတ်၊ တိုးတက်ရေးဦးစိန်၊ ဦးစံသင်နှင့် ဦးထွန်းမြင့်တို့ပါသော မြန်မာအဖွဲ့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ ၄င်းပြိုင်ပွဲမှာ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ စေလွှတ်ရေးအတွက် အဆုံးအဖြတ်ပေးသည့်ပွဲလည်း ဖြစ်သည်။

ထိုပြိုင်ပွဲတွင် ၁၂ စတုန်နှင့် ဟဲဗီးဝိတ်တန်းတွင် ဦးဇော်ဝိတ်၊ ကိုးစတုန်တန်းတွင် ဦးထွန်းမြင့်နှင့် ရှစ်စတုန်တန်းတွင် ဦးစံသင်တို့က ချန်ပီယံယမ်ဘွဲ့ အသီးသီးရရှိခဲ့ကြသည်။ ထို့ကြောင့် မြန်မာအလေးမသမားများအဖွဲ့သည် ချန်ပီယံဘွဲ့ဖလားများပိုက်၍ ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။ မြန်မာအားကစားအဖွဲ့ ရန်ကုန်ရောက်ပြီးနောက် မကြာမီပင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကာယဗလအစည်းအဝေးက ဦးဇော်ဝိတ်အား ဂျာမနီပြည် ဘာလင်မြို့တွင် ကျင်းပမည့် ကမ္ဘာ့အိုလံပစ်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်လိုက်သည်။

## အိန္ဒိယ–မြန်မာအလေးမပြိုင်ပွဲ (၁၉၄၇)

အိန္ဒိယ-မြန်မာ အလေးမပြိုင်ပွဲကို ၁၉၄၇ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ရန်ကုန်မြို့၌ ကျင်းပသည်။ ထိုပြိုင်ပွဲတွင် မြန်မာအလေးမသမားများက အနိုင်ရကြသည်။ ကိုငွေကိုင်(ဗိုလ်မှူးငွေကိုင်)က ဘင်တန်းဝိတ်တန်းတွင် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။ သို့သော်လည်း အိန္ဒိယ-မြန်မာအလေးမပြိုင်ပွဲ မကျင်းပမီ ရက်အနည်းငယ်စော၍ အီရန်အလေးမသမားတစ်ဦးက ကမ္ဘာ့စံချိန်သစ်တင်လိုက်သဖြင့် ကိုငွေကိုင်၏စံချိန်မှာ ကမ္ဘာ့စံချိန်အဖြစ် အသိအမှတ်ပြုမခံလိုက်ရပေ။

## အိန္ဒိယသွား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့(၁၉၄၀)

အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး ပဏ္ဍိတ်ဂျဝါလာနေရူးသည် ၁၉၃၇ ခုနှစ် မေလအတွင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်သောအခါ

သခင်အောင်ဆန်းခေါင်းဆောင်သော ရမ်ဂါးသွားမြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့



အိန္ဒိယနိုင်ငံ ရမ်ဂါးညီလာခံသို့ သွားရောက်ခဲ့စဉ်က(ဝဲမှယာ)ကိုချန်ထွန်း၊ သခင်အောင်ဆန်း၊ သခင်အောင်အောင်၊ ကိုဝင်းမေ၊ သခင်အုန်းမြင့်၊ သခင်သန်းထွန်းတို့ကို တွေ့ရစဉ်။



(က) သခင်အောင်ဆန်း (ခ) သခင်တင်အောင် (ဂ) သခင်အုန်းမြင့် (ဃ) သခင်သန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



တို့ဗမာအစည်းအရုံးက လိုက်လံပျံ့ပွားစွာ ကြိုဆိုဧည့်ခံခဲ့သည်ကို တုံ့ပြန်သောအားဖြင့် ၁၉၄၀ ပြည့် မတ်လတွင် အိန္ဒိယနိုင်ငံ ရမ်းဂါးမြို့၌ကျင်းပသည့် ကွန်ဂရက်ပါတီ၏ ညီလာခံသို့တက်ရောက်ရန် တို့ဗမာအစည်းအရုံးအား ဖိတ်ကြားခဲ့သည်။ ထိုညီလာခံသို့ တို့ဗမာအစည်းအရုံး၏အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အခြားကိုယ်စားလှယ်အဖွဲ့ဝင်များမှာ သခင်သန်းထွန်း၊ သခင်တင်မောင်(ပန်းတနော်)၊ သခင်တင်အောင်၊ သခင်အုန်းမြင့်၊ သခင်အုန်းဖေ(ဝါးခယ်မ)၊ သခင်ဗဟိန်း၊ ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)၊ သခင်ဗနှင့် သခင်ဆင်းဂုပ္ပတတို့ ဖြစ်သည်။ ၎င်းတို့နှင့်အတူ အိန္ဒိယကွန်ဂရက်ညီလာခံသို့ပေးပို့သည့် တို့ဗမာအစည်းအရုံး၏သဝဏ်လွှာနှင့် တို့ဗမာအစည်းအရုံး၏ ကြေညာစာတမ်းများကိုလည်း ယူသွားသည်။

သခင်အောင်ဆန်းခေါင်းဆောင်သော သခင်ကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၀ ပြည့်နှစ် မတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်မှ သင်္ဘောဖြင့် အိန္ဒိယသို့ ထွက်ခွာသွားကြသည်။ မတ်လ ၂၉ ရက်နေ့ ရမ်းဂါးမြို့တွင် စတင်ကျင်းပသော ကွန်ဂရက်ညီလာခံသို့ သခင်အောင်ဆန်းတို့တက်ရောက်ပြီး ဗြိတိသျှနယ်ချဲ့စနစ်ကို အိန္ဒိယနှင့်မြန်မာတို့ လက်တွဲ၍တိုက်မည်ဟု ဟောပြောသည်။ ညီလာခံရက်များတွင်သာမက အခြားရက်များတွင်ပါ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် နေရူးအပါအဝင် ကွန်ဂရက်အဖွဲ့ခေါင်းဆောင်များနှင့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးတို့အတွက် ဆွေးနွေးကြသည်။ ဧပြီလ(၂)ရက်နေ့တွင် လာဟို (Lahore) မြို့၌ ကွန်ဂရက်အဖွဲ့က ကြီးမှူးကျင်းပသော တရားပွဲ၌ လွတ်လပ်ရေးတိုက်ပွဲတွင် ကုလား-မြန်မာညီညွတ်ရေးလိုအပ်ပုံ မြန်မာကိုယ်စားလှယ်အဖွဲ့က ဟောပြောခဲ့သည်။ ခရီးစဉ်အတွင်း တို့ဗမာအစည်းအရုံး၏ကြေညာစာတမ်း၊ ဝါဒနှင့် လုပ်ငန်းစဉ်တို့ကိုလည်း ဖြန့်ဝေခဲ့ကြသည်။

ကွန်ဂရက်ညီလာခံသို့တက်လာသော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွန်ဂရက်အဖွဲ့ခေါင်းဆောင်ကြီးနေရူးက အေလဟာဘတ်မြို့ရှိသူ့အိမ်သို့ဖိတ်၍ အထူးတလည် ဧည့်ခံသည်။ ထိုဧည့်ခံပွဲတွင် ကမ္ဘာ့အရေး၊ မြန်မာ့အရေးနှင့် အိန္ဒိယအရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ စစ်အတွင်း ဗြိတိသျှတို့နှင့် မပူးပေါင်းရေးနှင့် အာရှသို့ ကမ္ဘာ့စစ်မီး ကူးလာလျှင် လွတ်လပ်ရေးအရယူရေးတို့ကို ဆွေးနွေးကြသည်။ ဤသို့ဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ ပိုမိုရင်းနှီးလာ၍ လွတ်လပ်ရေးကြိုးပမ်းမှုကို အားတက်စေခဲ့သည်။

# ကျမ်းကိုးစာရင်း


၁။ ကျော်မြင့်လွင်၊ **မြန်မာ့ဗလခရီးနှင့် ကာယဗလဖခင်**၊ နှစ်တွဲ၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၅

၂။ ကျော်ဝင်း၊ မြဟန်နှင့် သိန်းလှိုင်၊ **တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ**၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၉၀ ဧပြီ

၃။ ကြည်ညွန့်(ချစ်ကြည်ရေး)၊ **သမိုင်းဝင်သူရိယမြန်မာ့အလင်းနှင့် မြန်မာနိုင်ငံရေး**၊ ရန်ကုန်၊ ပြည်တော်ကျက်သရေပုံနှိပ်တိုက်၊ ၁၉၇၀ ဒီဇင်ဘာ

၄။ ကြည်ခင်(လျှပ်စစ်ခေတ်အား)၊ **ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ရောက်ပညာသင်သုံးကျိပ်**၊ ရန်ကုန်၊ စာပေဗိမာန် ၁၉၇၇

၅။ ကြည်မာ(တက္ကသိုလ်)၊ **ပြည်ထောင်စုအလံ**၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၀

၆။ ကြန်၊ မ၊ **သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ**၊ ရန်ကုန်၊ နန်းသဇင်ပုံနှိပ်တိုက်၊ ၂၀၀၂ စက်တင်ဘာ

၇။ ——၊ **မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေး၊** (၁၈၈၆-၉၇)၊ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်၊ ၂၀၀၃ ဇွန်

၈။ ——၊ **ကိုလိုနီခေတ်ဦးကျေးရွာအုပ်ချုပ်ရေး၊** (၁၈၈၆-၉၇)၊ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်၊ ၂၀၀၅

၉။ ——၊ မ၊ **သမိုင်းဟူသည်နှင့် အခြားစာတမ်းများ**၊ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်

www.burmeseclassic.com




၁၀။ ကြန်၊ မ **ပဒေသရာဇ်မြန်မာနိုင်ငံ၏စာတ်သိမ်း၊** ရန်ကုန်၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၈၁

၁၁။ ——။ *'လောဒ်ဒပ်ဖရင့် မန္တလေးသို့ လာရောက်စဉ်က'* **နိုင်ငံသမိုင်းသုတေသနစာစောင်၊** ၄၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ ၁၉၇၉

၁၂။ ခင်မောင်ညွန့်(ဒေါက်တာ)၊ 'မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဦးစီးဌာန' **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊** ၁၉၉၂ ရန်ကုန်၊ စာပေဗိမာန်၊ စာ ၄၃-၅၇

၁၃။ ခင်မင်၊ မောင်(ဓနုဖြူ)၊ 'မြန်မာဖတ်စာသမိုင်းနိဒါန်း' **ပညာရေးတက္ကသိုလ်မဂ္ဂဇင်း၊** ၁၉၇၅

၁၄။ ခင်အေး၊ ဦး(မောင်ခင်မင်၊ ဓနုဖြူ) တည်းဖြတ်ဖြည့်စွက် မောင်သုတအမည်ခံ ဗိုလ်မှူးဘသောင်း (မဟာဝိဇ္ဇာ၊ ရွှေတံဆိပ်ဆုရ) ပြုစုသော **စာဆိုတော်များအတ္ထုပ္ပတ္တိ၊** ရန်ကုန်၊ ရာပြည့်အော့ဖ်စက်၊ ၂၀၀၂

၁၅။ ခင်မောင်လတ်၊ **မီးတုတ်သခင်သိန်းမောင်ကြီး၏ ဘဝနှင့် နိုင်ငံရေးလှုပ်ရှားမှုများ၊** ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၈၇

၁၆။ ခင်လေး 'ဗီမော်-ဂေါလန်-ကန်ဖန်' **ရှာရှာဖွေဖွေမြန်မာ့သမိုင်း၊** အတွဲ ၂၊ ရန်ကုန်၊ အင်းဝစာအုပ်တိုက်၊ ၁၉၉၉ ဖေဖော်ဝါရီ၊ စာ ၃၈၅-၉၂

၁၇။ ခင်နှင်းဦး၊ 'ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မိတ်ဆက်' **ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်း၊** ၂၀၀၄၊ စာ ၁၄၆-၉

၁၈။ ချစ်ဆွေ(မေမြို့)၊ **ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုလစဉ်မှတ်တမ်း** (၁၉၄၅-၄၇)၊ ရန်ကုန်၊ ကုမာရပုံနှိပ်တိုက်၊ ၁၉၈၀

၁၉။ ချစ်မောင်၊ သခင်(ဝိဓူရ)၊ **အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးသခင်မြ၊** ရန်ကုန်၊ မိသားစုပုံနှိပ်တိုက်၊ ၁၉၇၉၊ ဇူလိုင်

၂၀။ **ဂျာနယ်ကျော်စာစောင်၊** ၂၅.၁.၁၉၄၇

၂၁။ ဂျီလှမောင်၊ **ကမ္ဘာ့ပန်းချီသိ-ဗမာပန်းချီသိ၊** (မြန်မာ့ပန်းချီဆရာများနှင့် ပန်းချီပညာအဘိဓာန်)၊ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်၊ ၁၉၆၈

၂၂။ စိုးမောင်(မြန်မာ့အလင်း)၊ **ဝန်းသိုစော်ဘွားကြီး** (ဗမာရှေ့ပြေးတော်လှန်ရေးသမားကြီး)၊ ရန်ကုန်၊ သမာမိတ္တ၊ ၁၉၅၆

၂၃။ စိုးဝင်း၊ ဦး၊ 'ရာထူးဝန်အဖွဲ့နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဆိုင်ရာ သမိုင်းမှတ်တိုင်များ' **နိုင်ငံ့ဝန်ထမ်းဂျာနယ်၊** ရန်ကုန်၊ ၂၀၀၄ မတ်လ၊ စာ ၁၉၆-၂၀၉





၂၄။ စိန်တင်၊ တက္ကသိုလ်၊ **စောစံဖိုးသင်အတ္ထုပ္ပတ္တိ၊** ရန်ကုန်၊ တကောင်းစာအုပ်တိုက်၊ ၁၉၇၄ အောက်တိုဘာ

၂၅။ ——။ **တိုင်းကျိုးပြည်ကျိုးဆောင် TPS ဘွဲ့ရမေတ္တာ၊ ကရုဏာရှင် အမျိုးသမီးကြီးဘွားဦးဇွန်း၊** နှင်းဆီကုန်းဘိုးဘွားရိပ်သာ ၇၅ နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် (၁၉၃၃-၂၀၀၈) ရန်ကုန်၊ ညောင်ရမ်းစာအုပ်တိုက်၊ ၂၀၀၇ ဒီဇင်ဘာ

၂၆။ ဆုရှင်၊ မောင်၊ **မြတ်ဘုရားရွှေတိဂုံ၊** ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၂

၂၇။ **စီဝိတဒါနသံဃာ့ဆေးရုံကြီးသမိုင်း၊** ရန်ကုန်၊ ဘိုးရာဇာပုံနှိပ်တိုက် (၁၉၉၃)

၂၈။ ဇေယျ၊ **မှတ်တမ်းဝင်ဗမာ့အရေးအခင်းများ၊** ရန်ကုန်၊ ချိုးဖြူစာပေ

၂၉။ ဇေယျာ၊ မောင်၊ **စာပေသမိုင်းပုဂ္ဂိုလ်ရေးအတွေးအမြင်များ၊** ရန်ကုန်၊ ချစ်စရာစာပေ၊ ၂၀၀၃ ဩဂုတ်

၃၀။ ညီညီ၊ ဒေါက်တာ၊ **မြန်မာနိုင်ငံအမျိုးသားမော်ကွန်း၊** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၈၇

၃၁။ ——။ 'မြန်မာနိုင်ငံသုတေသနအသင်း'၊ **မြန်မာ့စွယ်စုံကျမ်း၊** ၁၀၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၆၊ စာ ၂၅၁-၃

၃၂။ ညိုမြ၊ 'ကလောင်သမိုင်း' **အိုးဝေဂျာနယ်၊** ၁.၁၂.၁၉၇၁

၃၃။ **တို့ဗမာအစည်းအရုံးသမိုင်း**(အကျဉ်းချုပ်)၊ နှစ်တွဲ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆

၃၄။ **တက်တိုး၏ တက်တိုး၊** (တက်တိုးဘဝမှတ်တမ်း) ရန်ကုန်၊ ရွှေဟသာပုံနှိပ်တိုက်၊ ၂၀၀၁ အောက်တိုဘာ

၃၅။ **တက္ကသိုလ်များဆေးရုံ နှစ် (၅၀)၊ ရွှေရတုစာစောင်၊** ပြန်ကြားရေးဆပ်ကော်မတီ၊ ၁၉၇၈

၃၆။ တိုက်စိုး၊ **စာရေးစားပွဲပေါ်မှ ပုံရိပ်များ၊** ရန်ကုန်၊ စာအုပ်ဈေး၊ ၂၀၀၅ ဩဂုတ်

၃၇။ —— ၊ **ဂျူဗလီဟောမြင်ကွင်း၊** ရန်ကုန်၊ သီဟရတနာပုံနှိပ်တိုက်၊ ၁၉၈၇ ဩဂုတ်

၃၈။ —— ၊ **မင်းနှင့် စာဆို၊** ရန်ကုန်၊ နှလုံးလှစာပေ

၃၉။ —— ၊ **ယဉ်ကျေးမှုအထိမ်းအမှတ်များ၊** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၆


www.burmeseclassic.com

www.burmeseclassic.com




၄၀။ တင်ထွန်းအောင်(မြန်မာ့အလင်း)၊ **မြန်မာ့နိုင်ငံရေးနှင့် သခင်ဘသောင်း၊** ရန်ကုန်၊ စပယ်ဦးစာပေ၊ ၁၉၈၀ ဒီဇင်ဘာ

၄၁။ တင်မောင်(ဗိုလ်မှူးကြီးဟောင်း)၊ **တိုင်းပြည်ကနေ့ မှန်တိုင်းကထန်ထန်၊** ရန်ကုန်၊ ချစ်မြိုင်စာပေ၊ ၁၉၇၅ စက်တင်ဘာ

၄၂။ တင်လှိုင်၊ ဦး၊ 'တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးသမိုင်း' **ရန်ကုန်တက္ကသိုလ် နှစ် ၅၀ ပြည့်အထိမ်းအမှတ်စာစောင်၊** အပိုင်း(၂)

၄၃။ တင်လှ၊ ဦး၊ 'မြန်မာအဘိဓာန်သမိုင်းအကျဉ်းချုပ်' **မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊** အတွဲ ၄၇၊ ၁၊ ၁၉၆၄ ဇွန်၊ စာ ၂၂၅-၄၃

၄၄။ တင်သန်းဦး၊ 'တောရိုင်းတိရစ္ဆာန်များ' **တက္ကသိုလ်ပညာပဒေသာစာစောင်၊** အတွဲ ၁၄၊ အပိုင်း ၁၊ အထက်တန်းပညာဦးစီးဌာန၊ ၁၉၈၀ ဇန်နဝါရီ

၄၅။ တင်မြ၊ သခင်၊ **ဘုံဘဝမှာဖြင့်၊** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၁

၄၆။ —— 'ထရော့စကီးနှင့် သခင်စိုး' *Northern Star Journal* 28 May 2009.

၄၇။ —— 'ပုဆိုးကျွတ်ကျသည့် ဥက္ကဋ္ဌကြီးနှင့် ပတ်သက်၍' *The Voice Weekly*, April 6-12,-2009

၄၈။ —— 'ဦးစက်စိန်သို့ သခင်တင်မြ၏ ပြန်ကြားချက်' *The Voice Weekly*, Feb 23, — March 1, 2009

၄၉။ တင်နိုင်တိုး 'နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင် ချင်းတိုင်းရင်းသား ဗိုလ်ဆွန်ပက်' *Weekly Eleven News*, 7.1.2009

၅၀။ **တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊** မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၊ ၁၉၈၃ နိုဝင်ဘာ

၅၁။ **တပ်မတော်သမိုင်း၊** (၁၉၄၅-၄၈)၊ တတိယတွဲ၊ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၅ မတ်လ

၅၂။ ထူးမောင်၊ ဦး၊ **မြန်မာ့ဘဏ်လုပ်ငန်းသမိုင်း၊** ရန်ကုန်၊ စံပယ်ဦးပုံနှိပ်တိုက်၊ ၁၉၈၃ ဧပြီ

၅၃။ **၁၂၉၂ ခု တောင်သူလယ်သမားအရေးတော်ပုံ၊** ရန်ကုန်၊ ပြန်ကြားရေးဌာန၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၆၅

၅၄။ ထိန်လင်း၊ ဦး (တံခွန်ဂျာနယ်) **မြန်မာနှင့်ဘောလုံး၊** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၁





၅၅။ ဒလဘန်း၊ **အဘာဘဝ၊ အဘာအကြောင်း တစေ့တစောင်း၊** ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၂၀၀၉

၅၆။ ဒဂုန်ရွှေမျှား၊ **မြန်မာနိုင်ငံစာပေဆုများ၊** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၂

၅၇။ ဒေါ်ခွန်း(မဟာဝိဇ္ဇာ)၊ **ချင်းအမျိုးသားများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊** ရန်ကုန်၊ ပြည်သူ့မိတ်ဆွေစာပုံနှိပ်တိုက်၊ ၁၉၇၆ အောက်တိုဘာ

၅၈။ နီနီမြင့်(သမိုင်းဌာန) **မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း** (၁၈၈၅-၁၈၉၅)၊ အပိုင်း ၁၊ ရန်ကုန်တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၈၆ ဇန်နဝါရီ

၅၉။ နေညွန့်ဗဆွေ၊ **ပြည်သူ့အရေးတော်ပုံပါတီ** (၁၉၃၀-၄၆)၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၈၄

၆၀။ **နှစ်တရာပြည့်မီးရထား၊** (၁၈၇၇-၁၉၇၇)၊ ရန်ကုန်၊ ဆန်းသစ်ပုံနှိပ်တိုက်၊ ၁၉၇၇ မေ

၆၁။ ပါရဂူ၊ **ဂင်္ဂါနှင့် ဧရာဝတီ၊** ရန်ကုန်၊ လောကစာပေတိုက်၊ ၁၉၉၅ ဇူလိုင်

၆၂။ **ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ အထွေထွေသမိုင်း၊** ရန်ကုန်၊ ကုတ်ကိုင်းသာသနာရိပ်သာ၊ ၁၉၅၈

၆၃။ ဖေသိန်း၊ ဦး(ကာတွန်း) **စာနယ်ဇင်းကာတွန်းသမိုင်း၊** ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက် ၂၀၀၉

၆၄။ ဗဆွေ၊ ဦး၊ 'တော်လှန်ရေး၏ မြုပ်ကွက်ရှုပ်ကွက်များ'၊ **ရွှေတူဂျာနယ်၊** အတွဲ ၁၊ အမှတ် ၃၊ ၁၂.၃.၁၉၇၁

၆၅။ **ဗမာ့ခေတ်သတင်းစာ၊** ၉.၁.၁၉၄၈

၆၆။ ဘစံ၊ ဦး၊ **ရခိုင်တိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှု၊** ရန်ကုန်၊ မိုးမင်းစာပေ၊ ၁၉၉၆ မတ်လ

၆၇။ ဘဌေး၊ ဦးနှင့် ဒေါ်မြတင်၊ **ဦးဘဌေး၏ ဘဝဖြစ်စဉ်၊** ရန်ကုန်၊ သန်းထိုက်ရတနာပုံနှိပ်တိုက်၊ ၂၀၀၁ ဇန်နဝါရီ

၆၈။ ဘမောင်၊ သခင်၊ **ဝံသာနုအရေးတော်ပုံသမိုင်း၊** ရန်ကုန်၊ စာလုပ်ငန်းပုံနှိပ်တိုက်၊ ၁၉၇၅ ဇန်နဝါရီ

၆၉။ ဘရှင်၊ ဗိုလ်မှူး၊ **စစ်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ သမိုင်းစာတမ်းများ၊** ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၈


www.burmeseclassic.com

www.burmeseclassic.com




၇၀။ **ဘင်္ဂလားပင်လယ်အော်မုန်တိုင်း၊** မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကော်ပိုရေးရှင်း၊ ၁၉၇၄ ဇန်နဝါရီ

၇၁။ မလိခ၊ **မြန်မာစာပေအဘိဓာန်၊** ၃၊ ရန်ကုန်၊ စာလုပ်ငန်းပုံနှိပ်တိုက်၊ ၁၉၇၅ ဇန်နဝါရီ

၇၂။ မီမီလွင် 'ခမ်းတီးလုံးဒေသသမိုင်း' **မြန်မာသမိုင်းသုတေသနစာစောင်၊** အမှတ် ၈၊ ၂၀၀၁ ဒီဇင်ဘာ၊ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

၇၃။ မိုးဦး၊ မောင် 'ပုဂံရှေးဟောင်းသုတေသနပြတိုက်' **ဂန္ထဝင်ရမဂ္ဂဇင်း၊** ၂၀၀၉ ဇွန်၊ စာ ၂၈-၃၀

၇၄။ မိုးကြည်(မေမြို့)၊ **ဇာတိမာန်တေးသီချင်းများ၊** ရန်ကုန်၊ ချိုးဖြူစာပေ၊ ၁၉၈၁ ဇွန်၊ ၁၉၈၁ ဇူလိုင်

၇၅။ မင်းသုဝဏ်၊ 'စာပန်းချီနှစ်ကွက်' **မြဝတီမဂ္ဂဇင်း၊** ၁၉၅၇ မေ

၇၆။ ——— 'ကျွန်တော်သိသော နဂါးနီစာအုပ်အသင်းကြီး' **ပန်းနှင့်ပင်စည်၊** ရန်ကုန်၊ သီဟရတနာစာပေ၊ ၂၀၀၃ ဧပြီ

၇၇။ မင်းနိုင်၊ ဦး၊ **ဦးဘညွန့်၏ဘဝနှင့် သူ့လက်ရာ၊** ရန်ကုန်စာပေဗိမာန်၊ ၁၉၇၄

၇၈။ မောင်မောင်လေး၊ ဦး၊ **ပတ္တမြားမြေသမိုင်း** (၁၈၈၅-၁၉၃၉)၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်

၇၉။ မောင်မောင်၊ ဒေါက်တာ၊ **တို့ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ၊** ရန်ကုန်၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၈၉ ဒီဇင်ဘာ

၈၀။ ——— ။ **နိုင်ငံတော်လုပ်ကြံမှု၊** (ပြည်ထောင်စုနှင့် ဦးစော)၊ ရန်ကုန်၊ ရွှေဟင်္သာပုံနှိပ်တိုက်၊ ၁၉၇၄၊ မေ

၈၁။ မြဟန်၊ **ဂျပန်ခေတ်မြန်မာ့နိုင်ငံရေးသမိုင်း၊** မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ၁၉၇၂

၈၂။ မြင့်ကြွယ်(မြို့မ)၊ **မြို့မဆရာကြီးဦးဘလွင်** *(သို့မဟုတ်) အမျိုးသားပညာရေးနိဒါန်းအခန်း၊* ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၀၇

၈၃။ မြင့်လွင်(ကမ္ဘောဇ)၊ **ဗမာပြည်နှစ် ၂၀၀ မှတ်တမ်းကြီး၊** ရန်ကုန်၊ မေ့ဂုဏ်ရည်စာအုပ်တိုက်၊ ၁၉၆၉





၈၄။ **မြန်မာနိုင်ငံတော် တိုင်းပြည်ပြုလွှတ်တော်ညီလာခံမှတ်တမ်းများ၊** မြန်မာနိုင်ငံတော်အစိုးရပုံနှိပ်တိုက် ၁၉၄၇

၈၅။ **မြန်မာနိုင်ငံ အမျိုးသမီးများ၏ နိုင်ငံရေးလှုပ်ရှားမှု၊** မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီဌာနချုပ်၊ ဗဟိုကော်မတီဌာနချုပ်၊ ၁၉၄၅ ဒီဇင်ဘာ

၈၆။ **မြန်မာ့လယ်ယာမြေသမိုင်း၊** အတွဲ ၁၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၀ နိုဝင်ဘာ

၈၇။ **မြန်မာ့ရုပ်ရှင်သမိုင်းစဉ် ငွေရတုကာလ** (၁၉၂၀-၄၅) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ၂၀၀၄ ဇွန်

၈၈။ **မြန်မာ့အလင်းသတင်းစာ၊** ၁၂.၃.၁၉၄၈

၈၉။ **မြန်မာ့အဘိဓာန်အကျဉ်းချုပ်၊** အတွဲ ၁၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့၊ ၁၉၇၈ စက်တင်ဘာ

၉၀။ **မြန်မာ့စွယ်စုံကျမ်း၊** အတွဲ ၄၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၆၂

၉၁။ **မြန်မာ့စွယ်စုံကျမ်း၊** အတွဲ ၁၂၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၂

၉၂။ **မြန်မာ့စွယ်စုံကျမ်း၊** အတွဲ ၁၅၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၆

၉၃။ **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊** ၂၀၀၁၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်

၉၄။ **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊** ၂၀၀၇၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်

၉၅။ ရီရီဝင်း 'ကိုလိုနီခေတ်မြန်မာနိုင်ငံ၏ ပြည်ပဆန်စပါးနှင့် ဆန်ထွက်ပစ္စည်းများရောင်းဝယ်ရေး (၁၉၂၀-၁၉၄၀)' **မြန်မာသမိုင်းသုတေသနစာစောင်၊** တက္ကသိုလ်များသမိုင်းသုတေသနဌာန၊ ၂၀၀၁ ဒီဇင်ဘာ၊ စာ ၁၂၃-၁၃၇

၉၆။ ရဲထွန်း၊ **မြန်မာနိုင်ငံစစ်အုပ်ချုပ်ရေးဝေဖန်ချက်၊** ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၈

၉၇။ ရဲမြ၊ **သခင်မြ၏ နိုင်ငံရေးဆောင်ရွက်ချက်များ လေ့လာစိစစ်ခြင်း** (၁၉၂၀-၁၉၄၇)၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၈၂

၉၈။ ရန်အောင်၊ **နှစ်လေးဆယ်စာပေခရီး၊** ရန်ကုန်၊ နံ့သာတိုက်၊ ၁၉၆၇

၉၉။ **ရန်ကုန်ဂေါက်အသင်း ရာပြည့်မဂ္ဂဇင်း** (၁၉၀၉-၂၀၀၉)၊ ရန်ကုန်၊ To-day Printing Co. Ltd


www.burmeseclassic.com

www.burmeseclassic.com



၁၀၀။ **ရန်ကုန်တက္ကသိုလ် နှစ်ပတ်လည်စာစောင်**၊ ၁၉၅၅-၅၇၊ ရန်ကုန်
၁၀၁။ **ရန်ကုန်တက္ကသိုလ်သမိုင်း** (၁၉၂၀-၁၉၉၅)၊ ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၉၅ နိုဝင်ဘာ
၁၀၂။ လေးမောင်၊ ဦး၊ **မြန်မာနိုင်ငံရေးသမိုင်း**၊ နှစ်တွဲ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၃၊ ၁၉၇၄
၁၀၃။ လှ၊ ဦး(လူထု)၊ **သတင်းစာများပြောပြတဲ့ စစ်ပြီးစဗမာပြည်**၊ ပထမပိုင်း၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၉ မေ
၁၀၄။ လှသိန်း၊ ဦး၊ 'မြန်မာမင်းလွှတ်တော်ကို ဗြိတိသျှတို့ဖျက်သိမ်းပုံ (၁၈၈၆) **'နိုင်ငံသမိုင်းသုတေသနစာစောင်'**၊ ၃၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ ၁၉၇၉၊ စာ ၆၇-၈၀
၁၀၅။ ——၊ 'အထက်မြန်မာပြည်၌ ဗြိတိသျှတို့ အုပ်ချုပ်ရေးပန္နက်ချပုံ'၊ **နိုင်ငံသမိုင်းသုတေသနစာစောင်**၊ ၁၊ နိုင်ငံသမိုင်းသုတေသန ဦးစီးဌာန၊ ၁၉၇၇
၁၀၆။ လှကြည်၊ ဦး၊ 'မြန်မာနိုင်ငံဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့' **နိုင်ငံဝန်ထမ်းဂျာနယ်**၊ ရန်ကုန်၊ ၂၀၀၆ မတ်၊ စာ ၂၅-၃၆
၁၀၇။ လွှမ်းထက်၊ လှမိုး(ပညာရေး)၊ **မြန်မာပြည်ရောက် နိုင်ငံတကာစာဆိုများနှင့် စာပေသမားတစ်ဦး၏မှတ်စု**
၁၀၈။ **ဝိုင်အမ်ဘီအေ ၇၅ နှစ်ခရီး**၊ ရန်ကုန်၊ ပညာ့ဗိမာန်ပုံနှိပ်တိုက်၊ ၁၉၈၂ ဇွန်
၁၀၉။ ဝန်၊ ဦး 'မြန်မာနိုင်ငံသုတေသနအသင်း၏ ဘဝခရီး' (၁၉၁၀ မှ ၁၉၁၄ ခုထိ) ပထမ ၅ နှစ်ပိုင်း'၊ **မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်**၊ အတွဲ ၅၃၊ အပိုင်း ၁၊ ၁၉၇၀ ခု ဇွန်၊ စာ ၆၇-၈၂
၁၁၀။ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၊ **ဂျပန်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ**၊ ရန်ကုန်၊ သီဟရတနာစာပေ၊ ၂၀၀၈ အောက်တိုဘာ
၁၁၁။ သီတာထွန်း၊ ဒေါ်၊ **မြန်မာမင်းခမ်းတော်များနှင့် အမျိုးသားပြတိုက်တွင် ပြသထားသော နန်းတွင်းသုံးရွှေထည်ပစ္စည်းများ**၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန
၁၁၂။ သက်ထွန်း၊ ဦး (အငြိမ်းစားသံအမတ်ကြီး) **သူတို့အကြောင်း တစေ့တစောင်း**၊ ရန်ကုန်၊ စာအုပ်ဈေး၊ ၂၀၀၅ နိုဝင်ဘာ



၁၁၃။ သက်ထွန်း၊ ဦး (အငြိမ်းစားသံအမတ်ကြီး) 'ပထမဆုံး ဂျပန်-မြန်မာ အဘိဓာန်' **အတွေးအမြင်**၊ ၂၀၀၉ ဇန်နဝါရီ စာ ၁၅၁-၂
၁၁၄။ သန်းထွန်း၊ **မြန်မာထွေထွေရာဇဝင်သမိုင်း**၊ ရန်ကုန်၊ ယုံကြည်ချက်စာပေ၊ ၂၀၀၃ မတ်
၁၁၅။ **သန်းထွန်းရှစ်ဆယ်ပြည့်**၊ ရန်ကုန်၊ စမ်းရောင်ရှိန်စာပေ၊ ၂၀၀၃ ဧပြီ
၁၁၆။ သန်းထွတ်၊ ဦး၊ 'မိဖုရားခေါင်ကြီး နတ်ရွာစံကံကုန်ခြင်း' **မြန်မာသမိုင်းသုတေသနစာစောင်** ၁၊ တက္ကသိုလ်များသမိုင်းသုတေသနဌာန၊ ၁၉၉၅ နိုဝင်ဘာ
၁၁၇။ သန်းဦး၊ ဦး၊ **မြန်မာနိုင်ငံပညာရေးဌာနသမိုင်း**၊ ရန်ကုန်၊ ပညာတန်ဆောင်၊ ၁၉၉၉ ဇွန်
၁၁၈။ သွေးသစ်၊ မောင်နှင့် မောင်ဇေယျာ၊ **ဆရာကြီးဖေမောင်တင် နှစ် ၁၂၀ ပြည့် အမှတ်တရ** (၁၈၈၈-၂၀၀၈)၊ ရန်ကုန်၊ စိတ်ကူးချိုချို၊ ၂၀၀၈ မေ
၁၁၉။ **အမျိုးသားနေ့ ရွှေရတုသဘင်အထိမ်းအမှတ်စာစောင်**၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၁၉၇၀
၁၂၀။ **အာဇာနည်ကြီးများ၏အတ္ထုပ္ပတ္တိ** (အာဇာနည်နေ့ထုတ်စာစောင်များ) ပြန်ကြားရေးဌာန
၁၂၁။ ဇကျော်၊ ဦး (မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ)၊ **မြန်မာနိုင်ငံအမျိုးသားပညာရေးသမိုင်း**၊ ရန်ကုန်၊ နယူးပုံနှိပ်တိုက်၊ ၁၉၇၀ ဒီဇင်ဘာ
၁၂၂။ အိုးနိုတိုးရု(ပြန်)၊ **ဂျပန်စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ**၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၅
၁၂၃။ အင်ဂျလင်း၊ နော်၊ **ကချင်တောင်တန်းဒေသအုပ်ချုပ်ရေး** (၁၈၈၅-၁၉၂၃)၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ၁၉၇၉
၁၂၄။ အင်အားအယ်ဒီတာအဖွဲ့၊ **မြန်မာဘောလုံးသမိုင်းကြောင်း**၊ ပထမပိုင်း (၁၈၉၅-၁၉၄၁)၊ ရန်ကုန်၊ ဥက္ကာကျော်အော့ဖ်ဆက်၊ ၂၀၀၄
၁၂၅။ အောင်သာဦး၊ ဦး၊ **ရခိုင်လေမုန်တိုင်းကြီးမှတ်တမ်း**၊ ရန်ကုန်၊ တိုင်းလင်းပုံနှိပ်တိုက်၊ ၁၉၆၈ ဒီဇင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



၁။ Andrus, J. Russell, *Burmese(Myanmar) Economic Life*, London, Stanford University Press, 1947

၂။ *Burma(Myanmar) Facts and Figures*, London, Longman, Green and Co. Ltd, 1946 July

၃။ *Burma(Myanmar) Rice*, London, Longman, Green and Co.Ltd., 1944 May

၄။ *Burma (Myanmar) Round Table Conference, 27th November 1931-12th January 1932, Proceedings*, London, His Majesty's Stationery Office, 1932

၅။ *Burma's (Myanmar) Freedom, The First Anniversary* Yangon, The Directorate of Information, Union of Burma (Myanmar), 1949

၆။ *Burma(Myanmar) During The Japanese Occupation*, 2 Vols. 1943 and 1944 Govt. of India a Press, Simla

၇။ Crosthwaite, Sir-Charles, *The Pacification of Burma (Myanmar)*, London, Frankcass and Co.Ltd. 1968

၈။ *Financial and Ecomomic Annual of Burma* (Myanmar) Yangon, Bureau of State Printing Press, 1943

၉။ Grant, G.W. *The Rice Crop in Burma* (Myanmar), Yangon, Supdt. Govt. Printing and Stationery, 1949

၁၀။ Hla Thein, U, "Anti-British Resistance in the Kachin Hills" *Myanmar Historical Research Journal*, No.3, Yangon, Universities Historical Research Centre, 1998, December

၁၁။ ____, U "The Introduction of British Administration in Upper Burma (Myanmar) (1885-6)" *Researches in Burmese (Myanmar) History*, No.5, Yangon, Historical Research Dept. 1985 March

၁၂။ ____, U, "The Introduction of Municipalities in Myanmar Naing-Ngan" *Myanmar Historical Research Journal*, No.1, Yangon, Universities Historical Research Centre, 1995, November

၁၃။ *Imperial Gazetter of India, Provincial Series, Burma* (Myanmar), 2 Vols Calcutta, Supdt. of Govt. Printing, 1908



၁၄။ Khin Maung Nyunt, Dr., "Lord Curzon and the Mandalay Palace" *Myanmar Historical Research Journal*, No.9, Yangon, Universities Historical Research Centre, 2002 June

၁၅။ Myint Aung, U, "The Development of Myanmar Archaeology", *Myanmar Historical Research Journal*, No.9, Yangon, Universities Historical Research Centre, 2002 June

၁၆။ Pearn, B.R. *A History of Rangoon* (Yangon), American Baptist Mission Press, 1939

၁၇။ *Selected Writings of Retired Ambassador U Thet Tun*, Myanmar Historical Commission, Golden Jubilee Publication, Yangon, University Press, 2004

၁၈။ Swati "The Last King of Burma(Myanmar)" *The Guardian*, Yangon, April 8, 1969

၁၉။ Tun Aung Chain, U. M.A. (Harvard), (trs.), *The Minami Organ*, Yangon, Dept. of Higher Education, 1981

၂၀။ Zoellner, Hans-Bernd, "Germans in Myanmar", *Myanmar Historical Research Journal*, No.7, Universities Historical Research Centre, June 2001

၂၁။ Tinker, Hugh, Andrew Griffin and Stephen, R.Ashton (ed.), *Burma (Myanmar), The Struggle for Independence, 1944- 1948*, 2 Vols,. London, Her Majesty Stationery Office, First Published, 1984

www.burmeseclassic.com